စိမ်ရေးသားသူ မစ္စတာမောင်မှိုင်း

# ဂင်္ဂါမြန်ပျံ ဒီပနီ ဋီကာ

---


ပထမအကြိမ်–၁၉၃၃ ခုနှစ်၊ ဒုတိယအကြိမ်–၁၉၇၅ ခုနှစ်။ [illegible]
အုပ်ရေ–၂၀၀၀၊ [illegible]
ဤစာအုပ်ကို ဒေါ်မြင့်မြင့် (မြ–၀၁၀၈၁) [illegible]
[illegible]
(မြ–၀၂၇၇) [illegible] ရန်ကုန်မြို့ [illegible]
[illegible] ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | |
| ၁။ | ဂျွန်ပုံ့ဒီပနီဂို့ကာ နိဒါန်း .... .... | ၇ |
| ၂။ | မစ္စတာမောင်မှိုင်းကြီးထံပေးရန် .... .... | ၈ |
| ၃။ | ရန်ကုန်မြို့ ဗဟန်းအတွင်းက တမ်းချင်း လေးချိုးကြီး | ၁၀ |
| ၄။ | ဂျွန်ပျံ့ဂါထာ ပဌာမ .... .... .... | ၁၁ |
| ၅။ | နှစ်ထပ်ချတေးထပ်ကား .... .... | ၁၄ |
| ၆။ | ဂျွန်ဂါထာ၏ ယောဇနာအနက် .... .... | ၁၅ |
| ၇။ | ဆရာမှိုင်းကြီးအား တောင်းပန်စာ .... .... | ၂၀ |
| ၈။ | စာဆိုတော်ဦးမင်းရေးသော သာယာဝတီမင်း ဘုန်းတော်ဘွဲ့ လင်္ကာလေးချိုး .... .... | ၂၂ |
| ၉။ | ဂျွန်ပျံ့ဂါထာသွားနှင့် ဂျွန်ဘုရားမှိုးဘွဲ့ကဗျာ မဟာလေးချိုးကြီး .... .... .... | ၂၅ |
| ၁၀။ | စကိုင်းမြို့ဝတီချောင် မကေသာရိုထံမှ အကာကြီး ဦးဖိုးစိန်ရွှန် ပြန်စာ .... .... .... | ၂၆ |
| ၁၁။ | ဥယျာဉ်ဘော်တေးတမျိုးအညီးဟူသော လေးချိုးကလေး | ၃၀ |
| ၁၂။ | ရွှေဂုန်ငှက်မနွားဘွဲ့ တေးထပ် .... .... | ၃၂ |
| ၁၃။ | လျှော်လှုပ်ပုံနှင့် ဂျွန်တေးထပ် .... .... | ၃၂ |
| ၁၄။ | ရွှေဂုန်ဘုရားကြီးက တရားမိးပြတော်မူပုံဘွဲ့ကဗျာ မဟာလေးချိုးကြီး .... .... .... | ၃၃ |
| ၁၅။ | သာယာဝတီ မင်းတရားကြီး ဘုန်းတော်ဘွဲ့ လေးချိုး လင်္ကာမှာ .... .... .... .... | ၃၄ |
| ၁၆။ | ရန်ကုန်ဘုရားနှင့် သာယာဝတီဘုရားဘွဲ့ လေးချိုးလင်္ကာ | ၃၈ |
| ၁၇။ | ဂျွန်ပျံ့ ဒီပနီဂိုကာနှင့်စပ်လျဉ်းခြင်း .... .... | ၃၈ |
| ၁၈။ | အမုံနှင့်အနုပုံ .... .... .... | ၄၂ |
| ၁၉။ | သတိပေးတိုက်တွန်းချက် .... .... .... | ၄၂ |
| ၂၀။ | ရွှေဂုန်ဘုရားကြီးက တရားမိးပြတော်မူပုံဘွဲ့ကဗျာ မဟာလေးချိုးကြီး .... .... .... | ၄၉ |
| ၂၁။ | ဝရဇိန်တန်ပိုးအညီးဟူသော မိုလ်းကြီးဘွဲ့တေးထပ်ရိုး | ၅၁ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | မကောသရိစိကုံးသော ဂန္ထုန်ပုံ့ဒီပနီဋီကာဘွဲ့လေးချိုးကြီး | ၅၅ |
| ၂၃။ | ပဌမရွှေကျင်ဆရာတော်ဘုရားကြီး၏တရားတည်းဟူသော ဩဝါဒမေတ္တာစာ .... — .... | ၅၇ |
| ၂၄။ | မဟာဝရဇိန်မိုးကြီးဘွဲ့ကဗျာ လေးချိုးကြီး .... | ၆၀ |
| ၂၅။ | ပုဂံ ရွှေစည်းခုံစေတီတော်ကြီး၏ ကြေးစလောင်း၌ရှိသော မိုးကြီးလဲ့ ၂၀ ါထာ .... .... .... | ၆၂ |
| ၂၆။ | ဆရာမှိုင်းကြီးတပည့် မကောသရိထံသို့ ဦးဖိုးစိန်၏အမေး ဆောင်းပါး .... .... .... | ၆၂ |
| ၂၇။ | ရခိုင်ရာဇဝင်မှ ကောက်နှုတ်ချက် .... .... | ၆၆ |
| ၂၈။ | ရခိုင်မင်းသမီး ချောင်းမှ ကောက်နှုတ်ချက် .... | ၇၄ |
| ၂၉။ | ဂန္ထုန်ပုံ့ဒီပနီဋီကာ .... .... .... | ၇၆ |
| ၃၀။ | နဝင်းစေတီတော်ဟူသည်ကား .... .... | ၈၀ |
| ၃၁။ | ဘားမဲ့ဆရာတော်ဘွဲ့ အောင်ခြင်းအချုပ်ဂါထာ | ၈၆ |
| ၃၂။ | ဂန္ထုန်ပုံ့ဒီပနီဋီကာစာကိုယ် .... .... | ၈၈ |
| ၃၃။ | တိမ်ဂန္ထုန် တိမ်နဂါးဘွဲ့အဖြန့် .... .... | ၈၈ |
| ၃၄။ | နဝင်းနေဟူ တည်းဟူသော အတွင်းရွှေဂူပြင်ရွှေဂူ ဘုရားတိုင်ရတု .... .... .... | ၉၃ |
| ၃၅။ | ရွှေဂုန်ဘုရားတိုင်ဘွဲ့ကဗျာ မဟာလေးချိုးကြီး | ၉၇ |
| ၃၆။ | အပျိုကြီးယပ်လှဲ့တရား .... .... | ၁၀၀ |
| ၃၇။ | အပျိုကြီးဇာတာဟော တေးထပ် .... | ၁၀၈ |
| ၃၈။ | ရှင်းမြင်တနည်း။ အပျိုကြီးတမျိုးနှင့် အဘိုးကြီးအိုရဲ့ တေးထပ်ကား .... .... .... | ၁၀၈ |
| ၃၉။ | ကုန်းဘောင် ဆင်ဖြူရှင်လက်ထက် ထားကြော ဆက်သ သော အခမ်းအနားတွင် ဝန်ထောက်နော်ရထာ ဆက် သော ရတုပိုဒ်စုံ .... .... | ၁၁၁ |
| ၄၀။ | ဥရဂ-ဇာတ် ယပ်လှဲ့ပဏာမ .... .... | ၁၁၂ |
| ၄၁။ | အတိတ်ဝတ္ထုဆော်ကား .... .... | ၁၁၅ |
| ၄၂။ | ဂန္ထုန်ဂါထာပါဌ်အနက် .... .... | ၁၁၇ |
| ၄၃။ | ဂန္ထုန်ဩဘာ ထောမနာဂါထာပါဌ်အနက် | ၁၁၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | ရှင်မဟာရဋ္ဌသာရရေးသော နဂါးဂဠုန် နှစ်ပါးစုံ မေတ္တာစာ .... .... .... | ၁၁၉ |
| ၄၅။ | မဟာဝဇီရညာဏဝန္တနာ မည်သော မိုးကြိုး ဘုရားရှိခိုး .... .... .... | ၁၂၂ |
| ၄၆။ | ဂဠုန် ကမ္ဗွာန်းဘွဲ့ ကျမ်းနှဲ့အညီ ရေးစီထားသော ပါဠိ ရှစ်ဆယ်ပေါ်တေးထပ်ကြီး .... .... | ၁၃၀ |
| ၄၇။ | အနက်ယောဇနာသော်ကား .... .... | ၁၃၁ |
| ၄၈။ | ၁၂၄၇-ခုနှစ်လောက်တွင် ပေါ်လာသည့် ဦးကျော်လှ သံချို .... .... .... .... | ၁၃၆ |
| ၄၉။ | စိန္တကျော်သူစပ်ဆိုသည့် မိုးကြိုးလက်ခရတု ၅ ပုဒ် | ၁၃၈ |
| ၅၀။ | မိုးကြိုးဝရဇိန်ဘွဲ့ကဗျာ မဟာလေးချိုးကြီး .... | ၁၄၁ |
| ၅၁။ | သိကြားနှင့်မိုးကြိုးဘွဲ့တေးထပ် .... .... | ၁၄၄ |
| ၅၂။ | ၎င်းသိကြားနှင့် မိုးကြိုးဘွဲ့ တေးထပ် .... | ၁၄၄ |
| ၅၃။ | စာဏကျနီတိဆောင်ပုဒ်ဂါထာ .... | ၁၄၆ |
| ၅၄။ | အဘိဓါန်ဋီကာတွင် မိုးကြိုး .... .... | ၁၄၈ |
| ၅၅။ | ဝရဇိန်စင်းသွား မြှားပုဏ္ဏာအခြေ .... | ၁၅၁ |
| ၅၆။ | သမန္တစက္ခုဒီပနီကောက်နုတ်ချက် မိုးကြိုးအကြောင်း | ၁၅၂ |
| ၅၇။ | ဇိနာလင်္ကာရစာကိုယ်တွင် .... .... | ၁၅၆ |
| ၅၈။ | ၎င်းနည်းတူ မဟာဝင်ကျမ်း၌လည်း .... | ၁၅၆ |
| ၅၉။ | ဝေဿဘူဘုရားမှာ ဆုတောင်း ၂၈ ဂါထာ .... | ၁၅၉ |
| ၆၀။ | ဂဠုန်ဆုတောင်း ၂၈ ဂါထာ .... .... | ၁၅၉ |
| ၆၁။ | ဂဠုန်ပုဏ္ဏခွေးချီး .... .... .... | ၁၆၁ |
| ၆၂။ | ဂဠုန်ဝိသဋ္ဌနာခွေးချီး .... .... | ၁၆၁ |
| ၆၃။ | လောကဒီပကကျမ်းလာ ၃-ဂါထာ .... | ၁၆၁ |
| ၆၄။ | ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ .... .... | ၁၆၁ |
| ၆၅။ | လောကဒီပကအတ္ထယောဇနာကား .... | ၁၆၃ |
| ၆၆။ | ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာယောဇနာကား .... | ၁၆၄ |
| ၆၇။ | ထိုဒီ ၇-ပါးသော နဂါးတို့ကား .... .... | ၁၆၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | မောင်းထောင် ဦးကျော်လှရေးသားခဲ့သည့် နဂါးဂျွန်းတွဲ တဘောင်သံချို | ၁၆၉ |
| ၆၉။ | သဗ္ဗါသမာသ်ကို စာတတ်အောင်ချတော်မူပုံ | ၁၇၀ |
| ၇၀။ | သူရာ၊ သုရ၊ ဂီရ္ဘ၊ မနုဇ၊ ဘုဇဂ၊ ဂန္ဓဗ္ဗ၊ ပြယုဂ် ဆောင်ပုဒ်ကြီး | ၁၇၅ |
| ၇၁။ | အလင်္ကာကို ချတော်မူပုံ | ၁၇၇ |
| ၇၂။ | သမပိုက်ပျိုလာတို့ပမာ ကနည်း ၆၄-မျိုးရှိကြောင်း | ၁၇၉ |
| ၇၃။ | ဝရဇိန်လက်နက် သိကြားစက်သံချို | ၁၈၂ |
| ၇၄။ | ပဋ္ဌမကျော်ဘွဲ့ထမ်းချင်းကဗျာမဟာလေးချိုးတော်ကြီး | ၁၈၃ |
| ၇၅။ | အသွေးမြင့် အသွင်သီသျှုတြ | ၁၈၆ |
| ၇၆။ | ကိုးခန်းပျိုနိဂုံး ကောက်နုတ်ချက် | ၁၉၀ |
| ၇၇။ | ယသော်ဓရာဂျွန် ပုစ္ဆာ ၂-ချိုး | ၁၉၁ |
| ၇၈။ | ယသော်ဓရာဂျွန်ဝိသဇ္ဇနာ ၂-ချိုး | ၁၉၁ |
| ၇၉။ | ယသော်ဓရာဂျွန်ယပ်လှဲ | ၁၉၂ |
| ၈၀။ | ယသော်ဓရာ ကန်တော့ခန်း | ၁၉၅ |
| ၈၁။ | ယသော်ဓရာကန်တော့ခန်းပျို | ၂၀၄ |
| ၈၂။ | သက္ကရာဇ် ၁၂၉၃-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့၊ သာယာဝတီ ဦးညောယျ အသျှင် မြတ်မယ်တော်ကြီး ဒေါ်ပါရမီ သာရက်ဋ္ဌနချောပနသာသာင်နှင့် စပ်လျဉ်းသော သံဝေဂ ကထာ လက်ဘရတုပိုဒ်စုံ | ၂၀၆ |
| ၈၃။ | ကဝိဥပဒေသဆောင်ပုဒ် | ၂၀၉ |
| ၈၄။ | ပုညဝတီ ဇီကုံးအပ်သော ကဗျာနိဂုံး လေးချိုးတော်ကြီး | ၂၁၃ |
| ၈၅။ | သုဝဏ္ဏဝတီ စီရင်အပ်သော [illegible]သာ နိဂုံး | ၂၁၆ |
| ၈၆။ | ဣမာပနအလို ခံ့ ခံ့၊ ချိုချို၊ မွှမ့်မွှမ့် နှင့် ဤဆိုလတ္တံ့ တို့သည်ကား နိဂမန ဂါထာဗေဒ၊ ကျမ်းပြီး၊ ကျမ်းဆုံး၊ အန်းကြီး ဖုံးသကဲ့သို့သော နိဂုံး ဂါထာတို့ ပေတည်း။ | ၂၁၈ |

# အမှာစာ

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကို အကြောင်းပြု၍ စာအမြောက်အများ ရေးခဲ့လေသည်။ ဒေါင်းဋီကာသစ်၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဍိ၊ ခွေးဋီကာ၊ ခွေးဂဏ္ဍိ၊ ဘွိုင်းကောက်ဋီကာ၊ ဂျွန်ပုံ့ဗီပနီဋီကာ၊ သခင်ဋီကာ စသည်တို့သည်၊ ဆရာကြီး၏ ထင်ရှားသော ကျမ်းတချို့ ဖြစ်သည်။ ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု အခြေအနေနှင့် ယင်းကြိုးပမ်းမှု အပေါ် ထားရှိသော သူ့စေတနာ၊ သူ့အမြင်တို့ကို ထိုကျမ်းများမှ တဆင့် ဖော်ပြခဲ့သည်ချည်း ဖြစ်သည်။

ဂျွန်ပုံ့ဗီပနီဋီကာသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စတင်သော သာယာဝတီဆရာစံ တောင်သူ လယ်သမား အရေးတော်ပုံ၏ ထင်ဟပ်ချက်ဖြစ်သည်၊ သာယာဝတီဆရာစံတောင်သူ လယ်သမား အရေးတော်ပုံသည် ဖိနှိပ်လွန်းသော နယ်ချဲ့ အင်္ဂလိပ်အောက်က ဓားကိုင်၍ ရုန်းထွက်သော အရေးတော်ပုံဖြစ်သည်။ ထိုအခါက သာယာဝတီ ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံကို သူရိယ သတင်းစာက "မြန်မာနိုင်ငံအရေးတော်ပုံ" ဟူသောခေါင်းစဉ် စာလုံးကြီးများဖြင့် အသားပေးဖော်ပြရာ ဆရာကြီးကလည်း ထိုသူရိယ သတင်းစာကပင် ဂျွန်ပုံ့ဗီပနီဋီကာ ဟူသော ခေါင်းစဉ်ဖြင့် ၁၉၃၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ကမှ၍ အပတ်စဉ် ရေးသားသည်။ သူရိယ သတင်းစာတိုက်ကပင် ဂျွန်ပုံ့ဗီပနီ ဋီကာကို ၁၉၃၃ ခုနှစ်တွင်စာအုပ် အဖြစ် ထုတ်ဝေသည်။ ယခုအခါ ဂျွန်ပုံ့ ဗီပနီဋီကာ၏ သက်တမ်းသည် (၄၃) နှစ်ရှိလေပြီ။ နှစ်ပေါင်း (၄၀) ကျော်ကြာမှ ဒုတိယ အကြိမ် ရိုက်နှိပ်ရသော ရှားပါးစာအုပ် တအုပ်ဖြစ်သည်။

# အမှာစာ

ယနေ့စာဖတ်ပရိသတ်သည် ဆရာကြီး၏ ဂွန်ပုံဒီပနီ ဋီကာကို ဖတ်လျှင် အဆော်လုပ်ခဲ့ပြီ ဖြစ်သော သမိုင်းကြောင်းကြောင့်ရှင်း၊ ဆရာကြီး၏ ကဗျာ့ပုံသဏ္ဍာန်ကြောင့်ရှင်း၊ အသစ်အဆန်း ဖြစ်နေပေလိမ့်မည်။ အထူးသဖြင့် ဆရာကြီး၏ ကဗျာ့ပုံသဏ္ဍာန်ကြောင့် အသစ်အဆန်း ဖြစ်ဖို့က များသည်။

ဆရာကြီး ကဗျာရေးသောခေတ်က ဇာတ်ပွဲ၊ ရုပ်သေးပွဲတို့ အလွန်ခေတ်စားရာ ထိုပွဲများတွင် မင်းသားမင်းသမီးတို့သည် အရေးကိစ္စ တခုခု အကြောင်းကို စကားဖန်တလှည့်၊ တေးကဗျာတလှည့် ပြောဆို ဖွဲ့နွဲ့၍ ဇာတ်ကွက်လည်အောင် ဖော်ပြတတ်ကြသည်။ အရေးကိစ္စဖြစ်ကြောင်း အကောင်းအဆိုးတို့ကို ကြို တင် ပြောပြပြီးနောက် ထို အကြောင်းကိုပင် တေးထပ်ဖြစ်စေ၊ လွမ်းချင်းဖြစ်စေ၊ ဒွေးချိုးလေးချိုး ဖြစ်စေ ဖွဲ့နွဲ့၍ သီဆိုကြသည်။ ဆရာကြီးသည် ကဗျာ ရေးသောအခါ ထိုဇာတ်၊ ရုပ်သေးသဘောကိုပင် ယူ၍ လောကတခုကို ဖန်ဆင်းကာ ရေးသည်။ ဆရာကြီး ဖန်ဆင်းသော လောကမှာ ရသေ့ ယောဂီ လောကဖြစ်၍ ထိုလောကတွင် ဆရာကြီးသည် ခရီးသည် ယောဂီဆရာကြီး နေရာကို ယူထားသည်။ အခြံအရံတို့မှာ သီလရှင်၊ ရသေ့မတို့ ဖြစ်သည်။ ထိုလောကတွင် ဆရာကြီးသည် မိမိတပည့်တို့အား လောကုတ္တရာမှုဖြစ်သော တရားကိုလည်းပြ၍ လောကီမှုဖြစ်သော ပျို့ကဗျာ၊ လင်္ကာ၊ ရာဇဝင်ပုံပြင်တို့ကိုလည်း ပို့ချတတ်သည်။ ထို့ပြင် တိုင်းရေး ပြည်ရေး၊ နိုင်ငံရေးတို့ကိုလည်း ဆွေးနွေးသည်။ တိုင်းရေး ပြည်ရေး၊ နိုင်ငံရေးတို့ကို အကြောင်းပြု၍ သူ့စေတနာ၊ သူ့အမြင် တို့ကိုလည်း ဖော်ပြလေသည်။ ထိုအကြောင်းတို့ကို သူ့တပည့် သီလရှင်၊ ရသေ့မ တို့နှင့် မေးမြန်းဆွေးနွေးပြီးသောအခါ ထိုဆွေးနွေးချက်တို့ကို ခြုံမိ ငုံမိအောင် လေးချိုးဖွဲ့လေသည်။

ထို့ကြောင့် ဆရာကြီး၏ ဂွန်ပုံ ဒီပနီ ဋီကာတွင် အဆော် လုပ်ခဲ့ပြီးသော ဆရာစံတောင်သူလယ်သမား အရေးတော်ပုံကိုရှင်း၊ ထိုအရေးတော်ပုံအပေါ် ထားရှိသော ဆရာကြီး၏စေတနာနှင့် အမြင်တို့ကိုရှင်း၊ ဆရာကြီး၏ ကဗျာ့ပုံသဏ္ဍာန်ကိုရှင်း၊ လေ့လာနိုင်ပါသည်။

# သခင်ကိုယ်တော်မှိုင်းနှင့် လွတ်လပ်ရေး ကြိုးပမ်းမှု

မြန်မာမင်းများလက်ထက်က မင်းမှုထမ်းလိုသူ၊ အထက်တန်းသို့ ဝင်ရောက်လိုသူတို့သည် ပါဠိ၊ ဗိဒ္ဓကတ်၊ မျိုးကဗျာ၊ လင်္ကာ၊ ရာဇဝင်၊ ပုံပြင်၊ ဓမ္မသတ် စသော လောကီ၊ လောကုတ္တရာ ကျမ်းဂန်တို့ကို တတ်မြောက်ရလေသည်။ အင်္ဂလိပ် အုပ်ချုပ်သောခေတ်တွင်မူ အင်္ဂလိပ်တို့ ပြဋ္ဌာန်းထားသော ခေတ်ပညာကို တတ်မြောက်မှသာ မင်းမှုထမ်းနိုင်၊ အထက်တန်းသို့ ဝင်ရောက်နိုင်လေသည်။ ထို့ကြောင့် ကိုယ့်မင်းကိုယ့်ချင်းဘဝက အထက်တန်းကျ၍ မျက်နှာပန်းလှခဲ့သော မြန်မာစာ၊ မြန်မာမှုတို့သည် အင်္ဂလိပ် မင်းမှုထမ်းလောကတွင် တန်ဖိုး မှိန်ခဲ့ရလေသည်။ အင်္ဂလိပ် မင်းမှုကို ထမ်းဆောင်လိုသူတို့သည် ခေတ်အလျောက် တန်ဖိုးကြီးသော အင်္ဂလိပ်ဘာသာစာကို အလေ့အကျက်များရာမှ မြန်မာစာ၊ မြန်မာမှုတို့ကို လှည့်မကြည့်ချင်ကြတော့ချေ။ ထိုအခါက မြန်မာစာ၊ မြန်မာမှုကို လိုက်စားလျှင်ပင် လူလျှော်လူညံ့ဟု အထင်ခံရသေး၏။

ထိုအခြေအနေကို သတိပြုခဲ့သော ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အတိတ်ခေတ် မြန်မာ့ဂုဏ်ရည်ဟု ဆိုသင့်သော ရှေးဟောင်း မျိုးကဗျာ လင်္ကာ၊ ရာဇဝင်၊ ဓမ္မသတ် စသော မြန်မာစာ၊ မြန်မာမှုတို့ကို အများပြည်သူတို့ ပြန်၍ သတိပြုမိလာအောင်၊ ထိုသို့ သတိပြုရာမှ ယင်းဘာသာရပ်အနှစ်တို့ကိုပါ သိမ်းဆောင့်ရောက်ချင်လာအောင် ထိုမှ ဇာတိမာန်၊ နိုင်ငံချစ်စိတ် ကြွားလာအောင် သုတ်ဆောင်းပါး၊ ဋီကာ၊ ဂဏ္ဍီ၊ ဝတ္ထု စသော စာတို့တွင် တစိုက်မတ်မတ် အဆက်မပြတ် ရေးသားလာခဲ့သည်။ ထို့ကြောင့် ဆရာကြီးရေးခဲ့သော ဗိုလ်ဋီကာ၊ ဒေါင်းဋီကာသစ်၊ မျောက်ဋီကာ၊ ခွေးဋီကာ၊ သခင်ဋီကာ၊ စုံနဲ့သာ

မြိုင် ဋီကာ၊ မြင်းဋီကာ၊ ဆွာရက်ဋီကာ၊ ပုံတောင်နိုင်မော်ကွန်းဋီကာ၊ ဂဠုန်ပျံဒီပနီဋီကာ၊ အာဇာနည်ဒီမာန်ဋီကာ၊ ခေါင်းကဏ္ဍ၊ မျောက်ကဏ္ဍ၊ ခွေးကဏ္ဍ၊ တရုတ်ဒီပနီ ဆောင်းပါးများ၊ ရာဇဝင် နီတိ ဆောင်းပါးများ၊ စုံတော်မှုမှာတမ်း၊ စစ်ကိုင်းမြို့ မှာတော်ပုံ၊ မှာတော်ပုံဝတ္ထု (သုံးတွဲ) စသော စာတို့ကိုကြည့်လျှင် ဆရာကြီးမဟော ဘူးသော ပျိုကဗျာသည် မရှိသလောက်ဖြစ်သည်။ ဆရာကြီးမဟော ဘူးသော မော်ကွန်းကဗျာသည် မရှိသလောက်ဖြစ်သည်။ ဆရာကြီး မဟောဘူးသော ချေါင်းနှင့် ရတုသည် မရှိသလောက်ဖြစ်သည်။ ဆရာ ကြီး မဟောဘူးသော ရာဇဝင်သည် မရှိသလောက်ဖြစ်သည်။ မြန်မာ ရာဇဝင်၊ ရှမ်းရာဇဝင်၊ မွန်ရာဇဝင်၊ ရခိုင်ရာဇဝင်တို့ဖြင့် စုံလင်လှ ပေသည်။

ထိုမျှမကသေး။ ဆရာကြီးသည် ၁၉၁၉-၂၀ ခုနှစ်လောက်မှ သ၍ အချိန်ရ နီးကြားလာသော မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှုကို စောင့်ကြည့်ကာ ချီးကျူးစရာကိုတွေ့လျှင် လိုက်လိုက်လှဲလှဲ ချီးကျူး ၍၊ လမ်းချော်နေသော အပြုအမူကိုတွေ့လျှင် လမ်းမှန်ရောက်အောင် ထိန်းသိမ်း တည့်မတ်ပေးလေသည်။ ထိုနည်းဖြင့်လည်း ဆရာကြီးသည် မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှု (ဝါ)မြန်မာ့လွတ်လပ်ရေးကြိုးပမ်း မှုတွင် မိမိ၏စာဆိုဘဝကို မြှုပ်နှံ၍ ဇာတိမာန်စာတို့ကို ဆိုခဲ့လေသည်။ ထို့ကြောင့် ဆရာကြီးကို ဇာတိမာန်စာဆိုဟုလည်းကောင်း၊ နိုင်ငံရေး သဆိုဟုလည်းကောင်း၊ ပြည်သူ့စာဆိုဟုလည်းကောင်း၊ ချီးကျူး ဂုဏ်ပြုခဲ့ကြလေသည်။ ထို့ကြောင့် ဆရာကြီး၏ စာတို့သည် အတိတ် ခေတ် မြန်မာ့ဂုဏ်ရည်ဟု ဆိုအပ်သော မြန်မာစာ မြန်မာမှုတို့ကို ဖော် ပြရာလည်းဖြစ်၍၊ မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှု အတက်အကျ အလိုက် ပေါ်ထွက်လာသော ဆရာကြီး၏ စေတနာ၊ ဆရာကြီး၏ အတွေး၊ အမြင်တို့ကို ဖော်ပြရာလည်း ဖြစ်သော နိုင်ငံအကျိုးပြုစာတို့ ဖြစ်လေသည်။ ဤကား ဆရာကြီးစာတို့၏ သဘောဖြစ်သည်။

ဆရာကြီးသည် မြန်မာ့အမျိုးသားရေး ကြိုးပမ်းမှုကို စောင့် ကြည့်ကာ ချီးကျူးစရာကိုတွေ့လျှင် လိုက်လိုက်လှဲလှဲ ချီးကျူး၍ လမ်း ချော်သည်ကိုတွေ့လျှင် လမ်းမှန်ရောက်အောင် ထိန်းသိမ်း တည့်မတ် ပေးသည်ဟု အထက်က ဆိုခဲ့လေပြီ။ ဤသို့ဆိုသော် ဆရာကြီး၏

စာတို့သည် ချီးကျူးစရာကို ချီးကျူးတတ်အောင်၊ လမ်းချော်သည်ကို သတိပြု ဆင်ခြင်တတ်အောင် ညွှန်ပြသော စာဖြစ်သည်ဟု ဆိုသင့်၏။ ကိုယ့်အမျိုးသားရေးကိစ္စကို အကြောင်းပြု၍ တက်ကြွချင်တိုင်း တက်ကြွသည်ကို လမ်းမှန်သည်ဟု မဆိုသာ။ ထိုကိစ္စမျိုးသည် ကျယ်ဝန်းသိမ်မွေ့သည့် သဘောရှိလေရာ အမြင်ကျယ်ခြင်း၊ အညီးခံခြင်း၊ ရဲရင့်ခြင်းတို့ဖြင့် အချိန်ကာလ ဒေသအလိုက် ဆောင်ရွက်တတ်မှ လမ်းမှန်ရောက်နိုင်လေသည်။ သို့မှသာ ချီးကျူးစရာဖြစ်သည်။ ဆရာကြီးသည် မြန်မာ့အမျိုးသားရေး(ဝ ါ)လွတ်လပ်ရေးကြိုးပမ်းမှုတလျှောက်လုံးကို အမြင်ကျယ်ခြင်း၊ သီးခံခြင်း၊ ရဲရင့်ပြတ်သားခြင်းတို့ဖြင့် ကြည့်တတ်လေသည်။ ထိုအခါ ပြဿနာ၏ အရင်းအမြစ်ကို ဆင်ခြင်နိုင်၍ ထိုသို့ဆင်ခြင်ရာမှ သိမြင်လာသော ဆရာကြီး၏ အတွေးအမြင်တို့သည် မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှု၏ လမ်းညွှန်သဖွယ် ဖြစ်ခဲ့လေသည်။ ထိုအချက်ကို ၁၉၃၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကုလား-ဗမာ ရိုက်ပွဲနှင့် ဆရာ၏ ဆောင်သွယ်သမားအရေးတော်ပုံတို့ဖြင့် ကြည့်ပါအံ့။

၁၉၃၀ ခုနှစ် မေလ ၂၆ ရက်နေ့က ကုလားဗမာရိုက်ပွဲဖြစ်သည်။ ယင်းရိုက်ပွဲစတင်သောနေရာမှာ ရန်ကုန်ဆိပ်ကမ်းအလုပ်သမားလောက ဖြစ်သည်။ ထိုအခါက ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းကို အပိုင်စီးထားသူများမှာ ကော်ရင်ဂျီ ကုလားတို့ ဖြစ်သည်။ ကော်ရင်ဂျီကုလားတို့သည် တနေ့လျှင်လုပ်ခ ၁ကျပ် ၈ ပဲ ရသည်ကို မကျေနပ်သောကြောင့် ၂ ကျပ်အထိ တိုးတက်ပေးရန် အလုပ်ရှင်သူဌေးများကို တောင်းဆိုကြ၏။ တနေ့ ၂ ကျပ်နှုန်း မရသရွေ့ အလုပ်မဆင်းဟု ဆိုကာ သပိတ်မှောက်ကြသည်။ ဤတွင် အလုပ်ရှင် သူဌေးတို့သည် အလုပ်ကိုလည်း ရပ်မထားလို၊ တိုးတောင်းသောနှုန်းကိုလည်း မပေးလိုရကား ရက်သတ္တ နှစ်ပတ်ကြာသောအခါ မြန်မာ အလုပ်သမား ၂,၀၀၀ကို ခေါ်သုံးစွဲလိုက်သည်။ ထိုအခါ ကုလားတို့ မခံမရပ်နိုင်ဖြစ်ကာ တနေ့လျှင် ၁ ကျပ် ၁၂ ပဲနှုန်းဖြင့်ပြေလည်ကာအလုပ်ပြန်ဆင်းကြသည်။ ထို့နောက် ကုလားတို့က စတင်၍ အလုပ် ဆင်းလာသော မြန်မာအလုပ်သမားတို့ကို ရိုက်လေတော့သည်။ မြန်မာအလုပ်သမား ၄၀ ကို ကုလား အလုပ်သမား ၁,၀၀၀ လောက ဝိုင်းရိုက်ကြသည်ဟုဆိုသော သတင်းမှာ မြန်မာတို့၏ သွေးကိုပွက်ပွက်ဆူစေတော့

သည်။ ထို့ကြောင့် မူလ္တန်တောင်၊ တာဝေ့၊ ကော်ဆန်း၊ ပီလ်တာတောင်၊ ကြည့်မြင်တိုင်၊ ကမာရွတ်နှင့် အနီးတဝိုက်မှ မြန်မာတို့သည် ဇွေ့ရာ ခကော်ရင်ဂျီကုလားတို့ကို ရိုက်ကြ၊ ခုတ်ကြလေ၏။ မကြာမီ ကုလား ဗမာ ရိုက်ပွဲကြီးသည် ဟိန္ဒူကုလားနှင့် ကြူလယာ ကုလားတို့ကိုပါ ရိုက်ကြသည်အထိ ကျယ်ပြန့်ကူးစက်သွား၏။ ယင်းကုလား ဗမာ ရိုက်ပွဲတွင် မြန်မာအနည်းငယ်သာသေ၍ ကုလား ၂၅၀ သေသည်ဟု အစိုးရက အစီရင်ခံလေသည်။ ကုလား ၁၅,၀၀၀ ခန့်လည်း ကုလားပြည် ပြန်သွားကြလေသည်။

ဆရာကြီးသည် ယင်းကုလား ဗမာရိုက်ပွဲကို မြင်ရသောအခါ မတက်ကြသည့်အပြင် စိတ်မချမ်း မသာပင် ဖြစ်ခဲ့သည်။ ဆရာကြီး ကိုယ်တိုင် မြန်မာအမျိုးသားတဦးဖြစ်သော်လည်း မြန်မာဘက်က မနာချေ။ မနာသည့်အပြင် ကိုယ့်လူမျိုး၏ အပြုအမူကိုပင် ရှက်လေ၏။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီးသည် ယင်းကုလား ဗမာ ရိုက်ပွဲကို လူမျိုးရေးဖြင့် မကြည့်သောကြောင့်ဖြစ်သည်။ ဆရာကြီး၏ အမြင်၌ မြန်မာလည်း အင်္ဂလိပ်၏ကျွန်ဖြစ်၍ ကုလားလည်း အင်္ဂလိပ်၏ကျွန်သာ ဖြစ်သည်။ ယင်းတို့နှစ်ဦးသည် အင်္ဂလိပ်၏ ဝန်ထမ်းပိုးက မလွတ်သေးသော ဘဝတူသာဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ထိုဘဝမှလွတ်အောင် ဘဝတူအချင်းချင်းလက်တွဲ၍သာ တိုက်ခိုက်သင့်သည်။ သို့ရာတွင် ကုလားနှင့်ဗမာသည် လူမျိုးရေးစိတ်သက်သက်ဖြင့် အချင်းချင်း ခုတ်စောင်းခုတ်နေကြလေသည်။ ထိုအခါ ဆရာကြီးသည် အရေးမဟုတ် သည့်၌ သွေးကောင်းနေကြသော မြန်မာနှင့်ကုလားတို့ကို အောက်ပါလေးချိုးဖြင့် မေတ္တာရပ်လေသည်။

“အမျိုးတစု မြန်မာတွေနှင့်တကွ၊ ကုလားလူထု သတ္တဝါ
တွေကို၊ သနားစရာအတိုင်းရယ်နှင့်၊ ဧဖြင့်... အခွန်တိုး
စာရင်းတွေနှင့်၊ ဝန်ထမ်းပိုးမကင်းနိုင်ကြ၊ အလုန်ဆိုးခြင်း ပမာ
မှာလေ၊ ကျွန်မျိုးချင်း စာနာလို့ မနိုင်းကြရော သလား၊
နထိုင်း၊ နပျက်၊ နနက်၊ နပြာတွေလိုနေ်ကယ်၊ အရိုင်း သက်
သက်၊ တလိုင်းနက်သလိုမို့၊ အို...အုန်းခဝ်ရဲ့” ကသိုဏ်းမမွ
တက်၊ စော်ကိုင်းဘက်ဆီက “မှိုင်း” ရက်သကွာ”

ဟူ၍ လမ်းချော်နေသော ကုလားနှင့်မြန်မာတို့ ကိုယ့်အဖြစ်ကိုယ်သတိပြု ဆင်ခြင်မိအောင်၊ ကိုယ်ရှိန်သတ်လာအောင် ပြုပေးလေသည်။

တဖန် ဆရာကြီးသည် တကယ့် ရန်သူကို မျက်ခြည်ပြတ်ကာ လူမျိုးရေးစိတ်သက်သက်ဖြင့် ဘဝတူအချင်းချင်း မခံနေသော-စိတ်ကို လမ်းမှန်ရောက်အောင်ညွှန်ပြလေသည်။ ကုလားအရေးကား ခေါ်ကြွေးလောက်သော အရေးမဟုတ်။ ခေါ်ကြွေးစရာကား နယ်ချဲ့သာဖြစ်သည်ဟူသော အမြင်ကို ပြလိုသောကြောင့် ယင်းလေးချိုး၌ပင် ဤသို့ဖွဲ့လေသည်။

"ဩ.. ကုလား အရေးလောက်ကိုဖြင့်၊ စကား အကြွေးမလောက်ပါဘု၊ ခေါ်ကြွေးလောက်တယ် ဆရာ မထင်လို့မို့၊ အားပေးအားမြှောက် မပါချင်တဲ့ဖြင့်"

ထိုနောက် ထိုနှစ် ၁၉၃၀ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သာယာဝတီနယ်မှ ဂဠုန်ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံ စပြန်သည်။ အင်္ဂလိပ်လက်အောက်တွင် တနေ့ထက်တနေ့ ဆင်းရဲတွင်း နက်လာသော မြန်မာတောင်သူလယ်သမားတို့သည် အင်္ဂလိပ်တို့၏ ချုပ်ချယ်မှု၊ အနိုင်ကျင့်မှုကို မခံမရပ်နိုင် ဖြစ်လွန်းသဖြင့် ဓားကိုင်ကာ လက်နက်စကြာသခင် အင်္ဂလိပ်နယ်ချဲ့ကို ရဲရဲရင့်ရင့် အံတုလိုက်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဆရာစံ တောင်သူ လယ်သမားအရေးတော်ပုံသည် ကုလား ဗမာ ရိုက်ပွဲကဲ့သို့ ကျဉ်းမြောင်းသော လူမျိုးစိတ် သက်သက်ဖြင့် စတင်ခြင်း မဟုတ်ပေ။ ဆရာစံ အရေးတော်ပုံသည် နယ်ချဲ့ကို ဦးတည်သောတိုက်ပွဲဖြစ်သည်။ ခေါ်ကြွေး လောက်သော အရေးဖြစ်သည်။ ရဲရင့်သောအပြုအမူဖြစ်သည်။ ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်သည် တနေ့တွင် မြန်မာ့ လွတ်လပ်ရေးကို အရယူရမည့် စိတ်ဓာတ်မျိုးဖြစ်သည်။ လွတ်လပ်ရေးဟူသည် တပြား နှစ်ပြားပေးပါ ကမ်းပါဆို၍ မရနိုင်။ တိုက်ယူမှသာ ရနိုင်လေသည်။ ဆရာကြီးသည် ဝံသာနု ဂျီ-စီ-ဘီ-အေတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုကို မြင်ခဲ့လေပြီ။ ဝံသာနုတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသည် ပျော့ လွန်း လေသည်။ ယောင်နှင့်တန်းနှင့် မျက်နှာချင်း ဆိုင်ရဲသော ကြိုးပမ်းမှုမျိုး မဟုတ်။ သောင်ကို ဝေးဝေးရှောင်၍ လွတ်လပ်ရေးကို တောင်းခံချင်သော အပြုအမူမျိုးဖြစ်သည်။ လွတ်လပ်ရေးသည် ထိုကဲ့သို့သောလူမျိုး

တို့၏ စိတ်ဓာတ်ဖြင့် အဘယ်မှာ ရနိုင်အံ့နည်း။ ထို့ကြောင့် ဆရာကြီး သည် ဝံသာနုတို့၏ လုပ်ငန်းကိုမယုံကြည်။ ထို့ကြောင့် ဆရာကြီးသည် ဝံသာနု ဂျီ-စီ-ဘီ-အေ တို့၏ လုပ်ငန်းတွင် ကိုယ်တိုင်ပါဝင်ခဲ့ခြင်းမရှိ ချေ။ ထိုအချက်ကို ဆရာကြီး၏ အိမ်မက်ဒီဂျုံ ဋီကာနိဒါန်းတွင် အတိ အလင်းဆိုခဲ့သည်။

ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်ကား ဆရာကြီး တွေ့ခဲ့ရ သော ဝံသာနုတို့၏ စိတ်ဓာတ်မဟုတ်ချေ။ ဆရာစံ၏ စိတ်ဓာတ်သည် နယ်ချဲ့ကို ဦးတည်ရဲသောစိတ်ဓာတ်ဖြစ်သည်။ ဝံသာနုတို့ကား ဗိုင်အာခ ထုထုးပြလိုက်သောအခါ ဗိုင်အာခ ထုထုးနောက်သို့ ကောက်ကောက် ပါအောင် လိုက်ကာ ဖောက်ပြန်ကြကုန်၏။ ဆရာစံ တောင်သူ လယ် သမား အရေးတော်ပုံကား ဖောက်ပြန်သော ခေတ်ပညာတတ်တို့၏ တိုက်ပွဲ မဟုတ်ချေ။ မဖောက်ပြန်သော တောင်သူလယ်သမား လူတန်း စားတို့၏ နယ်ချဲ့တိုက်ပွဲဖြစ်သည်။ ထို့ကြောင့် ဆရာကြီးသည် ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်ကို ချီးကျူးလေသည်။ ထို့ကြောင့် သူရိယ သတင်းစာက ဆရာစံအရေးတော်ပုံကို "မြန်မာနိုင်ငံအရေးတော်ပုံ" ဟူသော ခေါင်းစဉ် စာလုံးမဲဖြင့် ဖော်ပြနေသောအခါ ဆရာကြီးက လည်း (၁၁-၄-၃၁) နေ့ သူရိယသတင်းစာမှစ၍ "ဂန္ဓုန်ပျံ့ ဓါပနီ ဋီကာ" ဟူသော ခေါင်းစဉ်ဖြင့် ဆရာစံအရေးတော်ပုံကို မှတ်တမ်းတင် ဂုဏ်ရည်ပြုလေသည်။ ယင်းဋီကာ ဂန္ဓုန်ဘွဲ့လေးချိုးတွင်....

"ဩော်....မြန်မာပြည်တရှမ်းတွင်ဖြင့်၊ သာယာဝတီ ခေန်း ဆီက၊ အာဇာနည်အရှမ်းတွေ ဟိုအရင်ယမန်က၊ ဗတိုပလ္လင်ပျံ့ မှာ သမတ မတီမ်းအောင်လို့ တဲ့၊ ဗိုလ်ဝင်ခဲ့က၊ မြန်မာ့ ကိန်းတွေနှင့် မြစီမ်းတောင်ညီညီက၊ ချောင်နီက၊ အောင် ပဟိုရ္ဓမ်းလိမ့်မတဲ့၊ ထွန်းလှဲ့ခေါင်ပရခမ ပေနော်ကွယ်၊ အစွန်း မနဲ့ အညွန်းတဲ့နေကြ၊ ဩ....လွှမ်းဘွဲ့အောင်မြေ....။"

ဟူ၍ မြန်မာမင်းများ လက်ထက်က သာယာဝတီခေန်းဆီက အာဇာ နည် အရှမ်းများကို လွမ်းလေဟန် သတိရလေဟန်ဖြင့် ဆရာစံ တောင် သူလယ်သမား အရေးတော်ပုံ၏စိတ်ဓာတ်ကို ပါးပါးနပ်နပ် ချီးကျူး ထောက်ခံလိုက်လေသည်။

ထို့နောက် ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် မရှိမဖြစ်သော စိတ်ဓာတ်အဖြစ် ဆရာစံ အရေးတော်ပုံ၏ စိတ်ဓာတ်ကို ထောက်ပြလေသည်။ ထိုသို့သောစိတ်ဓာတ်သာလျှင် မြန်မာ့လွတ်လပ်ရေး၏ ကိုးကွယ်ရာ၊ အားထားရာ၊ လဲလျောင်းရာ ဖြစ်ပိသည် ဟူ၍ ဆရာစံ အရေးတော်ပုံကို ညွှန်ပြလေသည်။ အနာဂတ် မြန်မာ့လွတ်လပ်ရေးကို ထိုသို့သော စိတ်ဓာတ်ဖြင့်သာ တိုက်ရမည်ဟု တပ်လှန့်လိုက်လေသည်။ ထို့ကြောင့် ဂျွန်ဘွဲ့လေးချိုး စတုတ္ထအပိုဒ် ဆုံးခါနီးတွင်....

" ရာ့ဇ်စံ ချစ်စရာ တပည့်တို့မှာဖြင့်၊ " ဥုံအရဟံ " သစ္စာ
ကတိတွေနှင့် " ဂျွံသရာ ဂန္ဓာရီ " ကြပေတော့။

ဟူ၍ ဂျွန်အရေးတော်ပုံ၏ စိတ်ဓာတ်ကို အနာဂတ် လွတ်လပ်ရေး သျှုံဂါထာအဖြစ် အဆောင်ခိုင်းလိုက်လေသည်။ ဆရာကြီး အဆောင်ခိုင်းသော ဂျွန်သျှုံဂါထာကို တဖန်အသက်သွင်းသူတို့ကား "သခင်" တို့ပင် ဖြစ်သည်။ အမျိုးသား ခေါင်းဆောင် သခင် အောင်ဆန်း၏ ရဲရဲတောက် ခေါင်းဆောင်မှုကြောင့် မြန်မာ့လွတ်လပ်ရေး ရရှိခဲ့လေသည်။

ဆရာကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကို အမြင်ကျယ်ခြင်း၊ သည်းခံခြင်း၊ ရဲရင့်ပြတ်သားခြင်း အကြည့်တို့ဖြင့် သတိပြု ဆင်ခြင်ခဲ့လေသည်။ ထိုသို့ သတိပြုဆင်ခြင်ရာမှ ပေါ်ပေါက် လာသော ဆရာကြီး၏ အတွေးအမြင်တို့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု၏ လမ်းညွှန်သဖွယ် ဖြစ်ခဲ့လေသည်။

မောင်ဟုန်စမ်(မဟာဝိဇ္ဇာ)
မြန်မာစာဌာန၊
("ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ"တက္ကသိုလ်။

# ဂဠုန်ပျံဒီပနီဋီကာ

## နိဒါန်း

အထက်အညာ။ ဇေယျာပူရတိုင်း။ စကိုင်းတောင် နယ်ပယ်အတွင်း။ ရွှေမင်းဝံတောင်တန်း၌။ ရှောင်တမ်းရပ်တရားဟောပြီး။ အများသော ဒကာ, ဒကာမတို့နှင့်။ သီလရင်တမျိုး။ ဘိုးသူတော်တလီ။ ညှိမည် ညှိမည်သော ရသေ့တသိုက်။ ပရိဗိုဇ် ရဟန်းဟောင်းတို့ကို။ ကမ္မဋ္ဌာန်းကောင်းသရုပ်ပေါ်အောင်။ ထုတ်ဘော်ဟောပြ၍။ တောရပုဂ္ဂိုလ်။ အဟုတ်သိလောက်အောင်။ ထိုမည် ငုံမည်သော စရိက်ဝါသနာတို့ဖြင့်။ သိုက်စာ-တဘောင်စာ အမျိုးမျိုးကို။ ငုံ့ဝိုးရင်းဝတ်မပြတ်ရအောင်ဟု။ ရွက်ဘတ် သရဏာဂုဏ်တော် မှလေ့ရှိသော။ ရသေ့ယောဂီ။ တောဗိုလ်ဆရာ။ မစ္စတာမောင်မှိုင်း။ ဟုတ်တိုင်း သောချာ။ မိန့်မှာတော်မူလိုက်သည်။ ညှိမည်သော သုရိယ အတွင်းက။ သတင်းစာဆရာ။ ဒါယကာအပေါင်းတို့။

အကြောင်းကိုဆိုလျှင်။ ဟိုယခင်အတိတ်နေ့က။ တစိတ်ပြေ့ပြေ့မျှသော ဆန်ပန်းပေါက်ပေါက်တို့ဖြင့်။ လာရောက်ပူဇော်ရှာသူ။ အညာသူတယောက်က။ အောက်မြေ[illegible]ကုန်း။ ရွှေဇရုတ်တောင်ခယန်း။ ဘာဟန်းသူ-မစန္ဒာတို့က။ ဆရာ့ထံသို့။ ပို့ဆက်ပါသည့် အကြောင်းများနှင့်။ ပါးလိုက်သည့်မေတ္တာစာကို။ အောက်ပါအတိုင်း။ ရွာနံကမိုးကျကျ။ ကျေးချင်းဘယ်လျှောက်ရှာသည်မှာ။ အောက်ပါအတိုင်းပင်တည်း။

# ၂

## မစ္စတာ ဖောင်မှိုင်းကြီးထံ ပေးရန်

ဟံသာဝတီမဟာလ။ မြို့များရန်ကုန်။ ရွှေဂုံ အောင်မြေဘဟန်း ရပ်က။ ဆွမ်းကပ်လေ့ ရှိကြတဲ့။ တပည့်မသူတော်ရှင်တို့က။ ဂုဏ်မျှော် သခင် ဆရာထံပါးအား။ ခါအသွား ချို့ချို့ ပြေပြေနှင့်။ မှီသောစွာ လျှောက်ထားစံ့ပါသည်။ ယောဂီဆရာ။ သူတော်စွာကြီးဘုရား။ ။ အကြောင်းမှာ။ ဆရာအရှင်သည်။ ကျမ်းမည်သော "ဗီးဒုတ်" ဂျာနယ် အတွင်း။ ယင်းသို့သော ကဆုန်လဆန်း ၇-ရက်ထွက် သတင်း၌။ ထည့်သွင်းရေးသားတော်မူခဲ့တဲ့။ ။"အကြံကုန်· ဂဠုန်ဆားချက်" ဟူသောစကားထွက် သိုက်တဘောင်နှင့်။ ကိုက်အောင်ဘည်းပါပေသည် ဟလုဟု။ သာဓုများခေါ်ကာ။ အဆိုပါဂန္ထ နှင့် ဆားအကြောင်း ကို။ ကောင်းကောင်းကြီး (၁၂)ခါပြီး။ ဂဠုန်ပျံ ဗီပနီ။ ဋီကာသစ် ကကျမ်းကို။ ကြိုးပမ်းတော်မူမည်ဟူသော။ ကျမ်းမည်သော နိဒါန်း လေးချီးကြီးတွင်။ ။မြန်အံ့တခွင်-စကားအဆိုမှတ်ခဲ့တဲ့။ အကြံကုန် လျှင် ဂဠုန်ဆားကိုချက်မြန်သနဲ့။ ရန်သူပုန် အမြင်မှာမလို စနက် ပေထင်။ ကလားသတိုလ်ထွက်တာက- အနက်တဘာသာ။ (အိုကွယ်) တရား မြဲပဲ့ရှိရ မပျက်။ တရားကိုသာ ဖက်ရပါတော့။ (ကျုပ်တို့) အထက်အညာမှာ"။ ။ဟုအညီနှင့် ညီစွာ။ ဆရာသခင် အရှင်မှိုင်း တို့၏ ကိုင်းဇေယျာ။ ရွှေအညာ တောင်ရိုးမှာ။ အမျိုးမျိုးသော သုခမင်္ဂလာတို့နှင့်။ ကောင်းစွာ ပြည့်စုံပါသတဲ့လည်း။ တပည့်တော်မ တို့ အောက်မြေရွာနီ။ သာယာဝတီတရိုးမှာဖြင့်။ အနေဆိုး အစော ဆိုးနှင့်။ သဝေထိုးကုန်ပါပြီ။ ။အနို-သာယာဝတီတွင်။ တောင်ညို သူပုန်။ ဂဠုန်တပ်တော်က ကျမျိုး။ အစိုးရအလည်းတလဲ။ ကြံမည် ကြံမည်သော ကြမ်းကြုတ်ရိုင်း-တို့ ဝလဲ။ တထိုးထဲ- တကိုက်ထဲ။ တိုက်ပွဲ ခိုက်ပွဲတွေရဲ့ပြင်။ တပည့်တော်မတို့ ရန်ကုန်ကိုတောင်။ ဂဠုန်တွေ တပ်ကိုမယ်လို့။ စရပ်ထဲက ကြားရပါကြောင်း။ ။ဒုင်း ကဲ့သို့ ကြားရသဖြင့်။ အများအကာမ- တပဲ့တပန်းတို့မှာ။ ဆွမ်းဆန်တောင်မှ ရရှိမခံ့ပါသဖြင့်။ အရှင့်ကို တောင့်တပြီး။ ကြောင့်ကြ စိုးရိမ်

လျက်ရှိကြပါသည်။ ။ယောဂီဆရာသည်။ အညာမြည်အထက်သွား
ပြီး။ ကျက်စားတော်မူတာမှာလည်း။ နှစ်ခါလောက်တိတိ။ နှစ်နှစ်တောင်
ရှိသဖြင့်။ တပည့်တော်မတို့အဟန်းကို။ ကြမြန်းတော်မူပါမည့်အကြောင်း
နှင့်။ တောင်းပန်လျှောက်ထားသော်လဲ။ အောက်များက တပည့်မ
တွေကို။ တလုည့်မျှ အခွင့်မပေး။ အရေးတော်မယူ။ အညာသူ၊
မကောသာတို့။ မပညာတိတို့ကိုသာ။ လိုရာလိုရာ ဇရပ်မှာထဲပြီး။ ယပ်လို့
နှင့် ဖြေပျော်တို့။ ရှေ့နားတော်သွင်းသဖြင့်၊ ပျင်းကြမည် မဟုတ်
သမို့လဲ။ ကျုပ်တို့သူငါ။ မူးနွာသောတပည့်မ အပေါင်းတို့မှာဖြင့်။
အလောင်းတော်ကသာပကိုဘဲ။ ပြောင်းရကောင်းမလား။ ။တခြား
တို့မြင်။ အရှင်ကလျာဏတိစ။ ညွှန်ပြတော်မူတဲ့ ရွှေပလ္လာစကား
နှင့် ပုပ္ပားကိုဘဲ သွားရကောင်းမည်လော။ ။တကြောသို့မှ။ ပါဒ
နက်သန်။ တောင်ကမ္ဘာယ်အထက်။ ရွှေစက်တော်ရာ။ သက်သာပန်း
တောင်းကိုဘဲ။ ပြောင်းရကောင်းမလားဟု။ သွားဘို့လာရာ။ အဖြာဖြာ
အခင်းများကို။ စဉ်းစားရင်းပူဆွေးပြီး။ မအေးရခြင်းတည်းဟူသော
သို့အခါမှာ။ တို့ဗမာမင်းနေပြည်။ အမြို့မြို့ အရွာရွာများ၌။ တည်ထား
ကိုးကွယ်ကြရင်း။ နဝင်းစေတီရှိသမျှတွေကို။ တပည့်မ အများသည်။
အစီအငှသွားပြီး။ များများကြီးဦးတင်၍။ ဖူးချင်ကြပါငြားလည်း။
ဆရာဘုရားမပါသဖြင့်။ အရာရာမှာလွန်စွာ ခက်ခဲပါကြောင်း။ ။
ငှင်းကဲ့သို့အဖုံဖုံ။ တအုံနွေးနွေး။ ပူဆွေးဒုက္ခတွေနဲ့။ ဝရှသုက္ခဖြစ်ဖြစ်
ပြီး။ စိတ်ညှင်နေရတဲ့အတွင်းတွင်၊ ယခင်အခါ။ ဆရာအရှင်။ စံရှင်
တော်မူခဲ့သော။ ကောသိပ်ကျောင်းဓလေ့ ဇရပ်ဝပန်း၌။ ခတ်ဆန်းဆန်း
(၃၂)မခံတဲ့။ ဂန္ဓန်ပုံဂါထာများကို။ မျက်ဝါးထင်ထင်။ တွေ့မြင်
အတ်ရှုရသော်လဲ။ သေတ္တုတည်းဟူသော အနက် အဓိပ္ပာယ် ကို။
တကာယ်ပင်မသိကြသဖြင့်၊ တပည့်မတို့။ သိကြစရာ။ ကဝိများဆရာ
ကိုယ်တော်မှိုင်းက။ ဖြူပွဲစိုရ်မှော်ကိုဏ်း[illegible]ည်းဟူသော အတိတ်ပုံနိမိတ်
ပုံကို။ ခိုင်ရှုံအရ အယ်သဘောဟု။ အက[illegible]ယ်မယာပြမှ။ အလယ်တောရ
တနိုး။ ထိုမည်သော ဗဟန်းတရိုက်နှင့်။ဇင်းကျိုက်သုစနွာတို့။ မှန်ရာကို
သိရပါမည့်အကြောင်း။ ဦးခေါင်းထက် လက်ထားပြီး။ များများကြီး
လျှောက်လိုက်ပါသည်။ ယောဂီသူမှ[illegible] ဇုတ်ယိုမွန်ကြီးဘုရား။

## ရန်ကုန်မြို့ ဗဟန်းအတွင်းက။ တံမ်းချင်းလေးချိုးကြီး။

တန်ခိုးမကျသမြင့်။ အမျိုးမြန်မာ့တဂူတော်သူဟုန်ခေအာင်ဗဟိုင်မျိုး ချင်သနှင့်။ အစိုးရနှင့်။ ကြပ်ိုးကာတပ။ ဂဠုန်နှင့်တောင်ညိုမြိုးချိန်မို့၊ ဒဂုန်ချောင်ရှိအကျူးဆီက။ မဟူးမရောက်သာ။ (အိုရှင်) မလုံပေါ်ပါ တကိုယ်ထူးတွေမို့။ အထူးကြောက်သဘုရာ။ ။(ခြော်) ကမ္ဘဌာန်း ပေါက်ချင်တဲ့။ ဘန်းဆာတောက်တွေက။ ဗဟန်းခအောက်မြေ။ မကြာ မကြာ ပင့်သော်လဲ။ ပန်းပတောက်တွေ ၂ ခါပွင့်တောင်မှ။ ဆရာမြင့် မပြန်လာတော့။ သံသရာ။ ဖန်လာတဲ့အဟောင်းတွေမို့။ ကံကြမ္မာ။ ဝေ့ွာတို့အကြောင်းပေါ့လို့။ ပြန်ပြောင်းကာ ဆင်ခြင်ပါသကိုမို့လဲ။ ယခင်အခါလို။ ကာလ ဒေသ့ကလဲ မကောင်းတာကြောင့်။...မြန်မာ ပြည် မသာမယာမှာ။ ယာယီယကြာပြောင်းချင်သနဲ့....(ဩ) မန်းမြေ အရပ်ရပ်မှစပြီး။ ရှမ်းပြေအစပ်ကျအောင်ပ။ ဘန်းတွေတပ်ရပရာပေ။ ဘနေ့ကသာပဲအလောင်းရဲ့မြင်း။... တချပ်ကုလား ရှောင်ဖယ်မလေ။ ပွပွားတောင်စွယ် နှမောင်းရယ်နှင့်။....နန်းဟောင်းအချက်အချာပေ။ ပန်းတောင်း၊ သက်သာသိုက် ပြောင်းရတော့မလားလို့။...ထိတ်ထိတ် ပြာပြာတော်။ စိတ်မှာမကောင်းနိုင်တဲ့။ ရင်းမအေ။ ကံမပါသူတွေမှာ ဘုရား ချောင်းတာငွေ့ငွေ့။ ချောင်းခွေ့ခွေ့နဲ့။ အောင်းမေ့မြန် ရာ။ ။"တို့ဗမာ" မင်းနေပြည် တလွှားတွင်မြင့်။ အမြို့မြို့အရွာရွာ။ နဝင်းစေတီတွေသွားပါလို့။ ယမင်းဒေဝီအလားတွေက။ မှုးချင်ပါ။ အထူးမသက်ရှာတဲ့။ အကြင် ဒါယကာတွေကလဲ။ အမျက် ပွား။ (ခြော်) တဦးအရှင်မပြန်တော့။ (တပဲ့တော်မတို့)အခက်သား။ စကိုင်းဘက်ဝယ်။ "မှိုင်း" ရှက် တလယ်လယ်ရဲ့။ ကိုင်း ဘယ်နယ် လုပ်ကြမတုန်းရယ်လို့။ ရာဇ-အလုံးတွေကိုမမြင်ချင်ပါသမြင့်။ ဆင်ခြင် ခါနေပါတုန်းတွင်မှ။ ရွှေသန္တာတုန်းတော်သခင်။ အရှင်ဆရာစံခဲ့တဲ့။ သာလာသယ်။ ကောလိပ်ဆေးတွင်မှ။ ဘာဝနာသီး။ လောကီတံ၊ ကမ္မဋ္ဌာန်းတွေသို့။ လောပနိုက်ပန်းတွေမန်းစရာ (ဥုံ) မခံတဲ့။ ဂဠုန်ပျံ ဂါထာတွေပြန်တော့။ သာဂိပင် စိတ်မကောင်းတဲ့မြင်း....ကောသီ

ဇာတ်မလယ်တာလယ်မှာ။ လောကီဇာတ်တာကယ်မှုကောင်းပမလားလို့။ ရှေးဟောင်း။ နှောင်းအတိတ်ကိုဖြင့်။ နိမိတ်ပုံ။ ဒိဋ္ဌ ကျမ်းတွေနှင့်။.... မြတ်ဆရာ ဘတ်ခေါ်စမ်းပါအုံး။.... ဘယ်ဆီ ရွယ်ရည်လို့ လှမ်းရပ။ (အမယ်မင်း) ပဟာန်းအဆင်းကာ။ ဘန်းတသင်းတို့နှင့်တကွ။ အောက် တဂုန်မြန်မာတလွှားမှာဖြင့်။ ကြောက်ရွံ့စရာများမှာလ။ (ဒိုဆရာမှိုင်း ကြီးရဲ့) SUN သန်းသတင်းစာကြီးက။ တမ်းချင်းဖြင့် ချောက်ပံ့ပါသ တုရား။

ငှင်းအထက်ပါ။ ကဗျာလေးချီးကြီးအပြီးမှာ။ တနည်းတဖုံ ပါရှိတဲ့ ဂဠုန်ပါဠိတို့ကို။ အဘိဓာန်သရုပ်ပေါ်အောင်။ ထုတ်ဆောင် ဟောပြမှ။ တောရသူဝေနေယျတို့မှာ။ သေချာ ယုံကြ။ သိရပါမည့် အကြောင်းနဲ့လည်း။ တောင်းပန်ချောက်ထားသော စာလွှာတွင်။ ပါလာတဲ့ ဥဒါဟရုဏ်မှာလည်း။

## ဂဠုန်ပျံ့ဂါထာ ပဌမ။

(၁) ဂဠုန် ဂဠုန်၊ တိလောကဂ္ဂ၊ အပျံ့ အပျံ့၊ သုမုတ္တကံ။
နာထံ နာထံ မဟာပုညံ၊ ဉာဏံ ဉာဏံ နမာမဟံ။
(၂) ဂန္ဓံ ဂန္ဓံ သုဂန္ဓံ ရံ၊ ဒသံ ဒသံ သုနိမ္မလံ။
နေတံ နေတံ ဓမ္မဉ္စာ၊ မိတံ မိတံ နမာ မဟံ။ ။
(၃) ဋီတံ ဋီတံ သုဒါယင္ဂ၊ ခေတ္တံ ခေတ္တံ မုနေ့ာရသံ။
ရမံ ရမံ တိဝဍ္ဎေ၊ သုတံ သုတံ နမာမဟံ။ ။
(၄) သီလံ သီလံ မဟာဝါရံ၊ ဓိရံ ဓိရံ သုသင်္ဂဟံ။
ပညံ ပညံ သုတိဉာဏံ။ ပုညံ ပုညံ မမံ ဂုရုံ။ ။
(အမျိုးပေတာ အာဒိယမာ ပ[illegible] ဝဏ္ဏဂါထာ)
(၅) ဝဏ္ဏဏ္ဏယသာ ဂုရုနေ့ာ။ [illegible]နန္ဒံ ယံ ကထံ မဟာ။ တံသာဓု လေနဿ သောသောဘွာ။ အန္တရာယော အသေသာ တော။ ။

(ပဌမ နကာရဝိ[illegible]ဂါထာ)

ယင်းသို့လျှင်။ အကြောင်းမန္တလေး၊ ခင်တုတ်က။ တမှုဟုတ်ခြင်း။ ယင်းသို့သော ရန်ကုန်မြို့ကြီး၏မျို့ထိုး အသရေရှက်။ ရွှေဂုန်ဘုရားကြီး၏ တရားတည်းဟူသောရောင်ခြည်တော်ကွန်ယက်တို့ကို။ဖြန့်ကြက်တော်မူရာ။ မဟာသိဂုတ္တရတောင်တော်အဆင်း။ ယင်းသို့သော ဗဟာန်းရပ်၌။ မှတ္တုပ်နှင့်တူလှစွာသော သာလာသယ်စရပ်ခါးပန်း၌။ ခတ်ဆန်းဆန်းတွေ့ရှိပါသည်ဆိုသော။ ထိုမည်သောဂါထာဖန္ဒတို့ကို။ဘတ်ပြလျှောက်ထားသည့်အလုပ်ကို။ ကျုပ်တို့ကို အမှုးထား၍။ အများသောတေရိဂိုဏ်းဝင်။ သုတော်စင် ၆ ကျိပ်ကျော်တို့။ ပျော်ပျော်ပါးပါး။ ကြားနာပြီးကွာလ။ အာဝစ ့လျှာစနှင့်။ အာက ဒါယကာမဟူ၍ဆိုသင့်သော။ အမြင့်သူမ, ရုပဝတီက။ အနီးသို့ လျှောက်ထားပြန်ရေတမုံ့။

အဘယ်သို့ လျှောက်ထားပါသနည်းဟူမူ။ "တောသူ တောင်သားတို့၏ ဆရာ။ မဟာဓယာဂီ။ တောမြို့ထူမှုန်း။ ပုဂ္ဂိုလ်ချွန်ကြီးဘုရား။ ယခုအခါ။ ဆရာ၏ အထံတော်မှောက်၌။ ဘတ်လျှောက်တဲ့စာများဟာ။ သိကြားမင်းချတဲ့ရွှေပေလွှာလား။ ထိုမဟုတ်ခြားလျှင်လဲ။နဂါးဂဠုန်။ ကုမ္ဘဏ်ယက္ခ။ ဂန္ဓဗ္ဗနတ်များ။ ရေးထားရေသလား။ ထပါးထိ့ပြင်။ အကြောင်သို့သောလူငယ်ရှင်ငယ်ပဥ္စင်းငယ်တို့က။ ဘယ်ဝယ်ဘယ်လို။ ထိုထိုသောရမတ္တာနှင့်။ ပစ်စာများချရေသလား။ ခြားနားစွာသိရအောင်။ တပည့်မရုပဝတီက။ အစွယ် အမြောက် အများနဲ့။ လျှောက်ထား ပါတယ်" ဟု ဆိုရာ။ ထိုအခါကာလ။ ဆရာက တဖန်။ သဘော ကျကြိုအောင်။ ဟောရ ပြောရ ပြန်သည်ကား။ "အိမ်ကူးစွာသော တပည့်မ အပေါင်းတို့။ ရုပ်းမန္တလေး ခင်တုတ်ဘတ်ပြတဲ့။ စရပ်က ဆိုတဲ့ ပါဌ်ပဒပါဠိ များသည်ကား၊ သိကြားတို့။ နဂါးတို့၊ ဂဠုန်တို့ ရေးသား ချထားအပ်သော ရွှေပေလွှာလည်း မဟုတ်။ လူငယ် ရှင်ငယ် ပဥ္စင်းငယ်များ။ ခြယ်လှယ်ရေးသား။ ထားအပ်သော စာလည်းမဟုတ်။ ဂမ်ပတေ့ ရသေ့ ရှာနိမ့်။ မုန်ကန် တို့၏ သိုက်စာလည်း မဟုတ်။ နန်းတော်ရှေ့ ဆရာတင်၏တပေါင်စာလည်းမဟုတ်။ ကျုပ်တို့မြန်မာပြည်ခေတ်၌။ အသစ်ဖြစ်သော သဒ္ဒါကျမ်းမျိုး အပါအဝင်။ သဒ္ဒါ့သဒ္ဒါတော်တွင် ထင်ပေါ် ကျော်စောသည်

မြင့်မြင့် ၈၇၉



"ဝိဂ္ဂိုဟ်မသန်။ ဂဠုန်ပျံ" ဟူသော ကျမ်း၏နိဒါန်း ဒိဝါနီးအစ။ ပထာမ ဂါထာများ ဖြစ်ချေသည်တကားဟု။ ပြောကြားတော်မူရလေ၏။

ယင်းသောအခါ။ သောဒါမိုတို့။ ကေသာဝတီတို့က။ ဤအဆိုပါ ဂါထာ၏ရှိပုံ။ ဂဠုံ ဂဠုံ ဆိုတော့။ ဟိုဟာနီးသူ မခန့်ခွာတို့မှာ။ သာမသိ ညာမသိနဲ့။ ထင်မိထင်ရာတွေးပြီး။ ပုဆွေးဒုက္ခရောက်ကြမှာပ။ အညာ က တပည့်မတွေလဲ။ ဓိအကြောင်းအရာကို ကောင်းစွာ သိကြမယ် မဟုတ်ပါဘူး။ ကျေးဇူးရှင်ဆရာမြတ်က။ ဂါထာပါဋ္ဌိ သဘောအလာ ကို။ ယောဇနာအနက်ပြန်မှ။ အမှန်ကိုမှတ်ရပါတော့မည်ဟု။ မပီက လာ ပီကလာနှင့်။ တီတီတာတာလျှောက်သည်များကို။ သနားရှေးရှူ အာရုံမှုပြီးကာလ။ သဒ္ဒနယ။ အတ္ထနယတို့နှင့်။ ပါဠိအရ သရုပ်ပေါ် အောင်။ ထုတ်ဆောင်၍မဟောကြားမီ။ ဤမည်သောညအကျိုး။ လ ထွက်စ အချိန်။ ဆိတ်ငြိမ်သောကာလ။ ဓမ္မကထိက။ ဓမ္မသေနာပတိ အစစ်။ ဖြစ်ကြီးဖြစ်တော်မူသော သာယာဝတီ ဦးဩဇာယျ မထေရ် ကျော်သည်။ပြည်တော်သူပြည်တော်သားတို့။ နီးကြားတို့ရာ။ဒေသနာ ဓမ္မာဇကို။ ဟောပြတော်မူတဲ့အတိုင်း။ ကသိုဏ်းပွင့်ပန်းမာလာတို့ကို။ ဘန်းခမျာတပည့်မတို့နှင့်တကွ။ သိဘိသမျှ။ ရှိရှိသမျှသော။ ဒါယကာ ဒါယိကာမတို့။ သဒ္ဓါဗလဝ ဉာဏ်ယှဉ်၍။ ပန်ဆင်စေလို့ကြောင်း။ ။

ရှင်းပြင်တခါ။ ရှင်မဟာရဋ္ဌသာရ ပုဂ္ဂိုလ်ကျော်စပ်ဆိုတော်မူတဲ့ "ထိုမှ တတည်။ မင်းဟူသည်တုံ။ လေးကျွန်းစုံကို။ လွှမ်းခြုံဘုံမြင့်။ ကဲမိုးကျင့် ကို။ တတ်လင့်ကစား။ ခြောက်ထပ်ခါးဝယ်။ ခြောက်ပါးအာရုံ။ ကြုံ လတ်သောအခါ။ အဘိဓမ္မာနှင့်။ မျက်ပါခါဒါမနသ်။ ပဋိဃာ၏က။ စသည်ရှုတ်ရက်။ စိတ်ထဲပျက်၍။ သူဖျက်သူလှောင်။မဝင်အောင်တည့်။ မရှောင်နိုင်အား။ တပါးပါးမျှ။ စိုးမရခဲ့။ ပြင်ပရာဇာ။ သမိုက်ပါ လည်း။ တကျာသခင်။ အရှင်ထင်းလင်း။ ကျွန်ရာသွင်း၍။ သေမင်းတ မန်။ အဖန်ဖန်လျှင်" ဟု ဆိုသောအရ။ ထိုလောကကြီး အတွင်း၌။ မင်းသော စိုးသော သူခိုးသော ထားသော။ ဟာ ကုန်ကုန်ပြော လိုက်မယ်။ လေးကျွန်းလုံးမှာ တန်ခိုးပြပြီး။ အစိုးရတဲ့ကြွာမင်းကြီး။ ဖြစ်စေကာမူ။မျက်စိနှားနှာတဲ့။ ဒွါရခြောက်ပါး။ ခြောက်တံခါးမှာ။ သနားကမား ရှိတယ်။ ချောတယ်။ ယှဉ်တယ်။ လှတယ်လို့။ထင်ရ မြင်ရတဲ့ ရူပါရုံစတဲ့ အာရုံခြောက်ပါးများ တွေ့ဖြင့်။ အဘိဇ္ဈာတို့။

ဒေါ မြန်မာတို့နှင့်တူတဲ့။ သူပုန်သူကန်။ တော်လှန်သောင်းကျန်းခြင်းတို့။ ကင်းရှင်းဘို့ရာ။ အာမခံမတတ်နိုင်ရာဘူးတဲ့။ အနို့ပြီးတခါ။ ကမ္ဘာပေါ်တွင်။ ရှင်ဘုရင် ရှင်ဘုရင်နဲ့။ အထင်ကြီးနေပါသမို့လဲ။ တကျောလောဘဆိုတဲ့။ ဩချလောက်တဲ့။ ဘုရင့်ထက်ဘုရင်။ သခင့်ထက်သခင်ကြီးကတတွေ။ သေမင်းကြီးကတတ်။ ရာဇဂုဏ်ရှုမြင့်။ အစစမှာ။ ဂုဏ်ကျကုန်တာဘဲတဲ့။ ။အဲ အသို့မို့ကြောင့်။ လောဘတကျော်ရှင်ဘုရင်တွေနဲ့။ သေမင်းငင်ဘုရင်တွေနဲ့။ ချိတ်ငင်တွယ်ဆက်တဲ့။ စက်သံသရာ။ လတာပြင်မှာ နစ်မြုပ်ရတဲ့။ ညစ်ရွက်ယုတ်မာ။ နွံ့ရေကျ ရတဲ့။ ကျွန်အဝ ဝဋ်တွင်းက။ လွတ်ကင်းကြဘို့ရာ။ တို့ဗမာသိလရင်တို့က။ အကြွင်ဘို့သော ကျွတ်ပွဲလွတ်ပွဲကို။ ကြံကြံ့ကြမှ တော်တော့မယ။ သော်ကြောလုပ်မနေကြနဲ့။ ကြားရဲ့လား ဥပါသိကာမကြီးအရိုးစိမ်း။ အင်း ဒကာမကြီးက ငိုက်နေထင်ပါရဲ့။

အရိုးစိမ်း။ ။"တယ့်တော်မကာ။ ထိနမိဒွ, တဆိတ်ကြီးလို့မို့။ အိပ်ပြီးရင်း အိပ်ချင်ရင်း ဖြစ်နေတယ်။ ကြည့်ဘွယ်ကကြီးတော့။ ပုတီးတောင် မစိပ်ချင်ဘူး မောင်ရင်မှိုင်းရဲ့"။

အင်း အိပ်ချင်တဲ့ အသံကို။ ရတနာပုံအရိပ်ပြပွဲခဲ့သလို။ အနိစ္စကာဘဲလို့။ စိတ်ကမြဲမှ။ ဒကာမကြီးရဲ့။ ။ဂဠုန်ပျံပဏာမ၏။ လာသမျှသဘောများကို။ ဟောကြားတော်မမူမှီရေးအတိုင်း။ ရေးမလို့ အမှတ်ရတဲ့။ ၂ ထပ်ချတေးထပ်ကို။ ဘတ်ကြဘို့ရေးစပ်ဖွဲ့မယ်။ အမှတ်တရ၊ လေးလေးမြတ်မြတ် မှတ်ကြနော်ဟု ပြောပြီးလျှင်။ အောက်တွင်ပါရှိတဲ့။ နိဒါန်းကဗျာကို။ ဆရာတယ်။ ရေးတိုပြန်သတည်း။

နှစ်ထပ်ချတေးထပ်ကြား။

ဂဠုန်ပျံချနက်တဲ့။ လယ်ကွက်ကလေးမှာ။ ညတက်မှရေးပါသည်။ ရေးဆရာကိုမှိုင်း။ ။'သျှင်ဥဒေါ်းယျ' မထေရ်ကျော်လျှင်။ ပြည်ပေါ်တွင် ဟောသည့်အတိုင်း။ ။သဒ္ဒါထွက် အနက်ဥာဏ်မှာ။ စက်ခမ္မကွန်တန္တိုင်း။ အထက်မြွန်စကိုင်နာ။ ကသိုဏ်းပွင့်မာလာ။ ။တခဲခဲ

ကောသီထုံးသူတို့။ ရှေးပြည်လုံး ကျုံးလို့ပန်ပါ။ ။ပြုံးဘို့ဖြင့်မန်လာ
ပြီ။ သံသရာနွံ နစ်တဲ့။ ကျွန်ခေတ်လွှဲတို့မှန်းယူ။ ကြိုဆို့တန်းတူ။ ။
နွံသမို့သာပ။ အံအာနို့ဘန်းမှုတယ်။ ဘယာန်းသူကျူက်စမ်းတော့လေး။

(ဆို) ရဲနဂိုရ်ပေမို့။ အမြိုက်ကို့တနန်းထူတယ်။ မန်းဇမ္ဗူမကို
ခန့်းဝေါ်လေး။

ထိုသို့သော တေးထပ်ကဗျာဖြင့်။ အညာရတနာသုံမန်း။ ရွှေစက်
တော်မန်းတို့၌။ ကမ္ဘာ့ဒွန်းတပ်ရှိ၍။ ရုံရုံကြီး ကျင်းကြွဲနေထိုင်တော်
မူကြကုန်သော တပဲမသိလရင်။ ထို့ပြင်အသိက်။ ပဏ္ဏိုင်တက္ကွန်းတို့
အား။ တိုက်တွန်းချက်တေးထပ်ကို။ ရေးစပ်ပြီးလျှင် ပြီးခြင်း။ ယင်း
အခိုပါ။ လိုရာလိုရာသဒ္ဒါအက်တို့၌။ လျှာသွက်အောင် ဂုဏ်လျှံ့တဲ့။
ဂဠုံပျံ့နီသျှံ၏။ တကိစ္စအနက်ပေါ်အောင်။ မြွက်တော်ယောကြား
ပိမ့်။ တောတာလွှာနရုဂုံယံ၌။ ဂဠုန်ပျံ့ကမ္ဘာ့ဒွန်းထင်ပြီး။ ဘန်းတခွင်
တပည့်မတို့မှာ။ မြည့်ဝသော ပဏ္ဍနာဆုဖြင့်။ ကိုင်း သာရေခေါ်လိုက်
ကြအံ့။

(ထိုရောအခါ။ သာယာစွာသောအသံတို့ဖြင့်။ မြိုင်ယံတောသူ။
ဟုဟုသမျှအပေါင်းတို့က။ သောင်းသောင်းညာညာ။ ကောင်းစွာထောက်ခံ
သမှုဖြင့်။ ညီညီညာညာ။ သာရေများခေါ်ကြလေဘိတည်း)။

## ဂဠုံဂါထာ၏ ယောဇနာအနက်။

(၁) အယံ၊ ယောဂီဆရာ။ သူမြတ်စွာဟု။ အညာမည်ခေါ်။
အပည့်တော်သည်။ ဂဠုံ၊ ဘာဝနာမြတ်၊ သမာပတ်ကို။ မပြတ်စီစွေး။
အလေးဂရု။ ပြုတော်မူထသော။ အဂဠုံ၊ ပစ္စည်းပစ္စယ။ အာမိသနှင့်။
အာ ထဆိတ်ကမှ တွေးမှတ်ပြီး။ လေးမြတ်ဘုမ္မ။ ပြုတော်မမူထသော။
(ဝါ၊ တနည်းကား) ဂဠုံ၊ လူ့ရောနတ်မျှ။ ဗြဟ္မာဗိုလ်ခြေ။ အတွေ
တွေတို့။ ရှိခိုးသမ္မ။ ပြုအပ်ထသော။ အဂဠုံ၊ အလေးအမြတ်။ပြုအပ်
သသူ။ တွက်ပြုပေါ်ပေါက်။ တယောက်တလေမျှ။ မရှိထသော။

[ ယင်းကဲ့သို့ပေးအပ်သော အနက်ဂုဏ်။ ‘ ဂဠုံ ’ ပဒ်မှာ။
‘ တိသရကော။ အယာနဝဂ်သမ္မာဂတ်၊ ဥပေါ်အထသိထ။ အာရက်

‘ ဂရုံ ’ ကတော့ အပမာဒေန သမ္ပာဒေထ ’ ဟူရာ၌ ပါရှိတဲ့ ‘ ဂရုံ ’ကို သို့ မှတ်ကြရမည်။ ။ဤကား စကားချပ် ]။

တိလောကဂ္ဂ ၊ လူသုံးပါးတို့ထက် မြတ်တော်မူထသော။ ဝါ။ သတ္တလောက။ သင်္ခါရလောက။ ဩကာသလောကဟု ဆိုအပ်သော လောကသုံးထပ်။ ဘုံသုံးရပ်၌။ လူနတ်ဗြဟ္မာ။ သတ္တဝါတို့ထက်။ သာထက်ရာထောင်။ မကာထောင်လျှင်။ အခေါင်တမှတ်။ အဆင့်ဆင့် ထပ်လို့မို့။ မြင့်မြတ်တော်မူထသော။ အပျံ ၊ တဏှာမာန။ အာသဝ နှင့်။ ရာဂအစရှိပေတဲ့။ ကိလေသာဓာတ်။ မကပ်မတွယ်။ စင်ကြယ် သန့်ရှင်းတော်မူထသော။ အနပ္ပျံ ၊ ဝေနေယျကြာ။ သတ္တဝါ အပေါင်း တွေတသင်းကို။ ကောင်းစေခြင်း မဟာဂရုဏာနှင့်။ မချာနည်း။ဘက္ကု မကောင်း။ ကြည့်ရှုတော်မူခြင်းမှ။ မကောင်းမလွတ်တော်မူထသော။ သုမုတ္တ ကံ၊ ဂတိငါးပါး။ ဘုံငါးပါးဝယ်။ အလားအလာ။ ခြားကွာလွတ် လပ်တော်မူပြီးထသော။ နာထံ၊ လူတော်ကောင်း သူမြတ်လောင်းတို့။ ညွတ်ပျောင်းကာဝ။ ဂါရဝနှင့်။ မဟာမအမျိုးမျိုးတို့ဖြင့်။ ချီးကွယ် ရာ တဆူ။ ဖြစ်တော်မူထသော။ အနာထံ၊ တဏှာဒွန်းဒိဋ္ဌိ။ အစရှိတဲ့။ ဝိရောဓိ စရိုက်မှောင်သည့်။ အမိုက်ကောင်အမျိုးအနွယ်တို့။ ကိုးကွယ်ရာ မဟုတ်ထသော။ (တနည်းသော်ကား) နာထံ၊ သတ္တဝါတို့လည်ခြေ။ အတွေ တွေသော ဝေနေယျတို့၏။ သန္တာနအတွင်း။ ကိန်းဝပ်ရှင်း ရှိချေပါ သော။ ကိလေသာသခင်။ ရှင်ဘုရင်ကို။ ဂန္ဓုန်ယာဉ် သူရကန်ထက်။ ပုပန်စေတော်ထသော။

[ ဤအနက်ကား။ ရှင်သဒ္ဓမ္မနန္ဒမထေရ်။ စီရင်တော် မူအပ် သော။ ကာပ္ပလင်္ကာရ မည်သော ဝိဇ္ဇာသိဒ္ဓိကျမ်း၌။ ။“ တေဇုတ္တိ သမ္ဗုဒ္ဓ။ မေရုရာဇ ပရိဝါရေ၊ ယုဂန္ဓရေ မဟာဇဝေ ။ ဓောဝ ဂရုဋ္ဌ အတ္ထို့သော။ ။တေဇုတ္တိသမ္ဗုဒ္ဓ၊ လေးပါးသော အရောင်မြင့်မြည့်ရှိ သော။ မေရုရာဇာ၊ မြင်းမိုရ်တောင်မင်း၏။ ပရိဝါရေ၊ အခြံအရံ ဖြစ်သော။ ယုဂန္ဓရေ၊ ယုဂန္ဓိုရ်တောင်ဖျားဌ်။ မဟာဇဝေ ။ အလွန် လျင်ခြင်းရှိသော။ ဓောဝ ဂရုဋ္ဌ၊ ဂဠုန်ခေါ်မြက်။ ငှက်တကောင် သည်။ အတ္ထိ၊ ရှိ၏ ”။ ။ဟု မိန့်မှာတော် မူသည့်အတိုင်း။ ခိုင်းနှိုင်း လေးမြတ်အောင်။ ပေးအပ်သော အနက်ပေတည်း။ ။ဤလည်း စကားချပ် ။]

အနာ့ထ၊ အမှုယာန်ပန်။ သုရကန်ထက်။ ပွယ်နတ်ကြွေ၊ ခါတ်ဘုရားကို။ မြတ်စေါ်ရှင်းတွင်။ ကင်းစင်တော်မူထသော။ မဟာပုည၊ ကြီးကျယ်မြင့်မြတ်။ ဆင့်ဆင့်ထပ်၍။ တင့်အပ်သော အသရေမဆုံးနိုင်တဲ့။ ရွှေဘုန်းတော်လည်းရှိထသော။ ညာဏ ၊ ခပ်သိမ်းဥဿုံ။ အလုံးစုံသော တရားတို့ကို။ ပိုင်းခြားထင်ထင်။ သိမြင်တော်မူပြီးထသော။ အညာဏ ၊ မသိအပ်သည်။ တမည်မရှိ၊ ဖြစ်ဘိတော်မူထသော။ ဗုဒ္ဓ ၊ သစ္စာလေးဆင့်။ မှင့်ကြီးပွင့်သည်။ သခင့်သခင်။ ရှင်ပင်ကိုယ်တော်မြတ် ဘုရားကြီးကို။ နမာမိ၊ ရွှေကြာ့ပမုံ။ လက်ဆယ်စုံမြင့်။ ကြည်ယုံမြတ်နိုး။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ တန်တန်ရှော့၍။ကန်တော့ပါ၏ ဘုရား။

(၂) နတ္ထာ၊ အမြတ်တနိုး။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ ကန်တော့ပြီး၍။ ဂန္ထ ၊ အစအဆုံး။ ဘဝမမုန်းနိုင်အောင်။ သုံးပါးလုံးကောင်းခြင်းဖြင့်။ ပန်းမြင်းမာလာ။ အာသာဝတီ။ နှယ်နိုပုံ့ကြွ၊ မဥ္ဇူသက။မမျှာက်ဝေး။မွှေးချိုဘိုင်းမွှေးအုံ့ဟုသော။ ရန့်လည်းရှိထသော။ အဂန္ဓ ၊ ကိလေသအာခုံ။ ကာမဂုဏ် တည်းဟုသော။ ကြာမုံရန့်တို့ဖြင့်။ ထုံပျံ့ကြိုင်လှိုင်ခြင်း မရှိသသော။ သုဂန္ဓ ရုံ၊ အလှူန်အလှူန်။ မွှန်ထက်မွှန်၍။ ထူးချွန်ခက်ခဲ။ ဝက်ဝက်ကွဲအောင်။ နက်နဲစွာထသော။အဿ ၊ အရိယာကိုတ်းဝင်။သူတော်စင် အရှင်မြတ်တို့သာ မြင်အပ်ထသော။ အအဿ ၊ အနရိယာကိုတ်းဝင်။ အမှိုင်းတွင်သူတို့။ မမြင်နိုင်ထသော။ သုနိမ္မလ၊ ကိလေသာ အာရုံ။ ဝါသနာအထု အညစ်အကြေးတို့မှ။ ကင်းဝေးကြောင်းမှာ။ ကောင်းစွာ စင်ကြယ်ထသော။ နေတံ၊ အမြိုက်ဓဝယန်။ နေရဟန်သို့။ ကောနိုဝ့် ဆောင်ဓမ္မတတ်ထသော။ အနေတံ၊ တကယ်မအေးအောင် ဆိုတဲ့။ အပါယ် လေးဘောင်ကို။ မဆောင်တတ်ထသော။ မိတံ၊ သူတော်အပေါင်း သူမြတ်လောင်းတို့။ ကောင်းကောင်းကြီး မြတ်နိုးအပ်ထသော။ အသာ၊ မြတ်လှစွာသော ရှင်တော်ဘုရား၏။ မဇ္ဈ၊ မဂ်လေးတန်။ ဖိုလ်လေးတန်။ နိဗ္ဗာန်ပရိယတ်တရားတော် မြတ်ကိုလည်း။ နမာမိ၊ ဘဝလာဘ။ ကုလ မတက်။ သက်သက်မြတ်နိုး။ အမြတ်ကိုးလျက်။ ရှိခိုးဦးခိုက်။ ပူဇော်လိုက်ပါ၏ ဘုရား။

(၃) နတ္ထာ၊ အမြတ်တနိုး။ ရှိခိုးဦးချပြီး၍။ ဒွိတံ၊ ရှင်တော်

ဘုရား၏ တားအပ်သော ပညတ်တော် ဝေသနာ၌။ ဝေတာနာ ဝေသီလျှ လျက်။ တည်ပခြင်းရှိတော်မူထသော။ အဋ္ဌတံ၊ ပညတ်တော်မှ အပ၊ ဗာဟိရလှုပ်ငန်းတို့၌။ မသာနုံးမရှေ့။ မြတ်တော့ မတည်ထသော၊ အဒါ ယဋ္ဌံ၊ ဘုရားပရမေ။ သုံးလူ့ဆွေ၏ အမွေတော်ခံအစစ် ဖြစ်တော်မူထ သော။ ဓေတ္တံ၊ မိမိတို့ပြုလိုတဲ့ ကုသိုလ်ကောင်းမှု အစုစုတို့၏ စိုက် ပျိုး ရာ။ လယ်တာကန်ချောင်း။ မြေကောင်းအသွယ်လည်း ဖြစ်ထသော။ အခေတ္တံ၊ မကောင်းမှုလို။ အကုသိုလ်မှု။ ဒုစရိုက်တည်းဟူသော ကလိ ကမာတို့၏ မျိုးရာတည်ရာ မဖြစ်ထသော။

[အနီ "ကလိကမာ" ဟူသောပုဒ်ကို "ကလိ" ဒေါသ ကရော တီတိ ကလိကမာ" ဟု ဓိဂ္ဂိုဟ်လှစ်။ ။ "ကလိ" ဒေါသံ၊ အပြစ်ကို။ကရော တိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကလိကမာ၊ ကလိကမာ မည်၏"။ ။ကျိုဝိဂ္ဂိုဟ်အရ၊ ယခုကာလ မြန်မာများထိုအချိန်၌။ "ကို ကလိန်" သီချင်းပေါ်သည်မှာ။ ပျော်အံ့မထင်။ဆောင်ခြင်းပါကုန်။ ။ ဤလည်း စကားစပ်မိ၍။ အကြားအကြားမှာညှပ်လိုက်သော။ စကား ချပ်ပင်တည်း။]

မုနောရသီး၊ ဘုရားချစ်ရှင်။ တိုသိပ်တင်၏။ ရွှေရင်တော်နှစ်။ တအားမြှော်လောက်သည့်။ သားတော်စစ်လည်းဖြစ်တော်မူထသော။ ရမ္မံ၊ လှူဓရာနတ်ပါ။ ဖြူပွေ့မကြွင်း။ သာကြွင်းဖြင့်။ ဖြည့်တင်းမေ့ ပျော်။ ပျော်တွယ်ရာလည်းဖြစ်ထသော။ အရမ္မံ၊ လောကသုံးခွင်။ ဘုံသုံးမြင်၍။ ပျော်ရွှင်နှစ်မြို့ကာ။ ကြိုက်ခြင်းမရှိထသော။ တိဘဝမ္ဘေ၊ ဖြတ်အပ်ပြီးပြော။ သုံးပါးသောဘဝရှိထသော။ သုတံ၊ လူ့ထံနတ်ရွာ။ ပြုပွဲ့တကြော။ အတော်ညွှလောက်အောင်။ ကျော်စောထသော။ (တနည်းကား)။ အကြားအမြင်ကို ဆောင်ထသောလည်းဟူ၏။ ။ အသုတံ၊ ကိလေသာစက်။ ထိုးတောင်ဝက်ကို။ သံလျက်အိပ်ဓါး။ ပယ်ပြီးသားမို့။ ကြားမြင်ခြင်းတောင်မှ မရှိထသော။ သံဃံ၊ မဂ္ဂ ဖလဋ္ဌာန်။ သူမွန်ရှစ်ဖြာ။ အရိယာသာခင်။ အရှင်သံဃာတော်မြတ်ကို လည်း။ နမာမိ၊ မြတ်မြ ဂ်နိုးနိုး မပြတ်ကိုး၍။ ရှိခိုးပါ၏။ ဘုရား။

(၄) နတွာ၊ အမြတ်တနိုး။ ရှိခိုးပြီး၍။ သီလံ၊ အလေ သလော။ သိက္ခာပဒမ်း။ ပညတ်တမ်းကို။ တတ်စွမ်းသရွေ့။ ကျင့်ကြံ လေ့ရှိထသော။ မဟာဝ ါရံ၊ ထံပါးကပ်ရုပ်။ အပါးပါးကပ်လေ

အောင်။ များမြတ်သောဂုဏ်းသံသာ။ ဧကာဥပါဒါန်ခံ့အရံရှိထသော။ ဒိုး၊ သုံးလူ့မြတ်စွာ။ ဗေဒသတ္တာ၏။ သာသနာတုံ။ ချမ်းရိပ်မြို့၌။ တုန့်လှုပ်ဘဲ။ အမြဲတာစေ။ တည်နေ တော် မူထ သော။ အဓိရုံ၊ သာသနာတော်မူအပ။ ဗာဟိရအပေါ်၌ တည်တော်မူထ သော။ သုသင်္ဂဟ၊ တပည့်တပန်း။ ရဟန်းသားချင်း။ သီတင်းသုံးတော်များကို။ ဘတ်အားသီမျှ။ တောက်မသဂြိုဟ်တတ်ထသော။ ပညာ၊ ပိဋကတ္တယ။ ကောဝိဒဂုဏ်လောက်လုံချိန်စာ။ အရာရာ၌။ လိမ္မာသောပညာရှိထ သော။ အပညာ်နှဲ့ပစ္စုပ္ပန်သိ်သရာ။ နှစ်ပြာချိန်မှန်။ ထေရ်တံစွန်မို့။ အလွန်ဒိမ္မာသော ပညာရှိတော်မူထသော။ သုတိညာတ၊ လေးရပ်ရှစ်ရပ်။ ဘယ်ရပ်ခန်းဝါ။ ရပ်မျက်နှာတို့၌။ လွှန်စွာထင်ရှားတော်မူထသော။ ပညာ၊ အကျင့်ရှုတင်။ ဂုဏ်ဝင်၍။ မြဲစင်စိတ်သာ။ သိက္ခာကာမ။ မာမကမို့။ ကာယ,ဝစီ။ မနောချီသည့်။ သုံးလီသော ကံလည်းရှိထသော။ အပညာ၊ ကြီးကျယ်မြင့်မြတ်သော။ ဖြစ်ဘုန်းဂုဏ်လည်းရှိထသော။ မမံ၊ မမ။ တပည့်တော်၏။ ဂုရုံ၊ ကျောက်ထီးတန္တု။ အလေးပြုအပ်သော။ သမုတိသံဃာ။ ဆရာမြတ်အပေါင်းတွေကိုလည်း။ နမာမိ၊ သုံးပါးသော ကံ။ သုံးတန်ဒွါရ။ ပကာမတို့ဖြင့်။ ကြည်ရှုသဒ္ဓါ။ ရှိခိုးပါ၏ ဘုရား။

(၅) ဝေ၊ အနိဋ္ဌိ။ ဝါ၊ ဒွိကလို။ ဝဋ္ဌုတ္တယသာ၊ ဦးနိုက်ခြတ်နိုး။ မပြတ်ကိုးတို့။ ရှိခိုးခြင်း၏တည်ရာ။ ရတနာသုံးပါးအားလည်း။ ကောင်း။ ဂုရုနော၊ အတတ်လည်းသင်။ ပဲ့ပြင်ဆုံးမ။ နှလုံးလှုစေတဲ့။ ဆရာ့ဆရာ။ မြတ်ဆရာအပေါင်းကိုလည်းကောင်း။ ယံဝန္ဒနံ၊ အကြင်မြတ်တနိုး။ ရှိခိုးမာန်လျှော့။ ကန်တော့ခြင်းကို။ မယာ၊ တပည့်တော်သည်။ ကတံ၊ ယခုတာပ်အပ်။ မှုလပ်စေအောင်။ ပြုအပ်ပါပြီ။ သော၊ ထိုသို့တမျိုး။ ရှိခိုးခြင်းအရာ။ စေတနာ၏။ ဗလေန၊ သတ္တိအား။ စွမ်းပကားဖြင့်။ အသေသတော၊ အကြွင်းအကျန် မရှိကုန်သော။ အန္တရာယေ၊ ရန်အသွယ်သွယ်။ အန္တရာယ်တို့ကို။ သောသော့ဆွာ၊ ကုန်ပျောက်အောင်။ မွေနှောက်ခြောက်ခြင်းစေ၍။ တဲ့..ကြားရဲ့။ ဘုရား ပညာဝတီ။

ပညာဝတီ။ ။"မှန်လှပါ ဦးထိပ်အပြင်။ ရွှက်ဆင်လျက်ပါဘုရား"။

ဒီတပည့်တော်မအာပေါင်း။ လူတစ်ဝီမနေချင်တယ်လို့။ တကွစ်တကွစ် ပျော်ကြတဲ့ သူတော်ကောင်းဝို့။

၀ ၀ ၀

**ဆရာမိုင်းကြီးအား တောင်းပန်စာ။**

၁၂၉၃-၂-၁၀-၇ နေ့ထုတ် သူရိယသတင်းစာ၌။ ဂန္ဓုန်ပုံ့ဒီပနီဋီကာနိဒါန်းကို ဘတ်ရသည်မှာ စမ်းမြောက်ခြင်း ရှိပါသည်။ ယင်းနိဒါန်းတွင် "အပုံ့၊ တဏှာမာန။ အာသဝနှင့်။ ရာဂအစရှိပေတဲ့ ကိလေသာဓာတ်။ မကောပ်မတွယ်။ စင်ကြယ် သန့်ရှင်းတော်မူထသော အနပုံ့၊ ဝေဝေနေယျကြာ။ သတ္တဝါအပေါင်းတွေ တသင်းကို။ ကောင်းစေခြင်း မဟာကရုဏာနှင့်။ မချာနေ့ညာ။ တကူမကင်း။ ကြည့်ရှုတော်မူခြင်းမှ။ မကင်းမလွတ်တော်မူထသော" ဟူ၍ "အပုံ့" သဒ္ဒါကိုစင်ကြယ်သန့်ရှင်းခြင်း အနက်။ ကင်းလွှတ်ခြင်းအနက် ပြန်ဆိုပါသည်။ ထို့ကြောင့်။ ထို "အပုံ့" ကို မည်သည့်ကျမ်း မည်သည့် အချက်၌ မည်သို့ ရှေးဆရာတို့ ပြန်ဆိုသည်ကို ဆရာရှေ့တွေ့က သိမှတ်လိုပါသည်။ အမိန့်ရှိရန် တောင်းပန်ပါသည် ခင်ဗျား။

သိမှတ်လိုသည့် အကြောင်းကား။ ။ "ကိုယ်လက် သန့်ပြန့်သည်။ အချက်အပြွတ်သန့်ပြန့်သည်။ "ရောဂါပျံ့နှံ့သည်" ဟူ၍ ဝေါဟာရရှိသည်တရပ်။ "သတင်းပျံ့နှံ့သည်" ဟူ၍ ဝေါဟာရ ရှိသည်တရပ်။ ယင်း ၂ ရပ်တွင် "ပုံ့" ၂ ပုံ့၏ အနက်မတူပဲ ရှိနေသည်။ သန့်ပုံ့တွင်။ အနက် "ပုံ့" ကို သန့်ရှင်းစင်ကြယ်ခြင်းအနက်။ ကင်းရှင်းခြင်းအနက်၌ သုံးဟန်ရှိသည်။ ပျံ့နှံ့တွင် "ပျံ့" ကို အဝေးသို့လွင့်ခြင်း။ ပေါက်ရောက်ခြင်းအနက်၌ သုံးဟန်ရှိသည်။ ထိုသို့လျှင် "သန့်ပုံ့" တွင် "ပုံ့" ၏အနက်မှာ ဆရာ့နိဒါန်းပါ။ မြန်မာဘာသာ "အပုံ့" ၏ အနက်နှင့် ထပ်တူဖြစ်နေသည်။ အပုံ့နှင့် အပုံ့ဟူသော အသံချင်းလည်း နီးစပ်ကြသည်။ "ပုံ့" မပါ။ "လူရှည်သန့်သည်။ အချက်အပြွတ် သန့်သည်။ တသန့်တသန့်။ငုက်ခါးခေတာင်ပြ သကဲ့သို့" စသဖြင့် ဝေါဟာရရှိ၏။ "အချက်

အပြွတ် ပျံသည်။ လူရည်ပျံသည်" ဟူ၍ "ပျံ" သက်ဆက်ကို စင်ကြယ်ခြင်းအနက်၌ သုံးသောဝေါဟာရမရှိ။ ထို့ကြောင့် "သန့်ပျံသည်" ဟူသော ဝေါဟာရမှာ။ "သန့်သည်" ဟူသော ဗမာစကားနှင့် "အပျံ" ဟူသော မြန်မာစကား ယှဉ်ဖက်သုံးထားသည်ဟု ကြံဆဘွယ်ရှိနေ၍ "အပျံ" ဟူသော သဒ္ဒါကို ဘယ်ကျမ်းမှာ တွေ့ပါသလဲဟု ကျမ်းကိုသိလို၍ မေးခြင်းဖြစ်ပါသည်။ နောင် "ပျံ" ၏ အနက်ရင်းကို ဆုံးဖြတ်မှသာအခါ။ ကျမ်းကိုးပြ လိုပါသည်။

ဗိုးစိန်။

မြန်မာဓာတ်နက်ကို အားထုတ်သူ။

ဒေါ်ဥက္ကရာ။ ။"ဆရာမှိုင်းရဲ့။ ဗျာလှိုင်းမှဲ့ မိန့်တော်သံ။နာခံရက် ရှိကြကြောင်းပါ ဘုရား"။

ဩော်။ ယခုအခါ။ ဟံသာဝတီ ရန်ကုန်။ ဒဂုန်ဘာဟန်းက။ ဘန်းဒကာမ တည်းဟူသော စန္ဒာတို့။ စနီတိုက။ ကျမ်းသည်သောဂျွန်ပျံကျမ်းအာစ။ နိသျှနိဒါန်းကို။ ကြည့်စမ်းပါ။ သိစမ်းပါရစေလို့။ မေးလိုက်တဲ့အတွက်။ အနက်ယောဇနာလို့ဖြင့် ပြီးပေပြီ။ ။ဩော် စေ့စေ့တွေး။ ရေးရေးပေါ်ဆိုတာလို။ တိုသရော်အခါ။ ဆရာနှင့်တကွ။ ခမျာ့မျှားနေရာ။ အကြေမှာ တဂုဏ်မညီ့နိုင်သေး။ ဒဂုန်မြို့ဘာဟန်းရပ်ကို။ လွှမ်းဇာတ်တော် လယ်မိတယ်။ ဒါယိကာမကြီးရဲ့။

ဒေါ်ဥက္ကရာ။ ။"မှန်လှပါ။ ဘာဟန်းရပ်ကို။ လွှမ်းတတ်လို့ လွှမ်းပေမဲ့။ ဆွမ်းဝတ်တဲ့ စခန်းပါဘဲ ဘုရား"။

ဩော် သူတို့ခိုလှုံတဲ့ ရန်ကုန်ဆိုတဲ့ ရာဇဌာနီမှာတောင်။ သာယာဝတီကိုစွဲကြောင့်။ တဆိတ်မှ မရေရှာဘူးတဲ့။ ဆရာမရှိတော့။ တပည့်မ့ သနားဘွယ်ကလေးတွေမှာ။ အားငယ်တယ်တဲ့။ ဒေါ်ခေမာကြီးတို့ရဲ့။ ဗဟန်းထဲက ဝမ်းနဲနဲပြီး လွှမ်းလဲ လွှမ်းတယ်တဲ့။ နို့ပြီး။ ကေသာတို့ ငုင်းရသေ့နဲ့။ မနေသာလို့ အကြောင်းရှေ့သော်လဲ။ အောင်းမေ့တယ်တဲ့။ ငယ်တပဲ့ထောက်သူမတွေမှာ။ ထောက်ကူမည့်သူ။ လူမနီးသဖြင့်။ အပူကြီးပူကြပါတယ်တဲ့။ တကဲ့ကိုအားနာပြီး။ သနားစရာကောင်းနေပကောလေ"။

အရိုးစိမ်း။ ။"အင်း ခံမျာမျာ။ မိန်းမသားဆိုတော့။ ကိုယ်လဲ အတူတူ။ လူလဲအတူတူ။ ဖူကြပေမပေါ့ မောင်ရင်မှိုင်းရယ်။

ကြောင် ပောာရင်း ပြောရင်း။ ပျင်းပျင်းလာတယ်။ အို မာ့ဂန္ဓီ တို့။ သာမာဝတီတို့။ သာယာဝတီရဲ့ အကြောင်းအရာ။ ဓာတ်ပုံ ပေတိုကလေးများ မရကြဘူးလား။ အပျင်းပြေဆိုသလို ကြားစမ်းရ အောင်ကွယ်တို့။

မာဂန္ဓီ။ ။"မှန်လှပါ။ ရှင်မဟာရဋ္ဌသာရဲ့ ခကာတော်။ ရှေ့နန်းကြော့ရှင်။ အရှင် နရပတိကို။ ဟို တော်းတာနဲ့ ပြည့်ဝဆိုတဲ့ ညီအကိုတို့။ မကြည်မညို မှုန်ဆံပြီး။ ပုန်ကန်တဲ့ အကြောင်း အရာ။ ပုံတောင်နိုင် မော်ကွန်းလက်ာအဆုံး။ နိဂုံးချုပ်က။ ။"မြောက်မှ ရူးရူး။၊မြေရူးထန်းတပင်။ပန်းမြင်အရှင်း။ ကောင်းစင်းအညာ။ အကြမှာလည်း။ သာယာဝတီ။ ဤတလွှားကို။ တိုင်းကားဖြန့်အုပ်။ စိုးချုပ်တည်စေဆောင်" ဆိုတဲ့ တပိုင်းတစသာရဘူးပါတယ်ဘုရား"။

တယ်လဲ ဗဟုသုတနဲ့သကို။ သာမာဝတီကော မရဘူးလား။ ကြားစမ်းပရစေဟုပြောရာ၊ သာမာဝတီက။ မပီကလာ ပီကလာနှင့်။ ကြည်သာရွှင်ပြုံး။ နှလုံးတော်ချမ်းမြေ့အောင်။ မန္တလေးအဆိုအသွား ဖြင့်။ နှစ်ကိုယ်ကြားရွတ်ပြပုံမှာ။ အောက်ပါအတိုင်းပင်တည်း။

### စာဆိုတော် ဦးမင်း ရေးသော သာယာဝတီမင်း ဘုန်းတော်ဘွဲ့လက်ာလေးချိုး။

ပိုက်လို့ သာကြူးစေတာတယ်။ သိုက်ဘုန်းရောင်ခြည်နှင့်။ တောင်မလည်ဘွေမြင့်ကာ။ နေမင်းနွယ်။ ။အာဝပိုင်သီ။ မြေမဟီဝယ်။ "ရွှေတိ" ခွန်ချို။ စောရန်ဖိုတာ။ တယ်ဥာဘက်ဂုဏ်။ စိုးရှုယ်စုံနှင့်။ သုပုန်ဗိုလ်ခြေ။ ကုဋေရှိုကို။ ရွှေလှ ပြိုမိုန်း။ ကြားတိုင်းပြိုမ်းဟု။ သိမ့်မပြုဖြန်။ မပုပန်သေးမို့။ အနန္တသမ္မာကို။ အဇဋ္ဌာနယ်မဖြန့်သာဘု။ ဆည်းငံ့ရက်ကယ်။ ။နေ့ခင်အရှည်မှ။ အောင်စည်ကွန်ကွန်။ မင်းဝံညွန့်ထက်။ အရှင်ငယ်စိုးရန်။ တန်ခိုးအန်နှင့်။ ဝါးစုံဖြူဘွား။ ကြင်စာတွင်။ တရာ

ထီးရုံ။ ဘုံကြီးခါးခြံဆဲမို့ ။ ကျိုက်မုံရဝံ့စင်။ တိုက်လုံးသာထင်တော့ပ။ သုံးပင်လယ်ကို။ အကျယ်ဆိုရေးကလဲ မပိုင်ဘီ။ ။ဓဂုန်၊ ဒလ၊ ဒုရက နှင့်။ ခေတ္တသရေ။ အလေ့လေ့မှာ။ မြေပြိုမလောက်။ ထုံးအမြောက်ကို။ မြူလောက်ကယ်ပမာ။ မမှတ်ပါသမို့ ။ တစ်တာခြားကျယ်။ ဘောင်း ရှစ်ဆယ်နှင့်။ စမွယ်ကျွန်မြူး။ မင်းဆိုးကူးသည်။ မင်းထူးဘွဲ့မိန်။ မြေ မယိန်တွင်။ စစ်ရှိန်ဝန်းရုံ။ တန့်နဲ့ဘဲစိတော့တယ်။ အနန္တသမ္မာကို။ စက္ကဝဠ တောင်ခေမန်းသာပ။ လမ်းစမရှိ။

ကြော်. ကောင်းလည်းကောင်းတော်မူလေသော ဆိုတဲ့။ ချိုချို ခွဲနဲ့နှင့်။ ဘိုဘဲ့ လေးချိုးလက်ပေါပါပေသဲ။ ဘာမဟုတ် ညာမဟုတ် ဆရာတို့စာနှပ်နဲ့ ။ ကဗျာလုပ်ခါရေးပုံက။ တေးဂုဏ်မှာ အထူးချင်း သော်လဲ။ ဦးမင်းတို့ မရှိခိုက်မှာ။ ကဝိဂုဏ်လုပ်ရတာဘဲ။ ဟုတ်လှတယ် မရှိဘူး။ ။ဒါဒီ သာယာဝတီ ဆိုပြတဲ့ လေးချိုးကြီးတာ။ မြန်မာနှင့် အင်္ဂလိပ်များ။ ရှေးဖျားအစ။ ပဌမစစ်ဖြစ်တုန်းဆီက။ သာယာဝတီ မြို့စား။ သာယာဝတီမင်းသား တပ်ချီတော့။ အနီးသည့်အခါက ရေး တာပေါ့။ ။ကြော် သာယာဝတီ၊ သာယာဝတီနဲ့ ။ ထိုမာပြည်မှာ ဖြင့်။ အာဇာနည်မင်းသားတို့မှ။ စားရတဲ့မြို့ဖြစ်တယ်။ ။ဘယ်ဝယ် ဘယ်သို့။ သာယာဝတီမြို့နှင့်။ တောင်ညို့ အကြောင်း ကြားတော်မူရာ။ ရှေးအခါ၊ ပဒေခေတ်။ အရေခေတ္တရာပြည်ကြီး။ ပျက်စီးတိမ်းယိမ်းခဲ့ ကာလ။ သမုဒ္ဒရာဇာဆိုတဲ့ မင်းသားသည်။ အနီးတောင်ညို့မှာဘဲ [illegible] ဝင်ခိုပြီးတော့။ တဖန် မန်းတောင်းနှင့် မင်းတုန်းသို့ ပြောင်းပြီးခဲ ။ ညာဆန်လို့မို့ ။ ပေါက္ကန်မှာနန်းစိုက်ပြီး။ ကြငှန်းသိုက်ဆောင်တည် လို့မို့ ။ အောင်စည်တော် ဆော်ရှမ်းခဲ့သတဲ့ ။ အတော်ဘဲ လွှမ်းတို့ ကောင်းပါပေတယ်။

ဘေခါ။ ။" ကြော် တောင်ညိုမှာခေတ်မသာတာနဲ့ ။ မြစ် ညာဆန်ပြီး။ နိုင်ငံသစ်တည်တယ်ဆိုပါတော့"။

ဇဇ ဟုတ်တယ်။ ခဲတာကြော[illegible]မဟုတ်လား။ ပလိပ်စားမင်း ရေးခဲ့တဲ့။ စဥ့်ကူးမင်း ရွှေနားတော်သွင်း ချေင်းတွင်။ ။" ပျက်ဆန်း ခေတ်သိုက်။ ကိန်းခန်းလိုက်ဖြင့်။ တုန်ရိုက်ပြည်ထဲ။ သုံးရက်ခွဲ၍။ စောင်းမဲ ညျှူး။ ကမ်းယံပြူတို့။ မပျူမူရာ။ ရန်ရှာနိုင်းပြိုင်။ စစ်မက်ထိုင်က။ မနိုင်ကမ်းယံ။ နေ့ဘက်တရုံတုံ။ မပြူချင်း။ ရန်ပြစ်ခြင်းကြောင့်။

ကျပင်းနှင့်သက်။ ရှောင့်ရှက်အိမ်းယူ။ တုရလူကို။ ရန်ငူနှိပ်နှင်း။ ဆိန္ဒ မင်း၏။ တုရင်းပြိုဟုတ်။ ရဲမာန်ထက်သား။ သမုဒ္ဒရာင်။ သားနှယ် ချစ်လျက်။ မြည်သစ်တောင်အုံ။ နလုံးကြဲ့နှင့်၊ လင့်င်တောင်ညို။ ကိုကဝန်းတောင်း။ ပြောင်းခဲ့ချိန်သုန်း။ ရုပ်မင်းတုန်းဝယ်။ မျက်မှန်း ကျိုးငြား။ ရခိုင်သားတို့။ လှုပ်ရှားချိန်သိ။ နှိုးဆော်ဘိက။ သိရိခေတ္တရာ။ နိုင်ငံသူလုံး။ စုရုံးဆန်ရှိ။ ညာသို့ရွေ့လျက်။ မြင့်လျှံပတ်။ တန့်ကြည် ထွတ်ထက်။ ဘုတ်တွတ်မိန့်သံ။ စကာမိုမ်ခံကြောင့်။ တမူဗိတ်စွန်း။ ယုန် လွှတ်ကျွန်းဒို့။ ကြင့်နးစိုက်ထိုး။ တည်တောင်ဝိုးသည်။ ။ဆံ့ကိုးတည် မဝေး ရှာလက်ကျေး"။လို့ စပ်ဆိုခဲ့ပေတာပေါ့။

အရိုးစိမ်း။ ။"ပြောဲ ရှေးရှေးတုန်းကတော့။ ရှေးထုံးနဲ့ အတင်းကြိပ်မယ့်ဆိုတဲ့။ နဝင်းအတိတ် နိမိတ်သမားတွေကိုးဘုရား။ ယခုကာလလို။ အင်္ဂလိပ်စကားတို့။ အင်္ဂလိပ်စာတို့မတတ်မြောက်တော့။ ကြောက်ရမှန်းမသိ။ လန့်ရမှန်းမသိနဲ့ ။ လောကရေးရာ မသိမှာဘူး။ မသိမှာတော့မချိန်မစာနိုင်ဘူး။ မချိန်စာနိုင်တော့။ သာယာဝတီတို့။ မင်းတုန်းတို့လို။ မြန်းကာနဲ့ဖြင်းကာနဲ့။ အတင်းအဲ လုပ်ကြတာပေါ့လေ။ အဲဒါကြောင့်။ "တနင်္ဂနွေဂျွန်။ ရှေ့မြောက်ကြွ။ နေတုံခြောက်နှစ် မျှ"လို့ ဆိုတာပ"။

ဘိုးသူတော် ငမင်း။ ။"အဲ့နှယ်တုန်း ကျောင်းဘမကြီးရဲ့။ ဂျွန် ခြောက်နှစ်တောင်အဲ တဲ့လား။ ကျုပ်တို့ တွေ့ဘူးတဲ့။ နတ်စက် ရောင်တို့။ ဇာဂရုတို့ သိုက်မှာတော့။ "ဇာဋ္ဌယာကသေသကာလေ။ ၁၂၉၄ ခုဟုဆိုအပ်သော။ ၁၁၁၈ ခု ကြွင်းတဲ့ကာလ၌။ ဂရုဋ္ဌော ရာဇာ။ ဂျွန်မင်းသည်။ ကမ္ဘာရဏဝိနာစေသန၊ ကံကြမ္မာပေါက်ဖြန် ပျက်စီးသဖြင့်။ မရှိသာတိ။ သေလတ္တံ့ "ဆိုပါကလားဗျာရဲ့"။

ပြော တောက်ထီးတောက်တဲ့နဲ့ ။ ဘယ်နှယ်ဟာတွေ ရှောက် ပြီး သရောက်ယရက်။ နောက်ပျက်ပျက်ပြောကြပါလိမ့်မတုန်း။ တိတ် ကြအုံး။ ။ကိုင်း မန္တလေးငတုတ်။ ကျုပ်တို့ရန်ကုန်ဘဟန်းသူမတွေ ထံသို့။ စာပြန်ရေးလိုက်ပေတော့။ ဘယ်လိုရေးရမလဲဆိုတော့။ ဟိုမယ် ဧနွာတို့နေရာ။ သာလာယံ ဇာ်ပ်ဆေနန်းမှာ တွေ့ရတဲ့။ "ဂျွံ ဂျွံ တီလောကဂ္ဂ"ဆိုတာ။ (ဥုံ)မပါသဖြင့်။ ဂါထာရယ်လို့မှတ်ရမယ်။ (ဥုံ)ခံလိုက်လျှင်။ မန္တန်ဖြစ်ကြောင်း။ နို့ပြီး (ခြောင်း)ပါပြားက။

မန္တရားဖြစ်ကြောင်း။ ၎င်းဂဠုန်ပျံကို ဦးခံပြီး ရွတ်ဘတ်သရဇ္ဈာယ် လျှင်၊ဘယ်လိုဘေးဥပဒ်အန္တရာယ်မှမကြွေးဖြိုတွယ်မကပ်ရောက်နိုင်ကြောင်း။ ကောင်းကောင်းကြီး သိစိမ့်သောငှာ၊ ဖြဟ္မာမင်းများချထားကောင်း ချထားရေသလားဟု တွေးထင် ယုံကြည်တွယ် ရှိကြောင်း။ ။၎င်း ဂဠုန်ပျံဂါထာကို။ ရတနာသုံးပါးကို ဆည်းကပ်မှီခိုခြင်းဆိုတဲ့။ သရဏ ဂုံ ဆောက်တည်သလို။ ကြည်ညိုသော သဒ္ဓါနဲ့ဖြင့်။ ဂါထာဂဠုန် ဘုရားရှိခိုးနဲ့။ ရှိခိုးရတဲ့အကျိုးမှာ။ အဘိုးအတိုင်းမသိဟု။ စကိုင်း တပည့်တို့ကို အမွေးထားရှာ၊ ကြားကြားသမျှသော ဝေနေယျကြာ။ သတ္တဝါအပေါင်းတို့သည်။ ကောင်းကောင်းကြီး မှတ်ကြရန်။ အဖန် တိုက်တွန်းပြန်လိုရကား၊ အောက်နားက, ကဗျာကို။ ဆရာတဖန်။ ရေး တု ပြန်သည်မှာ။ အနှာလိုတဲ့။

ဂဠုန်ပျံဂါထာသွားနှင့်။ ဂဠုန်ဘုရားရှိခိုးတွဲ
ကဗျာမဟာလေးချိုးကြီး။

(ကြော် မဟာဒုက္ခ, မဟာဒုက္ခပဲ။....ဇရာဒုဗ္ဗလအရွယ် အသွမ်း မသွားသင့်တဲ့။ နခမ်းမွေးအမြင် မဟုတ်တောင်မှ။ ဆရာဥက္ကဋ္ဌမကွယ် ကြင့်နှုန်းဝေးဆောင်လဲ။ ဘန်းနှေား ရှစ်ဘုရင်လုပ်ရပါတော့။ကမ္ဘာနှင့်ခွာန်း ပေး အသွင်သရုပ်ကယ်နှင့်။ နုပ်သမို့မကောင်းပေ။ (ဒိုကွယ်)အမှန်း အတွေး။ စခန်းဝေးရပါတဲ့။ (ကြော်)မန္တလေး ခင်တုတ်တို့နှင့် ကျူပ် ကိုအကြောင်းပေ။ ။(ကြော်)မြန်မာပြည်တရမ်းတွင်ဖြင့်။ သာယာ ဝတီစခန်းဆီက။ အာဇာနည် အစွမ်းတွေ ဟိုအရင်ယမန်က။ ဗဟိုဋ္ဌ ပလ္လင်ပျံမှာ သမထ,မတီမ်းအောင်လို့ တဲ့။ဗိုလ်စခံကာမြန်မာ့ကိန်းတွေ နှင့်။မြစ်မင်းတောင်ညိုညိုက။ ချောင်နိုကာခ တောင်ပဟိုဝ်ရွှန်းခဲ့တယ်။တွန်း ဘဲ့ခေါင် ပရမေပေနေ့ဘိကွယ်။ အရွှန်းမနဲ့။အညွှန်းတဲ့နေကြ။ (ကြော်) သွန်းဘွဲ့အောင်မြေ။ ။ယင်းအတိတ်မှာ မြန်မာတသတ်ပေမို့။ အင်္ဂလိပ် ဧ တဘာသာမတတ်တာကြောင့်။နဝင်းတိတ်အလာ ယကြာခေါက်တွေ နှင့်။ (ကြော်)အာဏာ,ပါတာကပ်တွင်း။ အာမမှတ်ညာမမှတ် ပုန်ကန်

ပလေ။ ဘုံပြန်သမြေမှာဖြင့် ကြင်းကြွေမလော။ (အိုကွယ်) ဂန္ဓုန်အခဲ တွေနှင့် တနင်္ဂနွေသဘော။ ။ရထက်ကာယ်လိုင်။ နှစ်ဘက်အတူပြိုင်လို့ မို့။ ဇမ္ဗူတပိုင် ကမ္ဘာမှာ မုန်းကြစို့ရဲ့လို့။ သူအနိုင် ငါအရှုံးသာပ။ သမ္ဘာစက် ဘုန်းအမှုအရာမှာ မတူသာ တုသာနှင့်။ အာဟာ လက် ရုံး ထုကာထုကာဖြင့်။ ဘသူသာမသာကို၊ ခေတ်အလိုက် ပြိုင်းရမလို နှင့်။ နှစ်ဗျူဟာ, စစ်တိုက်တိုးတွင်မှ။ မမှုရာင်ယာမိုက်ဘုန်းတော် အသ ရောဂါနှင့်။ ရွေယမုန်သောင်ဝွကမ်းတွင်မှ။ ရွှေဒဂုန် အောင်မြေ စခန်းပေပ။ တောင်မြေဘယာန်းသူ။ သပိတ်အမကလေးတွေ မဖြ ထိတ်စရာအရေးပုံမှာ ဗျာပ ါလျှံဘိုလို့။ မဟာဆန်ဆန် ထီထပ်ထပ် သော ပြာသာဒ်အချွန်းတွေ အမှုန်းတွေနဲ့။ သာလာယံ ဇရပ်ကွန်း တွင်မှ။ နတ်ညွန်းသိုက်စာ။ အလိုက်ဘာသာကျသလိုပ။....(ညဲ)မြန်မာ အချင်းချင်း။ ဂါထာနှင်းမပေါ်လို့....။ သာကွင်းအပြီး နိုးစရာကို။ ပြဟ္မာမင်းကြီးဘဲလာလို့ချရော့သလ။ သာမျိုးအရက် အစုံဖန်ပေါ်။ ရာစုံ, ချစ်စရာတပည့်တို့မှာဖြင့်။ ဥဠ် အရယ် သစ္စာ ဂတိတွေနှင့်။ ဂန္ဓုံသရဏဂန္ဓာမီကြပေတော့။ (အမယ်မင်း) အဖြစ်ဘယ်ာမထိစေ ချင်တဲ့။ပကတိစေတနာမနေသာတွင်မှ။ ရှိရှိသမျှ အစဝရာသဘောပါ ကဲ့။....(ဒြော်)ခေတ်အခါကြီး။ မြေရွာတကြောက်ဖြင့်။.... ရှစ်ခါတိ တီ။ဖြစ်မှာသိသိပြီး။....(အို မယ်စန္ဒာရဲ့)မေတ္တာမှီတာကြောင့်။ကာဝိက, သေသေချာချာဓဟာ။

ဝ ဝ ဝ

### စကိုင်း မြင်ရွှေဝတီဈောင်း။ မဂေကာသဂိုဏ်မှ
### ဓကာကြီး ဦးဖိုးစိန်ဥသန် မြန်စာ။

ကျွန်မတို့ဆရာ။ မဟာကိုယ်တော်ပွင်းကြီး၏ ဗျာဒိတ်တော် ပန်းကို။ ထိပ်ပေါ်၌ ဆင်မြန်းရသည့်အတိုင်း။ သိုင်းဝိုင်းခြင်းအပိုမပါ စေဘဲ။ လိုရာကိုသတိရွှဲလောက်အောင်။ ထိုကနဲပြန်ကြားလိုက်ပါသည်။ သူရိယသတင်းစာက။ အယ်ဒီဘာ, ဓကာကြီးတို့ရှင့်။

အကြောင်းမှာ။ ။အထက်ကြီးတို့၏ သုရိယဂန္ဓုန်။ ကဆုန်လ ပြည့် အတိတ်နေ့သတင်းမတ်တွင်း။ မြန်မာ၀ေ၀ါဒနက်ကို အားထုတ်သူ ပင်စင်ငြိမ်းငြိမ်းစားရသော။ပညာ၀န်ထောက်မင်း။အထက်ကြီးဦးဖိုးစိန် သည်။ ဤမည်သော ဘွန်မတို့တောဆိုက ထီးဟုဆိုအပ်သော။ ယောဂီ ကြီးစီရင်တော်မူလတ္တံ့သော "ဂန္ဓုန်ပုံဒီပနီ ဋီကာ" ကျမ်း၏ နိဒါန်း မှာ ပါရှိတဲ့။ ပါဠိအာဂုံ။ ဂန္ဓုံ ဂန္ဓုံ တိလောကဂ္ဂံ။ အပုံ အပုံ့ သမုဋ္ဌာန်"ကို။ ထုတ်ပြန်ပြသသည့် နိဿျချနက်နှင့်တကွသော "အပုံ့" ၏ အရ။ ပြသညွှန်ကြားပါမည့်အကြောင်းနှင့်။ တောင်းပန်သည့် အ လွှာကို။ ဆရာရသေ့။ ရွှေမြင်တော်မူရကား။ အပါးတော်မြဲ ကောသ ရီသည်။ ဤမည်သောအကြောင်းအမေးကို။ ကြေအေးအောင်ဖြေဘိဟု။ အမိန့်တော်ရှိတော်မူပါကြောင်း။

သို့အမိန့်တော် ပြောချက်ကြောင့်။ တောဂဇက် ထုတ်ဝေလို သည်မှာ။ ။အနီ "အပုံ့" ဟူသော သဒ္ဒါနှင့် ပတ်သက်၍၊ ခေတ် နက်ကြံစည်ရာ။မြန်မာဘာသာမှာ။ အာဂုံကို(ယ)ကလေး။ မဂဓနှင့် သက္ကဋဘာသာတို့မှာ(ရ)ကြီးဖြင့်။ အသီးအသီး လဲလှယ်။ လှဲဖယ်လေ့ ရှိသည်တကြောင်း။ ။ငှင်းမြင်။ "မြန်"သည်။ "ပေါ်"သည် ဆိုဆိုက် လျက်။ သသကရိုဋ္ဌယောင်ယောင်။ ဟန်ဆောင်တဲ့သဘောနဲ့။ "မြန် ပြော" ဟုသုံးစွဲသောအရာ။ ။အမှုအယာကို "အပျူအငှာ" ဆိုကြ သည်မှာလည်း။ မ,ကိုပပြု။ ယ,အာဂုံလောမှု ပျူဖြစ်ဟန်။ တဖန် ယ,ကို ဟ,ပြု။ ဟ, ကို ငှ,ပြုကာ ပျူငှာ, ဖြစ်ပြန်သောသ်ယဲ။ အသံလေး ခေါင်းငှာ။ ဟ, အာဂုံကုလာသဖြင့်။ "ပျူငှာ" ဖြစ်ပုံအချက်။ ။ မြိန်ရှက်နှစ်သက်ခြင်းဟော "ပိန်" ဟူသော မာဂဓကိုယ်။ မြန်မာ့ဘာ သာအဘိ။ "ပျိုသည်"ဟု။ယ,အာဂုံနှင့်ရေးမှတ်ခေါ်ခေါ်ဟန်။ တဖန် ပ,ကို မပြု။ ရ, အာဂမဖြင့်။ သက္ကဋချိန်သလို။ "မြိန်" ဆို၍ဖြစ်ထိုက် ပါကြောင်း။

ငှင်းမြင် တရကလည်း။ မုခလက်နှင့်သဒ္ဒါ ဆရာကြီးတို့ အလို။ "အပျိုံ" ကို ရှပ်တွက်ရာ၌။ ။"အပျာဒိဓာတ, ဆို" ဟူသောသုတ်ကို တည်။ ထဲသည်သုတ်နက်မှာ။ အပျာဒီဓာတ်။ အပျ, အစရှိသော သဒ္ဒါ တို့နောက်မှ။ ဆိ,ဆို ပစ္စည်းသက်ပြီးသည့်နောင်။ "ခေါင်းပေါင်းမိတ် ဗဓောင်။ ရမ္မနီ မောင်မောင်" ဟူသော သုတ်ကြီးကို လိုက်စေ၍။

"အပျိ" ဟူသော ရှင်ပြီးဟန်ကို။ ကြံစည် ကြတုးသည်လည်း တကြောင်း။ ။ရှင်းသို့သော ဥပမာတို့အရ၊ ကျွန်ုပ်တို့ ဒကာကြီးဦးဖိုးစိန်သည်။ အနို့ ဂန္ထုန်ပုံဇိပနီ ဥကာနိဒါန်းမှာ "အပုံ" အနက်သွားကို။ ညာဏ်ကျက်စားတဲ့အရာမှာလဲ။ မြန်မာမှု၌ ဗဟုသုတ ပွားများပြီး။ အားရစရာကြီးပင် ဖြစ်ပါသည်။

ဤအဆိုပါ နိဒါန်းမှာ ပါရှိတဲ့ "အပုံ"မှာ။ မြန်မာဘာသာ မဟုတ်ပါ။ မူလအစ။ မာဂဓပါဠိဘာသာအစစ်။ ဖြစ်ချေတာမို့။

ချုံ့၍ပြလိုသည်မှာ "အပ" က ဥပသာရပုဒ်။ ဟုတ်သမင်း။ ။ ယင်းတွင်။ နောက်ဆင် ပ,တလုံး လာပြန်ပကော။ ။ "ပျော, ပ ယုဂ်စပါဝ" ဆိုတဲ့ သဒ္ဒနီတိ သုတ္တမာလာ, စတုပဒတွင်။ "ပျ"ကို "ပွ" နှစ်လုံးသော်လည်းကောင်း။ "ပ" တလုံးတည်းသော် လည်းကောင်း။ အကြောင်းအားလျော်စွာပြုနိုင်တဲ့ဥပဒေသ။ ချုပ်ရေ့သဖြင့်။ "ပ" နှစ်ခုကို "ပျ"ပြုက။ "အပျ" ဖြစ်သည်။ အနီတွင် "ဒံ" ဝိဘတ်သက် ၍တက်၍။ တချက်တည်း "အပုံ"ဖြစ်လေသည်။

အနူ "အပုံ" နှင့် စပ်လျဉ်း၍။ ပုဒ်ရင်းဖြစ်သော။ ယင်း"အပ" ဆိုတဲ့ ဥပသာရပုဒ်ကလဲ။

(၁) အပ, သဒ္ဒေါ အပ,ဂတေ။ ဂရဟာ, ဝဇ္ဇနေသုစ။ ပဒုသာနေ, ပူဇနာဒိ။ အပ္ပေသုပိစ ဒိဿတိ။ ။ဟူသည့်, သဒ္ဒနီတိ သုတ္တမာလာ စတုပဒအရရှင်း။

(၂) အပ,ဂုတ် အပ, ဂတ, ဂရဟ, ဝဇ္ဇန, ပူဇာ,ပဒုသာနာ ဒီသု။ ။ဟူသော ပဒရူပသိဒ္ဓိအရရှင်။

အကြောင်းလင်းရမှာဖြင့် (၁) ကင်းခြင်းအနက်။ (၂) ကဲ့ရဲ့ခြင်းအနက်။ (၃) ကြဉ်ခြင်းအနက်။ (၄) ဖြစ်ပွားခြင်း အနက်။ (၅) ပူဇော်ခြင်းအနက် စတဲ့ ငါးနက်တို့တွင်။ အကြင် "အပဂတော, အပသာလာယအာယန္တံ ဝန္ဒိတ်ဘ" အစရှိတဲ့။ ပါဠိများမှာ ကဲ့သို့။ ကင်းခြင်းအနက်။ ကြဉ်ခြင်းအနက် တည်းဟူသော နှစ်ချက်၌ ဖြစ်ကြောင်း။

(၃) ရှင်းဖြစ်တယ်။ ။နိဒ္ဒေသေ, ဝဇ္ဇနေ, ပူဇာ။ ပဂဇော, ဓါရဏောပိစ။ ပဒုသာနေစ ဂရဟာ။ စောရိယာဒေါသီယာ အပ။ ။ ဆိုတဲ့ အဘိဓါန်မှာလာသော (၁)ညွှန်းပြခြင်းအနက်။(၂)ကြဉ်ခြင်း

အနက်။ (၃)ပူဇော်ခြင်းအနက်။ (၄)ကင်းခြင်းအနက်။ (၅)ဆောင်ခြင်းအနက်။ (၆)ပြစ်မှားခြင်းအနက်။ (၇)ကဲ့ရဲ့ခြင်းအနက်။(၈)ခိုးခြင်းအနက် အားဖြင့်။ ရှစ်ပါးသော အနက်ယင်းတွင်။ ကင်းခြင်း။ ကြဉ်ခြင်းဟူသောအချက်။ အနက်နှစ်ပါး၌ ဖြစ်ပေကြောင်း။

ဒါဲအနီ မိ ကြောင့်။ "အပုံ့"ဆိုတဲ့ပါဠိအရ။ ပဌမအနက်မှာ။ ကိလေသာမှကင်းခြင်း၊ကြဉ်ခြင်းအနက်များကိုရည်သန်၍။(၁)"အပုံ့" တဏှာမာန, အဘသဝနှင့်။ ရာဂအစရှိပေတဲ့။ ကိလေသာခေါ်။ မကပ်တွယ်။ စင်ကြယ် သန့်ရှင်းတော် မူထသောဟု။ ယောဇနာ အနက်။ မိန့်မြွက်တော်မူသည်။ ။ဤမှတဝ။ ဒုတိယတဘာန်။ "အနပုံ့"က လည်း။ နဲ့ဆိုတဲ့ ပဋိသေဓအတွက်။ အနက်ပါလာတဲ့ မဟာကရုဏာတော်မှ ကင်းတော်မမူခြင်း၊ မကြဉ်တော်မူခြင်းအနက်များကို ထောက်ဆပြီး။ (၂)"အနပုံ့" ဝေနေယျကြာ။ သတ္တဝါ အပေါင်းတွေတသင်းကို။ ကောင်းစေခြင်း မဟာကရုဏာနှင့်။ မချောနေ့ည။ တကွမယှဉ်း၊ ကြည့်ရှုတော်မူခြင်းမှ။ မကင်းမလွတ်တော်မူထသောဟု။ ယောဇနာ အနက်ပြန်တော်မူလေကြောင်း။

ဧင်းကဲ့သို့ အနက်ပေးပြီးသော်လဲ။ ကိလေသာဖော။ မဟာကရုဏာကို ဟောသည့် ပါဠိမဟုတ်ချေ။ အပဒါန်ကို ငဲ့ပေသောသဒ္ဒါဖြစ်၍သာ။ ကိလေသာဟူသော အပဒါန်။ မဟာကရုဏာ ဟူသော အပဒါန်ကိုဆောင်၍။ ဆောင်ဆောင်မြင်မြင်။ တောစ်ပေါ်တွင် ဆင်သွားသကဲ့သို့။ ထင်ရှားအောင် အနက်မှုသည်ဟု။အထက်သူ မကောသရိက မမှုဘောဟီ စည်ကြီးကို။ ရိုက်တီးလိုက်ရပါတော့သည်။

အနှီမှုထပါး။ အလွန်တရာမှ ကြားရနာရခဲလှစွာသော။မေတ္တာစကားဖြင့်။ မှာထားသော်။ သိရှိတော် မူစေလိုသည်မှာ။ ကျွန်မတို့တောဆီက။ ယောဂီဆရာ။ မဟာ တပသ။ မြန်မာ့တံခွန်။ သီလဝန်ကိုယ်တော်မိုင်းကြီးသည်။ ဤမည်သော ဂန္ဓုန်ပျံ့ ဒီပနီကျမ်းကြီးကို။ ငြိမ်းထီးတင်မည်။ ဆောက်တည်စိတ်ကြံ၍ မိန့်ရှာန်သောအခါ။ ရေးသားတုန်း တန်းလန်းဖြစ်ပါ၍။ ခက်ဆစ်ခက်ခု။ အမြှာမြှာသော အမေးများကို။ ရေးသားဖြေဆိုနေပါက။ ဤမည်သော "မြေပုရာ ကင်းမှောင့်"သည့် အလား။ သွားလာပျံ့သန်းမည့် လမ်းစမှာ။ ဂန္ထဂရု ဘေးတည်းဟူသော ကျမ်းလေးခြင်းနှင့်နဲ့။ မုချတွေကြုံရပါလိမ့်

မည်။ ။ဤဂန္ထုန်ပုံဒီပနီဋီကာအတွက်၊ ခွက်ဆစ်ခက်မှု၊ အရေးရေးအရှုပ်ရှုပ်တို့ကို၊ တပ်အပ်သေချာ၊ အဖြေစာတွေနဲ့၊ ကမ္ဘာမှာ၊ တရုတ်လျှံမယ်ဆိုတဲ့၊ "ဂန္ထုန်ပုံဂဏ္ဍီ"တကျမ်းကိုလဲ၊ ကြိုးပမ်းတည်ထွင်၊ စီရင်ရေးသားပြီး၊ မေးအနားတော်မူပါလိမ့်မည်။ ဤမည် ဤမည်သော သဒ္ဒါမူ၊ ကဗျာမူ၊ မြန်မာမှုတို့၌၊ ကျွန်မတို့ ဆရာတခုသဲလို့၊ အားပြုစေချင်ပါတယ်။ ကိုယ့်ဆရာမို့ ကိုယ်မြှောက်တယ်လို့ အပြစ်တင်လျှင်လဲ၊ သိလရင်တို့အကြောင်းမပါလို့၊ အောက်မေ့ရပါတော့မည် ဒကာကြီးဦးဖိုးစိန်ရှင်။

### ဥဃျောဒဇ္ဇ်တေးတမျိုးတည်းဟူသော
### လေးချိုးကလေး

(A.B.C.) အေဘီစီ့ခေတ်မှာ ပျိုသူရဲ့၊ ကောသရီ မေတ္တာပို့ရာက၊ (အိုရှင်)ချစ်တာမို့ မြှောက်လိုက်မယ်။ ။(ကြွေဘ်) ဒကာကြီးမှာဖြင့်၊ သဒ္ဒါမပီရေ့လားပါ၌ ရော"ပျံ့"၌၊ မြန်မာသံတော်နက်တွေးလို့ရယ်ရှင်၊ မေးပြန်တော့တယ်။ ။နေ့ချုပ်ဟာ သတင်းစာတဆောင့်ဆီက၊ မေ့ရှာ ထွင်းလာမှော့င့်သလိုပ၊ အင်းဒါကြောင့် ခုကွတ်ယ်၊ မှချကျယ်မှ် နိဿရည်း။ ။ရွှေရက်ဂုဏ်၊ နေ့စက်သည်ဂန္ထုန်က၊ ပြည်တုန်အောင့် ပျံ့မဲ့လမ်းတွင်မှ၊ ပိတ်သိမ်းကာ ဝလာတိမ်သို့၊ ဒကာစိန်သာချိန်လှသူ့ရဲ့။...ကျမ်းကြီးအရသာကို ဂဏ္ဍိအလာရှုပါတော့။(အမယ်မင်း) မကြာယခု မျှော်လိမ့်မပါ ချိမ့်နည်းတွေနဲ့၊ (အို ဒကာကြီးဦးဖိုးစိန်ရဲ့) သဒ္ဒါအပြု၊ မြန်မာမှုတွင်ဖြင့်၊ (ကျွန်မတို့)ဆရာတခုရယ်လို့၊ သာဓု၊ သာဓု၊ သာဓု၊ ခေါ်စိမ့်သတည်း....တဲ့။

မကောသရီ၊

မြို့ရွှေဝတီချောင်း၊ စစ်ကိုင်းမြို့။

× × ×

ထိုသို့တဖုံ။ ဂန္ထုန်ပျံ့ဂါထာအသွားနှင့်။ ဂန္ထုန်ဘုရားရှိခိုးအဲ့ကဗျာ။ မဟာလေးချိုးကြီးတရားကို၊ ဟောလားပြောလှာ၊ လုပ်ပြီးသည်၏နောက်။ မောက်တို့။ မောင်တို့၏အစ်မ။ သီလရှင်မယ်ခမ္မစာရီက။ ဤမည်သော ဥက္ကလာပ။ ဒလ, ဒဂုန်။ ရန်ကုန်ဘုရားကြီးမှ။ တရားမီး ယမိုက်ပြတော်မူစဉ်က။ တပဲ့တော်မလဲ။ ရန်ကုန်အယာန်းထဲမှာတဲရှိပါကြောင်း။ ။ရင်းရန်ကုန်မြို့ ရွှေဒဂုန် စေတီတော်ကြီးကို။ မီးသင့်လောင်သောအထိမ်းအမှတ်နှင့်။ ရွတ်ဘတ်သရဇ္ဈာယ်သောအားဖြင့်။ တရားသံဝေဂယူကြစေရန်။ ရည်သန်ရှိုးရင်း။ နှလုံးသွင်း အာဘော်ဖြင့်။ ရွှေဒဂုန် ကုန်းတော် ဓမ္မကထိကသယ်၊ အသျှင်ဆရာဘာဝနာ ဦးကေတုမာလာ မထေရ်စီရင်တော်မူပေသော "ရွှေတိဂုန်သံဝေဂကထာ" စာအုပ်ကိုလဲ ကျုပ်တို့ ကိုးကွယ်ရာ မစ္စတာ ကိုယ်တော်မှိုင်းကြီး ကြည့်ရှုတော်မူရန်။ အလှူခံခဲ့ပါကြောင်း။ ။ရင်းမြင်တခါ။ သာယာဝတီဦးညောယျ အချင်ဖြတ်သည်။ ဤမည်သော ၁၂၉၃ ခု။ ကဆုန်လဆန်း (၁၁) ရက်နေ့ညတွင်။ ကြည့်မြင်တိုင် စမ်းချောင်းရပ်အဝင်အပေါ်။ မင်္ဂလာလမ်း၌။ ကမ္မဌာန်းရှုသို့။ အမှုမဲ့ အမှတ်မဲ့ တရားတော်ကြီးကို ဟောကြားတော်မူသနဲ့။ တပဲ့တော်များလဲ။ သွားရောက်ပြီးခေါ်၊ တရားပေစာ နာယူကြသည်တွင်။ ဟောဒီဓမ္မဒါနကထာ။ ဇာလှာတချုပ်ကို ရရှိခဲ့ပါသည်။ ။အနှိုမှတခါ မဟာတိကမ္မ စေတီတော်ကြီး ထီးတော်အထက်များ၌။ ဇက်မနားအင်ရာ။ မင်္ဂလာအခမ်းအနားကလဲ။ တပဲ့တော်မတို့ ဘန်းများဖြင့် အနားမှမတိုးနိုင် အလွန်တရာဘဲ စည်ကားပါသည်။ ။အနှ အခမ်းအနားလုပ်ပုံမှာ။ ကဆုန် ညောင်ရေသွန်းပွဲနှင့်။ တခါထဲ တိုက်ဆိုင်နေသည်မို့ တပေါင်း။ နဂါးတို့ ဂန္ထုန်တို့လဲ။ ရွှေတိဂုန်ဘုရားအဖူး လာမယ်လို့ ကြားသနဲ့။ တပဲ့တော်မတို့လဲ ကြည့်ချင်ရှုချင်တဲ့စေတနာနှင့်၊ အလေသုံးဆယ် သွားကြတာပေါ့လေ။ ။သွားလို့ တောင်ပေါ်ရောက်တော့။ နောက်သောအခါများက။ မလှန်မင်းသားနှင့် မြိုင်ကွန်းမင်းသားတို့ရဲ့ ဆရာ။ အကြီးတော်မင်း ရေးစပ်ခဲ့တဲ့ သောက်ပေါ် တေးထပ်ကို။ လေးလေးမြတ်မြတ် အမှတ်ရမိပါကြောင်း။ ရင်းတေးထပ်မှာ။

## ရွှေဂုန် ငှက်မနားတဲ့ တေးထပ်။

စက္ကဝါခေတ်တသောင်းတွင်မှ။မဖြစ်တောင်းဖြစ်ပြန်။သတ္တရောင်ပေါင်းကြုံရဟန်မှာ။ သုညနံ့ကြွက်ကျိုး။ ။ဂန္ထုန်ငှက်နဝင်းသာသည်။ သီတာင်းဝါ ကျွတ်ခိုက်နှင့်ညား။ ။ဆန်းပကျ ပဋ္ဌမိဝယ်။ တွေ့ပဿီ ဓောက်ပြား။ မေဒနီ။ ချောက်ခြားလို့။ ကြောက်ပါးလီလျှော်။ ။သိကိုတ်စံမကိုဋ္ဌဖျားတွင်မှ။ ငှက်မနားကြောက်ချလို့စင်။ ။ရတက်မျှား ပေ့ရအင်မှာ။ နယ်ရှစ်ခွင် ပြည်မချိမည်မို့။ ။ အစိန္တိဆံတော်ဂုန်။ ကိုးကြွေဗိုလ်စုံ။ ။ဖြစ်ပျက်ဘို့တွေးမလုံတယ်။ အရေးပုံနက်လှန်းလှလေး....တဲ့။

နို့ပြီးဇို့ပြင်။ လျှော်ဘေးကြုံပုံနှင့်။ ဂန္ထုန်တို့ ထပ်ကို။ မြန်မာ့ဘုံမန်းခေတ်တွင်။ ဂဏန်းတစ် ကဗျာကဝေ ·တည်းဟူသော "ဆရာဖေ" ရေးစပ်ခဲ့တဲ့ တေးထပ်တထပ်မှာလဲ။

## လျှော်လှုပ်ပုံနှင့်ဂန္ထုန်တေးထပ်။

တောင့်နှစ်ရာသုံးဆယ့်သုံး။ ထုံးဖွဲ့ရစ်ကုံးအောင်။ ရုံးချယ်သစ်ထုံးနှောင်။ မန်းတောန်ဓဆောင် လဆန်း။ ။ရက် သ ဏ္ဍ, နေအရှက်။ ရွှေဂန္ထုန်သာတဲ့အခန်း။ ။ နေနှစ်ချက် ညောင်းညီ။ တောင်းပါပြီအဝှန်း။ ခြောက်နာရီအလယ်း။နန်းသိင်္ဂီသာခန်းက။မန်းသီရိပလ္လင်။ ။ မြေယောင်ဆင်သည့်နိ။ သွင်သွင်လဲ တိမ်းတဲ့လျှော်။ ။သည်ထက်ပငြိမ်စေချင်။ ဝတိန်ရှင် ၂၁သွန်းလို့။ ။ ရာစွန်းမဲ့ ရွှေဘက်တော်။ နတ်ပြည်တက်ကျော်။ ။စိန်စက်တံ နှစ်ချက်မေပါလျှော်။ သရက်မော်ငံကိန်းမို့လေး....တဲ့။

အဲဒီ အကြီးတော်မင်း ဘို့။ ဆရာဖေတို့ ရေးသလို။ ထိုသို့သောမီးခတဲ့ အကြောင်းအရာနှင့်၊ ငှက်မနား တင်ပဲ့ကြီး ကျင်းပတဲ့

အခကြောင်း။ နောက်နှောင်းနှောင်လာ။ တကာ တကာမများ။ မှတ်သားစရာ။ ကဗျာတပုဒ် နှစ်ပုဒ် လုပ်ပေးတော်မူပါ ဘုရားဟု လျှောက်ထားရလေ၏။

ထိုသို့ မယ်မွှေစာရိုက။ သုံးလီသော ဒွါရတို့ဖြင့်။ ပဏာမ အမြွက်အများနှင့်လျှောက်ထားသောအရေးများကို။လေးစားသမှု။ ပြုတော်မူသည်နှင့် အညီ။ ဝဇီရာဝုဓ။ ထိတိုင်းရှိသော။ သကြား လက်နက်ကြီးတမျှ။ မီးခဲသော အကြောင်းအရာ။ ကဗျာတော်ကြီး တပုဒ်ကို။ လုပ်တော်မူပြန်သည်ကား။ အောက်နား၌ ပါရှိလေ၏။ ။

တ္တ တုမှေ၊ သင်ဘူတော်ကောင်း။ အပေါင်းသော သီလရှင် တရ တို့သည်။ သုတာသိ၊ တခြားကိုမရှေ့ဘဲ။ အပါးက တတော့တော့နဲ့။ နားစေ့စေ့ထောင်။

## ရွှေဂုန်ဘုသားကြီးက။တရားပမ်းမြစ်တော်မူပုံဘွဲ့ကဗျာ
## မဟာလေးချိုးကြီး။

“စိန့် ဝဇေရှုတ္တရအောင်လံ ဂုဏ်ဘာဆောင်, ပရမေတ္တွန်းရော မထင့်။ သိဂ်ိတ္တရတောင်ယံ ဒဂုံအောင်မြေ ကျွန်းမှာတော့။ ယမုန် သောင်ငွေဝန်းရယ်နှင့် ကျွန်းမလဲ ကျွန်းမော်ဇမ္ဗူ။ (အိုကျွယ်)ကဆုန် ညောင်ရေသွန်းချိန်မို့ လွန်းလဲလွန်းတော်မူ။ ”

အိုမယ်မွှေစာရီး ဤမည်သော ရန်ကုန်မြို့က။ဘာသူများပါသေး သလဲ။

မယ်မွှေစာရီ။ ။“ဟောဟိုနောက်နားက ဒေါ်မွှါးတို့ ဒေါ် ခမာကြီးတို့ သီလရှင်တသိုက်လဲ လိုက်လာကြပါသေးတယ်ဘုရား။

ကြောင့် ကဆုန်ညောင်ရေသွန်းချိန်ဆဲ။ ဒကာမကြီးတို့ ရန်ကုန် အယာန်းကို။ လှမ်းများတောင် လှမ်းမိတယ် ဒေါ်ခမာရဲ့။

ဒေါ်ခမာ။ ။“ထပ့်တော်မ[illegible] ဘာဟန်းကလဲ။ ဆရာကြီး ကို ထမ်းတရက်နေကြဒါပါဘဲ။ အဲဒါဘာ[illegible]ပဲ။ ဆရာမှိုင်းရဲ့ကားစပ် မှာ။ ကြားညှပ်တယ်လို့လဲ။ အကြားကာ[illegible]တော်မူပါနဲ့။ ဆရာဘုရား

ရေးသားတော်မူခဲ့တဲ့ ဂန္ဓုန်ပျံ့ဂါထာအသွားနဲ့။ ဂန္ဓုန်တုများရှိခိုးတဲ့ ကဗျာ။ မဟာလေးချိုးကြီးရဲ့ ဒုတိယပဒမှာပါရှိသော "သြ မြန်မာ ပြည်တလွှမ်းတွင်ဖြင့်။ သာယာဝတီခေန်းဆီက။ အာဇာနည် အစွမ်း တွေ" လို့ ဆိုသောအရ၊ ထိုလောက မြန်မာပြည်မှာ။ သာယာဝတီ ဆိုတဲ့ သာယာဝတီကို။ အာဇာနည်မင်းသားတို့မှ။ စားရတဲ့ အခြေစိုက် လိုက်တော့။ သရေခေတ္တရာ ကောင်းစားတုန်းကပါလား ဓမ္မာစ်ရင် မှိုင်းရယ်"

ကြောင့် အနီးသာယာဝတီမြို့မှာ။ ထိုဗမာပြည်ရဲ့ အခြေအမြစ် တည်းဟူသော။ သရေခေတ္တရာကောင်းစားတုန်းကသာ။ ဘုန်းပြရုံမြ။ နှလုံးလှမင်းသားများ။ စားရသည်မဟုတ်ပါ။ ရတနာပူရအင်းဝခေတ် တော်အခါကလဲ။ နော်ရထာမင်းသားတို့။ စားရဘူးကြောင်း။ ရှင်း ပြင်တခါ။ ရတနာသိင်္ဃ။ ပြည်မဟာနဲ့ဆောင်။ ရန်ကြီးအောင် တို့။ ကုန်းဘောင်ဆက် မင်းသားများလဲ။ စားရတဲ့ သာယာဝတီရယ်လို့။ အနီးကဲ့သို့ မှတ်ကြရမယ်။ ။အဲဒါကြောင့်။ အမရပူရမြို့ ကောင်းစား စဉ်ကာလက။ ရွှေတောင်မြို့နယ်ပါ။ နမရန်ရွာဇာတိ။ ကဝိဟကျော်၊ စာဆိုတော်ဦးမင်း ရေးဆက်ခဲ့တဲ့။

## သာယာဝတီမင်းတရားကြီး ဘုန်းတော်ဘွဲ့ လေးချိုးလင်္ကာမှာ။

ဘုန်းမကိုဋ်ပေမို့။ သုံးတိုက်ဆက်စွင်ကို။ "မဂ္ဂင်ပျ" ပေါင်မွန်နှင့်။ ဆောင်ညွှန်ဆန် ကူးမယ်လို့။ ညာဏ်တူးဗျာဆင့်တဲ့။ မာရင့်မုံ ။ သတ္တုရာဘန်။ ပတ်ခြုံရံသည်။ နတ်တံခွန်။ သိစ္စရုနှင့်။ ချိန်ဥပမာ။ တည်ထိုက်စွာလှတယ်။ ထီးရာစင့် သျှောင်မနင်ယ်။ ပြောင်ဆာခွန်ယာဥ် မွန်ထွန်းရာက။ ကြေကျွန်း ပလ္လင်ညွှန်မှာ။ အစွန် ကမ္ဘာဆုံးအောင်။ ဘုန်းသင့်ခွင့်ကြုံ။ ။မေ နိုးယ်။ နှစ်ယဉ်ငြိမ့်။ ကြည်းရေ မြိမ့်မျ။ "နာဂနို့" ဘက်ရန်။ "ဂန္ဓုပျံ့" သည်။ စံဝ ါသဇ။ ဝယာဝတဲ့။ လော မျှားထွတ်စွန်။ "ပြည်ကြီး" ထက်။ အဝန္တပူ။ ဗွင့်မည်သူလဲ။ ရိပ်မြု

ကနက်။ ကြြင်တော်အက်နှင့်။ တောင်မျက်နှာပြည်။ ဖြန့်ကြော လည်
မိလျှင်။ တည်တည်နိုင်ငံ။ ဆက်ရိုးသော နှံ့ကြလို့။ မာန်မရှုံးသည်။
တဂုဏ်ပြောင်မျိုးရတိုက်ရန်လျှင်။ ။လေးမည်သမုဒ်။ ရံဝန်းချုပ်တဲ့။
သိဂ္ဂိုတ်ကယ်ရွှေဘု။ ဘွေ့ရိပ်မြုံ့ဝယ်။ သံ့ ဂု့ ပ့ မ။ စံတမျှဝယ်။
လေးပါးမှုဓာတ်။ ကိန်းစံရှင်က။ သဟာသာလျှံ။ နေဆယ်တန်လို့။
ရွှေလှ ထိန်ထိန်။ "ဝရဇိန်" နှင့်။ ချိန်တော်လေရာ။ စကြဝဠာလဲ။မျက်ပါ
မခံ။ ပျက်ရန်သာလန်လိမ့်မယ်။ နတ်တန့်ဟိတ်ဂုဏ်ကို။ တောင်ဝသုန်
ရေမြေညွှတ်အောင်။ ဘုန်းလွှတ်ချိန်သင့်....တဲ့။

(ထိုလေးချိုးကြီးအဆုံးတွင်။ အားလုံးသော ဓမ္မတာစုကိုက။
သာဓု့ သာဓု့ သာဓု ဟူ၍ ၃ ကြိမ်တိတိ ခေါ်ကြသော ဟူ၏။)

အဲယခုအခါ။ ဆရာရွှတ်ပြတဲ့။ ဂီတကဗျာ။ အလင်္ကာလေးချိုး
ကြီးရဲ့ လိုရင်း။ အကျဉ်းမျှသော အဓိပ္ပါယ်မှာ။ ။ငါတို့ ဘဝရှင်
သီဘောမင်းတရား၏ ဘိုးတော်။ သာယာဝတီမြို့ကို စားရဘူးဒါနဲ့။
သာယာဝတီမင်းဟူ၍ ခေါ်တွင်သော ဘုရင်မင်းမြတ်နန်းစံ ၄ နှစ်
မြောက်ဖြစ်သော။ သက္ကရာဇ် ၁၂၀၃ ခုနှစ်အတွင်း။ တော်သလင်း
လပြည့်ကျော် ၇ ရက်နေ့တွင်။ အကြြင်ရာမညာတိုင်း။ တလိုင်းတို့ ပြည်
ရွှာ။ ဥက္ကလာပ ရန်ကုန်က။ ရွှေတိဂုံ စေတီတော်ကို။ ဖူးမြော်ပူဇော်
တော်မူရန်။ မင်းမိဘုရား။ သားတော်သမီးတော်။ ဆွေတော်မျိုးတော်။
သီးရုံ နန်းရုံ စော်ဘွား။ မြို့စား။ များစွာသော မှူးတော်မတ်တော်။
ာတော်မယား အစုံအညီတို့နဲ့။ ဤမည်သော "မှည်ကြီးမှုန်" ပေါင်
တော်။ သက္ကဒါနိလှေတော်။ သမွန်တော်။ သဘော်တော်။ ကတ္တူ
ာုန်းကြင်။ ထိုပြင်မှ တပါးလည်း။ နဂါးလှေကြီး။ ဂန္ထုန်လှေကြီး
သော။ လှေတွေလောင်းတွေနဲ့။ ရေကြောင်းကစုန်ဆင်းတော်မူခဲ့ရာ။
နောင်တော်မင်းတရားနှင့်။ ကုလားတို့ အရေးများတွင်။ တပ်စခန်းချ
ာ။ စားတော်မူရသော မင်္ဂလာသာယာဝတီမြို့အတွင်း။ ရေကင်းမင်း
ကြီးရွာ။ မင်္ဂလာအိမ်တော်ရာသို့ ဝင်တော်မူ၍။ "မပေ့ အပ်တဲ့ အရပ်
ပါး"ကို။ နှလုံးသားတော်မူပြီးခါ။ ငါအတွက်အမြတ်သို့ရောက်ရာ။
လာသာယာဝတီအောင်မြေ၌။ နောင်ခရေ ကိုးကွယ်ဆေလိုသော
ားဖြင့်။ ဘုရားစေတီတော် တည်ရန်အတွက်။ လက္ခဏ် ကျေးထုတ်
ာတော်မူခဲ့ပြီး။ တဖန်စုန်တော်မူခဲ့ရာ။ ဥက္ကလာပဆိုတဲ့ရန်ကုန်သို့။

သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့ ဆိုက်ရောက်တော်မူသတဲ့ ။ သို့ဆိုက်ရောက်တော်မူရာ။ ယခုအခါ ကျုပ်တို့ရဲ့ တပည့် ဒါယကာဖြစ်သည်ဟူသော။ ဆရာကြီး မောင်ဘလွင်တို့ အမျိုးသား ကျောင်းတော်ကြီးနေရာ။ ဇေယျာဘုမ္မိ။ သဒ္ဓမ္မကလာအောင်ခန်း၌။ ရွှေနန်းမဲ အာဓောင်ဆောင်များနှင့်။ စံစားတော်မူသားသတဲ့ ။

ဒေါ်ခေမာ။ ။ "မြေကြီး အမျိုးသား ကျောင်းနေရာဟာ။ ဟိုအခါကာလက။ (၁) အမရပူရ ရတနာပုံမြို့တည် နန်းတည်မင်း။ (၂) ကုန်းဘောင်မင်း။ (၃) သာသနာပတိမင်းရယ်လို့ ။ နာမံတော် ၃ မည်တွင်တဲ့။ ဘုရင်မင်းတရားကြီး နန်းတော်ရာဘဲလား ဘုရား"။

အေးအေးဟုတ်တယ်။ အစစ်ပေါ့။ ကြည့်ပါလား ဒေါ်ခေမာရဲ့ ။ သားတော် အိမ်ရှေ့နန်းရံ။ ပုဂံမင်းသား အိမ်တော်ရာမှာ တည်ထားတဲ့ အိမ်တော်ရာ ဘုရားရှိတယ် မဟုတ်လား။ မှတ်ထားအိမ်ရှေ့မင်းများရဲ့ အိမ်တော်ဆိုတာ။ နန်းတော်ကြီးရဲ့ မြောက်ဘက်မှာ ရှိရတယ်။ အနာကြောင့်မို့ ။ ကျုပ်တို့မြန်မာပြည်ရဲ့ အစ။ ပဌမတည်ဟောင်း။ တကောင်းက စ၍။ မန္တလေးကြွင်း တည်းဟူသော မန္တလေးခေတ် ကျအောင်။ အိမ်ရှေ့အိမ်တော်ကို။ မြောက်အိမ်တော်ရယ်လို့ ။ အနို့လို ခေါ်ရတာပေါ့။

ဒေါ်ခေမာ။ ။ "ဦးထိပ်ရွက် ဆင်ပါ ဘုရား"

အဲဒီ အမျိုးသား ကျောင်းကြီး၏ တည်ရာ။ ဘုမ္မာဓိပတိ။ ဘုမိအောင်ခုံ။ ရန်ကုန်ဟူသော အမည်ဟောင်းတွင်။ မကောင်းသော ဒုစရိုက်။ အမိုက်ဘာကဗိုလ်မင်း။ အဖျင်းတကဗိုလ်ချုပ်ဟု ဆိုအပ်သော ယုတ်မာလှစွာသော အကုသလ။ ပါပမိတ္တာ တို့၏ အစွန်းရန်ကို။ တွန်းလှန်ဖြိုဖျက်သောအားဖြင့်။ များများကြီး အောင်မြင်တော်မူစေချင်သမို့ ။ မြို့တော်ကို (အောင်မြေရန်နှင်)။ နန်းတော်ကို (မြတ်နန်းအောင်ချာ)ရယ်လို့ သမုတ်ပြီး။ ကျုပ်တို့မြန်မာပြည်ကြီးရဲ့ သခင်။ သာသနာပတိဘုရင်။ ယခင်ကာစံနေတော်မူဘူးတယ်ဘဲ့။ ။အင်း မောင်ဘလွင်တို့ အမျိုးသားကျောင်းကြီးနေရာက။ ကောင်းချီးဇေယျာ ခေတ်ကြွင်း တည်းဟူသော။ (မြတ်နန်းအောင်ချာ) ဆိုတော့။ ခေတ်ပန်းရောင်ဖြာစရာပေါ့လေ။ ။အနို့ပြီးတော့။ ရန်ကုန်ဆိုတဲ့ ဥက္ကလာပ

(အောင်မြေရန်နှင်)။ အကြင်သို့သော မဟာရာဇဌာနီ မင်းနေပြည် ကြီးရဲ့။ မျှ ့ထီးမင်္ဂလာ ဖြစ်တော်မူတဲ့ (၁) ကောကုသန်ဘုရား။ (၂) ကောနာဂုံဘုရား။ (၃) ကဿပဘုရား။ (၄) ဂေါတမ ဘုရား တည်းဟူသော ဘုရားလေးဆူတို့၏ ဓါတ်တော်မွေတော်အစုံ။ ခိုလှုံတော်မူရာ ရွှေတိဂုံဘုရားကြီးကိုလဲ။ ရွှေတော်အသပြာ ၃၂ ပိဿာများကို။ ရွှေချက်ပါးခတ်လုပ်စေ၍။ လုံးတော်ပြည့်ရွှေသင်္ကန်း တင်လှူမ်းကပ်လှူတော်မူတယ်တဲ့။

အရီးစိမ်း။ ။"အာမဘာစန္ဒပါဘုရား"။

နို့ပြီးတော့တဖုံ။ ဒေါ်မေမာတို့ ရွှေတိဂုံဘုရားကြီးပန်းတင် ခုံနှင့် ဖြောင့်ဖြောင့်။ ဂန္ဓုန်တောင့်မှာ ရှိတဲ့။ ကြေးချိန်ပိဿာပေါင်း ၂သောင်း ၅တောင် ၉ရာ့လေးဆယ်နှင့်၉ိသားကို သွန်းလုပ်အပ်တဲ့။ အရပ် ၉ တောင် ၁ မိုက်။ ၃ သစ်။ လုံးပတ် ၁၅ တောင် ရှိတဲ့။ "မဟာတိသဒ္ဒဃဏ္ဍာ"ဆိုတဲ့ ခေါင်းလောင်းတော်ကြီးဟာလဲ။ အနှံစဉ် အခါသိက။ သာယာဝတီ မင်းတရား လှူတော်မူခဲ့တာဘဲတဲ့။ အဲဒီမှ တခါ။ မင်္ဂလာ သာယာဝတီမြို့အတွင်း။ ရောကင်းမင်းကြီးမှာ တည် ထားတော်မူစေတဲ့ ကုသိုလ်တော် စေတီပြီးသဖို့။ တပို့တွဲ လဆန်း ၁၂ ရက်နေ့တွင် ရွှေထီးအထွတ်တင်လှူတော်မူစေတယ်တဲ့။ ။အနှံ ရန်ကုန်ဆိုတဲ့ (အောင်မြေရန်နှင်) မြို့တော်က တဖန်။ အ ညာ သို့ ဆန်တော်မူခဲ့ရာ။ မင်္ဂလာ သာယာဝတီမြို့တွင် ၉ ရက်မျှ ရပ်ဆိုင်းတော် မူပြီးသော်။ ကုသိုလ်တော် စေတီတော်ကို။ တိုတာပို့တွဲ လပြည့်ကျော် ၁၂ ရက်နေ့မှာ။ (လောကစေယျာ) ရယ်လို့ သညာမော်ကွန်းခေါ် ညွှန်းသမုတ်တော်မူပြီးခါ။ သာသနာ့ပိုင် ဆရာတော်ကို အမှူးထားပြီး လျှင်။ မင်္ဂလာ သာယာဝတီ တနယ်လုံး၍ အရိယာဂိုဏ်းဝင်။ သင်္ဃာ တော် အကုန်ကိုလဲ။ သီးမျိုးစုံ ပဒေသာပင်ကြီးတွေ လှူဒါန်းပြီး သကာလ။ ပါလာသမျှ အတိတ်မြန်မာ့ဘွေနဲ့။ မနာယာတန စိတ်သာ အောင်လို့တဲ့။ ပရိတ်နာတော်မူလေသည်။ ။အဲ အနှီစဉ်အခါ။စာဆို တော် ဦးဘုန်း။ စီကုံးရေးသားသည်မှာ အနှာလိုတဲ့။ ဘယ်လိုပါ နည်းဟူမူ။

## ရန်ကုန်ဘုရားနှင့် သာယာဝတီ ဘုရားတွဲ လေးချိုးလင်္ကာ။

မောက်လို့သာ ကဲတော့တယ်။ တောက်ဆဲသူရှိန်လို့။ ဘုမိန္ဒာ မြေရိုက်တွင်မှ။ ရွှေသိုက်စောင် ပေါ်ထွန်းလို့။ မော်ကွန်းပြောင် ကွန့်ပါပြီ။ တောင်ကျွန့်ရင်။ ။နန်းဥက္ကလာ။ မြေအချာဝယ်။ ဓာတ်သာတော်စစ်။ စေ့ရှင်ချစ်မှာ။ ရစ်ဇမ္ဗူ့ရံ။ သစ်လွှမ်းတော်ခြုံပြီးမှ။ စည်းနုံလှသရီကို။ "ရွှေသာတီ" အောင်ဘုံရပ်မှာတဲ့။ကပ်လုံးတေဇာဆင့်အောင်။ ချီးမြှင့်ပန်ဆင်။ ။သာယမှူဝယ်။ အင်္ကျီရစ်။ လောင်းတိုဖြစ်နှင့်။ သနစ်ကယ်ဝေဂီ။ စွန့်တန်းညီလို့။ ပါရမီသန်။ ရွှေမုဋ္ဌာန်လဲ။ ထုတ်ပြန်ခွန်းရွှန်း။ ဗျာဒိတ်တော် ညွှန်းလေတိုင်း။ ဖြစ်ထွန်းတည်ကြည်။ မြတ်သာသနာစည်တော့ပ။ တောင်ခြည်ဝယ် ရှင်သည်။ မြှောင် ဆယ်သန်းမှ ပြိုင်မတု။ ။ဆဒ္ဒန်ငယ်ပြောင်မုန်။ စွယ်ဖျားနှ ဆည့်။ ကုမုဒ်ပြာကွဲခိန်း။ ရက်သာချိန်တွင်။ မျက်စိန်မြသား။ စံခရားနှင့်။ မင်းဖျားပရမေ။ ဤသည်မြေကို။ သိရေစက်မုန်း။ ဆက် မြန်ထွန်းလို့။ မြောက်ယွန်းသွေရို။ ရေနဒီလဲ။ ရွှေညီသာတင်။ ဆက် ပန်းတော်ဆင်သော့ခါ။ ငှက်ဟသာ်ေမောင်နှံလဲ။ သောင်ပြတန် ငွေခုံ မော့ငယ်က။ ကျူးတော့စောင်ဆု တဲ့။

\+ × +

## ဂန္ထုန်မျုန့် ဒီပနီ ဋီကာ နှင့် စပ်လျဉ်းခြင်း။

ဂန္ထုန်ပျုန် ဒီပနီဋီကာဟု ခေါင်းစဉ်တပ်လျက်။ ဦးတည်ရာကို ရေးသားလေ့ရှိသည့် ဆရာမှိုင်းမှုကား။ စာခေါင်းအမည်နှင့် အခါ ကာလ အားလျော်စွာ ရေးသားသည့် စာများဖြစ်သောကြောင့်။ ပါဠိအနေအထား စသည်ကို။ လွန်စွာစီစစ်ခြင်း မရှိဘဲ။ အတော်အတန် လျော်ကန်အောင်, ပုဒ်ပြ ၍ပြီးသည့် အရိပ်အရောင်မျှလောက်

ကို။ ဥာဏ်ထောက်ဖေးလျက်။ စိတ်ရွှင်ရေးလောက်ကိုသာ ပဓာန ထားပြီး။ အထက်ပါ ပေါင်းစဉ်ပါရှိသည့် စာများကို ရေးသားဟန် လင်္ကာရှိသည် ထင်ကြောင်း။

သို့ရာတွင် နောက်ပိုင်းက စိစစ်မေးမြန်းလျက်ရှိသည့် ပုဂ္ဂိုလ် များ ပေါ်ပေါက်ခဲ့ပြီ ဖြစ်သောကြောင့်။ ကဆုန်လဆုတ် (၁) ရက် နေ့က ဤသူရိယ သတင်းစာတွင်ပင်(ဦးဘိုးစိန်ထံ့မြန်ကြားချက်) ဟု ပေါင်းစဉ်တပ်လျက်။ ကြီးစားပမ်းစား တခမ်းတနား ဖြေဆိုထားသည် တို့ကို တွေ့ရှိ၍။ ဂရုထားပြီး ကြည့်ရှုရာတွင်။ အနည်းငယ် ချွတ်ယွင်း ထိမ်းစောင်းနေသည့် အချက်တို့ ပေါ်ထွက်လျက် ရှိသောကြောင့်။ (အလှမ်း ကျယ်သော်လည်း အလယ်လပ်) ဆိုတဲ့သို့။ သိုင်းဝိုင်း သလောက် ခရီးရောက်ခြင်း မရှိရကား။ အားလုံးတို့ ဗဟုသုတရှိရန် အပြင်။ နောင်ရေးသားဖြစ်ဦးမည့် (၎င်းဂဏ္ဍိ) အမည်ပါရှိမည့် စာများ၌လည်း။ နိုင်းချိန်နိုင်သမျှ နိုင်းချိန်ထည့်သွင်းနိုင်ရန်အတွက်။ အောက်ပါအတိုင်း ရေးသားပြင်ဆင်ချက်ချလိုက်ရကြောင်း။

(ပျော့ပွမယောင် ပေါ်စဖြင့် မပြီးနိုင်)။

ဆရာမှိုင်းမှာ။ အထက်ပါဒွန်တီသုတ်ဖြင့်။(အပျ)ပြီးအောင် ပံ့ရင်ထားသောကြောင့်။ အထက်အမည်ပါ သုတ်ဖြင့်။ မပြီး ပြီးအောင် ပံရင်ရာ ရောက်သည်သာမက။ ၎င်းသုတ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို သော်ပင်။ ကျနစွာ တွေးတောစဉ်းစားမိဟန် လက္ခဏာမတူချေ။ အကြောင်းမူကား။ အထက်ပါသုတ်၏ ဆိုလိုရင်း။ အဓိပ္ပါယ်မှာ(ပျ)ကို ဥဒါဟရုဏ် အားလျော်စွာ (ပွ) ယုဂဆော်ရင်း။ (ပ) သော်ငှင်း။ ပွရမည်ပင် ဖြစ်၏။ (အပျေကစ္စေဒီပါ) တို့မှာ။ ၎င်းသုတ်၏ ပုံစံတို့ပင် ဖြစ်၍။ ပဌမ ပုံစံကို (အပီစကစ္စေ) ပုဒ် ဖြတ်ပြီးလျှင်။ ရူပစ္ဆော ယံနဝါ့စသည်ဖြင့်။(ဇူ)ကို(ယ)ပြုစသည့်ဝိဓိမြင်းဖြင့်(အပျေကစ္စေ) ပြီးမှ အထက်ပါ (ပျော့ပွမယောင်ပေါ်စသုတ်ဖြင့်(ပျ)ကို(ပွ)ယုဂပြု၍ (အပွေကစ္စေ)ပြီးသည်။ ဒုတိယပုံစံ (ဒီပါ) ၌။ (ဒီပျာ)ဆိုအပ်လျက်။ အထက်ပါသုတ်၏ အစီရင်ဖြင့်ပင် (ပျ) ကို (ပ) ပြု၍။(ဒီပါ)ဟု ပြီး သည်။ ဤကား သုတ်၏ အဓိပ္ပါယ်ကို ပုံစံနှင့် ထက္က ချဲ့ပြခြင်းတည်း။ ထိုသုတ်၌ (ပွ) ယုဂကိုရင်း။ (ပ) ကိုရင်း။ ဆရာမှိုင်း စီရင်သကဲ့သို့ (ပျ)ရေးရမည် ဆိုလိုသည်မဟုတ်။ ထို့ကြောင့် (ပျ)နှင့် ရှိသော(အပျ)

ကဲ့သို့သော ဥဒါဟရဏ်မျိုး၌ အထက်ပါသုတ်ကို အားကိုးတွင်တွင် သုံးလိုက်ခြင်းအတွက်။ အလွန်မသင့်လျော်သည့် တက်သို့ သက်ရောက်တော့သည် ဖြစ်ကြောင်း။

(အပျံ ဟူသော်ပုံစံ ပြီးဟန်)

(အပျံ အပ,အယ။ အပ,ကား အပတတ္တတော။ အယကား ကိလေသာတော)။ ရူပါဒီသုအာရမ္မဏေသု အယတိဂစ္ဆတိ ပဝတ္တတိ တိအယော။ ဓာတု,သော။ ကိလေသာဂဏော။ သာသာဝါ သဗ္ဗာရူပါဒီသု အာရမ္မဏေသု အယန္တိဂစ္ဆန္တိ ပဝတ္တန္တိ တိတေနာတိဝါအယော။ ဓာတု,သော။ ကိလေသာဂဏော။ ထိုသို့ (အယ) ကို။ ကဏ္ဍုဿာဒိ ကရဏသာဒိပြုပြီးမှ။ (အပ)နှင့်အယတော အပဂတောတိ အပျော,ဟု။ သမာသ်ပြုပြီး။ တောသော,ဗုဒ္ဓေါဟု အရကြာ၍။ တံဗုဒ္ဓ,ဟု ဝိဘတ်ကျန်ခံ။ ထိုသို့ပြု၍ (အယ) ခေတ်ကြဲပြီးနောက်။ (အယ) မှ (အ)ခြေ။ (အပ) မှ (ပ) ခွင်းခြေကပ်သဖြင့်။ (အပျ) ဟု ပြီးလာရာတွင်။ (အံ) ဝိဘတ်သက်စိရင်ပြန်သဖြင့်။ (အပျံ)ပြီးသည်ဟု မှတ်ယူသင့်သည် ဖြစ်ကြောင်း။

(အနက်အဓိပ္ပါယ်နှင့်တကွ ဝိရှင်းချက်)

ရူပါဒီသုအာရမ္မဏေသု၊ ရူပါရုံ စသည်တို့၌။ အယတိဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ အယော၊ အယမည်၏။ သော၊ ထို(အယ)သည်။ ဓာတု၊ အဘယ်နည်း။ ကိလေသာဂဏော၊ ကိလေသာ အပေါင်းတည်း။ (ဝါ) တနည်းကား။ တေန၊ ထိုကိလေသာအပေါင်းဖြင့်။ ရူပါဒီသု အာရမ္မဏေသု၊ တို့၌။ အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အယော၊ အယမည်၏။ (အယ) ပုဒ်အရ။ (ကိလေသာအပေါင်း) ကောက်ယူရာ၌။ (ကိလေသာဟော) ပရိယာယ် သဒ္ဒါများတွင်။ (အယ) သဒ္ဒါ ပါဝင်လျက် မရှိသောကြောင့်။ အသို့ သင်နိုင်ပါအံ့နည်း ဟူငြားအံ့။

(ယုတ္တိသာဓက ပြဆိုချက်)

(အယ) သဒ္ဒါ။ (ပုည ကုသိုလ်ကောင်းမှု ဟော) မရှိသော်လည်း(အပါယ)ဟူသော ပုဒ်၌ ပုညသမ္ဘာ အယာအပဂတောတိ အပါယော။ ။ပုည သမ္ဘာ၊ ကောင်းမှု ဟု သမုတ်အပ်သော။

အယာ၊ ကောင်းမှု။ အပဂတော၊ ကင်းသည်တည်း။ ဣတိ၊ ကြောင့်။ အပါယော၊ (အပါယ)မည်၏ဟု ဋီကာကျော်ဆရာ ဝိဂ္ဂဟပြုလုပ်ရာ၌ (၁) ပုညသမ္မတာ (အယာ) ဟူသော အဘွင့်တို့အရ။ (အယ)သဒ္ဒါ။ (ပုည)ဟောဟု သိရသကဲ့သို့ရှင်း၊ ထို့ပြင်(အယ)သဒ္ဒါ။(သုခ ချမ်းသာဟော)ပရိယာယ်သဒ္ဒါတွင် မပါဝင်သော်လည်း။ (နိရယ)ဟူသော ပုဒ်ဝယ်။ အယတော သုခတော နိဂ္ဂတောတိ နိရယော။ အယတော သုခတော၊ ချမ်းသာသုခမှ။ နိဂ္ဂတော၊ ကင်းလွတ်လွန်မြောက်သည်တည်း။ ဣတိ၊ ထိုကြောင့်။ နိရယော။ (နိရယ)မည်၏ဟု။ ဋီကာကျော်ဆရာသည်ပင်။ ဝိဂ္ဂဟပြုရာ၌လည်း။ (အယတော သုခတော) ဟူသော အဘွင့်အရ။(အယ)သဒ္ဒါ(သုခ)ဟောသိရသကဲ့သို့ရှင်း။....အတ္ထာပကာရကာလိင်္ဂါ။ ဝိဝိဓြာ ကာလဓေအတော၊ သဒ္ဒတ္ထဝိဘင္ဂ်ယန္တိ၊ နသဒ္ဒါယေဝ ကေဝလံ။ ဟူသော မောဂ္ဂလာန်ပဉ္စိကာ ဋီကာ တို့နှင့်အညီ။ အထူးသွားနအားလျော်စွာ။ ဤ၌ (အပျ ဟူသော)ပုဒ်သည်။ ဘုရားဂုဏ်ပုဒ်ဖြစ်၍။ ဆိုအပ်ခဲ့ပြီးတိုင်း ထို၌ (အယ) ကို (အကုသိုလ်ကိလေသာဟော)ယူပြီးလျှင်။ အနက်ကိုမူ ပေးမြဲတိုင်း (အပျ၊ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူထသော) ဟုပင် ပေးရမည်ပင်ဖြစ်ကြောင်း။

အထက်ပါ (နိရယ အပါယ) တို့၏ ဝိဂ္ဂဟ အဘွင့်ကို ရေးသားသည့် ဋီကာကျော်ဆရာမှာလည်း။.... ယသာဥပ္ပဇ္ဇတိ ဗြူဟောန္တော ဧဝ ဥပ္ပဇ္ဇတိတိအယော(သုခံ)။ နတ္ထိဧတ္ထအယောတိနိရယော။.... ဟူသော သဂ်ီတိသုတ်ဋီကာ)။ ထိုအလို(အတ္တနော နိဿယံ ပဂ္ဂလံ ဗြူဟောန္တော ဥယတိ ဂစ္ဆတိပဝတ္တတီတိ အယော) ဟုပြုစေလိုသည်။ ထိုသုတ်ဋီကာဆရာသည်လည်း။ (အဝ္ဟယုတ္တာနံ ဥပဗြူဟနရသံ) ဟူသော။ အဋ္ဌသာလိနီ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့အရ (ဥပဗြူဟနရသ) ကို ရည်ပြီးလျှင် (ဥပဗြူဟောန္တော) ဟု ဆိုမြန်လေသည်၏ ၎င်းပြင်၊ ဆတ္တနိပါတ် အင်္ဂုတ္တိုရ်ဋီကာ၌လည်း။(နတ္ထိဧတ္ထ အဿာဒ သညိတော အယောတိနိရယော) ဟု ဆိုမြန်သည်တို့ နှင့် အညီ ဖြစ်သည့်(နိရယ)ပုဒ်၏ အဘွင့်ဝိဂ္ဂဟယင်မကာ (နိရယောတိ သဂ္ဂမောက္ခဟေတုဘူတောပုည သမ္မတာ အယာအပေတတ္တာ) ဟူသော။ ဆတ္တနိပါတ် အင်္ဂုတ္တိုရ်ဋီကာတို့နှင့် အညီလည်း၊ (အပါယ)ပုဒ်၏ အဘွင့်ဝိဂ္ဂဟ တို့ကို ရေးသားထားခြင်း

ဖြစ်သောကြောင့်။ (အယ) သဒ္ဒါ၏ (ပုည) ကောင်းမှုကုသိုလ်ဟော (သုခ) ချမ်းသာသုခဟောတို့မှာ အဝင်ရှားခိုင်လုံသည့် အပျောက်။ ၌(အပျု)၌လည်း(အယ)ကို။ ဆိုခဲ့ပြီးအတိုင်းအရာဌာနအွှားလျော်စွာ (အကုသိုလ် ကိလေသာဟော) ယူပြီးလျှင် (ယူပ ါဒိသုအာရမ္မဏေသု) (လ) အယတောအပဂတောတိ အပျော။ ကော,သော။ ကိလေသာဂဏော။ တဲ့ဖုဒ္ဓ ှာ အားကြီး, ထောက်တည်ရာကောင်းသော။ အဓိအရပ်ရပ်ဖြင့်။ အတွေတွေ ဗဟုသုတအကျိုးငှာ။ စိစစ်နိုင်သမျှ, စိစစ်၍ ရေးသားလိုက်ကြောင်း။

## (အပုံ့ နှင့် အနပုံ)

(အပျ ံ အပျ ံ)ကိုလည်း (အပျ ံအနပျ ံ)ဟု ပုဒ်ဖြတ်ထား၏။ ဂ ံကဲ့သို့ ပုဒ်ဖြတ်ထားရိုးမရှိသဖြင့် (အနပျ ံ) ဟု ပုဒ်ဖြတ် ထားခြင်းလည်း မသင့်။ (အပျ ံနပျ ံ) ရေးသားမှကား (အနပျ ံ)ဟု ပုဒ်ဖြတ်လွယ်မည်သာမကာ။ ပုဒ်အနေအထားလည်း မပျက်သည်ဖြင့်။ ရည်ရွယ်ရင်း အဓိပ္ပာယ်လည်း ပျက်မည်မဟုတ်သောကြောင့်။ (အပုံ့နပျ ံ)ဟု ပြင်ဆင်သင့်သည်ဖြစ်ကြောင်း။

## သတိပေးတိုက်တွန်းချက်။

၎င်းဖြေဆိုချက် နောက်ပိုင်း၌လည်း။ (သဒ္ဒါကျော မြန်မာ, မှုမှာ ဆရာ တခုပါဘဲ) ဟူ၍လည်း ရေးလျက် ရှိသည် မှာလည်း (အပျ ံ အပျ ံ) ထို၌မှာပင် သဒ္ဒါရေးစီစစ်တန်ချတ်ယွင်းလျက်ရှိသောကြောင့်။ ရှေ့နောက်များစွာ ဆန့်ကျင်လျက်ရှိ၏။၎င်းဖြစ်ခဲ့(ရေးသားတုန်းတန်းလန်း(လ)ရပ ါလိမ့်မည်)ဟူ၍လည်း ရေးသားပါမှဖြစ်နိ၏။ တခမ်းတနား ရေးရန် ရည်ရွယ်ပြီးလျက်။ အနည်းငယ်မေ ါ်ပေါက်လာသည့်ချွတ်တွေးချက်ကိုမှ ရှင်းလင်းသွားလိုမူ။ အပြစ်ဆိုကြစရာ ဖြစ်ပေလိမ့်မည်။ (အခုရှုပ်မှ နောင်ရှင်းမည်ဆိုသကဲ့သို့ရှင်း။ အစကောင်းမှ အနှောင်းသောချောဆိုတဲ့သို့(င်း)။

ရှုပ်ရောရှိသည်တို့ကို ရှုပ်ခွင့်ရမည့်အချိန်က။ အကြောင်းမရှိ ရှုပ်သွားပါမူ။ နောင်အခါ ကောင်းမွန်မည်ဖြစ်ခြင်း။ အစကတည်းက။ ကမောက်ကမ ဖြစ်နေသည်ကို။ နောင်အခါအတွက် ခြွင်းချက်ထားသော်လည်း။ ကောင်းမွန်ရေး အတွက် မြော်လင့်ဘွယ်မရှိခြင်း တို့ကြောင့်။ မသဲကွဲသဖြင့် စီစစ်စေလိုသည်တို့ကို (ဂန္ထဂရု) ဖြစ်မည်စိုး၍။ နောက်သို့လှည့်မကြည့်လိုတော့ဘဲ အတွင် ဝိုင်းသွားတော့မည် ဖြစ်မှုဘား။ (ရှင်း,ဂဏ္ဍိ) စာခေါင်းစဉ်ပါရှိမည်။ ရေးသားလတ္တံ့စာများ၌ သော်ပင် ကောင်းမွန်လာလိမ့်မည်ဟု မြော်လင့်ချက် ရှိကြမည် မဟုတ်သောကြောင့်။ လေးနက်သော အကြံဥာဏ် ထားရှိရန်အတွက် သတိပေး တိုက်တွန်းလိုက်ရခြင်း ဖြစ်ကြောင်း။

ပဌမကျော် အရှင်တေဇဝန္တ။

(ဝိသုဒ္ဓါရုံ, ဂဏဝါစက)။

မန္တလေးမြို့။

○ ○ ○

ထိုသို့တခါ။ သာယာဝတီမြို့ကို စားရသော။ အာဇာနည် ...ဘုရားတို့၏ အကြောင်းအရာကို။ကောင်းစွာ ပေါ်မြော ပြသပြီး။ ...ဘုရဆရာ။ မစ္စတာမောင်မှိုင်းတည်းဟူသော ကျွန်ုပ်တို့သည်။ ဤ...သော လောကီဝိဇ္ဇာမယာလုပ်ငန်း။ အဂ္ဂိရတ်ကျမ်းစာ။ အရာရာကို ...ည်း။ ဝါသနာအထုံ။ အာရုံတော် စူးစိုက်၍။ အထူး လိုက်စား ...မှုခြင်း တည်းဟူသော အလိုတမျိုးဖြင့်။ ဗိုလ်ထိုးတော်မူလိုသနဲ့။ ...ဘယ် မ များစွာ။ သနားစရာတို့။ ဤအခါကာလ။ မေ့ွာသန ... ဆင်း၍။ ယင်းသို့သော (ဂဠုန်ကုတ်သတ်။ နဂါးရစ်၏) ...သော လမ်းကို။ ထိုးစမ်းတော်မူဦးရော့မည်။ ပြောရာ။ တောအ ...သူမ။ မယ်မွေစာသီက။ ဤမည်သော အိမ်နောင် ဇာတ်တော်ကြီး ...ဘမှတ်ထားရသော။ ပွတ်စပါးတို့လို။ ညွှတ်တွားရှိ၍ လျှောက်မြန် ...၏။ "ဆရာသခင်။ ကျေးဇူးတော်ရှင်။ ထိပ်ခေါင်တင် ဘုရား။ ...ဆင်းတော်မမူခင်။ အရင်က ထပည့်တော်မ လျှောက်ထားတဲ့။ ...ကိစ္စ အပြီးမသတ်သေးပါ။ ဆရာ့သို့ရား ရေးသားတော်မူတဲ့။

"မဟာဝုဏ္ဏ၊ ဇရာဒုဗ္ဗလ"ဆိုတဲ့ စေးချီးကြီးအတွင်းက၊ မရှင်းလင်းသေးတဲ့ အလင်း၊ စတုတ္ထအပိုဒ်အဆုံးချကာနီးတွင်၊ "ရဂုံ ချိစရာ တပည့်တို့မှာဖြင့်၊ ဉုံ အရတ် သစ္စာဂတိတွေနှင့်၊ ဂဠုန်သရုဏာ ဂန္ဓာ မိကြပေတော့"ဆိုတဲ့ အချက်အလက်များ၊ ကွက်ကွက် ကွင်းကွင်း၊ မုန့်တီဟင်းကဲ့သို့ အစင်းသားပေါ်စရာ၊ ဘောင်ကာပြစေချင်ပါသေးတယ် ဘုရား"ဟု လျှောက်ထားပြန်ချေတယ်။

ထို တပည့်ကြီးမယ်မမွှစာရီ၊

မယ်မမွှစာရီ၊ ။"ဘုရားပါ ဘုရား"။

ခြောက် ယခုအခါ၊ ဒကာမကြီးသိလိုတဲ့၊ ထိုမည်သော"ရဂုံ ခံ"တို့၊ "ဉုံအရဟံ"တို့၊ "ဂဠုန်သရုဏာ"တို့ အကြောင်း အရာကို၊ ကောင်းစွာအကျယ်၊ လယ်လယ်ဝယ်ဝယ်၊ ဘယ်ဝယ်ဘယ်သို့၊ အနို့မို့ အနို့လို၊ ထိုထိုပြေရှင်းနေက၊ ယင်းသို့သော ဂဠုန်ပျံဒီပနီ ဋီကာကျမ်း၏ နိဒါန်းမှာ အကျယ်ဆိုသဖြင့်၊ အထယ်ကိုယ်ကို၊ ရှယ်သလို မပေါက်မြောက်ဘဲ၊ ဂဇာဘက်ကဘက်၊ နောက်ပျက်ပျက် ဖြစ်ကုန်ရိမ့်မည်၊ အနို့နိဒါန်းအပြီး ဂဠုန်ပျံဒီပနီဋီကာ စာကိုယ်အတွင်းကျမှဘဲ၊ မယ်မမွှစာရီတည်းဟူသော စနေသွီးကို၊ အပြေအသီးသီး ထုတ်ပြပရစေတော့။

မယ်မမွှစာရီ၊ ။"ဒါဖြင့် ရှိပါစေတော့ဘုရား၊ သို့ရာတွင် ဆံတော်ရှင် ဒဂုန်ဘုရားကြီးက၊ တရားမီးယမိုက်ပြတော်မူပုံဘဲ့ကဗျာ တပုဒ်ကိုဖြင့်၊ လုပ်လက် စာခန်းမှာ၊ ထန်းလန်းကြီးမထားခဲ့ပါနဲ့။ အများ တပည့်မတို့ အာဂုံဆောင်စရာ၊ တခါဆက်လက်ပြီး၊ တချက် လုပ်တော်မူပါဦးဘုရား၊ အဘယ်ကြောင့်လဲဆိုတော့၊ ဟိုစင်အခါ၊ ရတနာပုရ အင်းဝကောင်းစားသောအခါများက၊ အဗျာဘုရားကြီးထဲ ဟူစလောက်သောအချင်း၊ သခင်မဟာရဋ္ဌသာရ မထေရ်၊ စိရင် ပြုစုတော်မူတဲ့၊ ဘူရိဒတ်ဇာတ်ပေါင်းလင်္ကာကောဇာ....

"ဘုရားတစ္စ၊ အ၊ မုနိန္ဒလျက်၊ မိန်းမယောကျ်ား၊ လူ့ စကားဖြင့်၊ မကြားစကောင်း၊ မဆိုတောင်းကို၊ အကြောင်းဆောင်တွေး၊ ဆိုတုံသေးရှင့်၊ ဆိုရေးရိုက်၊ ဆိုအပ်လှ၏၊ ဆိုစမျှားလျှား၊ ထားပ ချောဘိ၊ ငါဝန်ရှိခဲ့၊ ပြီးမိပါးခေ၊ ဆိုလျှင်းပေတဲ့၊ မစ္စပိတ်သို့၊ ဖြိုဖြည့်လိုရ၍၊ ငါကိုကော်ရော်၊ မကြည်သော်လည်း၊ ရှင်တော်ဟောထူး

လေးမြတ်မှု၍။ အယူဖြတ်ပြတ်။ နာတော့တတ်က။ ကျိုးကြီးရလိမ့်။ ကြောင့်ကြဟူသည်။ မိုးပုခက်သိမ်း။ ငြိမ်းစိမ့်သောငှါ။ ဘုတော်စွာတို့။ ဤစာသာရ။ ဝေါဟာရကို။ နားဝနှစ်ဘက်။ မြကျောက်ထက်၌။ ညာဏ်လက်ကိုင်တေး။ ဖြည်းဖြည်းသွေး၍။ ။နံ့မွှေးတသုန် လှိုင်းလင့်ကုန်” ဟုမိန့်တော်မူသည်များကို။ လေးစားသမှု။ ပြုတော်မူပါ အုံး ဘုရား”။

(ယင်းသောအခါ။ မယ်မွန်စာရီ၏ နောက်ဆီက။ အစီအရီ။ တရားနာလျက်ရှိနေကြသော တပည့်တော်ကလဲ။ ယခု ဒေါ်မွန်စာရီ အဆိုသွင်းသည်ကို။ တပဲ့မတို့ ပြဟ္မစိုရ် တသင်းလုံးက။ ပယင်းကုံး ပုတီးကိုင်ပြီး။ မြိုင်မြိုင်ကြီး ထောက်ခံကြပါသည် ဘုရားဟု လျှောက် ထားကြလေ၏ တမ့်)။

ကြွ တပည့်မတွေက။ မရမက။ တဖွဖွ လျှောက်ထားလို့ ရှိမင့်။ သိအင့်သိသိုက်သော ဝစနာလင်္ကာရတွေနဲ့။ ပြသဟောကြားရ အုံးမှာတဲ့။ ကဲကဲ အပါး တိုးကြ တိုးကြ။ စကားအမျိုးမျိုး။ အသွား အမျိုးမျိုးတွေနဲ့။ တရားမိုးကြီးပစ်လိမ့်မည်။ နှစ်သိမ့်စွာ နာယူကြ ပေတော့နော။ ။ဟိုတလေက ဆရာစီကုံးခဲ့တဲ့ လေးချိုး တန်း လန်းက။ အစဖြစ်တဲ့။ “စိန်ဝဇီရုတ္တရ” ဆိုသော။ ပုဒ်ပဒ အနက်ရင်း ကို။ ရှင်းလင်းစွာ သိကြရဲ့လား။ တပည့်မများ။

အရှင်စိမ်း။ ။“တပဲ့တော်မတို့ ဗုဒ္ဓဇင်တွေ။ သိမြင်တိုအောက် သားပေါ့ မောင်ရင်မှိုင်းရယ်”။

အို ကျုပ်တို့ ဒကာမကြီးအရှိုးစိမ်း။ ပါဠိမဂဓ “ဝဇိရ” တဲ့။ သက္ကဋအရကတော့။ ဇကွဲ့ရရှစ်ပြီးသကာလ။ “ဝဇြ” တဲ့။ မြန်မာ့အလို ကတော့ “ဝဇီရစိန်” တည်းဟူသော “ဝရဇိန်” ရယ်လို့ မှတ်ကြရ မည်။ ။အနု စိန်ဝဇီရုတ္တရ အတွက်။ အနက်ညာဏ် ကျယ်အောင်။ အောက်ပါ မန်လယ် ဆရာတော် ဘုရားကြီး၏ ယောဇနာကိုလည်း။ ထောမနာကြရာ၏ တဲ့။

(၁) ဝဇီရုတ္တရနာမိကံ။ ဝရဇိန်လက်နက်။ မိုးကြိုးစက်ကဲ့သို့။ ဝက်ဝက်ခွဲပြီး။ မြေဆိုရာမြေဆိုကြောင်းဖြစ်သောကြောင့်။ ဝဇီရုတ္တရ အမည်ရှိသော ဝိသဇ္ဇနာ့ ဗျာကရဏကျမ်းကို။

(၂) ဝဇီရကာယေ။ ဝရဇိန်တန္တန်း။ စိန်တုံးစိန်တိုင်။ စိန်

ဆိုင် စိန်ခဲကဲ့သို့။ မကွဲမအက်။ ရောင်စုံထွက်၍။ ပြိုးပြက်အုံ့ဟွယ်၊ လွန်တင့်တယ်သောကိုယ်တော် ရှိတော်မူ၏။

(၃) ဝဇီရဓာတ္တုသမ္ဘူနေ့။ ဝရဇိန်လက်နက်၊ မိုးကြိုးစက်ကဲ့သို့။ အချက်မရွေး။ မနေးလျှင်မြန်။ လွန်ပြင်းထန်သဖြင့်။ ပဟာန်ဥ်မျိုး။ တန်ခိုးကြီးစွာ။ ထိန်ထိန်ဖြာလျက်။ ကိလေသာ ခပင်း၊ ရန်မကြွင်း အောင်။ မြစ်ရင်းပြတ်ကြေ။ စင်းခုတ်ချေတတ်သော။ ကုဋေသုံးသန်း ခြောက်သိန်း အရေအတွက်။ နည်းအမြွက်ရှိသော ဝိပဿနာ မဟာ ဝဇီရဉာဏ်တော်....ဆိုတဲ့။ ဒါနက်ဆန်ကလည်း။ ကျက်မှတ်ရန် ကောင်း ပေသည်။

အနှိမှတလော။ ဆက်လက်ပြီးဖေဘာရမှာဖြင့်။ ဆို တောရသူ အပေါင်းတို့။ အကြောင်းက သည်လိုရှိတယ်၊ ဘယ်လို ရှိပါသလဲဆို တော့။ ဟိုပါကူးပျက်နှစ်ဟု ဆိုအပ်သော။ သက္ကရာဇ် ၁၂၉၂ ခု နှစ် အကြို။ ကဆုန်လဆန်း ၉ ရက်။ တနင်းလာနေ့ကစပြီး။ ထိကုမ္ဘစေတီ တော်ဘုရားကြီး ထီးတော် အထက်ဖျားက။ ငုက်မနားစိန်ဘူးတော် ကြီးမှာလည်း။ ဖျက်စီးတိမ်းယိမ်းပြီးခေါ်။ ဘဏ္ဍာတော်တိုက်တွင်းသို့။ သက်ဆင်း တည်နေတော်မူခြင်းမှာ။ ယခုအခါ မြန်မာပြည်အတွင်း။ နဝင်းစေတီတော်တွေရဲ့ ယမိုက်ပွဲနှင့်။ တကိုက်ထဲညီအောင်။ပြည်အောင် မှာ ဖြစ်ရတယ်လို့ တထစ်ချမှတ်ယူကြရမည်။ ။အနှီမှတဖုံလည်း။ ဂန္ထုန်မင်းတို့။ ကျွားမင်းတို့။ နဝင်းတို့။ ကြိုင်းတို့နှင့်။ သစောင်းမျိုး ကြေညာတဲ့။ မြန်မာသက္ကရာဇ် ၁၂၉၃ ခု။ ရတုအကြို။ ကဆုန်လပြည့်။ ကြာသပတေးနေ့ဖြစ်တဲ့။ နှစ်တပတ်အလည်မှာ။ ညီမည်သောစိန်ဘူး တော်ကြီးသည်။ ထီးတော်ထက်သို့တဖန်။ ရောက်ပျံ၍ ကွန့်မြူးသည် မှာ။ အညွှန့်အဖူးမကလာတပါးရယ်လို့။ အရှင်ဆရာတပါးဖြင့်။ အား ထားလို့ ယုံကြည်တော်မူတော့တဲ့ ပုညဝတီရဲ့။

ပုညဝတီ။ ။“မှန်လှပါ။ ရွှေချာတော် အထူး တံဆိပ်ကို။ ဦးထိပ်ပန်ဆင်လျက် ရှိကြောင်းပါဘုရား”။

“အို ပုညဝတီ။ ဤကဲ့သို့ တသိန်ထူးပြီးတော့။ ဝတိန်မြူး လောက်တဲ့။ စိန်ဘူးတော်ကြီးမဖျင်ခင်။ အရင် တခေါင်းလပြည့်ကျော် ၄ ရက်။ သောကြာနေ့တွင်။ ဆံတော်ရှင် ဓာန်ဘုရားကြီးက။ တရားမီး ပြတော်မူတဲ့ အကြောင်းကိုတော့၊ ဝင်းကဲ့သို့ မှတ်ကြရမည်၊ ဘယ်လို

မှတ်ကြရမလဲဟူမူ။ ။ဟဲသာဝတီဆိုတဲ့ ရွှေပကိုးသည်။ သစေ၊တိုးဆောင် ပျက်စီးသောအခါ။ အညာမှာ အစဆောင်ဆောင် ကြငှာန်းတွေနဲ့။ မြန်မာထန်းဆောင်ကျပ်းခဲ့တဲ့။ ညောင်ရမ်းမြို့ ဆိုတာများ။ ကြားဘူးရဲ့မဟုတ်လား။ ။အဲဒီ ညောင်ရမ်းမြို့စား မောင်သစ္စာဟူ၍ လည်းကောင်း။ မင်းရဲရန္တမိတ် ဟူ၍လည်းကောင်း။ ထင်ရှားသော မင်းသားသည်။ ဤမည်သော သက္ကရာဇ် ၉၅၉ခုနှစ် အတွင်း။ အင်းဝကို အလိုတော်ပြည့်ချင်သနဲ့။ "ဆင်ပေါက် ၅စီး။ ကျွန်သီး ၅၀၀။ သေ်ာ ၂၀ါး။ ပုဏ္ဏားရှစ်ယောက် တို့နှင့်။ ခေတ်အလျောက် ဘုရင်လုပ်မလို့။ ကျုပ်တို့ရတနာဘူမိ အင်းဝဆိုတဲ့ အညာရပ်ဆီ။ တပ်ချီလို့ ဋ္ဌက်တော်မူခဲ့သတဲ့"။

အရီးစိမ်း။ ။"တပ်ချီတော်မူတဲ့ အခမ်းအနားမှာ။ ရဟန်း ၂၀ါးလဲ ပါသလား။ အနို့ ဘုရားပညတ်တဲ့။ အာပတ်တော် အထိကရတွေနဲ့။ မညိကြပေဘူးလား မောင်ရင်မှိုင်းရယ်"။

ညောင် ခက်လည်းခက်တဲ့ ဒကာမကြီးဘဲ။ မြန်မာပြည်တပ်စခန်းမှာ။ မြန်မာရဟန်း ပါမှာပေါ့။ ဂျာမနီဘုန်းကြီးမှ မဟုတ်ပါဘဲ တကား။ ဒွတ္တဂါမဏိ စစ်ထိုးခန်းမှာ။ ရဟန်းနှင့်မကင်းပုံကို။ အချို့မှပ။ ဒါယိကာမကြီး အသံမထွက်နဲ့ ဖန်ခွက် မကြောက်ဘူးလား။ နားထောင်။ ထဲ ဤကဲ့သို့။ ညောင်ရမ်းမင်းသား တပ်ချီတော်မူခဲ့ရာ။ မင်းလုကန်ဖျားမှာ တပ်ချသတဲ့။ သည်ကတဖန် ချီတော်မူခဲ့ပြန်ရာ။ ဆီးတောအရပ်တွင် တပ်ချတော်မူပြန်သတဲ့။ ။ထိုဆီးတောတပ်စခန်း။ ကွန်းထောက်တော်ဘဲနန်းကို။ ညချမ်းအခါကြီးမှာ။ မီးသင့်တာဘဲတဲ့။ အနှံသောအခါ။ ပါလာတဲ့တပ်တော်သားများမှာ။ အားရော ကာ တထိတ်တလန့်နှင့်။ နိမိတ်ကနယ် မသန့်လေခြင်းလို့။ စိတ်မခန့်ဖြစ်ကြရာတွင်။ တပ်ဦးတွင် ဖူးမြှော်ဘို့ ပူဇော်ခဲ့တဲ့ ဘားမဲ့အကျော် ဆရာတော်ဘုရားကြီးက။ မစိုးရိမ်ကြနဲ့ ဒါယကာတပ်သား အပေါင်းတို့။ ငှင်းမင်းတို့၏ ညောင်ရမ်းမင်းသားကြီးသည်။ မီးတောက် မီးလျှံကဲ့သို့။ ကောန် ဘုန်းတော်ကြီးလျက်။ သက်တော် ရှည်ပြီးတော်။ သားတော်အစဉ်။ မြေးတော်အဆက်။ မြစ်တော်အဆွန့်။ အရှည်ရှည်မြင့်ဥ၁။ သာသနာ့ဒါယကာအစစ်။ ဖြစ်တော်မူလိမ့်မည်လို့ နိမိတ်ဘတ်တော်မူသတဲ့။ ။ယင်းသို့သော နိမိတ်ဘတ်သည့်အတိုင်း။ မဆိုင်း

တွေ့။ အင်းဝကိုတပ်ချီပြီး။ အမြည်ပြည်လွှမ်းမိုးလို့။ အစိုးရတော်မူ ဘုရားသော တိတ်ထုံးအရ။ မီးခဲသော အလှည်။ စစ်ချီသော လမ်းကြောင်းမှာ မှတ္တား။ ကောင်းမြတ်သော နိမိတ်ကာဘဲလို့။ စိတ်ထဲက အာရုံပြုကြရာ၏တဲ့။

ဒီ အနို့မှတပါး။ ဘုရားပုထိုးတို့၌။ တန်ခိုးမီးရောင်။ တောက်လောင်ပျက်စီးသည်မှာ မြန်မာပြည်၏ ရာဇဝင်တိတ်ထုံးအရ။ မြန်မာ့ ရာဇဝင်။ အမင်းမင်းတို့။ ပျက်ယွင်း တိမ်းပါးရပေကြောင်း။ ။ရှေးဟောင်းနှောင်းဖြစ်ကို။ စိစစ်ပြန်လျှင်။ ငါတို့ဘဝရှင်။ သိဘောမင်းတရား။ ကုလားပြည် ပြောင်းကာနီးတွင်။ မဟာမုနိဘုရားကြီးကို မီးခဲသော နိမိတ်တို့ဖြင့်။ ထိတ်စရာဖြစ်ခဲ့သောဟုလို့။ ။ထိုကြောင့်။ ဆီးဘနီ ဆရာတော် ရေးအပ်သော "မှတ်ပုံရစ်စေ" ချီ။ တမ်းချင်း အစပ်၌။ ။(၁) "မတ်ကြီးဥာဏ်ကျယ်။ မာလော်နွယ်တို့။ ဝှက်ကွယ်လှည့်ပိုက်။ သူ့ဘက်လိုက်၍။ စိုက်စောင်းငဲ့။ သစ္စာမဲ့ကြောင့်။ နှစ်ဆံ့ခုနှစ်။ နှိုင်းစံရှစ်တွင်။ ကာသစ်ဘုံနေ။ သိကြားကြေသို့။ ချက်ခြွေသိရာ။ မန်းပြည်သာမှ။ မဟာတုန္ဒြိယာ။ မိုက်မဲလှသည်။ ကုလားနိုင်ငံ။ လွှဲပြောင်းစံရှင့်" ဟူ၍လည်းကောင်း။ ရင်းမြင် မင်းကြီး ဦးကောင်း ရေးသည်ဟူ၍လည်းကောင်း။ မဟာဒါန်ဝန် ဦးရွှေဝ ရေးသည်ဟူ၍လည်းကောင်း ထင်ရှားတဲ့ "မန်းမကိုဋ္ဌမှာမှ" ချီသည့် လကာ်လေးချိုးတွင်။ (၂) "ဝေါဟာရနှစ်တု"။ ဂန္ထုန်နှင့်ကျား။ ဆင်နဂါးတို့။ ပျော်ပါးစဉ်။ ကြာပါးစုံယံ။ ကြိုင်ထုံသည့်။ လကြွင့်ကာ။ ပုဏ္ဏာကျော်တက်။ ဆင့်ရက်တွင်။ ထက်အာကာကြီး။ လေခရီးမှာ။ မီးလျှံသတွယ်။ ဥက္ကါကြယ်တို့။ သွယ်လှယ်ကူးလာ။ နိဗ္ဗိသတ်တွင်။ တွင်။ မြတ်ရွှေနန်းတွင်း ရန်စစ်ချင်း၍။ မင်းကိုကိုင်မြှောက်။ ရှစ်ရက်ရောက်မှ။ အနောက်ဇာ ပါယာ။ နေဝ ကြီ့ လန်း။ ဝင်ချိန်ယွန်း ဝယ်။ မန်းဗျူလုံး ကံမကုသည်။ ရန်သူမှန်း၍။ တိုင်းလုံးဖြစ်ခွါ။ သူဆောင်ရာပါတော့ပ။ သတ္တဝါဖြစ်ပုံကို။ စိတ်အာရုံ ထင်ခနေသယ် နှင့်။ စောတော့ဥာဏ်ရှိ" ဟူ၍လည်းကောင်း။ စပ်ဆို ရေးသားတော် မူကြလေသတည်းတဲ့။

အဲသည်ကဲ့သို့သော မဟာမြတ်မုနိဘုရားမီးလို့။ ရွှေဒဂုန် ဘုရားမီးကိုလဲ။ များများကြီး စိုးရိမ်တော်မူတဲ့ အလုပ်ကြောင့်။ ကျုပ်တို့

သည်။ ဤမည်ဤမည်သော ကိန်းချေခန်းချေဆိုသလို။ ထိုမည်ထိုမည်သော မြည်တော်လုံးအေးနဝင်းစေတီတော်တွေကို။ တပြေလုံး တည်ကြည့် အကြောင်းသို့သောစပိန်ရှင်ဘုရင် တည်းဟူသော အယ်လ်ဖောင်ဆိုမင်းကြီး ထီးနန်းမှလျောကျသဖြင့်။ "ဤလောက ငြိမ်းစေအောင်။ ကျိန်းကြေလောက်ပြီရယ်လို့" အနိုက်ကဲ့သို့ တွေးထင် ယုံကြည်တွယ်ရှိကြောင်းများ ပြောဟောပြီးလျှင်။ ယခင်အဆက်က။ လက်စလေးချီးကို။ ရေးရိုးရေးစဉ်အတိုင်း ရေးသားမြန်တမင့်။

## ရွှေဒဂုန်ဘုရားကြီးက တရားမီးပြတော်မူပုံဘွဲ့ ကဗျာ မဟာလေးချိုးကြီး။

စိန့်ဝဇီရပ္ပါရတောင်လံ ဂုဏ်တဆောင်ပရမထောင့် ဂန္ဓုန်တဘောင်တွေထွန်းရောက။ သိင်္ဂုတ္တရတောင်ယံ ရဂုံချောင်တွေ မြောင်တွေနှင့် ဒဂုန်အောင်မြေကွန်းမှာတော့။ ယမုန်သောင် ငွေဝန်းရယ်နှင့် ကျွန်းမလဲ ကျွန်းမော်တမ္ဘူ။ (အိုကွယ်) ကဆုန်ညောင်ရေသွန်းချိန် ... လွှမ်းလဲလွှမ်းတော်မူ။ ။(ကြွ) အမြွှတ်ပြုရမှာဖြင့်။ ခေတ် ... သမယမှာတော့။ မနှစ်ကစပေါ်လို့။ ဓမ္မရာဇ်ဘုရားမေ့ဘု ရွှေဒဂုန်မ ... မြေဝသုန်မငြိမ်မဆိတ်မှုးတာကြောင့်။ တောဂုဏ်၊ အမျိုးနှိ တဝေ ... မြူးပေတဲ့။ စိန်ဘူးတော် ဈာန်အရာထင့်။ မြန်ကမ္ဘာမနေ ... က်သမို့ လင်းစေသို့။ ဘဏ္ဍာတော်တိုက်သို့ဆင်းတာက။ သိုက်ရှင်း ... သိအတိုင်းရယ်နှင့်....အမျိုးအမိုးချွင်း တသ... ပမီအောင်ကို ကိုး ... င်းစေတီတော်တွေရဲ့ တနိုင်းသာပ....(သ) တပူနှစ်ပူလောချင်တဲ့။ ... တကြောကပ်အယာမှာ။ လူရောနတ်ပါ အထူးကော်ရောင်လို့ မီး ... မြှော်ဘို ဆိုင်းတယ်လို့။ သမိုင်းမျှ တရုပေနေဘ်ကွယ်။ ကသိုဏ်း ... စကိုင်းမှိုဆီက။ မိုင်းတို့အယူ၊ အသင်းအပင်း မညီမညာ ... အားမတန် သူပုန်ဖြစ်ရတဲ့။ တြွင်းနုဝင်း၊ ဤအခါ ကျွားနံ့ ... နှစ်တွင်မှ။ ကဆုန်အသစ်၊ ပုဏ္ဏမ၊ ကြက်မင်းအမှု။ ဒဂုန်ဘုရား ... ယင်းသရဖူကိုထဲ့ ဈာန်အလိုလိုပြောင်း။ (အိုကွယ်) အလို

ဒကာမ အထက်ချင်းတွင်းသူတွေမှာဖြင့် ရန်မလိုက ရန်ပြိုကြောင်း။ ။ ကောင်းဘို့ရယ်ချိန်၊ ဓေါင်းမျှ ။ အမွှာသိန်ထင့်။ မြန်မာပန်းထိမ် အပြင်နေ့းတာနှင့်။ ရတနာဝရဇ နိမတင်သေးမိုက။ ယခင်ရှေးအလျှင် လ တမေါင်းတွင်မှ။ ခါကောင်းယုန်အသီး။ ပုဏ္ဏမိကျော်ခါ ထက်မေ တဲ့။ လေးရက် သောကြာနေ့တွင်မှ။ အေးကွက်ကြောက်စရာတွေမှာ လားလို့။ လျှောက်ရှာသ၍ ဆင်ခြင်ပြန်တော့။ ယခင်တဖန် အောင် တော်မ်းပေ။ ညောင်ရမ်းပိုင် အညာချီတော့။ ဘာမထီ ညာမထီ ကြဲ မနေ့ဘ်လို့ မှန်းကြတဲ့။ အာဇာနည် ရဲဘော်တို့ မလန်းအောင်ပ။ တယာယီ တဲတော်နန်းကိုလ။ မီးသန်းခါလောင်စဉ်ခါက။ အောင် မြင်စရာ နိမိတ်တကားရယ်လို့။ တသောင်မင်္ဂလာ ထိတ်ကောားတွေနဲ့။ ဘားမဲ့ဆရာ အကျော်အမော်က။ အောာတော် အမြန်တက်ပေတော့။ သံလျက်ရုံရာဇဗ္ဗာနီပလ္လင်မှ။ သာကီဝင် မင်းသမတအရိုးပေမို့။ မကြာ မှိုင်ပ အင်းဝစိုးမယ်လို့။ အမျိုးဘာသာ ကိုးရာဘတ်စင်က။ တပ် အပ်သေချာမှန်သမင့်လဲ။ ကဝေဆရာတာန် လွှမ်းမလိုနဲ့ လွှမ်းရပါ တဲ့။ ရွှေအညာယမန် မန်းဆိုတဲ့ မန်းမှာတော့။ ကြငှန်းထိပ်ပန် အတု မတော် မရိုမတဲ့။ မှန်မြတ်စွာ စိန္တေယျော် ကဖြင့်။ အရှိန်တောဇော်သီး ဝင်၍ခစဉ်က။ မြန်မာဘုရင်တို့ ဘုရားမှာလ။ ကုလားပြည် ပ ါတော်မှု လို့မို့ ။ ပဏ္ဍာတော်အွှယူ အခွန်ထိုးစေဘို့။ မြန်မာမော် ဇမ္ဗူတံခွန် ကျိုးမြန်သနဲ့။ ကျွန်မျိုးမကြည်ဖြစ်ရတဲ့။ သည်ခေတ်ဆရာကြုံခဲ့သမို့။ တဒါမို့ စိတ္တကွက ကလေးတောင်မှ။ ဘအာရဲ့ စိတ်ချလက်ချ မအေး သော်လဲ....အခုအနီးတကြိမ်တွင် အမှုသည် "စပိန်" မှင်ဘုရင်နှင့် အေး ရောလို့....ကိန်းသေအောင် ကျိန်းချေလို့ပေးတဲ့ပြင်။ အရေးပုံ ဘာ လိုလို့ကြောင့်။ ကဗျာ့ပဟိုရ် စာဆိုလို့ထိုးလိုက်ကဲ့ (အမယ်မင်း) အထီး သမယက အတိုင်ရာဇာ အမေါင်းတို့မှာဖြင့်။ ထီးသမတ အ ရိုပ်အရာတောင်ပြောင်းရတဲ့။....ထိတ်စရာ အကြောင်းပေပေါ့။.... (အို သွီးတမျှ မြီးကောမတို့ရဲ့)........(ကြော်)မီးစောဲ နိမိတ်ဟာ မကောင်း။

ကျွန်ုပ်တို့သည်။ ရွှေဒဂုန်ဘုရားကြီး၌။ မီးခတဲ့ နိမိတ်ဟာ မကောင်းကြောင်းကို။ ရှေးဟောင်းထိတ္တူ။ အလုံးစုံသော ရာဇဝင်တို့ အရ။ ပြသဟောကြားတော်မူပြီးသည်၏ အခြားမဲ့တွင်။ အကြင် သို့သော မှိုင်းဉီးကာလဟုဆိုအပ်သော ဝဿန္တရာသီအတွင်း။ တနင်္ဂနွေ

နေ့ညခင်းမှာ။ လ မင်းကလည်းမသာ။ ဝဠာတောင်တိမ်ကြားက။ တိမ်နက်ါး တိမ်ဂန္ဓုန့်တို့။ မှိန်မှုံမှုံဖြစ်တုန်း။ ချုန်းတဲ့ကာ ရွာမလို။ ထိုထိုသို့သော လျှပ်စစ်လျှပ်ပန်းတို့က။ တန်းကနဲထိန်ကနဲနှင့်။ အရှိန်မစဲဘဲ။ အမြဲလိုပင်။ မြင်တော်မူရကား။ စိတ္တကျေဉ်သူအမတ် စီရင်အပ်သော ကဗျာလင်္ကာ သတ်ပုံမှာရှိတဲ့။ "သခွတ်ပွင့်ချိန်။ အဆူရိုန်။ တိန်သာသို့ဆင်း" ဟူသည့်။ ယင်းသို့သောသဘောကို။ တွေးတော ဆင်ခြင်မိသည်မှတပါး။ ပြည်စည်မင်းသား ရေးစပ်တော်မူခဲ့တဲ့။ တေး သပ် တပုဒ်ကို။ ကျုပ်တို့ မောင်ရင် ရှင်သာမဏေ ဘဝက။ ရွှေးသော ဘတိုင်း ကသိုဏ်းကျက် ဆင်လာ မြင်လာသည်မှာလည်း။ အောက်ပါ အတိုင်းပင် ဟူ၏။

## ဝရဇိန်တန်ခိုးတည်းဟူသော မိုးယံကြိုးဘွဲ့တေးထပ်ရှိ။

နန်းအာကာ တိမ်ထပ်က။ ရှိန်လျှပ်လျှပ် ဝင်းထိန်။ ငြိမ်မရပ် သင်းရှိန်သည်။ နဝင်းအိမ်ရှာ။ ။ရွှေကသစ်ကြူမာလာကို။ အသူ ရာဘမ်းရှုံအလှ။ ။နန်းသုဓသ် ဝေဇယန်ကို။ မြေလှန်မည်ဆိုမြှု။ အ ခသဲဆိုလ်ထုနှင့်။ ငြိုးလုဝင့်ကာ။ ။ကောဝိဋ္ဌာ တမှတ်နန်း။ လွှတ် သမ်းမြန်းဝင်သည့်ခါ။ ။သခွတ်ပန်း ပွင့်ရာဝယ်။ မြင့်အဇာဋ္ဌာတိမ် သပ်က။ စိန်လျှပ်တထိန်ထိန်။ လင်းပျောက်မငြိမ်။ ။ရန်ပုံခွင်း ဝရ ဇိန်ကို။ တချိန်ချိန်ပစ်တုန်းထင့်လေး။

ဧင်းအထက်ပါ မဟာဝရဇိန် မိုးယံကြိုးဘွဲ့တေးထပ်နှင့် စပ် ဉ်း၍ ယင်းသို့ယင်းသို့သော မိုးယံကြိုးပစ်နည်းပစ်ပုံတို့ကို"ဥဒါဟရုဏ် သုတ်နှုတ်။ မြှယုဂ်သက်သေတို့နှင့်။ အထက်နေ အောက်နေ။ ရောက် သသမျှ။ တပည့်မတို့အား။ သိရအောင်ဟောပြမည့် တန်းလန်းတွင်။ နေ့လေ၊ ရတနာပုံပြည်ကြီး၏ နေရှုချွန်ဟူ ဆိုအပ်သော။ ရေတံခွန် ဘာရဋ္ဌ။ ဝေါဓရုံမြင်းမြင့်။ သီတင်းသုံး နေထိုင်တော်မူကြတဲ့။ တ ပမျှားစွာ။ တရားနာတို့သည်။ ဆရာနေသော တောင်ပေါ်သို့။

တကျော်ကျော်သော အသံဖြင့်။ ရှုညံ့ရှုညံ့နှင့် တက်ရောက်လာကြလေ၏။

သို့ရောက်လာ ပေါက်လာကြတဲ့ တပဲ့မတို့မှာ။ မျက်စိမသာ။ မျက်နှာမလှဖြစ်လာကြရကား။ ။ထို ရေတံခွန်သူမတို့။ ဘာများဖြစ်လာကြ ပြန်သတုန်းဟု။ ပြုံးကာနဲ့မေးလေရာ။ ကေသာဝတီဆိုသော ပရုဗိုဇ်မ က။ဆရာ့အတွက်။ အခိုရခက်လွန်းလို့။ သက်သက်မဲ့ လာခဲ့ကြတာပေါ့တဲ့ဘုရားဟု လျှောက်ထားရာ။ ဆရာက ဘာများဖြစ်လာကြသလဲ။ ကွဲကွဲပြားပြား လျှောက်ထားပါအုံးဆိုသဖြင့်။ ထိုမည်သောလေသာ ဒေါ်သ မောဟတို့နှင့်။ ပြောမရဆိုမရ။ နဂိုရိုက စရိုက်ဝ ါသနာဖြင့်။ အလိုက်အာသာ ပြောလေ့ဆိုလေ့ရှိသော။ ဒေါ်ခုဋ္ဌာဆိုသူ အမယ်ကြီးက။ ဖြစ်တီး ဖြစ်တောက်နှံ့။ အောက်ပါ အတိုင်း လျှောက်ထားလေ၏။

ဒေါ်ခုဋ္ဌာ။ ။"မှန်လှပါ။ ယခုအခါ ဆရာ မောင်ရင်မှိုင်း ရေးသားစီရင်တော် မူလတ္တံ့သော။ ဂဠုန်ပျံဗီပနီဋီကာနိဒါန်းကိစ္စနှင့်။ ဘုရှိယာဂဠုန်။ နယုန်လဆန်း ၄ ရက်နံ့ ၅ ရက်နေ့ သတင်းများတွင်။ အကြင်မန္တလေးမြို့။ ဝိသုဒ္ဓါရုံ ဂနဝ ါစက။ ပဋ္ဌမကျော် အရှင်တေဇဝန္တဆိုတဲ့ အရှင်တေဇဝန္တဘည်။ ဤမည်သော ဂဠုန်ပျံဗီပနီ ဋ္ဌီကာနှင့် စပ်လျဉ်းခြင်းဆိုတဲ့ စာခေါင်းနှင့်။ မောင်းကျော်တော်မူတာများ။ ကြားပလား မောင်ရင်မှိုင်းရဲ့"။

ကြားတဲ မကြားသေးပါဘူး ဒါယိကာမကြီး။ ဘယ်လိုများ မောင်းကျော်ပြီး။ အကြောင်းတော်ပြသလဲ။ ဒေါ်သရေ့မထားနဲ့။ ရသေ့တပါးသိရအောင်။ တိတိကျကျ လျှောက်စမ်းပါအုံး။

ဒေါ်ခုဋ္ဌာ။ ။"လျှောက်စမ်းပါအုံးဆို။ လျှောက်ရအောင်လာခဲ့တာပါဘဲ။ အနိဂ္ဂိုတဲ့ဘုရား။ ငါ့လှေငါထိုး။ ပါကိုးရောက်ရောက်ဆိုသလို။ ဦးတည်ရာကို ရေးသားလေ့ရှိသည့် ဆရာမှိုင်းတဲ့။ အနို့ပြီးတဲ့။ "ဂဠုံ ဂဠုံ တီလောကဂ္ဂ"။ အပျံအပျံ သမုဒ္ဒက်" ဆိုတာမှာ လဲ။ ထိုသဒ္ဒါနိတိဏ် သဘော။ "ပျောပွဲယောဂံ ပေါ်ခ" သုတ်နံ့။ ရှပ်မ ပြီးနိုင်ဘူးတဲ့။ ။ထူးမြတ်ရသော ပဋ္ဌမကျော် ဖြစ်တော်မူသည်နှင့်လျှော်ညီစွာ။ ဋီကာကျော်မှာပြတဲ့။ အယနှင့် နိရယ ၊ဝိဂ္ဂိုဟ်ကိုလည်း တွေ့ဘူးတော် မူသယ်တဲ့။ ။သဒ္ဒါပြင် ထဝ အဋ္ဌသာလိနီ။ ဝိသုဒ္ဓိမဂ် အဋ္ဌ

ကထာများပြင်။ အင်္ဂုတ္တိုရ်ဋီကာကိုတောင် ကြည့်ရှုတော်မူဘူးတယ်တဲ့။ နို့ပြီးတဖန်။ အပု ပျ ကိုတောင်ချွတ်ယွင်းပြီး။ ကျွတ်ကင်းရှောက်။ ရှောက်တတ်ရာရာ။ သဒ္ဒါနှင့်အနီးကျင်ပြီး။ ကလန့်တံကျင် ဖြစ်နေသယ်တဲ့။ ။မသဲကွဲ သဖြင့် စိစစ်စေလိုသည်တို့ကို။ (ဂန္ထဂရု)ဖြစ်မည်စိုး၍။ နောက်သို့ လှည့်မကြည့်လိုတော့ဘဲ။ အတွင် စိုင်းသွားတော့မည် ဖြစ်မှုကား။ (ဖုင်း,ဂဏ္ဍ)စာခေါင်းစဉ် ပါရှိမည်။ ရေးသားလေ့ရှ စာများ၌သော်ပင် ကောင်းမွန်လာအလိမ့်မည်ဟု မျှော်လင့်ချက်ရှိမည် မဟုတ်တဲ့အတွက်။ လေးနက်တဲ့ အကြံဥာဏ် ထားရှိဘို့။ သတိပေးလိုက်သတဲ့တော့။ ရှေ့ အတ်ချင်သေးလျှင်။ အရှင်တေဇဝန္တ ပဋ္ဌမကျော် ဆိုတဲ့။(ဝိသုဒ္ဓါရုံ ဂဏဝါစက) ဆောင်းပါး"

ဩဘ် ဆောင့်ကြီး၊ အောင့်ကြီး။ နတ်သီးကောင်းရှာပါ။နှင့်။ အလကား ရန်တွေ့ဘို့ ထတ်တဲ့ ဒါယိကာမကြီးဘဲ။

ဘေဒါရီ။ ။"ဝါသနာဘာဂီ။ ဆက်တိုင်းမှီဆိုသလို။ ဒီ အမယ်ကြီးကို ပြောလို့မရနိုင်ပါဘူး ဘုရား"၊

အင်း ဟောမရ ပြောမရနဲ့။ လောလောဆာ ထတော့ တယ်။ ဒေါ်သကြီးတဲ့ ဒါယိကာမကြီးဘဲ။ ကဲ တိတ်ငြမ်းပါအုံး။ ကျုပ်ပြော မယ်။ "အကျယ်အကျယ်၊ မငြိမ်းဘူးယ်တဲ့"။ "ရန်မလိုမှ ရန်ပြုတယ် တဲ့"။ တပဲမတို့ ဆရာတို့ ကိုးကွယ်ရာ။ သဿာတော် သမုတိတွေကို။ တုမိလျှင် မှားတတ်တယ်။ ဘုရား သာသနာတော်ထမ်း။ ရဟန်း သဿာတော်များကို။ တရားနည်းလမ်းမှန်မှန်။ မမှန်မှန်။ သည်းခံဘို့ စိတ်ကူးကြ။ "ဆူးကျဖက်ပေါက်။ဖက်ကျဖက်ပေါက်"တဲ့ဒေါ်ခုဋ္ဌာရဲ့။

ဒေါ်ခုဋ္ဌာ။ ။"ဖက်ပေါက်ရုံမကလို့။ ဟောဒီက မန်းသုံး တဲ့။ ဘန်းခုံးခွက်ကြီးတောင် ပေါက်ပေါက်။ တပဲ့တော်မ ဆိုတဲ့ တပဲ့တော်မက။ ကြောက်တတ်တဲ့ ကောင်မ မဟုတ်ဘူးမှတ်ထား"။

ဒို ဥပါသိကာမကြီးရဲ့။ "ဒေါသော အတ္ထံ နဇာနာတိ"တဲ့။ ဒေါသော၊ ဂဒေါ ဂမျော။ ဒေါသော ထချင်တဲ့ ဒေါသ,သည်။ အတ္ထံ၊ အဆိုးအကောင်း။ အကျိုးအကြောင်းကို။ နဇာနာတိ၊ သတိ ဥုးလို့ မူးလို့ ရို့။ မသိဘူးတဲ့။ ထူးထဲထူးတဲ့ ဒကာမကြီးဘဲ။ ကဲ ကဲ ပြောမရ ဆိုမရနဲ့။ တရိုလ်ထချင်လို့ရှိမှ။ နေရစ်ကြပေအုံးတော့။

ဝိုင်ရုံဆင်းပြီး။ အပျင်းပြေဆိုသလို။ ဖိုထိုးတော်မူထုံးရေဒွမည်ဟု ပြော ခါ။ ဆရာသည် တောင်ပေါက ဆင်းတော်မူခဲ့လေသတည်း။

ဝ ဝ ဝ

ကျုပ်တို့ မရှိသည့်နောက်။ ရောက်တတ်ရာရာ။ ရေးချင်ရာရေး ရေးပြီး။ ပေးချင်ရာ ပေးလေ့ရှိကြတဲ့။ တပည့်မ များစွာတို့က ရတနာ့ပုံ တိုက်အင်းခန်းဆီက။ မကိုင့်ပဌင်းရဟန်း, ဂဏဝ ါစကတည်း ဟူသော ပဌမအကျော်ထံ။ စာတမန် ဆောင်းပါးနှင့်။ လျှောက်ထား ကြသည်ကား။ အောက်နားဌ် ပါရှိလေသတည်း။

ရှိသေလေးမြတ်စွာနှင့် လျှောက်ထားလိုက်ပါသည်။ ဂဏဝါ စက။ ပဌမကျော် မောင်ပဌင်းဘုရား။ ။တပဲ့တော်မတို့ ဆရာ မြူစု တော်မူသော ဂန္ဓုန်ပျံ့ ဒီပနီ ဋီကာသည်။ ဤအခါ အပြီးမသတ် သေးဘဲ။ ခရီးမတ်တတ် တန်းလန်းမှာ။ အပြန်းအတော။ စမ်းမကော ဟု။ ဘန်းတောသို့ အကျော်ဝင်သည်မှာ။ "ပေါပင်" လိုက်မှားသည် ထင်ပါသည်။ ။တပဲ့တော်မတို့၏ ဆရာ၏ သဘောမှာ။ လောက ပုထုဇဉ်တို့ ဂတိမို့။ သိမ့်မြင်ခြင်းငှာ။ ခဲခက်စွာတဲ့ အလုပ်။ ဗုဒ္ဓ ဓါန ဒုဒ္ဓသာဏ္ဍ။ အရာသို့ကျဘိက။ တိပိဋကာစရ၊ ဂန္ထကာရအစစ်။ ဖြစ်တော် မူသောအရှင်။ သခင် ဗုဒ္ဓဃောသ စသော အဋ္ဌကထာ ဆရာမြတ်တို့ပင် သော်လည်း။ "တတ္ထကရဏ နဒီသာတိ" အစ ရှိသည်ဖြင့်၎င်း။ "ဂဓဝသီတဗ္ဗာ တွေ့ယုတ္တိ" အစရှိသဖြင့်၎င်း။ ခွင့်လှစ်တော်မူရသော။ သမန္တပါသာဒိက အဋ္ဌကထာတုံ့နှင့်။ နောက်တုန်းအခါ။ မကြာသီ ခေတ်အတွင်းက။ မောင်ပဌင်းတို့ ဆရာ့ ဆရာ။ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးသည်ပင်လျှင်။ အကြင် ရေးသားပုံနှိပ်ပြီး ဖြစ် သော "ဆိဒ္ဓပိဓါနနီ" သညီတောက်လျှမ်း။ ဤသည့်ကျမ်းကို။ ရဟန်းကြိုက် လူကြိုက်။ စရိုက်နှင့်လျော်ရန်။ တဖန် ပြင်ဆင်တော်မူ ဘူးသော ထုံးကို။ နှလုံးအာရုံမူရင်းဖြင့်။ ယင်းသို့သော ဂန္ဓုန်ပျံ့ဝယ်။ တကယ်မှားယွင်းက။ မခြင်းမခုံ။ ရတနာ့ပုံ မန်းရပ်က။ ကျမ်းတတ် အကျော်။ ဆရာတော် သံဃာတော်တို့ ထံတော်မှောက်။ လျှောက်ထား ပြသ၍။ ဌမကျစေရန်။ ကောန် ပြင်ဆင်ပါလိမ့်မည်။ ။ဤအခါ

ကာလ။ ငါ ပဌမကျော်။ ဂဏဝါစက အမေဘ်ဟု။ သရေဘ်တော်တော် မလေးမစား။ ရေးသားကဲ့ရဲ့ပုံမှာ။ ကေသရာဇာ ခြသေ့်သည်။ မြင်တွေ့တိုင်း မဟောက်သော ထုံးကို။ နှလုံးတော်သွင်းစေချင်တဲ့ပြင်။ မောင်ပဋ္ဋင်းမှာ။ ဆရာကောင်းဆရာမြတ်တို့၏ တပည့် ဖြစ်သည်နှင့်အညီ။ ဤမည်သော ပဌမ အကျော်တန်းကို။ ပဝ်ပမ်းကြည့်တည်းခြင်းမရှိ။ ချောင်ချောင်ချိချိနဲ့ အောင်သည်ကိုလဲ၊ တဝ်တော်မတို့က ဝမ်းမြောက်ပါကြောင်း။ ၎င်းမောင်ပဋ္ဋင်းကိုလဲ။ မောင်ရင်း၊ ဖါး၊ ရင်းပမာ။ထင်မှတ်အားကိုးပါသဖြင့်။ အောက်ပါကဗျာဝစနတို့ဖြင့်။ ပဏာမဝန္ဒနာ။ ဂရုစိုက်ပြီး။ပြုလိုက်ပါသည်ဘုရား။

**မကောသရီ ဝိက္ကံးသော ဂန္တုန်ပျံ ဒီပနီ**
**ဋီကာဘွဲ့လေးချိုးကြီး။**

ဇမ္ဗူ ဗိုရ်ှိသမျှ အကုန် အပြေပြေလင်းအောင်ပ။ သုရိယာဂန္တုန်နေ့ အတွင်းဆီက။ မြေသနင်းတည်းဟုသော။ စနေ သတင်းတွင်မှနဝင်းအဟုတ်ဆုံးအခါ။ (အိုရှင်) မကျေမခြင်း။ အရှေ့တင်းမသားဟဲ့လို့။ (ခြော် အခွေနင်းပါလို့ အတင်းသုတ်တုန်းမှာ။ (ခြော်) ပဌမ ဟာ ရပေတဲ့။ ဂဏဝါစကရယ်လို့။ သူ့အရာစပုံက။ မြန်မာ့ဂုဏ်အသရေမြှင့်ချင်တဲ့။ ဆရာ့ဂန္တုန်နေ့အဖွင့်တွင်ဖြင့်။ ရွှေကျင့် ဝါသနာ ဘာဂီအထုံထင့်။ ဆရာစိုပုံ ဆန်းလာမတုတယ်လို့။ အဝါအပလီအစုံ ဖြန်းကာသန်းကာချွန်မြန်တော့။ ကျေးတောအညာမှာ ရှေးဆရာခါသမယဆီက။ ဆရာ့ဂုဏ်ကို ကျမ့တင်ပြရမှာဖြင့်။ သာသနာ ဓါယကာရှိစဉ်တုန်းဆီက။ မြန်မာမျှားအခါမှာ ဝီချင်တဲ့ အလုံးတွေကြောင်း။ မဟာ ပဌမ၊ ပဌမာ ကဝိအရှင်တို့ ထုံးလိုပ။ အလုံးစုံ အကျော်မြန်လို့ မို့။ ဆရာ့တော်ခံ တံဆိပ်အရာ မှန်းမိတဲ့ပြင်။ မဟော်သဏ္ဍာန် အတိတ်အခါ၊ ထမ်းမယ်လို့။ ကြိုးပမ်းကာ နေသရော်တည့်။ ရွှေပြေတော်မကိုင်မှန်းတွင်မှ။ သိုက်ကန်းတခါကြွဲခဲ့သမို့။ ရာဇဂုဏ်အခွန်မလုစ်နိုင်တဲ့။ ကျွန်ခေတ် လူ့ရာမဝင်ချင်သနဲ့။ တဆူဆရာအရှင် တရားကြည်က၊ မထူးပြီလို့။ သူ့ဇာအသွင် အမျှားတပည့်မ အ

နွေးတို့နှင့်။ ထူပါ၀င် ဘုရား မှီရှိသမျှတွေ ဖူးပါလို့။ ကနဦး အလို နှိုက်ရိုကျေးမြဲပေပ။ ဖိုတိုးခါ ဂန္ဒိုင်ဇိုလို့မို့။ မြိုင်ညိုဂမုန်း ရတနာ့ပါး လိုပ။ ပြိုင်လိုလျှင် ရှုံးရောက သွားတော့မယ်လို့။ စိတ်မျှား အန်မတု ချင်တဲ့မြင်။ ဘသုထက်ဘာသုဇော်ရေဒ့ဟဲ့လို့။ (ခြေခြံ) အလှအရက်။ ဒွာပုမက်ရသလိုပေါ့။ ခုလက်ထက်အကျော် အမော်တွေကို။ တုဘက် မဟော်မမှုချင်သနှင့်။ ဂူဝင်ခါ ရှောင်သုံးခဲ့တယ်။ မြုံးလို့ မသာယာ တယ်ဘုရာ။ နှလုံးမပျို။ မုန်းသမို့ သာပေ။ ဘုန်းတို့ ဆရာ။ ။ ပဌမအဲ့ကျော် ဦးပေါ်တဲ့ နှစ်ပေမို့။ တဖွယ် တအောဲအော် ကျမ် တကျော်ကျော် ဟစ်ရပါတော့။ မြန်မာ့ "ပေါလတစ်" ကယ် တဲ့ သတင်းစာ ဂဠုန်အလာ။ ယင်းအခါကြုံပါသဖြင့် အခွင့်မလျော် ကာရေး။ (မောင်ပွင့်ရယ်) ငြင်းကာမိုကာနှင့် မသင့်မတော်ပါ သေး။ ။ခုအမှုတွင်။ နှနှလွှင်လွှစ်နှင့်။ ပုထုဇဉ် ဂတိ အတိုင်းပေမို့။ ကဝိမှိုင်းကြီး သခင်မှုန်က။ ဟိုယမန်အဖြစ် လင်းရမှာဖြင့်။ သတင်း ထိပ်ဇော် အထင်အမြင်တွေမှန်သောက်တဲ့။ အင်္ဂလိပ် အကျော် အရှင် တောဇဝန်တို့ရဲ့။ ခြံအင့်နေတံခွန် ဘုရား သာသနာ ထီးလိုပ။ ကျင် ရွှေ့ အမှန် ဆရာဆရာကြီးတို့တောင်မှ။ အရှိုး ဂုဏ်မော်တံဆိပ်တွေ နှင့်။ အပြီး ပုံတော်နိုင်ပါတဲ့။ "ဆီဒွစ်ဓါနန်" ကျမ်းတွင်မှ။ ဟိတ်ပြ မိတာ သိသိကြမ်းတယ်လို့။ ပြည်မန်းမှာ အမြန် ပြန့်ရတဲ့။ ဂန္ထ၀င် စံတင်ဘိုရှိတာမို့။ တုံ့ပည့်မတိုဆရာ တဖုံဖန်တဲ့။ "ပဠုန်ပျံ" တကယ် တကယ်မှားလျှင်ဖြင့်။ အစုန်မဆန် အပယ် အပယ် မလာတဲ့ အောင်။ အသွားဦးထုံ အကုန်ပြင်လိမ့်မပေါ့။ ဘုံပဠွင် ရတနာ မန်း ရဲ့တလွှားတွင်မှ။ ခုံတင်ဂုရာ ရဟန်းမြတ်တည်းဟူသော။ ကျမ်းတတ် တွေကလဲ မရှားချိန်မို့။... စောဘဂဝ သာသနာမှာ တောရ ဆရာ မြင့် တအားပါတဲ့။ ဓမ္မာနုမဖြစ်စရာကို ဩဝါဒမေတ္တာစာ အ သွားတွေနှင့်။... အသိပေါ်ဓ ခက်တော်မမှုအောင်ကို တပည့်တော်မ လက်ဆောင်ပါးလိုက်တဲ့မြင်။... အချောင် ပဌမကျော်ကို တောင် ပေါ်က တားလိုက်ပါလဲ့။ သွားပျံကြွသတာ ပျံကာနီးမြို့။...ရန်ရှေ့ လျှင် တသနွေခနဲ့ မပြီးကြပေဘု။(အမယ်မင်း) ခရီးမရောက်သနဲ့။ ကြောက်မှ သရော်တော်တော် ရေးရေးပြီး။...(ခြေခြံ) အမီးမတဲ့ အ မောက်မတဲ့နှင့်။ မပေဘာက်နဲ့ ပဌမကျော်ကလေး။

ယင်းအထက်ပါ။ ကဗျာလေးချိုးနှင့်။ အမျိုးမျိုးတောင်း
နိလျှောက်ထားပြီးသောကာလ။ ဝေါမာနမဖြစ်စေရ။ ဩဝါဒမေတ္တာ
စာ လက်ဆောင်ဖြင့်။ မောင်တော်ပဥ္စင်းအတွက်။ ဆက်ကပ် လှူဒါန်း
ပို့သည်မှာလဲ။ အောက်ပါအတိုင်းဖြစ်ပါတော့သည်ဘုရား။

## ပဉ္စမ ရွှေကျင်ဆရာတော် ဘုရားကြီး၏
## တရားတည်းဟူသော ဩဝါဒ
## မေတ္တာစာ။

အမတံတေဘိက္ခဝေ၊ နုပရိဘုဥ္ဇထ၊ ယောကာယဂတာသတိံ၊
နုပရိဘုဥ္ဇန္တိ။ ။ဘိက္ခဝေ၊ သံသရာရှည်ဖွန့်။ ခက်အကျွန့်မှ မလွန့်ဝ
သာ။ ဘေးကြီးစွာကို။ ရံခါမမေ့။ မြွော်မြင်လေ့ ရှိသော။ ငါ၏
ဥစ်မြေး။ ငါ့ရှင်သွေးတို့။ ။ဝါ၊ ဘိက္ခဝေ၊ ပုံတောင်းဆော်ဖွာ။ တ
ဘဝင်ရိုး။ ကံထမ်းပိုးနှင့်။ ဆွဲကြိုးသံယောဇဉ်။ အမြဲယှဉ်ထ။ အဝ
ဉာဏ်ပါး။ စက်ရထားဖြင့်။ ပြေးသွားမရပ်။ တပတ်လည်လည်။ အတည်
မကျ။ ခံနေရသည်။ ဒုက္ခနေ့ညဉ့်နှင်း။ ငါ့သားရင်းတို့။ ။ယေ၊ အ
ကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်း
နုပရိဘုဥ္ဇန္တိ၊ မစီးဖြန်းမသုံးဆောင်ကြကုန်။ တေ၊ ထိုသူတို့သည်။
အမတံ၊ အမြိုက်သုဒ္ဓါ၊ နတ်ဩဇာကို။ နုပရိဘုဥ္ဇန္တိ၊ မသုံးဆောင်ရ
ကုန်သည်နှင့်တူကုန်၏။

ဤသို့ မိန့်ဟ၊ ပြတော်မူသည့်အတိုင်း။

(၁) အငိုးစုတင်။ အသားမြင်။ သွေးကျင်စရုနယ်။
(၂) အရိုးစုထဲ။ အူအသဲ။ ချွဲခန်းသလိပ်ကြွယ်။
(၃) ကောက်ရိုးရုပ်ကို။ နွားချေးစိုမံ။ ဆေးလိမ်းကျံ။ ပုံဟန် ဤနည်းနှယ်။
(၄) မိန်းမယောကျ်ား။ ထင်ရှားမဟုတ်။ အကောင်ပုပ်။ စက်ဆုပ်ရှုံ့ရွာဘွယ်။
(၅) မစင်ပုံတွင်။ ခွေးဝက်သွင်။ ပုထုဇဉ်တို့မှားကြတယ်။

ကာယကာထ။ မြိုက်သုခ့ါကို။ ဘာသီမပြု။ စေတနာ လူခေါ်ကို ကျွဲနွားမစားစံ့သည့်ပမာ။ ဆီပေါ်မှာ မနှာစံ့သည့်ယင်ရှိမ်း။ မရ တွေ့တိုင်းရှောင်ရသည့် ခွေးရူးမသွေ့။ အဝိဇ္ဇာနှင့်တဏှာ ရွှေသော ကြောင့်။ သက်ရင်းကဲကို။ သောက်မှားမျှ။ ထောက်ယက်တွေတွေ။ မတော ပွေနောက်။ စိတ်ရောက်တိုင်းကိုယ်ကျင့်။ စိတ်လှုပ်တိုင်း ကိုယ်ပါ သံသရာမှာဖြစ်လိုသူ သမက်။ လောကတွက်တာ။ တဘဝတွင်ညှာတာ ၍။ သူ့ထက်ငါကြီးပမန်း။ ရဟန်းကလည်းလူ။ လူကလည်းဘီလူး။ အဝိဇ္ဇာနှင့်တဏှာသူ။ ရှုစလည်း မရပ်နိုင်။ မိုက်စလည်းမသတ်နိုင်။ ။ သံသရာရေယဉ်ကြောမှာ။ ပက်လက်မျော။ မှောက်ရက်မျော။ မျော လို့ မငြိမ်းနိုင်။ ။သောလို့ လည်းမညီးနိုင်။ ။သမုဒ္ဒဝါလု ကုပမာ။ အစိမ်းနယ့်အဆုဆုချတ်၍လည်း မကျွတ်နိုင်။ ။ကယ် ယူ ၍ လည်း မလွတ်နိုင်။

(၁ ဂန္ထုန်လက်မှ နဂါး။
ခြသေ့်လက်မှ ဝံသား။
မိကျောင်းလက်မှ ငါး။
မြေပစပ်မှ ဘား။
ကြောင်ပါးလက်စယ် ကြွက်သူငယ်။
စွန်လက်သိစယ် စာသူငယ်တို့တဲ့လော့။

ထကျေ့ခါခင် သူ့လက်တွင်းမှာ။ ညှင်းလို့ညှင်း။ သုတ်လို့သုတ်။ ဖုတ်လို့ဖုတ်။ ကင်လို့ကင်။ သူမြို့တိုင်းခံ။ သူ့နိုင်ငံကိုမလွန်နိုင်ကြ။ဒုက္ခ ထလျှီး။ တို့လူမျိုးတို့။

(၁) ရတ္တသာတိကူဝေပဟာနာယ၊ အသုဘ ဘညာဘာဝေ ဘဗ္ဗာ။ ။ဒေသနာ့ဘ်ျမွေး။ ဩဇာဓာတ်ဆေးကို။ ချိုးအောင်းသုံးကြပါ။

(၂) မာ မြမာဒတ္ထ ဘိက္ခဝေ။ ။ဒေသနာ အတွေ့တွေ့ကို စေ့ရေ နှလုံးထားကြပါ။

(၃) မာ ပန္တာ ဝိပ္ပတိသာရိနော ကို။ သတောနားဝယ် စိုက်ကြပါ။

(၄) မိုက်ပင်စိုက်ထား။ မိုက်သီးစား။ မိုက်အား မကြီးကြ ပါနှင့်။

(၅) ဘီနီးရွှေး မှော်ရှုး။ အရက်ရှုး။ အရူးမပိုပြကြပါစေနှင့်။

(၆) တောမီးဈေး၊ လောင်၍လာ။ လောင်စာ မထပ်ကြပါ
ဘစေနိုင်။

(၇) ထောင်ချောက် ကြော့ကွင်း။ သီအောက်တွင်း၌-သေ
ဘေးဆိုက်။ ကြက်မိုက်မမှာ။ မရှိပါစေနိုင်။

(၈) အမုန်ယစ်သောက်။ တောဆင်ပေါက်လို။ ချွန်းကောက်
မရ မရှိပါစေနိုင်။

(၉) ပြည့်တန်ဆာမ။ သုံးဆောင်ရသည်။ ကာမတဏှာ။ ယှဉ်
သံစွာ၍။ မေ့ဟောဘတိုက်။ မိုက်၍မနေကြပါကုန်လင့်။

(၁၀) အဇ္ဈသုဝါ၊ ပရသုဝါ၊ သေဘေးလာ။ ထိုခါနေ[...]တ
မငိုကြပါစေနိုင်။

(၁၁) အသက်ကုန်ပျောက်။ ဘေးဆုံးရောက်မှ။ တောက်တခေါ်
ခတ် မရှိကြပါစေနိုင်။

အနီးမှတို့ပြင်။ အသျှင်ရှေ့ကျင်ဆရာတော်ဘုရားကြီး၏ တရား
ဒေသနာ။ မဟာသီသကောဝါ၌။ ပမာဏမူရော။ သိ[...] သိသဲတို
[...]းရော။ ရေးမှာမိန့်ကြားတော်မူခဲ့သည်ကို။ တပ်တော်မတို့ တွေ့ရ
[...]ည်မှာလဲ။ အောက်ပါအတိုင်းဖြစ်ပါတော့သည်။ မောင်ပဥ္စင်းဘုရား။

-မီ ဘိက္ခုနော တံသုတေန၊ ယေန သန္တော မညတိ၊
မီ ထိ ယာ တေနဝဏ္ဏေန၊ ယေနယာ ဝေသိယံ ဂတာ။ ။
တေန မေ သုတဝါ သီဿာ၊ သဒ္ဓါဟော ဿုသဂါရဝါ။ ။

ယော၊ အကြွင်ရဟန်းသည်။ ယေန၊ အကြင် အကြား အမြင်
[...]ခြင်း ဗဟုသုတကြောင့်။ သန္တော၊ သူတော်ကောင်းတို့ကို။ အဝမညာ
မထီမဲ့မြင်ပြုလေ၏။ သသာဘိက္ခုနော၊ ထိုရဟန်းအား။ တံသု
[...]၊ ထိုအကြားအမြင်များခြင်း ဗဟုသုတဖြင့်။ မီ၊ ပစ္စုပ္ပန်သံသရာ
[...]နှိုနဲ့ရောဖြစ်၍။ ပညာရှိတို့ ထွ ိဘ္ဘယ်သာ ဖြစ်၏။ ယာ၊ အကြွင်
[...]သည်။ ယေနဝဏ္ဏေန၊ အကြွင်အဆင်းကြောင့်။ ဝေသိယံ၊ ပြည့်
[...]ဘသမအဖြစ်၌။ ဂါ၊ အဖြစ်သို့။ ဂတာ၊ ဘည်ရရောက်ရရှာလေသည်။
[...]ဘီယာ၊ ထိုမိန်းမအား။ တေနဝဏ္ဏေန၊ ထိုမိမိ ပြည့်တန်ဆာမ
[...]ကြောင်းဖြစ်သော အဆင်းလှခြင်းဖြင့်။ မီ၊ ထွ ိဘ္ဘယ်သာဖြစ်၏။
[...] ထိုအဆင်းလှသည့်အတွက်။ မှင်းမိဘုရားစသည် မဖြစ်။ ပြည့်

တန်ဆာမ ဖြစ်ရရှာသော မိန်းမကဲ့သို့။ ဗဟုသုတ ရှိသည့်အတွက်။ လူ လိမ္မာမဖြစ်။ သူတော်ကောင်းတို့ကို မရှိမသေပြုမိသည် ဖြစ်၍။လူမိုက် လူယုတ်မာဖြစ်ရတတ်သောကြောင့်။ မေ၊ ငါ်၏။ သုတဝ္ါ သုတာဝနွာ၊ ဗဟုသုတရှိကြကုန်သော။ သီဿ၊ တပည့်ကြီးငယ်။ အသွယ်သွယ်တို့ သည်။ သဒ္ဒါ၊ အဓါဓပ်သိမ်း။ သဂါရဝ ါ၊ သိတင်းသုံးဘော် ဆရာ သမား သူတော်ကောင်းများအား။ ညွတ်တွားရှိသေ တုံ့ ဝပ်ခြင်း သဂါ ရဝ၊ သပတိဿ တရားနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် သတည်း။

ဒဲ့ အနီကဲ့သို့ပါ ရှိတဲ့။ ကျေးဇူးတော်သျှင်။ အရှင်ရွှေကျင်ဆရာ တော်ဘုရားကြီး၏။ တရားတည်းဟူသော စိတ္တ ါရုံအစစ်ကို။ နှစ်သက် လေးမြတ်စွာ။ လေ့လာကြည့်ရှု။ သတိပြုတော်မူပါမည့်အကြောင်း။ ညွှတ်ချောင်းမိန့်တွာ။ လျှောက်ထားပါသည်။ မှောင်တော် မှောင်ပဋ္ဌ ဘုရား။

မကေသရီ။
မြေရွှေဝတီချောင်း။
စစ်ကိုင်းတောင်ရိုး။

၂ ၀ ၀

ကျွန်ုပ်တို့သည်။ ထိုမည်သောဗိုလ်ရုံအတွင်းမှထွက်ခဲ့၍။ အထက် က နေထိုင်တော်မူရင်း။ သိတင်းသုံး စံနေတော် မူမြဲဖြစ်သော တောင် ပေါ်သို့ တက်တော်မူခဲ့ရာ။ များစွာသော ယောဂီမတို့သည်။ ဆရာ ဝတ်တရားကို။ များများကြီး နားလည်ကြသည့်အတိုင်း။ မဆိုင်းမတွ နေရာမှထကြ၍။ ခရီးဦးကြိုဆိုခြင်းအမှုကို ပြုကြလေသည်။

ဤအခါကာလ။ ဆရာကပြောဆို ရသည်မှာ။ ။အိုတယ် အပေါင်း။ သူတော်ကောင်းတို့။ ရှင်းယခုအခါ။ မကြာမီနေ့ရက် အ တွင်းမှာပင်။ အကြွင် ရန်ကုန်မြို့ ဘဟန်းတရိမ္မာလည်းကောင်း။ထိုမည် သော ဈေးအရှင်မင်းတရားကြီး။ စံစားပျော်ရွှင်တော်မူရာ။ မဟာ ရာဇဗွာန်။ အက်လန်ကျွန်းတကျောက်မှာလည်းကောင်း။ ရှင်းမြင် ဝါ။ ရတနာပုံ မန္တလေးရွှေမြို့တော်။ အိမ်တော်ရာ ဘုရားအတွင်းမှ

လည်းကောင်း။ ပြင်းထန်စွာသော ဝရဇိန်လက်နက်။ မိုးကြိုးစက် အသံကြိုဖြင့်။ ဆူညံလှုပ်ရှားသည်များကို။ ကြားကြရဲ့ မဟုတ်ပါလား တပည့်မများ။

ပုညဝတီ။ ။"မှန်လှပါ။ မိုးဦးကျစမှာ။ မိုးကြိုး ကျတယ်လို့။ ခဏခဏဘဲ ကြားရသဖြင့်။ အများဒကာမတို့မှာ။ လွန်စွာကြောက်ရွံ့ထိတ်လန့်ကြပါတယ်ဘုရား"။

အင်း သိကြွး သာသနာကြီးကို။ နှိပ်ကပ်လို့ လာသည့် အချေကျောက်။ ကြောက်လဲကြောက်ကြ။ မကြောက်သဲမကြောက်ကြနဲ့ ဆိုတာလို။ ထိုအခါကာလ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမိမိ။ ကြည်ညိုသော ရတနာသုံးပါးကို။ ကြီးစွာပြီးဆည်းကပ်ကြရမည့် အကြောင်းများကို ပြောကြားပြီးလျှင်။ အကြွင်သို့သော သြဝါဒ ကဗျာတပ်ကို။ ရုတ်တရက် ရေးပေးမြန်သည်မှာလည်း အောက်ပါအတိုင်းပင်တည်း။

**မဟာဝရဇိန် မိုးကြိုးတွဲ ကဗျာလေးချိုးကြီး။**

"အမျိုးအရိုး မတိမ်လိုပါလျှင် ဘုရား တရားဘက် ကိုးကြပေတော့။ မိုးကြိုးဝရဇိန်ဆိုတာ အသွားထက်တယ် တမျိုးပေပ။သိကြားစက်တန်မိုးရယ်နှင့် မိုးလဲမိုးအချိန်ဝယ် (အိုကွယ်) (အလကားသက်သက်။မတားဒယားနက်မဟဲ့လို့။(ကြောင်)မတရား လက်နက် ကိုးမှာကြောင့် စိုးလဲစိုးရိမ်တယ်။ ။...."

အိုချာ့ ကျုပ်တို့ ဒါယိကာမကြီး အရိုးစိမ်း။ မိုးကြိုးပစ်မှာများ ကြောက်သလား။

အရိုးစိမ်း။ ။"ဘဲ့နှယ် ပြောပါလိမ့် မောင်ရင်မှိုင်းရယ် ကြောက်ပါသော်ကော"

ကဲ ကြောက်လို့ရှိလျှင်။ နောက်ကို ရဟန်းသာသနာများ မဆဲနဲ့။ အရိပ်ပြုပဲလ် မကြည့်နဲ့။ ထင်မိထင်ရာ ရေးသားပြီး ကလေးကလားမလုပ်နဲ့။ ကျုပ်တို့ဒါယိကာမကြီး အရိုးစိမ်းအမျိုးရှိတဲ့ တပည့်မများစွာ။ တရားနာတို့သည်။ ကြည်ညိုသော ဝရဇိန် မိုးကြိုးဘေးမှ ကင်းဝေးဘို့ရာ။ ရှေးအခါသမယ။ ပေါ်ကွန်ပြည် ကောင်းစားစဉ်

ကာသ။ ရာမညတိုင်း တလိုင်းပြည်မှ ကြလာတော်မူသော ရှင်အရဟံသည်။ ဤမည်သော ရွှေစည်းခုံဘုရားကြီး၏ ထီးတော် ကြေးစလောင်းနှင့် မိုးကြိုးအေးအပေါင်းတို့မှ ကင်းကွာဘို့ရာ။ ဂါထာဗန္ဓ။ ပန့်သစ်ကိုးသောအား။ ရေးသားပေးတော်မူသော ဂါထာကို။ မကြာ မကြာ ရွတ်ဘတ်ပြီး။ ဝတ်မပြတ်သရဇ္ဈာယ်ကြရမည်ဟုပြောပြီး။ တလော့ရေး ပေး[illegible]သည်မှာလည်း အောက်ပါအတိုင်းပင် ဟူ၏။

### ပုဂံရွှေစည်းခုံစေတီတော်ကြီး၏ ကြေးစလောင်း၌ ရှိသော မိုးကြိုးလွှဲ ၂ ဂါထာ။

(၁) ဇေယျော မုနိ ဗုဒ္ဓရဋ္ဌ၊ ဇေယျက် ဇေယျ မေဝစ။
ကုသနိ ထိကံ လေခါနိ၊ အသနိ ပရိဝဇ္ဇယိ။ ။
(၂) ပီဠ ၁၁ ဓေဝ မနုဿာနံ၊ ပီဠယာ နာဂ သုပဏ္ဏာနံ၊
ပီဠယာ ဗြဟ္မကာ မုစ္စမံ၊ ပီယိဗြဟ္မံ ယ နမာ မဟံ။ ။

ဝ ဝ ဝ

### အရာမိုင်း[illegible]ကြီး တပည့်မ ကောသရီထံသို့။
(ဦးဘိုး[illegible]၏ အမေးဆောင်းပါး)။

၁။ ၁၂၉၃-၃-၂၂ ရက်နေ့ထုတ်, သူရိယ သတင်းစာတွင်။ သီလရှင် ဆရာ, မကောသရီက။ ပဋ္ဌမကျော် ဦးတေဇဝန္တအား လျှောက်သောဆောင်းပါး၌ မှတ်သားဘွယ် အများပင် ပါပေသည်။

၂။ယင်းနေ့ထုတ် သတင်းစာ မျက်နှာ ၂၇ တွင်။ ဦးကြွက်စုတ်၏ မေတ္တာရပ်ခံစာ (နံပါး) ၌။ "မြန်မာ အဘိဓာန် အကြောင်း" ဟု ခေါင်းတပ်လျက် ပါပါသည်။ မြန်မာနိုင်ငံ သုတေသန အသင်းသည်။ မြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရန် စကားသုံး အမျိုးမျိုးကို ရှာဖွေ စုဆောင်းလျက် ရှိပါသည်။

၃။ အဆိုပါ, သီလရှင်, မကောသရီ၏ ဆောင်းပါး အစနား၌။ "တပဲ့တော်မတို့ ဆရာ ပြုစုတော်မူသော ဂန္ဓုန်မုံ ဒီပနီဋီကာသည်။

ဤအခါ အပြီးမသတ်သေးဘဲ။ ခရီးမတ်တာတ်တာန်းလာန်း။ အဖြန်း အတော။ စမ်းမကောဟု။ ဘန်းတောသို့ အကျော် ဝင်သည်မှာ။ "ပေါပင်" လိုက်မှားသည် ထင်ပါသည်" ဟု ပါပါသည်။ ယင်းတွင် "မတ်တာတ်, တာန်းလာန်း, အဖြန်း, အတော, စမ်းမကောတင်။ မကော, ဘန်းတော" ဟူသော စကား အသုံးတို့သည်။ ကျွန်ုပ်တို့ သုတေသန အသင်းက ပြုသော မြန်မာအဘိဓာန်၌ ထည့်သွင်းရန် အေးစွာ သင့်လျော်သည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ ထိုသို့ အဘိဓာန်၌ ထည့်သွင်းလျှင်။ ၎င်းတို့၏ အနက်ကို ဘော်ပြရပါမည်။ သုတေသန ပုဂ္ဂိုလ်က ကြံဆ ကောက်ယူသော အနက်သည်။ ဓတ္တိစွာ အာဘော် ကျခဲလှပါသည်။ ထို့ကြောင့် ထိုစကားတို့ကို သုံးစွဲသူ ကိုယ်တိုင်ကို မေးမြန်း၍။ ဆိုလိုချက်, အနက်ကို ထည့်သွင်းခြင်းထက် သာလွန် ကောင်းမြတ်သော အကြံမရှိပြီဟု ထင်မှတ်ပါသည်။

၄။ "မြန်မာမှုတွင် ဆရာတခု" ဖြစ်သော ဆရာကြီးမှာ။ ဂန္ထုန်ပျံ့ ဋီကာကို ကြီးစားအားထုတ်ဆဲ ဖြစ်သောကြောင့်။ ၎င်းအား မေးမြန်းခြင်းဖြင့် အနှောက်အယှက် မပြုလိုပါ။ ထိုဘော်ပြခဲ့သော သဒ္ဒါနက်မှုကို 'တစ်' ခေါ်ရသော ဆရာကြီး၏ တပည့်, သိလရှင်, မကေသရီနှင့်ပင် လိုရာပေါက်ရောက်နိုင်ပါလိမ့်မည် ထင်သောကြောင့် မေးပါသည်။ မေးလိုသော အချက်တို့ကား။

၁။ မတ်တာတ်။ တွင် တာတ် သဒ္ဒါက ထွန်းပြသော အနက်။

၂။ တာန်းလာန်း။ တွင် လာန်း သဒ္ဒါက ထွန်းပြသော အနက်။

၃။ အဖြန်း။အတော တွင် အဖြန်း သဒ္ဒါ, အတော သဒ္ဒါ တို့က ဟောသော အနက်။ ။အဖြန်းကို အချန်း ဟု ယပင့်သံ ရှက်ဆိုသော်။ မည်သည့်အနက်ကို ဟောလိမ့်မည်။ အချမ်း အတောဟု ယပင့် မ့သတ်နှင့် ရေးသင့်သည်ဟု ပါဠိက ဝင်ခဲ့သော် မည်သို့ ဖြေဆိုရမည်။

၄။ စမ်းမကော တွင် မသဒ္ဒါဖြင့်။ မည်သည့်အနက်ကို ဆိုလို သည်။ ကော သဒ္ဒါဖြင့် မည်သည့်အနက်ကို ဆိုလိုသည်။ ။မြန်မာ ဘာသာကို တသံလျှင် တနက်ရှိသော ဘာသာဟု ဆိုကြပါသည်။

၅။ ဘန်းတော တွင် ဘန်း သဒ္ဒါ၏ အနက်တို့ကို သိလိုပါ သည်။ ။မြန်မာဘာသာတွင် ဝဂ်ဗျည်းစတုတ္ထဗျရာ တို့၏ အသံဖြင့်

အစတည် မြန်မာ ကြိယာရင်း မရှိဟု ကျွန်ုပ် အယူ ရှိပါသည်။ ထို့ကြောင့်“ဘန်း” ဟူသော သဒ္ဒါမှာ။ မည်သည့် သဒ္ဒါ၏ ကာရိယ ဖြစ်ကြောင်း သိလိုပါသည်။ အချို့ ဆရာတို့က ဘကုန်းနှင့် ရေးရှောင်လည်း။ ဖဦးထုပ်သံ ဘတ်မှ။ ထီးသံ, နန်းသံ ဆံသည်။ ဘကုန်းသံ ဘဒ်လျှင် “ကျောင်းသံ” ပါသည်ဟု ကျောင်းကို ရွတ်ချဆိုကြပါ သည်၊ “တစ်” ခေါ်ရသော ဆရာကြီး တပည့်က “ဘန်း” ကိုမည်သည့် အက္ခရာ အသံဖြင့် ဘတ်စေချင်ပါသလဲ။ အကယ်၍ “ဘန်း” ကို ဖန်းဟု ဖဦးထုပ်သံ ဘတ်စေချင်သည်ဟု ဆိုသော်။ သန္ဓိ မစပ်သော အစတည် “ဘ” ကုန်း အသံကို။ ဖဦးထုပ် သံသို့ ပြောင်းရသည့် အကြောင်းကို သိလိုသည်။

ထို“ဘန်းတော”၊ ကို “ဘမ်းတော” ဟု မ သတ်နှင့် ရေးမှ သင့်မည်ဟု စုဒ်ဝင်သော်။ မည်သို့ ဖြေရမည်ကို သိလိုပါသည်။တနည်း လည်း “ဖမ်းတော” ဟု ဖဦးထုပ် မ သတ်နှင့် ရေး၍။ ကြိယာအနက် ထင်အောင် ဖဦးထုပ်သံ ရွတ်ဖတ်သင့်သည်ဟု စုဒ်ဝင်သော်။ မည်သို့ ဖြေရမည်ကို သိလိုပါသည်။

မေးလိုသည့် အချက်တို့မှာ ဤမျှပါပဲ။ ဆရာ့ ဆရာတို့၏အယူ ဝါဒ ဗဟုသုတအကိုလိုက်၍ အရိုးခံ မေးခြင်း ဖြစ်ပါသည်။ သတင်းစာ ဖတ်သူတို့လည်း။ ဗဟုသုတ ရကြပါလိမ့်မည်။

၅။ မြန်မာစကား “ပျံ့” တွင် ပျံ့ ဟူသော ဝေါဟာရမှာ ပါဠိ “အပ္ပ” သဒ္ဒါပုဂ်ကြောင်း ဖြစ်လေရော့သလားဟု ဆင်ခြင်မိရာ။ ကျမ်းကိုးကို အလိုရှိ၍။ ဆရာမိုင်းကြီးအား မေးလိုက်ရာ။ ကျွန်ုပ်၏ အလေ့ ဝါသနာကို သိရင်ဖြစ်သည့်အတိုင်း။ မေတ္တာရှေ့ထားလျက်။ ကြီးကြီးမားမား။ သဒ္ဒနယ် စုံလင်စွာနှင့် ဖြေပေးသည်ကို များစွာ ကျေးဇူးတင်ကြောင်း။ သိလျှင့် ဆရာအား လျှောက်ပါ၏။ မန္တလေး ပဋ္ဌမကျော်, ဆရာတော်ကလည်း။ မေတ္တာရှေ့သွား၊ အမှန်ကိုမှတ်သား စေလိုသော သဘောထားနှင့် “အပ္ပ” သဒ္ဒါပြီးအောင် ဤမည်သော သုတ်ဖြင့် စီရင်မှ သင့်မည်ဟု အပင်အပန်း ခံ၍။ ဆောင်းပါးနှင့်ဖြေရှာ တော်မူပေသည်။ ။ဝါဒ၊ ဆိုသည်မှာ အကွဲအပြား ရှိတတ်သည်။ ကျွန်ုပ်တို့မှာကား ဝါဒ အပြားကို မှတ်ရ၍ ဝမ်းမြောက်ပါသည်။ ယခုအခါကား “ပိုလစ်တစ်” ကို ကျွမ်းကျင်သူတို့ကလည်း ကျွန်ုပ်တို့

နိုင်ငံ၌ အုပ်ချုပ်ရေး ကောင်းမွန်အောင် ကြိုးစားကြပေသည်။ ကျွန်ုပ်တို့ ပညာသည်များကလည်း မြန်မာဘာသာ စကား၌ အဆီး အခကောင်း, ကျိုးကြောင်းမမှန်။ အတန်တန် ရောရှက်နေသည်များကို သန့်စင်အောင် မိုင်းသံကို သုတ်သင်ပြင်ဆင်။ ယဉ်သံကို တွင်စေရန် အားထုတ်ကြသင့်သည်အတိုင်း။ မန္တလေး ဆရာတော်က အပေါ်အပန်း ခံ၍။ပြုသပေးသည်ကိုလည်း များစွာကျေးဇူးတင်ကြောင်းကို လျှောက် ထားပါသည်။

၆။ တခုမှာလိုက်ပါရစေဦး။ ဆရာမှိုင်းကြီးကတော့ သူ့ကိုယ် ကို တောတွင်းသား အနေထားသည်ဖြစ်။ ယောကီ အလုပ်ကို လုပ်ရ အဟန်နှင့်။ အညာတောတွင်းသားတို့ အသုံးအနှုန်းကို အောက်သားတို့ သိရစေခြင်းငှာ။ မသွားနှင့် ဆိုရမည့်အစား "မသွားနဲ့" ဟု၍ရှင်း။ အနို့, အနှာစသော တောသံတို့ကို ထည့်၍။ ဆောင်းပါး ရေးပါသည် ကို။ အကျိုးအကြောင်း, အဟန် အပန်, ဌာနာ ဌာန တို့ကို မခွဲခြား တတ်သော ကျောင်းသားတို့သည်။ ဆရာမှိုင်း၏ အသုံးအနှုန်းကို တုပ ပိုက်နာကြလို၍။ မြို့သားချင်း ပြောဆိုမှု စကားရပ်တို့၌ ထိုဆိုခဲ့သော "နဲ့ အနို့ အနှာ" တို့ကို ထည့်သွင်းသုံးစွဲကြသည်ကို။ ကျွန်ုပ် အစိုးရ အမှုထမ်းစဉ်က တွေ့ကြုံရပါသည်။ ထိုသူငယ် မလိုက်သာတို့ အတုလိုက် များရအောင်ငှာ။ ယခုအခါ၌ ရှိကြသော ကျွန်ုပ် အစရှိသော သူငယ် လူလတ်တို့မှာ ထီးနန်းကို မှီလိုက်သူများ မဟုတ်ပါ။ ထိုသို့ မမှီလိုက်သော ကျွန်ုပ်တို့သည်လည်း အရှင် ၂ ပါး ရှိစဉ်က ထီးသုံး။ နန်းသုံး။ မန်း သုံး စကား များကို မှတ်သားရအောင်ငှာ။ ဆရာမှိုင်းကြီးသည်။ မန်းမြို့ ဇာတိအနေမှ အလား အံဝင်ရသဖြင့် ယောကီ ပုဂ္ဂိုလ် တောသိမ်၍ နေဟန်။ ဆရာမှိုင်း၏ သံအညီးကပ်သော တ ည့်မတို့ကိုလည်း။ အမရပူရ။မန်းငွာနစသော ပုတို့ အနေထားလျက်။ ဤဂဠုန်ပျံ့ဋီကာကို အစပြုပြီးလျှင်။ စခန်းသစ် လမ်းသစ် မန်းစစ်စစ် စကားသွားများကိုသာ ရေးသားစေလိုကြောင်း။ နောက်နောက် ဆောင်းပါးများမှာလည်း ရပ်ကြီးပြည်မ မန်းငွာန စကားသုံးများကို ရေးသားပြသစေလိုကြောင်း လျှောက်ထားပါသည်။

ဖိုးစိန်။

၀ ၀ ၀

ကျွန်ုပ်တို့သည်။ ဤအသက်ကြီးကြီး အမြွက်မျှသော မိုးကြီးတွဲ ဂါထာများကို။ ဟောလားပြောလားလုပ်ပြီးသည့်နောက်။ ဆက်လက် ပြောဆိုသည့်မှာ။ အိုတပည့်မ အပေါင်းတို့။ ရှင်း မိုးကြီးတို့၏ ဥဒါ ဟရုဏ်ကို။ "ဂဠုန်ပျံနီဒေါ်နီး၌။ တခမ်းတနား။ ဟောကြားနေလျှင်။ "အဝန်းကျယ်၍။ အလယ်လတ်" ဆိုတာလို ဖြစ်ကုန်လိမ့်မည်။ ။ ဖြစ်ရကား။ ရေးသားတော်မူလတ္တံ့သော ဂဠုန်ပျံစာကိုယ်တိုကျမှ။ သာ့ ဘာ့သေချာ။ အဆိုပါ မိုးကြီးတို့ အကြောင်းကို။ ခတ် ကောင်း ကောင်း ဟောတော်မူမည်။ ။ဤအခါကာလ။ ပျင်းလည်း ပျင်း တော်မူသဖြင့်။ အစတပါး ပြောင်းသွားကွယ်လွန်ရှာသူ။ ကျုပ် တို့၏ တည်ရင်းချာ။ အကာရင်းစစ်ဖြစ်ကြီး ဖြစ်ပေသော။ ပြည်ထဲရေး ဝန်ကြီးချုပ်။ "မောင်မေအောင်" လှူဒါန်းခဲ့သော ရခိုင် ရာဇဝင်နှင့် ရခိုင် မင်းသမီး ချောင်းများကို။ အသွားလေးလေးနဲ့။ ဖြေးဖြေး ကလေး အတွေ့ ပြီး။ အရာတပါး။ ကြားနာတော်မူလိုသည်ဟု အမိန့်ရှိ ရကား။ အပ တော်မြဲ ပုညဝတီက။ အနှီ အောက်ပါအတိုင်း တတ်မြဲ ချေတမုံ့။

ရခိုင်ရာဇဝင်၏ ကောက်နုတ်ချက်။

စောမွန်ကြီး၏ သားတော် နန်းကျကြီးသည်။ မြောက်သား တော် စောကိုမည်နှင့် အကိုသိက်ခံ၍။ သက္ကရာဇ် ၆၃၁ ခုတွင်။ ပြည် စည်းစိမ်ကို စိုးအုပ်တော်မူလေသည်။ ။ထိုမင်း၌ မိဘုရားကား။စတို မည်လည်း တယောက်။ စောပဒုမ္မာလည်း တယောက်။ စောမင်းဘွား လည်း တယောက်။ စောဖြူလည်း တယောက်။ ပေါင်း မိဘုရား ၄ ယောက် ရှိသတည်း။ ။မိဘုရား စောမင်းဘွားတွင်ကား။ မင်းစည် မင်းမျိုး ဟူ၍ သားတော် ၂ ယောက် ရှိသတည်း။ ။မိဘုရား စောပဒုမ္မာတွင်လည်း။ ဝိမလာစန္ဒာ။ စောသဟာ။ စောမယ် ဟူ၍ သမီးတော် ၃ ယောက် ရှိသတည်း။

ထို မင်းနန်းကျကြီးသည်ကား။ ကုသိုလ်ကောင်းမှုလည်း မပြု။

ပြည်၌ ဈေးခွန်။ ကင်းခွန်။ ဆိပ်ခွန် တို့ကိုလည်း။ ရှေးကောက်ရိုးထက် တိုး၍။ သည်းထန် ပြင်းပြစွာလျှင် ကောက် ငင် ဘိ သော ကြောင့်။ တိုင်းသူပြည်သား လူအများတို့သည်။ မငြိမ်မသက်။ သူဌေး သူကြွယ် သူဝတို့ထံ။ များစွာ လုယက်ဖျက်ဆီးကုန်သိမ်။ ကောက်ငင်သော အခွန်အတုတ် ပစ္စည်းပယ် ပရိက္ခရာတို့ကို။ ထိုကြံအစွာသို့ချည်း သွင်းလေကုန်၏။ ။မင်းမျိုးမင်းနွယ်တို့ကိုလည်း။ချစ်ခင်မြတ်နိုးခြင်း မရှိ။ ညှဉ်းဆဲကလူ နှိပ်စက်မှု၍။ မှူးမတ်စသော အသည်အလာ သား တို့ကိုလည်း။ အတင်း အဓမ္မဘမ်းဆီး၍။ နန်းတွင်းသို့ချည်း သွင်းလေ ကုန်၏။ ။ငယ်သား ဆင်းရဲသူတို့ လုပ်ကိုင်သော ပေါ်၊ ကောက်ပင် အသီးအနှံတို့ကိုလည်း ဖျက်ဆီး၍။ ဆင်စာ မြင်းစာချည်း ထမ်း၍ ကျွေးလေကုန်၏။ ထိုသို့သောကြောင့် တိုင်းပြည်သူ တို့သည်ကား။ ဆင်းရဲဒုက္ခဖြစ်ခြင်း။ ရွာပေါ်တော်မှုတ်ခြင်းသည် ဖြစ်၍။ တိုင်းပြည် နေနှင့် စနင်း အလွန်လျှင် မျက်လိုမှန်းထားသတ်ကြ ကုန်သတည်း။

ထိုသို့ ပြည်သူတို့သည် မျက်လိုမှန်းထားသောအဖြစ်ကို သိလေ လျှင်။ အလွန်ကြောက်ရွံ့စွာ၏။ ၍။ တိုင်းနိုင်ငံအလုံး ယ်။ မင်းနေ မြို့က စသော ရွာကြီးရွာငယ်တို့၌။ပေါ်ဟင်းသင်စရာ ငယ်တစင်းမျှ မရှိရအောင်။ တျင်းတျင်းကုန်အောင် စီစစ်လျက်။ နန်းတော်တွင်းသို့ သွင်းလေ၏။ ။အရိယာသူမြတ်တို့ ကျောင်းဝ ည်း။ ခေါင်းရိုတ် ရာ သင်တုံးခေါ်းမျှ မရှိရအောင် စစ်ဆေးသွင်းလေသောကြောင့်။ ရဟန်းတို့လည်း သိတင်းအတိတ်သို့ရောက်လျှင်။ နန်းတော်တွင်းကသော သင်တုံးခေါ်းငှား၍ချည်း ခေါင်းရိုတ်ရကုန်၏။ ။ထိုအခါ။ စိတ္တနာဂရ ဟူသော ရှင်ငယ် ညီအစ်ကို ၂ယောက်သည်။ ကျေးဇူးပညာအတတ် ကို။တိုင်းပြည်လည်းယတ်ရှာကုန်၏။ ထိုအခါ ငယ် စိတ္တာခိုရ်တယောက် သည်လည်း။ ဗျိုင်းတိုင်အောင်၏ သေနံမှ တောင်ရွှေထက်ဝယ် နေလှာ၍။ ထိုစိတ္တာခိုရ်ကား။ ရေကို သုံးစွဲလိုသောအခါ၌။ ဖူးတောင်း သော စေလိုက်၏။ ထိုဖူးတောင်းသည်ကား။ အသက် ရှိသကဲ့သို့ ရွေ့တရွေ့ သွားလေ၍။ ရေရှိရာသို့ ရောက်လျှင် ငုပ်လေလျက်။ ပြည့်မှသာ တက်ပြန်သတ်၍။ ထိုစိတ္တာခိုရ် အထံသို့ ရောက်လေ၏။ သို့ချည်း အလားအလာ စေသည်ကို။ တရံသောအခါ၌ ရှင်ငယ်တို့ လေသော်။ ဤဖူးတောင်းသည်ကား။ အလွန်သောဆရာကြီးတို့၏

တမန်တည်းဟု၊ ဖူးတောင်းနောက် အစဉ်အတိုင်း လိုက်လေသော်၊ ဆရာ ဝိဇ္ဇာဓိုရ်ကို တွေ့လေ၏။ မြေ ၂ ဘက်ကို ဆွဲကိုင်လျက်။ သခင်ဆရာမြတ်သည်။ အကျွန်ုပ်တို့၏ အသာအရာကို တည်၍လျှင်။ အထူးထူး အပြားပြားကို အန်ဆဲတတ်သော နှာနှာရှုပ် အတတ်ကို သင်ပါဘိဟူ၍ တောင်းပန်လေသော်၊ မှင့်မပြုဘဲ နေလေသောကြောင့်။ ရှင်ငယ်တို့ကား။ အသယ်လတိုင်အောင်လျှင် မြေလက်ဆုပ်နယ်မြင်းကို ပြု၍ စားလေ၏။ ထိုသို့ စားများမှ ဆရာဝိဇ္ဇာဓိုရ်လည်း နှာနှာရှုပ်အတတ်ကိုသော်ကား ငါမပေး။ နတ်ဘီလူးကို မြင်နိုင်သော မျက်ကွင်းဆေးကို ပေးအံ့။ ထိုဆေးကို မျက်စိမှာ ကွင်း၍ ကြည့်သော်လျှင်။ ကြင်နတ် ဘီလူးတို့ကို မြင်အံ့။ ထိုအခါကို တိုလိုသော အတတ်ကိုသောင်းပါလေဟူ၍။ မျက်ကွင်းဆေးကို ပေးလိုက်၏။

ထိုသို့ နှာရေ တို့လည်း ဆရာမြတ်သည် မျက်ကွင်း ဆေးကို ပေးလိုက်သည်ကား။ ဘီလူး တို့ကို မြင်ကာမျှသာ ဖြစ်သည်။ အတယ်ကို အကျွန်ုပ်တို့အသိမှု၍ ရအံ့နည်းဟု ဆိုပေသော်။ ယက္ခသိန္နေဟာမန္တန်ကို ပေးလိုက်၏။ ။ရှင်ငယ်တို့လည်း ထိုမျက်ကွင်းဆေးကို မျက်စိထွင်ကွင်း၍ လှည့်ပတ်လျက်ရှာကြည့် လေသော်၊ လောင်းကြက်မြို့အရှေ့ဖြစ်သော ခေါင်းလောင်းစွဲတောင်၌။ ခအောင်းပင်ကြီးတွင် ဘီလူးကိုမြင်၍ ခသော်။ နေရာသို့ပြန်လေ၍။ ဝက်ကြီးတခုကို ဖုတ်ကင်လျက်။ ခအောင်းပင်ရင်းသို့ ချဉ်းကပ်လေပြန်သော်။ အစာကျွေးလျက်။ ဘီလူးကိုခေါ်၍။ နှာနှာရှုပ်အတတ်ကို တောင်းလေ၏။ ထိုဘီလူးလည်း။ ကိုယ်တို့ ငါ့ကို အဘယ်အကြောင်းနှင့် မြင်သနည်းဟု မေးလတ်သော်။ ရှင်ငယ်တို့လည်း မျက်ကွင်းဆေးဖြင့် မြင်သော အဖြစ်ကို ပြန်ပေ၏။ ဘီလူးလည်း ထိုသို့သော နှာနှာရှုပ်အတတ်ကို ငါမတတ်။ ဤအဌနနဒီ မြစ်တဘက်မှာ လက်မဝ၌ ညောင်ပင်ကြီးသည်ရှိ၏။ ထိုညောင်ပင်၌ နေသော ဘီလူးသည်သာလျှင် တတ်သည်ဟု ဆိုပေ၏။ ရှင်ငယ်တို့လည်း ဘီလူးညွှန်လိုက်သည့်အတိုင်းလျှင်။ ယခင်ကဲ့သို့ ဝက်ကြီးနှင့်သေအိုးတို့ကို ထမ်းလျက်။ လက်မဝ ညောင်ပင်ရင်းသို့ ချဉ်းကပ်ပြီးသော်။ အစာကျွေး၍ ခေါ်မြဲခေါ်လေသော်။ ဘီလူးလည်း မြင်လေလျှင်။ အဖြစ်ကိုမေးမြဲမေးလတ်တည်း။ ထိုသူတို့လည်း။ မျက်ကွင်းဆေးဖြင့်မြင်သော အကြောင်းကို ပြန်ပေ၏။ ထိုဘီလူးလည်း

ငါမှကား မတတ်။ မြို့ပြင်းတိုင်တောင်ထက် ဥမင်ဝယ် ထိန်ပင်ကြီး လည်း ရှိ၏။ ထိုထိန်ပင်ကြီး၌နေသော ဘီလူးမကြီးသည်လျှင် ထိုအ တတ်ကို တတ်၏ဟု ညွှန်လိုက်တော့၏။

ထိုရှင်ငယ်တို့လည်း။ ထိုညွှန်သော အတိုင်း လည်းကောင်း။ ဝက်ကောင်။ သေအိုးကိုထမ်းလျက်၊ ထိန်ပင်ရင်းသို့ ချဉ်းလေကုန်၏။ အစာကျွေးလျက်ခေါ်၏။ ခေါ်လေသော်၊ ဘီလူးမလည်း မြင်သည် အဖြစ်ကို မေးမြန်းမေးမြန်းလေလျှင်။ ရှင်ငယ်တို့လည်း မြင်သော အဖြစ် ကို ဆိုမြဲဆို၍။ တောင်းမြဲတောင်းလေသော်။ ဘီလူးမလည်း ငါသော် ကား တတ်သည်ဟုတ်သည်း။ ငါတို့ဘီလူးမသည် လူမျိုးကျွဲကို ပေးအပ်သောငှာ မတတ်စွာတည်း။ ကိုယ်တို့လိုသော်ကား ငါ့မောင် အကြီးဖြစ်သော ဘီလူးမင်းသည်။ ချိတ်ချောင်းထဲသို့ဝင်၍ လေးတော့ မော်တွင် ညောင်ပင်ကြီးရှိ၏။ ထိုညောင်ပင်၌နေသော ဘီလူးမင်း အထံသို့ သွား၍ တောင်းပါလေဟူ၍ ညွှန်မြဲညွှန်လိုက်တော့၏။

ထိုရှင်ငယ် ညီနောင် ၂ ယောက်လည်း။ ယခင်က ထဲသို့ ဝက် ကောင် သေအိုးတို့ကို ထမ်းပြီးသော်။ ချိတ်ချောင်း ညောင်ပင်ရင်းသို့ ချဉ်းလေ၍ အစာကို ကျွေးလေသော်။ ဘီလူးကား မရှိ။ ဘီလူးမသာ လျှင်။ အဘယ်အလိုရှိသနည်း။ ငါတို့ကို အဘယ်ကြောင့် မြင်သနည်းဟု အ ကြောင်းကို မေးသော်။ ထိုသူတို့လည်း မျက်မှောက်၌ ဆေးဖြင့် မြင် သောအဖြစ်ကို ဆို၍။ အတတ်သင်လာသော အကြောင်းကို ပြန်ပေ သော်။ဘီလူးမကလည်း။ ငါ့လင်ကား ပင်လယ်နားသို့ ခရု ဂဏန်း သားငါး ရှာအံ့သောငှာ သွားလေ၏။ ထိုကပြန်လာမှသာလျှင်။ လာ လတ်ဟုပေးသော်။ ရှင်ငယ်တို့လည်း။ ဝက်ကောင် သေအိုးတို့ကို ထမ်း ယူ၍ ပြန်လေအံ့သော အခြင်းအရာကိုပြုသော်။ ထိုဘီလူးမ၏ သား ဖြစ်သော ဘီလူးငယ် နှစ်ယောက်တို့ကား အစာကို တေးချင်သော ကြောင့် မသွားစေရက်၍။ ထိုရှင်ငယ်တို့ကို ချုပ်ကြောင်းလျှင် အမိ အား ပူဆာ၏။ ဘီလူးမလည်း သားတို့၏စကားကို မလွန်နိုင်၍ ငါ့ သင်ရောက်ရုံနေဦးဟူ၍ ချုပ်ပြန်လေသော်။ ရှင်ငယ်တို့လည်း ငံ့၍ နေ သော၏။

ထိုဘီလူးသည်။ ခရု ဂဏန်း သားငါးတို့ကို များမြောင်စွာ ဆောင်ခဲ့လျက်လာလတ်သည်ကို။ ရှင်ငယ်တို့ မြင်လေ၍။ ထိုဘီလူးကို

အကြောင်းဆိုပေသော်။ ဘီးလူးလည်း နာနာရုပ် အတတ်ကို မပေးလို
၍။ ငြိမ်းမောင်းလေ၏။ ရှင်ငယ်တို့လည်း။ ဝိဇ္ဇာဓိုလ်ဆရာ ပေးလိုက်
သော ယက္ခသိနှေတမန္တန်ကို ရွတ်လေလျှင်။ ဘီလူး၏ အမျက်လည်း
ပြေလေ၏။ ၍။ သားငယ်တို့နှင့်မယားလည်း။ အစာကို စားလိုသော
ကြောင့်။ အပန်းကြီးစွာ ရေးနည်းပြုလေ၏။ ဘီလူးလည်း မန္တန်၏
အာနုဘော်ဖြင့်လည်းကောင်း။ သား မယားတို့ ရေးနည်း ပြုသဖြင့်
လည်းကောင်း ဝန်ခံလျက်။ အစာကိုဝစွာစားလေ၏။အဆုံးပြီးမှဘီလူး
မှကား။ ဤသို့ဆိုလတ်တည်း။ ။ဟယ် ရှင်ငယ်တို့။ ကိုယ်တို့ကား
ခံခက်စွာသော နာနာရုပ် အတတ်ကို လိုသည်ဟုတ်တည်း။ လူသားတို့
မည်သည်ကား။ စိတ်ဝမ်းလောင်လင်သည် ဖြစ်သောကြောင့်။ ငါ့
အတတ်ကို မြွောက်လေလျှင်။ မကောင်းမှုအရာကို ကျင့်သည်ရှိက။
ငါလည်း အပြစ်ယူလသားရအံ့သည်ဟူ၍ ဆိုပေသော်။ရှင်ငယ် တို့လည်း။
အတတ်ကိုသင်ပေးပါ။ မကောင်းမှုကို ငါတို့ မကျင့်ဟုပြန်လျှင်။ဂတိ
သစ္စာ ပြုလျက်ကျိန်တွယ်စေပြီးမှ။ နာနာရုပ် မန္တန်ကို မြေကြီးဝယ်
ရေးလျက် သင်ပေးလိုက်၏။

ထိုစိတ္တနာဒုဝဟူသော ရှင်ငယ် ညီအစ်ကို ၂ ယောက်လည်း။
ထိုအတတ်ကို တတ်မြောက်လေလျှင်။ သူ့အိမ်သူ့ယာတို့ကို ဖြစ်မှား
လေ၏။မင်းကြီးနန်းထဲ ဘုံဝယ်မိဘုရား ၄ ယောက်စုံကိုလည်း ဖြစ်မှား
လေ၏။ ထိုသို့ ဖြစ်မှားခြင်း များလတ်သော်။ မိဘုရား ၄ ယောက်
တွင်ကား။ စေဘဒုမ္မာမည်သော မိဘုရားသည်။ မင်းကြီးလာလတ်သော
အခါ ဤသို့ဆို၏။ အရှင်မင်းကြီးကား။ ရှေးဦးကာလနှင့်မတူလျှင်းတဲ့။
ယခုကား အရောက် အပေါက် များလွန်းစွ တကား။ အသို့လျှင်
ဖြစ်သနည်းဟု နားတော်လျှောက်ပေသော် မင်းကြီးလည်း ငါကား
၄ ပါးစုံသော မိဘုရားတို့ကို အမျှသာ အသွားအလာ ပြုသည်။ ယနေ့
ရှေ့ထက်တိုးတဲ ငါမပြုစွာသတည်း။ အကြောင်းကို သိလိုသော်။
ရောင်ဆီဘော်၍ ထားပြီးသော်။ နောင် လာလတ်သောအခါ။ လက်
စုံဖြင့် ကျောက်ကိုဖက်ယမ်းကျွန်ပြု၍ ဖတ်လိုက်ဟူ၍။ မင်းကြီးသင်ပေး
ခဲ့၏။

ယို သင်သော အတိုင်းကို။ ရှင်ငယ်တို့ နောင်လာလတ်လျှင်။
ကျောက်ကုံး၍ ဟပ်လိုက်၏။ ။မင်းကြီးအား ကြားပေသော်။ မင်း

ကြီးလျှင် မိုးသောက်လျှင်။ သူငယ်တော်တို့ကို ခေါ်၍၊ အကြွင်းသူတို့၏ ကျောက်ကုံးဝယ်။ လက်ဝါးစုံ အရာနှင့်။ ရောစ်ဆိုသည် ကပ်လေ၏။ ထိုကပ်သော သူအားလျှင် ရအောင်ရှာ၍ ယူစေဟု စေလွှတ်သော အခါ၊ ထိုရှင်ငယ် ညီနောင် ၂ ယောက်တို့လည်း။ ဆောင်းလအခါ ဖြစ်သောကြောင့်။ မြို့တံခါး၏ အရပ်ဝယ်။ ကျောက်ကုံးကိုလှန်၍ မနေစလုံ၍ နေသည်ကို တွေ့လေလျှင်။ အရာခံပြီးသော် မင်းကြီး ပြလာ၏။ မင်းကြီးလည်း အကြောင်းကိုမေးသော်။ ရှင်ငယ်တို့ကား မပျက်မကွယ်လျှင်းဘဲ။ ဟုတ်တိုင်းကို ပြန်ပေ၏။

မင်းကြီးလည်း ထိုစကားကို ကြားလျှင် တတ်ချင်သော သဘောကြောင့် အာသာဆန္ဒသော ဖြစ်လတ်၍။ အဆံချည်၍ အမှတ် စောင်းမာန် မရှိလျှင်းဘဲ။ ထိုအတတ်ကို သင်ကြားပေးရသောလျှင် ရှိသော့ တောင်းပန်လေ၏။ ရှင်ငယ်တို့လည်း မင်းကြီးအတတ်ဆင်၍ တတ်မြောက်လေလျှင်။ ငါတို့အား ကာပြန်လတ္တံ့ပြီတည်း။ ထို ကြောင့် ငါတို့ သင်အုံသောငှာ မဝံ့ဟု ဆိုပေသော် မင်းကြီးကား အတတ်ကို သင်သာသင်ပေါ်ဘိ။ ဆရာတို့အား ငါ မမြဲမွားဟု ကြီးစွာ သော သစ္စာကို ဆိုပြီးမှ၊ ချွန်အပ်သရွေ့သော အတတ်ကို ချန်၍၊ သင်အပ်သရွေ့သောအတတ်ကို သင်ပေး၏။ မင်းကြီးလည်း ထိုရှင်ငယ် တို့ကို ဆရာဟူ၍ မှတ်လေ၏။ ရှင်ငယ်တို့သည် မြို့ငယ်တိုင်တောင်၏ ဒသန်မှ။ ဆရာ နေခဲ့သော တောင်မှုံးထက်၌ နေလေ၏။

တရံသော အခါ၌။ ထိုနန်းကျ ကြီးမင်းသည်။ အမတ်စည် သာင်ဝယ်။ဖန်နီလာ ဟူသော သမီးရှိသည်ကို မင်းကြီးက တောင်း ယတ်သော်။ တင်းတိမ်အထယ်များစွာကာ၍။ ကျွန်ုပ် သမီး ကျောက် ခပ ါက်လျက် ရှိသေးသည်။ ကောင်းမှ လက်ရအောင်တော် ဆက်မည်ဟု လျောက်လိုက်၏။ မင်းကြီးလည်း အကယ်ထင်၍ နေလေ၏။ ။ သည်သာင်လည်း၊ ညဥ့်အခါသူကောင် တခုကို ယူခဲ့ပြီးသော်။ သမီးကို ဘားတွင်းကြီး တူးလျက် ဝှက်၍ ထားလေ၏။ ထိုသူကောင်ကိုကား သမီးအိပ်သော အခန်း၌ သိုက်၏။ ကျောက်အနာကြောင့် သမီးသေခဲ့ သည်ဟု ငိုယိုကျွန် ပြလျက် ဖုတ်ကြလေ၏။

အမတ်ကြီးစည်သာင်ကား။ကာလရှည်မြင့်လတ်လျှင်။မင်းကြီး သည် မေ့လျော့လေပြီဟု။ အမတ်ကြီး ၀ ကျော် နန်း ထူ သားနှင့်

ထိမ်းမြားလေ၏။ ထိုထိမ်းမြားသော စည်သံ ပတ်သံကို မင်းကြီး ကြားလေလျှင်။ ဤစည်သံ ပတ်သံကား အဘယ်ကြောင့် တီးသနည်းဟု မေးလေသော်။ အမတ်တော် လကျာ်နန်းသူသားနှင့် အမတ်တော် စည်သဘင်ကြီး သမီး ထိမ်းမြားသည်ဟု လျှောက်လေလျှင်။ မင်းကြီးက […] ငါ့သို့သော မင်းစင်ကို။ ဤသို့လျှင် မြက်ဒုက်လေအံ့တကားဟု ပြ[…]သော မာန်တော်သည် ဖြစ်လေတ်၍။ စည်သဘင်ကြီးနှင့် လကျာ်နန်းသူကိုလည်း၊ တွားတွားညက်ညက် ဖျက်ဆီးလေ၏။ စည်သဘင်ကြီး သမီး […]နီလာကိုလည်း။ မင်းဝယ် ကိုယ်လုပ်တော် တင်လေ၏။ ။ မင်းလည်း[…]ဤနေ့မှသည်။ ငါ့ကို မပန်ဘဲ စည်မောင်း မတီးစေရဟူ၍ မြွက်လေ၏။ […]ထိုနေ့က စ၍ မင်းကိုပန်မှ စည်မောင်းတီးရလေ၏။

စည်[…]ဘင်နှင့် လကျာ်နန်းသူလည်း။ အလွန် ရှက်လှနိုးသော ကြောင့်။ မင်း[…]ကြီးကို ဖျက်ဆီးလိုလှသဖြင့်။ မူး မတ် ပြည်သူတို့နှင့် ညီညွတ်ပြီးသော[…] စိတ္တ၊ နာရေးတို့ကို ရှာလေ၍ ရပြီးသော်။ များစွာသော တံဆိပ်[…]ကို ပေးပြီးမှ။ အကြိမ်များစွာ တောင်းပန်လေသော်။ ရှင်ယေ[…]လည်း ဝန်ခံ၍။ တောင်ပြုမှသည် လိုက်လတ်၍။ အမတ်ကြီး စည်သ[…]င်အိမ်ထက်သို့ တက်လေပြီးသော်။ သစ္စာစကား ဖွဲ့ချည်ပြီးလျှင်။ လေ[…]င်းကြက်မျှိတဘက်ဖြစ်သော ပေါင်းတုတ်များ ဝယ်။ ကျဲမှိုင်းရောက်[…]သည်ဟု။ မင်းကြီးအား။ အသံမိလေစေသော်။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာ။ ဤနေ့လျှင် ပွဲမြင်အံ့သည်ဟု သေရည်သေရက်တို့ကို[…]သောက်ခဲ့လျက်။ဆင်ယာဉ်စီး၍ထွက်ယဉ်တည်း။

ထိုတောင်သို့ ရောက်လာလျှင်။ ရှင်ယေညီနောင် ၂ ယောက်သည်။ ကျဲမှိုင်းယောင်ဆောင်လျက်။ နှစ်ချပြိုင်လျက် ရပ်နှင့် လေ၏။ မင်းကြီးလည်း ထိုကျဲနှိုင်[…]ရှ ၂ ခုကို မြင်လျှင်။ ထိုရှင်ယေတို့မှ ဝန်ကို သိ၍ ကြောက်လန့်စွာသဖြင့် ကျေးအယောင်ဖြင့် ပျံထွက်လေ၏။ ။ ရှင်ယေ ၂ ယောက်လည်း စွန်ယောင် ဆောင်၍ လိုက်လေ၏။ မင်းကြီးလည်း စွန်ရုပ် ငှက်ဆောင်၍ ပျံထွက်လေ၏။ ။ရှင်ယေ ၂ ယောက်လည်း သိန်းရုပ်ဘန်ဆင်း၍ လိုက်လေ၏။ ။ထိုသို့အစဉ်အတိုင်း လိုက်လေ၍ မလွတ်သာမှလျှင် တောသို့ဝင်၍ တောသွားယုန်ကို ဘန်ဆင်းလျက် ပြေးလေ၏။ ရှင်ယေတို့လည်း ကျား ၂ ခုအဟန် ဘန်ဆင်း။ မင်းကြီးလည်း မလွတ်သာမှသာလျှင် ကျား၏

အယောင်ဆောင်၍ ပြေးပြန်၏။ ။ရှင်ငယ်တို့လည်း ဆင် ၂ စီး အယောင်ဖြင့် လိုက်လေကုန်၏။ မင်းကြီးလည်း မလွတ်သာမှ ရွာတွင်းသို့ ချဉ်းလေတုံ၏။ လူအယောင်ဖြင့် လူအလယ်သို့ ဝင်လေခါမှ။ ရှင်ငယ်တို့လည်း လက်နက်ဖြင့် ခုတ်မိလေလျှင် မင်းကြီး၏ လကျ်ာနားပြတ်လေ၏။

ကြောက်လန့်တကြား ဖြစ်၍။ ငှက်အယောင် ဘန်ဆင်းလျက် ခန္ဓဝါဒ ဟူသော ဆရာ့ကျောင်းသို့ ပြေးဝင်လေလျှင်။ ဆရာ အကျွန်ုပ်အား တားပါဘိ ဟူ၍ ဆရာကို ဘက်လေ၏။ ဆရာလည်း ဘက်သောလက်ကို ဆုတ်ဆုတ် ဟူ၍ ကန်လင့်၏။ မင်းကြီးကြမ်းကြုတ်ယုတ်မာသောကြောင့်။ ငါတို့ကျောင်းဝယ် သင်တု ့ခေားမှ မရှိ။ အဘယ်လက်နက်နှင့်လျှင်။ ငါတို့ တားအံ့နည်းဟု ဆိုပေ၏။ နားဦ ယိုသော သွေးကို သုတ်စရာမျှ ပေးပါဘိဟု ဆိုသော်လည်း။ မင်းကြီးသည် ပြုကျင့်ခြင်းကြောင့် ကျောင်းဝယ် ဆီမီးဝယ်၊ ကွမ်းသုပ်ပုဝ မျှ မရှိ။ အဘယ်ကို ပေးရအံ့နည်းဟု ဆိုပြီးမှ။ မတားဝင်အံ့သည်ကို သိ၍။ မိမိ၏ ကောင်းမှုဖြစ်သော ဘုရားဂူထဲသို့ဝင်လေ၏။ ထံခါး ...ပ်၍ နေလေသတည်း။

ရှင်ငယ် စိတ္တ၊ နာရဒတို့လည်း။ မင်းကြီးတ...း ဂူထဲမှထွက်အံ့ ...သော။ မင်းကြီး၏ ကောင်းမှုကိုတည်း မီးတိုက်ရမည်လောဟု ဆိုလေ ...သော်။ ငါ့ကောင်းမှု မပျက်ပါစေနှင့်။ ငါ ထွက်မည်ဟု ဆို၍ လကျ်ာ ...းမှ ယိုသော သွေးကို လကျ်ာ လက်ဝါးဖြင့်လည်းကောင်း ခံလျက်။ ...ရားမြတ်စွာ၏ လကျ်ာပေါင်တော်၌။ လက်ဝါးဖြင့် ဟပ်ပြီးသော်။ ...သို့ မိန့်ဆွာန်လေ၏။ “မြတ်စွာဘုရား။ အကျွန်ုပ်သည် ဤမြည်၌ ...နှလည်းကောင်း မင်းဖြစ်ပြန်၍။ ဤအကျွန်ုပ်ရန်သူတို့၏ မျိုးဆွေ ...သော အပင်းအသင်း အလုံးစုံတို့ကို ကြေပြန်လျှင်းအောင် သတ်ရ ...မှလျှင် အကျွန်ုပ်လိမ်းကျန်ခဲ့သော လကျ်ာပေါင်တော်ဝယ်။အကျွန်ုပ် ...ုးသည် ကြေစေပျောက်စေသတည်း” ဟု မိန့်ဆွာန်ခဲ့သော အဆုံးမှ ...ပ်ခဲ့၍ အသက်ခံလေ၏။ရှင်ငယ်တို့လည်း သတ်ပြီးသော်။ ဥကျောင်း ...ည်သဘင် လက်တွင်း နှင်းလေ၏။ ။ထိုနန်းကျကြီးကား အိမ် ... ၁၁ နှစ်။ စည်းစိမ် ၄ နှစ်။ သက်တော် ၃၅ နှစ်တွင် လွန်တော် ...ာ၏။

ထိုနောက် အမတ်ကြီး စည်သာင်နန်းတက်သည်မှာ ၆၃၄ ခု
တည်း။

ရခိုင်မင်းသမီး ချေင်းမှ ကောက်နုတ်ချက်။

(၂၃) ဧ-ခပိမ့်သံချေ။ မိမြို့တောက်။ စေ့ ရေမိခင်။ ပြောပါ
ချင်ထူ။ တေးခင်ကြီးစွာ။ အရှေ့လော်မဘလျှင်။ တည်လှာလောင်းကြက်။
ထိုမြို့ဆက်၍။ မြို့ရွှေကြမြန်ကျူး။ ခြောက်ယောက်ဆုံးတွင်။ တချီးကြ
သီး။ နန်းကျကြီးကာ။ မီးထက်မကျ။ ပြည်ပမြည်တွင်း။ ခေါ်တစင်းမျ
မရှိရတည့်။ ကျနကောက်ဝေ။ ပုဆာအာင်နှင့်။ ဆော့လင်နှစ်မည်။ အမိ
ထောင်ချည်သား။ စည်သာင်ကြီး။ သမီးလှစွာ။ ဖန်နီလာကို။ အာသာ
ငက်ငက်။ ဝေါဘာမက်၍။ ရက်ရက်ယူပြီး။ မတ်ကြီးခေါင်ဖျား။ အ
နှစ်ပါးကို။ ကြီးထားကြီးစွာ။ ဖျက်ဆီးရှာသည်။ ။မိစ္ဆာကျင့်သည်
ညှုးတည့်လေ။ ။ညှုးတည့်မှောက်တော်။ ဟုတ်တည့်ခြော်။ ။
မတော်ကျင့်သစ် ကြွင်ချစ်လင်မိုး။ ဇနီးသည်လျှာ။ ဖန်နီလာကို။ ခွ
ယူပြီး။ မတ်ကြီး စ်ဆု။ အကိုမူလည်း။ အပူအဆာ။ ဖျက်ဆီးရှာ
သည်။ ။မိစ္ဆာတ ဘွဲ့မှောင်ထက်မှေး။ ။လေည်းယင်ယင်။
(၂၄) ဧ-ပိမ့်ပြတ်ပြတ်။ ကျူးရေရှုတ်အံ့။ ထိုမတ်နှစ်ပါး
ငြိုးသိုထား၍။ ဆေး ါးမန္တန်။ ထက်ပွန်အနှ။ ဇော်ဂီဝိဇ္ဇာ။ ပညာစီရင်
အယ်သူအင်သား။ ရှာ်ငယ်စိတ္တ။ နဂါးရာကို။ မိဘုရားဖြစ်။ ရလစ်
သတ်။ ဆရာမှတ်၍။ ကြည်ညွတ်ရှိသေ။ တောင်းပန်လေမှ။ တွေ
လာလာ။ နဒ္ဓနာရုပ်ယာန်။ အန်အန်ဆင်းဆင်း။ လိုက်လေလျှင်း၍
လွတ်ခြင်းမထင်။ ဂုထဲဝင်လျက်။ ရှင်တော်ရုပ်တု။ ကိုယ်တော်မှုတွင်
မြူသည်အစွာ။ အစီဋ္ဌာကြောင့်။ ယင်းခါကာဝယ်။ မြှောက်စားနှယ်၍
နှစ်ဆယ်နှင့်ခွေး။ နန်းထက်ဝေးမှ။ ရှင့်ဘေးတော်မင်း။ ရှင်ရင်းတွ
သာ။ သွေးလက်ရာမူ။ ရှည်ကြာဟူသည်။ ။နတ်လှအံ့မိန်းမူးတ
ဗေလ။ ။မူးတည့်မှောက်တော်။ ဟုတ်တည့်ခြော်။ ။ငှေသော်
ကျိုင်။ မြူရိုပ်ဖွေးဖွေး။ နှစ်ယောက်ဝေးမျှ။ ရှင့်ဘေးတော်ချစ်။ မ

ခေါင်ဖြစ်မှ။ ။ကြေလစ်တည့်လက်ရာသေး။ ။လေညီးယင်ယင်၏။
ယင်းဆိုလျှင်။ အကြောင်းဇဉာဏတီရဒိုင်ပြည်ကြီး၏။ အတီးကာ
လ။ ပေါ်ရာကာရာဇဝင်အဆိုအမိန့်တို့နှင့်။ ချီဆိမ့်လှစွာသောချေင်း
ကာဗျာ လင်္ကာများကို ကြားနာတော်မူပြီးနောက်။ "ဒီတပဲ မတို့။ဤမျှ
လောက်သော နိဒါန်းဖြင့်ပင်။ ဆုံးခန်းတိုင် ရောက်ကြဦးစို့ ရဲ့။ ။
လာလတ္တံ့သော ရွှေအပတ်ကာစ၌။ ရသော မြတ်ယောဂီသည်။ ဤမည်
သော ဂဠုန်ပျံဒီပနီ ဋီကာစာကိုယ်ကို။ မဟာပြဟ္မစိုရ် ဓမ္မာသရေ
ဖြင့်။ အညာတာခိုမှာ သဘောကျလောက်အောင်။ ဟောပြတော်မူမည်
သတည်း" ဟု မိန့်တော်မူလေ၏။

ဤတွင်ရွှေ ဂဠုန်ပျံဒီပနီ ဋီကာနိဒါန်းကြီးပြီး၏။

# ဂဠုန်ပျံဒီပနီ ဋီကာ

ပဏာမ ပုဗ္ဗကာ- ဂန္ထာရမ္ဘ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) အဇ္ဈာသိ,သတ္တု ဂရုဋ္ဌော။ ဥစ္စံ,ဓေ,နဂေ ါဒိတော။
ကိံသော သာ,နာဂဇံ,အန္တံ,။ နမျေတံ,န္တင် ဓေတီယံ။ ။
(ပဌမ,န ကာရ ဝိပုလာဂါထာ)။

(၂) နဝဘာဝ်(နဝင်းကြေ)ဝှ်။ ဓေသာံ,ကပ္ပံ,သ ဓါတ္တုဂ်ံ။
တဿ,ဓေ ,နဝဂ်မ္ဗိ။ ဂဏံ,နဝ,ဂုဏာဒ္ဓရံ။ ။
(ဝတ္တဂါထာ)။

(၃) မြမ္မ ရဋ္ဌေ,မျူဒီဓေ, ဓမ္မကာယိက, ပုဂ်ဓေဝါ။
သာယာဝဝ ဦးဓေညဓေယျာတိ။ ပါကဋ္ဌော တဿမာတရာ။ ။
(ဘာယ,မ ကာရ-ဝိပုလာဂါထာ)။

(၄) (ဓေါ်ပါရမီ)ဘိဓါနာသာ။ သက္ကစ္စံ, အဘိယာစိတော။
(ပထျာဝတ္တ ဂါထာဝက်)။

(၅) စစ်ကိုင်းဂုဓေယ, ဓေယျာပုခရ။ ရွှေစက်တော်,ကဿပါဒိကော။
အရညေ,ဝသန္တေသိဟိ။ ပရိဗ္ဗာဇကော စာပရော။ ။
(ဥဘယ,တကာရ-ဝိပုလာဂါထာ)။

(၆) သာသနိကော,တံ ဗာဟိရေ။ သက္ကစ္စေ,အင်္ဂိယတ္တနေ။
ဂရုဋ္ဌတ္ထံ,သမာနေတွာ။ ကထံ(ဂဠုန်ပျံ)ဒီပနိံ ။ ။
(ပဌမ,ဘ ကာရ ဝိပုလာဂါထာ)။

(၇) တံ-ပဏ္ဏတ္တ-သုတ္တိစ္စတ္တ။ သံဝေဇနီယံ, ဒွယတ္ထကာ။
ယောနိသော, သပဏ္ဏံ,ဇာယတ္တ။ မူလနိယံ, ဗဒ္ဓနာ,သဒ္ဒါ။
(တတိယ-ရ,ကာရ ဝိပုလာဂါထာ)။

ယင်းသို့လျှင်။ အကြင်“ဂန္ဓာရီပုံဒီပနီ”ဋီကာကျမ်းကြီး၏ ပြီး
ဆုံးတာရထည်။ ဤမည်သောပဏ္ဏာမပုဒ္ဓက– ဂန္ထာရမ္ဘကို။ ရွတ်ဆိုပြီး
သည်၏ အဆုံး၌။ အားလုံးအားလုံးသော တောရသူ ရသေ့မျိုးနှင့်
တကွ။ လေ့လာသူပရိုက် အမျိုးမျိုးတို့နှံ့။ ဘိုးသူတော် မယ်သီလတို့
က။ အယ်ဒီတာ့မှတ်ချက်ကဲ့သို့။ ခတ်သွက်သွက် ပစ္စုပ္ပန်ပြုပြီ။ သာဓု,
သာဓု, သာဓု ဟူသော ကောင်းချီးဩဘာသံ။ ထောမနာသံတို့မှာ။
တောဝနာ ကမ္ဘယံ ရိုပ်ခန်းနှင့်တကွ။ သောတာပန်၊ ဆိပ်ကမ်းက
တောင်။ စိတ်မှန်းလျှင် ကြားလောက်သောဟူ၏။

အိတပဲ့ မအေပေါင်း။ သူတော်ကောင်းသူမြတ်နှလောင်းတို့။
(ဘုရားမပါဘုရား,ဟူ၍။ ညီညီညာညာ ထွက်ကြစေ)။

အဲ ယခုအခါ။ အနီလို့လာရှိတဲ့။ ပဏ္ဏာမိတ်မှု၊ ပဏ္ဏာမဝန္ဒနာ။
ဂါထာတို့၏ အနက်သဘောကို။ ဆက်လက်၍ ဖော်ဇနာရမှာဖြင့်။
ဟောအနှာလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

### ပဏ္ဏာမ, ချုနက်သော်ကျား။

(၁) အတံ။ ။အကျွန်ုပ်သည်။ ဝါ၊ ၎သာဂီဆရာ။ တောမှီပါသ
ဖြင့်။ မစ္ဆတာမောင်မှိုင်းဟူ။ ချော၍တိုင်း ချောင်တိုင်း တောင်
ကိုင်းဆီက။ တိုင်းကျော်ပြည်ကျော်။ တပည့်တော်သည်။

ဥစ္စံ ၁၉ နှဂ်။ ။သာဝက, ပုဇ္ဇ။ ညာဏ်အနေမှ။ စံဖွေချင့်တောက်။
အဆင့်ဆင့် မြောက်မြောက်ပြီး။ မြင့်မောက် သျှောင်စွန်း။
အောင်တံခွန်ဟူ။ ဆောင်ညွှန်မပျက်။ သဗ္ဗညုတ ညာဏ်
တော်တည်းဟူသော ဥဒည်းတောင်ထက်သို့။ (ဤအနက်ကား။
မြတ်စွာဘုရားသို့)။ ဝါ၊ ဤသန္ဓရလောကတန်ဆောင်။ ထိန်
ထိန်ပြောင်သည်။ ထိုတောင်ပစ္စတ။ စ၍ဆောင်ညွှန်။တောင်

ခြောက်တန်ထက်။ သာဂလ္လုန်ကဲပို။တံခွန်လိုဟု။မြင်းမိုရ်အထက်။ ယုဂန္ဓိုရ် တည်းဟူသော ဥဒည်းတောင်ထက်သို့။ (ဤအနက်ကား။ သူရိယ, သနင်း နေတည်းဟူသော။ တနင်္ဂနွေဂြိုဟ်မင်းတို့)။ ဝါ၊ အဆင့်အဆင့်။ မြင့်ထက်မြင့်သား။ နေမင့်ဘုံပျံ။ ဂန္ထုန်လံကြောင်း၊ နာမံခေါ်မြွက်။ အလျှံတပြောင်ပြောင်နှင့်။ အလံတောင်ကြီး တည်းဟူသော ဥဒည်းတောင်ထက်သို့။(ဤအနက်ကား။ တနင်္ဂနွေဂြိုဟ်တည်းဟူသော ဂန္ထုန်မင်းတို့)။

ဥဒိတော ။နေ့စဉ်ရက်ဆက်။ ထွက်ပြီးထွက်၍။ တက်ကြီး တက်တော်မူသော။

သဗ္ဗံ ဂရုဓွေ ။ လှုနတ်မြဟ္မာ။ သတ္တဝါတို့ကို။ သံသရာတခွင်။ ပင်လယ်ဖြစ်မှ။ ကယ်တင်တော်မူခြင်းတည်းဟူသော။ ကြီးလေးလှ သော ဝန်ကို။ အားသွန် အန်တောင်။ ပို့ဆောင်တော်မူ တ်သော။ ရှင်ဂေါတမြတ်စွာဘုရားသည်။ (ဤအနက်ကား။ မြတ်စွာဘုရားတို့)။ ဝါ၊ ကောင်းကင်လှည့်ပတ်။ ဂြိုဟ်နက္ခတ်တို့ကို မပြတ်မပြတ်။ အထပ်ထပ် ညွှင်းဆဲပြီး။အတင်းဘဲမှုတတ်သည့် တနင်္ဂနွေဂြိုဟ်မင်းသည်။ (ဤကား။ တနင်္ဂနွေဂြိုဟ်မင်းတို့)။ ဝါ၊ နဂါးတည်းဟူသော စနေကြယ်ကို။ နေရှယ်ရောင် ဝင် ကနဲ ဝင်းကနဲဖြင့်။ အတင်းဘဲ ညှင်းဆဲတတ်သော ဂုဏ်အခြင်းရှိသော။ ဂန္ထုန်မင်း့ရဝိသည်။ (ဤအနက်ကား။ ဂန္ထုန်မင်းတို့)။

ကိလေသ နာဂဇံ။ ။တံဆောင့်ဝါးရော။ကိလေသာနှင့်။မကျွတ်မခြား။ ပမာထားလောက်တဲ့။ နဂါးမြွေကောင်ကြောင့် ဖြစ်သော။ (ဤကား။ မြတ်စွာဘုရားတို့)။ ဝါ၊ ဆီး,နှင်း, မြူတိမ်,သူရိန်,မီးခိုး။ ညစ်မျိုးငါးတွေ။ နဂါးမြွေကြောင့်ဖြစ်သော။ (ဤအနက်ကား။ တနင်္ဂနွေဂြိုဟ်မင်းတို့)။ ဝါ၊ သတ္တဝါမပင်း။ ပေါင်းတသင်းတို့အား။ မကောင်းခြင်းတည်းဟူသော ခေတ်တမ်းဖြင့်။ ညစ်နွမ်းထတ်စေ။ နဂါးမြွေကြောင့် ဖြစ်သော။ (ဤအနက်ကား။ ဂန္ထုန်မင်းတို့)။

အနို။ ။သစ္စာမျက်လုံး။ ဉာဏ်ကြီးသည်းအောင်။ ပိတ်ဖုံးဖွဲ့နှောင်။ အမိုက်မှောင်ကို။ (ဤအနက်ကား။ မြတ်စွာဘုရားဘို့)။ ဝါ။ ယောမရ။ မြွေမရနှင့်။ လောကမျက်လုံး။ အမြင်တုံးအောင်။ ပိတ်ဖုံးပိုက်နှောင်။ အမိုက်မှောင်ကို။ (ဤကား တနင်္ဂနွေဂြိုဟ်မင်းတို့)။ ဝါ။ အဟုံ ငါဟ။ ကြိမ်းဟန်ပြ၍။ သံပယုံ...။ အက်မဲ့ကြုံးလျက်။ မိုက်လုံးကြီးအောင်။ အမိုက်မှောင်ကို။ (ဤအနက်ကား။ ဂဠုန်မင်းဘို့)။

အနုဒသိ။ ။ရှုန့်ရှုန့်ထက်ထက်။ ဂဠုန်လက်သို့။ မှုံ့မှုံ့ညက်ညက်။ အသေနက်မဟဲ့လို့။ ချေဖျက်တော်မူလေပြီ။

တော်သဏ္ဍာဂရုဠ။ ။ထိုထိုအရပ်ရပ်။ ရှုနတ်ဖြိုဟူ။ ဘုရားဝါတို့ကို။ သံသရာတခွင်။ ပင်လယ်ပြင်မှ။ ကယ်ဆင်တော်မူခြင်း တည်း။ ဟူသော။ ကြီးလေးလှစွာသောဝန်ကို။ အားနှင့် အန်တောင်။ ပို့ဆောင်တတ်ငြား။ မြတ်ဘုရားကိုရှင်း။ (ဤအနက်ကား။ မြတ်စွာဘုရားဘို့)။ ဝါ။ ကောင်းကင်လည်ပတ်။ ဂြိုဟ်နက္ခတ်တို့ကို။ မပြတ်မပြတ်။ အထပ်ထပ်သွင်းဆဲ၍။ အတင်းဘဲ မေ့တတ်ချေတတ်သည့်။ တနင်္ဂနွေဂြိုဟ်မင်းကိုရှင်း။ (ဤအနက်ကား။ တနင်္ဂနွေဂြိုဟ်မင်းအတို့)။ ဝါ။ နဂါး တည်းဟူသော။ နေ့ဂြိုဟ်ကို။ နေ့တရားကိုယ်ရောင် ဖေါ်းကန် ဝင်းကန်ဖြင့်။ အတင်းဆဲ။ ညွှင်းဆဲကာလ။ ပြုမူတတ်သော ဂုဏ်အခြင်းရှိသော။ ဂဠုန်မင်းရဝိကိုရှင်း။ (ဤအနက်ကား။ ဂဠုန်မင်းဘို့)။

နမာဓိ။ ။ဦးရှိအားကျိုး။ ထိုင်ဝါးမျိုးဖြင့်။ မှီခိုးလိုက်ပါ၏ ဘုရား။

နမျ။ ။ဦးရှိအားကျိုး။ ထိုင်ဝါးမျိုးဖြင့်။ မှိုန်းတဲ့ပြီး၍။

မှတ်ရန်။ ။ဤပဏာမ။ ပဌမဂါထာအရကို။ ဆုတောင်းနေ။ ဆုတောင်းရှာသို့။ သူတော်တို့ အလို့ငှာ။ ဝါ။ ပဌမကျော် ဆောင်ပန်းကို။ ဆင်မြန်းရန်ကြိုးယူ၍ ကြတဲ့။ ဘိုးသူတော်မယ်ဘီးတို့နှင့်။ တောရမှာ-နေမျှော်မှု ကြတဲ့။ ရသေ့မထေရ တတော့တို့။ သိလေသော လက်ဝှက်ခြင်း။ တန်ဆာဆင်လျက်။ အကျဉ်းအားဖြင့်။ အသွားဥာဏ်ထက်သန်အောင်။ အနက်သွန်တော်မူလိုက်သည်။

(၂) နဝဘာဂ်။ ။ကိုးချိုဖြင့် စားအပ်သည် ရှိသော်။ ဝါ။ အတွက်သချော။ ပညာချိုးပြွမ်း။ ကိုးဂဏန်းအားဖြင့်။ စားအပ်သည် ရှိသော်။

နဝင်း ကြေဇ္ဇ။ ။ကြွင်း သုံးတွေ။ နဝင်းကြေ ဟု။ မြေသူတို့
အဘို့ကို။ အနို့လို ခေါ်ဆိုပည်။ သမုတ်အပ်သော။
ဝပ္ပ။ ။ကယ်ကြီး သုံးပါးကို။ ကျော်လွှား လွန်မြောက်နိုင်သော။
သခေါ်တွင်ကံ။ ။ဓါတ်တော် မွေတော်။ ကိန်းမျှော် စံနေတော်မူရာ
ဖြစ်သော။
နှင့်စေတီယဋ္ဌ။ ။အသင်း အပင်း။ အချွင်းချင်း သွေမပည်ကြဘို့။
အမင်းမင်းတွေ တည်သကဲ့သို့သော။ နဝင်းစေတီတော်
မြှဏ်ကိုလည်းကျောင်း။

**နဝင်းစေတီတော် ဟူသည်ကား။**

[၁] ဘုရားကလေး ရွှေစေတီ။ လုံးပတ်တော်ကညီ။ ။
ရွှေစေတီ ဆောင်တော် လွှတ်တော့။ မယ်နှင့် မောင်
မှုသည် ဘဉ်ကို။ ဆီးချွတ်လိမ့်လေး။
[၂] ဘုရား ကလေး ငယ်ငယ်။ ၉ တောင်မြင့်တယ်။ ။
ငယ်သော ယ်။ ကယ်ဆယ်မဲ့ ဘုရား။ ။ဓါတ်ကောသီ
၃၀ ကူးအောင်။ ဖူးကြအများ။
[၃] ဘုရားသ ငယ်။ ကြီးကျယ်တဲ့တန်ခိုး။ လူမျိုးစုံ မြေ
တော်ဦး။ နေလို့ ရှိခိုး။
[၄] ဘုရားကလေးတွေ မှီလိုပေါက်အောင်။ မြို့ရှောက်လို့
တယ်။ ဟိုမြို့တယ်။ သည်မြို့တယ်။ အားလုံးမြို့တယ်။ ။
ဟိုရွာတယ်။ သည်ရွာတယ်။ အားလုံးရွာတယ်။ အမြန်
တယ်။ အမြန်တယ်။ ။ဘုရားကလေး ငယ်ငယ်နှင့်။
အရွယ်တော် ဇာတိမျိုး။ ကြီးတဲ့တန်ခိုး။

ထောည်ဖြင့်။ ဤမည်သော ကိုက်းတော်ကြီးက နှီးဆော်ချက်
အတိုင်း။ သမိုင်းနှင့် တန်ခိုးပြောင်သည်။ ကိုးတောင်မြည် ဘုရားပုထိုး
တို့ကို ဆိုလိုသည်။ ။ဤကား စကားချပ်တည်း။

တသော။ ။ထိုမြတ်စွာဘုရား၏။

နဝဂံမွ°။ ။ဓမ္မကျမ်းနှာ။ စဉ်အလာဖြင့်။ အင်္ဂါကိုးပါးရှိသည်လည်း ဖြစ်သော။

ဓမ္မဋ္ဌ။ ။တရားရတနာ၊ မြတ်ဆယ်ဖြာကို လည်းကောင်း။ ဝါ။ မင်္ဂိုလ်လေးတန်။နိဗ္ဗာန်ပရိယတ်။ အမြတ်ဆယ်ဘော်။ တရားတော်ကို လည်းကောင်း။

နဝဂုဏဘွဲ့ရ၊ ။သုပ္ပဋိပန္န။ စသည် အကျော်။ ဂုဏ်ရွှေ ၏ ၉ ပါးကို။ တန်ခိုးအားဖြင့် ဆောင်တော်မူသတ်သော။

ဂဏဋ္ဌ။ ။နိဗ္ဗာန်ပစ္စည်း။အပြစ်ဆည်းသော။အရှည့်ပညတ်။ ပရမတ်သမ္မုတိ။ သိရှိထွန်းပေါ်။ ဘုရားတော်အပေါင်းကိုလည်းကောင်း။

နမာမိ။ ။ကာယ ဝစီ။ မနော ချိသား။ ဦးလိုကမ္မ။ ဂါရဝဖြင့်။ ညွတ်ခရိုကျိုး။ ထိ ျမျိုးဖြင့်။ ရှိခိုး ပါ၏ ဘုရား။

နမ္ဗ။ ။ကာယ ဝစီ။ မနောချိသား။ ဦးလိုကမ္မ။ ဂါရဝဖြင့်။ညွတ်ခရိုကျိုး။ ရှိခိုးတဲ့ ပါ၏။

(၃+၃)ဇမ္ဗူဒီပေ။ ။ဇမ္ဗူဒိပ်ကျွန်း၌ ဝါ။ ကမ္ဘာ့တန်ဆာ။ မဂ္ဂလာဟု။ ရတနာဇမ္ဗူ၊ ။ ထွန်းသစ်ရှန်းဝေ။ ကျွန်းသခြေ၌။

မြမ္မရဋ္ဌေ။ ။မြန်မာပြည်ကြီး၌။ ဝါ။မင်းကိုးရှိညွတ်။ လေးမြတ်ဘတ်၍။ ဗျူဟတ်မညှိုး။ မြန်မာမျိုးဟု။ ညီးစင်ဖြူ။ တနန်းထူခဲ့သော။ မြူကိုမြို့ရွာ။ မျူ ့ရတနာ တည်းဟူသော။ တိုင်းဇာပြည်၌။

သာယာဝတီ, ဦးညောယျောတိ။ ။သကျသာကီ၊ ဝမရိုက်ဘွဲ့သို့သော။ သာယာဝတီ, ဦးညောယျှဟူ၍။

ပါကဋ္ဌော။ ။ထံခွန်အသွင်၊ အမွန်တင်လောက်အောင်။ အလွှန်ပင် ထင်ရှားတော်မူပေသော။

ယော, မေဓာထိက, ပုဂ်ဂေါ။ ။အကြင်မဟာထိက။ ရှိရှိသမျှတို့နှင့် တကွ။ ကဝိ, တပသ, ရဓော ,တအား ဆိုလောက်အောင်။ မွေ

သွားစင်စစ်။ ခေါင်းဆောင်ဖြစ်သည့်။ မမှုရာင်ဘုရား။ မမှုသော နာသပတိ။ ပြည်ကြီးတံခွန်။ မထေရ်မှန်သည်။

အတ္တံ။ ။ဟိုမှိုသည်ရွာ။ ပြည်မြန်မာ၌။ ဒေသနာအမြိုက်ဆေး။ အမိုက်ဝေးအောင်။ တိုက်ကျွေးလှည့်ထွေ။ ဖွီချေတမ့်။

တသာ, ဓမ္မကာထိက ပုဂ်ဝသ။ ။ထိုထိုရှိသမျှ။ ဓမ္မကထိကတို့နှင့် တကွ။ ကဒိ တပသ, ရုဒေသ တအား ဆုံလောက်အောင်။ ရှေ့သွားစင်စစ်။ ခေါင်းဆောင်ဖြစ်သည့်။ မမှုရာင်ဘုရား။ မမှုသေနာပတိ။ ပြည်ကြီးတံခွန်။ ထေရ်မှန် ဖြတ်ဖျား။ ငါ့တကားဟု။ မျှားမျှားကြီး အားကို ထုတ်ပေသော။ တရားစစ် ဗိုလ်ချုပ်ကြီး၏။

ဒေါပါရမီ,ဘိဓာနသယ။ ။ဒေါပါရမီ အမည်ရှိသော။ ဝါ။အဒေါ သားကြည်။ (တော်)အရာ တည်လောက်တဲ့။ ဒေါပါရမီ အမည်ရှိသော။

မာတာရ။ ။အဝတပါး။ ပြောင်းသွားနယ်ကျ။ ကွယ်လှန် လေရွာပြီးသော။ မယ်တော်ကြီးသည်။

သက္ကစ္စံ။ ။ရိုသေသေ။ ချေချေငန်ငန်။ မှန်မှန် ရည်ရည်။

ယာစိတော။ ။သာယာ ညွတ်ပျောင်း။ ရေးပါ ကြောင်းနှင့်။ တောင်းပန်အပ်သည်ဖြစ်၍လည်းကောင်း။

(၃) အပရေဟိ။ ။နှိုလိုပြုခဲ့သည့်။ ထိုမှတပါးကုန်သော။

ဇေယျာပုရေ။ ။ဇေယျာပူရတိုင်း၌။ ဝါ, ရန်အပေါင်းကို။ ထောင်းထောင်းကြေညက်။ ချေဖျက်အောင်မြင်။လိုအင်ဆန္ဒကြံသမျှကို။ ပြည့်ဝလေရာ။ ပြယ်ဇေယျာ၌။

စစ်ကိုင်းဝှယေ။ ။စကိုင်း, အမည်ရှိသော မြို့တော်၌။ ဝါ, စစ်ပင်ကိုင်းကိုင်း။ သိုက်အတိုင်းနှင့်။ သမိုင်းအောင်မျိုး။ တန်ဆောင်ပျို့သည်။ မြို့စစ်ကိုင်း၌။

ရွှေစက်တော်, ကဿပ ဒီဓေ။ ။ရွှေစက်တော်, အလောင်းတော် ကဿပ, အရှိသော။ ဝါ, ဘဂဝါ, အတုလ။ သုံးလူ့ဘ၏။ တွေ့နှစ်ဆု။ ပါဒဟူသည်။ ဇမ္ဗူရည်လှော်။ ရွှေစက်တော်နှင့်။ ညာမောင်ထက်ကျေး။ကလေးဆုဇကြိုက်။ နှိုလိုရှိသွန။ ဝေဘာရတောင်။ လိုက်ချောင်သာဝှန်း။ မြဝန်းကမ္ဘာ။

ကျောက်စနေရာထက်။ နီဗွာန့ခေတ်။ ကြွေပြတ်ညောင်းသော်။ စက်လျှောင်းပျော် သကဲ့သို့သော။ အလောင်းတော် ကဿပ အစရှိသော။

အရညေ။ ။အကြွေအညာ။ ဒေသစာဖြင့်။ ကဝေဆရာ သဘော ကျလောက်တဲ့။ ဟေမဝ ါလောက တည်းဟူသော။ တောရ တောင်ပေါ ကျောင်း၌။

ဝသန္တေဟိ။ ။သမထ ဝိပဿနာ။ ဝါသနာစရိုက်။ အာရုံဝ သိုက်တို့ဖြင့်။ ယာပိုက်မှီရင်း။ သီတင်းမွေ့ပျော်။ စံပျော်နေ ထိုင်ကြကုန်ဖိသော။

ဣသိဟိ။ ။တပည့်တပန်း။ ကဝိလွှမ်းရမ ါတဲ့။ ရဟန်းမှ နေ့ကဲ့သို့သော။ ရသေ့တို့သည် လည်းကောင်း။

ပရိဗ္ဗာဇကေဟိ။ ။လက်ရှိအထုတ်။ထွက်မိလျှင်မြွတ်ပေါ်သို့။ အင်္ဂုယတ်အလိုတမျိုးဖြင့်။ ဗိုလ်းကာ ရိုးရိုးဂူပျော နှံ့ခြဲတဲ့။ ထိုထို ဘိုးသူတော်ကလည်း အသွယ်သွယ်။ အရွယ်ညိုမျှ။ တကယ် တည်ပကြတဲ့။ မယ်သီလကလည်းတသိုက်။ မရိုက် ညာတ်ဇာ နည်း။ ထံတျာပလိကြတဲ့။ ဂန္ဓာရီ တို့သည် လည်းကောင်း။

ယာစီတော။ ။ရေးပါ ရေးပါ။ တစာစာ။ သာယာညွှတ် ပျောင်း။ တောင်းပန်အပ်သည်ဖြစ်၍လည်းကောင်း။

သာသနိကော။ ။ပ ါဠိအဋ္ဌကထာ။ ဋီကာဟနုမရုလက်သန်း။ ဂဏ္ဍိကျမ်းစသော။ ဗုဒ္ဓဘာသာ။ သာဓနာဝင်။ ကျမ်းစင် ကျမ်းရိုး အမျိုးမျိုး၌ရှင်း။

ဘံဗာယိရေ။ ။ထိုသာသနာဝင်။ကျမ်းစဉ်ကျမ်းရိုး။စာတမ်းထိုး ခဲ့သည့်။ ကျမ်းမျိုးတို့မှ အပဖြစ်သော။

သက္ကဋေ။ ။ဗက်လို့ နာဂရီ။ ကလာကမိနှင့်။ မာဂဓီဖျက်ကြ တဲ့။ သက္ကဋအဝင်။ သဒ်ကရိုင် ကျမ်းအမျိုးမျိုး၌ရှင်း။

ဘိဿတ္တာနေ။ ။ကုတ်ကုတ်ပတ်ပတ်။အဟုတ်မှတ်လောက်တဲ့။ လုပ်ရပ်တွက်လမ်း။ အပျက်ပျက်နှင့်။ တချက်ချက် ထိတတ်မိ တတ်တဲ့။အင်္ဂုယတ်ကျမ်းအမျိုးမျိုး၌ရှင်း။ ဝါ၊ ရွှေမိုးသင်းငွေ မိုယ်း။ စွေဖြိုးသွန်းချ။အစွမ်းပြနိုင်တဲ့။ လွှမ်းစရ ခင်ကြီး။ ရှင်မ ဆီး၏။ နည်းမှီတပြေ့။ ရသေ့ကြီးဦးအောင် စသော ဆရာ့

ဆရာ။ ဇော်ဝိဇ္ဇာတို့။ ပညာအလှူ။ ပေးစွံ့ဟူ၍။ မြှုမ္မကာ
လက်ရှိအပ်ခဲ့တဲ့။ အင်္ဂုလိကျမ်းအမျိုးမျိုး၌ လည်းကောင်း။

အာဂတ်။ ။ယုတ္တိအာဂုံ။ ထုံးပုံသာကော။ ပမာဏနှင့်။ သဘာဝ
အားဖြင့်လာသော။

ဂရုဋ္ဌ်။ ။တနင်္ဂနွေခေါ်ဆို။ နက္ခတ်ကြိုဟ်၏။ ထိုထိုသော
အကြောင်းအရာကို။ ဝါ။ ဂဠုန်ခေတ်ကြော။ အတင်ဆောခဲ့
သည်။ အဓွော့တည်းဟူသောအချက်။ အနက် အဓိပ္ပာယ်ကို။
ဝါ။ အဆင်းရွှေရွှေ။ သနင်းနေ့, တည်းဟူသော။ တနင်္ဂနွေ
ဗုဒ္ဓလုံးနှင့်။ နဝင်းအကြေသုံးမည်ဟု။ တပြည်လုံးမက်မောကြ
တဲ့။ အနက် အဟော။ သဘောတတ္ထာ။ ဓမ္မတာကို။

သမာ[illegible]တွာ။ ။တကာယ် အဟုတ်။ ထုတ်နုတ် ယူဆောင်၍။

ဂဠုန်ပျံ့ဒီပနီ။ ။"ဂဠုန်ပျံ့ဒီပနီ"။ဘွဲ့သညီနှင့်။အမည်သာလျှမ်း။
ဤ[illegible] ဝေါ်လွှမ်းကြတဲ့။ ငှိကာကျမ်းကို။

ကသံ။ ။လေးလေးစားစား။ ကြေးမထားမူ၍။ ရေးသား,
အနီတွင်။ စီရင်ပေတော့အံ့။

(၇) တံ ဂဠုန်ပျံ့ဒီပနီ ။ ။ထိုဂဠုန်ပျံ့ဒီပနီ။ သညီဘွဲ့လျှမ်း။ မြည်
မြန်မာမှာ ဤအခေါ်လွှမ်းကြတဲ့။ ငှိကာကျမ်းကို။

ပဿန္တု။ ။…တိပူ၍။ ကြည့်ရှုကြကုန်သော။

သုတိန္တု။ ။သုတလိုလား။အမျိုးသားတို့သည်။ ဝါ။ အကြား
အမြင်။ ပညာ့ဟူသုတကို။ အထူးအထ အလိုရှိကြတဲ့။ ထိုထို တ
ပည့်။ သုတိန္တုတို့သည်။ ဝါ။ ဥပဓေကျကျ။ ရှာဖွေကြမည်ဆို
တဲ့။ သုတေသနတို့သည်။

ဒုယာတ္တကာ။ ။လောကီ, လောကုတ္တရာ။နှစ်ဖြာသော အကျိုး
တို့သည်။ ဝါ။ အတ္တဟိတ, ပရဟိတ။ နှစ်ဝသော အကျိုးတို့
သည်။ ဝါ။ သူ့ အိုကိုယ့် အိုး။ ထိုနှစ်ဘို့သော ကောင်းကျိုး
ချမ်းသာ။ မင်္ဂလာတို့သည်။

သံဝဍ္ဍန္တု။ ။တိုးပွားပါစေကုန်တမင့်။ ဝါ။ တနေ့တခြား။ တရွှေ့
ရွှေ့ တွားတွားပြီး။ အမျိုးသားတို့မှာ။ အကျိုးများလောက်
အောင်။ တိုးပွားကြပါစေကုန်သတည်း။

သပတ္တံ။ ။မာန်တစ္ဆူ။ အလံတူချင်ကြတဲ့။ ရန်သူအပေါင်းကို။

ဇယန္တာ။ ။အောင်မြင်ကြကုန်သည်။ မာန်စောင် ညီးညီး။ မှောင်မဆီးတဲ့။ အအောင်ကြီး အောင်မြင်ကြကုန်သည်။

ဟောန္တု။ ။တကယ်စင်စစ်။ ဖြစ်ပါစေကုန်သတည်း။

သဒါ။ ။နေ့ရောညပါ။ အခါခပ်သိမ်း။

ပန္တနာ။ ။အနှောင့်အယှက်မှ။ ဝါ၊ ပန္တနာ။ သံသံသရာ။ရန်တာယ်နှင့်။ ဖန်ခါခါ မရှောင်တဲ့ဘဝဟု ဆိုအပ်သော။ ထောင်ရဲ့တမျှ။ အနှောင့်အယှက်မှ။

မုစ္စန္တု။ ။ကျွတ်ကြီး ကျွတ်၍။ လွတ်ကြီး လွတ်ကြပါစေသတည်း။ ဝါ၊ မုစ္စန္တု။ အသင်းအပင်း။ အချင်းချင်းညီညွတ်ပြီး။ အနှီဝဋ်မှ၊ ပြည့်ကျွတ်လွတ်မြောက်ကြပါစေလို၊ ဝါ၊ မုစ္စန္တု။ ဂုဏ်လျှမ်းအမှ တန်ခိုးသတင်းတို့ဖြင့်။ အမျိုးချင်းချင်း။ အညှိုးမတင်းမူ၍။ ကိုးနဝင်းအကုန်ကြေပြီး။ ကြုံပစေတတွတ်တွတ်သည်းကြတဲ့။ မှုံမပြေ ဝဋ်ခရီးမှ၊ အကျွတ်ကြီးကျွတ်ကျွတ်ပြီး။ (သို့) အလွတ်ကြီး လွတ်ကြပါစေကုန်သတည်း။

ဂုဏ်းအထက်ပါဂန္ဓုန်ပုံဒီပနီ ဋီကာအစ။ ပဏာမဂါထာကို ရွတ်ဆိုပြီးသည်၏ အခြားမဲ့၌။ အများတယ့်တည်းဟူသော ရသေ့မအပေါင်းတို့က။ ကောင်းပါပေ၏။ ကောင်းပါပေ၏ဟု သာဓုနုမောဒနာ ခေါ်ကြသော ဟူ၏။

ထိုသို့ သာဓုနုမောဒ် ခေါ်ကြပြီးလျှင်။ အကြင်သို့သောအရွယ်ညီ။ အဆိုညီ။ ထိုမည်သောတပည့်မ တကျိပ်ကျော်တို့က။ ရှေ့တော်မှာ စီတန်းပြီး ကာလ။ သာယာလှသော သံနေ့သံထားတို့ဖြင့်။ ဘားမဲ့သကျော်။ ဆရာတော် စီကုံး ဘွဲ့ဆိုတော်မူခဲ့ရင်း။ အောင်ခြင်းအချုပ်ဂါထာနှင့်။ ဆရာတို့ကျေးဇူးတော်ရှင်။ အရှင်ကြီးသဲ ပလးထပ်ဆရာတော်ဘုရားကြီး၏ တရားတည်းဟူသော မယာဇနာ အနက်တော်ကို။ မြွက်တော်လျှောက်ထားကြပြန်သည်ကား။ အအောက်နားဦပါရှိသော အတိုင်းပင်တည်း။

## ဘာသမဲ့ဆရာတော် ဘွဲ့အောင်ခြင်းအချုပ်ဂါထာ။

မာရံ၊ ယက္ခံ၊ ဂဇံ၊ စောရံ။ စိဥ္စမာနဥ္စ သစ္စကံ။
နာဂံ၊ ဗကံ၊ ဇိနိ ဇိနေသ။ ဟောဘတု မေ ဇယ မင်္ဂလံ။ ။

ယောဇိနေသ၊ အကြွင်ငါးမာရ်နယ်ဘီ။ ဂုဏ်သတ္တိကြောင့်။ ဇိနအမည်။ ရှေ့ဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်။

(၁) မာရံ။ ။ယုဇနာတရာ့ငါးဆယ်။ အုံ့ဘွယ်ကြီးဘီ။ ဂီရိမေခလာ။ မည်သာတွင်ခြင်း။ နတ်ဆင်မင်းထက်။ စီးနင်းတက်၍။ ကြောက်မက်ဘွယ်သာ။ စစ်ဗိုလ်ပါနှင့်။ ဝဲယာစီရွက်။ လက်ရုံး ထထောင်။ အဆင်းဆောင်၍။ နိုင်ယောင်စစ်ထိုး။ ကျော်လွှဲ ဟိုးသာ။ တန်ခိုးဘာကာပ။ တေဇထန်မြင်း။ မာရ်နတ်မင်းကိုရှင်း။

(၂) ယက္ခံ။ ။စွယ်ရှည်ငေါငေါ။ မြင်သူမောမျှ။ နက်ကျောနီကျင်။ မျှမှင်မှတ်ဆိတ်။ ဖွာရမြိတ်သား။ လန့်ထိတ်ဘွယ်သာ။ ကြီးရောနှင့်။ သရဲ့ဘမျှားမြှောင်။ လေးထောင်သုံးရာ။ နှစ်ဆယ်သာဒေါင်။ မျှားရှောလသား။ နေ့တိုင်းစားသည်။ စွမ်းအားကြီးလှ။ အာဠာဝက တွင်ခြင်း။ ဘီလူးမင်းကိုရှင်း။

(၃) ဂဇံ။ ။ဆဲ ခြောက်မောင်းအိုး။ ဖြိုးဖြိုးပြည့်နက်။ သေအရက်ကို။ တိုက်လျက်ထန်မြင်း။ နှစ်းစိမ့်ရည်မှက်။ ဓေဝဒတ်တို့။ တိုက်လွှတ်သောအား။ ဘုရားမြတ်စွာ။ ဆွမ်းခံရာ၌။ ပက်ပါဦးတည်။ စူးစူးရည်၍။ သတ်မည်ကောန်။ အမြန်ပြေးလာ။ သံကျိုးကျာနှင့်။ နာဠာဂိရိ။ မည်ရှိဓေါ်တွင်။ မင်းစီးဆင်ကိုရှင်း။

(၄) စောရံ။ ။သုံးယုဇနာ။ ရှည်စွာချင့်မှန်း။ ခရီးလမ်းကို မပန်းမဟိုက်။ မရှိုက်လျှပ်မြင်း။ တံဟုန်ခြင်းဖြင့်၊ ပြေးနှင်းစွမ်းနိုင်။ ပြိုင်သူဘက်ရှား။ လူအများကို။ လုံ့ငါးစုံကာ။ ဘမ်းသတ်ခေါ်လျှင်။ ယှုခါကြက်ညိုး။ ကြိုးဖြင့်သိရုံး။ ပန်းကုံးအသွင်။ လည်စဝယ်ဆင်သောကြောင့်။ အင်္ဂုလိမာလ။ မည်ရတွင်ပြီး။ သူခိုးကြီးကိုရှင်း။

(၅) စိဥ္စမာနဥ္စ။ ။ပရိသတ်အား။ မြတ်ဘုရားလျှင်။တရားဟောကာ။ နေစဉ်ခါ၌။ သေချာပြေပြစ်။ ပတ်ရစ်ရွှဲနွှောင်း။ ကိုယ်ဝန်

ဆောင်၍။ ဘုန်းခေါင်လူ့ဖျား။ ကျွန်ုပ်အားကို။ ပြစ်မှားပြီးခါ။ ထဲ့ကြောင့်သာလျှင်။ အိမ်ရာမပြင်။ သူတော်စင်သို့။ မမြင်သော့တွေ့။ ဤခြေနှင့်။ နေသနည်းဟု။ အမှုဖွေရှာ။ စွပ်စွဲလာသော။ စိဉ္စမာမည်သူတာ။ မိန်းမယုတ်ကိုရှင်း။

(၆) သန္တတိ။ ။ဝါဒတခေါင်။ အဂု ဆောင်၍။ ဂုဏ်ရောင်လွှားပ။ မိုက်မာနကြောင့်။ အနိစ္စ, အနတ္တ။ သင်္ခါရကို။ နိစ္စ, နတ္တာ။ ထင်၍သာလျှင်။ မြတ်စွာရှင်ဘော။ တရားဟောလည်း။ သဘောမကျ။ မှားဆဲစွပ်ဟု။ ရွှံ့ချခါ။ ပြစ်တင်လာလေသော။မိစ္ဆာယူကြိုက်။ ပရိဗိုဇ်သစ္စကာ။ ကုဠန္တကိုရှင်း။

(၇) နဝမ။ ။လေးလျှ ရောင်စို။ ကိုယ်ပြင့်ခုနစ်ထပ်။ ရစ်ပတ်ကာလွှမ်း။ အသိန်နိုင်စွမ်းသား။ ကြမ်းတမ်းခက်ထန်။ မှက်စောင်းမာန်နှင့်။ ပဋ္ဌမံ အာလီနှ။ နေသမျှတလျှား။ နတ်နဂါးကို။ ပိုင်ကားစိုးရ။ တန်ခိုးပသည်။ ပနန္ဒတွင်ခြင်း။ နဂါးမင်းကိုရှင်း။

(၈) ဗက။ ။သဿတဒိဋ္ဌိ။ မှားဘိအယူ။ မိစ္ဆာဟူသား။ ဘုဇင်္ဂါမြေ။ ကိုက်လေတု လတ်။ အာဘဿရာ။ ဗြဟ္မာ့ခပင်း။ ထံ့ဝပ်ခြင်းနှင့်။ ကြီးမင်းတော။ တန်ခိုးပွားသား။ ဗကမည်သာ။ ထိုဗြဟ္မာကိုရှင်း။

အဇိနိ။ တန်ခိုးညာဏ်ရှိန်။ ဝရဇိန်စက်မြတ်။ အတုလွတ်ဖြင့်။ မချွတ် အောင်တော်မူလေပြီ။ ထံတော်ဇာသ။ ထိုသို့ အောင်ခြင်း။ ဟရားမင်း၏။ ထွန်းဝင်းတော်ဇော်။ အာနုဘော်ဖြင့်။ ခမ အကျွန်ုပ်အား။ ဇယမင်္ဂလာ၊ ရောပ ါစေဘား၏။ ရန်မာန်သင်း။ စိုးရိမ်ခြင်းကို။ နှိမ်နင်းအောင်တတ်။ ကောင်းမြတ်လှစွာ။ မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤတွင်ရွေ့ ဂန္ဓုန်ပျံ့ဒီပနီဋီကာ ပဏာမပြီး၏။

# ဂဠုန်ပျံဒီပနီ ဋီကာစာကိုယ်

ကျွန်ုပ်တို့သည်၊ ဤမည်သော ဂဠုန်ပျံဒီပနီ ဋီကာကျမ်းကြီး၏အစ၊ ပဏာမဂါထာများကို ရွတ်ဆိုပြီးသည်၏ အခြားမဲ့တွင်၊ ယခင်လွန်လေပြီးသောအခါ၊ ရတနာပုံပြည်ကြီး၊ ပျက်စီး တိမ်းယိမ်းခါနီးတွင် ထောက်ရိုးထောက်ရက် နောက်တိုး နောက်ပျက်ဟု ဆိုအပ်သော တီ[illegible]တော်ကြီးများ၊ ဖြစ်ပွားပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍၊ ကင်းတယ်ရေး ဓာဆိုတော်သျှင်၊ စီရင်ရေးသားအပ်သော အလုံး ၆၀ ဘွဲ့တီတော်ကဗ်ိုး ပြဇာတ်မှာပါရှိတဲ့ ရွှေသီးသုဇာ ဆိုသည့် ထိုမည်သော မိုးတိ[illegible]ကာချာကို တခါတပန်၊ အောက်မေ့ မိပြန်သည်မှာလည်း၊ အောက[illegible]ါအတိုင်းပင် ဟူလို၊

## တုံမ်ဂဠုန်, တိမ်နက ါးတွဲ ဆမြွန်၊

ရွှေဂုစ်ပေ့ယာန်ဘက်စေသို့၊ ဓဝမာန်တော့ရှန်မျက်ပေထင်၊ ဖြေရန်ခက်အောင်လို့ ကွယ်၊ ၊ဟင့်တဲ့၊ ရင့်နွဲ့ရွှေမလို့နှင့်၊ ရွှေယ်ို့နတ်စည်လှိုမ့်တယ်၊ မိုးနိမ့်ပေ့ယ်၊ ၊ဂုဏ်တာအဆောင် အဆောင်တတ်ပုံက၊ "ဂဠုန်တောင် ဆင်နှာပတ်" ကာယ်နှင့်၊ မှင်သတ်လို့ ရစ်သိုင်းချယ်၊ ရွှေ တိုင်းဝယ် အုန္ဓိမိုင်း၊ ၊မစ်အားသူ၊ ချွေးအပူ နဘောတင်လို့၊ အ[illegible] အင်ကို ဖြေသင်ခက်အောင်ပ၊ ရယ်မတည် လျှပ်မြည် စက်ကယ်နှင့် မိုးတက်လို့ ဝိုင်း၊

ဟူသည်နှင့်အညီ၊ ဤမည်သော မိုးဥတုအခါ၊ အကာ[illegible]

ကောင်းကင်မှ။ အကြောင်းနှီးသော သိကြားနှင့်အသူရာ၊ နှစ်မျိုးဟာစစ်ပွဲကဲ့သို့။ ထစ်ဆဲခြိမ်းဆဲသောမိုးကြီးသံတို့ကို။ အဖန်ဖန်ကြားရသည့်ပြင်။ နဂါးကပြေးပုံတွင်။ ရွှေဂဠုန် သုတ်မည့် လိုက်သကဲ့သို့သော။ တိမ်တိုက်တိမ်တောင်တို့သည်။ မိုန်ရောင်နှင့် နီရဲပြီး။ ကြည်ကွဲတွယ်မြင်ရသောအခါ။ ယခင်က ရေးရှန်ပျိုးခဲ့သော။ မိုးကြီးအတွက်မှုသွန်းတွင်။ တန်းလမ်းနှင့် ကြုံရပေရကား။ ဂူဋ္ဌာရ၊ ဒုဗ္ဗာဓဟုဆိုအပ်သော။ လျှမြတ်သနင်း။ မင်းတို့၏ အောင်ရာအောင်ကြောင်း။ ကောင်းသောအစီအရင်ကို ပြတတ်သောကြောင့်။ "နရပတိဇယျ"ဟူ၍ငှင်း။ အစသော အကျွရာဟုဆိုအပ်သော။ အဿဝနီနက္ခတ္တ။ သရတို့၏ ဥဒည်းမှုခြင်း စသည့်သဘောကို ဟောပြသောကြောင့်။ "သရောဒယ" အမည်ပေးအပ်သော "သရဗွေး" ကျမ်းကြီး။ စတုတ္ထပိုင်းတွင်။ ။ "သဓ္ဓြါကတာရထ။ ထိုသို့နက္ခတ်၌ စီးခြင်းကို ပြုတတ်/သုန်သော။ တနင်းလာ, အင်္ဂါ, ကြာသပတေး, သောကြာဂြိုဟ်တို့သည်။ အာဒေါ ရောဂေ။ ပဌမ, စရရာသီလက်တွင် နက္ခတ်ထက် စီးလာသော်။ ခလှ ဝင်စစ်။ လော်ဟာပါတ၊ မိုးနည်းခြင်း။ နီသောမိုးယ်ရွာခြင်း ဖြစ်အံ့။ ပဒေ၂ စာဂ၊ အလယ် စရရာသီလက်တွင် နက္ခတ်ထက် စီးလာသော်။ အဂနိစ၊ မိုးကြီးလည်းကျအံ့။ ဝါယုဂ၊ လေလည်းကျအံ့။ ဝါ။ ဆိုင်ကလုန်လေကြီးလည်းကျအံ့။ ။ဟူသောဟေ၍ပြောပုံကို။ အာရုံတော်မူခိုက်တွင်။ အကြင်လာနေကြ။ ရောက်နေကြ။ လျောက်နေကြဖြစ်တဲ့။ တပ်မအပေါင်းတို့။ သောင်းသောင်း ဖြဖြ။ ဂါရဝတွေ။ ဘာမတွေနှင့်။ လာကြပေသော ဟာ၏။

ထိုသို့ရောက်လာပေါက်လာပြီး။လျောက်ရှာကြသည်ကား။ ။ ဆရာသခင်ကျေးဇူးတော်ရှင်ဘုရား။ အရှင်သူမြတ်, ရွှတ်တော် မူခဲ့တဲ့ ဘာဝမ ၇ ဂါထာတို့အနက်။ "နဝ ဘာဂ(နဝင်းကြော်)ဆိုတဲ့ ဂါထာ ၏ လိုရင်း။ နဝင်းကြော်တည်ထားတဲ့။ နဝင်းကြော ဘုရားကို။ ဝပ်ဘွားရိုကျိုး။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျော့။ ကန်တော့ရတဲ့ အ ကြိုးနှင့်ပတ်သက်ပြီး။ မှတ်ချက်သဘွယ်။ အကျယ်ကို သိချင် ကြပါ ကြောင်းနှင့်။ တောင်းပန်လျှောက်ထား ကြပြန်သတည်း။

ယင်းသော အခါ။ ဆရာတို့ဝတ်နှင့်။ မချွတ်မလွှဲ။ အမြဲအား ထုတ်တော် မူလေ, ရှိသော ယောဂီသည်။ ဤမည် ဤမည်သော

ရာဇဝင် နိမိတ်ပုံတို့နှင့်။ ဒိပ္ပကျမ်းစာ။ ယတြာလက်ဖောင်းတို့၌ လာရှိသည့် ထိုမည်ထိုမည်သော ၇ နေ့သား။ ၇ နေ့သို့တို့။ကပ်ကြီး ၃ ပါးတို့မှ လွတ်ရန်။ ယာမန်အခါ။ ရတနာပူရ အင်းဝမြို့အတွင်း။ ညောင်ရမ်းမင်း အဆက်တွင်။ နတ်စက်ရောင်ကျောင်း ရှေ့ ဆရာတော်။ အရှင်ဓမ္မနန္ဒ* စီစဉ်အပ်သော "အကျော်ရှင်ဌာ မြတ်သာဓုါ" ဘုရားတည်ထားပုံကို လည်းကောင်း။ တကျိပ်နှစ်ပါး ဆရာတော် တို့၏ "အကျော်ဇေယျမဿထ" ဘုရားများ တည်ထားပုံကိုလည်းကောင်း။

တကြောင်းလည်း။ ယတြာကျမ်းတို့၌ပါရှိသည့်။အနိုသည့်။ ။ "ဂဠုန်ထောက်ချာ။ အောက်ချင်စာကကျား" ဟု ဆိုခြင်းကြောင့်။ တနင်္ဂနွေသားတို့သည်။ ထောက်ချာဟူသော သစ်ကို အနေ အထိုင် ပြုရာ၏။ သုရားထု၍ ကိုးကွယ်ခြင်း။ ရွှေပြည်အမည်ပေးခြင်း။ နွာမည်ပေးခြင်း အမှုတို့ကို ပြုရာ၏ဟူ၍လည်းကောင်း။

"ဂဠုန်ခေါင်ခြား။ကျားကလက်ပံခံ။ ခြသေ့နံကား။ လှစ်ဖက်သန်း။မှန်းသည့်တရံ။ ဆင်နံသတီ။အညီတချက်။ ကြွက်ကားဝဆောင်။ ဖူးခေါင်အဒိကိုင်း။လှူခြင်းခွစ်။နဂါးနံ" ဟူသော အရလည်းကောင်း။

"ဂဠုန်မောင်းယား" ဆိုခြင်းကြောင့်။ တနင်္ဂနွေ သား။ တနင်္ဂနွေ သမီးတို့သည်။ အင်္ဂါနံနှင့် ဗုဒ္ဓဟူးနံသစ်ကို သုံးဆောင်ခြင်းဖြင့်။ တနင်္ဂနွေကို ကောင်းစေလိုသော်။ မြောက်အရပ်က။ ဘုရားပုထိုးတည်ရာ၏။ ။တနင်္လာကို ကောင်းစေလိုသော်။ အရှေ့မြောက်ထောင့်တွင် ဘုရားတည်ရာ၏။ ။စနေကို ကောင်းစေလိုသော်။ တောင်အရပ်က တံခွန်တိုင်ကြီး စိုက်ရာ၏ ဟူ၍လည်းကောင်း။

အင်းဝမြို့တွင် ရှင်ဘုရင် မင်းကြီးစွာစော်ကဲမှာ။ တနင်္လာသားဖြစ်လျက်။ ထိုမင်း၏ သင်းချိုင်းအရပ်တွင်။ ရွှေစည်းခုံ ဘုရား။ တည်မှားခြင်းကြောင့်။ မင်းရော ပြည်ပါ။ ချောက်ခြားလန့်ဖျပ်ရှိ၍။ အရှေ့စူးစူး ပရိဝါရနှင့် တကွသော မူလအရပ်၌။ ထပ်၍တဖန်။ ရွှေဘုရားကို တည်ထားပြန်သဖြင့်။ နိုင်ငံတော် သာယာစည်ပင်၍။ လိုအင်ဆန္ဒ ပြည့်ဝတော်မူဘူးကြောင်း။

၎င်းပြင်တခါ။ မင်းခေါင်ကြီးမှာလည်း။ အင်္ဂါသား ဖြစ်တော်မူ၍။ အရှေ့တောင်ထောင့်။ ပရိဝါရ အရပ်တွင်။ ရန်အောင်

မြင် ဘုရား။ တည်ထားကိုးကွယ်လတ်သဖြင့်။ ယပ်စောက်နှင့် ညောင်ရေ။ ရှမ်းနှစ်ပြည်ကို အလိုတော် ပြည့်ဘူးကြောင်း။

ဝင်းနောက်။ မိုးညှင်းမင်းတရား တည်းဟူသော။တနင်္ဂနွေသားသည်။ ကျိုမည်သော အင်းဝ ဟုသည့် ဗုဒ္ဓဟူးနံ။ ပဓေသအရပ်ဖြစ်သော ဘုမ္မ အရပ်။ အနောက် မြောက်ထောင့်၌။ သားတော် အစဉ်။ မြေးတော် အဆက်။ မြစ်တော်အညွန့်။ အဒွန့်မပျက်။ ဆင်းသက်ကောင်းစားစေလိုခြင်းဖြင့်။ တနင်္ဂနွေမင်း၏ မူလအရပ်၌ပင် ကျိန်းခန်းမုတ်ပြီးသေါ။ ရတနာ စေတီတော်ကြီးကို။ စတုရန်း, ဆင်ခံ၍ တည်ထားတော်မူလေရာ။ သာသနာ ပွင့်လင်း၍။ မင်း ၆ ဆက်တိုင်။ ခန့်ခိုင်ကောင်းစားတော်မူဘူးကြောင်း။

မိုးမိတ်စော်ဘွားကြီး။ဘုရားစေတီတည်ရာမှာလည်း။အရပ်အနေမသင့်ရကား။ ဘုရားမပြီးခင်ပင်။ သားတော် မိစာခံမှိုင်း ဆုံးရသည့်ပြင်။သုံးလေးလမှာပင်။စော်ဘွားကြီးလည်း။ ကွယ်လွန်ရဘူးကြောင်း။

အင်းဝပြည်ကို လုပ်ကြံလိုသော။ ထိုထိုစနေသားမင်းတို့သည်။ ပညာရှိတို့နှင့် တိုင်ပင်၍။ စရဲဟူသော သစ်ကိုယူ၍။ အညွန့် အရင်းပြန်ပြီးလျှင်။ ဘုရားလုလုပ်၍။ အင္ဂမုန်အင်းကို သုပ်ဆွဲစင်တွင် ချပြီးလျှင်။ ပလ္လင်မှာ ဋ္ဌာပနာသည့်ပြင်။ အင်းဝ နံကို ပိပြီးသော်။ လိုးတော်ပေါက် ဟူသော အရပ်တွင်။ ထိုဘုရားကို ရှုးသစ်ထဲတွင် သွင်းကာ။ ကောင်းမွန်စွာ ဖုံးအုပ်လတ်၍။ ထိုအရပ်မြေတိုက်၌ ဋ္ဌာပနာသွင်းပြီး သကာလ။ အင္ဂမုန်အင်းခံပြီး၊ ဓေါင်းဆေးတော်မူတဲ့သဖြင့်။ တဆဲ့သုံးရက်အတွင်း။ လက်ငင်းဘဲ အလိုတော် ပြည့်ဘူးကြောင်း။

ကို့ပြင်လည်း။ ညောဝတီ, ရခိုင်ပြည်သား ရဟန်းတော်တပါးသည်။ ဤမြန်မာပြည် ပုဂံမြို့သို့ လာရောက် သိတင်းသုံးတော်မူရာ။ ရခိုင်ပြည်၌ ကျန်ရစ်ခဲ့သော တပဲ့ မောင်ရင်သည်။ နောင့်ရှက်လို၍။ ပုဂံ ဟူသော အရပ်၌။ အရှေ့သို့ မျက်နှာမူ၍။ ဂူတည်ရာတွင်။ ရခိုင်နှင့်။ပုဂံ။ စေ့လင့်သော ဋ္ဌာနပင် ဖြစ်သော်လည်း။ ပုဂံပြည်ကြီးသည်။ ကျီးပြိုသကဲ့သို့။ တနေ့သုံးခေါ လန့်ထိတ်ရကား။ ရခိုင်ဘုန်းတော်ကြီးက။ ငါ့တပဲ့အထက်သော ဖြစ်မည်တမှုံဟူ၍။ တမြေ့မောင်ရင်ထံသို့ ဘုရားသာသနာကို မငဲ့တကားဟု စာပေးလိုက်မှ။ မောင်ရင်သည်း မိမိတည်ရင်းဂူကိုဖျက်၍။ အနောက်သို့ မျက်နှာပြုကာ တည်

တဲ့ရှိ။ "ကပ်"ဟူသော အရပ်မှာလည်း။သစ်ပင် ဝါးပင်များကို ခုတ်ထွင် ရှင်းလင်းသဖြင့်။ ယင်းသို့သော ပုဂံပြည်ကြီးမှာ။ တနေ့ ၃ ခါ မလန့်ဘဲ။ ခန့်ခန့်ကြီးနေထိုင်နိုင်ကြောင်း။ ။ရင်းပြဝ်တလော။ စော မှန်လှ မည်သော ရှမ်းမင်းသို့သည်။ ဤမည်သော ပေါက္ကန်ပြည်ကို နှိမ့်စေလို၍။ ထိုမည်သော ယကြာအဖြစ်။ အားသစ်ခါ စေတနာအကြံ ဖြင့်။ ရှေ့စာယ်ဘုရား။ တည်ထားသော အကြောင်းများကို။ ဟော လား ပြောလားလုပ်ပြီး။ ကျုပ်တို့သည်။ ဤမည်သောဂူထဲသို့။ လူမစဲ ခင်ပပ်။ ဝင်သွားတော်မူလေသတည်း။

× × ×

ယခင်လွန်ခဲ့သော သတင်းပတ်တွင်။ ဘွင်းညွပ် တော်မြဲခဲ့သည့် အတိုင်း။ ကျုန်ုပ်တို့သည်။ ဤမည်သောဂူအတွင်းမှ ထွက်တော်မူခဲ့ရာ။ အဆိုပါ တာ်ညမတိုက။ ဆရာ့အား လျှောက်ထားကြသည်မှာလည်း။ အောက်နာ၌ ပါရှိသောအတိုင်းပင် ဟူ၏။

အရိုးစိမ်း။ ။ယောဂီသူမွန်။ ချွန့်ထက်ချွန်တဲ့။ တံခွန်ပမာ။ မြတ်ဆရာ မောင်ရင်မှိုင်းဘုရား"။

အင်း အံ့နဲ့တွေ အချွန်တွေနဲ့။ ဘာများ မြောက်ပင့်ပြီး။ လျှောက်မှင့်ရှိသလဲ ဥပါသိကာမကြီး။

အရိုးစိမ်း။ ။"မှန်လှပါတော့။ အရှင်မြတ်ဟောပြောတော်မူရင်း။ နဝင်းစေတီတော်နှင့် စပ်လျဉ်းပြီး။ နဝင်းသဘောများ။ဟော လား ပြောလားလုပ်တော်မူစေချင်ကြောင်းပါဘုရား"။

အို တယ် မကြီးအရိုးစိမ်း။တနည်းတကိန်း ဆက်လက်ပြီး။ အထက်က ဟောခဲ့ရင်း။ နဝင်းနှင့်စပ်လျဉ်းပြီး။ အကျဉ်းသခဲ့ပ။ ဟောရ မှာဖြင့်။ အနှာလိုရှိတယ်။ ဘယ်လိုရှိပါသနည်းဟူမူ။ စွယ်စုံကျော်ထင် ပုဏ္ဏာတွင်။ ။"အဂ္ဂိရုတ်ဝယ်။ လိုက်စဘွယ်။ ဘယ် နှယ်နဝင်းသတ် မည့်နည်း" ဟူသောအလုပ်ကို။ ကျုပ်တို့ကျေးဇူးတော်ရှင်။ ကြီးသဲ လေးထပ် ဆရာတော်အရှင်။ စီရင်ရေးသားတော်မူဟောင်း။ ရင်း ပုဏ္ဏာ အမြေကျမ်းကို ကြည့်ရှုသင့်သည့်အပြင်။ အကြင်သို့သော ကမ္ဘာ့ တန်ဆာ မဟာဗေဒင်ကျမ်းကြီးဟု ဆိုအပ်သော ဗြိဟပ်ကျမ်းရင်းမှ။ နဝင်းအာစိပတိဂြိုဟ်များ၏အပြင်။ နဝင်း အစီအရင် များကို လည်း

ကောင်း။ ။တကြောင်းလည်း။ ဇောတိဗိပိကာ ကျမ်းအတွင်းက။ နဝင်း ၉ ပါး။ တိုးပွား ပေါ်ထွန်းပုံကိုလည်းကောင်း။

ရှင်းပြပ်တချက်။ သက္ကရာဇ် ၁၂၇၈ ခုနှစ်မှာ။ ဆရာစံ မည်သော ဒါယကာသည်။ ဤမည်သော ကျောင်းဒါယကာ ဦးဘိုးစို။ ကျောင်းဆရာ ဒါယကာ ကိုရွှေဗိုင်တို့နှင့်။ ဇင်းကျိုက် တောင်တွင် ဥပုသ်ရက်ရှည် ဆောက်တည် ရင်းပင်။ စီရင် ရေးသား အပ်သော "လက္ခဏာဒု" ကျမ်း၏ နိဒါန်းအစ။ ပဏာမ ဆုညွှန်ရာ၌လည်း။ "သုဝဏ္ဏနဂရ့ ရာဇဋ္ဌာဓနေ။ ငါးမည်နာမ။ ငါးဘွဲ့ရသော။ ရတနာသိခ။ သာစွကုန်းဘောင်။ ရန်ကြီးအောင်ပြို။ မူဆိုးဘိုတွင်။ဘုရင်မင်းအပေါင်း။ အောင်ခေါင်းလောင်းနှင့်။ အောင်မောင်းဆော်တီး။ ကြုံ တိုင်းပြီးသော။ စည်ထီးသခင်။ ခပျာ်ရှင်စံခို။ မြို့ရွှေဘို၌။ မုလံ။ဇာတိ ချက်ကြွေ။ ဘွားမြင်ပေသော။ အဟံ။ ပိဋကတ် ဇောင်။ သိမြော်မြင်၍။ ထွက်ဝင်လုပ်ရပ်။ နဝင်းသတ်လမ်း။ အခန်းခန်းကို။ ကြိုးပန်းသောတိုင်း။ ပိုင်းပိုင်းမိမိ။ တိတိကွင်းကွင်း။ရှင်းလင်းသောချော။သိလိမ္မာသော "ဆရာစံ" ဟု။ နာမံသမုတ်။ အကျွန်ုပ်သည်" ဟူသော အရ။ ဇမ္ဗူလောကတည်းဟူသော မြန်မာပြည် အတွင်း၌ နဝင်းအတတ်။ အင်္ဂရတ်စခန်းက။ ရဟန်းရှင်လူတို့၏ အယူအဆ။ မှနယလုပ်တုံးများ ကိုလည်း။ စူးစား ဆင်ခြင်ကြရမည်ဟု ပြောပြီး။ တလော တဖန်။ နားနေပြန်မည်ရှိရာ။ တပဲ့မများစွာတို့က။ ဝါသိပ္ပံတော် ကျရောက် တဲ့ အတိုင်း။ "စာ်ကိုင်းတောင်သင်း။ လင်းလောကျိုး။ ပြည်မှာ နဝဒေး" ဟူသော ရွှေးအမတ်မင်း။ ရေးစပ်ရင်းရတုများဖြင့်။ အမှုသွား နှင့်သောက်စာပြီး။ အောက်ပါအတိုင်း လျှောက်ကြလေ၏။

နဝင်းနေဟူတည်းဟူသော အတွင်းရွှေ
မြင်ရွှေဂူဘုရားတိုင်ရတု။

(၁) ဥဒည်းစက်မြင်။ အာကာခွင်က။ ယာဉ်ရှင်သွားမှတ်။ ...ာက်ကျွန်းပတ်သော်။ သာထွတ်လွှန်ကဲ။ ကန်တော့ပွဲဝယ်။ ပုလဲ ...င်ခြည်။ ရွှေရည်စင်မော။ မြနှင့်နှော့သို့။ တော့တော့မဆံ့။ ဖူးကြ

အုံ့သား။ ချောညို့ထွတ်ထွတ်။ ဝင်းညီမွတ်လျှင်။ ရုံပတ်ရွှေဝန်း။ သော်တာထွန်းသို့။ ညီညွှန်းကြည်ရွှင်း။ စံပကျင်းသည်။ ။အ-တွင်း ရွှေရှု ပြစ်ရှော့။

(၂) ရုပ်လည်းလက်ဆင်။ မြကွမ်းတင်နှင့်။ နှစ်တွင်ပေါ်သစ်။ စ မလစ်တည်။ တစ်လစ်ငြိမ့်ချေ။ ဘော်သုံးရွှေနှင့်။ ညနေချမ်းခါ။ ရှဲတော်ရာဝယ်။ သဒ္ဒါသွတ်ကြိုက်။ မြင်မိလိုက်၍။ လည်၌ထိပ်ပြင်။ ပန်ဆင်စရာ။ သည်သာနှောင်ရန်။ ဘုန်းချင်းညွှန်၍။ မကျန်ကြောင်းခြာ။ နေရပ်ရာကို။ မှန်စွာဇာတိ။ မေးသည်ရှိသော်။ မသိသာလျှင်း။ ဆိုချွတ်ယှင်းသည်။ ။နဝင်းနေဟူ တွင်နေဟု။

(၃) ကုဟည်းငုက်ဆင်။ စီးလျက်ပင်တည့်။ ကောင်းကင်ပျံကြူ။ "သုရိယ" ဟု။ ဘုရားလျှာမှန်။ ထွတ်ဘုန်းသန်လျှင်။ ဆင်းကြွန်လျှ ညီ။ မင်းသွီးကို။ ဇနီးကြင်သူ။ တင်ခဲ့ယူ၍။ အတူစုံပူး။ ပျော်စံဘူးသို့။ ဝေးကြူးရပ်မြေ။ ခြားရှိလေလည်း။ သက်ဝေရအောင်။ ကြိုးပမ်းဆောင်၍။ လှခေါင်နတ်ဆင်း။ ရုပ်လည်းကွင်းနှင့်။ ညခင်းမြင်လစ်။ ရှယ်သစ်သစ်၏။ ထင်တစ်ဋ္ဌာန။ မသိရသော်။ သကျရှော့။ မြတ်နှစ်ဆုဝယ်။ ကြည်ဖြူရိတ်ရွှင်း။ တောင်းလျှောက်ချင်းသည်။ ။မယှင်းဆော့တူ ကြင်ဆော့တူ။

ထိုသို့တခါ။ ။အဆိုပါ ကျုပ်တို့ တပည့်မ တေဒါဂီစသည်တို့က။ မြေမှဒ္ဒါနီ မြို့ကြီး၏။ မျှ ထီးနှစ်ဆူ။ ဖြစ်တော်မှုသည်။ "အတွင်းရွှေရှု ပြင်ရွှေရှု"။ "နဝင်းနေဟူ ဖြစ်နေဟူ" တည်းဟူသော ရတုစာသွားတို့ဖြင့်။ ဆရာတပါး သဘောစိုက်ဘို့။ တောစရိုက်ပီပီ။ အနီးသို့ရှုတ်ဆို လျှောက်ထားပြီးသည်မှ အခြားမဲ့တွင်။ စကားတလှဲ့ ပျိုးခြင်းဖြင့်။ ကိုးနဝင်းဘုရားနှင့် စပ်လျဉ်း၍။ မိုးညွှင်းမင်းတရားကိုအရင်းထားပြီး။ ယင်းသားတော် နရပတိကြီးမင်းရဲ့နံတော် ကို သိကြရဲ့လား။ တပဲ့မများဟု မေးတော်မူလေ၏။

စောဥမ္မာ။ ။မှန်လှပါ ဗုဒ္ဓဟူး သားရယ်လို့။ ကြားဘူးပါဘုရား"။

ထို တပဲ့မ အပေါင်းတို့။ ဗုဒ်နရပတိကြီး တည်းဟူသော ဗုဒ္ဓဟူးသား မင်းသည်လည်း။ ကျမည်သော နဝင်းလှတဲ့ အင်းဝမြို့မြောက်အရပ်မှာ။ လျှောက်ပတ်စွာ ဖြူသဒ္ဓါပုံဖြင့်။ နောက်ကပ်

သတ္တဝါ လူမြန်မာ အစုံတို့သို့။ ထူပါရုံ ဤဘုရားကို။ တည်ထားတော်မူဘူးကြောင်း။

ငှင်းထားတော်ဘုရင်။ အရှင်မဟာသီဟသူရ တည်းဟူသော အင်္ဂါသား မင်းကလည်း။ အင်းဝပြည်မှ အနောက်တောင်မှာ။ နောက်နောင်ကို သတ္တဝါကြတို့။ ရတနာမြေ စည်းခုံဘုရားကို။ တနည်းတဖုံ တည်ထားတော်မူခဲ့လေသည်။

အနှိမ့်တခါ။ ရတနာပူရ ရှယ်လို့ သတင်းလှခဲ့တဲ့။ အင်းဝမြို့ အောင်ကြွင့်နန်း၌။ အောင်ပန်းကြီး ပွင့်တော်မူခဲ့သော။ ညောင်ရမ်း တည်းဟူသော။ သောကြာသား မင်းကလည်း။ နဝင်းလှအောင်.... သတ္တါမမြှတ် ရှုဘိသဖြင့်။ မဟာမြတ်မုနိဘုရားရှင်ကို။ တရားမလွှင် တဆောင်မှတ်ပြီး။ တောင်အရပ် ဆည်တည့်မှာ။ တည်တိသည်လည်း တကြောင်း။

ငှင်းမှတပါး။ သားတော် အနောက်ဘက်လွန် တည်းဟူသော ဘုရင်ရာဇာ။ အင်္ဂါသား မင်းတရားသည်လည်း။ နဝင်းသွား တောက်ပြောင်အောင်ရှယ်လို့။ အနောက်တောင် ဓေသ၌။ ရာမ ပြာသာဒ် ကျောင်းတော်ကြီးကို။ ကောင်းချီးသာဓ။ ယင်တော်မူခဲ့ ကြောင်း။

ငှင်းညီတော်။ ပြည်ပေါ်မှာ အသာအယာလွန်တဲ့။ သာလွန် မင်းတရားတည်းဟူသော တနင်္ဂနွေသားမင်းသည်လည်း။ ယင်းပြည်၏ ကသိုဏ်းကွက်ဟု ဆိုအပ်သော။ စစ်ကိုင်းဘက် အနောက်မြောက်တွင်။ နောက်နောက်အစဉ်....လူသတ္တဝါတို့ကိုဘို့။ စွဋ္ဌာမုနိ ပုထိုးတော်ကြီး ကို။ မိုယ်းပေါ်နီးအောင်။ ဖန်ဆောင် တည်ထားတော်မူခဲ့ကြောင်း။

ငှင်းသား ငါးထပ် ဒါယကာရှယ်လို့။ ကမ္ဘာမှာ တရုဏ်တင်း ခဲ့တဲ့။ မြန်မာရာဇာ, ဂဠုန်သနင်းတည်းဟူသော။ တနင်္ဂနွေမင်းသည် လည်း။ အင်းဝအနောက်မြောက် ဌာနတွင်။ ယကြာအရ နဝင်းရှုပြီး။ သင်းတုတော် အမြှတ်ဆုံးဘုရားကို။ ကပ်သုံးပါး ဝဋ်ဘယာမှ။ လွတ် ရာအမိဌာန်နှင့်။ စိတ်အကြံရည်မြော်ပြီး။ တည်တော် မူခဲ့ဘူးလေ ကြောင်း။

ငှင်းနောက်သော်။ သားတော် အင်္ဂါသား မင်းတရားသည် လည်း။ နဝင်းဘုရားကဲ့သို့။ ယင်းအသွား ပေါ်လွင်မြောက်အောင်ရှယ်

လို့။ အနောက်တောင်ဌာနဉ်၊ ထာဝရကုသိုလ်။ အခုလို ပြုတော်မူခဲ့ဘူးကြောင်း။

ဂုင်းနောက်တမျိုး။ မိုးပေါ်မှာနေရသား လင်းသက်ကဲ့သို့သော။ ဘိုးတော်စနေ, နဂါးမင်းသည်လည်း။ ပရမ ဘုရားနဝင်း, စေ့ဆောင်ရယ်လို့။ အရှေ့တောင်ဝမ်းတဲအင်းတွင်။ ကမ္မဋ္ဌာန်းတဲချင်း ရန်မပေါ်ရအောင်။ နံတော်သင့်ကောင်းမှုတော်ကို။ တောင်းဆုမြွော်ခေါ် ပတ္ထနာဆုဖြင့်။ သာဓုတော် ခေါ်ခဲ့ကြောင်း။

ဒို အပေါင်းသော တပည့်မတို့။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ်ကြသည်နှင့်အညီ။ ဤမည်သော ပရိတ်တော်ကြီးမှာပါတဲ့။ "ရှင တော်ဝါ, စောရတော်ဝါ, မနုဿတော်ဝါ, အမနုဿတော်ဝါ" သိသလို။ ထိုသို့သော မင်းဘေးစိုးဘေး။ သူခိုးဘေး။ မြွေဘေး။ သူပုန်ဘေး။ ဂန္ထုန်ဘေးစသော ဘေးအပေါင်း။ မကောင်းသော ဒုက္ခတို့နှင့်။ ကြုံရတွေ့ရသောအခါ။ "ဆင်းရဲလေလေ။ သံဝေရရ" ဟူသကဲ့သို့။ လူတပည့်။ ရသေ့တပည့်။ ဘိုးသူတော်တပည့်။ မယ်သီလတပည့်စသော။ တပည့်ဒါယကာ။ ဒါယကာမအချင်းချင်း။ အသင်းအပင်းတို့သည်။ ယင်းသို့သော နဝင်းစေတီတော်ဘုရား။ တည်ထားကိုးကွယ်လေ့ရှိကြတဲ့ အစဉ်အလာမှာ။ ယခင်ဆရာ ပြုခဲ့တဲ့။ သာသနဒါယကာ။ သာသနာပြုမင်းကောင်းမင်းမြတ်တို့၏။ နဝင်းခေတ် ပုထိုးဘုရားတို့နှင့်။ တချိုးတစားတည်းပင် ဖြစ်ကြောင်းကိုလည်း။ ကောင်းကောင်းကြီးမှတ်သားကြရမည်။ ။အနှီမှတပါးတုံလည်း။ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်သော အမျိုးသားကောလိပ် ကျောင်းကြီးသည်။ ဤမည်သော သပိတ်မှောက်။ သပိတ်လှန်။ ဘေးရန်တို့အတွက်။ ပျက်စီးသေဆုံးသောအခါကလည်း။ အဆိုပါ "အတွင်းရှေ့ရှု။ နဝင်းနေပျော့" ဆိုသော ရတုအလားကဲ့သို့။ အမှုသွားနှင့်ညီအောင်။ ရည်ဆောင်သောအားဖြင့်။ ကျွန်ုပ်တို့စီကုံးရေးသားခဲ့ဘူးတဲ့၊ ထူးမြတ်သော လေးချိုးကဗျာ။အလင်္ကာမှာလည်း။ အောက်ပါအတိုင်းပင်တည်း။

## ရွှေတိဂုံဘုရားတိုင်ဘွဲ့ ကဗျာ မဟာလေးချိုးကြီး။

မြန်မာ့ သိပ္ပံကျောင်းကြီး အသေမှာ သပိတ်သွတ်တဲ့ ဆွမ်း
ေတုနှင့်။ ဓမ္မ အမိဋ္ဌာန်ကောင်းချီးဒေသနာပရိတ် ရွတ်သံနဲ့ မင်းခွဲ
ပါရဲ့။ (ဩ)ကျမ်းပေါ တိတ်အမြွက် မှာတော့။ ဆန်းသော
မိတ် အတွက်ပေထင့် တခက် "ရန်ကုန်မသာ"။ (အိုကွယ်) ဗဟန်း
ကောလိပ် ပျက်ပေမဲ့။ ကမ္မဋ္ဌာန်းဇောစိတ်ကလဲ တဖက်ပေမို့။ အ
သက်ပြန်ရှိသာ။ ။(ဩ)ဇမ္ဗူထီးတွေတဲ့ကဲ့။ အယူသည်းကြတဲ့။
သကြီးလူကျယ်တွေပေါ့။ ဆူမဟာယ် ပုမဟာယ် ဒလပေ အနိုင့်အပိုင်
ပြုချင်တဲ့။ အမှုသယ် နှစ်ထွေပြိုင်ဆိုင်မှုတွင်မှ။ "လိုင်၊ပု၊ကျော်" သပိတ်
သမားတွေရဲ့မြင်။ "စတိုင်" အညာမနေ့ဒီ တဆိတ်ထွားပေတဲ့။ ပဋိဃ
ား နှုးကာနှပ်သလိုပ။ နှစ်ကျိပ်တပ ါးမှုးလျှာမတ်တွေကလဲ။ ပုံးကာ
သတ်မယ် "ကောင်စီ" ဝင်လို့မို့။ အနှောင်ပြည်အင် ကွဲရှာသနေ့ရယ်
ာ။ တကောင်တကောင် ထီမထင် ဇွဲမာမာနှင့်ရွေ့ကြလေတော့။ အ
ဲဟာ မခေ့နိုင်- ယနေ့တိုင်အောင် မိုက်ချိန်နှင့်။ အဓိုက်အခါကြိမ်
ို့မို့။ ဂဏာမငြိမ် တာဝတိန်သို့ ပြောင်းရှာတဲ့။ ကျောင်းမသာ
"ကောလိပ်" ရှာပနကိုမြင့်။ ပေါင်းသဟာ တောမိတ် လာလာသမျှ
နှင့်။ ပြာချကာ ကိစ္စတုံးပြီမို့။ အနိစ္စအလုံးတထောက် ဟောရမှာ
။ မျောက်တော တဂုဏ်လျှမ်းပေတဲ့။ အောက်ကြော ဒဂုန်တဟန်း
ကကဲ့။ ဘုံခန်းသူ ဘရုဏ်ပမာတို့နှင့်။ သည်တာဝါမှာ အနိဆရာ
မပြီသာဘု။ မရွဲသာရွဲသာနဲ့ တားပါလို့။ မလွဲသာ လွဲသာနှင့်
ရပါတော့။ တားကာ တားကာနဲ့ ဖျက်ရှာသူတွေကိုနေ့ကွယ်။
ားတာကလဲတဖက်။ များစွာခက်ခက်ပြီ။ (ဩ) အားနာရက်
။ကျွန်ဝယ်ရာ အဆာစ်ပါတဲ့ "မှိုင်း" မှာမြင့်။ မွန်နယ်မှာ ခေတ်
သနဲ့ မဆိုင်းသာဘု။ မြစ်အညာ စကိုင်းကိုတဲ့ ပြန်ရောမကွာ။
ါကံအရာရယ်လို့ စိတ်မှာထား။ (ကောသာဝတီရယ်) အကြံမ
ကြံမှာကရိုက်တွေပြာတွေနဲ့ ဝိဇ္ဇာတရား။ ။စိန်မှုတ်ဆောင်ပျံ့
ေ။ စိန်မှုတ်ဆောင်ပျံ့။ သိဂ်တ်တောင်ကမ္ဘာယက။ သဂေါင်
ကျော်ကျော်မှာ ရောင်လျှံထော်ကလဲ မြူးမြိန်သံ့။ ဖူးထိုက်တဲ့

ဆရာကို ဦးတိုက်စရာ အတိတ်ကာယ်နှင့်။ သာဟိတ်ဖြဟ္မစိုရိဖျော်ဖျော် သွန်းတဲ့ပြီး။ ဗျာဒိတ်, ကိုယ်တော်ညွှန်းရော့သလားလို့။ ဆွမ်းကွမ်း အဖျော်ယာမကာ အစုံဖြင့်။ မွှာချံ့တရား၀သီမချို့သူတို့နှင့်။ တအာ ရုဏ် သွားချည်စို့ရယ်လို့။ အများညီတို့ရာ ကျောက်စည် ထိုးတဲ့ ဖြင့်....။ (ချော်) အအိပ်နည်းမဖြင့်။ သိမ်ကြီး ကဲ့သယာတွေကို။ စိပ် ပုတီးဆွဲကာတမျိုးရယ်နှင့်...အနိစ္စ ခမျာတွေကို အဆိတ် ထကွာလို့ နှီးနှီးပြီး။ မိုးလင်းတော့မယ် ရောင်နီအလာ၌။ တောင်ဒီပ ါနန်းမြေ ဇမ္ဗူတွင်ဖြင့်။ နောင်အရှည်အကြာ အလွမ်းမြေ ရှုစေဘို့။ အစောင် စောင် ဋီကာကျမ်းတွေ ပြုခဲ့တဲ့။ မန်းပြေသဆရာ အကြံ့ကုန်လို့မို့။ ကံမဆုံ ရန်ကုန်က အထွက်တွင်မှ။........(ညှ) အောက်မြို့ ပြန်ချင်ပေ မဲ့။ နောက်သို့တဖန်။ ရောက်ဘို့ရန်ကာလဲ ခက်မှာမို့။ အသက်သွင် မယ် စန္ဒာရဲ့ဖြင့်။ အကျယ်သံသရာမှာ ဘယ်နံ့အခါမှ မမုန်းနိုင်တဲ့။ ပြုံး တုံးတုံးကလေးနဲ့။ ကုံးကုံးကလေး, တော်ပေသူ ဧဒါရွှေစိမ်းတို့ နှင့်။ အဖော်အရွှေ ထိန်းကာ တောင်တော်တက်ပြီး။ ပြစ်ချက်အရာရာ သက်သာဘိအောင်ပ။ ရှစ်မျက်နှာ လကျာ လှည့်ကြတဲ့။ တပည့်မ ဘောဒါ, ကေသာ ဝေနေယျာတို့နှင့်။ စိစိငှ သေသေချာချာပ။ တေ နာ, စောသစ္စာဗလ၀ရယ်နှင့်။ ကဝေဆရာ ယောဂါ၀စရမှာလ။... (အမယ်မင်း) အခေါ်ယာ၀။ တလောတခါမကြုမြို့။ တောအညာ ဒကာမတွေနဲ့။ ရဂုံမြန်ပေါ်တခွင် သွားရပါတော့။...(ချော်)မနော ပနာမ။ ထောမနာသခွဲပါရဲ့.... (အို) ဩကာသ, ဩကာသ, ဩကာသ, ဒဂုန်ဆံတော်ရှင် ဘုရား။

အို တပဲ့မ အပေါင်းတို့။ ၎င်းအထက်ပါ ကဗျာ ကိုလည်း။ ဆရာသည်။ ဤမည်သော ကောလိပ်ကျောင်း ပျက်၍။ အထက် အ ညာ။ ဇေယျာပူရတိုင်း။ စစ်ကိုင်းသို့ပြန်ခါနီး ဆဲဆဲတွင်။ ကွဲပြား သော သပိတ်လှန်။ သပိတ်မှောက် တို့ကြောင့်။ စိတ်ပေါက်ပေါက် နှင့်။ စိတ်အလျောက် ရေးသားတော်မူခဲ့ဘူးကြောင်း။

၀ ၀ ၀

တနေ့သောညခင်းအခါ။ လ,မင်းကာလဲ သာသာတွင်။ လာရော ကြ တပြေ့မကျိုးစည်။ ရအေ့ ဆရာ့ထံတော်ပါးသို့။ တရားနာရော

ကြသဖြင့်။ နောက်တထိုင်လျက်ရှိသော အရိုးစိမ်းခေါ် ဒါယိကာမကြီးသည်။ ဤမည်သော အပျိုကြီးဘဝနှင့်။ သီလရှင်လဲမလုပ်။ စိတ်ရွှတ်စရာကောင်းတဲ့ အမယ်ကြီးဟု။ ဖြစ်တီးဖြစ်တောက်။ ရောက်တတ်ရာရာ။ ပြောချင်ရာပြောပြီး။ တဘောသော လုပ်နေ ကြရာတွင်။ အကြင်သို့သော မန္တလေးခေတ်တုတ်က။ မဟာဘုတ်တိုင် ထုနည်းမှ စ၍။ အသီးသီး အဝဝသော ဖေဖင်ကိန်းသွား။ ဟူးရားအတတ်များကိုလ။ မှတ်သားလေ့လာ အားသည်နှင့်ညီစွာ။ "ဆရာမှိုင်းဘုရား။ အရိုးစိမ်းကြီး ဇာတာမှာ။ ။(၁) "တုမိသာမှာ။ ထိုနှစ်ဖြာ။ မွားကာ လက်ထီးရှိ။ (၂) ထိုနှစ်ဖြာတွင်။ အင်္ဂါမြင်။ ကြင်ရာဘက်မရှိ" ဆိုတဲ့ အတိုင်းများ ဖြစ်နေလေရော့သလားမသိ" ဟု လျှောက်ထားလေ၏။

ထိုအခါ ကျုပ်တို့က။ ဒေဒ အရာ လေ့လာ သိမှတ်လိုသူတို့အတွက်။ သက်သက် မေတ္တာရှိသဘောဖြင့်။ မဟာလား ပြောလားလုပ်ရသည်မှာ။ "အိုမန္တလေးခေတ်တုတ် အမှုူးထားပြီး။ ထူးမခြားနားသော တပ်မှ အပေါင်းတို့။ ၎င်းအပျိုကြီးဖြစ်ရခြင်း။ လူတိုကြီးများနဲ့ ညားရခြင်းတို့သည်။ ဆင်းရဲဒုက္ခကြီးတမျိုးဘဲ။ အဲ အနီးသို့သော မိန်းမတို့ ဇာတာသည်ကား။ ဖွားရင်း မူလ ၁၂ ရာသီစက်တွင်။ ဘခွင်ခွင်၌။အကြင်သို့သော ဂဠုန်,ကျား,ခြင်္သေ့,နဂါး။ ပျော်ပါးတဲ့အလိုမှာ။ အ ပျို ကြီး သော် လည်း ကောင်း။ မယ်သီလခေါ်လည်းကောင်း။ လင်ရယ် သားရယ်လို့ မတွေ့ရတဲ့။ ရသေ့မသော်လည်းကောင်း ဖြစ်တတ်သည်။ ။နို့ပြီးပြန်လျှင်။ တခွင်ခွင်မှာ။ ကျား,ဆင်, နဂါး။ သုံးဦးသားဆုံစည်းမှ။ ပစ္စည်းဥစ္စာလိုရာမတ။ ပေါပြည့်ဝတဲ့။ ဇောတိက ဆူဋ္ဌေးကြီးတို့လို။ သေူးကြီးမွေးကြီး ဖြစ်ရတတ်သည်။ ။အနှီမှ တဝ။ မိန်းမတို့ ဇာတာများ၌။ ဖွားရင်းမူလ ၁၂ ရာသီစက်တွင် လက်ရှိချေက။ တနင်္ဂနွေမှစ၍ ဖောက်။ ၇ တန့်မြောက်။ ...က်နှင့် သမာသတ်။ ပထနီဘဲ့၌။ ဂဠုန်, ကျား, ခြင်္သေ့, ရာဟုတို့ ...ပေါင်းစုပြီးနေလျှင်။ လင်ဆို လင်သိုး။ လင်အဘိုးကြီးများနှင့် ညားတတ်ကြောင်း။ ။၎င်း မြင် လည်း။ တ နည်း ဆို သော်။ ဘော် မ စုံ ...ကိုယ်တည်းဟု ဆိုအပ်သော။ အပျိုကြီး ဖြစ်တတ်ကြောင်း။ ။ ...အဆိုပေါ် ဇာတာရှင် ဖြစ်ရတဲ့ မိန်းမအပေါင်းတို့မှာ။ မကောင်းသော ဒုက္ခရယ်ကို့။ မှချတပ်အပ်။ မှတ်ကြရမယ် ...တုတ်ကဲ့။ ကိုင်၊

ခင်တုတ်ကော ဘယ်နှစ်ခုသမီးလဲ။ အနီးတိုးပြီး။ ရိုးရိုး လျှောက်စမ်းပါဦး” ဟု မိန့်တော်မူလေ၏။

ထိုအခါ။ မန္တလေး ခင်တုတ်က။ ကျုပ်တို့ကို ကြည့်တဲ့ပြီး။ ပြုံးသနဲ့ နဲ့နှင့် “တယ့်တော့်မ မနက်ဖြန် ညခါမှ။ ဇာတာပေါ် ယူခဲ့ပမယ်။ အရူညတော့။ မှူသဝန အလို။ ကုသိုလ်ရကြောင်းပါဘုရား” ဟု လျှောက်ထားလေသည်။

ယင်းသောအခါ။ အဆိုပါ စန်းလက် ဇာတာများ အစုကြောင်းနှင့် စပ်လျှဉ်းပြီး သကာလ။ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူတဲ့။ ငါးရာငါးဆယ်အဝင်။ အကြင်သို့သော စတုကနိပါတ်။ အမ္ဗဇာတ်ပါဠိတော် အဋ္ဌကထာတို့မှာ ပါရှိတဲ့။ ဤသည့် သတ္တိသွီးတို့၏ ကြီးလေးသော ဒုက္ခသစ္စာ တရားကြီးကို။ ဟော တော် မူရလေ၏။ ။ ဟောဟန်ကား။

## အပျိုကြီး ယပ်လှဲ့တရား။ ။

အို… တပည့်မကြီး။ တပည့်မကလေးတို့။ ရှေးသရောအခါ။ ဗာရာဏသီပြည်ရဲ့ အနီးအပါး။ မြစ်ကမ်းနား တကျေ့မှာ။ ရသေ့ယုတ်မာ တခု ရှိသတဲ့။ ကျုပ်တို့ကို သူတော်ကောင်း ရသေ့မဟုတ်ဘူးပေါ့။ (မှန်လှပါဘုရား)။ ။အဲ့ဒီ ရသေ့စဉ်းလဲ။ ရသေ့ပျက်သည်။ သရက်ဥယျာဉ်ကြီးတခု။ ပြုစုပျိုးထောင်ပြီး သကာလ။ ရသမျှ သရက်သီးတို့ကို။ မိမိလည်း သုံးစား။ လူများကိုလဲ လောကွတ်ပျူငှ လုပ်ပြီး။ ဘယုသသုက္ခ နေတာဘဲတဲ့။ ။အဲ အနီးအကြောင်းကို။ ဘုရားလောင်း သိကြားမင်းက။ အကွင်းသား, အထင်းသား။ ထင်ရှားသိမြင်၍။ ရသေ့ပိုင်နက်က။ သရက်သီးမျှားကို။ ခိုးသား သူပျက် တလေတို့။ နှောက်ယှ ဖျက်ဆီးတဲ့ အဟန်။ ဖန်ဆင်းပြီး ထားတယ်တဲ့။ ။အဲဒီ အတွင်းကလေးမှာဘဲ။ သူဌေးသွီး ဆိုတဲ့။ အ ပျို ပေါက် က လေး ၄ ယောက်မှာလဲ။ “ကြမ္မာဆောင် သားကောင်ဆိတ်ဖြစ်” ဆိုသလို ထိုဥယျာဉ်အတွင်း။ ချက်ခြင်းဘဲ ရောက်လာကြတာဘဲတဲ့။ ။အဲ သို့ကလိုရောက်လာကြတော့။ ဘာမှမပြောနဲ့တော့။ ဒေါနှင့်မောနှင့်။

တောသကျောင့် လေ့မဟုတ်တဲ့။ ရသေ့ယုတ် ငန်က။ တကာတဲ...ဟို အဆိုပါ သူဌေးသမီးကလေးတွေကို။ နင် တို့ ဘဲ။ ငါ့ သရက်သီးကို ခိုးတယ်။ ကြိုးနဲ့ချည်မယ်။ ဘမ်းဆီးချုပ်နှောင်ပြီး။ ထောင်ချမယ်။ တန်းချမယ်နဲ့။ အရမ်းအဓမ္မ လုပ်ကရောတဲ့။ ကြွားရဲ့လား ကေသာ ဝတီ။

ကေသာဝတီ။ ။"ဦးထိပ်ရွက်ဆင်ပါ ဘုရား"

အဲ အနှီကဲ့သို့။ အကြမ်းဘတမ်း။ အရမ်းလုပ်မယ် ဆိုတော့။ တိုမည်သော အကာလေးမတွေမှာ။ ချွေးကျအောင် ကြောက်ကြောက် ပြီး။ ပြေးပေါက်ကိုလဲမမြင်။ ရှင်ရသေ့ကိုလဲ မရှောင်သာ။ ဈေးချော ချော ဖြစ်ပြီး။ "မှန်လှပါ...ရှင်ရသေ့ သရက်သီး။တပဲ့ တော်မတို့။ထိုသီး မှ မဆွတ်ရ။မချူရ။မခိုးရပါဘူး။ ချမ်းသာပေးတော်မူပါ ဘုရားလို့။ သနားစရာ။ ငိုမဲ့မဲ့မျက်နှာနှင့်။ မသက်မသာ။ အခါခါ လျှောက်ထား တောင်းပန်ကြရှာသတဲ့ အရိုးစိမ်းရဲ့။

အရိုးစိမ်း။ ။"တယ်ပဲ ယုတ်မာတဲ့ ရသေ့ပါ တကား မောင်ရင်မှိုင်းရယ်။ အဲ ဒါမျိုးတွေကြောင့်။ တပဲ့တော်မမြင့်။ ရသေ့ မြင်ရင် ဖူးချင်စိတ် မပေါက်ထာ"

အဟမ်း, အဟမ်း။ သလိပ်ကပ်တော့။ ရင်ထဲက တဆိတ်ကြပ် တယ်။ အဲ အနှီသောကာလ။ အာက ရသေ့ဆိုတဲ့ ရသေ့ယုတ်မာက။ ကိုင်း...မခိုးရှိုးမှန်လျှင်။ ကျိန်ရမယ် တွယ်ရမယ်။ ဘယ်ဝယ် ဘယ်သို့ ပြောဆို ကျိမ်းမောင်းတဲ့ အရေးကြောင့်။ သူဌေးသွီးအပျိုကလေး တမောက်က။ ပေါက်ပေါက်ရှာရှာ။ ကျိန်ဆိုတာမှာတော့ အနှာလို တဲ့။ ဘယ်လိုပါနည်းဟူမူ။

(၁) ယော, နီလီယံ မဏ္ဍယတိ၊ သဏ္ဍာဓသေန ဝိဟညတိ။
တဿ, သာ ဝသ, မနွေတု၊ ယာ, တေ အမ္ဗေ
အဝ ဟာရိ။ ။

ဘန္တေ၊ အရှင်ရသေ့။ ယာနာဘိ၊ အကြင်မိန်းမသည်။ တော ရှင်ပင်ရသေ့ရဲ့။ အမ္ဗ-အမ္ဗာနံ၊ သရက်သီးတို့ကို။ အဝ ဟာရိ၊ ခိုးလဲ ခိုးစား။ ဝါးနှင့်တံချူ။ ဆွတ်ခူးချူ၍။ ခိုးယူမိမှားအံ့။ သာနာဘိ၊ အဆိုးဘဝ။ တန်ခိုးပြတဲ့။ ထိုသူခိုးမသည်။ ဧဝံ၊ သို့ကလို။ ယောတု၊ မသေချာစစ်စစ်။ ဖြစ်ပါစေသော။ကို ၊ ထကာယ်သော့တော့။ ဘယ်လိုပါနည်း

ဟူမူ။ ယော၊ အမြင်ဆိုးတဲ့။ အကြင်အဘိုးကြီးဆိုသည်။နို့လီယံ၊ဆံဖြူ ကြီးကြောင်၊အကဲတက်ပြီး၊မဲနက်အောင်ရယ်လို့။ မတ္တာယတိ၊ မင်းဆေး သုတ်မ်။ လိမ်းကျံခြယ်လယ်။ ဘယ်ဝယ် ဘယ်လို။ အသယ်ကိုယ်ယဉ်မှ ရယ်လို့။ ဆင်ရ မြင်ရလေ၏တဲ့။ သဏ္ဍာသေနာ၊ တန်း တန်း ကလေး။ နခမ်းမွေးနှင့်။ မေးကိုသပ်ယပ်စေတဲ့။ မွေးညှပ်ဖြင့်လဲ။ ဝိဟာညတိ၊ ခေါင်းကဆံဖြူ။ အလံ မတူရဘူးလို့။ နုတ်ယူ ဖင်ပန်းရတယ်တဲ့။ တသာ၊ ထိုခေါင်းဖြူစွယ်ကျိုး။ အမှုယ် ညီးလို့မို့။ တကယ် မကိုး လောက်တဲ့ အဘိုးကြီးရဲ့။ ဝသံ၊အလိုသို့။ ဝါ။အမှုအရာ။ဘသူမသာ အောင်။မူရာမာယာအလိုက်။ မြူကာ မြူကာနှင့် ပိုက်ချင်တဲ့။ဘူတာ ကြိုက်သို့။ အနေ့တူ၊ အစဉ်တစိုက်။ မကြင်ထိုက်သော်လဲ။ လိုက်ရ ပါစေသတည်း။ (ဝါ-တနည်းကား)။ အပိုးမပြီး။ နသိုးထီး ကဲ့သို့ သော။ အဘိုးကြီးဘဲ ဖြစ်ဖြစ်၊ "မချစ်သော်လဲ အောင့်ကာနမ်း။ မနမ်းသော်လဲ ပင့်သက်ရှု"ဆိုသလို။ ထိုအဘိုးကြီးကို မကြိုက်သော်လဲ။ လိုက်ရပါစေသား။ ဝါ။ ရှေ့သွားနောက်လိုက်။ မကိုက်သော်ငြားလဲ။ မယားဖြစ်၍။ ဝင်စစ်လိုက်ရပါစေသား။ တထာဝုပ္ပံ့ပတိ၊ တညို့ တမှောင့်။ သိုတနှောင့်နဲ့။ အနို့ကြောင့်ရှက်ဘွယ်။ မတင့်တယ်တဲ့။ အရွယ်မတူ။ မြင်မကောင်းတဲ့။ လင်ခေါင်းဖြူကို။ လာဘတု၊ ဘဝ အသရေ။ မလှလေအောင်။ ရပါစေသားဘုရား။

အပျိုကလေး တယောက်။ နောက်ကပါသလို ကျိန်ဆိုပြီး၍။ ရသေ့က။ ယော့ ဒကာမတဦး ကျိန်အုံးဟု။ ကြိမ်လုံးကြီး ကောက်ပြီး။ ပေါက်တော်မူသည့် အလျောက်။ တယောက်က ကျိန်ပြန်သည်မှာ။ အနာလိုတဲ့။

(၂) ဝီသံဝါ ပဥ္စဝီသံဝါ။ ဉီနံ့တိံ သံဝ ဇာတိယာ။

တာဒိသာ ပတိံ့မာလဒ္ဓါ။ယာ့တေ အမ္မေ အဝ ါဟာရိ။ ။

ဘန္တေ၊ အမြင်အတွေ့။ မကြင်လေ့တဲ့။ အရှင် ရသေ့ကြီး ဘုရား။ ယာနှာဒရီ၊ နကိုရိုလွှ။ အလိုကျလောက်တဲ့။ အကြင် အပျိုမ သည်။ တော၊ ရှင်ပင်ရသေ့ရဲ့။ အမွှေ၊ သရက်သီးများကို။ အဝ ါဟာရိ၊ အဒိန္နဒါန်၊ အကြံညစ်ဆိုး။ ကိုယ်တော်ယိုးလောက်အောင်။ ခိုးယူမိ၏။ သာနှာဒရီ၊မလိုတမျိုး။လိုဘမျိုးနှင့်။ ထိုသူခိုးမသည်၊ပတိံ၊အလာဘ်တွေ၊ သက်ဆဲ့ငါးနှစ်။ ဆဲ့ခြောက်နှစ်က။ လင်ချစ်သက်ဝေ။ မရလေသော်။

ဇာတိယာ၊ အရွယ်အားဖြင့်။ ဝါ၊ မိခင်ဝမ်းကဖွားသည်မှ။ ဝီသံဝါ၊ အသက်နှစ်ဆယ်။ အလိုမနီး။ တကိုယ်ထီးဆိုတဲ့။ အပျိုကြီးအရွယ်သို့ လည်းကောင်း။ ပဉ္စဝီသံဝါ၊ နှစ်ဆဲ့ငါးနှစ်။ သက်ဆစ်ဖြိုးကယ်။ နဂိုရိုမျိုးရိုး။ အလိုလိုသည်းရမဲ့။ အပျိုသိုးကြီး အရွယ်သို့ လည်းကောင်း။ ဦနှတိံသံဝါ၊ အရွယ်တွက်စစ်။ သက္ကရာဇ်မှာ။ နှစ် နှစ်ဆယ့်ကိုး။ ရွှေညိုးနွမ်းနယ်။ အပျိုအမိုင်း၊ အလိုရှိုင်းရတဲ့။ အပျိုဟိုင်းရွယ်သို့ ရင်း။ ပတ္တာ၊ မရွေ့ထုတ်ချောက်။ ကေဝုစ် ရောက်၍မို့။ တာဒိသာ ထိုသို့ထိုနှယ်။ တခေတ်လုံးလုံး။ မချစ်လို့မုန်းကြတဲ့။ နှစ်သုံးဆယ်တိုင်။ မပြိုင်ဖူးစာ။ မသီးမပွင့်အောင်ဟာ။ ကြီးရင့်ပါသည်ဖြစ်၍။ ပတိံ၊ လင်ကို။ ဝါ၊ ကြင်သူမြောက်သား။ ယောကျ်ားရတနာ။ လင်တန်ဆာကို။ မာလဗ္ဘ၊ အစစအရာရာ။ ငွကျပါအောင်။ မရပါစေလင့်။ ဝါ၊ နှစ်ဖြာနှစ်ဦး။ တခါဘူးမျှ။ စိတ်နှုးကြည်လင်။ တရည်ရည်ရှင်ကြဘို့။ မဆင်ရပါစေနဲ့။ ဝါ၊ နှစ်ကိုယ်ရှင်လန်း။ ကိုသေဉ်ခန်း၌။ လင်ပန်း-မပန်ရပါစေသား။ ဝါ၊ ပုဆိုးတန်းတင်။ လင်ဖြစ်မယားရယ်လို့။ မညားရပါစေသား။ ဝါ၊ လူမှုစဉ်လာ။ တအင်္ဂါဟု။ မင်္ဂလာရှက်စပ်၍။ လက်မထပ်ရပါစေသား။ ဝါ၊ တသိမ်မပြောင်။ အမှိန်မှောင်ဘို့။ အိမ်ထောင်မကျရပါစေသား။

ထိုသို့ ဒုတိယ သူငွေးသွီးက။ တနည်း ကျိန်တွယ်ပြီးကာလ။ တတိယ သူငွေးသွီးက။ တသီးပုဂ္ဂလ၊ မိဋ္ဌာနသစ္စာမှုပြုန်သည်ကား။

(၃) ဝီယံ-ဂန္ဓတု အဒ္ဓါနံ။ ကေါကာ၊ အဘိသာဝိကာ။

သံကေတေ-ပတိမာအဒ္ဓ။ မာ့တေ-အမှ-အဝါဟရိ။

ဘန္တေ၊ ယောဂီအလုပ်ဆိုပြီး။ တောသိုင်ဝင်တဲ့။ ကျုပ်တို့ ရှင်ရသေ့။ ယာနဒုရိ၊ အကြင်အတောင့်မကြီး။ အသီးမမာဆိုတဲ့။ အကြင်သူကောင့် သွီးကညာသည်။ တော၊ အမြင်အတွေ့။ မမင်သစ်ဟု ဆိုတဲ့။ အိုဘဲ့ ရှင်ရသေ့၏။ အစမ္ဗ၊ ခက်လက်အနီး။ အရွက်ကြီးတွေနဲ့။ သရက်သီးတို့ကို။ အ-ဝါဟရိ၊ အဆိုးမှုယု။ သူခိုးမှုဖြင့်။ ခိုးယူမိ၏။ သာနုခရိ၊ မရှိမကျိုး။ အလိုထိုးနဲ့။ ထိုသူခိုးမသည်။ အဘိသာဝိကာ၊ လင်လိုမရ။ လင်လင်တာသည်ဖြစ်၍။ ဝါ၊ ရှင်ဘုရင်ကတော်ခံဘို့ ထားပါဆိုးတော့။ ရှင်ပျော်ရန်ဆိုလို့။ လင်စောင့်မနံ့ရသည်ဖြစ်၍။ ကေါကာ၊ နှစ်ကိုယ်မနီးနိုင်သမို့။ တဖိုဖိုသီးလေကျက်တဲ့။ တကိုယ်ထီး။

ဗီဿံ၊သွားဘိုလာရာ။ ရှည်လျှန်းစွာသော။အဖွဲ့နှံ၊ တဂ္ဂါဝုတ်လောက်။ ခရွှေနောက်မြောက်တောင်။ ဝေးဝေါဝ်မနီး။ အပန်းကြီးတဲ့။လမ်းခရီးသို့။ ဂန္တတု၊ လင်ကိုရနိုး။ မြော်ကိုးရှာဘော့။ မဟာဒယာ။တပါးပါးနဲ့။ သွားရပါစေသတည်း။ ဂန္တ္တဘိ၊လင်ကိုရနိုး။ အားအန်ကြီးပြီး။ မြော်ကိုးရည်ရော်။ သနားကမား။ တပါးပါးနဲ့။ သွားပါသော်လဲ။ သံကောတော၊ နှစ်ကိုယ်စုံမက်။ ပဒါနှစ်ပန်း။ အရာရာနမ်းစေသို့။ မညှာတမ်း ဆက်စရာ။ မတီမ်းမဖျက်။ တမိုန်းမိုန်းစက်ရအောင်ဆိုတဲ့။ ချိန်းချက်ပါတဲ့အရပ်၌။ ပတိ၊ အပလိန်း၊အကလောက်။ တစိမ်းစိမ်းမက်လောက်တဲ့။ ချိန်းချက်ရင်းလင်။ မယ်လျှန်းကြင်ကို။ မာအရှ-မာအရှာ။ ရသေ့အရှင်ရယ်။ တခွေ့ခွေ့မရှင်တို့။ မတွေ့မထင်။ မမြင်ရပါစေနဲ့။ ဝါ၊ မတွေ့မရပါစေသား။

အဲအနီကဲ့သို့ ဗာဦးကကျိန်ဆိုပြီးကာလ။ တွေ့တွေ့ သူရွှေးသို့မှာလဲ။ သွေးကြီး၍ မနေဝံ့။ ကြောက်၍သောလက္ခဏာဖြင့်။ မျက်နှာကိုအောက်ချပြီး။ အောက်ကပါမှိုတဲ့ဂါထာဖြင့်။ သာယာချေ။ ကျိန်ဆိုချပြန်တယ်တဲ့။ အဟမ်း, အဟမ်း။

(၃) အလက်တာ-သုဝဿာနာ။ မာလိနီ-စန္ဒနုသဲဝါ။
ဓကိကာ- သယနေ့ သေတု။ ယာ့ဇိတ-အမွေ-
အဝ ါဟရိ-တဲ့။ ။

ဘန္တေ၊ တပဲ့တော်မတိုကို။ မရမကအပြင်း။ အတင်းဇွတ်ဘမ်းပြီး။ မလွှတ်တမ်းဖူးတွေ့ရတဲ့။ ဦးရသေ့ကြီးဘုရား။ ယာနာရဲ့အသို့တနည်း။ တမျိုးမျိုးလောက်တဲ့။ အကြောင်သတို့သို့သည်။ တေ၊လေ့မလျော်။ အတွေ့ရှော်တဲ့။ ရသေ့ကိုယ်တော်မြတ်၏။ အမွေ၊ခြံကထွက်တဲ့ သရက်သီးတို့ကို။ အဝါဟရိ၊ တမျိုးမဖြူ၊ မရိုးမှုနှင့်၊ ခိုးယူမိ၏။ သာနာရဲ့၊ အလိုမပြင်မ်း။ အပျိုကိန်းဆိုတဲ့။ ထိုမိန်းမသည်။ အလက်တာ၊ ပုတီးနှားဒေါင်း။ ရှောင်မောင်းထိန်လျှပ်။ စိန်လက်စွပ်နှင့်။ လက်ကြင် လက်ကောက်။ ထွန်းတောက်ကိုယ်မှာ။ ရတနာတို့ဖြင့်။ တန်ဆာစုံလင်။ အယဉ်ကြီး ယဉ်ရှောဟဲ့လို့။ ဆင်ပြင်ရပါလျက်။.... သုဝဿာနာ၊ ဘိုးထိုက်နဂ္ဂ၊ ဘက်မရှိတဲ့။ ကာသိခေါမ၊ လောကဝတ်လုံ။ ဖြူလို့တုန်လောက်တဲ့။ ထည်ကောရှုံတို့ဖြင့်။ ဝတ်ရုံစမ္ပယ်ရပါလျက်....မာလိနီ၊ယိမ်းလိုက် ထိမ်းလိုက်။မိန်းမကြိုက်

တွင်ဖြင့်။ သိန်းထိုက် တိုးတန်။ ရွှေဝတ်ဆံနှင့်။ နေယာန်ရွှေပွင့်။ ဝင်းဝင်း စွင့်မျှ။ ဘခင့်ကျေးဇူး။ ထူး၍တင့်ဆန်း။ အုံ့မခန်းအောင်။ ရွှေပန်း ခေါင်းတွင်။ ပန်ဆင်ရပါသည်ဖြစ်လျက်။... စန္ဒနသာခေါ်။ အသိုးသိန်း ထိုက်။ အမွှိုက်တမျှ။ မေးကြူလှတဲ့။ လောဘိတ စန္ဒကူးတို့ဖြင့်။ နူးအောင်မလတ်။ မဖြတ်နိုင်။ သိုကနိုဒ္ဓႆ။ ချိုချိုမြိုးကလေးမှာ။ တကိုယ်သုံးမံ၍။ လိမ်းကျံချယ်လယ်ရပါလျက်။ ကော်ကာဝါနှစ်ယောက် မတွဲ။ တယောက်ထဲ။ ဝါ၊ နှစ်ကိုယ်မနီး။ တကိုယ်ထီးသာ။ ကြင်ရာ မလုံ။ ဘော်မစုံတဲ့။ သဃနေ၊ အိပ်ရာ၌။ ဝါ၊ အိပ်ရာတောသဉ်။ မရွက် ဝတမ်း။ ရမက်ဘမ်းတဲ့။ စက်ခန်းရှင့်၌။ သေတ္တ၊ ဧကြာ် အနီစွ အနီစွ နှင့်။ အိပ်ရပါစေသတည်း။ ဝါ၊ မဍ္ဍစ်စတောင်း။ နှမ်းချေ့ ခပျောင်း၍။ စက်လျောင်း အိပ်နေရပါစေသောဝ်။ မြတ်ရှင်စော ဩကာသ ဩကာသ။

အဲ ဤကဲ့သို့။ လေးယောက်သော သူဌေးသို့တို့က။ အသီးသီး အသကာ့အသက။ အနည်းနည်းအဝဝ။ သရက်သီးများကို မခိုးရပါ ကြောင်းနှင့်။ အခိဋ္ဌာန်ပတ္ထနာ။ ကျိန်စာရွတ်သောအခါ။ ယုတ်မာ သော ရသေ့က။ ဟေ့ မယ်မင်းတို့ လေးယောက်သည်။ အခြား သော သာမညမိန်းမတို့ ကျိန်ဝံ့ခဲသော အကျိန်ကို။ ကျိန်ဆိုရဲကြပါ ပေတယ်။ ဘယ်နည်းနှင့်မှ။ ငါ့သရက်သီးများကို ခိုးပုံမပေါ်ဘူး။ အ ခြားသောကြပိုးတို့။ သူခိုးတို့။ ထိုးဟန် ခိုးဟန်ပေါ်တယ်။ ကိုင်း သတို့ သမီးတို့။ ပြန်ကြပေတော့ ပြန်ကြပေတော့ဟုအခွင့်တော်ပေးပြီး။ အရေး တော်မယူဘဲ။ ပြန်လွှတ်လိုက်ရရှာတဲ့။ ထိုအခါ၊ တာဝတိံသာ ညည်ကြီးရှင်။ ဘုရင်သိကြားမင်းသည်။ ဤရသေ့ယုတ်မာ။ မိစ္ဆာဒိဋ္ဌိ ကြီးဝင်။ အမြင်မတော်သော သတ္တဝါကို။ နတ်ဌာပွာတို့ ကြည့်ရှု နေထိုက်။ နှင်လိုက်မှဘဲဟု။ အထူးထူးသော ကြောက်မက်ဘွယ်ရာ။ ဘနာရုပ်တို့ကို ဘန်ဆင်း၍။ အတင်းချောက်လှန့် မောင်းနှင်လိုက် ရရှာတဲ့။

ဒေါ်ဥတ္တရာ။ ။“ခြွားခြွား ထူးထူး။ မကြားဘူးအောင်။ နိမြူးတဲ့ ဒေသနာကို။ ဘောဂါ၊ ကောသာသို့နဲ့ ပဒေသာလိုပေါ တဲ့။ ရွှေအညာလောကနှင့်တကွ။ တဇေယျာဝေါ်ရက။ သဘော

ကျကြပါလိမ့်မယ်။ မောင်ရင်မှိုင်းရယ်။ ဆန်းလဲ ဆန်းပေတာကိုး ဘုရား”။

အဲဒါ အဆန်းမဟုတ်ဘူး။ ဒါကတော့မကြီးရဲ့။ ဗုဒ္ဓရှင်တော်ဘုရားရဲ့ သာသနာတော်ခေတ်၌။ ညစ်ပတ်နိုင်ရင်လဲ ခက်ပေါ့။အချိန်တန်တော့။ နွားပိုကန်ဆိုတာလို။ နတ်များ သိကြားများကလဲ။ အလကားကြည့်မနေပါဘူး။ ကြည့်ပါလား ဒါယိကာမကြီးရဲ့။ ကဿပမြတ်စွာဘုရားသခင့် သာသနာတော်ကြီး ပျက်စီးတိမ်းယိမ်းအောင်ပြုမူကြတဲ့။ အယုမသာမာ။ တဘာသာဟုဆိုအပ်တဲ့ မိစ္ဆာဒိဋ္ဌိများကို။ ဘုရားလောင်း သိကြားမင်းက မြင်သိ၍၊ မိမိက မုဆိုးကြီး အသွင်ပမာ မာတလိနတ်သားကလဲ။ အများတို့ ကြောက်လောက်အောင်။ ဆင်ပေါက်နီးနီး။ ခွေးနက်ကြီးသဏ္ဍာန် ဖန်ဆင်းကာ။ ဗာရာဏသီမြို့အတွင်း သက်ဆင်းလာရောက်။ ခြိမ်းခြောက်ခြင်းကြောင့်။ မင်းနှင့်မကွာ။ မိစ္ဆာသမား။ ဒိဋ္ဌိများတို့အား။ ကြီးစွာထိတ်လန့်ဖျပ်စေ၍။ ကဿပမြတ်စွာဘုရားကြီး၏။ တရားတည်းဟူသော သာသနာတော်ဆုတ်ယုတ်ဟန်ကို။ တဖန်အသစ်။ အနှစ်တထောင် တည်နိုင်အောင်ပြုစု ချီးမြှောက်ခဲ့ဘူးကြောင်းကို။ ၎င်းဒွါဒသနိပါတ်။ မဟာကဏှဇာတက အဋ္ဌကထာ၌ ပါရှိသော။

ဤတော၊ ဤယခုအခါမှ။ ပဉ္စာယ၊ စ၍။ အခတ္တိကောမင်းရောပြည်မှာ။ မိစ္ဆာအလိုက်။ ရှိုက်ကြမ်းတန်း။ မိုက်ကန်းကန်းနှင့်။မိုက်ပန်းပွင့်ကြသူတို့ကို။ သုနခ၊ အမွေးအမှင် တထောင်ထောင်နဲ့။ဆင်မြောင်လောက်နီး။ ခွေးနက်ကြီးကို။ အယံ၊ တရားမကောင်းတဲ့။ ငါသိကြားမင်းသည်။ ဓါဓါပေသာမိ၊ လက်မှလွှတ်၍။ ရှုတ်ရှုတ်ညက်ကြေ။ ကိုက်စားစေအံ့။ မဟာရာဇ၊ မင်းကြီး။ ဗုဒ္ဓ၊ လူတို့ခေါင်းဆောင်။သင်မင်းခေါင်သည်။ အဝုံမကြွာ၊ မဝမ့်လျော့။မပေါ့တန်သည်။ယောဘီ(ဖြစ်ဘိလော။ ဤထီး၊ အနိုင်သို့။ သဏ္ဍာနရဟဂါထာဟိ၊ တရားထိုက်သောဂါထာတရားတို့ဖြင့်။ ဒေသေတွာ၊ ဟောပြောပြသ၍။ မနုဿာနံ၊ တိုင်းနေပြည်သူ။ လူအပေါင်းတို့ကို။ ဒါနသီလေသု၊ ဒါနသီလတို့၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ ဩဿက္ကိတသာသနံ၊ အခက်ကြီး ခက်အောင်။ ပျက်စီးဆုတ်ယုတ်တဲ့။ ကျုပ်တို့ ဗုဒ္ဓမြတ်စွာ။ သာသနာတော်ကို။ ဝဿ သဟဿ ပဝတ္တနသမတ္ထံ။ အနှစ်တထောင်။တည်နိုင်

အောင်ကို။ ကတွာ၊ ပြုရှိ။ မာတလိ ၊ သမ္ဘာရှိတဲ့။ မာတလိနတ်သား။ ကို။ ဝါ၊ မာတလိနတ်သား။ တန်ခိုးအားဖြင့်။ ရွှေကျားတို့ထက် ကြောက်အွယ်။ အစွယ်ပြူးတား ရွှေဘီလူးကို။ ဝါ၊ မာတလိ နတ် သား။ ကျားထက်မက။ ဆိုးဝါးလှသဖြင့်။ မြင်သမျှကြောက်။ ဆင် ပေါက်နိုးနိုး။ ရွှေနက်ကြီးကို။ အာဒါယ၊ ယူ၍။ ဝါ၊ သံကြိုးငါး ချောင်း။ရက်ပေါင်းအတူ။ဆွဲငင်ယူ၍။ သကဋ္ဌာနမေဝ။ မိမိနေရာ။ ဘာဝတိန်သို့သာလျှင်။ ဂတော၊ တဖန်မနား။ ရှာန်ကစားသကဲ့သို့။ ပြန်သွားလေ၏။ မဟာဇနာ၊ မင်းရေပြည်ပါ။ လူတကာ တို့သည်။ ဂါနသိလာဒိန်၊ အလှူဒါန။ သီလအကျင့် စသည်တို့ကို။ ကတွာ။ ဂရုစမ္မပြုကြကုန်သည်ဖြစ်၍။ ဒေဝလောကေ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ။ ဘုံဘုံတို့၌။ နိဗ္ဗတ္တိံသု၊ မသေမလှန်။ ဓေဝခံကြောင့်။ကောန်စင်စစ်။ ဖြစ်ကြကုန်ရောတဲ။

(ယင်းသို့သောအဆုံးတွင်။ အားလုံးအားလုံးသော တပည့်မ အပေါင်းတို့က။ သောင်းသောင်းညာညာ။ မျှားစွာသာဓု ခေါ်ကြ သော်လဲ။ ဒါယိကာမကြီး အရိုးစိမ်းတယောက်မှုကား။ သာဓု မခေါ် ပေ)။

အရိုးစိမ်း။ ။ "မောင်ရင်မှိုင်း ဟောသွားတဲ့ တရားထဲမှာ။ သရာတာသိ ပြည်သူပြည်သားတွေ တရား ပျက်လို့။ ရွှေနက်ကြီး ချောက်လှန့်တာနဲ့။ ကြောက်လန့်တယ်ဆိုတာ။ ဟိုအခါလူပေါ်မှာ။ သရာဏာသိသားတို့။ လူဝါးမဝ။ မယဉ်ကျေးကြသေးလို့နဲ့ တု ပါတယ်။ ခုနယ် အခါမျှားသာဖြင့်။ ကိုယ်တော့ ရွှေနက်ကြီးဟာ။ ပရင်းဂန်းနဲ့ ချလိုက်ရ။ မာလက သွားမှာပေါ့"။

ပုညဝတီ။ ။ "ဒီအမယ်ကြီးဟာ။ ရောက်ရိုး ရောက်ရက်။ နောက်တီး နောက်ပျက်နဲ့။ ခက်လဲ ခက်တယ်။ အသာ နေစမ်း ပါဦး။ ဆရာကြီး ဟောပြတဲ့ အမှုဇာတ်နိဒါန်းက။ ထူးဆန်းတဲ့ ဇာ တ်ရှင်။ အပျိုကြီး။ လင်အိုရ။ မှုဆိုးမတို့ဇာတာနဲ့ စပ်ပြီ။ ဂဠုန်တို့ ရာဇ်းတို့။အကြောင်းမျှားကို ကြားလိုက်ရပါတယ်။ အဲဒီဂဠုန် နဂါး ကြိုက်နေဟန်ကို။ သိသာရန် ဆက်ပါဦး ဘုရား"၊

အင်း ဆက်ဆို ဆက်ရပေမပေါ့။ တနင်္ဂနွေတို့။ တနင်းလာတို့။ ဂါ်ါတို့။ စနေ စသည်တို့ နေဟန်ကို။ ယမန်ကပြောညာတဲ့။ စဝေ

ဆရာကြီး ဦးပုည။ ပြသစပ်ဆိုအပ်သော တေးထပ်ကိုသာ မှတ်သား မပေတော့။ ဘယ်လိုပ နည်းဟူမူ။

(၁) အပျိုကြီး ဇာတာဟော တေးထပ်။

ကျား, ဂန္ဓုန်, မြွေ, ခြသေ့တို့။ တူတွေလို့ပေါင်းဆုံ။ ဤလောကလူ့ဘုံမှာ။ သောဝ်မစုံကိုယ်ထီး။ ။မယ်သီလ, ဘိုးသူတော်လို။ ကျီးယှမျှော်ပြစ်လိမ့်အပြီး။ ။လှူခံလို့ဆက်မေးရာ။ နက်လေးစွာဥာဏ်ကြီး။ ဆက်ရေးပ ါက်မိုးလို့။ ဖန်တီးတဲ့သမ္ဘာ။ ။ကျား, ဂန္ဓုန်, ကြွက်မြွေရောလျှင်။ ဇောတိကပုံပမာ။ ။ထက်မျက်လှဥာဏ်ပညာ။ သီလမှာစောင့်ချုပ်လို့။ တိန်းအုပ်တဲ့ဂူမြွေ။ တည်တန့်နိုင်မပ။ ။ထင်စွာညီ။ ပညာရှိသူ့အခြေကို။ မှုလလေဟောပုံကွဲ့လေး။

(၂) ရှင်းပြင်တနည်း။ အပျိုကြီးတမျိုးနှင့် အဘိုးကြီးကို ဇ တေးထပ်ကား။

ကြွင်သက်လျှာလင်နှင့်ဝေး။ ယဉ့်ကျေးသည့်ကညာ။ ခင်လေး၏ ဇာတာကို။ ငါဆရာအသိ။ ။ရေးလိုက်သည့်နဖုးစာမှာ။သတ္တဘာလွဲလို့မရှိ။ ။သီသာခွင့်ဆက်ရပ်မွေလျှင်။ ထက်ချုပ်လေမြင်သိ။လက်သတ္တေခွင်ကိုကြည့်လျှင်။ ခင်တမိဇာတာ။ ။စန်း, ဂန္ဓုန်, ရှေ့ခြသေ့ငယ်တို့။ ခွင်မရှေ့ရာဟုနှင့်သာ။ ။မြင်တွေ့တဲ့ကိန်းအလာကို။ တိမ်းပ ါလျှင်မောင်းခေတ်တော့။ ကြောင်းမစပ်လူပျိုခင်။မဲ့တဲ့ဖြစ်အင်။ ။အပျိုကြီးလို့ဆရာထင်တယ်။ မလာချင်ပြန်အုံးတော့လေး။

× × ×

ယင်းသို့လျှင်။ ယခင်လွန်ခဲ့သောအပတ်များက။ မှတ်သားဘွယ်ရာ။ အပြာပြာသော ဗဟုသုတတို့နှင့် စပ်လျဉ်း၍။ ခြသေ့နှင့်ကျား။ နဂါးနှင့်ဂန္ဓုန် စသည်တို့၏ ဤမည်သော သတ္တဝါ့သွီး တို့၏ အသီးသီး

သော စန်းလက်ဇာတာသီ နေပုံကို။ သာရုံတော်ကွန်မြူး၍။ အထူး တလယ်။ ဘယ်ဝယ်ဘယ်သို့။ အနီးမှ အနီးလို။ ထိုထိုသို့သော ဇာတာစွမ်ဟောထုံး။ သုံးတန်ပေါ် နှိပ်သဘောများနှင့်။ ဟောလား၊ ပြောလား လုပ်ပြီးသည်၏ အခြားမဲ့၌။ အများတပဲ့မ သူတော်စင်တို့ မမြင်မတွေ့ရလေအောင်။ ရှောင်ဖယ်ခဲ့ပြီး သကာလ။ ဝါလဝါတွင်း။ ဝါသီတင်းတို့၌။ ဂူတွင်းလိုက်ခေါင်း။ ပုန်းအောင်းပြီးခါ။ နေခဲ့ရာမှ။ တခါတဖန်။ ထွက်ခဲ့ပြန်၍။ စံတော်မူနေကြဖြစ်သော။ မွေ့သနှ ပလ္လင်သို့တက်၍။ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူလေရာ။ လာနေကြ ဖြစ်သော တပည့်မတို့သည်။ ကဝိဇေထံတော် မှောက်သို့။ လာရောက် ပြီးခါ။ လျှောက်ချင်ရာ လျှောက်ထားကြသည်ကား။ အောက်နားကအတိုင်း ပင်တည်း။

အရိုစိမ်း။ ။“ယောဂီဆရာ။ကသိုဏ်းခေတ်နှင့်။ မှိုင်းမြတ်စွာဘုရား”။

မှိုင်းမြတ်စွာတွေ ဘာတွေနဲ့။ ကြာရှေရှေဇာသမျှနှင့်။ လာတဲ့ကာ အနားကပ်ပြီး။ ပါးအပ်၍လျှောက်စေချား။

အရိုးစိမ်း။ ။“မှန်လှပါ ယောဂီဆရာ။ သူမြတ်စွာရယ်။ “ပါပါနိဝါရေတိ၊ ကလျာဏေနိဝေသေတိ” အစရှိသော ပါဠိတော်မြတ်။ ပါဠ်နှင့်ညီစွာ။ ဆရာရဟသ္မရဟန်းတို့က။ မိုငြမ်းတဲ့ ဒကာ တပည့်မ၊ ရှိသမျှတို့အား။

(၁) လေးပါးပါယ်ရွာ။ လားဘို့ရာကို။ မြစ်ထားဆုံးမခြင်း။
(၂) ခြောက်ပါးနတ်ရွာ။ သွားဘို့ရာကို။ ကောင်းစွာ ညွှန်ပြခြင်း။
(၃) သံသယကထာ ထွေးရှက်ရာ၌။ ဖြတ်စွာချေပခြင်း။
(၄) မကြားတောင်းသော။ထုံးဟောင်းနည်းနာ။မှတ်ဘို့ရာကို။ ထင်စွာဟောပြခြင်း။
(၅) နှိုးနေရာရာ။ ဘေးရန်ကွာအောင်။ မေတ္တာဝေငှခြင်း။
(၆) အရန်းအတား။ မြတ်တရားကို။ သင်ကြားပြသခြင်း။

ယင်းဆိုခဲ့သော ကျင့်ဝတ်ခြောက်ရပ်။ လက်ဆောင်မြတ်ဖြင့်။ မပြတ်စောင့်မ။ ချီးပသာဒ်ပြုဟ်တော်မူလေ့ ရှိသည်နှင့်အညီ။ ဤမည်

သော မှတ်စရာတခုကို။ ပြသနာ ပြုလိုကြောင်းပါ မောင်ရှင်မှိုင်း ရယ်"။

အင်း ကျုပ်တို့ အရီးစိမ်းက။ တနည်းဖိန်းလိုတဲ့ပြသနာကို။ ထပ်ခါ လျှောက်စမ်းပါဦးဗျာ။

"ကောသာ။ ။ကဲ လျှောက်တော့ လျှောက်"။

အရီးစိမ်း။ ။မှန်လှပါတော့။ ဆရာ မောင်ရှင်မှိုင်း တို့ရဲ့ အလျှံမြို့ကျေး။ မုံရွှေး ဇေတဝန် ဆရာတော်ဘုရား။ ရေးသား စီရင်တော်မူတဲ့။ အကြင်သို့သောရာဇောဝါဒ။ ရာဇအလင်္ကာ။ မုံရွှေး မေတ္တာစာ၌။ "ဂဠုန်လိုက်နဂါး။ ရေနားတွင် မျော်မှု သည်။ရသော ကြောင့် အသက်ရှင်" ဟူ၍တွေ့အူးပါသည်။ ဤအဆိုစာပိုဒ်၌။ ဂဠုန်က နဂါးကိုလိုက်သလား။ နဂါးက ဂဠုန်ကို လိုက်သလား။ ခြားနားအောင် မသိပါသဖြင့်။ ကဝိဆရာ, တသိန်မြတ်သူက။ ပိဋကတ္တ, အဝယာဝတို့ဖြင့်။ ကျနစွာပေးမှ။ တောရသူတပည့်တို့။ တိတိကျကျ။ သိရမည် ဖြစ်ပါကြောင်း။ ဦးခေါင်းထက် လက်အုပ်ချီ၍။ အလီလီ လျှောက်ထားပါသည် ဘုရား"။

ကြော် မသိလို့ရှိမှ။ သိရအောင် ဟောရ ပြောရ ပေမပေါ့။ သို့ရာတွင်။ ယခုအခါ မြန်မာပြည် ခေတ်တမ်း၌။ သစ်ဆန်းသော "ဒီမော်ကရေစီ" နည်းအရ။ မေ့ရေအေး။ အမြိုက်ဆေးကို။ တိုက်ကျွေးတော်မမူမိရှေးအဘိုတွင်။ အကြင်သို့သော တရား နာခံတော်မပူညဝတီက။ သဠလီအသွားကောင်းတို့ဖြင့်။ တရားတောင်းခေ။

ယင်းသောအခါ။ အဆိုပါပူညဝတီက။ ဤမည်သော ကျုပ်တို့နေရာ။ မေ့သနပလ္လင်ဦးကို။ နဖူးဖြင့် အသာတိုက်၍။ ကျော အလိုက်။ ဝါသနာစရိုက်တို့ဖြင့်။ ငိုက်စိုက်ကလေး လျှောက်ထားသည် ကား။ အောက်နားက အတိုင်းပင် ဟူ၏။

## ကုန်းဘောင်ဆင်ဖြူရှင်လက်ထက်။ ထားစကြာဆက်သဘော အစမ်းအနားတွင်။ စန်ထောက်နော်ရထာ ဆက်သော ရတုပိုဒ်စုံ။

(၁) ဝေဖြိုးမောက်စည်။ ရွှေဘုန်းသည်လျှင်။ ဆက်ရှည်မြင့်ရွာ။ ကမ္ဘာ့ဘာဂ။ ပုံရာဇဝင်။ ကြားမထင်အောင်။ စက်ရှင်မြောင်ရွှန်း။ လက်ရုံးထွန်း၍။ ဤကျွန်းမာန်နိုင်။ ဇမ္ဗူဒိပ်ဝယ်၊ ဆယ်ကျိပ်ခွန်ယူ။ တို့မှန်ကူကို။ လူစင်ပြိုင်ဘူး။ ထားဘိဦးလော့။ ဆိတ်ကြူးမာန်ပြည့်။ မျက်စောင်းလှည့်က။ မြည့်မြည့်ဖွဲ့ပြာ။ ညက်ကြေရာသာ။ ပင်္ဂါရေနုတ်။ ဗဒ္ဓရုဋ္ဌလည်း။ ရစ်ပတ်ဘာဝါး။ ခွေကာထားသည်။ ။ မြေမျှားရွက်သာစီဘုရား။

(၂) မြေလျှိုးအောက်ပြည်။ နဂါးသည်မူ။ ဆယ်မည်ထွင်းဖေါက်။ ရွှေဘုန်းရောက်က။ အမောက်မလန်း။ ညှိုးလျော်မြန်းလျက်။ သောင်းခန်းကျော်ထိတ်။ ဇာနည်စိတ်ဖြင့်။ ဗျာဒိတ်တော်ခံ။ ဂန္ဓုန်နံ့လျှင်။ နိုင်ငံခွန်ဆီ။ ချွဲချေပြီဟု။ ကျောက်စီပွန်းပြက်။ ဓားသန်လျက်ကို။ ထိပ်ထက်ကြိုးထုတ်။ ဝံသမုဒ်မူ။ ရုတ်ရုတ်ကြည့်မြှော်။ ကိုက်ခဲဖေါ်သော်။ ဘုန်းတော်ဘုန်းပြင်း။ နဂါးမင်းလျှင်။ ကြောက်ခြင်းအချီ။ ရွှံ့လှဘိ၍။ မကြီးမခေလာ။ မြွတ်စကြာကို။ ဆောင်ကာ ရှေ့ရှုး။ လျှောက်ဝပ်တွားသည်။ ။ရွှေဓါးဆက်လာပြီဘုရား။

(၃) ရေမျိုးကြောက်ဆည်။ ဆက်ဦးတည်၍။ ရှေ့ရည်တော်မှောက်။ ယခုရောက်သည်။ ဆုံလောက်မြင်ရာ။ ဓါးစကြာ၏။ ဩဘာတိတ်ကောင်း။ နိမိတ်ကြောင်းမူ။ တခေသာင်း မြန်ဘောင်။ ဇမ္ဗူတောင်ဝယ်။ ဖြူရောင်ဖြန့်ဆိုင်။ ပြတ်ချိုင်ချောင်းပြိမ်း။ စေတိုင်းသိမ်း၍။ ညွှတ်တိမ်းပဏ္ဏာ။ မြကညာနှင့်။ ရတနာသူရ၊ အယုဏ္ဍသို့။ မှမ်းမျှထုတ်ချောက်။ လျှင်ဆောရောက်မည်။ သည့်နောက်ဆက်ခန်း။ သိန္ဓောမြန်နှင့်။ မြောက်ဌာန်ကျွန်းသူ။ ရွှေလက်ယူအံ့။ တွက်မြို့ ရှေ့ပြင်။ ကျွန်းရပ်ခွင်က။ ကောင်းကင်ပျော်ဖျါး။ ဘုန်းတော် အားသည်။ ။နေဘွား စကြာညီဘုံရား။

ကိုင်း ကျုပ်တို့ ဒါယိကာမကြီး အရှိန်အဝါတမေးကို။ ကြွေ အောင် ဟောပြမည်။ မွေ့ဝေ နိဒါန်းသတ္တယ်။ မကျယ်မကျဥ်းစေ လျှဥ်းသင့်ရုံမျှ။ ဥရဂဇာတ်ကို ဟောပေအံ့။ ထိုဥရဂဇာတ်မဟောမီ။ ဤမည်သော နေ့တို့အဖွဲ့ကသော။ ဓမ္မာနုဝတ္တ၊ ပေတာဝတ္တု အဖွဲ့ကသော။ ဝိသုဒ္ဓိမဂ်ရှိကာ ဆရာမြတ်တို့။ ပြုအပ်သော ကျမ်းဦးအစ။ ပဏာမ ဂါထာကို။ ဆရာသူမြတ်။ ရွတ်လတ္တံ့တည်း။ ။အဟမ်း, အဟမ်း, အဟမ်း။

ဥရဂဇာတ်, ယပ်လှဲ ပဏာမ။

မဟာ, ကာရုဏိကံ နာထံ၊ ညေယျာ သာဂရ ပါရဂုံ။
ဝန္ဒေ နိပုဏ ဂမ္ဘီရ၊ ဝိစိတြ နယဒေသနံ။

အဟံ၊ မစ္စတာမောင်မှိုင်းဟူ။ တိုင်းကျော်ပြည်ကျော်။ တပည့်တော်သည်။ မဟာကရုဏိကံ၊ ကြီးကျယ်များမြတ်။ ပွဲဇော်အပ်စွာ မဟာကရုဏာရှိတော်မူထသော။ (ဝါ)မဟာကရုဏာတွင်၊ ယှဉ်တော်မူထသော။ (ဝါ) မြတ်သော သနားခြင်း ဓလေ့။ မြဲကတော့ ရှိတော်မူထသော။ ညေယျသာဂရပါရဂုံ၊ ညေယျဓမ္မတရား ငါးပါး တည်းဟူသော မဟာသမုဒ္ဒရာ၏ ကမ်းတစ်ဘက်သို့။ လွမ်းတောက် ပေါက်မြောက်။ ရောက်တော်မူထသော။ နိပုဏဂမ္ဘီရဝိစိတြနယဒေသနံ၊ သိမ်မွေ့နက်နဲ။ ခက်ခဲ ဆန်းကြယ်။ အသွယ်သွယ်သော နည်းနှင့် ပြည့်စုံသော တရားဒေသနာတော် ရှိတော်မူထသော။ နာထံ၊ လူနတ်ဗြဟ္မာ။ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ဝန္ဒေ ဝန္ဒာမိ၊ လက်စုံမိုး၍။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ ကန်တော့ပါ၏ဘုရား။

အဟင့်-အဟင့်။ အင်း...သလိပ်ကပ်တော့။ ဟောစီရင်ထဲမှာ ရော။ လယ်ချောင်းထဲမှာရော။ သိပ်သိပ်ကြပ်နေတာဘဲ။ အားနာလို့ သာ ဟောရမယ်။ ချောင်းကလဲ ဆိုးတယ်။ ရင်ကလဲ ကြပ်တယ်။ ဟေ့ ဓကာသာဝတီ၊ ကြည့်မြင်တိုင် အင်းစိန်တန်းက။ ဓာတမ္ ခင်ခင်ပု လှုဒါန်းလိုက်တဲ့ "လေမျိုးသိဒ္ဓိ" ဆေးတခွက်။ ပေးဆက်စမ်းကွာဆို၍။ ထိုဆေးတခွက်ကို တောင်း၍ သုံးဆောင်တော်မူပြီးနောက်။ ဆက် လက်၍ ဟောဟန်ရှာ၏။

တရား နာ ပရိသတ်၊ ဆိုသူမြတ်တို့။ ။နတ်နှင့် တကွသော သတ္တလောကသားအားလုံးကို ဆုံးမတော်မူတတ်တဲ့။ သဗ္ဗညုမြတ်စွာဘုရား သခင်။ အရှင်ရွှေကိုယ်တော်ကြီးသည်။ "ဇေတဝန ရေဇေပဝနရော" အစ ရှိတဲ့၊ ဓါဋ်ဦးဓေသနာ။ ဂါထာဗန္ဓဖြင့်။ ဖန်သစီဉ်း။ တန်ဆာဆင်တဲ့။ အကြွင်းသိုသော "ဥရဂ" ဇာတ်ကို။ ဇေတဝန် ရွှေကျောင်းတော်ကြီး အတွင်း။ သီတင်းသုံးတော်မူတဲ့ ခေတ်တခိုက။ စစ်ဗိုလ်ချုပ်ကြီး နှစ် ယောက်တို့သည်။ တယောက်နှင့်တယောက်။ စိတ်နောက် ကိုယ်ပါ၊ လွှန်စွာခိုက်ရန် ဖြစ်ခြင်းကို။ အရင်းမူလ။ ပဓါန အကြောင်းမူပြီး။ အမှုအားလျော်စွာ ဟောတော်မူပါတယ်တဲ့။ ကြားရဲ့လား မာဂဏ္ဍီ။

မာဂဏ္ဍီ။ ။"ဦးထိပ်ရွက်ဆင်ပါ ဘုရား"။

"ကောသလမင်း။ ကျော်ရှိန်ဖြင်း။ မယှဉ်းဘူးကွဲ့ အလောင်း တဲ့" ဟူ၍။ ကျုပ်တို့အရိုးစိမ်းကြီး ရွတ်ဘတ်သရဇ္ဈာယ်လေ့ ရှိသည်နှင့် အညီ။ ဤမည်သော ကောသလမင်း၏ ခြေရင်း၌။ ဝပ်စင်းခစား ပြားပြားဝပ်နေထိုင်ကြကုန်သော။ ဝါ၊ ကောသလမင်းကြီးရဲ့ အပါး ၌။ လက်ဘဝါးလိုမကျင့်။ အသရေထွားထွားပြီး။ အခရှစားချင်တာ နဲ့။ ခြေဘဝါးလိုကျင့်ရတဲ့ စစ်ဗိုလ်ချုပ်ကြီး နှစ်ဦးတို့သည်။ တဦးကို တဦး။ အထူးမနာလို။ ဝန်တိုမိစွာ။ အသိဍ္ဍာဗျာပါဒတို့ဖြင့်။ မာန တန်ခွန်။ လွှားကွန်မြှင့်တောင်ပြီး။ မသင့်အောင် ရန်ဖြစ်ကြတယ် တဲ့။ ။ဥပမာတုတ်လျှင်။ ကျုပ်တို့မြန်မာပြည်က။ "ဂိုစိဘီအေ" သမားတို့။ "တွမ်တီဝမ်းပါတီ" တို့လိုပေါ့လေ။ ။အဲ အနှာလို စစ် ဗိုလ်ချုပ်ကြီး နှစ်ဦးတို့သည်။ ဘီလူး နှစ်ကောင်ကဲ့သို့။ ရန်ထောင် ကြိမ်းဝါး။ အမိုက်ဥာဏ်နဲ့။ ခိုက်ရန်ပွားကြသည်ကို။ ဆွေသားမျိုး ရင်း။ ပေါင်းသင်းပေါင်း မိတ်ဆွေသင်္ဂဟတို့တောင်။ စေ့စပ်လို့ မရ ကြဘူးတဲ့။ဟာ–ကုန်ကုန်ပြောလိုက်တော့မယ်။ သူတို့အပေါ်မှာ တန်ခိုး ရှိပြီး။ အစိုးရတဲ့ မင်းကြီးကောသလတို့တောင်မှ။ သြချနေရတာတဲ့ တဲ့။ အင်း....စစ်ဘက်က အမှုထမ်းဆိုတော့။ ကြမ်းတာပေါ့လေ။

အင်း တနေ့သန္တိတော့။ သုံးတိုက်လုံးမှန်ကူ။ သယမ္ဘူမြတ်စွာ ဘုရားသခင်။ ရှင်ပင်ကိုယ်တော်မြတ်ကြီးသည်။ ဤမည်ဤမည်သော ချွတ်လိုက်လျှင်။ ကျွတ်ထိုက်တဲ့ဝေနေယျကြာ။ ခုဒ္ဒဝါ အမျိုးမျိုး တို့ကို။ တန်ခိုးတော်အားဖြင့်။ ရှုစားတော်မူရာတွင်။ ယခင်ဆိုခဲ့တဲ့

စစ်ဗိုလ်ချုပ်ကြီးနှစ်ဦးတို့၏။ ထူးမြတ်သော သောတာပတ္တိမဂ်၏ အကြောင်း။ ကောင်းမြတ်တဲ့ ဥပနိဿယဖြစ်တဲ့ ကုသိုလ်ကံအစဉ်ကို။ မြင်တော်မူလေသော်။ ကိုယ်တော်မြတ်ထပါးထိသောချင်။သာဝတ္ထိမြို့ ထံသို့ ဆွမ်းခံဝင်တော်မူခဲ့ပြီးခါ။အဆိုပါ စစ်ဗိုလ်ချုပ်ကြီးနှစ်ယောက်တို့တွင်။ တယောက်သောစစ်ဗိုလ်ချုပ် ဒါယကာ၏။ ဂေဟာအိမ်ထံ့ခါးဦး။ မားမားမတ်မတ်။ ရပ်တော်မူရာ။ ဒါယကာစစ်ဗိုလ်ချုပ်သည်။ လက်အုပ်ချီလျှက်။ ထွက်လာခဲ့ပြီးသော်။ သပိတ်တော်ကို ယူပြီးလျှင်။ ရှင်ပင်ဘုရား။ တပဲ့တော်၏အိမ်တွင်းသို့ ကြွရောက်တော်မူပါဟု ပင့်ဘိတ်ပြီးခါ။ နေရာထိုင်ခင်းတို့ဖြင့်။ သီတင်းသုံး နေတော်မူစေတယ်တဲ့။ မြတ်စွာဘုရားကလဲ။ သနားတော်မူသည်ဖြစ်၍။ စစ်ဗိုလ်ချုပ် ဒါယကာအား။ မေတ္တာဘာဝနာရဲ့ အကျိုးများကိုဟောကြားပြီးခါ။ သစ္စာလေးပါးကို။ ပြသတော်မူရကား။ တရားကျခါ။ သောတာပတ္တိဖိုလ်ကို။ စစ်ဗိုလ်ချုပ်ကြီးတည်ပါရော့တဲ့။

သုံးလောကသင်းကျစ်။ မွေရာဇ်လဲ။ စစ်ဗိုလ်ချုပ် မဟာဒကာသောတာပန်ကိုအလျှင်။ သပိတ်ထမ်းခေါ်ခဲ့ပြီး။ မတွဲဘူးဆိုတဲ့ စစ်ဗိုလ်ချုပ် အိမ်ဦး၌။ အထူးအသည်။ ရပ်တည်တော်မူလာရာ။ အဆိုပါ စစ်ဗိုလ်ချုပ်ကလဲ။ အိမ်ထဲသို့ဝင်တော်မူပါဘုရားလို့ လျှောက်ထားပင့်ဘိတ်။ သပိတ်တန်းလန်းနှင့် သပိတ်ထမ်းသူစစ်ဗိုလ်လဲ။မြတ်စွာဘုရားနောက်က။ တောက်တောက်ပါအောင်။လိုက်လာဘိသောဟု၏။

မြတ်စွာဘုရားလဲ။ ဆိမ့်ရှင်ဒါယကာ။ မဟာစစ်ဗိုလ်ချုပ်ကြီးအား။ တရားဘာဝနာ။ မေတ္တာ၏တန်ခိုး။ အကျိုးအာနိသင် (၁၀) ပါးကို။ ဟောကြားပြီးခါ။ သစ္စာလေးပါးကိုပြသတော်မူလတ်၍။ သောတာပတ္တိဖိုလ်ထဲ၌။ ဗိုလ်ဆွဲပါရော့တဲ့။ ။အို…တပဲ့မ အပေါင်းတို့။ ၎င်းမေတ္တာ၏ အကျိုးသွား (၁၁) ပါးကို စာကြီးပေကြီးများကို မကြည့်နိုင်သူတို့မှာ။ ပါရမီတော်းပျို့လက်ဘာကို။အတွက်နာ ကြည့်ရှုကြရာ၏တဲ့။

ဒဲ့ အနီးကပ်ဆိုလျှင်။ အကြင်စစ်သူကြီးနှစ်ဦးတို့သည်။ကြည်နူးမေတ္တာ။ လွန်စွာချောင်။ သောတာပန်တို့ချင်းဖြစ်ကြလေတော့။ အချင်းချင်းဖြစ်ကြတဲ့။ အပြစ်ကိုမာန်လျှော့ပြီး။ ကန်တော့ ကြကုန်လျှက်။ သမဂ္ဂသမောဒါန်း။ ဖြောင့်မှန်ညီညွတ်ပြီးခါ။ ဝမ်းသာအား

ရ။ ဆန္ဒသဘော။ ဓေါသမရှိ။ ပကတိချစ်ကြည်ညိုပြီး။ ညီအစ်ကို ချစ်၍။ ခေါင်းနှင်းဆင်းပမာ။ မြတ်စွာဘုရား ရွှေတော်တွင်ပင်။ အ တူတကွ လက်ဆုံစား၍။ စကားပြေညီ၍ တိုလီမိုလီ။ထိုထို၍၍။ ဖွေး ဟောင်းနှောင်းဖြစ်များကို။ ပြောလားဆိုလားလုပ်ကြ၏။ ။မုဒ္ဒရှင် တော်ဘုရားလဲ။ ဆွမ်းဘုဉ်းပေးပြီးသော်။ ကျောင်းတော်သို့ကြွရောက် တော်မူရာ။ အဆိုပါစစ်ဗိုလ်ချုပ်ကြီးနှစ်ဦးတို့လဲ။ ထူးမြတ် ကောင်း မွန်သော လှူဘွယ်တန်းရှင်းတို့ကိုလှူပြီးခါ။ မြတ်စွာဘုရား ကျောင်း တော်သို့ လိုက်ပါလာကြရောတဲ့။

အနို့ပြီး။ တပဲ့တပန်းရဟန်းတို့သည်။ ညချမ်းသောအခါ။ ဓေသနာတရားသဘင်၌။ ရှင်တော်ဘုရား၏ဂုဏ်ကျေးဇူးကို။ အထူးတ လည် ပြောကြဆိုကြတယ်တဲ့။ဘယ်လိုပြောဆိုကြပါသနည်းဟူမူကား။ ဘုရားမြတ်စွာသခင်သည်။ မယဉ်ကျေးတဲ့။ အကလေးမိုက်ပမာ။ အဓ္ဓ ဝါတစေး။ ဗိုလ်အလေးကို။ ယဉ်ကျေးလေအောင်။ ပုံဆောင်ပြသ။ ဆုံးမတော်မူနိုင်ပါပေသည်။ဤမည်အောစစ်ဗိုလ်ချုပ် နှစ်ယောက်တို့။ မသင့်မြတ်သည်ကို။ သင့်မြတ်စေရန်။ မှုဠာန်သာယာ။ ဟောနိုင်ပါ ပေသည့်တမုံဟု။ အတုံ့အလှယ်။ ဘယ်ဝယ်ဘယ်သို့။ အနို့လို ပြော ဆိုနေကြရာ။မြတ်စွာဘုရားကြွတော်မူလာ၍။ငါ၏ချစ်သားရဟန်းများ တို့။ ယခုအခါ။ ဘာစကားများကိုပြောဆိုစည်းဝေးကြကုန်သနည်းဟု မေးတော်မူဘိ၍။ မိမိတို့ပြောဆိုချီးကျူးတဲ့ စကားကို။ လျှောက် ထားကြလေရာ။ ငါ၏ ချစ်သား။ ရဟန်းများတို့။ ငါဘုရားသည်။ယခု အခါ၌သာ ဤစစ်ဗိုလ်ချုပ်ကြီးနှစ်ဦး၊ အထူးသဖြင့်။ သင့်တင့်စရာ။ ဓေသနာဓမ္မ။ ဟောပြဆုံးမတော်မူသည်မဟုတ်သေး။ ရှေးသရောအခါ ကလည်း။ အဆိုပါ နှစ်ယောက်သားကို။ တရားပြသ ဆုံးမသဖြင့်။ သင့်တင့်ညီညွတ်စေပြီးဟု။ အနို့လို မိန့်တော်မူတယ်တဲ့။ ။ဤကား ပစ္စုပ္ပန်ဝတ္ထု ပေတည်း။

အတိတ်ဝတ္ထုသော်ကား။

ဒို...တပဲ့မ အပေါင်းတို့။ ။ရှေးဟောင်း အခါ။ ဗာရာ ဏသီမည်သောပြည်မြတ်၌။ ဗြဟ္မဒတ်မည်သော မင်းကြီးသည်။ တစင်း

ထီးသနင်းဟု။ မင်းပြုတော်မူသတဲ့၊ ။ယင်းသောအခါ။ ပြည်တာရာမှာ။အခါသာပွဲကြီး။ ၀ှဲချီးသဘင်။ ဆင်ယင်ကျင်းပလေရာ။ များစွာလူကုန်သော။ ဗာရာဏသီပြည်သူ။ ရှင်လူအပေါင်းတို့သည် လည်းကောင်း။ ဂဠုန်နဂါး။ နတ်သားနတ်သမီး အပေါင်း တို့ သည် လည်းကောင်း။ သောင်းသောင်းဖြဖြ။ အခါအလျောက်။ လာရောက်ကြည့်ရှုကြတယ်တဲ့။ ထိုပွဲသဘင်ရတု၀ယ်။ တရုသောဌာနဝ၌။ နာဂရာဇာမည်သော။ နဂါးမင်းသည်လည်းကောင်း။ ဂရုဠရာဇာ။ သညာတွင်ခြင်း။ ဂဠုန်မင်းသည်လည်းကောင်း။ အတူတကွပွဲလမ်းသဘင် ကြည့်ရှုကြရာ။ နဂါးသည် ဂဠုန်အား။ ဂဠုန်အဖြစ်ကို မသိလို့။ ဂဠုန်၏ပခုံးပေါ်တွင်။ လက်တင်ဘိသောဟုလို။

ထိုအခါ။ "ပခုံးကို ကိုင်လျှင်၊ ယောကျ်ားမ နိုင်တတ်သည်" ဟုသော ပရိဘာသာနှင့်အညီ။ ဤမည်သော ပဠုန်ငှက်က။ အမျက်ထေါင်း။ မာန်မာနနှင့်။ ငါ့ပခုံးထက်၌။ လက်တင်သည်ကား။ အဘယ်သူနည်းဟု ပြန်၍ကြည့်လတ်သော်။ နတ်နဂါးတည်းဟူသောစားစရာအကောင်ဟု၍သိရောတဲ့။နဂါးကလဲ တောင်ဟုန်ပြင်းလျက်။ ဂဠုန်ငှက်ဟု၍ သိလေ၍။ သေဘေးမှကြောက်လန့်ရကား။ မတန့်မနား။မြစ်ဆိပ်သို့ပြေးသွားပါရောတဲ့ဂဠုန်ကလည်းတဟုန်တည်းလိုက်ကရောတဲ့။

ထိုတပဲ မဲအပေါင်းတို့။ ။ရင်းနဂါးကို ဂဠုန်။ တဟုန်ချင်းလိုက်ပုံကား။ "သရွှါး ဖရုံခုတ်သည့်နှယ်။ နဂါး ဂဠုန်သုတ်ပါလိမ့်။ ဉုံဗုဒ္ဓ တဂါထာနှင့်။ သာသနာ-တ၀ါ၀ါ၀င့်တဲ့အောင်။ ငါဆရာအသာလင့်ချိန်မို့။ ညာညာခင့်- လာမှာဖြင့်။ ဘာကျာနှင့် ပွဲခံပြီး။ မေးဝဲသိကြားရလိမ့် နားထောင်" ဟုသည်နှင့် အညီ။ အနီ သို့သောအခါသည်ကား။ ဘုရားလောင်းသည်။ ရသေ့ပြုကာ။ ဂင်္ဂါမြစ်နားဝ၌။ တရားကို အားထုတ်လျက်။ သစ်ရွက်သစ်ခက်မိုးတဲ့ ကျောင်းသင်္ခမ်းအတွင်း သီတင်းသုံးတော်မူသည်ဖြစ်၍။ နေ့လယ်အခါ ပုဒိုက်ခြင်းကိုငြိမ်းစိမ့်သောငှါ။ ရေသနုတ်ကို ဝတ်၍။ လျှော်တေအဝတ်ကို ချွတ်တဲ့ပြီးခါ။ ဂင်္ဂါမြစ်ကမ်းနားမှာ ထားခဲ့ပြီး။ ရေချိုးတော်မူတယ်တဲ့။

ကြောက်အားလန့်အားနှင့် ပြေးလွှားခဲ့ရတဲ့ နဂါးသည်။ ဤရသေ့ကို မိလျက်။ အသက်ချမ်းသာရအံ့ဟု ကြံ၍။ ပြကတေ့သောနဂါးအသွင်သဏ္ဌာန်ကိုပယ်ရှားပြီး။ ပတ္တမြားတုံးအသွင်ပြုပြင်ဘန်ဆင်း

၍။ ရသေ့ လျှော်တေ သက်န်းကြားသို့ ဝင်ပြီး။ မမြင်အောင် ပုန်းနေ
တော့မပေါ့။

ဂန္ဓုန်ကာလဲ။ နဂါးနောက်က။ တကောက်ကောက်ပင်။ အစဉ်
မပြတ် လိုက်ခဲ့ရာ။ ရသေ့၏ လျှော်တေသက်န်းကြားက။ နဂါးပလီ။
ကလီကမာ လုပ်နေသည်ကို မြင်သော်။ လျှော်တေသက်န်း ဆိုတာကို။
ရှိသေ လေးမြတ်ရကား။ နဂါးကို မဘမ်းမူ၍။ ရသေ့ကို ခေါ်ပြီး
လျှင်။ အရှင်ဘုရား တပည့်တော်သည် ဆာလောင်မွတ်သိပ်လှပါပြီ။
အနှီသက်န်းလျှော်တေကို ယူတော်မူပါ။ သက်န်းလျှော်တေကြားက
နဂါးကို။ စားပါအံ့ဟု လျှောက်ထားလိုရကား။ အောက် နား က
ဂါထာကို။ ကမျာကရာ ရွတ်ဘိသောဟူလို။

ဂန္ဓုန်ဂါထာပါဠိအနက်။

ဣစ္စ,ရဂါနံ ပဝရော ပဝိဋ္ဌော။
သေလဿ ဝဏ္ဏေန ပမောက္ခ,မိစ္ဆံ။
ဗြဟ္မဉ္စ,ဝဏ္ဏံ အပစာယ မနော။
ဗုဘုက္ခိတော နော ဝိတရာမိ ဘောတ္တုံ။ ။

ဘောပဗ္ဗဇိတ၊ အမြင်အတွေ့။ ခင်မမေ့တဲ့။ အို ရှင်ရသေ့။
ဥရဂါနံ၊ ရင်ဖြင့်သွားတဲ့နဂါးတို့၏။ ပဝရော၊အမြတ် အထွတ်။တမွတ်
ထားရင်း။ နဂါးမင်းသည်။ ပမောက္ခံ၊ တယ့်တော်ရဲ့ဘေးမှ။ ကင်း
ဝေးလွတ်မြောက်ခြင်းကို။ ဣစ္ဆံ၊နက်ုရိပကာတီ။ အလိုရှိသည်ဖြစ်၍။ သေ
လဿ၊ ကျောက်မျက်အလား။ ပဏ္ဏမြားတုံး၏။ ဝဏ္ဏေန၊ အဆင်အမြင်။
ပုံအသွင်ဖြင့်။ ဣ၊ အနှီအရှင် ဘုရားဆင်မြန်းတဲ့။ သက်န်းလျှော်တေ
ထဲသို့။ ပဝိဋ္ဌော၊ မမြင်မတွေ့အောင်ရယ်လို့။ ဝင်၍ နေ၏။ အဟံ၊
တပည့်တော်သည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဗြဟ္မဉ္စ၊ အမှတ်တရ
ထည်။ မပြတ်ရှည်လောက်အောင်။ မြတ်သည့်လည်းဖြစ်တဲ့။ ဝဏ္ဏံ၊
သစ်ခွံရှေ့တွေန့်။ လျှော်တေသက်န်းကို။ အပစာယမာနော၊ အလေး
ဂရု ပြုပါသည်ဖြစ်၍။ ဗုဘုက္ခိတော။ အလွန်တရာ စားလိုပါလျက်
လည်း။ တော်နဘ်၊ ဂန္ဓုန်အစာ။ အရသာဟူ။ နဘဂါးကိုကြား ထိုနဂါး

ကို။ သောတ္တုံ၊ ဝမ်းဝတိုက်ကား။ စားခြင်းငှာ။ နေ့ဝီတရှမိတကယ်လွှန်၍။ မဝံ့ပါ ဘုရား။

အဲ အနိုက်ကဲ့သို့တဟု။ ဂန္ထနက လျှောက်ထားသဖြင့်။ ဘုရားလောင်းလဲ။ ရေထဲကသော။ သုပဏ္ဏရာဇာ ဂန္ထန်မင်းအား အင်း… တော်လဲ တော်တဲ့ ဂန္ထန်ပါပေဟု အပ်ကြီး ချီးမွမ်း လိုရကား။ အောက်နားက ဂါထာကို။ ထောက်ခါ ရွတ်ဆိုသော ဟူ၏။

ဂန္ထန်ချီးအား ထောမနာ ဂါထာပါဌ်အနက်။

သော့ဖြဟ္မ ဂုဏ္ဏော စိရ မေဝ ဇီဝ၊
ဒိဗျာစတော့ပါတုဘာဝန္တု သကွာ။
သော့ဖြဟ္မဝဏ္ဏံ အပစာယမာနော။
ဗုဘုက္ခိတော့ နေ့ဝီတရှာသိ သောတ္တုံ။ ။

သုပဏ္ဏရာဇ၊ တောင်ဟုန်ပြင်းပြင်း။ ဂန္ထန်မင်း။ ယောတွံ၊ အကြင်သင်သည်။ ဗြဟ္မဝဏ္ဏံ၊ အရဟဒ္ဓဇ။ကာသာဝဟု။ သာသနပန်း။ ဝတ်သက်န်းကို။ အပစာယမာနော။ အလွန်ရိုကျိုး။ မြတ်နိုးပေသည်ဖြစ်၍။ ဗုဘုက္ခိတော၊ သရေတများများနှင့်။ စားလိုလှလျက်လည်း။ တော်နာဂ်၊ ဂန္ထန်အစာ။ မြိုက်ရသာဟု။ နာဂါဆိုကြား။ ထိုနဂါးကို။ သောတ္တုံ၊ လျှာလိုလိုက်၍။ ဝမ်းဝတိုက်ကား။ စားခြင်းငှာ။ နေ့ဝီတရှာသိ၊ စားမဟဲ့ ဝါးမဟဲ့ ဆိုတဲ့။ အိုဘဲ့တဏှာ။ ရသာရုံကိုစွန့်၍။ မဝံ့ရှာပေ။ သောတွံ၊ တောင်ဟုန်ပြင်းတဲ့။ ထို သင်ဂန္ထန်မင်းသည်။ ဗြဟ္မဂုဏ္ဏော၊ ရသေ့ဆင်မြန်းတဲ့။ သင်္ကန်းတော်လျှော်တေကို။ ရိုသေစောင့်ရှောက်သည်ဖြစ်၍။စိရမေဝ၊ အစွန့်ရှည်ကြာ။အခါလေးမြင့်သာလျှင်။ဇီဝ၊ ရှပ်နံ့မပျက်။ အသက်ထည်ပြီး ရှည်ပါစေသတည်း။တော။သုပဏ္ဏရာဇာ။ သညာတွေ့ပုံ။သင်ဂန္ထန်သည်။ ဒိဗျာစတကွာ၊ နတ်ပြည့်ချမ်းသာ။နတ်တို့သာလျှင် သုံးဆောင်ခြင်းငှာထိုက်တန်သော။အမြိုက်ရသာ။ သုဓ္ဓါဘုတ် တို့သည်။ ပါတုဘာဝန္တု၊ အတွင် စားလောက်အောင်။ ထင်ရှားစင်စစ်။ ဖြစ်စေ ခလို။

(ဋင်းဂါထာအဆုံးတွင် အားလုံး အားလုံးသော ခမျာတစုတို့

ကာ။ထာပ် တော်မတို့ အညာစကိုင်းက။ဆရာမှိုင်းကြီးမှာ။ အာယု အကိုတော်ရာကျော်။ မွေးတော်မူပါစေ။ ဝဏ္ဏ။ ဝင်းဝင်းပပ။ အဆင်းလှပါစေ့စသည်ဖြင့်။ ဆုတောင်း ဆုယူ။ ပြုမှုကြသောဟူ၏။)

ထိုသို့ ဘုရားလောင်း ရသေ့သည်။ သာဓု နုမောဒနာ ခေါ်လျက်။ ရေမှ တက်ခဲ့ပြီးသော်၊ လျော်တေသက်နီးကို။ ဆင်းမြန်းဝတ်ရုံပြီး။ ဂဠုန်နှင့် နဂါးတို့ ကျောင်းသခ်မ်းသို့ ခေါ်ဆောင်ခဲ့ပြီးခါ။ မေတ္တာဖွဲ့မှုလုံနိုင်သောအကြောင်းအရာကို။ကောင်းစွာဟောပြရကား။ နဂါး ဂဠုန် နှစ်ပါးစုံတို့လည်း။ ထာဝရတုံဆင်း။ ညီရင်းအစ်ကိုလို။ ကြည်ညိုချစ်ခင်ပြီး။ ရှင်မြူးဝမ်းသာ။ လွန်စွာသင့်တင့် ညီညွတ်ကြလေသည်။ ။အဲ အနိုက်သို့သော နောက်ကြောင်း။ ရှေးဟောင်း အတိတ်က သဘောကို ဟောပြောပြသတော်မူပြီးခါ။ ငါ၏ချစ်သား။ ရဟန်းများတို့။ အနိုက်သို့သော။ ကောသလမင်းကြီး၏။ အမှုထမ်း။ အကြမ်းအက်ဆိုင်ရာ။ သေနာပတိဘွဲ့ခံ စစ်ဗိုလ်တို့သည်။ ထိုအခါကာလများက နဂါး ဂဠုန်။ နှစ်ပါးစုံတို့ဖြစ်ကြဘူးလေကုန်၏။ ရသေ့သည်ကား။ ငါဘုရား ဖြစ်တော်မူကြောင်းနှင့်။ ဇာတ်ပေါင်းတော် မူတယ်တဲ့ကြားရဲ့လား သာမာဝတီ။

သာမာဝတီ။ ။"ဦးထိပ်ပန်ဆင်ရက်ပါဘုရား"။

ဇဲ အနိုက်သို့သော အကြောင်းများကို ရည်၍။ဤ မြန်မာပြည်အတွင်း။ အင်းဝပြည် ကောင်းစားစဉ်ခေတ်။ သက္ကရာဇ် ၈၆၃ ခုနှစ်အတွင်း။ မင်းဖြစ်၍ အဆရေလျှမ်းခဲ့ပေတဲ့။ ရွှေနန်းကြော့ရှင်။ ဘုရင်မင်းမြတ်လက်ထက်တော်တွင်။ ရှင်ဘုရင့်ကိုယ်လုပ်တော် မိန်းမငယ်နှင့်။ စဝယ်ဆောင်မြဲ အမှုထမ်းသည်။ ငမ်းငမ်းတက် အကြိုက်ရဲ့ပြီး။ မိုက်မဲသောကြာခိုမှုကို။ပြုလုပ်မိသည့်အတွက်။ အသက်ကိုသတ်မည်ပြုရာတွင်။ ရှင်မဟာရဋ္ဌသာရမည်သော မင်းဆရာသည်။ အောက်ပါ မေတ္တာစာကိုပေးလတ်၍။ မသတ်ဘဲ လွှတ်တော်မူဘူးတယ်တဲ့။

**ရှင်မဟာရဋ္ဌသာရရေးသော နဂါး, ဂဠုန် နှစ်ပါးစုံမေတ္တာစာ။**

သသခ်ါရိက။ ညာဏာသမ္ပယော။ တက်ပြောဗီထိ။ ရှုတိစော စိတ်။ ပဋိဘာနေ။ စွဲယူတွေဖြင့်။ ယဥ်တွေမပြတ်။ ခြားရဟတ်သို့။ ညပ်,

ဋ္ဌိ,ဘင်။ ဘဝင်သန္တာန်။ ဖြစ်ပြန်ခါခါ။ တဒါရုံကား။ စုဌေ့ာစသည်။ နယဂတိ။ ဇောဝီထိဖြင့်။ မြင်သိစွမ်းနိုင်။ ဂုဏ်နှံ့လှိုင်သည်။ ဆွယ်ပြိုင်နိုင်းရှဲ။ စောရန်ကဲ။ ။

အံ့ဆဲတသန်။ ဂမ္ဘီနမ်မင်းအား။ နဂါးတခု။ သေလုဘနန်း။ ကြောက်ရွာလှန်းရှဲ။ ရသေ့ဇတ်စား။လျော်တော်ကြားစေယ်။ ပဏ္ဍမြား အသွင်။ ပုန်းသည်မြင်လျက်။ ဝှက်ဂမ္ဘီနမ်မင်း။ရိုညွှတ်မြွင်းဖြင့်။ရှင်းရှင်း ဘေးမဲ့။ လွှတ်သက်ဲ့သို့။ နိုင်းရှဲ့မငြို။ နည်းညွှန်ဆိုသော်။ ငါကိုဇကား။ သဒ္ဒရေရှု။ ကြည်ပ မှုကား။ ဤသူငါကို။ မိုနိုပါကျိုး။ မစိုးမရိမ်။ ကြောင့်ကြငြိမ်းအံ့။ ။တကြိမ်ရေးဖျား။စောတရားက။ဖြစ်များသော်တိ။တောင်နှယ်ရှိလည်း။မစီမစစ်။မထစ်မတော။အဆောတလျင်။လွတ်အံ့ထင်ရှင်။ ။သို့စင်မျက်တော်။ မှိဘိသော်ကား။ ရှင်ပေါ်ရှင်လှင်။ အရေးဝင်သို့။ ဆိုအင်မတက်။ ရုက်ဘနန်းတည့်။ ရဟန်းတကာ။ ကဲ့ရဲ့ရှာအံ့။ ။ငါ့မှာနိုးနွယ်။ ငါ့ဝယ်ဆည်းကပ်။ ငါနှင့်ဆပ်၍။ ထက်ကြပ်ငါ့တွင်။ နိုဝင်ပလှာ။ သော့ကြောင့်သာလျှင်။ မေတ္တာစာရေး။ ဆက်သောတွေ့ကို။ ရေမြေသခင်။ ရွှေနန်းရှင်သည်။ အလျှင်ပေးထ။စကားဖြင့်။ ။ဆုံးသမျက်တော် ငြိမ်းစေသောင်။

\+ × +

ယင်းသို့လျှင်၊ ယခင်လွန်ခဲ့သောအပတ်များက။ မှတ်သားဘွယ်ရာ။ ငါးရာ့ ငါးဆယ်ဇာတ်။ ဒုက နိပါတ်တော်လာ။ နာဂရာဇာတို့။ သုပဏ္ဏက ဂမ္ဘီနရာဇာတို့ အတ္တုပ္ပတ်ကို။ သရုပ်ဇာတ် ခင်းကျင်းပြီး။ ရှင်းရှင်းကြီး ဟောသား ပြောလာလုပ်ပြီးသည့်နောက်။ စိတ်ရောက်ကိုယ်ပါ။ လိုရာမှာနှသို့ ကြည်းတောမည့်ဆဲဆဲ၌။ မခွဲနိုင် မခွါရက်။ ရာသက်ပန်ကြည်ညို့ပြီး။ မိုခိုဆည်းကပ်လိုကြတဲ့။ တပုံမများစွာ။သနားရောတိုက။ အပါးမှာရှိနိုးပြီး။ တမျိုးတဖုံ လျှောက်ထားကြသည်ကား။ အောက်နှား၌ ပါရှိလေ၏။

ကောသာဝတီ။ ။ကျေးဇူးတော်ရှင်။ ထိပ်ခေါင်တင် ကိုယ်တော်မှိုင်းကြီးဘုရား"

ဘာများ လျှောက်ထားချင်သတုန်း- ကောသာဝတီ။

ကောသာဝတီ။ ။မှန် လှ ပါ။ ယောဂီအရှင်။ ကျွန်ုပ်ထိပ်တင်သည်။ ဟိုယခင် လွန်ခဲ့တဲ့။ နယုန်လဆုတ် (၁၄)ရက်နေ့ တုံးက။ မြီး

ဇရာ့ကဗျာ။ မဟာဝရဇိန် မိုးကြိုးဘွဲ့လေးချိုး၌။ ။"အမျိုး အမိုး မဟိမ်လိုပါလျှင်–ဘုရားတရားဘက် ကိုးကြတော့။မိုးကြိုးဝရဇိန်ဆိုတာ အသွားထက်ထက် တမျိုးပေပ။ သိကြားစက်တန်မိုးရယ်နှင့်။ မိုးသည်းလဲ မိုးသည်းအချိန်ဝယ်(အိကွယ်) ဆဲလကားသက်သက်။ မဟားဒယားနက် မဟုဲဆိုတဲ့။ (ဗြော်)မတရား လက်နက် ကိုးမှာကြောင့်။ စိုးလဲ စိုးရိမ် တယ်"။ ။ဟု အသယ်ကိုယ်အလုံးစပြီး။ အဆုံးချမပါဘဲ ဖြစ်နေပါ တယ်ဘုရား"။

အရီးစိမ်းကြီး။ ။"ဗြော်–မိုးကြိုးဘွဲ့လေးချိုးကြီးဟာ။တိုး လိုတန်းလ နိုးဖြစ်နေတယ်ဆိုပါတော့"။

ကေသာဝတီ။ ။"ဟုတ်ပါတယ် ရှင့်။ အစ ကောင်းရက်က နှင့်။ အနှောင်းမှာ မသေချာတဲ့မရေမရာ။နဝေနဝ ဖြစ်နေပါသဖြင့်။ ကေသာတို့။ တော ကြ်ို ကျက်စရာ။ ဆက်ခါခါရေးသားပြီး။ ပေးသနား တော်မူပါမည်အဖြစ် မေတ္တာရပ်ခံပါသည်ဘုရား"။

ပုညဝတီ။ ။"မကေသာ မေတ္တာရပ်ခံတဲ့အတိုင်း။ တပည့် တော်မက အဆိုသွင်းပါသည်ဘုရား"။

အရီးစိမ်း။ ။"တပည့်တော်မကြီး အရီးစိမ်း အမွှားရှိကြတဲ့။ တပည့်မအပေါင်းတို့က။ ကောင်းကောင်းကြီးထောက်ခံကြပါသည်"။

ဗြော်–ဥရဂဇာတ်လာ။ နာဂရာဇာတို့။ သုပဏ္ဏက, ဂဠုန်ရာ ဇာတို့ ဓခန်းအသိမ်းမှာ။ ဘန်းယိမ်းသူ–အမျိုးမျိုးတပည့်တို့က။ မိုးသီး ကြိုးဘွဲ့ သဘောများကို ဟောကြားစေချင်တယ် ဆိုပါတော့။ ။ ကိုင်း–ထိုမိုးကြိုး သဘောများကို ဟောကြားတော်မူမည်။ ဤမည် သော တကောင်းမလည်း။ ရှမ်းပြည်သူ။ မယ်ဥတ္တရာကြီးက။ ထီးရိုး မိုးကြိုးပစ် ဆိုသော အကြောင်းနှင့် စပ်သွယ်ပြီး။ မန်လည်ဆရာတော် ဘုရားကြီး စီရင်တော်မူခဲ့။ ။ မိုးကြိုးဘွဲ့ ဘုရားရှိခိုးဖြင့်။ တမျိုး သိဆိုရမည်ဟု မိန့်တော်မူတဲ့ အလုပ်ကြောင့်။ ဥတ္တရာတေရီက။ အခို သို့ ရွတ်ဘတ်သရဇ္ဈာယ်လေ၏။ ။ရွတ်ဘတ်ပုံကား။

## မဟာ ဝဇီရ ဉာဏာဝန္တနာ မည်သော မိုယ်းကြီးဘုရားရှိခိုး။

(၁) ဝဇီရသံဃာတ သဂိရော။ ဝဇီရဉာဏ မာကရော။
ယောဇုနခွါ-ဇောခီမူလမ္ဘိ၊နိသိဒန္တော-ဝဇီရာသနေ။ ။
သဒေသနမာဂုံ-ဇိတွာန။ သတ ပုညသာ ဓောဇသာ။ ။
(၂) ပဋ္ဌမေ-ပုဗ္ဗေနိဝါသံ။ မဇ္ဈိမေ-ဒိဗ္ဗစက္ခုကံ။
ပစ္ဆိမေ-သဗ္ဗသင်္ခါရေ။ သမ္မသံ-လက္ခဏာသ္တယံ။ ။
(၃) ဆတ္တိံသံသယ-ကောဋိသတ။သဟဿမုခေန-ပစ္စယံ။
ဩတာရ-မဟာဝဇီရေန၊ သုသမ္မုဒ္ဓေါ-သဝက္ခယံ။ ။
(၄) ဗုဒ္ဓဘူမိ နိဋ္ဌင်္ဂါသော။ မဟာ ဝဇီရ ဉာဏသာ။
စတုဝဇ္ဇာသီသ ဉာဏ။ သဗ္ဗသဗ္ဗရိ ဝဇ္ဇုနိ။ ။
ဗော်ဓိနေယျ-ဝိဘဇီတွာန၊ ဗော်ဓေသိတံ-နမာ မဟံ။
(၅) ဗုဒ္ဓဘူမိဂတော-ဗုဒ္ဓေါ။ ပါရဂူ-သဗ္ဗဓမ္မကော။
စတုဝီသ ကောဋိလက္ခံ။ မဟာဝဇီရ နာမကံ။ ။
(၆) သမာပဇ္ဇိ-သမာပဇ္ဇိ။ သမ္ဗုဒ္ဓယ-ဓေဝသိကံ။
ပရိနိဗ္ဗာန-ကာလေပိ။ သင်္ခိမာရုဋ္ဌ-နိဗ္ဗုတိ။ ။
သမာပဇ္ဇ-ပရိနိဗ္ဗာယိ။ အစ္ဆရိယံ-နမာမိတံ။ ။
(၇) နာဂတော-ဓာတု ပုညေန။ဗုဒ္ဓေါ-ပဋ္ဌာယ-ဟံ-ဘဝေ။
ဝဇီရဉာဏ သမ္ပန္နော၊ ဝဇီရ သမ ကာယိကော။ ။
ဝဇီရောဘာသ-ဘာသေယျ ။သဗ္ဗဒါ-သ ပရိတ္တကံ။ ။

၁-၂-၃-၄-၃။ (၅) ဂါထာဝါဒ်ကို၊ သန်းကိုးဂရုမျှားများ မပြတ်၊ သဒ္ဒါဘင်ရှား အနက်ထင်ရှားစွာ သိသာမှတ်လွယ်အောင် စီသည်။ မပြင်မဖျက် ကြလင့်။

၅-၆။ (၂) ဂါထာမှာ။ ဓေဝသိကာ လဂ္ဂံမဟာ၊ ဝဇီရဉာဏာဝန္တနာ ဖြစ်သည်။

(၁) ဝဇီရသံဃာတသဂိရော၊ ဝရဇိန်တန္တန်း။ စိန်တုံး စိန်နိုင်။ စိန်တိုင် စိန်ခဲနှင့်အတူ။ မကျဲမဘက်။ တခဲနက်ဖြင့်။ မပျက်မယွင်း။ မတွင်းမပေါက်နိုင်ကောင်းသော ကိုယ်တော် ရှိထသော။ ဝဇီရ

ညာဏာသနံ၊ မဟာဝဇိရ ဥာဏ်တော်အပေါင်းတို့၏။ အာကရောဖြစ်တည်ရာဖြစ်တော်မူသော။ ယောဓုဧဒွေါ၊ အကြင်မြတ်စွာဘုရားသည်။ ဗောဓိမူလသို့၊ မြေမျှဦးစွန်း။ ကျွန်း၏အချာ။ ဇေယျာပထဝီ။ မဟီဘက်မဲ့။ တဆဲ့ရှစ်မင်း။ ပယ်ကျွင်းခရိုင်။ ဗောဓိမဏ္ဍိုင်။ မြေရှန်နိုင်ထက်။ စံပြိုင်မရ။ ခက်မလေးဖြာ။ တရာသံတောင်။ မိုးခေါင်ထိလောက်။ မြထိးဝန်းဆောက်သကဲ့သို့။ ဖြိုးမောက်ကြီးကျယ်စွာ။ ဒုမရာဇာ၊ မဟာဗောဓိ။ သီရိရှန်းဇေ။ ဗုဒ္ဓဗော ရွှေညောင်ပင်မင်း၏အရင်း၌။ ဝဇိရာသနေ၊ ရန်မာန်အပေါင်းတို့။ ရွေ့ပြောင်း ဖျက်ဆီးခြင်းငှာ။ မတတ်ရာသော။ အပရာဇိတ်။ ဘိတ်ဘိတ်ဝင်းဖြာ။ ဝဇီရာသနံ၊ လျှင်ပျံ့ထက်။ နိသိဒ္ဓေ၊ လှလှတင့်တယ်။ ထက်ဝယ်ဖွဲ့ခွေ။ စံနေတော်မူလျက်။ သဓေသနမာရံ၊ လက်ဝဲက ၁၂ ယူဇနာ။ လက်ျာက ၁၂ ယူဇနာ။ အထက်က အထု ၉ ယူဇနာ။ နောက်ဆီက စကြဝဠာ တောင်အထိ။ လွှမ်းဘိပတ်လည်။ ရုံလျက်တည်သော၊ စစ် သည် ဗိုလ် ပါ အပေါင်းနှင့်တကွ။ ဝသဝတ္တိ၊ မာရ်နတ်မင်းကို။ အတပုညသ၊ တရာတရာ။ သမ္ဘာမျှားလှ။ အနန္တသတ္တဝါအစုတို့။ မတုမနှိုင်း နိုင်သော။ ဘုန်းတော်-ကံတော်-ပါရမီတော် အပေါင်း၏။ တေဇသာ၊ အစွမ်းအားဖြင့်။ ဇိတွာ၊ နေမဝင်ခင်။ ကြွင်းမဲ့ကုန်စင်။ ပွဲဦးရင်သဖြင့်။ အောင်မြင် ပြီးစီးတော်မူ၏။

(၂) (၃) ပဌမေ၊ ညဦးယာမ်ကာလ၌။ ပုဗ္ဗေနိဝါသံ၊ အနေပါကာ။ တေဘူမ္မရှေ့ချာန်လေးပါးတို့ကို။ ဝင်စားလေ့လာတော်မူလျက်။ နတ်လူဗြဟ္မာ။ သတ္တဝါတို့၏ ရှေး၌ နေဘူးဖြစ်ဘူးသော ခန္ဓာအစဉ်။ ထိုခန္ဓာအစဉ်မှ လျောက်၍သိအပ်သော အမျိုးအမည်။ နိဗ္ဗာန်ပညတ်တရားတို့ကို။ ဆီးတားပိတ်ကွယ်ခြင်းမရှိ။ အောက်မေ့ ဆင်ခြင်တိုင်း သိတတ်သော။ ပုဗ္ဗေနိဝါသ၊ အဘိညာဉ်ဝိဇ္ဇာကို။ သုသမ္ဗုဒ္ဓေါ၊ မိမိအလိုလို။ ကိုယ်တော်တိုင်သာ။ ဆရာမကူ။ သယမ္ဘူဖြင့်။ လွယ်ကူကေန်း။ ဘောက်ပြန်မရှိ။ ပွင့်သိ ထင်လင်းတော်မူပြီ။ တတော၊ ထိုနောက်မှ။ မဇ္ဈိမေ၊ သန်းခေါင်ယာမ်ကာလ၌။ ဒိဗ္ဗစက္ခုကံ၊ ဝိသိဘဝက်။ အောက်ထက်ဖီလာ။ စကြဝဠာ။ မဟာဝိသယ။ အနန္တလောကဓာတ်တို့၌။ လူနတ်ဗြဟ္မာ။ သတ္တဝါသခါ့ဒါနိုသမျှတို့၏။ ဒုရပဋိစ္ဆန္န-သဏှ-သုခုမ, ရူပါရုံ။ အလုံးစုံသော အဆင်းသဏ္ဌာန်တို့ကို။ အကြောင်းအကျန်

မရှိ။ နတ် မျက်စိ ကဲ့သို့။ မြင်သိ ထင် လင်း တတ်သော။ ဒိဗ္ဗစက္ခု အဘိညာဉ်ဝိဇ္ဇာကို။ သုသမ္ဗုဒ္ဓေါ၊ မိမိအလိုလို ကိုယ်တော်တိုင်သာ။ ဆရာမကူ။ သယမ္ဘူဖြင့်။ လွယ်ကူစကန်း။ ဘောက်ပြန်မရှိ။ မှုံ့သိထင် လင်းတော်မူပြီ။ တတော၊ ထိုနောက်မှ။ ပစ္ဆိမေ၊ မိုးသောက်ယာမ် ကာလ၌။ လက္ခဏာဒွီယံ၊ ကုဋေ တသိန်းသော စကြာဝဠာ လောက ဓာတ်၌။ သတ္တသင်္ခါရေ၊ ဘုရားတို့မှတပါး။ ဝိပဿနာ၏ဘေ၊ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ၊ သင်္ခါရရုပ်နာမ်တို့ကို။ သမ္မသ သမ္မသာ၊ ဝိပဿနာ ဉာဏ်။ မကျန်သိမ်းကျုံး။ သုံးသပ် ဆင် ခြင်တော်မူလျက်။ ပစ္စယံ- ပစ္စယာ ကာရနယံ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ လ။ သမုဒယော ဟောတိ ဟူသော ပဋိစ္စ သမုပ္ပါဒ် နည်းသို့။ ဩတာရ ဩတရိတွာ၊ သက်တော် မူ၍။ ဆတ္တိံသာယ ကောဋိသတ သဟဿမုခေန၊ ကုဋေ ၃ သန်း ၆ သိန်း အမြွက်ရှိသော။ ဝါ၊ တစုတရုသော စကြာဝဠာအတွင်း။ သတ္တဝါ တယောက် တယောက်စီ၏ အတ္တဘော၌။ ပဋိစ္စသမုပ္ပါဒ် ၁၂ ပါး, ၁၂ ပါး။ တပါးတပါး၌ ဝိပဿနာဉာဏ်တော် ၃ ပါး ၃ ပါး ဖြစ်၍ ၃၆ ပါး။ စကြာဝဠာ ကုဋေ တသိန်း အားဖြင့်။ မြှောက်ပွါးတွက်ရေ။ ကုဋေ ၃ သန်း, ၆ သိန်း အမြွက်ရှိသော။ ဝါ၊ ကုဋေ တသိန်းသော စကြာဝဠာ လောကဓာတ်၌။ လူ နတ် ဗြဟ္မာ။ သတ္တဝါအနန္တတို့၏။ အတ္တဘော။ တခု တခု၌။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး, ၁၂ ပါး။ တပါး တပါး၌။ အနိစ္စ, ဒုက္ခ, အနတ္တ, ဝိပဿနာဉာဏ် တော်၃ ပါး, ၃ ပါးစီ ဖြစ်၍။ ၃၆ ပါး။ ဤ ၃၆ပါးသော ဝိပဿနာ ဉာဏ်။ အပြန်ကုဋေ တသိန်းအားဖြင့်။ ပိုင်းခြား တွက်ရေ။ ကုဋေ ၃ သန်း ၆ သိန်းစီ အမြွက်ရှိသော။ မဟာဝဇီရေန၊ မဟာဟတိမ်တောင်။ မိုက်မှောင်မြေးရှက်။ တခဲနက်ကို။ ဝက်ဝက်ကွဲအောင်။ မြို့ခွဲဘောက် ထွင်း။ ဟင်းလင်းကုန်စင်။ ပိတ်ပင်မရှိ။ ရှယ်မီသမျှ။ ထိတိုင်းရှလျက်။ သိကြွားလက်နက်။ မိုးကြိုးစက်ကဲ့သို့။ ထက်မျက်တေဇာ။ ကြီးမြတ်စွာ သော။ ဝိပဿနာ။ မဟာဝဇီရဉာဏ်တော်ဖြင့်။ အာသဝက္ခယံ၊ အာသဝေါ ၄ ပါး။ တရားအညစ်။ ပြာဖြစ်ညက်ကြေ။ ကုန်စေတော် မူ၍, မဟာဝဇီရ, အရဟတ္တမဂ်။ ဉာဏ်တော်စက်ဟု ဆိုအပ်သော။ အာသဝက္ခယ, အဘိညာဉ် ဝိဇ္ဇာကို။ သုသမ္ဗုဒ္ဓေါ၊ မိမိ အလိုလို။ ကိုယ်တော်တိုင်သာ။ ဆရာမကူ။ သယမ္ဘူဖြင့်။ လွယ်ကူစကန်း။

သောက်မြှန်းခဲ့ရှိ။ ပွင့်သိအင်လင်းတော်မူပြီ။

(၄) မုဒ္ဒဘူမိနိဋ္ဌဂေါ်၊ မုဒ္ဒဘူမိ အဆုံးသို့ ရောက်တော်မူတတ်သော။ ၀ါ၊ ဘုရားဖြစ်ရာ။ ဓမ္မတာဘုံ။ သိဒ္ဓိဂုဏ်၏။ လုံးစုံပြီးဆုံးခြင်းသို့ ရောက်တော်မူသော။ သော ဗုဒ္ဓေါ်၊ ထိုမြတ်စွာဘုရားသည်။ မဟာဝဇီရညာဏသော။ သဗ္ဗညုပညာ, ဒေသနာမဟာဝဇီရ ညာဏ်တော်ဖြင့်။ စတုစတ္တာလီသညာဏသတ္တသတ္တရိဝတ္ထုနိ။ ပဋိစ္စသမုပ္ပါဒ် တရားနှင့် စပ်သောအားဖြင့် ၄၄ ပါးသော ညာဏဝတ္ထု။ ၇၇ ပါးသော ညာဏဝတ္ထုတို့ကို။ ၀ါ၊ ဇရာ, မရဏဟူသော ဒုက္ခ၌သိသော ညာဏ်။ ဇရာ,မရဏအကြောင်း သမုဒယ၌ သိသောညာဏ်။ ဇရာ,မရဏ၏ ချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ပဋိပဒါ၌ သိသော ညာဏ်ဟု ဆိုအပ်သော။ စတုသစ္စညာဏ် ၄ ပါး။ ထိုအတူ, ဇာတိ၌ ညာဏ် ၄ပါး။ ဘဝ၌ ညာဏ် ၄ ပါး။ ဥပါဒါန်၌ ညာဏ် ၄ ပါး။ တဏှာ၌ ညာဏ် ၄ ပါး။ ဝေဒနာ၌ ညာဏ် ၄ ပါး။ ဖဿ၌ ညာဏ် ၄ ပါး။ သဠာယတနေ၌ ညာဏ် ၄ ပါး။ နာမ်ရုပ်၌ ညာဏ် ၄ ပါး။ ဝိညာဏ်၌ ညာဏ် ၄ပါး။ သင်္ခါရ၌ ညာဏ် ၄ ပါး။ ၁၁ လီအားဖြင့် ၄၄ ပါးသော ညာဏဝတ္ထု။ ဇာတိဖြစ်သော် ဇရာမရဏ ဖြစ်၏ဟု သိသောပဝတ္တိညာဏ်။ ဇာတိမဖြစ်သော်၊ ဇရာမရဏ မဖြစ်ဟု သိသော နိဝတ္တိညာဏ်အားဖြင့် ၂ ပါး။ ထိုအတူ။ အတီတ်ကာလ။ ဇရာမရဏ၌။ ပဝတ္တိညာဏ်။ နိဝတ္တိညာဏ်အားဖြင့် ၂ပါး။ အနာဂတ်ကာလ။ ဇရာမရဏ၌ ပဝတ္တိညာဏ်။ နိဝတ္တိညာဏ် ၂ပါး။ ထို ၆ ပါးသော ညာဏ်တို့ကို သိသော ညာဏ်တပါးအားဖြင့်။ ဇရာ,မရဏ၌ ညာဏ် ၇ပါး။ ထိုအတူ ဇာတိ၌ ညာဏ် ၇ပါး။ ဘဝ၌ ညာဏ် ၇ ပါး။ ဥပါဒါန်၌ညာဏ် ၇ ပါး။ တဏှာ၌ ညာဏ် ၇ ပါး။ ဝေဒနာ၌ ညာဏ် ၇ ပါး။ ဖဿ၌ ညာဏ် ၇ ပါး။ သဠာယတန၌ ညာဏ် ၇ ပါး။ နာမ်ရုပ်၌ ညာဏ် ၇ ပါး။ ဝိညာဉ်၌ ညာဏ် ၇ပါး။ သင်္ခါရ၌ ညာဏ် ၇ ပါး။ ၁၁ လီအားဖြင့် ၇၇ ပါးသော ညာဏဝတ္ထုတို့ကို။ ဝိဘဇ္ဇိတွာန။ ဝေနေယျာ၊ ဒေသနာဝိလာသ အစွမ်းအားဖြင့်။ အထူးထူး အပြားပြား။ ဝိုင်းခြား ဝေဘန်တော်မူ၍။ ဗောဓနေယျ၊ ကိုယ်တော်အလား။ တရားအမြိုက်၊ ပွင့်ထိုက် သိထိုက် ကျွတ်ထိုက်သသူ။ နတ်လူဗြဟ္မာ။ သတ္တဝါဝေနေယျတို့ကို။ ဗောဓေသိ၊ ပွင့်သိတော်မူစေပြီ။ ဏံ-တာဒိသံ၊ ထိုသို့ ထူးချွန်။ ကဲလွန်လှစွာ။

ဝိပဿနာ, မဟာဝဇီရ ဉာဏ်တော်။ အရဟတ္တမဂ္ဂ, မဟာဝဇီရ ဉာဏ်တော်။ သဗ္ဗညုတ, မဟာဝဇီရဉာဏ်တော်ဟု ဆိုအပ်သော ဉာဏ်တော်, ကိုယ်တော်, နာမ်တော်, ရုပ်တော် နှစ်တော်စလုံး။စိန်တုံး စိန်ခဲ။ ရိုးခဲပြီးပြက်၊ တခဲနက်သော။ တဘက်ကင်းကွာ။ မဟာဝဇီရ ဉာဏ်တော်ကြီးတို့၏ စုဝေးပေါင်းတည်ရာဖြစ်တော်မူသော မြတ်စွာ ဘုရား၏ကို။ အပယ်၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

(၅) ဗုဒ္ဓတ္တမိဂဇော။ ၃ သန်း ၆ သိန်း သော မဟာဝဇီရ, ဝိပဿနာဉာဏ်တော်။ မဟာဝဇီရ, အရဟတ္တ မဂ်ဉာဏ်တော်။ မဟာဝဇီရ, အရဟတ္တဖိုလ် ဉာဏ်တော်။ မဟာဝဇီရ, သဗ္ဗညုတ ဉာဏ်တော် စသော သမ္မာသမ္ဗုဒ္ဓဘုရားအရာ။ အသာခါရုံ။ ဓီးမကုန်သော။ ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူပြီးသည်ဖြစ်၍။ ပါရဂူ၊ ပါရဂူငါးထပ်၊ ကမ်းတရပ်သို့။ ကူးခပ်ပေါက်ရောက်တော်မူထသော။ သဗ္ဗဒဿီကော၊ အလုံးစုံသော သတ္တသင်္ခါရ။ ရှိသမျှတို့ကို။ တစမကျန်။ အမှန်ကုန်စင်။ ထက်ဝန်းကျင်ဖြင့်။ မြင်တော်မူတတ်သော အလေ့သဘောရှိတော်မူထသော။ ဃော ဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသခင်သည်။

(၆) သုခတ္တာယ၊ ကိုယ်တော်၏ချမ်းသာခြင်း။လူနတ်ဗြဟ္မာ၊ သတ္တဝါလောက။ ဝေနေယျသပေါင်းတို့၏။ ပစ္စုပ္ပန်သံသရာ။ လောကီ, လောကုတ္တရာ။ ချမ်းသာခြင်းအကျိုးငှါ၊ ဧဝသိက်၊ နေ့တိုင်း နေ့တိုင်း။ ဝါ၊ သက်တော်ထိုဉာဉ်။ နေ့စဉ်ရှိသမျှ ကာလပတ်လုံး။ စတုဝီသကောဋိလက္ခ၊ မဟာကရုဏာ သမာပတ်, ကုဋေ ၁ သန်း ၂ သိန်း။ အရဟတ္တဖလသမာပတ်, ကုဋေ ၁ သန်း ၂ သိန်းအားဖြင့်။ ကုဋေ ၂ သန်း ၄ သိန်း အရေအတွက်ရှိသော။ ဝါ၊ ရူပါဝစရကြီယာ သမာပတ် ၅ ပါး။ အရူပါဝစရကြီယာသမာပတ် ၄ ပါး။ အာပ္ပမညာ သမာပတ် ၁ ပါး။ နိရောဓသမာပတ် ၁ ပါး။ အရဟတ္တဖလ သမာပတ် ၁ ပါး။ ဤသို့အားဖြင့် ၁၂ ပါးသော သမာပတ်တို့၌။ အသီးအသီး။ နေ့တိုင်း နေ့တိုင်းသာလျှင်။ နံနက်အခါ ကုဋေ ၁ သိန်း။ ညအခါ ကုဋေ ၁ သိန်းစီ ဝင်စားတော်မူ သဖြင့်။ ကုဋေ ၂ သန်း ၄ သိန်း အရေအတွက်ရှိသော။ ဝါ၊ အနုလုံအားဖြင့် ၁၂ ပါး။ ပဋိလုံအားဖြင့် ၁၂ ပါးသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့ကို ပိုင်း

ခြားသုံးဆောင်လျက်။ နေ့တိုင်းနေ့တိုင်း။ ကုဋေ ၁ သိန်း။ ကုဋေ ၁ သိန်း
သော။ အရဟတ္တဖလ သမာပတ်ကို။ မပြတ်ဝင်စားတော်မူသဖြင့်။
ကုဋေ ၂ သိန်း ၄ သိန်း အရေအတွက်ရှိသော။ မဟာဝဇီရ၊ နာမကံ၊
မဟာဝဇီရ အမည်ရှိသော။ သမာပတ္တိ၊ မဟာကရုဏာ သမာပတ်။
အရဟတ္တဖလသမာပတ်၊ ဝိဇ္ဇာသမ္မောဓိ၊ သမာဓိ တရားမြတ်ကို။
သမာပဇ္ဇ၊ ဝင်စားတော်မူပြီ။ ပရိနိဗ္ဗာနကာလေပိ၊ သက်တော်ချုပ်
ဆဲ။ ပြည့်ကယ်အမှန်။ ပရိနိဗ္ဗာန်စံဝင်တော်မူသော အခါ၌လည်း။
နိဗ္ဗုတိ၊ ရာဂ, ဒေါသ၊ မောဟထိန်ညီး၊ ဆဲ့ တမီးတို့။ ကင်းပြီး
ချုပ်ငြိမ်းရာ ဖြစ်သော။ သန္တိ၊ အနုပါဒိသိသ်၊ တိတ်ဆိတ်မကျန်၊
ချမ်းမြေ့ကဲလွန်၊ နေရာဘန်ဓာတ်၊ အနုပါဒိသေသ၊ နိဗ္ဗာန် တရား
တော်မြတ်ကို။ အာရဗ္ဘ၊ ရည်တော်မူ၍။ သမာပတ္တိ၊ ရူပါဝစရ,
အရူပါဝစရ ကြိယာသမာပတ်ကို။ ဝါ၊ အသုဘပညတ် ၁၀ ပါး။
ဒွတ္တိံသာကာရကောဋ္ဌာသ ပညတ် ၁ ပါး။ ကသိုဏ်းပညတ် ၈ ပါး။
မေတ္တာ, ကရုဏာ, မုဒိတာတို့၏ အာရုံဖြစ်သော သတ္တ ပညတ် ၃ ပါး။
အာနာပါနဖြစ်သော ထွက်သက်ဝင်သက် ပညတ် ၁ ပါး။ ပရိစ္ဆေ
ဒါကာသဖြစ်သော ကောင်းကင် ပညတ် ၁ ပါး။ ဤသို့အားဖြင့်
၂၄ ပါးသော ပညတ်အာရုံတို့၌။ ရူပါဝစရကြိယာ ပဌမဈာန်သမာ
ပတ်ကို ဝင်စားတော်မူခြင်း။ ကသိုဏ်းပညတ် ၈ ပါး။ သတ္တပညတ်
၃ ပါး။ အာနာပါနဖြစ်သော ထွက်သက်ဝင်သက်ပညတ် ၁ ပါး။
ပရိစ္ဆေဒါကာသဖြစ်သော ကောင်းကင်ပညတ် ၁ ပါး၊ ဤသို့အားဖြင့်
၁၃ ပါးသော ပညတ်အာရုံတို့၌။ ရူပါဝစရ ကြိယာ ဒုတိယဈာန်
သမာပတ်။ တတိယဈာန် သမာပတ် တို့ကို ဝင်စားတော်မူခြင်း။
ကသိုဏ်းပညတ် ၈ ပါး။ ဥပေက္ခာဗြဟ္မဝိဟာရ၏ အာရုံ ဖြစ်သော
သတ္တပညတ် ၁ ပါး။ အာနာပါန ဖြစ်သော ထွက်သက် ဝင်သက်
ပညတ် ၁ ပါး။ ပရိစ္ဆေဒါကာသဖြစ်သော ကောင်းကင်ပညတ် ၁ ပါး။
ကသိဏုဂ္ဃာဋိမပညတ်ဖြစ်သော ကောင်းကင်ပညတ် ၁ ပါး။ ပဌမာရုပ္ပကြိယာ
ဝိညာဉ် ၁ ပါး။ ထိုပဌမာရုပ္ပကြိယာ ဝိညာဉ်၏ မရှိခြင်း နတ္ထိဘော
ပညတ် ၁ ပါး။ တတိယာရုပ္ပ ကြိယာ ဝိညာဉ် ၁ ပါး။ ဤသို့အား
ဖြင့် ၁၅ ပါးသောအာရုံတို့၌။ ရူပါဝစရ, အရူပါဝစရ ကြိယာ,
စတုတ္ထဈာန် သမာပတ်ကို ဝင်စားတော်မူခြင်းတို့ဖြင့်။ ဝင်စားဆော်

သော။ ရူပါဝစရ, အရူပဝါစရကြီးယာသမာပတ်ကို။ တေ့ဒီသကောင့် လကွ၊ အကြိမ်ကုဋေ ၂ သန်း ၄ သိန်း အရေအတွက် ခေ့တောင်း သမာပတ္တိ-သမာပဇ္ဇန္တေ၊ ဝင်စားတော်မူ၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံဝင်တော်မူပြီ။ အစွန္တတ္တ၊ အလွန်တောအဆုံးသို့ရောက်တော်မူသော ဝါ၊ အလွန်သော အဆုံးသို့ ကြွသွားတော် မူတတ်သော။ တံဇုဗ္ဗံ၊ ထို ၂ သန်း ၄ သိန်း။ ခန္ဓကိန်းသချာ၊ မဟာဝဇီရညာဏမှုတော်၊ ကြီးကျယ်များမြတ်သော။ သမာပတ်၏ အသျှင် ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

(၇) အဟံ၊ အကျွန်ုပ်သည်။ စေတနပုညေန။ ဤသို့ကြီးမြတ် လှစွာ။ မဟာဝဇီရ ညာဏ်တော်ကြီးတို့ဖြင့်။ ညီးညီး မပြောင်ရှန်း။ ထွန်းပတင်ရှား။ မြတ်စွာဘုရားကို။ သုံးပါးစေတနာ။ သုံးဖြာဥ်ရေ။ ပဏာမဖြင့်။ စိတ်ကမြတ်နိုး။ ရှိခိုးပူဇော်ပါရသောကောင်းမှုကြောင့်။ ဣတော၊ ဤကိုယ်ဘဝ၊ ဤကာလမှ။ ပဋ္ဌာယ၊ အစပြု၍။ အနာဂတေ၊ နောင်လာလတ္တံ့သော။ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၌။ ဝဇီရညာ ဏသဓမ္မနေ၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်နှင့် တူသော ထက်မျက် လှစွာညာဏ်ပညာနှင့်ပြည့်စုံသည်။ ဘဝေဘဝေယျံ၊ ဖြစ်ရပါလို၏။ ဝဇီရ သမကာယိကော၊ ဝရဇိန်တန္တန်း၊ စိန်တုံးစိန်ခဲနှင့် အတူ။ ရှိုးရှဲ ထိန်လက်။ ပြိုးပြက်ရောင်ဝ။ ထွန်းပစ္စသော၊ ကိုယ်အင်္ဂါအပေါင်းနှင့် သည်လည်း။ ဘဝေဘဝေယျံ၊ ဖြစ်ရပါလို၏။ သပရတ္ထကံ၊ မိမိ၏ ပစ္စုပ္ပန်သံသရာ၊ လောကီ လောကုတ္တရာအကျိုး။ သူတပါးတို့၏ ပစ္စုပ္ပန်သံသရာ။ လောကီလောကုတ္တရာအကျိုးကို။ သဓ္ဓေါ၊ အခေါ်သိမ်း။ ဝဇီရောဘာယ၊ ဝရဇိန်ရောင် ကိုယ်အရောင်ဖြင့်။ ဩသာသေယျံ။ လှ့တောင် နတ်တောင်။ ပြောင်ပြောင်ထိန်လင်း။ ဝင်းဝင်း တောက်ပ။ ထွန်းပလွှက်ဆောင်နိုင်ရပါလို၏ ဟူရှင်ဘုရား။

ကျုပ်တို့သည်။ ဤမည်သောယခုညာမှာဖြင့်။ ဉရာဇာတ်။ ယပ် လုံဒေသနာတော်၏ အခြားမဲ့၌။ထားခဲ့သောပရိညာဏ်ဂတိ။ ရှိလည်း ရှိခဲ့ပေသောကိုးပဲ။ မိုးကြိုးနှင့် ထိုးနိုးတရား၏။ အရှိုးတမျိုး အသွားကြီ စည်ပြီး။ မန်လည် ဆရာတော်ဘုရား၏။ အသွားထက်မြတ်လှစွာ သော မိုးကြိုးဘုရားရှိခိုးလာပုံကို။ အာခံတော်ပြုပြီးကာလ။ မြန်မာ မျှဥမန်းခေတ်၌။ အဆန်းအသစ်တွင် အထူးတော်သပဆိုတဲ့။ တကာ

ကြီး ဦးကျော်လှ ၏ သံချိုကမ္ဗွာန်းမှ။ ။"မန်းနဂရမှာတော့။ စန်းသာ့-ဆရာဇ"နှင့်။ သာဝရုံအတူမကပ်ပါလို့။ ရာသက်တိုင် သတင်း၊ ကျော်တဲ့။ သာဘင်မေT၊ စင်တော်ဦးဆီက။..." ဟု အစပျိုးပြီးလျှင်။ ။"နှိုးတော်ကာ၊ မိုးပေT ကကြဲလိမ်မကွယ်။ ပွဲနောက်ပိတ်ဆုံး"လို့။ အနှိ့လို အဆုံးချတဲ့။ မြူးဇရာ့တချိုးအသွားနှင့်။ မိုးကြိုးတရားဒေသနာကို။ ဇေယျာသူ- ကောသာ့ ဒကာမတို့အား။ သေချာသ့ကာ။ နေရာတကျဟောမည့် ပြောမည့် အလုပ်တွင်။ ကျုပ်တို့တပည့်မ၊ ရှိရိုသမျှ အသင်းအပင်းတို့တွင်။ ဝင်းဝင်းလှလှ မြမြနှင့်။ အဆင်းက (လ)တဆူ ဟုစလောက်သော။ ဟသ်ာတသွမ။ ဒွါရဝတီ။ သာမာဝတီ့- မာလာဒေဝီတို့ ရောက်လာ ပေါက်လာပြီး။ အောက်ပါအတိုင်း။ ကရိုဏ်းဒွါရ။ ပဏာမတို့ဖြင့်။ ဂါရဝတည်းဟူသော ရှိရိုသေသေနှင့်။ချိုချိုပြေပြေ။ ချေချေငန်ငန် လျှောက်ထားကြသည်မှာ။

မာလာဒေဝီ။ ။"ကျေးဇူးမွေးဘူးသနှင့်။ တခြေးခြေးနူးလောက်တဲ့။ ကျေးဇူးတော်ရှင်။ တိတ်တခေါင်နှင့်။ သပိတ်ဆောင်တဲ့။ ထိပ်ခေါင်တင်ကြီးဘုရား"။

ဘာတုန်းမာလာဒေဝီ။ ဟိုနောက်နားက သာမာဝတီမဟုတ်လား။

သာမာဝတီ။ ။"မှန်ပ-ဦးထိပ်ရွက်ဆင်ပါဘုရား"။

အင်း-မင်းတို့ဟသ်ာတက။ အသင်းဒကာမတွေမှာ။ ပင်းယာ-အင်းဝနှင့်တကွ။ မင်းမင်းမျှ အညာ တကိုင်းဆီက။ ဆရာမှိုင်းမေတ္တာကြောင့်။ မြစ်ဘယာ မှောင်မည်းတဲ့။ ချောင်ချောင် ချိချိများရှိကြပါရဲ့လား။

ပါရမီ။ ။"မှန်လှပါ ကဆုန်, နယုန်ဆီကဖြင့်။ ဂစ္ဆုန်ကတမျိုး။ ကြမ်းပိုးကတဖုန်" နဲ့။ အပုံကြီးကြပ်ကြပ်ကြောင်းပါဘုရား။"

ဩ....အမှတ်တရ မပြတ်မပြတ်ညီးလောက်အောင်။ အကြပ်ကြီး ကြပ်ကြတော့။ အနတ္တကမ္ဗွာန်းယူပြီး။ အန်းသွမ့ပီပီ။ ဆောက်တည်အားထုတ်ကြမှပေါ့။ နို့ပြီး ဘာအကြောင်းများ ထူးသေးသလဲ မာလာဒေဝီ။

မာလာဒေဝီ။ ။"မှန်လှပါ။ မြန်မာပြည်တရိုး။ အသေဆိုး။ အနေဆိုး။ သာဓေဝသိုးချင်တဲ့။ ခေတ်ဆိုးခေတ်ယုတ်။ ခေတ်ရှုပ် ခေတ်ပျော့ကြီးအခါ။ အပွမာဇတရား။ လက်ကိုင်ထားကြလျှက်။ လက္ခဏာ

ရေးသုံးပါး။ ကုသိုလ်တရားတို့ကို။ ပွားများ အားထုတ်ကြစေရန်။ ရည်သန်မြွှော်တင်း၍။ ဖသံ့ဘတမြွို့ဝယ်။ လယ်တီသမိုက်၊ စာသင်တိုက်၌။ ကိန်းပိုက်စံနေတော်မူစဉ်။ အရှင် "သောဘန" မည်သော။ ဂဏဝါစက။ စာချဆရာတော်ကလေးဘပါး။ ရေးသား ပြုစုတော်မူတဲ့။ (ဥမ္မောဒနကဗျာ)။ လက်ဆောင်တော်ပါလာကြောင်းပါဘုရား" ဟုလျှောက်ပြီးခါ။ အဆိုပါမူပဏ္ဏာ။ လက်ဆောင်တော်စာကို။ ကျုပ်တို့ရဲ့စာတော်ဘတ် ပုညဝတီလက်သို့ ကမ်းလိုက်၏။

ယင်းသောအခါ။ စာတော်ဘတ် ပုညဝတီက။ မပီကလာပီကလာနှင့်။ တီတီတာတာ ဘတ်ဆို လျှောက်ထားသည် မှာလည်း အောက်နားက အတိုင်းပင် ဟူ၏။

ဂန္ဓုန်ကမ္မဋ္ဌာန်းဘွဲ့။ ကျမ်းနဲ့အညီ။ ရေးစီတီသော။ ပါဠိ ရှစ်ဆယ်ပေါ် တေးထပ်ကြီး။

သံသာရေ, ဟေ ရေနို့(သည်)။ အနန္တက, သတ္တဝါ။ ဘယန္တ ရ, မဟာဝဏ္ဏဝ, ဓမ္မ ရေ, အနတ္တာ(ငယ်)။ မဟာဗ္ဗယာ-ဘဝန္တိ၊ ။ ရှုဒ္ဒါ ရုဒ္ဒ, ဒုက္ခာဒုက္ခ,-ဗုဒ္ဓါ ဗုဒ္ဓအမုတ္တာ(မှာ)။ နရရုဒ္ဓါ, ကုတော-ဤဒါနို။ ။အနိစ္စာဝတ, အဝိဇ္ဇာသာဝ,အနိဋ္ဌာလယ-ဘဝ်ါရာ(ငယ်)။ အတ္တာဂ်တာ, နသာဘိ။ အနဂ်ဏာ, ဆန္ဒရိ(မို့)။ ပသာဘတိစ အသာထံ။ ။နိစ္စံသုခံ အတ္တာဘိ။ တာသွာဟိ နေဝ, အပြုံပြုံ။ ။ဘဝံ သလ္လ, ပဥ္စခန္ဓ။ ဟင်ပလ္လလ,ဥန္နတံ(ကို)။ ဂဠုံ-သာတတံ,နန္ဒိ စ(နှင့်)၊ ဈန္တိ ကရ, ဥဓောဘဋ္ဌိယာ။ တုဋ္ဌောအနိဿာ။ ။ဒုလ္လဘ, ဝိသယ။ သုန္ဒရ, ဟိတက, ပုညကြိယ,ဝေရတာ(ရယ်)။ အနေဇကာ, ဘဝေ ယျာထ(လေး)။

ပဓေါပမိတ, အနောဝဇိတ, မေမ္မာဒယိတ သတိယာ (ငယ်) အမိတာယာ သမ္မာဒေထ (လေး)။

## အနက်ယောဇနာသော်ကား။

ယော။ ။အို...သူတော်ကောင်းတို့။

ဣဒါနိ။ ။ဖွံ့ဖြိုးပွါး။ ဒုလ္လဘကို။ ရရှိကြုံလာ။ ယခုအခါ၌။

မနုဿ။ ။မင်္ဂိုလ်နိဗ္ဗာန်။ကောင်းရကြောင်း။ တရားကောင်းကို။

စရ-စရထ။ ။သမ္ဗုဒ္ဓခွန်။ အရှင်းခံ၍။ အမှန်မယုတ်။အားထုတ်ကျင့်ကြံလိုက်ကြပါကုန်လော။

ဘယန္တရံ, မဟာဏ္ဏဝ ဘယန္တရံ, မဟာဏ္ဏဝေ။ ။လှိုင်းဝဲရကျို့သည်။ ဖမ်းကိုက်ငါးကြမ်း။ ဘေးဘျမ်းလေးဦး။ ဘေးအထူးတို့နှင့်။ ကြောက်မှုးစရာ။ ပြည့်စုံပါသော။ သမုဒြာပြင်ကျယ်။ ပင်လယ်ကြီးတည်းဟူသော။ ဝါ၊ ပင်လယ်ကြီးကဲ့သို့သော။ ဝါ၊ ပင်လယ်ကြီးနှင့်တူလှပေသော။

သံသာရေ။ ။ဇာတိဇရာ၊ ဗျာဓိမရဏာ၊ ဘေးလေးဝနှင့်။ ပြည့်ထမှန်စွာ။ ခန္ဓာယတန။ ဓာတ်ထိုမျှတို့။ ဖြစ်ကြဖန်ခါ။ သံသရာဝဲ။ ခရီးခဲကြီး၌။

စရန္တ-စရန္တာ။ ။ကျင်လည်မျှောပါး။ ကျက် စား ကြ ရ ကုန်လော။

အနန္တကာ, သတ္တာဝါ။ ။ရေတွက် သိမ်းကြုံး။ အဆုံးမထင်။ များမြင်ဥဿုံ။ အာရုံတွေ့ရှိ။ တပ်ငြိတတ်စွာ။ သတ္တဝါတို့သည်။

အနုတ္တာ။ ။သိမ်သိမ်ဖျင်းဖျင်း။ အနှစ်ကင်းလျက်။ အခင်းမလှကုန်စွတကား။ ဝါ၊ အစိုးမရ။ ကျူးမလှ။ ဆိုးကြပါကုန်၏တကား။ ဝါ၊ အလိုမလိုက်။ကိုယ့်အကြိုက်။ မဆိုက်ကြကုန်စွတကား။

မဟဗ္ဗယာ။ ။တိုးဆဲ့ခြောက်ဖြာ။ ဝေဒနာနှင့်။ ကံကြမ္မာအပေါင်း။မကောင်းဥပဒ်။အလစ်ထုပြော၍။များပြားသောဘေးရန်ရှိကြကုန်သည်။

ဘဝန္တိ။ ။ဖြစ်ကြကုန်၏။

ဗုဒ္ဓါ ဗုဒ္ဓ-ဗုဒ္ဓါ ဗုဒ္ဓါ။ ။ပစ္စေကဗုဒ္ဓါ။ သမ္မာသမ္ဗုဒ္ဓ။ တောင်ကြီးကျယ်။ ဘုရားငယ်, ဘုရားကြီးတို့မှလည်း။

ရုဒ္ဓါ ရုဒ္ဓ,ဒုက္ခာ ဒုက္ခ-ရုဒ္ဓါ ရုဒ္ဓ,ဒုက္ခာ ဒုက္ခေဟိ။ ။ကြောက်

ဘွယ် ညွှဉ်းပန်း။ ကြမ်းတမ်းလှ ပေစေသော သံသရာဝဋ်ပရိနာဝမဒုက္ခ။ ထို့ထက် ညွှဉ်းပန်း။ အလွန်ကြမ်းတမ်းလှသော ဒုက္ခဒုက္ခတို့မှ။ ဝါ၊ဥပါဒ်ဋ္ဌိဘင်။ အစဉ်ညှဉ်းပန်း။ အလွန်ကြမ်းတမ်းလှ ကုန်သော။ အဘိဇ္ဈာသမ္မ°ဋ္ဌန, ဒုက္ခအပေါင်းတို့မှ။

အမုတ္တာ။ ။ပရိနိဗ္ဗာန်။မစံသမျှ။ ကာလအတွင်း။ မလွတ်မရှင်းနိုင်ကြကုန်။

နရဒုဣ ါ။ ။သေးနုပ်ကြုံလှီ။ ပါရမီနုနယ်။ ဘုန်းဂုဏ် ငယ်ကုန်သော သတ္တဝါတို့သည်ကား။

ကုတော။ ။အဘယ်မှာ ဌတ်ငြင်း၍။ လွတ်ကင်းနိုင်ကုန်အံ့။နည်းတဲ့။

သာဓု, သာဓု, သာဓု,ပါဘုရား။

အဝိဇ္ဇာသဝ, အနိဋ္ဌာလယ- သံဒါရာ။ ။လ,ကွယ် သန်းခေါင်။ မိုယ်းမှောင်တိမ်ပုပ်။ တောချုံအုပ်သို့။ မှိုင်းချုပ် ပိတ်ကာ။ အဝိဇ္ဇာသဝ။ယင်းမူလကြောင့်။သုတေဆိတ်။အရှင်ပိတ်သည့်အနိဋ္ဌာရုံ။ ဒုက္ခပုံတို့၏။ရှက်ဆုံရောထွေး၊ စုဝေးတည်နေရာ။ သံဒါရ တရားတို့သည်။

အတ္တဂ်တာ။ ။ဥပါဒ်နှင့်ဋ္ဌီ။တည်နေပြီးနောက်။ချုပ်ပျောက်ပျက်စီးခြင်းသို့ ရောက်တတ်သည်၏ အဖြစ်ကြောင့်။

အနိစ္စဝတာ။ ။မဖောက်လှဲမ။ ကုန်ပျက်စဲ၍။ အမြဲမရှိကုန်စွတကား။

အနဂ်အာ။ ။ကိလေသာဖြစ်ဖော။ ညစ်ကြေးကင်းစင်။အရိယာ အရှင်တို့သည်။

အရိ-အရီ။ ။ကိုယ်တွင်း ကိုယ်ပြင်။ နေ့စဉ်ရက်ဆက်၊ နှိပ်စက် ကလူ။ ရန်သူနှင့်တူကြကုန်သော။

ဓယ။ ။အကြွင် ထင်လာသမျှ။ဘင်မှာကျတော့။ ခင်စရာ-မင်စရာမရနိုင်တဲ့။ သံဒါရ တရားတို့ကို။

ယာသွာ။ ။အကြွင့်ကြောင့်။

ဆဋ္ဌာ။ ။ချမ်းသာအမြဲ။ ငါကိုယ်ဘဲဟု။မစွဲမတွယ်။စွန့်ပယ်ကြကုန်၏။

တာသွာ။ ။ထို့ကြောင့်။

တော။ ။ထိုထင်လာသမျှ-အလေးရှုလိုက်တော့။ ဘင်မှာကျူ တော့-တပါးတခု တောင်မှ။ ခင်စရာ မင်စရာမရ-အလကားပြုကြတဲ့။ သင်္ခါရတရား အစုတို့ကို။

နသာဒီ-န အဿာဒီ တဗ္ဗာ။ ။အမြဲချမ်းသာ။ ငါ့ကိုယ်ပါ ဟု။ မသာယာ မစင်တွယ်အပ်ကုန်။

ဟိ။ ။ဆက်၍ကျွန်ုပ်မှူး။ ဆိုလိုက်ဦးအံ့။

ယတ္ထ။ ။ကောင်းဆိုး နှစ်တန်။ ဝိညာဏ်ချမ်းပူ။ အစာဟူ၍။ လေးဆူပြုအား။ အကြင်သင်္ခါရ တရား၌။

နိစ္စံဝါ။ ။မရွေ့မလျော။ မြဲသော သဘောသည်ရှင်း။

သုခံဝါ။ ။နှစ်သက်တွယ်ရာ။ ချမ်းသာသော သဘောသည် ရှင်း။

အတ္တာဒိဝါ။ ။ငါ့ကိုယ်ငါဟာ။ ငါဥစ္စာဟု။ တွယ်တာမက် မော။ အတ္တစသည်။ သဘောသည်ရှင်း။

ယသ္မာ။ ။အကြင့်ကြောင့်။

န။ ။အမြင်အကြား။ ပြင်မြင်အားဖြင့်။ ထင်ရှားမရှိပေ။

ယော။ ။ထို-သူတော်ကောင်းတို့။

တသ္မာ။ ။အနို့ကြောင့်။ ။

တုမှေ။ ။သင်တို့သည်။

တတ္ထ။ ။ကံ့စိတ့်ချမ်းပူ။ အစာဟူ၍။ လေးဆူဖန်ထား သင်္ခါရတရား၌။

အဿာဒံ။ ။မြတ်နိုးစုံမက်။ နှစ်သက်ချစ်ခင်။ တပ်မင် တွယ်တာ။သာယာတွယ်မရှိသည်၏ အဖြစ်ကိုလည်း။

အပြ်ပြ်,ဇဝ-အပရံ,အပရံဇဝ။ ။ကြိမ်ဖန်မပြတ်။ အထပ် ထပ် သာလျှင်။

ပဿာဟိ-ပဿထ။ ။ပရိညာခရီး။ သိဒ္ဓိပြီးအောင်။ မငြီး မပျင်း။ မယွင်းလုံ့လ။ ဉာဏဖြင့်။ရှုမြင်လိုက်ကြပါကုန်လော့။

ယော၊ ။ထို-သူတော်ကောင်းတို့။

တုမှေ။ ။သင်တို့သည်၊

ဘဂ်လဋ္ဌ, ပဋ္ဌခန္ဓ- ဘဂ်သဋ္ဌ, ပဋ္ဌခန္ဓသု။ ။အင်တည်း ဟူသော ငြောင့်တံသင်းရှိသောခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့၌။

ပက်ပဏ္ဏလ-ပက်ပဏ္ဏလံ။ ။သဘ္ဗဝဒါဒ၊ ဟို။ များလုဗိုလ်ကို။ ပြိုငြင်ကျဥ်းကြယ်။ နှစ်မြုပ်စေတတ်သည်၏ အဖြစ်ကြောင့်။ နူ့နှစ်နှောင်း။ အလွန်တရာမှ။ ရှ့ံစရာကောင်းတဲ့။ ညွန်မျှောင်းနှင့် တူလှပေသော။

ဂန္ဓုံ။ ။ဆဲ့နှစ်ခွင်စက်။ ချဲ့တွင်ချက်ကြောင့်။နိုင်စက် မြင်းဗုန်။ အလွန် ဝန်လေးလှပေသော။

ဥနှတံစ။ ။အမြှတ် အတူ။ အံယုတ်ဟူ၍။ ပွားမှုကိုးသင်း။ မှန်ကင်းတာနှန်း။ ဟုံးစုံးထောင်လွှား။ မာနတရားကိုဒုင်း။

နန္ဒီ့စ။ ။နှစ်သက်တွေယ်။ တင့်တယ်အာရုံ။တွေ့ကြုံ ကပ်ငြိ။ သားတစ်၏သို့။ နန္ဒီရာဂ။ သမုဒယသစ္စာ။ တဏှာတရားကိုဒုင်း။

ဒိဋ္ဌိံ့စ။ ။ရုပ်နာမ်ကိုလျှင်။ငါကိုယ်ပင်ဟု။စွဲမြင်မှောက်မှား။ ဒိဋ္ဌိတရားကိုဒုင်း။ ။(စ့,သဒ္ဒါဖြင့်။ ဒိဋ္ဌိကိုဆည်းသည်။)

သတတံ။ ။မပြီးမငွေ့။ အစေ့အကျင့်။ မဖင့်မနှဲ၊ အမြဲသာလျှင်။

ဥဿောဠှိယာ။ ။သမာဓိက။ ဝီရိယကို။ ညီမျှတူနှဲ။ လွန်ကဲသော လုံ့လဖြင့်။

ဗျန္တီ့ကရ-ဗျန္တီ့ကရောထ။ ။နေ့ခြည်ရောင်ကြောက်။ ဆီးနှင်းပေါက်သို့။ ခန်းခြောက်ပျောက်ပျက်လေအောင်။ဖန်ဆောင်သမှု ပြုကြပါကုန်လော။

ပေ။ ။အို-သူတော်ကောင်းတို့။

ဝေံသန္တေသု။ ။ဤသို့ တဏှာ, မာန, ဒိဋ္ဌိမျိုး၊ လုံ့လကြိုးပမ်း။ကုန်ခန်းလေအောင်။ရှက်ဆောင်အားထုတ်ကြသည်ရှိသော်။

တုမှေ။ ။သင်တို့သည်။

အနီဃာ။ ။သံသရာဘေး။ ဝန်မလေးဘဲ။ ကင်းဝေးပျောက်ရှင်း။ ဆင်းရဲခြင်းမရှိကြသည်ဖြစ်၍။

တုဋ္ဌော-တုဋ္ဌာ။ ။ဈာပေ့မငွေ့။ ကြာရေတွေသို့။ ကြေ့ကြေ့သွင်ဆန်း။ ဘဝင်ချမ်းလျက်။ ရွှင်လန်းဝမ်းမြောက်ခြင်း ရှိကြကုန်သည်။

ဘဝိဿထ။ ။အကာယ်စင်စစ်။ ဖြစ်ကြရကုန်လတ္တံ့။

ပေ။ ။အို-သူတော်ကောင်းတို့။

တေတုမှေ။ ။ထိုသင်တို့သည်။

ဒုလ္လဘံ့ ဝိဇ္ဇယ။ သုန္ဒရ ဟိတက။ ပုညကြိယ ရတာ။ ။ကြုံရခဲတဲ့။ ဒုလ္လဘပွဲသဘင်၌။ လှ ခွင်နတ်ဌာန်။ နိဗ္ဗာန်သမ္ပတ်။ ကောင်းမြတ်သော အစီးအပွားကို။ ကြီးမားကုံလုံ။ ပြုတတ်ကုန်သော။ ပုညကြိယ။ ဒသ အပြား။ ဝတ္ထုများ၌။ ကျက်စားရှင်ပျော်။ မွေ့လျော်ကြကုန်သည်ဖြစ်၍။

အနေဇကာ။ ။တိမ်တိုက်မင်းလွင်။ ကင်းစင်သည့်မည်။ တဖုံကြည်လျက်။ ဂုဏ်ရည်လှလှ။ ပုဏ္ဏမီလကဲ့သို့။ ရာဂဇော။ တဖျာမရှိကြကုန်သည်။

ဘဝေယျာထ။ ။ဖြစ်ကြပါကုန်လော့။

(သာဓု သာဓု သာဓု)။

ဟော။ ။အို-သူတော်ကောင်းတို့။

တုမှေ။ ။သင်တို့သည်။

အမိတာယာ - အမိတာယ။ ။လုံ့လသမာ။ သဒ္ဒါဉာဏ။ ဂုဏ်ရွှေလေးဝနှင့်။ မမျှပြင်ပြင်။ မနိုင်းယှဉ်အပ်ပေသော။

ပဒေါ့ ပမိတ။ အနေ့ ဝဒိတ။ ဝေမှာ့ ဒယိတာသတိယာ။ ။ဆင်၏ ခြေနှင့်။ ပမာချင့်၍။ အသင့်ထောက်ထား။ အဖန်ဖန်ပယောကြားအပ်ပေသော။ ကိုးပါးဝိမုတ်။ မြတ်လောကုတ်၏။ အဟုတ်ကြီးပွား။ ညည်ကားတိုးတက်ခြင်းသို့။ လက်ငင်းမသေ့။ ရောက်စေတတ်သား။ အပ္ပမာဒသတိတရားနှင့်။

သမ္ပာဒေထ။ ။လက်ရှိကုံလုံ။ ပြည့်စုံကြပါကုန်လော့။

မှတ်ရန်။ ။ပုညကြိယ ရတာတား။ နစ်ပနှသိဂ္ဂ စီဝရလာဘေန ကဲ့သို့။ ပဒန္တရ သမာသ်တည်။

(သာဓုဘုရား။ သာဓုဘုရား။ သာဓုဘုရား)။

“အနို့ ပြီး-တနည်းကတော့။ “နိဗ္ဗိတ” ပါတဲ့ ဘုရား”

ကျုပ်တို့သည်။ ဤမည်သော နန်းမတော်မြကလေးတို့နှင့် ရှေးရှေးက နဝင်းလှခဲ့သော။ ဟသံ့ာတသူမ-သာမာဝတီတို့။ မာလာမိတို့၏ ကဗျာအဆီ တည်းဟူသော မွေ့ပတ္တာ။ မဟာလက်ဆောင်တော် (ဂဠုံ)ကို။ အာချံတော်မူပြီးကာလ။ နောက်နောက်က ပဋိညာဉ်ဂတိ။ ရှိခဲ့သည်နှင့်အညီ။ ဤမည်သော မိုးကြိုးတို့၏ သဘောကို။ ဟော

ပြောမည့်အခါ။ အညာမောင်းထောင်က။ ကျောင်းတဆောင် လှူမည်ဟု။ အာမဘာနွှေ့ဟု ဝန်ခံဘူးတဲ့။ အရိုးကူး၏ တူမ။ ပုညဝတီ၏ ညီမရင်းအစစ်။ ဖြစ်လည်း ဖြစ်တော် မူပေသော မယ်ဝိစာရီကို။ အနှီသို့ မေးမြန်းတော် မူလေ၏။ အဘယ်သို့ မေးမြန်းတော် မူပါသနည်းဟူမူ။

အို-မယ်ဝိစာရီ "ဤမည်သော အလုံမှ ရွာ။ အညာတခွင်တွင်။ အကြွင်မောင်းထောင် အမည်ရှိသော ရွာကြီးက။ ဒကာကြီးဦးကျော်လှသည်။ မြန်မာတို့ခေတ်။ သက္ကရာဇ် ၁၂၄၇ခုနှစ်ဆီက။ ဤယခု အခါ။ ဆရာယောဂီ။ ယောမည်လို့ ပျိုးအပ်တဲ့။ မိုးကြိုးအကြောင်း အရာ ကဗျာသံချိုတပုဒ်ကို။လုပ်ခဲ့သည်တကားဟု။ကြားရဘူးပေသည်။ အနှီ မိုးကြိုး သံချိုကို အစကအဆုံး။ နိဂုံးအထိ။ ရမိပါ၏လောဟု။ စောကြောမေးမြန်းတော်မူလေ၏။

ယင်းသောအခါ။ မောင်းထောင်သူမ- မယ်ဝိစာရီက။အဋ္ဌသီ ပညာမဖြင့်။ ဆရာဘုရား ခြေတော်ရင်းက။ ရွှေနားတော် သွင်းသည်မှာ။ ။ဆရာသခင်။ ကျေးဇူးရှင်ဘုရား။ တပည့်တော်မတို့ရဲ့ မောင်းထောင်ရွာ။ ဒကာကြီး ဦးကျော်လှစပ်ဆိုတဲ့။ သံချိုကဗျာချိုး။ မိုးကြိုးဘွဲ့ကို။ တပည့်တော်မ-ရတော့ဖြင့် ရပါရဲ့။ အနှီ့တော်လဲ အစပ်ကာ ရန်။ မှန်-မမှန်ကိုတော့။ ကောန်တိတိ။ မသိရပါ။ ဆရာဘုရား ကြားနာလိုက။ ဆိုပြပါမည်ဘုရားဟု လျှောက်ထားချေတမုံ့။

ထိုအခါ။ ဆရာက-ဒကာကြီး ဦးကျော်လှရဲ့ သံချိုကို။ မှန်သည်ဖြစ်စေ။ မှားအည်ဖြစ်စေ။ ကြားနာတော် မူလိုသည်ဟု အမိန့်ရှိရကား။ တပည့်မ မယ်ဝိစာရီက လျှောက်ထားသည်ကား။ အောက်နားက အတိုင်းမှင် ဟူလို။

## ၁၂၄၇ ခုနှစ် လောက်တွင် ပေါ်လာသည် ဦးကျော်လှ သံချို။

မင်းနှဂရမှာတော့။ စန်းထဘု (ဆရာဇ)နှင့်။ ထာဝရံ့အတူဘက်ပါလို့။ ရှာသက်တိုင် သတင်းကျော်တဲ့။ သဘင်ပေါ်စင်တော်

ဦးကာ။ ကွန်မြူးကာ ညာတ်ရောင်ဖြာ၍။ နိပါတ်လာ ဇာတ်တော် သွားကိုလ၊ နားစိုက်ကြပွဲတော်နေ။ ။သဏ္ဍာရာင်-တွက်စစ်ခါနှောင် ကိုမျှော်ကြတော့။ တဆောင်ကျော် နှစ်ရာဝင်တော့။ ကမ္ဘာတွင်- ကိုးဆယ့်နှစ်ပါတဲ့။ သည်ခေတ်လို မကြုံဘူးပါဘူး။ နံ စနေ-ဓနုအကူး မှာဖြင့်။ ထူးတဲ့ခါပေ။ ။အရွှာရွှာ နယ်အတွင်းမှာလ။အဆင်းတွေ ပေ့လို့ရှုပြီဗိုလ်။ ကိန်းယာချကြုံလာခြင်း။ပုန်ကန်မည်အမှန် မှတ်ကြတော့။ သဏ္ဍာရုန်ချေ၍။ တဘောင်တွေ သူငါညွှန်းပါရဲ့။ နယ်စွန်း အလောင် ဆူတော့။ သူတလူ-ငါ့ဘာမင်းသားပ။ မာန်တင်းကာ အစို့သားတွေ ကဖြင့်။ ဘုရားညီလာခံတော့။ကြိုတာလျ-ဂျာပန်မျိုးတွေနှင့်။ ပဏ္ဍာနာ ပြုကာ အမှန်ကိုးပြီဗိုလ်။မှုဆိုးခေါ် စနေဆက်ကယ်နှင့်။ ချိုင်းမြို့-ဝိုင်းကူ လို့ နက်မှာကြောင့်။ အပြေပြေသူလို့ပွက်တော့မယ်ကွယ်။ ပွဲသွက် သွက်သုံး။ ခါသမယဟာဗိုလ့်။ ဖြစ်ရပ်ပြုန်မပြောချင်ဘူ။ ဆန်ဓကာတွင် ဇီးဖြူလုံးကဲ့သို့။ ရုန်းကာ-ကမ္ဘာကပ်တွင်မှ။ မိုးရပ်နေ ဖြူဟွာနတ် ကယ်တို့။ သည်ကပ်-ဘယ်လိုချေရပ။ ခေါင်းကုတ်ပါလို့မှိုင်ကာနေ။ ကံခေတ့် ဇာတ်ပေါင်း။ ။ကမ္ဘာ ပြောင်းတောင်မှ။ ထုံးဟောင်း မဈေးချင်လို့။ တိတ်တဘောင်-နိုပ်အရောင်ပေါ်ဘို့ မဝေးပါဘူး။ ရွှေဒဂုန်တံသာ ကျေးမှာတော့။ လောဟိတ် ချောင်းရေပြေးပါလိမ့်။ သိုက်တဘောင် နိမိတ်ရှေးရယ်က။ အတိတ်တေးမေနာ်- တကယ်ဆုံခဲ့ တယ်။ ကြုံမယ်ကွဲ့မလွဲ။ ။သို့ကာတဲ့။ စိတ်ရှိကာပညာသီနှင့်။ အငွေ့- သီလထူးကိုလ။ ဆည်းပူးကာ-ကိုယ်နှင့်ပြုသူတို့။ ကပ်ထဲမှာ ချမ်းသာရ ပေလိမ့်။ ရွှာမောင်းထောင်-ဆရာလှရယ်က။ ဓနစ်ကုံ-ဖြစ်ပုံကိုပြုလိုက် မည်။ ပါပဆို-လူမွဲရယ်တို့။ သည်တခေါ်-ပခေါင်မည့်ပွဲဟာဗိုလ့်။ ကြယ် သောကြာ-စနေနှင့်တွဲမှာကြောင့်။သူတဝေရီ- ရန်စီးပီအမှန်မလွဲပြီဘူ။ နှိုး၁ဆော်ကာ-မိုးပေါ်က ကြဲလိမ့်မယ်ကွယ်။ ပွဲနောက်ပိတ်ဆုံး။

ယင်းသို့လျှင်။ အကြွင်မောင်းထောင်သူမ မယ်ဝိစာရီ၏။ သာ ကြည်သော ရွှတ်ဘတ်သရစ္ဆယ်သံကို။ နာခံတော်မူပြီးခါ။ ရတနာ သိယ်။ ပြည်မျှားတန်ဆောင်။ ရန်ကြီးအောင်သည့်။ ကုန်းတောင်မင်း ကြီး။ ပျက်စီးခါနီး။ ကြက်ဆီးထရော။ ကျလာသော မိုးကြိုးသဘော
13 ကို။ တိုးတိုးလေးလေး ဟောပုံမှာ။ အနှာလိုတည်း။

## စိန္တကျော်သူ စပ်ဆိုသည့် မိုးကြိုးလင်္ကာ
## ရတု ၅-ပုဒ်။

(၁) မင်္ဂလာရည်စောင်။ နိဒါန်းဆောင်ပိမ့်။ ကုန်းဘောင်
ပြည်ကြီး။ မြို့များထီးဝယ်။ လောင်မီးမိုးကြိုး။ နတ်တန်ခိုးဖြင့်။ ရပ်
ကိုး မျက်နှာ။ ဆိုင်၍လာသည်။ ခါတပြိုင်နက်။ ဆဲ့သုံးချက်တွင်။ စိုက်
နက်မြဲခိုင်။ ဆင်ချည်တိုင်ကို။ကွဲမှိုင်အက်အာ။ရှိကြောင်းမှာကား။မြွေ
ရှာစားဆို။ သက်ဗိုလ်လျှင်။ အလိုရည်တူ။ မဂဒူသို့။ ယူနိမိတ်ရ။အတိတ်
ပြလျက်။ သည်လပြည့်ပင်။ ပေါဝန်ခွင်က။ မာတင်မဟာဥ်ကြီး အပြီး
အပိုင်။ သိကြားကိုင်၍။ ။ကိုယ်တိုင် ဆက်လာမည်ဘုရား။

(၂) မြင်းကိုမှန်လာ။ နိမိတ်မှာကား။ ဝေလာဟက။ ကြွကြွ
ပျံသွား။ တိမ်ညွှန့်စားနှင့်။ မြစ်ခြားသိနွှာ။ မေ့ကြောမှင်ညို။ အသ
ထိုက်တည့်။ ထိုထိုမြင်းပျံ။ စက်တော်ထံဝယ်။ မင်းစံနိုင်တု။ ကြိုးကာစုံ
နှင့်။ ဘုံဝေယန်ရှင်။ ဆက်မည်ပင်တည့်။ လှစင်မှာကား။ လှပျို်သား
ဖြင့်။ ဆောက်ထားနန်းတော် စံမပျော်ပြီ။ တောဇော်တိုးပွား။ ရာ
တပါးတို့။ စုံထားသက်နှံ။ ကျွန်ချည်းခံ၍။ မြဲမြံသစ္စာ။ ဆက်ပဏ္ဏာ
နှင့်။ ရောက်လာမည်ပွဲ။ ပြတ်မစဲပြီ။ နတဲ့တမာ။ သစ်ပင်မှာကား။
မြတ်စွာသုံးလူ့။ အစ္စူညလျှင်။ လေးစုဖြပ္ပ။ ဝိဟာရဖြင့်။ ချမ်းမြ
သာမြူး။ စံပယ်ဘူးရှင့်။ ကျေးဇူးတော်မြတ်။ ရှစ်ရွှတ်တည့်။ မေ့
ခေတ်တော်တွင်။ကုန်းဘောင်သို့လျှင်မင်္ဂိုလ့်ခရီး။အသီးသီးသည်။ ။
ပျံ့ဖြိုးနှင်းလာမည်ဘုရား။

(၃) လက်ချုပ်ပင်မှာ။ ယူစရာကား။သစ္စာဖြောင့်စင်း။ တရု
မင်းတို့။ ကြောက်စင်းတုန်လှုပ်။ မယ်နုချုပ်သို့။ လက်ချုပ်လက်ဝါး။
မင့်စားပြီ။ တခြားတမူ။ ပေါက်ပန်းဖြူဝယ်။ ယူဖြဲတာတိတ်၊ မြဲ
နိမိတ်ကား။ လှမြိတ်ပေါ်က။ ထီးတရာတို့။ ပဏ္ဏာဆောင်ဆန်း။ ပေါက်
ပေါက်ပန်းဖြင့်။ ရွှေနန်းတော်ရောက်။ ကြွလှာ မြောက်သည်။ ။
ရှိညွှတ်မှုးပါမည်ဘုရား။

(၄) ညောင်ပင်ကြီးမှာ။ ထိတ်ဖြတ်ကား။ရင့်မာကျိပ်စင်။
မှန်သောအင်ကို။ မြင်မြင်မှုချ။ သိပ္ပါရစ်။ သယ်ဝှနေရာ။ ကျောင်း

ကန်မှာတား။ ဒုဋ္ဌာဂါမဏိ။ မင်းကြီးလက်ထက်။ ကဲ့သို့တက်လျှင်။ ဗိုလ်မင်္ဂရည်ချောင်း။ သထုံပေါင်းတို့။ ကိန်းအောင်းပျော်လာ။ သာသနာသည်။ သရဲ့ပေါ်ဟောင်း။ နှစ်စေ့အောင်သည်။ ။တောက်ပြောင်မျှုးပါမည်တုရား။

(၅) သည်ပ တဘော် အိမ်မှာ သော်ကား။မင်းကျော်သီရိ။ နိမိတ်ရှိပြီ။ ပြည်ကြီးတန်ဆာ။ တံခါးမှာမူ။ မင်္ဂလာမျှ ဆောက်။ နိမိတ်ထောက်သော်။ ညှိဝေါက် ညစ်ကျူး။ မကောင်းမှုကို။ မြစ်ဖုမကြွင်း။ ခုတ်ဖြတ်ရှင်းဆုံ။ ထိုယင်းတခါ။ မြို့အိုးမှာမူ။ မင်္ဂလာအဆီ။ မြဝတီဟု။ အညီပုဒ်ထွက်။ ပါဠိအနက်မှ။ ထက်ဝတိန်သာ။ ကျမ်းဂန်လာရှင့်။ သောင်းတာကျယ်ဝန်း။ သိကြွားနှမ်းနှင့်။ မယှွန်းမတွေ့။ ကမ္ဘာကြောအောင်။ မြို့နေမင်းဆက်။ သုန်းမပျက်သယ်။ ။ညော်ချက်ကျူးပါမည်တုရား။

အို…တပ်မများရှာ။ တရားနာတို့။

အရိုးစိမ်း။ ။"သွယ်ဖယောင်းခက်။ ဆယ်ချောင်းလက်ဖြင့်။ ထိပ်တက်မိုးကာ။ ရှိခိုးကာဖြင့်။ အသင့်ရှိကြောင်းပါ။ မောင်ရင်မှိုင်းရယ်"။

ဩော် ဒါယိကာမကြီး အရိုးစိမ်းက။ ရွှေတို့ ဦးသီလစာရ တရား။ ကြွားနာဘူးမှတ်တယ်။

အရိုးစိမ်း။ ။"မှန်လှပါ။ မွေ့ကထိက။ ရှိသမျှတို့၏တပည့်မကြီး အစစ်ဖြစ်ရကား။ တရားပေစာ။ နာဘူးပါကြောင်း။ သွယ်ဖယောင်းခက်။ ဆယ်ချောင်းလက်ဖြင့်။ …စသည်ဖြင့်။ ရှည်ရှည် လျားလျား။ လျောက်ထားမည်လုပ်ရာ။ ဒေါ်ဥတ္တရာမည်သော ရသေ့မကြီးက။ အရိုးစိမ်းစကားနဲ့ဘဲ။ တရားပွဲမစရသေး။ ငွကျ ကုန်ပါလိမ့်မည်။ ဤအခါကာလ။ လာလာသမျှပရိသတ်တို့က။ ဆရာမြွတ် ရိုးရိုးကြီး၏။ မိုးကြိုးတည်းဟုသော ဝရဇိန်တရားကို။ အချိန်များများ။ ကြွားနာလိုကြကြောင်းပါဘုရားဟုလျှောက်ထားလေ၏။

ယင်းသောကာလ။ ဆရာကတလော။ ယောရမြောမြန်သည်မှာ ။အိုတပဲ့မအာပေါင်းတို့။ ဝင်းနောက်က။ အမြွက်မျှ ဖြစ်ခဲ့တဲ့။ စိန္တကျော်သူအမတ်စစ်ဆိုခဲ့တဲ့ မိုးကြိုးလက်ာရတုစာများ မှာပါရှိတဲ့။ သီလဗိုလ်။ မာဂဓူးစသောရှမ်းမိုးကြိုး။ မြန်မာမိုးကြိုး။ တလိုင်းမိုးကြိုး

တို့ အကြောင်းအရာမှာ။ နောက်ခါမှ ဟောပေးလိုက်တဲ့။ တောခေတသန့် တပည့်မတို့၏။ ကဝိတပသဆရာ။ မဟာကဝိန် အရှင်သည်။ "အဘိညာဉ်တရား။ ငါးပါး၊ ခြောက်ပါး၊ ခုနစ်ပါးတွင်။ တပါးပါးနှင့်။ ဝင်စားသည်ရှိ။ လေးဝီထိမှာ။ အသိထင်ထင်။ တိညာဉ်မြင်သည်။ ဘဝင်စပ်ယှဉ်။ စိတ်စဉ်ဘယ်သို့ ဖြစ်သနည်း" ဟူသော မနောရထပုစ္ဆတော်၏။ ဤမည်သောအဖြေတွင်။ အဘိညာဉ်ဟူသည်ကား။ အဘိဝိသေသောညာဏော အဘိညာဏော။ ။အဘိဝိသေသော၊ ထူးမြတ်ကဲလွန်သော။ ညာဏော၊ အသိညာဏ်တည်း။ အဘိညာဏော။ ထူးမြတ်ကဲလွန်သောအဘိညာဏ်။ ။ဤသို့သောဝစနတ်ဖြင့်။ ထူးမြတ်ကဲလွန်သော ညာဏ်ဟု သမုတ် အပ်သော အဘိညာဉ်သည် (၁)ဣဒ္ဓိဝိဓ။ (၂) ဒိဗ္ဗစက္ခု။ (၃) ဒိဗ္ဗသောတ။ (၄) စေတောပရိယ။ (၅) ပုဗ္ဗေနိဝါသဟူ၍ ငါးပါးအပြားရှိ တယ်တဲ့။ ။ထိုငါးပါးတို့မှာ။ ယထာကမ္မုပဂနှင့် အနာဂတံသကိုထည့်သော်။ ၇ ပါး အပြားရှိသယ်တဲ့။ ။အဲ သည်ကဲ့သို့ ဆိုခဲ့တဲ့။ ရှေးအဘိညာဉ် ၅ပါးကိုကား။ သာသနာတော်၏ အပ၌။ သုမေဓါ။ ဂဝံပတေ ။ ဗာရဝိစသော တာပသဣသိတို့တောင်မှ။ ရရှိနိုင်ကြတယ်။ ၇ ပါးလုံးကိုကား။ သာသနာတော်မြတ်ကြီး၏ အတွင်း၌။ ဗုဒ္ဓသာဝက။ ဈာနလာဘီပုဂ္ဂိုလ်တို့သာ။ အဟုတ်ကို ရနိုင်ကြသယ်တဲ့ ကေသာဝတီရဲ့ ကြားရဲ့လား။

ကေသာ။ ။"ဦးထိပ်ရွက်ဆင်ပါဘုရား"။

အဲ အနိုက်ကဲ့သို့သော တပေကျမ်းဂန်။ လမ်းမှန်တရား။ အရှိသားနှင့်။ တပည့်များဆရာ။ အားထုတ်ပါသော်လဲ။ ဘာဝနာဈာန်ကသိုဏ်းနဲ့။ ကြံတိုင်းဘဲအကျက်မလာယ်တော့။ ခက်တယ်ခက်တယ်လို့။ ညီးညီးပြီး။ ပုတီးတောင် မစိပ်ချင်ဘူး။ စိတ်ထင်တိုင်း ဖိုထိုးဘို့။ ရှိုးရှိုးသာဝင်ချင်တော့တယ် ပုညဝတီရဲ့။

ပုညဝတီ။ ။"မှန်လှပါ။ ရှိုးရိုးသို့။ ဖိုအထိုးမဝင်ခင်။ အရှင်မြတ်ဟောမည်လို့။ မျှော်ခဲ့တဲ့။ မိုးကြီးမြတ်ဒေသနာကို။ တဖေယာ တောရမှာ။ ဟောပြတော်မူခဲ့ပါဦးဘုရား"။

ခြော် အမျိုးသားအတွက်။ မိုးကြီးတရားဘက်။ တချက်လှဲ့ပြီး။ တဲ့တဲ့ကြီး ဟောစေပြောစေချင်တယ်ဆိုပါတော့။ ထိုမိုးကြီး အ

ပြောဟောကာလဲ။ ၉ ပါးတောင်ရှိတယ်ပုညဝတီရဲ့။ အနီ ၉ ပါးဝယ်။ အဘယ်မိုးကြိုးတရားကို။ ကြားနာလိုသလဲ။ သဲကွဲအောင် လျှောက်စမ်းပါ။

ပုညဝတီ။ ။"မှန်လှပ။ (အင်းကို ဟသ်ာ ဆင်းလတ္တံ့)။ (ဟသ်ာ မုဆိုး လေးနှင့် ခွင်းလတ္တံ့)။ (မုဆိုး ထီးရှိုးရိုက်လတ္တံ့)။ (ထီးရှိုး မိုးကြိုးပစ်လတ္တံ့)ဆိုတဲ့ သိုက်အလိုနဲ့ ။ထိုထိုသောင်းပြောင်း။ မိုးကြိုးအပေါင်းတို့၏။ ရှေးဟောင်းနှောင်းဖြစ်များကို။ ကြားနာလိုပါကြောင်း။ ညွှတ်ပျောင်းပန်ထွာ။ လျှောက်ထုံပါသည် ဘုရား"။

အို တယ့်မ အမျိုးမျိုးတို့။ မိုးကြိုးဆိုတာ။ ဖြဟ္မာစိုးရိမကွာ တရားဖက်ကြတော့။ အသွားထက်ထက်နဲ့။ ကုလား လက်နက်ဆက် ကြောက်စရာကောင်းတယ်။ ။ဧင်းယခုအခါ။ ; မြန်မာတို့ လောကီဝယ်။ ကောလီ ခေတ်၃၀ နီးပြီမို့။ မြူးရယ်နည်း အမျိုးမျိုးဖြပြီး။ မိုးကြိုးကို တ သူကလည်းတ။ မြန်မာ့ပြည်သာယာဝတီက။ အာဇာနီ သူပုန်အထတွင်။ (ဘောဒါရီတို့ ကောသာဝတီတို့) ဂန္ဓုန်မ,များ ဖြစ်ကုန်ကြရေ့လား။

ဘောဓါ။ ။"မှန်လှပါ ဂန္ဓုန်မ, မဖြစ်ကြောင်းပါဘုရား"။

ပြောင် ဂန္ဓုန်မ ဖြစ်သယာကိုတော့။ မေတ္တာနှင့်တကယ် ဟော ပြတဲ့။ အလယ်တော ရ မဟာဝရဇိန်ရဲ့ပြင်။ ဆရာစိန် တီ,ပိ,အက်တို့က လဲ။ ကြည်ကွက်ကိုဖြော်လင့်ပြီး။ အတော်အသင့်နှင့် ဒုက္ခအေးအောင်။ ဖေးမကူညီကြပါလိမ့်မည်။ ။အနီမှတပါးလည်း။ ကြားရနာရခဲလှ စွာသော မဟာဝဇီရမ္ဗဒေသနာ အမျိုးမျိုး။ မိုးကြိုး တရားကို ဟောကြားလိုရကား။ အောက်နားက ဂီတကို။ စီသပြုမြင်။ တန်ဆာ ဆင်တော်မူသတည်း။

မိုးကြိုးဝရဇိန်ဘွဲ့ကချော မဟာလေးချိုးကြီး။

အမျိုးအရိုး မတိမ်လိုပါလျှင်၊ ဘုရားတရားဘက်၊ ကုလားထက် ကိုးကြပေတော့။ မိုးကြိုးဝရဇိန်ဆိုတာ အသွားထက်ထက် တမျိုးပေ ပေါ့။ သိကြားစက်တန်ခိုးရယ်နှင့် မိုလ်းလဲမိုစီးအချိန်ဝယ်။ (ဆိုကွယ်)

အလင်္ကာသက်သက်။ မဟာ့ဗေယာနှင့်မဟဲ့ဆိုတဲ့။ (ဗြော်) မတရား
လက်နက်ကိုးမှာကြောင့် စိုးလဲ စိုးရိမ်ရတယ်။ ။(ဗြော်) မိုးကြိုး
သဘောကိုဖြင့်။ တိုးတိုးဟောပါလို့။ အမျိုးမျိုးသော တောနေ၊
တောင်နေ၊ မြောင်နေ ဒကာမတွေနဲ့။ ချောင်ရေဝသူ မာလာဒီတို့
နှင့်။ အာဇာနီတဂုဏ်ပြမယ်လို့။ သာယာဝတီ သူပုန်အထတွင်ဖြင့်။
(ဂဠုန်မ) မဖြစ်သူ ဘောဓါ၊ ကေသာတို့နှင့်။ ဓေတနာ တယောက်
ထက် တယောက် ထူးပေသနဲ့။ အကြေအညာ အောက်အထက် တ
လွှားဆီက။ လျောက်ချက်စကားတွေကို ပရိုညာဉ်ခံလို့မို့။ အတီ
ညာဉ် ရှာန်လောကီရပေတဲ့။ တောမိုသော ဂဝံပတော့တို့နှင့်။ ရသေ့
ကျော်ဗာဝရီသို့။ မကြာမိုလာမည်လာမည်လို့ မှတ်ကြတဲ့။ မြန်မာ
မြည် မသာမကြည်တဲ့ ကပ်တွင်မှ။ အတပ်ကောန်သဘောတွေနှင့်။....
ဗေဒင်အရာကို စနေ, အင်္ဂါနဲ့ပြောပြောပြီးတော့။ ဓောစိမ့်မြန်နယ်
ကိုနော်ကွယ်။ ဇောတာဖိန့်ဖိန့်။မနေ့မှာအိန့်လောက်အောင်။ ဟောပိမ့်
ကြဲ့ရှယ်။ ။တယောဂီ လောကီပြရမှာဖြင့်။ သော, နုဝီ ကောလီ
ကျခါမှ။ တောမိုသမှုတွေနှင့်။ ဟောဒီက စကိုင်းဘက်အထက်နယ်။
ကသိုဏ်းစက်မပြယ်တပြယ်နဲ့ တော်အောင် လျော်အောင် တမျိုး။
(အိုကွယ်) "မှိုင်း"အကွက်လယ်မယ်လို့ တကယ် မျှော်ယောင်ကိုး။
ဘန်းမျှော်ဗောဓိရယ်။ မန်းကာရွှေတည်တို့နှင့်။ မဟောသီ ဘီသိက်ခံတဲ့ပွဲ
မလိုပ။ ရွှေပြည် သပိတ်သိန်းနဲ့လဲမစ်ချိန်မို့။ အိပ်ဖန်အလဲ့မြသူ ကုမ္ဘာရီ
တို့နှင့်။ ဘုံကြာခြည်ဝန်းရိပ်တွင်မှ။ ရန်အိတ်ထူထူခင်းပေါ့လို့။ ဂူတွင်း
မှာ ဆရာစံသကဲ့သို့။ ထုမရှင်းစရာအလာခံတော့။ သကဒါဂါဒ်ခေတ်
လျှင် မယိုပ။ အနာဂါမ်ဖြစ်ချင်တဲ့ ဒကာမတွေက။ ဟင့်....အင်
ဘုရား ဟစ်အင်ဘုရား ဟောပါပြောပါအုံးရယ်လို့။ တော အညာ
သုံးသလို မပိကလာ, ပိကလာနှင့်။ တီတီတာတာ ပြုံးရယ်၍သာပ၊
အနီးဆရာ ဘုန်းမငယ်တဲ့ ရသေ့ကိုလ။ နှလုံးဝယ် တွေစရာမှသာပြန်
သနဲ့။ အသူသူစာဇမ္ဗူခန်းထု ပုံရာဇဝင်သဘောတွေရဲ့ပြင်။....(ဩ) အ
လိုက်ဘာသာနဲ့။ စလိုက်ရှာရှာပြီး။....ကြိုက်ရာကြိုက်ရာကို သိုက်စာ
အဆိုနဲ့ ဟောဟောပြီး။ တောလေးဆယ် အာဝနာဇာမှဥ္စန်းတွေနှင့်။
သာခန်းတကြိမ်ပျို့မည်ကြောင့်။....ပြည်ပေT စည်တော်နဲ့နှိုးလိုက်ကဲ့။
သပိတ်မှောက်သူတို့နှိုးချိန်မို့။ (အမယ်မင်း) တိုးတိုးဘော် ဒကာမတွေနှင့်

ဘိုးတော်ဘုရား သိကြားဝတ်နီ ထိုးအောင်ပ။(ဒိုမယ်စန္ဒာရဲ့) အမျိုး မျိုးမော်စရေ၊ တန္ခိုးနှိုး တဆော်ဆော်နဲ့ ချပေမည်။ (ခြောက်) မိုးပေါ်က မြန်မာ့ဝရဇိန် တန်ခိုး။

အို တပဲ့မျှားစွာ။ သနားစရာတို့။

ဘောဓါ။ ။"ဆရာ့အပါးမှာ။ ခစားလျက် ရှိကြောင်းပါ ဘုရား"။

အို-ဘောဓါ။ ၎င်းအထက်က။ အမြွက်မျှသာ။ ဆရာဘုရား ရေးသားတော်မူခဲ့တဲ့။ "အမျိုးအရိုး မတိမ်လိုပါကျောင်- ဘုရား့တရား ဘက် ကုလားထက် ကိုးကြပေတော့"ဟု အစချီပြီးတော့။ "အမျိုး မျိုး မော်စရေ။ တန္ခိုးနှိုးတဆော်ဆော်နဲ့ ချပေမည်။မိုးပေါ်က-မြန်မာ့ ဝရဇိန်တန်ခိုး"ဟု အဆုံးချသည်။ ကဗျာ့မေဒနီ။ ဤမည်သောသကြား မင်းနှင့်။ ယင်းသို့သော မိုးကြိုးလက်နက်။ ဆက်ဆံပုံအခင်း များကို။ လင်းပါစေတော်မူဦးမည်။ ကြားချင်ကြရဲ့ မဟုတ်လား။

ကေသာ။ ။"ဦးထိပ်ရွက်ဆက် လိုကြောင်းပါ ဘုရား"။

ကိုင်း- အပါးတိုးကြ။ တရားမိုးယံ ရွာပေးတော်မူမည်။ အနီးသို့ သော မြန်မာတို့လူ့ရွာကို။ ယခုအခါ။ သုမေရုသအင်က။ အရှင် သိကြားနတ်မင်းသည်။ မေ့ခြင်းကြီး မလှ မေ့လျော့ နေရော့သ လား။ စာပေကျမ်းဂန်များတွင် ဘုရားမြတ်စွာက သာသနာတော်ပေါ် ထောင်။ လူ့အောင်ရွှေထားခဲ့သည်များကို။ သိကြားတည်းဟူသော ဒါယကာ။ မချာနေ့ညာ။ စောင်မကြည့်ရှုသတိပြုရစ်လေဟု တော ကြား မိန့်မှာတော်မူခဲ့သည်များကို။ လားလားမှ ဂရုမစိုက်ကရော့ လား။ တာဝတိံသာ။ ရွှေပြားကာသည် ဆိုတဲ့ ဝေဇယန္တာမဟာ ပြာသာဒ်တော်ကြီးအတွင်း။ သက်နှင်းကြင်ရာ။ ဖြူပြာမှုရာသူဇာ ခေ့ လိုဆိုတဲ့။ အိုဘ် ပိဘုရားတွေရဲ့ ကိစ္စကြောင့်။ တဆိတ်မျှ သတိမရဘဲ ဖြစ်နေရော့လား။ သို့တည်းမဟုတ်။ ကျုပ်တို့ရဲ့ သိကြားကြီးသည်။ ဤမည်သော" ဝရဇိန်လက်နက်သိကြားစက်"ကြီး ပျက်စီးနေသဖြင့်။ ပြင်ဆင်ဘို့ရာ ပန်းတိမ်ဖိုမှာပင် ပြင်ဆင်တုန်းပေလေလောဟု။ မန်းဓေတ် တွင် ကြေညာခဲ့တဲ့။ ဓလေ့ဆရာကြီးဦးပုည ရေးစပ်တော်မူခဲ့သည်မှာ လည်း။ အနီလိုတဲ့ဟု ပြောပြီး။ လောလောဆယ် ရွတ်ဘတ်မြဲရသည် မှာလည်း။ အောက်ပါအတိုင်းပင် ဟူ၏။

သီကြာနှင့်မိုးကြိုးတွဲ တေးထပ်။

"နန်းမေရှ ပြာသာဒ်၊ လမ်းဖြတ်တဲ့ဗုဒ္ဓါ။ ကမ်းသတ်လို့ နှိမ်ရှာတယ်။ အလီမ်မှာလွန်သား။ ။ထောက်လှမ်းချက် သုမမှာကို။ ခုအခါလေစ်ရေ့သလား။ ။ဘုရားက သီကြာကိုမှာတယ်။ ငွေကထာ ကေား။ သာသနာငါထားမည်။ မမှားအောင် စောင့်ဆော်။ ။မကောင်းသူ ကောင်းသူတို့။ ကြောင်းယူလို့ မေ့ ရစ်နှင့်နော်။ ။နန်းမေယု ပြာသာဒ်ပေါ်မှာ။ ရုံရွှေဘော်အများနှင့်။ ဘုရားကိုနှစ်ပျှလိမ်။ ညစ်တဲ့မာယိန်။ ။ပစ်ရန်တို့ဝရဇိန်ကို။ ပန်းထိမ်မှာ မြင်တုန်းထင့်လေး"။

အို တပည့်မအပေါင်း။ သူတော်ကောင်းတို့။ ။၎င်းအထက်ပါ တေးထပ်သွားဖြင့်။ သီကြာကို အဖြစ်တင်သောအခါ။ မာယာ တည်းဟူသော သီကြာမင်းက။ ယင်းသို့သော လူ့ပြည်က။ အမှုသည်တို့အတွက်။ ရှေ့နေလိုက်သကဲ့သို့ ရေးသားလေ့ရှိသော စာရေးဆရာများ၏ စာသွားကို။ ကြားဖြင်းကပ်တော်မူသည်နှင့်အညီ။ လူ့ပြည်ကို အဖြစ်တင်ပြီး။ ယင်းယင်ကလေးနှင့် ချေပဖြေဆိုပုံကိုလ်။ ထိုဦးပုည တည်းဟူသော စာဆိုကြီးပင်လျှင်။ တနည်းတဖန်။ ရေးသားပြန်သည် မှာလည်း။ အောက်ပါအတိုင်းပင်ဟူလို။

၎င်းသီကြာနှင့်မိုးကြိုးတွဲတေးထပ်။

"ရွှေဝတိန်ဘုံအုပ်က။ စာလုပ်တိုင်းငါပါ။ ဘယ်တော့ကမှ လူ့ရှာကို။ မရှုတာမရှိ။ စိတ်ညစ်တိုင်းအဖြစ်တင်သည်။ ငါဘုရင် မိုးကအသိ။ ။အကျင့်တန်စာဂီမှာ။ တဆဲချည်မရှိ။ ဘယ်သူမှာ အာ မရှိတယ်လို့ ။ငါမသိဆင်တယ်။ ဘယ်ဖူးစာဘယ်မှာညာ:တာလဲ။ ငါ သီကြာသိပ်ပါရဲ့ကွယ်။ ။ကယ်ဆင့်မှ ငါကယ်မယ်။ တကယ်ပင် ကောန်မှတ်ပါတော့။ ဝတိန်ရပ် ငါဘုံစံ။ ကြေးတွက်မည့်ကြံ။ ။မကောင်းမှု (ကျူပ်) ကြံလျှင်။ ရွှေတခရဲ့ စူးပါစေ့လေး"...တဲ့

အို...တပည့်မကို။ ဝဇီရသာဒ္ဒါ။ မြန်မာတို့အလို။ ဆိုမစ်လတ္တွဲ့သော မိုးကြိုးအကြောင်းအရာနှင့်စပ်လျဉ်းပြီး။ ယင်းအထက်က အပြောက်ချပြောခဲ့ကြတဲ့။ သိကြားနှင့် မိုးကြိုးဓာတ် တည်းဟူသော ဘေးထပ် တပုဒ်နှစ်ပုဒ်ကို။ ကျုပ်တို့ပြောပြောခဲ့လေပြီ။ အနီးမှတာဝ။ ဝေဘကကျနီတိမည်သော။ ဤသည့်ကျမ်းအလာကို။ ကမ္ဘဋ္ဌာန်း ဘာဝနာမပြတ်မလက်ရှုဘိုရာ။ ယခုအခါ။ ဆရာသူမြတ်။ပြောလတ္တံ့တည်း။

(ယင်းသောအခါ။ များစွာသော ယောဂီမတို့က။ လောကီသမားလမ်းပေါက်အောင်။ စမ်းမြောက်စရာ။ လူနဲ့စွာမှ ကြားနာလိုကြပါတယ်ဘုရားလို့။ လျှောက်ထား ပြီးသော်။ သာ ခု ခေါ် ကြလေ၏)။

အဟမ်း, အဟမ်း။ အိုသောဒါရိုဘို။ ကောသာဝတီတို့။ အရိုးစိမ်းကြီးရို့။ ကျုပ်တို့နေရာ။ ဤကမ္ဘာပေါ်တလျှောက်၌။ ပေါက်ရောက်လျက်ရှိကြတဲ့။ သစ်ပင်တွေမှာ။ လေ, တည်းဟူသော ဘေးဆိုးကြောင့်။ ကျိုးပဲ့နိုင်လဲပြီး။ မခိုင်ဘဲဖြစ်တတ်တယ်တဲ့။ ။အနို့ပြီးတဖန်။ ကန့်ချောင်းမြစ်လောင်းတို့၏ အဆောင်တန်ဆာ။ မင်္ဂလာဖြစ်တဲ့ကြာအပေါင်းတို့မှာလဲ။ သိသိရ ရတုတည်းဟူသော။ တဖို့တွဲသ, တပေါင်းလတို့မှ။ မကောင်းလှသောဘေးကြီးနှင့်။ ဆုံစည်း တွေ့ကြုံရတတ်တယ်တဲ့။ ။အနို့မှတို့နောင်။ မြေတောင် ကျောက်တောင်။ ထိုထိုတောင်အမျိုးမျိုးတို့မှာလဲ။ မိုးကြိုး တည်းဟူသော လက်နက်ကြောင့်။ ကြေပျက်ပြိုကျပြီး။ ဖယိုဖရဲ ဖြစ်တတ်လေသည်။ ။ဤမှတပါးလည်း။ ကျုပ်တို့ကို အမှူးထားပြီး။ ဘုရားနှလုံး။ ကျင့်သုံးဆောက်တည်လျက်ရှိကြတဲ့။ တပည့်မ သူတော်ကောင်းတို့မှာလည်း။ လူမကောင်းလူယုတ်မာတို့မှ။ များစွာသော ဘေးဘျမ်းတို့ဖြင့်။ မစမချမ်းဖြစ်တတ်သယ်တဲ့။ ဒါယိကာမကြီး အရိုးစိမ်းရဲ့။

အရိုးစိမ်း။ ။"မှန်လှပါဦးထိပ်ရွက်ဆင်ပါ၏ဘုရား"

အဲ...အနို့ ကြောင့်မဟုတ်လား။ စန္ဒကုတ်မင်းသား။ တိုင်းကားနိုင်ငံကို။ ပုန်ကန်တဲ့အခရေး၌။ အားပေးကူညီခဲ့တဲ့။ ဤမည်သော ဇာနက္ကပ္ပုဏ္ဏား။ ရေးသားစီရင်ခဲ့တဲ့"ဝေဘကကျနီတိ" အမည်ရှိတဲ့။ဤသည့်ကျမ်း၌။ အဟမ်း, အဟမ်း။

တဲ့...ပညာဝတီ ရေတာရှက် ပေးဆမ်း။

ပုညစတီ။ ။"မှန်လှပါ သောက်တော်ရေ အသင့်ပါ။ သုံးဆောင်တော်မူပါဘုရား"။

စာတကျွန်တိ ဆောင်ပုဒ်ဂါထာ။

ပါဒပါနဲ့ ဘယ်၊ ဝါတာဘတ်၊ ပန္ဒါနဲ့ ဂိဂိရာဇ် ဘယ်မ်၊
ပဉ္စတာနဲ့ ဘယ်၊ ဝဇြတ်၊ သာခုနဲ့ ဗုဇ္ဇနာဒ် ဘယ်မ်။ ။

အဲ....ဂုဏ်းအထောက်က။ အချက်ကျစွတ်ပြတဲ့။ စာတကျဂါထာ ရဲ့။ ယောဇနာအနက်မှာတော့။ အနှသလိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

(၁) ပါဒပါနဲ့၊ ကမ္ဘာတစကြာ။ ဝနာတောတွေနဲ့။ လောကဓာတ်တခွင်။ ပေါက်ရောက်ချင်တဲ့။ သစ်ပင် အပေါင်းတို့အား။ ဝါတာဘတ်၊ ဂန်ိဝ်ရာဂ်၊ တမိုင်မိုင်ကြုံရတဲ့။ "ဆိုင်ကလုန်" တခန်း၊ လေနိုကြမ်းမှ။ ဘယ်၊ မချမ်းစေတက်တဲ့။ ဘေးဘျမ်းဥပါဒ်သည်။ ဝတ္ထုတော၊ ဖြစ်၏။ (၂) ပန္ဒါနဲ့၊ ဇလာသယာမှန်။ ဖြာဖြာစုံတဲ့။ ကြာပဒုတို့အား။ ဂိဂိရာဇ်၊ သိသိရ ရတု၊ ဇေါ်မူပညာ။ သမုတ်အပ်တဲ့။ ချမ်းဓာတ်ပေါင်းစု။ ယာကုပို့ပွဲ။ တပို့တွဲနှင့်။ ယှဉ်နှံ့ကြက်ဆောင်း။ လတပေါင်းမှ။ ဘယ်မ်၊ ဥပါဒ်ဘေးဘျမ်း။ ဘေးသရမ်းသည်။ ဝတ္ထုတော၊ ဖြစ်၏။ (၃) ပဉ္စတာနဲ့၊ ကျုပ်တို့နေရာ။ ဇမ္ဗူဒီပတိုင်း။ စစ်ကိုင်းတံခွန်။ ရွှေမြင်းမိုရ်အစရှိတဲ့။ ရိုရိုသမျှ တောင်တို့အား။ ဝဇြတ်၊ သိကြားလက်နက်၊ မိုးကြိုးစက်မှ။ ဘယ်၊ မချမ်းစေတဲ့ ဘေးဘျမ်းဥပါဒ်ကြီးသည်။ ဝတ္ထုတော၊ ဖြစ်၏တဲ့။ (၄) သာခုနဲ့၊ ဇမ္ဗူအပေါင်း။ မှုမချော်ကြတဲ့။ သူတော်ကောင်းတို့အား။ ဗုဇ္ဇနာဒ်၊ အမှုနှပ်စုပ်။ မှုမဟုတ်တဲ့။ လူယုတ်မာမှ။ ဘယ်မ်၊ မစေတမ်း။ တနွေးနွေး ချမ်းလောက်တဲ့။ ဘေးဘျမ်းဥပါဒ်ကြီးသည်။ ဝတ္ထုတော၊ အကယ်စင်စစ်။ အပါယ်တခွင်နှစ်လောက်အောင်။ ဖြစ်တတ်ပါ၏တဲ့၊

အို....တယည့်မအပေါင်းတို့။ ဂုဏ်းအထောက်က။ အပြက်မျှ ဆရာပြခဲ့တဲ့။ စာတ ဂျန်တိအရ။ ဝဇီရာဝုဓ ဟုဆိုအပ်သော မိုးကြိုးဓာတ်ကြီး၏ သဘောသည်။ ဤသို့သော အတ္တလောကကို မဆိုထားဘဲ၊

တောင်ကြီးများတောင်မှ မခံနိုင်ဘဲ။ ပြိုရိုင်အက်ကွဲပြီး။ တချက်ထဲ ပျက်စီးရကြောင်းကိုလည်း။ကောင်းကောင်းကြီး မှတ်ကြရမည်တဲ့။

တို့...တပည့်မများစွာ တရားနာတို့။ ။အဆိုပါ မိုးကြီးတည်း ဟူသော ဝရဇိန်လက်နက်နှင့်စပ်လျဉ်း၍။ ကျဉ်းလည်းမကျဉ်း။ ကျယ် လည်းမကျယ်။ အလယ်အလတ်သဘောနဲ့၊ တကာယ်အတပ်မယောမပြီး တဲ့။ တောနေအထူးဖြစ်ကြတဲ့။ ချစ်လှစွာသော တပည့်မ တို့သည်။ သတိမမူရှေ့ထား၍။ ရသေ့တပါး၏ ဗျာသံကို။ ဉာဏ်ပန်ဆင်ကြကုန် လော့။

တပည့်မတို့။ မာဂဓဘာသာမှာ လာရှိပုံက။ ။"အသနိ, ဒွံသု-ကုလိသံ၊ ဝဇီရံ, ပုန္နပုံသကေ"။ ။တဲ့။ နို့ပြီး အနက်က တော့။ "အသနိ။ အသနိသဒ္ဒါကား။ ဒွံသု။ ပုလ္လိင်, ဣတ္ထိလိင် တို့ ၌။ ဝတ္တတိ၊ ဖြစ်၏။

(၁) အသနိ။ ။ မိုးကြိုး။ )
(၂) ကုလိသံ။ ။ မိုးကြိုး။ ) သိကြားလက်နက်
(၃) ဝဇီရံ။ ။ မိုးကြိုး။ )

ဤ၂၊ ဤသဒ္ဒါနှစ်ပါးသည်။ ပုန္နပုံသကေ။ ပုလ္လိင်, နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏" ဟု ကျော်စောင်စံထား ဆရာတော်၏ နိသျှဉ်ပ ရှိ သည်။

အနှံ မှတဖု။ ဝိသဒ္ဒါ ပုံဟိတ်ပြတဲ့။ နိသျှအသစ်၌ကား။ ။ "အသနိ, ကုလိသ, ဝဇီရ" ဝဇီရစိန်လက်နက်။ ဒွံသု။ အသနိ,သဒ္ဒါ- ထီ ပုံးတို့၌ဖြစ်၏။ ပုံ့နပုံသကေ။ ကုလိသ, ဝဇီရ သဒ္ဒါ နှစ်ခု၊ ပုံး,နပုံး၌ ဖြစ်၏" တဲ့။

အသနိ မိုးကြိုး,ဟု ရှေးနိသျှတို့၌ ပြန်ဆိုကြ၏။ ဤ၌ကား။ "အသနိယာဖလန္တိယာတိနဝဇိခေါ်ယိအသနိယော" စသည်ဖြင့်။ ပါဠိ, အဋ္ဌကထာလာရကား။ အသနိ,သောသဒ္ဒါသည်။ သိကြားလက်နက် မဟုတ်။ ခေတ်သဘာဝ အလျောက် ကျသော မိုးကြိုးကိုပင် ဟော သော်လည်း။ ဝဇီရာဝုဓော, ဝဇီရဟတ္ထော, ဟု သိကြားမင်း ဟိ ယာယ်၌ ဆိုသောကြောင့်ရင်း။ ။"အသနျာ ဒိဗ္ဗာယံ သဂ္ဂသော အာဝုဓံ"ဟု ဋီကာ၌ဆိုသောကြောင့်ရင်း။ ။"တံခေ ါ်ပန ဝဇီရဟတ္ထံ ယက္ခ"ဟု စူဠကသာစကာသုတ်။ သမ္မဝဇောတက ဋ္ဌကထာစသည် တို့၌

လာသောကြောင့်ဟုဆိုအပ်၏။ သိကြားမင်း၏ အသုံးအဆောင်နှင့် စပ်ရှိသည့် သောအရာဖြစ်၍။ သိကြားမင်း အမြဲကိုင်စွဲအပ်သော လက်နက်ဟု သိအပ်သောကြောင့်ဟုဆိုအပ်၏။ ဝဇီရစိန် ဟု အနက်ပြန်ဆိုလိုက်သည်။ ။ သီဟဠ နိဿယရှိ "ကုလိသ"ကို။ နပုံးလိင်ဟုဆို၏။ ။ဤ၌ကား။ သဏ္ဍာနအဘိဓာန်သို့ လိုက်၍။ ပုံ့,နပုံး ဟုဆိုလိုက်သည်တဲ့။

အို-တပည့်မတို့။ ဝိဇယပုရဆိုတဲ့။ ပင်းယမြို့ကောင်းစားစဉ် ကာလ ခါသမယက။ မြန်မာမျိုး ထအားပြုလောက်တဲ့။ တရားရိပ်ပလ မည်သော အမတ်ကြီးမင်းဘုရား။ ရေးသား စီရင်တော်မူခဲ့တဲ့။ ထို အဆိုပါ မာဂဓအဘိဓာန်၏ အဘွင့်မှီရာ။ အဘိဓာန် ဋီကာမှာလည်း။ အောက်ပါအတိုင်းပင် ပါရှိချေတယ်။

အဘိဓာန်ဋီကာဘွင့် မိုးကြိုး။

"အသနျာဗ်ိဋ္ဌယံတသာသဏ္ဍာသ အာယုစံ။ အသာတေ ဘဥ္စတော ဓာတုကာမနေနာယုခေနာတိ အသနီ။ အယံအသနိသဒ္ဒေါ ဒွိသု ပုမိတ္ထိ လိင်္ဂေသုဝတ္တတိ။ ကုလိမှိသဏ္ဍာသဟတ္တွေသောတိ တိဋ္ဌတီတိ ကုလိသံ။ ကုလိ, ဟတ္ထော, ဘဇော, ဒလော, တီဟီတိ ကဏ္ဍူသေသော။ ကုယံ ဝါလထာဝိယံလိ သတိတနုဘာဝတီတိ ကုလိသံ။ ဝဇဂတီယံ။ ဝဇတော ဝ နပုဒ္ဓိဟညတေယာသာ ဂမနံကောနစီတိဝဇီရံ။ ဣရပစ္စယော။ ဝဇီရသ ဟာစရာဏတော ကုလိသာသဒ္ဒေါ ပိုပုန္နပုံသကော။ဘိဒုရံ, ပဝီ,သဘတောဟင့်, သုရု, သမ္ဗော, ဒမ္ဘောလိ, ဣစ္စာဒိနိပိ-ဝဇီရဿနာမာနိ။ တကြွာဘိဒုရံ ပုန္နပုံသကော။ ပဝိအာဒယောပုမေ"။

အို-တပဲ့မ အပေါင်းတို့။ ၎င်းအထက်ပါ အဘိဓာန်ဋီကာ ပါဌ်ကို။ ထိုမည်သော ဒုတိယမောင်းထောင်ဆရာတော်၏ အာဘော် လာယာန်။ သမ္ဗန်အနက်မှာလဲ။

"အသနျာဗ်ိဋ္ဌယံ။အသနိ့,ကျန်သော နာမ်သုံးခုတို့၏အပေါင်း သည်။ တသာတဏ္ဍာသ၊ ထိုသိကြားမင်း၏။ အာဝုဓံ၊ လက်နက်မည်၏။ အနေနန အာယုဓေန၊ ဤလက်နက်ဖြင့်။ ဓာတုကာ၊ လောကဓာတ်ကို။ အသာတေဘဥ္စတော။ စားတတ်၏။ ဣတိ၊ ထို့ကြောင့်။ အသနိ၊အသနိ

မည်၏။ အယံအာသနိသဒ္ဒေါ၊ အည်။ ဣဒ္ဓိသုပုမိတ္တိလိဂေသု။ တို့၌။ ဝတ္တတိ။ ၏။ ။အာသာမန္တသနေန္တာ ဂန္တန္တေသတတိတိအာသနိ။ ။ (အပဒါနိ အဋ္ဌကထာ)။

ကုလိမှိုသက္ကာသာဟာဇေ္ဇာ၊ သိကြားမင်းလက်၌။ သေတတိဋ္ဌတိ။ တည်တတ်၏။ ဣတိ၊တို့ကြောင့်။ ကုလိသံ၊ကုလိသမည်၏။ ဟိ။မှန်၏။ ကုလိ-လက်။ ဟဇ္ဇော-လက်။ဘုဇော-လက်။ဗလော-လက်။ ဣတိ။ ဤကား။ တိကဏ္ဍာသေသော၊ တိကဏ္ဍသေသကျမ်းတည်း။ ။ဝါ၊ တနည်းကား။ ကုယ်ပထဝိယံ၊ မြေ၌။ လိသတိတနုဘဝတိ၊ ပါးလွှာလွှာ ဖြစ်တတ်၏။ (မြေ၌ကျသဖြင့်။ ချေးမြေ့ ပါးလွှာတတ်၏။ ဟူလို)။ ဣတိ။ တို့ကြောင့်။ ကုလိသံ၊ ကုလိသမည်၏။ ။(မောဂ္ဂလာန်၌ကား။ ကုလသံဝရဏော။ ဣက်။ ကုလိယ တိသံ ဝရိယတီတိ ကုလိသံ။ ဝဇိရံ့ ဟူ၏။ ။ဣက် ဟူခြင်းကြောင့်။ ကုလခေတ်၏ အစိတ်-အ့ကို ရှုပြ)။

ဝဇ၊ ဝဇ, သဒ္ဒါသည်။ ဂတိယံ၊ လားခြင်း။ သွားခြင်း၌ ဖြစ်၏။ ဝဇတော၀၊ ရောက်သည်သာလျှင်တည်း။ ယသ၊ အကြင်လက် နက်၏။ ဂမန်၊ သွားခြင်းကို။ ကောနစိ၊ တစုံတခုသော ဝတ္ထုသည်။နှပင်ဟညတော၊ မတားမြစ်အပ်။ ဣတိ၊ တို့ကြောင့်၊ ဝဇိရံ၊ ဝဇိရမည်၏။ (ရောက်သည်သာ။ တားမြစ်ခြင်း မရှိဟူလို။ ။ဣရပစ္စယော၊ ဣရ ပစ္စည်းသက်။

(တိမရှဟာရုဒဗမဒမန္ဒ ဝဇာဒရှစကာသာကိရော။ ။မောဂ္ဂလာန် သုတ်။ ။တိမ၊ ပ။ ကသာ။ တိမခေါက်, ရှဟာခေတ်, ရုဓခေတ်, ဗဓ ခေတ်, မဒခေတ်, မန္ဒခေတ်, ဝဇခေတ်, အဇခေတ်, ရုစခေတ်, ကသ ခေတ်, နောင်မှ။ ကိရော။ က, အနုဗန်ရှိသော ဣရ ပစ္စည်း။ ။ ယင်းသုတ်၏ အနက်)။

ဝဇိရသဟာရေဏတော၊ ဝဇိရသဒ္ဒါနှင့်တကွ ဖြစ်ခြင်းကြောင့်၊ ကုလိသသဒ္ဒေါပိ၊ ကုလိသ, သဒ္ဒါသည်လည်း။ ပုန္နပုံသကော၊ ပုလ္လိင် နပုလ္လိင်၌။ ဝတ္တတိ၊ ဖြစ်၏။ (ထည့်ပါ)။

ဘိဒုရံ၊ ဝဇိရစိန်။ ပဝိ၊ ဝဇိရစိန်။ သတကောဋိ၊ ဝဇိရစိန်၊ သဗ္ဗ၊ ဝဇိရစိန်။ သမ္ဗော၊ ဝဇိရစိန်။ ဒမ္ဘောလိ၊ ဝဇိရစိန်။ ဣတိ ဒွါဒီ နိပိ၊ တို့သည်လည်း။ ဝဇိရသာ၊ ဝဇိရစိန်၏။ နာမာနိ၊ အမည်တို့တည်း။

ဘိန္နတီတိ* ဘိဒုရုံ။
ပုန္နာဂတီသော ဓေတီတိ* ပဓိ။
သတံကောဠိယဿာတိ* သတကောဠိ။
သရတိနာမံ ပဂဗ္ဗောတီတိ•သုရ။
ဝေရံသမေတီတိ* သမ္မော။ ဗော့ဝဇ္ဇာဝိပရိယာသမောဘာ၊ သမ္မတိ ဝါ အနာဝရဏော ဟုတ္ဝာ ဂန္တတီတိ•သမ္မော။
ဒမ္မတိရက္ခတီတိ•ဒမ္မော၊ ဒမ္မရက္ခဏော-ဥဃိ။
•ဟရာဒိနီသဒ္ဒါသည်။ ဝရဇိန်ဟောပင်တည်း။

တဖြာ၊ ထိုပရိယာယ်သဒ္ဒါတို့တွင်။ ဘိဒုရုံ၊ ဘိဒုရသဒ္ဒါသည်။ ပုန္နပုံသကော၊ ပုလ္လိင်, နပုလ္လိင်၌ ဖြစ်၏။ ပဓိအာဒယော၊ ပဓိ,အစရှိသော သဒ္ဒါတို့သည်။ ပုမေ၌ ဖြစ်ကုန်၏။

•ဟရာဒိနီဝဇီရာနီတ္ထိသိရာ၊ ကုလိသံဘိဒုရံ ပဓိ။ သတကောဠိ သုရုသမ္မော၊ ဒမ္ဗောလိ အသနီ,ဒွယံ။ ။ဟုသော အမရကောသနှင့် အညီ။ လိင်ကို-ဋီကာဆရာ ဆုံးဖြတ်ပေသည်။ ယုံမှားမရှိသင့်။ ။ ဘိဒုရုံ,၌။ ဘိဒုရံ,ဟု ရှိကြ၏။ ပါဠိပျက်။ အရာရာတိုင်း၌ပင်။ အနက် သမ္မန်သောပါဠိသာ။ အသင့်ဟုမှတ်လေ။ ။အမရ ကောသ စသော ကျမ်းတို့နှင့် နှီးနှော၍။ သင့်သောပါဠိကိုသာ အနက်သမ္မန် ရေးသားသည်တဲ့ ။

အို – တယ် မအပေါင်း။ သူ တော် ကောင်း တို့။ ရှင်းအဆိုပါ သိကြားလက်နက် မိုးကြိုးစက်၏ ထက်မျက်သော တန်ခိုးတေဇော်။ အာနုဘော်ကိုမဆိုထားဘိ။ စိန်စင်းသွားတပ်အပ်သော ဗိလ်တထောင် တင်။ အကြွင်းသို့သော လေးကြီး၏ ခွန်အားသည်။ ပစ်များမစ်လိုက် လျှင်။ ကရင်ဒုံးလေး။ ကချင်ဒုံးလေးများကာ။ အထက်သို့ ရှစ်ဥသဘ တက်ကြောင်း။ အောက်သို့ တာနှစ်ဆယ် သက်ကြောင်း။ ရှေး ဟောင်းကျမ်းဂန် စာပေတို့နှင့်ညီစွာ။ ငါတို့ကျေးဇူးတော်ရှင်။ မင်း ကွန်း ဘလယ်တောရ ဆရာတော်ကလေး မေးသည်ကို မန်လည် ဆရာတော်ဘုရား ဖြေကြား စီပြခဲ့တဲ့။ ဂီတာလင်္ကာ မှာလည်း။ အောက်ပါအတိုင်းပင်တည်း။

## ဝရင်နီစင်းသွား၊ မြွားပုစ္ဆာအဖြေ။

ပုစ္ဆာ။ ။"ဆဲ့နှစ်နှစ် ခါကျူးမှ။ သာထူးလို့ အောင်မြင်။ ဗိုလ်ထောင်တင်သည့်လေး။ ။ပစ်လွှတ်ခါ။ စက်မြွားဝဠေ့ဘတို့။ဘယ်နှစ်တာတိုင်လို့ ပေါက်အောင်။ မြွားထက်အောက်ဖြေး"။

ဝိသဇ္ဇနာ။ ။"ဆဲ့နှစ်နှစ်ခါကျူးမှ။သာထူးလို့ အောင်မြင်။ ဗိုလ်ထောင်တင်ရှေ့လေး။ ။ပစ်လွှတ်ခါ။ စက်မြွားဝဠေ့ဘတို့။ ရှစ်ဥဿဘာ, ထက်ကိုတက်လို့။ တာနှစ်ဆယ်-အောက်ကို သက်တယ်။ မြွားကွန့်လျက်ဖြေး"....တဲ့။

အို-တာပဲ့မအပေါင်းတို့။ ရှင်းအဆိုပါ ဝရင်နီစင်းသွားတပ်တဲ့ လေးတောင်ပင်လျှင်။ ဤမျှလောက် ပေါက်မြောက် ထက်မျက်ခဲ့ပါလျှင်။ ယခင်ကဟောခဲ့ပြောခဲ့တဲ့ မိုးကြိုးစစ်မှာ။ အမျိုးမျိုးထစ်ထစ်ပြီး။ ပစ်နိုင်ခတ်နိုင်မည့် အရေးကို။ အလေးဂရုပြုကြရာ၏။ ကိုင်း-ဆရာလဲ ညောင်းညာပင်ပန်းတော်မူပြီ။ ဤမည်သော ဝန်ရိပ်၌။ အိပ်စက်တော် မူဦးရော့မည်ဟု ပြောပြီသဖြင့်။ တောရသူ တပည့်မတို့သည်။ ကဝိဆရာ-တရားမဏ္ဍပ်မှ။ ပျားပန်းခပ်သလို ပြန်သွားကြလေ၏တည်း။

၀ ၀ ၀

တနေ့သောအခါ။ ရသေ့၏ဩဇာကို။ ကောင်းစွာ လိုက်နာလေ့ရှိကြပေသော။ တပည့်မသီလရှင်။ပဋ္ဌာရင်တသိုက်။ ပရိဗိုဇ်တသီ။ တပသီယောဂီမတို့သည်။ ဂေါသီတ ဧန္ဒကူးကဲ့သို့။ နံ့မြူးကြိုင်လှိုင်လှစွာသော မမ္မဒေသနာ။ အမြွာပြွာသောတရားများကို။ ကြားနာလိုကြတဲ့ အတွက်။ အထက်ယခင်။ အရင်နေ့ဟောင်း။ သခ်မ်းကျောင်းသို့။ ရုပေါင်းတကျ။ ဖြူသည့်သာ။ လာရောက်ကြပေရာကား။ အများသော တပည့်မတို့အလယ်။ စံပယ်တော်မူစဉ်။ အကြင် သို့သော သာမာဝဇီက။ ကပျာကသီ ထထဲ့၍။ ဘုရားတပဲ့မ- ဝေနေပုံ တိုက။ ရှေ့ယုံနှင့်ရွှေကျား။ သက်ကယ်ရိတ်သွားတဲ့ တရားပေစာကို။ နာလိုကြပါကြောင်းနှင့်။ တောင်းပန်လျှောက်ထားလေ၏။

ထိုသို့လျှောက်ထားပါသော်လည်း။ ဆရာရသေ့။ မမေ့ မပျော်။ ပျင်းရိတော် မူသည်နှင့်အညီ။ ဤမည်သော ရွှေယုန်နှင့် ရွှေကျားကို။ နောက်များမှ ဟောပရစေတော့ဟု ပြောဆိုမြွက်ထား၍။ အနားမှာရှိတဲ့။ "သမန္တစက္ခုဒီပနီ" ကျမ်းက။ ကမ္ဘာ့ဌာန်းအသွားကို ကြားနာတော် မူလိုရကား။ အိုပုညဝတီ။ အနီသမန္တစက္ခု ဒီပနီကျမ်းကြီးသည်ကားဆိုလျှင်။ ဟိုယခင်တခေလာက။ ဝေါဟာရ လိန္ဓတ္ထဒီပနီကျမ်း။ အဘိဓါနတ္ထဝိသောဓနီကျမ်း။ တတ္ထတ္ထဒီပနီကျမ်းတို့ကို။ ကြီးပမ်းသမှု။ ပြုစုစီရင်ခဲ့ပေသော။ လေ့သင်းအတွင်းဝန်မင်းသည်။ ဤမည်သော မောင်ရင်းသာမကောဖြစ်စဉ်။ မမြင်မသိနိုင်တဲ့ အကြောင်းအရာများကို မေးမြန်း လျှောက်ထားရာ။ ငါတို့အလုံမြို့ကျေးမှ ရွှေဇေတဝန် ဆရာတော်ဘုရား။ ဖြေကြားတော်မူအပ်သော ကျမ်းကြီးဖြစ်ချေသည်။ ။ဤမည်သော သမန္တစက္ခု ဒီပနီကျမ်း စာထုပ်ကြီးကို ဖြေပြီးကာလ။ ဝဇီရခေတ်တမျိုး တည်းဟူသော မိုးကြိုး ပုဏ္ဏ ဝိသဇ္ဇနာကို။ သေချာစွာ ဘတ်လျှောက်ဘိလောဟု မိန့်တော်မူလေ၏။

ယင်းသောအခါ။ ဆရာ၏ စာတော်ဘတ်တပည့်မ ပုညဝတီက။ ဤအဆိုပါ ပေစာထုပ်ကြီးကို ဖြေပြီးကာလ။ ခေါချင်း ဘတ်လျှောက်သည်ကား။ အောက်နားက အတိုင်းပင် ဟူလို့။

## သမန္တစက္ခုဒီပနီတောက်နုတ်ချက်မိုးကြိုးအကြောင်း။ —

တပည့်တော် သီရိမာလာ လျှောက်ပါသည်။ ဇေတဝန် ဆရာတော် ဘုရား။

မိုးကြိုးမျိုးတို့သည်။ ပထဝီခေတ်။ ရွှေငွေကြေးနီစသည်ဖြင့်။ လုံးလုံးခဲခဲလော။ ။အလုံးအခဲမရှိကောင်း။ ဝါယောခေတ်မျှသာဖြစ်မည်လော။ ။နုတ်လက်နက်လော။ ။ နုတ်လက်နက်မှန်ချေကလည်း။ မတော်မမှန်သော သူတို့ကိုသာ။ ကျရောက်ရပါသည်။ စေတီ-ဂူ-ကျောင်းတို့သို့ မကျမရောက်ရာပါ။ ယခုကျရောက်၍ ရှိနေပါသည်။

'ခပ်သိမ်းဓါန၊၊အနန္တကို၊ ဝေမ္ဘအလ္လ၊၊အောင်သောဟူ၍' လည်း၊၊ အရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူပါသည်။ သည်အချက်များကို၊၊ သေသေချာချာ မှတ်သားပါရအောင်၊ ကယ်မပါမည့်အကြောင်းကို၊ လျှောက်ထားပါသည် ဆရာတော်ဘုရား....တဲ့။

သက္ကရာဇ် ၁၁၇၀ ပြည့်၊ ဝါဆိုလဆန်း ၁ ရက်၊ ကြေးသပေတေးနေ့၊ မှ ရွာ သိရိမာလာ လျှောက်လာရာတွင် ဖြေဆိုလိုက်သည်ကား။

မိုးကြိုးမျိုးတို့သည်။ ပထဝီဓာတ်– ရွှေငွေကြေးနီ စသည်ဖြင့် လုံးလုံးခဲခဲလော။ ၊၊အလုံးအခဲ မရကောင်း– ဝါယောဓာတ်သာ ဖြစ်မည်လောဟူရာ၌။

အသနိပန–န၀ဝိဓေယာနို့။ အသညာ,ဝိစက္ခာ,သတေရာ,ဂဂ္ဂရာ, ကပိသီသာ, မစ္ဆဝိလောဠိကာ, ကုက္ကုဋကာ, ဒဏ္ဍ မဏိကာ, သုက္ခာသနီ။ ၊၊ဟူသောပါဠိနှင့်အညီ။

(၁) အသံမပြုဘဲ ကျသောမိုးကြိုး

(၂) တဘက်သွားမိုးကြိုး။

(၃) ရှည်သကဲ့သို့ ကျသောမိုးကြိုး။

(၄) ဂျက်ဂျက်မြည်လျက်ကျသောမိုးကြိုး

(၅) မျောက်မျက်နှာမြွှာသကဲ့သို့ကျသောမိုးကြိုး။

(၆) ငါးမြွေးသကဲ့သို့ကျသောမိုးကြိုး။

(၇) ကြက်တောင်ဖြန့်သကဲ့သို့ ကျသောမိုးကြိုး။

(၈) တုန်ထုံးကဲ့သို့ကျသောမိုးကြိုး။

(၉) လောင်မီးမိုးကြိုး။ ၊၊ဟူ၍ ၉ ပါးအပြားရှိသည်။

ပထဝီဓါတ် လုံးလုံးခဲခဲဟူ၍ အထူးဆိုသော်လည်း။ "ဝိစက္ခာ ဧကံစက္ခုံ ကရောတိ" ဟူ၍ရင်း၊၊ ၊၊ဧကံစက္ခုနီ ဧကံမဏ္ဍလံ ဟူ၍ရင်း၊၊ ၊၊ သုတ်မဟာဝါ ပယာသရိနီဌာန သုတ် အဋ္ဌကထာ၊၊ ဋီကာတို့တွင်။ အသွားတဘက်သာရှိသော မိုးကြိုးသည်၊ ဝိစက္ခု မည်၏ဟုဆိုသည်။

ဝိစက္ခုမည်သောမိုးကြိုး၌။ အသွားတဘက်ရှိလျှင်၊ အနောင့်အမင်း–တဘက်က ရှိရာသည်။ အသွားအနောင့် အစုံရှိသည်ဖြစ်၍။ တရှင်း, ပုဆိန်, ပဲခွပ်သွားကဲ့သို့ ရှိဟန်ကိုထောက်လျှင်။ ရွှေ, ငွေ, ကြေးနီ,သံ, ကျောက် စသောတခုခု၊လုံးလုံးခဲခဲ၊ပထဝီဓါတ်ပင်ဖြစ်

သည်ဟုယူရန်ရှိ၏။ ထပါးသောခါတ်လည်း ရှိရာ၏။

"သုက္ခာသနီ ပတိတဋ္ဌာနံ သမုဋ္ဌ ါတေတိ" ဟူ၍ရင်း။ ။ "ဒေဝေဝ သောစန္တာပိ သဇောတိတုတာထာယ ဥဒကေန အတောမေ တဗ္ဗတောသုက္ခာသနိတိဝုစ္စော" ဟူ၍လာသော မဟာဝါ အဋ္ဌကထာ။ ဋီကာပါဠိတို့နှင့်အညီ။ မိုးလုံးပစ်ရွာသောလည်း။ အလျှံနှင့် တကွဖြစ်၍။ ရေမစွတ်သော မိုးကြိုးကို။ သုက္ခာသနိ၊ လောင်မီး မိုးကြိုးမည်၏ဟု ဆိုသည်ကိုထောက်လျှင်။ တေဇောဓါတ် မီးလျှံ မီးခဲလည်း ရှိရာ၏။

ယခုအခါကျရောက်ရာ၊ သစ်ပင်၊ ကျောင်း၊ စေတီ၊ ဘုရားစသည် တို့၌။ အရေးအသားမထင်။ ပြင်းစွာသောလေတို့သည် ခတ်ရိုက်ဘိ သကဲ့သို့။ ကျိုးပဲ့ကြေမွသည်များကိုသာ တွေ့မြင်ရသဖြင့်လည်း။ ဝါယောဓါတ်များသာဟူ၍လည်း ယူသင့်၏။ ဝါယောဓါတ်များသာဖြစ် ကောင်းသည်ကို ကျမ်းဂန်တို့၌။ တိုက်ရိုက်မထင်။

နတ်လက်နက်ပင်လောဟုရာ၌လည်း။ ။အသနိ၊ ဒွိ သု-ကုလိ သံ၊ ဝဇိရံ၊ ဟူ၍။အဘိဓါန်စာကိုယ်၌ပြသည်။

ရင်း၌ကာ၌လည်း။ ။အသနျာဒီဏွယံ တဿ သဏ္ဍာသော ယာစ ံ။ ။ဟူ၍ရင်း။ ။ကုလိမှိသဏ္ဍာသဟဓေ္တ သေတိ တိဋ္ဌ တီတိကုလိသော။ ။ဟူ၍ရင်း။

ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ပဗ္ဗဇ္ဇာခန္ဓကတွင်လည်း။ ။အထောသ ဘာရဏ္ဍပ္ပဝတ္တကမ္မဋ္ဌာနမနသိကာရေကုန္တာသနိဝိယပဗ္ဗတေ ကိလေသပဗ္ဗ တေ၊ စုဏ္ဏယမာနံ ယောဝညာဏ ံဝေတွာတိ။ ။ဟူဥပမာပြရာ၌။ အသနိ၊ သာမဆိုမှု၍။ဣန္ဒသနိ၊ဟူ၍ရင်း။ သဏ္ဍာသာယာစံဟူ၍ရင်း။ လာသည်နှင့် အညီ။ သိကြားလက်နက်ဟူ၍လည်း ဆိုသင့်၏။

အပဒါန် အဋ္ဌကထာ။ ဋီကာဥလိယာဒေရ အပဒါန်တွင်။ အသနိ ပါတေတိ အာသမန္တတော သနုရွေဒဂ၊ ဂဇ္ဇန္တော၊ ပတတီတိအသနိ ပါတော။ အသန္တိအသနိယာပါတော ပတနံ အသနိပါတော။ ဒေဝ ဒဏ္ဍာတိအတ္ထော။ ။ဟူ၍လာသည်နှင့်အညီ။ နတ်လက်နက်ဟူ၍လည်း ဆိုသင့်၏။ ။ဤသို့သက္က၊ ဣန္ဒ၊ ဒေဝ၊ ဆိုသူကို ထောက်လျှင်။ မိုးကြိုးကို ဖြစ်စေနိုင်သော သိကြား၊ နဂါး၊ ဘီလူးတို့၏ အာနုဘော်ကြောင့် ဖြစ်သောလက်နက်ဟူ၍လည်းဆိုအပ်၏။ ။ဘေးဘယရောက်သောသူတို့

၏ ကံကိုအရင်းပြုသဖြင့်။ ကမ္မပစ္စယ ဥတုဇကြောင့်လည်း ဖြစ်၏ဟု မှတ်အပ်၏။

လက်နက် မှန်ခြေကလည်း။ မတော်မမှန် သော သူကို သာ ကျရောက်ရာပါမည်။ စေတီ ဂူ ကျောင်း ဘုရားတို့သို့ မကျမရောက် ကောင်းပါ။ယခုကျရောက်၍ ရှိခဲ့သည်ဆိုရာ၌။

ဧကနိပါတ်-ဒုတိယဝဂ်။ မတကဘတ္တဇာတ်၌။ ဆိတ်ငယ်တခုကို။ တက္ကသိုလ်ဆရာမသတ်ဘဲ။ တောဝယ် လွှတ်စေသည်ရှိသော်။ ထိုဆိတ်ငယ်၏ အကုသိုလ်ကံကြောင့်။ အခါမဲ့ မိုးကြိုးကျောက်များကြီးထက်ကျ၍။ ကျောက်လွှာကွာ၍။ ဆိတ်ငယ်၏လည်ထက် ကျဘူးကြောင်း။

ဒုက နိပါတ်- ဗုဒ္ဓနန္ဒိယ ဇာတ်တွင်။ ။အထဿ ပါပဗ္ဗရိ သဿဂေဟေ အသနိပတိတွာဘိယဥဒ္ဓေဒါရုကေ ဂေဟာဓနေဝ သန္တိ့ ဈာပေသိ။ ။ဟုနန္ဒိယညီနောင် အမိကိုသတ်သော မုဆိုး၏ သားငယ်နှစ်ယောက်။မယားတယောက်ကို။ မိုးကြိုးကျကြောင်း။

အရှင်မဟာမောဂ္ဂလာန်ကို။ ခိုးသားငါးရာနှင့်တကွ။တိတ္ထိငါးရာတို့ ပစ်မှားရာ။ ထယ်ပါးသော ဌာနသို့ ကျရောက်ကြောင်းကို ဟောတော် မူရာ၌။ ။အဂ္ဂိဒယှတိတိကေသံဝဋ္ဋရဲ ဒုံ ပိုက္ကဋ္ဌ အညဿိ ဒ္ဒါဟကေအဝိဇ္ဇမာနေပိအသနိအဂ္ဂိဝါပတိတွာဥဟတိ။ တပါးသောမီးသည် မရှိသည်ရှိသော်။ မိုးကြိုးလောင်မီးသော်လည်း ကျ၍ လောင်ရာ၏ဟု ဖွင့်တော်မူကြောင်းများကို ထောက်၍ မတော်မမှန်သောသူတို့ကိုလည်းကျ၏။ လောကတွင် မတော်မမှန် ပြုတတ်သော သူတို့အား၊ မိုးကြိုးလောင်မီး ကျရာ၏ဟု ဆိုထုံးရှိသည်။ ။ထိုစကားလည်း။ ဓမ္မပဒအဋ္ဌကထာ၊ သောဏထေရဝတ္ထုတွင်။ ။ဝေဠုပါဒေတုတ္တိယာ သန္တကံဟရန္တာနံ အသနိပတိတွာ မတ္ထကံဘိန္ဒေယျ။ ။ဟု လာသည်နှင့် လျော်သော စကားပင် ဖြစ်သည်။

စေတီ ဂူ ကျောင်း ဘုရားတို့သို့ ကျသည်ဆိုရာမှာ။ ဥတုဇ သက်သက်ကြောင့် ဖြစ်သော မိုးကြိုးဖြစ်လျှင်။ ဆိုရန်မရှိပြီ။ နတ်နဂါးတို့ကြောင့်ဖြစ်လျှင်။ ရတနာ သုံးပါးတို့၌။ သဒ္ဓါတရားနည်းသော နတ်နဂါးတို့လည်း ရှိရာသည်။ သဒ္ဓါတရား နည်းကလည်း။

ရတနာသုံးပါးဟူ၍ ရှိသောရှောင်ရှားတော်မည် မဟုတ်ပြီ။ ။မာရ်နတ်သား။ အာဠဝကဘီလူး။ ဥရုဝေလနဂါးတို့သည်။ သက်တော်ထင်ရှားရှိသော ဘုရားသခင်ကိုသော်လည်း။ လက်နက် ကိရိယာတို့ဖြင့် ဖြစ်မှားခြင်း ပြုတော့သည်။ မာရ်နတ်လည်း။ ဘုရားသခင်ကိုယ်တော်ကိုပင် မိုးကြိုးချကြောင်းကို။

## ဇိနာလင်္ကာရ စာကိုယ်တွင်

ဇလန္တံ နဝဝီစံ ဝသံ။ ဝဿာပေသိ အနပ္ပကံ။
ဓုမန္ဓ ကာရံ ကတွာန။ ပါတေသိ အသနိံ ဗဟုံ။

ဟုလာ၏။အနက်ကား။ ။ဇလန္တံ၊ ရဲရဲငြိသော။ နဝဝီစံ၊ ၉-ပါးအပြားရှိသော။ ဝသံ၊ မိုးလုံးကို။ ဝဿာပေသိ၊ ရွာစေ၏။ အနပ္ပကံ၊ အတိုင်းမသိသော။ ဓုမန္ဓကာရံ၊ မီးခိုးအမိုက်ကို။ ကတွာန၊ ပြု၍။ ဗဟုံ၊ များစွာသော။ အသနိံ၊ မိုးကြိုးကို။ ပါတေသိ။ ပစ်ချစေ၏။ ။ဟု ဆိုသည်။

က,ဟိ,ဝ,ပ,မ,ယော,ဟိ,သု,သိ,ဟုဆိုအပ်သော။ သာသနာပြု ၉-ရပ်တွင်။ က,၏အရ။ ကသ္မီရဂန္ဓာရတိုင်း၌ မဇ္ဈန္တိက, မထေရ်ကို နဂါးမင်း အမျက်ထွက်၍ ကြောက်မက်ဘွယ် ဖန်ဆင်းသည်တို့ကို။ ဝိနည်းအဋ္ဌကထာတို့၌။ ။တတောတတော။ ထိုထိုသောအရပ်မှ။ ဘုသာဝါတာ။ ပြင်းစွာသော လေတို့သည်။ ဝါယန္တိ လာကုန်၏။ ရုက္ခာ သစ်ပင်တို့သည်။ ဘိဇ္ဇန္တိ ကျိုးကုန်၏။ ပဗ္ဗတကူဋာနိ တောင်ထွတ်တို့သည်။ ပတန္တိ ကျကုန်၏။ မေဃာ။ မိုယ်းတို့သည်။ ဂဇ္ဇန္တိ ကြိုးကုန်၏။ ဝိဇ္ဇုလတာနိ လျှပ်စစ်နွယ်တို့သည်။ နိစ္ဆရန္တိ ပြက်ကုန်၏။ အသနိယော မိုးကြိုးတို့သည်။ ဖလန္တိ ကွဲကုန်၏။

## ၎င်းနည်းတူ မဟာဝင်ကျမ်း၌လည်း။

(၁) နာဂရာဇာ ပဒုဋ္ဌောသော။ ဝိဝိဓာဘိံ သကာကရိ။ ဝါတာ
မဟန္တာ ဝါယန္တိ။ မေဃော ဂဇ္ဇတိ ဝဿတိ။

(၂) ဖလန္တိအ သုနိဝိဋ္ဌ၊ နိစ္စန္တိတပေါ ဝတပေါ။ မဟိရုတာပဗ္ဗတာနံ၊
ကုဋ္ဌာနိပပတန္တိစ။

(၃) ဝီရူပ ရူပါနုဂ ါစ၊ တိ ဿာပေန္တိသမန္တတော၊ သဟံ ခုံမာယ
ဇလတိ။ အဇ္ဈာသန္တေ အနေကဓာ။

ဟူ၍။ အထူးထူးသော ကြောက်မက်ဘွယ်ကို ပြုကြောင်း။ ကြီးစွာသောလေကို လာစေကြောင်း။ မိုးကို ကြီးစေကြောင်း။ ရွာစေကြောင်း။ မိုးကြိုးဆိုကို ကျစေကြောင်း။ လျှပ်စစ်တို့ကို ပြက်စေကြောင်း။ သစ်ပင်တောင်ထွတ်တို့ဖြင့် ချကြောင်းများကို ဆိုသည်။

ဤသို့ သေည်ဖြင့်။ ဘုရားသခင်။ ရဟန္တာ အရှင်မြတ်တို့ကို သော်လည်း။ မိုးကြိုးချကြောင်းများကို ဆိုသဖြင့်။ သဒ္ဓါဂါရဝနည်းသော နတ်နဂါးတို့သည် ချသည်ဖြစ်ရာ၏ဟု ယူရန်ရှိသည်....တဲ့ ဘုရား ဟု အဆုံးချလိုက်သောအခါ။ များစွာသော ဓမ္မာတရုတို့က။ သာဓု နမော် ၃ ကြိမ်တောင်ခေါ်ကြလေ၏။

အရိုးစိမ်း။ ။"မောင်ရင်မှိုင်းဘုရား"၊

ဘာတုန်း ဒါယိကာမကြီး။

အရိုးစိမ်း။ ။"ဪ....နတ်နဂါးဆိုတဲ့အကောင်ကြီးတမျိုး ဟာကလဲ။ လောင်မီးမိုးကြိုးတောင် ကျစေနိုင်သတဲ့လား၊ မောင်ရင်မှိုင်းရဲ့"။

အေးအေး ဟုတ်တယ်ဒါယိကာမကြီး။ ဟုတ်တယ်။

အရိုးစိမ်း။ ။"တောင် လျှို သ မိုင်း။ မြောင် တ ခွင် မှာ။ ချောင်စဉ်ပိုင်းပါတဲ့။ မောင်ရင်မှိုင်းဘုရား"။

ဘာတုန်း ကျုပ်တို့ဒါယိကာမကြီး အရိုးစိမ်း။

ဪ... မပုညဝတီကလေး။ ငဒေါးဆေး ဘတ်မြတဲ့။ ဆရာအရှင်မြတ်တို့ရဲ့ အလုံကျေး ထည်းဟုသော။ မုံရွေးဆရာတော်ဘုရား ပြောကြားတော်မူတဲ့။ သမန္တစက္ခုဒီပနီ အလိုအားဖြင့်။ ဘုရားကို တောင်မှ ဂါရဝနည်းပါးတဲ့။ နဂါးဆိုတဲ့ အကောင်တမျိုးက။ အဆိုးဝါးသားပါကလား မောင်ရင်မှိုင်းရဲ့။

အေး....ဟုတ်တယ် ဒါယိကာမကြီး။ တချို့သော နဂါးလဲ။ ဘုရားကို ဘုရားမမှတ်။ တရားကို တရားမမှတ်။ သံဃာကိုလဲ သံဃာ မမှတ်။ ရေနတ်နဂါးပီပီ။ မထီလေးစား။ မဟားဒယားအမျိုးမျိုးနှဲ့

မိုးကြိုးများတောင် ထစ်ထစ်ပြီး။ ပစ်တတ်သတဲ့။ ဗြောင်... ဥဒ်ငဇာ်တဲ့ နဂါးဆိုတော့ တရားမရှိဘူးပေါ့လေ။

ခုဋ္ဌာ။ ။"အင်း....ဘုရားမှန်းမသိ။ တရားမှန်းမသိနိုင်။ ဗိဒ္ဓိမိစ္ဆာ။ အယုတ်မာနဂါးမျိုးက။ မတရားမိုးကြိုးတောင် ပစ်ခတ်လို့ မို့ ညစ်ပတ်တဲ့ ဂုဏ်အဖျင်းကို။ ဂဠုန်မင်းနှင့်မှသာ။ အချင်းချင်း နေရာကျ ချိုးနှိမ်မည်တဲ့ဘုရား"။

သီလရှင်ကြီး ဒေါ်ခုဋ္ဌာက။ ဂဠုန်ဆိုတိုင်းဘဲ။ နဂါးဟူသမျှကို နိုင်သည်ဟု ယုံကြည် မှတ်ထင်သလား။

ခုဋ္ဌာ။ ။"ဗျာဒိတ်တော်မြွက် အတိုင်းပါဘုရား"။

ဗြောင်....ဒါယိကာမကြီး တွေးထင် ယုံကြည်တဲ့ အတိုင်း လဲ မဟုတ်ရှာသေးဘူး။ ဥပ္ပါတသန္တိကျမ်းများကို မကြည့်ဘူး ဘူးလား။

ခုဋ္ဌာ။ ။"မကြည့်ဘူးပါ ဘုရား"။

အို ဒါယိကာမကြီးဒေါ်ခုဋ္ဌာ။ရှေးအခါကာလ။ သုဝဏ္ဏဘုမ္မိ အမည်ရှိတဲ့။ ဟရိဘုဥ္ဇတိုင်းကို။ ရိုင်းစိုင်းသော တရုတ်လူမျိုးတို့။ စစ်ထိုးလာသောအခါ။ မင်းဆရာ ဖြစ်တော်မူသော အရှင်မဟာသီလဝံသမထေရ်သည်။ ဤမည်သော ဟရိဘုဥ္ဇတိုင်း။ စင်းမယ်နေပြည်တော် အတွင်း။ ယင်းသို့သော ရုပ်ကွက် ရုပ်ကွက် တိုင်းမှာ ရွတ်ဘတ် သရဇ္ဈာယ်အိုရာ။ မြတ်စွာဘုရား အလိုတော်နှင့် လျော်သော "ဥပ္ပါတသန္တိ"ကျမ်းကို။ ဘေးဘျမ်းသုတ်သုန်။ မျောက်ကုန် လွင့်စင်ဘိ ရာ။ ဂါထာပဒ။ ဖန်သစီရေးပြီး ပေးတော်မူတယ်တဲ့။ ။အဲ တိုသို့သော ဥပ္ပါတသန္တိဂါထာများကို။ ရှင်ရောလူပါ ရွတ်ဘတ်ကြတာနဲ့ ဘဲ။ အဆိုပါ တရုတ်လူမျိုးသူပုန်များ ပြန်သွားရကြောင်းနှင့်။ ရှေးဟောင်း။ လောကဗျူဟာ တကျိပ်နှစ်ပါး သွင်းစာတို့နှင့် အဆိုပါ ဥပ္ပါတသန္တိကျမ်း၏ နိဒါန်းမှာ။ ဆရာတော်ဦးဗုဒ်။ ဘော်ထုတ်မိန့်မှာတော် မူခဲ့တယ်။

ကေသာဝတီ။ ။"ဦးထိပ်ရွက်ဆင်လျက်ပါဘုရား"။

အဲ-ထိုအဆိုပါဥပ္ပါတသန္တိကျမ်းလာ။ ဂါထာပေါင်း ၂၇၀မျှရှိသည် ဖြစ်ရာ။ ဝေသာလွှတ်ဘုရားအား ပန်ကြား ဆုတောင်းသော ၂၇ဂါထာမှာ။ အနူလိုတဲ့။ အယ်လိုပါနည်းဟူမူ။

## ဝေဿဘူဘုရားမှာ ဆုတောင်း ၂ ဂါထာ

(၁) ဝေဿဘူနာမ, သမ္ဗုဒ္ဓေါ၊ ဟေမ,ရူပ,သမုပမော။
သဒ္ဓိ,ရတနမုဗ္ဗော၊ သဒ္ဓိစ, သဟဿာယုကော။ ။
(၂) ဖြဟ္မ,ဒေဝ, မနုဿေဟိ၊ နာဂါ,သုရ,ဒီဇေဟိ၀ါ။
ပူဇိတောပိ- သဒါ,နာထော၊ သဒါ,သောတ္ထိ, ကရော
တုတေ။ ။

ဟေမရူပသမုပမော၊ ရွှေအဆင်းနှင့် မယွင်းတမျှ။ ပမာဏရှိတော်မူသော။ ဝေဿဘူနာမသမ္ဗုဒ္ဓေါ၊ ဝေဿဘူ မည်တော်မူသော မြတ်စွာဘုရားသည်။ သဋ္ဌိရတနမုဗ္ဗေဓေါ၊ အတောင် ခြောက်ဆယ်။ သမ္ပါယ်သနှင့်။ မြင့်တော်မူ၏။ သဋ္ဌိစသဟဿာ ယုကော၊ အသက်တော်လည်း။ ခြောက်သောင်းတော်။ ခြောက်သောင်း ရှိတော်မူ၏။ ။ဖြဟ္မဒေဝ မနုဿေဟိ၊ ဖြဟ္မာနတ်လူ။ ခပ်သိမ်းသူတို့သည်၎င်း။ နာဂါ,သုရ,ဒီဇေဟိ၀ါ၊ နဂါး-အသူရာ။ဗျူဟာဘာဂုဏ်။ ဆုစွာပူစွာကုန်သော ဂဠုန်မင်းတို့သည်၎င်း။ သဒါ။နေ့ရောညပါ။အခါ ခပ်သိမ်း။ပူဇိတောပိ။ အမြတ်တနိုး။ မပြတ်ကိုး၍။ ရှိခိုးကော်ရော်။ ပူဇော်အပ်သည်လည်း ဖြစ်သော။ နာထော၊ဝေဿဘူ မြတ်စွာဘုရားသည်။နေ၁၊ ငါတို့အား။သဒါ၊အခါခပ်သိမ်း။သောတ္ထိ၊ကောင်းကျိုးချမ်းသာ။ မင်္ဂလာကို။ကရောတု၊ ပြုတော်မူစေသော....တဲ့။

အနို့ပြီးတခါ။ဒါယကာမကြီးဓာါ် ဗုဒ္ဓာ့ရဲ့ ထင်ပုံ၊ ဂဠုန်များက။ နဂါးတိုင်းနဂါးတိုင်းကို နိုင်သည်ဟူ၍လည်း မမှတ်သင့်ကြောင်းနှင့်။ ၎င်းအဆိုပါဥပဒါသန္တိကျမ်းတွင်ပင်။ တခန်းတဖုံ။ ကမ္ဗဋ္ဌာန်းအခရုံကဲ့သို့။ ဂဠုန်မြတ် ဂဠုန်ကောင်းတို့ထံ။ ဆုတောင်း ၂ဂါထာ။ လာရှိသည်မှာလည်း။ အောက်ပါအတိုင်းပင်ဟူ၏။

## ဂဠုန်ဆုတောင်း ၂ ဂါထာ။

(၁) မဟိဒ္ဓိကာ,သုဗဏ္ဏာ ခယ၊ နာဂရာဇ-မဟာဗလေ
ဂဟေတွာ-ဇိန္န,ခေတ္တဝ၊ ပက္ခန္ဒီ သု-နဓော,ဗလာ

(၂) တေ ဗုဒ္ဓသရဏာသာမျှ၊ သောတ္တိ-ကရောန္တု-တေ, သဒါ။

မဟိဒ္ဓိကာ။ ကြီးသောတန်ခိုးရှိကုန်သော။ ဗလာ။ကြီးသောခွန်အား ရှိကုန်သော။ ယောသုဗဏ္ဏာ။ အကြင်တောင်ဟုန်မြင်းတဲ့ ဂဠုန်မင်းတို့သည်။ မဟာဗ္ဗလေ။ ကြီးသောခွန်အားရှိကုန်သော။ နာဂရာဇေ။ မယားအယားနဲ့။ ဘုရား, တရားတောင်- ငြင်းချင်တင်းချင်တဲ့။ နဂါးမင်းတို့ကို။ ဇီနဓေဝတ္ထာ၊ နဂါးကောင်ကို။ ဓောင်မြင်ရာ ဖြစ်တဲ့။ ခေတ်၌သာလျှင်။ ဂဟောတွာ၊ ဂမန်းဂဝန်း။ တင်းငင်း။ ဘမ်းယူကုန်၍။ နဓော၊ အကြောင်းမထင်တဲ့။ ကောင်းကင်၌။ ပက္ခန္ဒိ သုအပ်-င ါတကား။ မာနကြွားကြွားနဲ့။ ပျံသွားကုန်၏။ ။တေသဗ္ဗေ၊ ထိုခပ်သိမ်းကုန်သော ဂဠုန်မင်းတို့သည်။ နော၊ အကျွန်ုပ်တို့အား။ သဒါ၊ နေ့ရောညပါ။ အခါခပ်သိမ်း။ သောတ္ထိံ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာကို။ ကရောန္တု ပြုတော်မူစေကုန်သောဝ်....တဲ့။

အလွှာစဂဠုန်သည်။ အလွှာစနဂါးကိုသာ ဘမ်းယူနိုင်၏။ ဇလာဗုဇ စသည်ကိုမဘမ်း မယူနိုင်။ အလွှာစချင်းပင် တူသော်လည်း။ အရာခပ်သိမ်း၌ မယူနိုင်။ ဥဇ္ဇ ဝိဋ္ဌ သည်တို့၌တည်သော နဂါးကိုသာ ယူနိုင်၏ သည်ဖြစ်လာသော။ နာဂသုဗဏ္ဏသံယုတ်ကိုရှု၍။ ဇီနဓေဝတ္ထ၏ အနက်ကို သမ္ဗန်သည်တဲ့ ကြားရဲ့လား ဒေါ်ခွေး။

အိုကာယ့်မအပေါ်င်း။ သီလရှင်သူတော်ကောင်းတို့။ ။ရှင်အာ ယက်ကတလော။ ဟောခဲ့ပြောခဲ့သော ဇင်းမယ်ဖြစ် "ဥပ္ပါတသန္တိ" မှာပါရှိတဲ့ "ဇီနဓေဝတ္ထ"၏ အဓိပ္ပါယ်ကို။ အကျယ်တဝင့်။ အခွင့် အားလျော်စွာ။ ဆရာတာဒန် ဟောလိုပြန်သည်မှာ။ အနှာတဲ့။ ဘယ် လိုပါနည်းဟူမူ။ ။အဆောရေကတ်အားဖြင့်။ တေဇာဂုဏ် ထွားတဲ့။ ရွှေဂဠုန် အများတို့သည်။ နဂါးဟူသမျှကို။ ယူကြနိုင်ပါမည်လော။ ဒေါ်သဟုန် အမျိုးမျိုးထုတ်ပြီး။ ထိုးသုတ် ချီယူနိုင်ပါမည်လောဟု။ ကျွန်ုပ်တို့ ကျေးဇူးတော်ရှင် မင်းကွန်း ဆရာတော်ကလေးအား ။ မန်လည် ဆရာတော်ဘုရားကြီးက။ တရားတည်းဟူသော အာဓောင် အမေး။ ရေးဘူး ပေးဘူးသည်မှာလည်း။ အနှိုလိုတဲ့။

## ဂန္ဓုန်ပုဆွာခွေးချီး

ရွှေဂန္ဓုန်။ တေဇဂုဏ် တမည်မြွတ်ပါတဲ့။ သည်နတ်ငှက်မျိုး။ မြွေဇာတ်မှန်။ ရေနတ်ကို ကုန်မချန်က။ ရွှေပန်နန် နာဂိန်မင်းတို့ကို။ ခွင်းသုတ်မည်စိုး....တဲ့။

အဲ အနီကဲ့သို့သော။ စာကြော မေးမြန်းတော်မူခြင်းကို။ မင်းကွန်းဆရာတော်ကလေးက။ အမေးနှင့်ညီစွာ။ စီကာဗျာဖြေရေး၍။ ပေးပို့ လိုက်တော်မူသည်မှာလည်း။ အောက်ပါ အတိုင်းပင်တည်း။

ရွှေဂန္ဓုန်။တေဇဂုဏ်တမည်မြွတ်ပါတဲ့။သည်နတ်ငှက်မျိုး၊ ။ မြွေဇာတ်မှန်။ ရေနတ်ကို- အပုံချန်လို့။ ရွှေပန်နန်- နာဂိန်မင်းတို့မှာ။ ခွင်းသုတ်မည် ဘယ်ရန်မျိုးကိုမှ။ စိုးသင့်ပါဘူး...တဲ့။

၎င်းအထက်က။ အမြွက်မျှ အဖြေကဗျာ၏။ သောချာသော အထောက်အထားတို့ကိုလည်း၊ အောက်နားကတဖန်။ ပါဠိတွေနဲ့၊ ပါဠိပြန်သည်ကား။

### လောကဒီပကကျမ်းလာ ၃ ဂါထာ

(၁) ဂရုဠော့သဗ္ဗနာဂါနံ၊ ဂဏှိတုံ-သက္ကုဏောယျဝါ။
နေဝ ဝါတိစေနသက္ကောတိ၊သဗ္ဗေသာယေဝဂဏှိတုံ။ ။
(၂) ဓတရဋ္ဌ နာဂရာဇာ။ ကမ္ဗလဿ တရာဝီစ။
သက္ကဿရသမုဒ္ဒေသု။ နာဂရာဇာ-မဟိဒ္ဓိကာ။ ။
(၃) ဘူမဋ္ဌ ပဗ္ဗတဋ္ဌာစ။ ဝိမာနေသု-ဋ္ဌိတာပိစ။
တေသမ္ပေ-နာဂရာဇာနော။နသက္ကောန္တိစ-ဂဏှိတုံ။ ။

### ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ

ဥဒ္ဓရမာနာစ ပနေ တေ။ အတ္တနာဟိနေဝ ါသမေဝါ ဥဒ္ဓရိတုံ သက္ကောန္တိ ။ နအတ္တနာသေဋ္ဌတရေ၊ သဗ္ဗဝိဓေ ါဟိအနုဋ္ဌရုနာယနာ ဂါနာမ။ ပဏ္ဏတ္တရာ။ ကမ္ဗလဿတရာ။ ဓတရဋ္ဌာ။ သဗ္ဗသိဒ္ဓိရ

ဝါသိနော။ ပထဝိဋ္ဌကာ။ ပဗ္ဗတဋ္ဌကာ။ ဝိမာနဋ္ဌကာတိ။ တတြအဏ္ဍ ဇာဒီနံဇလာဗုဇာဒယောပကတိတာဘရာ။ တေတေဟိ အနုဋ္ဌရဏီယာ၊ ကမ္ပလဿတရာပန နာဂဒေသနာပတိနော တေယတ္ထကတ္တစိ ဒိသွာ ယောနေကာစီသုပဏ္ဏောဥဒ္ဓရိတုံနသက္ကောတိ။ တေရဋ္ဌာပန နာဂရာ ဇာနော။ တေပိကောစိဥဒ္ဓရိတုံ နသက္ကောတိ။ ယေပနသီဒန္တရေ မဟာသမုဒ္ဒေ ဝသန္တိ။ တေယသ္မာကတ္တစိပိ ဝိကမ္ပန္တကာတုန သက္ကာ။ တသ္မာကောစိဥဒ္ဓရိတုံနသက္ကောတိ။ ပထဝိဋ္ဌကာဒီနံနိလိယ နေကာသောအတ္တိ။ တသ္မာတေပိ ဥဒ္ဓရိတုံနသက္ကောတိ။ ယေပန မဟာသမုဒ္ဒေ ဦမိပိဋ္ဌေဝသန္တိ။ တေယောကောစိ သမောဝါပတိ တတရောဝါ သုပဏ္ဏောဥဒ္ဓရိတုံ သက္ကောတိ။ ။

နန္ဒောပနန္ဒ နာဂါကာ။ သိဒန္တရဝါသိတည်း။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ တေရာအဋ္ဌကထာတို့၌...တည်း။ ။

အဲ အနိုလို။ လိုသို့သော သဘာပဒီကာပုဋ္ဌာ။, ဝိသုဒ္ဓနာဂျမ်းမှာ။ ပါရှိချေတမှုံဟု။ ဟောလိုက် ပြောလိုက်ရာ။ တောစရိုက် ဝါသနာ ပါသူ တပည့်မအပေါင်းတို့က။ ကောင်း၏။ ကောင်းပေ၏။ ကောင်း ပါပေ၏ ဟုလှုဟု။ သာဓုများ ခေါ်ကြလေ၏။

ယင်းသို့ သာဓုနှမော်။ ခေါ်ပြီးသောကာလ။အကာမကြီးအရိုး စိမ်းက။ ။မောင်ရှင်မိုင်းရှယ်။ တပဲ့ တော်မဖြင့်။ သူများသာဓုခေါ် လို့သာ ခေါ်ရတယ်။ အရှင်ဘုရား ရွတ်ရွတ်ဖြတဲ့ ။မာဂဓပါဠိတွေကို။ ဘာမသိ-ညာမသိဟာမို့။ ကျော-မဟိနိုင်ပါကြောင်း။ ဦးခေါင်းကို ညွှတ်ညွှတ်ထားပြီး။ မှုတ်စဗါးမင်းသွီးလို။ ဘွင်းဘွင်းကြီးလျှောက် ရပါတော့သည်။ ယောဂီထိပ်တင်၊ကျွန့်အရှစ်ဘုရား။

ခြေ-အကာမကြီးမှာဖြင့်။ ဘယ်နည်းနှင့်မှမသိနိုင်ပါဘူးလို့ဆို ပါတော့။ ထိုသဘာပဒီက စာကိုးပိမ့်မှာလဲ။ အဆိုပါ ပါဠိပဒ တို့ကို။ အဏ္ဏယောဇနာ- မပါမရှိအဖြင့်။ သိသူကရှားပါးပြီး။ အများသော တပည့်မတို့မှာ။ မသိကြတာ များပေလိမ့်မည်။ ဤအဆိုပါ ပါဠိတို့ကို။ တကာတပည့်။ ရှိရှိသမျှ တပည့်မအပေါင်းတို့။ ကောင်းကောင်းကြီး သိနားလည်စိမ့် သောငှာ။ ယောဇနာတော်မှုပေတော့၊ ခန့်ညားသော စိတ်ဓါတ်ဖြင့်။ ဘတ်လည်းဘတ်ကြ။ မှတ်လည်းမှတ်ကြ။ တတ်လည်း သတ်ကြစေသတည်း။

## လောကစိပကာ့ အတ္တယောဇနာကား။

ဂရုဠော၊ ဂဠုန်ငှက်သည်။ သဗ္ဗနာဂ ါနံ။ အလုံးစုံသော နဂ ါးတို့ကို။ ဂဏှိတုံ၊ ဖမ်းယူချီကုတ်။ ထိုးသုတ်ခြင်းငှာ သက္ကုဏောယျ ဝါ၊ စွမ်းနိုင်သလော။ နေဝ ါသက္ကုဏောယျ၊ မစွမ်းနိုင်ရာသလော။ ဣတိ၊ အနို့သို့။ ပေပုစ္ဆေယျ၊ အကယ်၍ မေးငြားအံ့။ ဧဝံသတိ၊ အနို့သို့မေးသည် ရှိသော်။ ဂရုဠော၊ လေးသောဝန်ကို။ အားသွန်ခုန်တက်။ သူပုန်ပွက်သကဲ့သို့သော။ ဂဠုန်ငှက်သည်။ သဗ္ဗသောဓယာဝ၊ အလုံးစုံသော အပြား အားဖြင့် သာလျှင်။ ဝါ၊ ကြွင်းမဲ့ အကုံ။ အလုံးစုံသော နဂ ါးတို့ကိုသာလျှင်။ ဂဏှိတုံ၊ အကြမ်းတမှု။ ဖမ်းယူသုတ်ထိုးခြင်းငှာ။ နသက္ကောတိ။ မစွမ်းနိုင်ပါဘူးတဲ့။ ဣတိ၊ အနှာလို။ ဝိသဇ္ဇေယျ၊ ဧဝဒက အရေးဖြင့်။ မေးလားမြန်းလားလုပ်တဲ့၊ အစွန်းရန်ကို။ တွန်းလှန် ဖြေဆိုရာ၏တဲ့။

ကြားရဲ့လား၊ ကျုပ်တို့ ဒါယိကာမကြီး အရီးစိမ်း။

အရီးစိမ်း။ ။"အရှင်မြတ်- အနက်သင်းမှ။ ကွက်ကွက်ကွင်းကွင်း။ ထင်းထင်းကြီး သိရပါတော့သည်။ ဒီမှတဖန် ကျန်သေးတဲ့ ဂါထာ-စုဏ္ဏိယတို့ကို၊ ရဂုံ တပည့်မတို့။ အကုန်သိရအောင်။ ကဝိဓဇ ဈာဒိတ် တည်းဟူသော။ အမိန့်တော်အသံကို။ နာခံလိုပါသေးတယ် မောင်ရင်မှိုင်းရယ်"

အဟမ်း, အဟမ်း, ဖြော်....တရားနာအသင်းဒကာမတို့။မပျင်း ကြားရအောင်ဟာ၊ မညင်းမထ၊ လင်းမှာဘဲတန်မယ်လို့။ ကြံရွယ်တော် မူတယ်ဗျ- ဒကာမကြီးရဲ့။ ကောင်းကောင်း နာကြနော။ ဟောလိမ့် မယ်။

အနို့ ပြီးတခါ၊ ဒုတိယဂ ါထာကို။ မြန်မာလိုပြန်ဆိုတော့၊အနှာ လိုတဲ့။ ဘယ်လိုပါနည်းဟူမူ။

တေရဋ္ဌော၊ တေရဋ္ဌအမည်ရကုန်သော။ နာဂရာဇာ၊ရေနတ်မျိုး ကို။ စိုးရပိုင်ငြား။နတ်နဂ ါးတို့ရှင်း။ကမ္ဘလဿတရာပီဓ၊ကမ္ဘလမည်ငြား။ အမည်ထွားတဲ့။ နဂ ါးစစ်ဗိုလ်ချုပ်ကြီး။ တသီးမှတ်ခရ ဖြစ်လှတဲ့။ အဿတရ၊ နာဂအထူး။ စစ်ဗိုလ်မှူးတို့ရှင်း။ သဗ္ဗဿရသမုဗ္ဗော၊

သတ္တရတန်၊ တောင်ရဲ့ ဂူထပ်တို့၏ အကြား ဖြစ်ကုန်သော။ ယမုန်အတ္တဝါ၊ သိဒါသမုဒြာတို့၌။ ဋ္ဌိတာ၊ တည်ကုန်သော။ မဟိဒ္ဓိကာ၊ အမျိုးမျိုး အသီးသီး။ အဆိုးနည်းဓုတ္တနဲ့။ တန်ခိုးကြီး ကုန်သော။ နာဂရာဇာ၊ အကြွားမြင်းမြင်း။ တမားမားတင်းချင်တဲ့။ နဂါးမင်းတို့ ရှင်း။ ဘူမဋ္ဌာ၊ မြေအတွင်း၌။ အဝေ့စင်းလျက် တည်ကုန်သော။ နာဂရာဇာ၊ သွားတပြင်ပြင်နဲ့။ စားချင်ဝါးချင်တဲ့။ နဂါးရှင်ဘုရင်တို့ရှင်း။ ဝိမာနေသု။နဂါးရပ်ဌာန်။ဘုံဗိမာန်တို့၌။ဋ္ဌိတာ။တည်ကုန်သော နာဂရာဇာ၊ ကုလားမျိုး သမတာကဲ့သို့။ မတရား တန်ခိုးပြချင်တဲ့။ နဂါးအစိုးရတို့ရှင်း။ ဣတိ၊ အနီသို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေနာဂရာဇာနော၊ နဂိုရ်ကြွားကြွား။ ကိုယ်ထွားထွားနဲ့။ ထိုနဂါးရှင်ဘုရင်တို့ကို။ ဂဏ္ဍ္ဍိတ္တုံ၊ အကြမ်းဘတမ်း။ တဝမ်းဝမ်းနဲ့။ ဘမ်းယူသုတ်ချီခြင်းငှာ၊ နသက္ကောန္တိ၊ အကြမ်းကိုင်မဟဲ့လို့။ မဘမ်းနိုင်။ မရှမ်းနိုင်ကြကုန်ပါဘူးတဲ့။

အဲအခါမှတဘန်။ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာပါ၌အပြကို။ အတ္တယောဇနာပြီး။ တောအညာသူတပည့်မတို့။ သိရအောင်တလော။ ဟောရမြောရမှာဖြင့်။

## ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ ယောဇနာကား

စ,ပန၊ အချက်အလက်တွေနဲ့။ ဆက်ချိတ်ဘန်။ တစိမ့်စိမ့်နှုးလောက်အောင်။ မိန့်ဦးမြွန်ထုံ။ တော၊ အာလိန် ၂ ဆင့်က။ သမ္ဘာသိန်တင့်တဲ့အောင်။ အမြင့်ခိုလုံ။ ထိုဂဠုန်တို့သည်။ ဥဒ္ဓရမာနာ၊ ရေ၌ပျော်ပါး။ အဘော်ကြွားတဲ့။ နဂါးတည်းဟူသော အမျိုးယုတ်တို့ကို။ ထိုးသုတ်ချီယူကုန်သည်ရှိသော်။ အတ္တနာ၊ မိမိအောက်။ ဟီနေဝါ၊ အယုတ်ထားတဲ့။ နဂါးတို့ကိုရှင်း။ အတ္တနာ၊ မိမိနဲ့။ သမေဝါ၊ အမှတကူ။ တူမျှလေငြား။ ရေနဂါးတို့ကိုရှင်း။ ဥဒ္ဓရိတုံ၊ အယုတ်မျိုးဟွဲ့လို့။ တကုတ်ကုတ်တကြို့ကြို့နဲ့။ သုတ်ထိုးချီယူခြင်းငှာ။ သက္ကောန္တိ အကြမ်းဘတမ်းကိုင်ကိုင်ပြီး။ ရှမ်းနိုင်ဘမ်းနိုင်ကုန်၏တဲ့။ အတ္တနာ၊ မိမိထက်။ ပဏီတတရေ၊ တံခွန်လျှပ်ထက်ကဲ့သို့။ မွန်မြတ်သောနဂါး

ထို့ကို။ ဥဒ္ဒရိတု၊ တန်ခိုးနှုပ်တဲ့။ အမျိုးယုတ်ဟဲ့လို့။ ထိုးသုတ်ချိယူ ခြင်းငှာ။ နသဏ္ဍောဘန္တု၊ အကြမ်းကိုင်မယဲ့လို့။ မဘမ်းနိုင် မစွမ်းနိုင် ကုန်ပါဘူးတဲ့။ ။ဟီသန္တု၊ ထိုစကားသည်။ မှားကောန်မှန်၏။ (ဝါ) ထိုစကားကို။ အသွားတလှဲ့တူးပြီး။ ချွဲဦးတဲ့။ အနုဒ္ဓရိယာ၊မသုတ်ထိုး။ မချိယူနိုင်ကုန်တဲ့။ (ဝါ) သုတ်ယူကိုင်ဘမ်းခြင်းငှာ။ မစွမ်းနိုင်ကုန်တဲ့။ နာဂါနာမ၊အခြားတဘို့တည်းဟူသော နဂါးတို့သည်။ မည်သည်ကား။ သတ္တဝိဓေါ၊ တံခွန်အလားကဲ့သို့ အမွန်ထားလောက်တဲ့။ ၇ ပါးအပြား ရှိကုန်၏ တဲ့။

## အဲဒီ ၇ ပါးသော နဂါးတို့ကား။

၁ ပဏ္ဍုတတရာ။ ။အလွှန်အလွှန်။ ချွန်ထက်ချွန်ပြီး။ မွှန်မြတ်ကုန်သောနဂါးတို့ရှင်း။

၂ တမ္ဗလသာတရာ။ ။တဟန်လှတဲ့။ တမ္ဗလနဂါး။ အမှတ်တရ။ ဒြပ်လှတဲ့။ အသာတရနဂါးတို့ရှင်း။

၃ တေရစ္ဆာ။ ။တေရစ္ဆနဂါးတို့ရှင်း။

၄။ သတ္တသီစန္တရဝါသီနော။ ။တောင်စဉ် ၇ ထပ်။ရံပတ်တည်ရာ။ သီတာသမုဒ္ဒြာ၌ နေကုန်သော နဂါးတို့ရှင်း။

၅ ပထဝိဋ္ဌကာ။ ။ပရမသေနင်းမယ့်လို့။ အခွေစင်းစင်းပြီး။ မြေအတွင်း၌မကောင်းနေကြသော။မြေနဂါးတို့ရှင်း။

၆ ပဗ္ဗတဋ္ဌကာ။ ။တတောင်တောင် ပျူဦးနှင့်။ တောင်အတွင်းက။ တောင်တွင်းနဂါးတို့ရှင်း။

၇ ဝိမာနဋ္ဌကာ။ ။ဘောဂဝတီ။ရွှေအောက်ဖိတဲ့။ ငွာနီရိပ်မျှ။ အဟိတ်စံသည့်။ ဗိမာန်အတွင်း။ ပျူဦးဝေါ်ကြသော။ ဖြစ်သွားတဲ့။ နတ်နဂါးတို့ရှင်း။

ဤတိ၊အနိုသို့။သတ္တဝေါ၊အမွန်အားဖြင့်။ ခုနစ်ပါးတောင်အပြား ရှိကုန်၏တဲ့။

ထပြန္ဓဝစနေ ဆိုခဲ့ပြီးကြသော။ ထိုစကား၌။ အဏ္ဍဇာဘိနံ။ အဏ္ဍဇ၊ ဇလာဗုဇ၊ ဂန္ဓဿေဒဇ၊ဥပပါတိက၊ဟု ဆိုအပ်တဲ့။ ဇာတ်၏ဟိတ်

အခြေအနေဆိုးတဲ့။ ပဋိသန္ဓေ ၄ မျိုးတို့တွင်။ ဇလာဗုဇာဒယော၊ ဇလာဗုဇ, ဂဗ္ဘသေယျက, ဥပပါတိက, ဟုဆိုတဲ့ နဂါးတို့သည်။ ပဏ္ဍိတရာ၊ တံခွန်တလျှပ်လျှပ်မှာ။ အချွန်ထပ်သလို။ မှန်မြတ်ကုန်၏။ (၀ါ) ဓါတ်သဘောအားဖြင့်။ မြတ်သောနဂါးတို့ပေတည်းတဲ့။ တော၊ ထိုခဲ့ပြီးငြား။ ထိုနဂါးတို့ကို။ တေပါ၊ လက်ပံရှင်။ နှစ်ဆင့် အာဒလိန်ရှင်က။ ဗျူသေနင်၊ တရိုလ်ထွက်တဲ့။ ထိုငှက်ဂဠုန်တို့သည်။ အနုဒ္ဓမိယာ၊ တန်ခိုးမနုပ်သော်လဲ။ အမျိုးအရိုးဟုတ်လေတော့။ မထိုးမသုတ်နိုင်ကြဘူးတဲ့။ ။ကမ္ဗလသာတရာပန၊ အလျှံပြုနိုင်တဲ့။ ကမ္ဗလ နဂါး။အမှတ်တရ။ ခြပ်ပြုနိုင်တဲ့။ အဿတရ၊ မည်ရထင်ရှား။ နတ်နဂါးတို့သည်ကား။ နာဂသေနာ့ပတိနော၊ နဂါးဘောင်တွင်။ စစ်ဘုရင်ကြီးတို့ပေတည်း။ ။တော၊ ထို နဂါး ခေတ်တွင်။ စစ်ဘုရင်ကြီးတို့ကို။ ယတ္ထကတ္တစိ၊ အမှတ်မရှိတဲ့အရပ်၌။ ဒိသွာ၊ ပြကတော့ထင်ထင်။ တွေ့မြင်သည်ရှိသော်။ ယောကောစိ၊ အမှတ်မရှိတဲ့။ သုပဏ္ဏော၊ သုပဏ္ဏက။ ဂဠုန်ရာဇာ၊ တချူဟာဂုဏ်တင်းတဲ့။ ဂဠုန်မင်းသည်။ ဥဒ္ဓရိတုံ၊ တမျိုးဟုတ်ကရောဟဲ့လို့။ ထိုးသုတ်ချီယူခြင်းငှာ။ နသက္ကောတိ၊ တနန်းထိုင်တဲ့။ ကြငှန်းပိုင်ချင်းမို့။ မစွမ်းနိုင်ပါဘူးတဲ့။ ။တေရဋ္ဌာပန၊ တေရဋ္ဌ နာမတွင်ငြား။ နတ်နဂါးတို့သည်ကား။ နာဂရာဇာနော၊ နဂါးတို့တွင်။ တဂုဏ်ထင်တဲ့။ ရှင်ဘုရင်ကြီးတို့ပေတည်း။ တေပါ၊ ထိုတေရဋ္ဌ။ နာဂသနင်း။ နဂါးမင်းတို့ကိုလည်း။ ကောစိ၊ တစုံတရာသော။ဂဠုန်ရာဇာသည်။ ဥဒ္ဓရိတုံ၊ တားတိုက်ရာ။ အရသာဟု။ အသာဝမ်းဝမ်း။ ဘမ်းယူခြင်းငှာ။ နသက္ကောတိ၊ တနန်းထိုင်တဲ့။ ကြငှန်းပိုင်ချင်းမို့။ မစွမ်းနိုင်ပါဘူးတဲ့။

ယေပန၊ မြေအထွားတည်းဟူသော။ အကြင်ရေနဂါးတို့သည်ကား။ သိဒန္တရေ၊ မြှောင်စဉ်ပတ်တဲ့။ တောင်စဉ် ၇ ထပ်တို့အကြား။ စီးသွားဖိလာ။ သိဒ ါမြစ်ဟု ဆိုအပ်တဲ့။ မဟာသမုဒ္ဒေ၊ မြစ်တို့စီးရာ။ အဏ္ဏဝါအချုပ်တည်းဟူသော။ မဟာသမုဒ္ဒရာ၌။ ဝသန္တိ၊ အခြေခိုင်ခိုင်ဖြင့်။ နေထိုင်ကြကုန်၏တဲ့။ တော၊ မြေအထွားတည်းဟူသော။ ထိုရေနဂါးတို့ကို။ ကတ္ထစိပိ၊ တစုံတခုသောအရပ်၌လည်း။ ဧဝိကမ္ပနံ၊ တုန်လှုပ်ချောက်ချားခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မစွမ်းနိုင်ကုန်ပါဘူးတဲ့။ တသ္မာ၊ သို့မို့ကြောင့်။ (၀ါ) အနို့မို့ကြောင့်လည်း

ဟူ၏။ ကောဇီ၊ တစ်ဝတာရာသော ဂန္ဓုန်ရာဇာသည်။ ဥဒ္ဒရိတု၊ အဟုတ်ကြီးသော်လဲ။ သုတ်သိုးချီယူခြင်းငှာ။ နှသကျော့တိ၊ မစွမ်းနိုင်ပါဘူးတဲ့။

(ထို-တဲ့မတို့။ ထိုအဌကထာ မြန်မာစာမူတို့၌ "ဝိကမ္မန်" ရယ်လို့ရှိတယ်။ သီဟိုဠ်ဘာသာရေး- သာရသင်္ဂဟကျမ်းမှာတော့။ "ဝိဓိကမ္မန်" ရယ်လို့ရှိသည်။ ဤကဲ့သို့ရှိသောအလုပ်လဲ။ ယုတ္တိတရဖြစ်တိရကား။ "ဝိဓိကမ္မန်" လှိုင်းတံပိုးတုန်လှုပ်ခြင်းကို-ဟူ၍လည်းအနက်ပေးနိုင်တယ်။ ။ဤကား စကားချပ်။)

ပဏ္ဍဝိဍ္ဍကာဒီနံ၊ မြေအတွင်း၌။ တစင်းစင်းနေကြသတဲ့။ မြေနဂါး အစရှိသည်တို့အသား။ နိလမဟာကာဠော၊ ကိုယ်စီကိုယ်စီ။ ခိုမိုပုန်းအောင်းရာ အရပ်သည်။ အတွိုရှိ၏။ တသွာအနီ့ကြောင့်။ တော၊ တခွေခွေကြွသတဲ့။ ထိုမြေနဂါးတို့ကိုလည်း။ ဥဒ္ဓရိတု၊ တကြိုးကြိုး၊ တကုပ်ကုပ်နဲ့။ အမျိုးအရိုးပါပြုတ်ကရောဟဲ့လို့ ထိုးသုတ် ချီယူခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်ပါဘူးတဲ့။

ယောပန၊ အထင်အရှား။ အမြင့်ထွားတဲ့။ အကြွင်နဂါးတို့သည်ကား။ မဟာသမုဒ္ဒေ၊ မြစ်နှင့်ချောင်းတို့။ စုပေါင်းစီးရာ။ မဟာသမုဒ္ဒရာ၌။ ဦမိပိဋ္ဌေ၊ ရေကာသိုက်းတည်းဟူသော။ လှိုင်းတံပိုးအပြင်၌။ ဝသန္တိ၊ ရေတပိုင်၌။ နေထိုင်ကုန်၏။ တေ၊ ထိုရေကာသိုက်းက။ လှိုင်းနဂါးတို့ကို။ ယောကောဇီ၊ အမှတ်မရှိသော။ သမောဝါ၊ နှစ်ရုံအမှု။ ဂုဏ်ရည်တူသည်လည်း ဖြစ်တဲ့။ ပဏီတတရောဝါ၊ တန်ခိုးလျှပ်လျှပ်။ အမျိုးဇာတ်ဖြင့်။ မြတ်သည်လည်းဖြစ်သော။ သုပဏ္ဏော၊ ပင်လက်ပံဘု။ စိုးအုပ်ခြံတဲ့။ ဂန္ဓုန်ရာဇာ။ ဂုဏ်မဟာသည်။ ဥဒ္ဓရိတု၊ အကြမ်းဘတမ်း။ တငမ်းငမ်းနဲ့။ ဘမ်းယူသုတ်ထိုးခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်ပါ၏တဲ့ ....။ ကြားရဲ့လားကောသာတို့။ တော ါတို့။ကျုပ်တို့ ဒါယိကာမကြီးအရိုးစိမ်းက။ တရားနှာရင်း။ နားအရသာမသွင်းအဲ။ ဖျင်းပျင်းနဲ့ အိပ်နေမှတ်တယ်။

အရိုးစိမ်း။ ။"မှန်လှပါ-တရားဟောတဲ့ ရသေ့ပွဲမှာ။ မေ့ကနဲ အိပ်ပျော်သွားမိကြောင်းပါဘုရား"။

ပြော်-တယ်လဲ ထိန့၊ မိခ္ဓ၊ အားကြီးတဲ့ ဒါယိကာမကြီးကို။

အင်း ထိန့, မိဒ္ဓ ဆိုတာ။ ဝိရိယကိစ္စကို။ ဘိဇ္ဇနဖြစ်စေတတ်သယ်။ တယ်လဲ အဆိပ်မကြီးနဲ့ ဒါယိကာမကြီး ကြားရဲ့လား။

အရှီးစိမ်း။ ။"ဦးထိပ် ရွက်ဆင်ပါရဲ့ဘုရား"။

အဲ-အထက်က၊ အကျက်ကျယောခဲ့ ပြောခဲ့တဲ့အတိုင်း။နစ္စော ပန္န စသော နဂါးကောင်ကြီးတို့ကိုမှကား။ ဟုဟုညှားညှား။ အဝါး မဝတဲ့ ဂဠုန်ငှက်တို့သည်။ အသက်ကို ရန်မရှာနိုင်ဘူးတဲ့။ အနို့ သော်လည်း။ ယောဂယျနည်းအားဖြင့် နဂါးအလုံးစုံတို့မှာ။ ဂဠုန်တို့ ကိစ္စကြောင့်။ အနိစ္စဖြစ်တတ်ကြောင်း၊ ဂဠုန်တို့ သုတ်ကြသဖြင့်။ဒုက္ခ ဖြစ်တတ်ကြောင်း။ ဂဠုန်တို့ သတ်ကြသဖြင့်။ အနတ္တမျိုး။ တန်ခိုး တရှုတ်ရှတဲ့။ အစိုးရ မဖြစ်နိုင်ကြောင်းများကို။ "ယောကရောတိ သ ကတ္တာ" ဟူသော ကာရကသုတ်၊ "အတောသနေ" ဟူသော နာမ် သုတ်တို့ဖြင့် ရုပ်ပြီးစေတဲ့ ပြယုဂ်ရှိသည်မှာလည်း။

(၁) အဟိနာ၊ မြွေသည်။ နရောလူကို ဓာဇရော၊ကိုက်အပ်၏။

(၂) ဂရုဠေန၊ ဂဠုန်သည်။ နာဂေါ၊ နဂါးကို။ ဟတော၊ သတ်အပ်၏။

(၃) ဗုဒ္ဓေန၊ ဘုရားသည်။ မာရော၊ မာရ်နတ်ကို။ ဇိတော၊ အောင်တော် မူအပ်၏။

(၄) "ဥပဂုတ္တေန၊အရှင်ဥပဂုတ်သည်။ မာရော၊မာရ်နတ်ကို။ ဗန္ဓော၊ ချုပ်နှောင်အပ်သတည်း"လို့။ကစ္စည်းသဒ္ဒါ၌။ မိန့်မှာ ပါရှိလေသည်ဟု ယောတော် ပြောတော်မူရလေ၏။

ယင်းသို့ ယောခိုးပ်ပြောခိုက်တွင်။ သိုက်တကောင်အရာ၌။လွန် စွာ ဝါသနာပါရှိတဲ့။ ကမည့်မ တေသာဝတီ၏ အမျိုးတိုးသူတော် မောင်ဆိုသူလည်း အနားမှာရှိသဖြင့်။ သိလိုတဲ့အရေးနဲ့။ မေးလား စမ်းလားလုပ်ပြန်သည်မှာ။ "ဆရာယောဂီ။ တောဘိုကစိန်။ သူမိန့် ဘုရား။ ကြားသိရရှိဘူးတဲ့။ ဦးကျော်လှဆိုတဲ့ တက္ကသိုလ်။ မြွက်ဆို ရေးစပ်ခဲ့ဘူးသည်။ ထူးမြွတ်တဲ့ သံချိုတကောင်သံတပုဒ်။ ကျုပ်တို့ ရရှိဘူးသည်မှာ။ အနို့လိုဖြစ်ပါတော့သည် ဘုရား" ဟု လျှောက်ထား ပြီး။ တောက်နားက တကောင်သံကို။ ဘုလောင်ဆန်အောင် ရွတ်ပြ လေ၏။

မောင်းထောင် ဦးကျော်လှ ရေးသားခဲ့သည့်
နဂါး ဂန္ထုန်တွဲ တဘောင်သံချို။

သောင်းလောက မြေလာကျိုး။ သဗ္ဗာဉ် မြတ်စွာဘုရားငယ်နှင့်။ သိကြား ဂဝံပတော့ ငွေမြင်။ ရသေ့ ဈာန်ပျံ့ပ၊ မေ့နိကန် ဆိုသည့်သိုက်။ ကိန်းဆိုက်လို့ ကြုံချေပြီ။ ။ဆိုစကားမှာတော့။ နဂါး ဂန္ထုန်သုတ်။ တုန်လှုပ်ခါ မြေဝသုန်နှင့်။ ယမုန်ရေဆူခါလောတော့။ ဥရောပါ ကောလာရပ်မှာဖြင့်။ ရှုရှတ် ဂျာပန်နှင့်။ သဗ္ဗလုံကြေပျက်စီးကြ။ မြေကြီး သွေးရေပေါက်တွေက။ စီးချောင်း လျှံ၍ မောက်ဆည်ဟု။ စကားအ မှန်တဲ့။ ကြွားရမြန် ကြုံလို့ ကြောက်မိ။ သံနောက်လို့ညို။ ခေါ်လေး လီအမှန်ထားခဲ့။ နဂါးရေနဂါ၊ ပါပခေါ် လျှင်ဖြစ်ပါမို့။ သူရခွေတယုံ ပြုဝ်လို့။ ဂန္ထုန်ပယ် အဟုန်နှင့် ဖြတ်ပါလိမ့်။ လောကခေါ်ဇမ္ဗူဒီ။ ကမ္ဘာမို့သစ်လင်း။ ။ချမ်းသာရန် မြန်မာတော်မှာတော့။ တနေ့သာသာ လိုတော့။ နဂါးကိုဂန္ထုန်သုတ်။ တုန်လှုပ်ခါ မြေဝသုန်နှင့်။ ယမုန်ရေ ဝကာယတ်။ ရှုရှတ် ဂျာပန်နှင့်။ တိုက်ကြရန် သည်အမှု။ မည်သူ့ကို မည်လို ဖြစ်စေဟု။ ညှိညာစ်ခါ မေတ္တာမတုံကြနှင့်။ စစ်ဆုံးလျှင် ဟို ပြည်သားတွေတို့။ ကြေမွှားကာ ဘာသာ ပျောက်ပါလို့။ ငါတို့သခင် မချို့ ပလ္လင်၊ မောက်သလိုပ။ တုန်းတောက်သည့် မင်း....တဲ့

အဲ အနိုးသံချိုရဲ့။ ဆိုလိုရင်း အဓိပ္ပါယ်ကို။ လွယ်လွယ်နှင့် ရှင်းပြီး။ ကျဉ်းကျဉ်းဟောစေချင်ပါတယ် ဆရာမှိုင်းဘုရား။

ယင်းသို့လျှင်။ သကြင်တိုးသူတော် ငမောင်၏ တဘောင်သံချို ၌။ အဆိုအမိန့်။ ချီဆိမ့်သောအရသာသဘောများကို။ ထိုမည်သော "ဂန္ထုန်ပျံ့ဗိမာန်ဋီကာ" အတွင်း။ ရှင်းလင်းဟောပြောရမည် ဆိုသော်။ ထိုသရော်ကာလ။ နေရာ မကျနိုင်သေးချေ။ ရေးသားစီရင်တော်မူဦး လတ္တံ့သော "ဂန္ထုန်ပျံ့ကျမ်း" တည်းဟူသော။ ကျမ်းကြီး အတွင်းမှာမှ။ အတိ အလင်း။ ထည့်သွင်း ဟောပြောတော်မူမည်ဟု။ အနိုလိုပြော ဆိုနေတုန်းတွင်။ မြန်ကာနဲ့ဆို။ ထိုမည်သော ပဋ္ဌမကျော်အောင်ပန်း ကို။ ဆင်မြန်း ပန်ဆင်တော်မူလိုကြတဲ့။ ပုညရှင် တောင်စောင်း ချောင်အပေါင်းက။ ရှင်းသို့သောဥက္ကဋ္ဌရာတို့။ ခုဋ္ဌာတို့သည်။ ဤမည်

သော ဆရာ့ထံတော်မှောက်သို့။ ဓာတက်လာကြပေရကား။ တရား နာ ပရိသတ်အပေါင်း။ သူတော်ကောင်းတို့လည်း။ အလိုက်သိစွာ။ နေရာမှထ၍။ ပြန်သွားကြလေကုန်၏။

အဟမ်း,အဟမ်း။ ဟဲ့ဥက္ကာရာ။ သမာသ်ရုပ်တွေကို။ အဟုတ် အဟုတ်- ကြေကြေတွက်ကြရဲ့လား။

ဥက္ကာရာ။ "တွက်ကြပါရဲ့ဘုရား။ တက်မိသမျှ ဓာမှာဖြင့်။ သုတ်ပြီး ရုပ်ပြီးချည်းပါပဲ"။

အနို့ မေးစမ်းပရစေဘို့။ ဓာလိုက်လာနေကြ။ ဂဃာကသာပ ချောင်က။ မာလာရီတို့။ သာမာဝတီတို့ကို မမြင်ပါကလား။ ဖျားနာ များ နေကြရော့လား။

ချူ့ဇာ။ ။"မဖျား မနာကြပါ ဘုရား။ သူတို့ ဂဃာကသာပ ချောင်-တချောင်လုံးကို။ မန္တလေးရွှေမြို့တော်က ဆွမ်းစားပင့်သွား ကြောင်းပါဘုရား"။

အင်း- မန္တလေးသူ မန္တလေးသားတွေရဲ့။ ဆွမ်းကျွေး-သွား တယ်လို့ကြားရ။ များစွာတဲ့ သာဓုခေါ် ဆိုထိုက်ပါပေတယ်။ ။ ကိုင်း-ဆိုဆို။ ဘယ်သုတ် ရောက်ပလဲ-ဟု မေးတော်မူရာ။ ဥက္ကာရာ က-အောက်ပါအတိုင်း ဘတ်လျှောက်လေ၏။

သဒ္ဒါ,သမာသ်ကို။ ဓာတ်ကောင်းစွာ ဖော်ပြသည်။

"အညပဒတ္ထေသုဗဟုဗ္ဗီဟိ။ ။ အညေသံပဒါနံအတ္ထေသုဒွေ နာမာနိ,ဗဟူနာမာနိ,ယဒါ သမဿန္တေ။ တဒါ သောသမာသော ဗဟုဗ္ဗီဟိသညော ဟောတိ။ ......... ပဝရ- သုရာ, သုရိ, ဂရုဠ, မနုဇ, ဘုဇဂ, ပန္နဂ, မဟာရုဂ, ကုဂ, ဗုဗ္ဗိတ, သေလ- သံဃဋ္ဋိတ-စရ ဏော။ ။

(က) သုရာစ, အသုရာစ, ဂရုဠာစ, မနုဇာစ, ဘုဇဂါစ,ပန္နဂါ စ-သုရာ,သုရိ, ဂရုဠ,မနုဇ, ဘုဇဂ,ဂန္ဓဗ္ဗာ။

(ခ) ပဝရာစတေ၊ သုရာ,သုရိ-ဂရုဠ, မနုဇ,ဘုဇဂ, ဂန္ဓဗ္ဗာစေ တိ-ပဝရ,သုရာ,သုရိ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာ။

(ဂ) ပဝရ-သူရာ,သုရ,ဂရုဠ,မနုဇ, ဘုဇဂ,ဂန္ဓဗ္ဗာနံ, မကုဋာ
နိ,ပဝရ-သူရာ,သုရ, ဂရုဠ,မနုဇ,ဘုဇဂ,ဂန္ဓဗ္ဗ,မကုဋာနိ။

(ဃ) ပဝရ- သူရာ,သုရ,ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋာ
နံကုဋာနိ, ပဝရ- သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,
ကုဋာနိ။

(င) ပဝရ- သူရာ,သုရ,ဂရုဠ, မနုဇ,ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,
ကုဋေသု, စုမ္ဗိတာ- ပဝရသူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကု
ဋ, ကုဋ,စုမ္ဗိတာ။

(စ) ပဝရ- သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,
ကုဋ, စုမ္ဗိတာ စတေသေလာစာတိ,ပဝရမ, သူရာ,သုရ, ဂရုဠ, မနုဇ,
ဘုဇဂ,ဂန္ဓဗ္ဗ,မကုဋ,ကုဋ, စုမ္ဗိတ,သေလာ။

(ဆ) ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,
ကုဋ, စုမ္ဗိတ, သေလေဟိ, သံဃဋ္ဋိတာ, ပဝရ-သူရာ, သုရ, ဂရုဠ,
မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ,ကုဋ,စုမ္ဗိတ,သေလ,သံဃဋ္ဋိတာ။

(ဇ) ပဝရ-သူရာ,သုရ,ဂရုဠ,မနုဇ,ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,ကုဋ,
စုမ္ဗိတ, သေလ, သံဃဋ္ဋိတာ, စရဏာ, ယဿတထာဂတဿသော
ယံ,ပဝရ - သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, စုမ္ဗိတ,
သေလ, သံဃဋ္ဋိတ,စရဏော။ တထာဂတော။ အယံပန- ဒွန္ဒကမ္မဓါ
ရယ- တပ္ပုရိသ, ဂဗ္ဘော- တုလျာဓိကရဏ- ဗဟုဗ္ဗီဟိ။ တဲ့...
ဘုရား"

ကိုင်း မောပလား။ မောလျှင်- အညီတွင်ဘဲ ဖြတ်လိုက်ပေဦး
တော့။ အနက်ကို ချတော့မည် ဆို ဆို။ ။"အညပဒတ္ထသို့။
သမာသ်ပုဒ်မှတပါးကုန်သော ပုဒ်တို့၏ အနက်၌။ ဗဟုဗ္ဗီဟိ၊ ဗဟုဗ္ဗီ
ဟိ, ဟူသော အမည်ရှိ၏...တဲ့။ အဲအနက်ကတော့- ရှယ်တွက်ဘို့။
သုတ်နက်တဲ့။ အင်း-ရှေးကဗုဒ္ဓနက်ကတော့။ မခက်ပါဘူး။ ဘာခက်
မလဲ။ "ပါဠိတချက်။အနက်သယ်တွေ" ဆိုသလို။ ထိုထိုသို့သောအနက်
ညာဏ်မှာ။ ထက်သန်နေတဲ့ တပည့်မတွေကတော့။ကဲ-ထဲ ပြယုဂ်အနက်ကို။
တချက်ဆိုလိုက်အုံးဟု ပြောပြီး။ တလောသက်တော် မျှမြှင့်သည်မှာ။

ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ,
စုမ္ဗိတ, သေလ, သံဃဋ္ဋိတ-စရဏာတိ, ပဒဿ။ ပဝရ-သူရာ,သုရ,

ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ, စုမ္ဗိတ, သေလ, သံဃဋိတ, စရဏောဘဟူသောပုဒ်၏ ဝိဂ္ဂဟော၊ဝိဂြိုဟ်ကို။ဓော်၊အနီးသို့။ ကာသတမ္ဗော၊ ပြုအပ်၏။

(က) သူရာစ၊ နတ်တို့လည်း။ အသုရာစ၊ အသူရာတို့လည်း။ ဂရုဠာစ၊ ဂဠုန်တို့လည်း။ မနုဇာစ၊ လူတို့လည်း။ ဘုဇဂါစ၊ နဂါးတို့လည်း။ ဂန္ဓဗ္ဗာစ၊ ဂန္ဓဗ္ဗနတ်တို့လည်း။ သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာ။ နတ်အသူရာ, ဂဠုန်, နဂါး, ဂန္ဓဗ္ဗနတ်တို့။

(ခ) တေဇနာ၊ ထိုသူတို့သည်။ပဝရာစ၊ မြတ်ကုန်သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာစ၊ နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ အနီး ကြောင့်။ တေဇနာ၊ ထိုသူတို့သည်၊ ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာ။ ပဝရ, သူရာ, သုရ,ဂရုဠ,မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ မည်ကုန်၏။

(ဂ) ပဝရ-သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗာနံ၊ မြတ်ကုန်သောနတ်။ အသူရာ, ဂဠုန်,လူ,နဂါး,ဂန္ဓဗ္ဗ, နတ်တို့၏။ မကုဋာနိ၊ မကိုဋ်တို့တည်း။ ပဝရ-သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋာနိ၊ မြတ်ကုန်သောနတ်, အသူရာ,ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့။

(ဃ) ပဝရ-သူရာ, သုရ,ဂရုဠ,မနုဇ, ဘုဇဂ,ဂန္ဓဗ္ဗ, မကုဋာနံ၊ မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ, နတ်တို့၏ မကိုဋ်တို့၏။ ကုဋာနိ၊ အထွတ်တို့တည်း။ ပဝရ-သူရာ, သုရ, ဂရုဠ မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋာနိ၊ မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်,လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့၏အထွတ်တို့။

(င) ပဝရ-သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋေသု၊ မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့၏အထွတ်တို့၌။ စုမ္ဗိတာ၊ တပ်အပ်ကုန်သည်တည်း။ ပဝရ-သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,ကုဋ, စုမ္ဗိတာ၊ မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့၏ အထွတ်တို့၌ တပ်အပ်ကုန်သည်တို့။

(စ) ပဝရ-သူရာ,သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ,

ကုဋ, စုမ္ဘိတာစ၊ မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗနတ်တို့၏။ မကိုဋ်တို့၏ အထွတ်တို့၌ တယ်အပ် ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုတယ်အပ်ကုန်သော ဝဇ္ဇုတွေမှာ။ သောလာစ၊ ကျောက်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇုတိ၊ တသွား၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ တေ၊ ထိုဝဇ္ဇုတို့သည်။ ပဝရ-သုရာ, သုရ, ဂရုဍ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ, စုမ္ဘိတ, သောလာ။ ပဝရ-သုရာ, သုရ, ဂရုဍ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ, ကုဋ, စုမ္ဘိတ, သောလ, မည်ကုန်၏။

(ဆ) ပဝရ-သုရာ, သုရ, ဂရုဍ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ,မကုဋ, ကုဋ, စုမ္ဘိတ, သောလေဟိ။မြတ်ကုန်သော နတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့၏ အထွတ်တို့၌ တယ်အပ် ကုန်သော ကျောက်တို့ဖြင့်။ သံသဂ္ဂီတာ၊ ထိအပ်ကုန်သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ပဝရ-သုရာ,သုရ, ဂရုဍ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ, စုမ္ဘိတ, သောလ, သံသဂ္ဂီတာ, မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, နဂါး, ဂန္ဓဗ္ဗ နတ်တို့၏ မကိုဋ်တို့၏ အထွတ်တို့၌ တယ်အပ်ကုန်သော ကျောက်တို့ဖြင့် ထိအပ်ကုန်သည်တို့။

(ဇ) ယဿ တဿ ဂတဿ၊ အကြင်မြတ်စွာ ဘုရားအား။ ပဝရ-သုရာ, သုရ, ဂရုဍ,မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ, စုမ္ဘိတ, သောလ,သံသဂ္ဂီတာ။ မြတ်ကုန်သောနတ်, အသူရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ နတ် တို့၏ မ ကိုဋ် တို့ ၏ အ ထွတ် တို့၌ တယ် အပ် ကုန် သော ကျောက်တို့ဖြင့် ထိအပ်ကုန်သော။ စရဏာ ခြေတော်တို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဇုတိသသွား ထိုသို့ရှိသည်၏ သတ္တိကြောင့်။ သော အယံတဿဂတော ထိုမြတ်စွာဘုရားသည်။ ပဝရသုရာ, သုရ, ဂရုဍ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ, စုမ္ဘိတ, သောလ, သံသဂ္ဂီတ, စရဏော။ပဝရ သုရာ, သုရ,ဂရုဍ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗ, မကုဋ, ကုဋ, စုမ္ဘိတ, သောလ,သံသဂ္ဂီတ, စရဏ, မည်တော်မူ၏။ တဿဂတော မြတ်စွာဘုရားကို။ လဇ္ဇတိရ၏....။ ။အယံပနသမာသော ဤသမာသ်သည်။ ဒွန္ဒ,ကမ္မဓာရယ, တပ္ပုရိသ, ဂဗ္ဘာ၊ဒွန်, ကမ္မဓာရည်း, တပ္ပုရုသ်။ အတွင်းငုတ်သော။ တုလျာဓိကရဏဗဟုဗ္ဗီဟိ။ တုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်သည်။ ဟောတိဖြစ်၏...တည်း။

ယင်းသို့လျှင်။ အကြြင်သို့သောသဒ္ဒါသမာသကို။ ချတော်မူပြီးသည်၏ အခြားမဲ့၌။ တပ်မ ပဌမကျော် လောင်းတိုမှာ။ ကောင်းကောင်းကြီး ရုပ်ပြီးစိမ့်သောငှာ။ သုတ်အသီးသီးတို့ဖြင့်။ အနည်းနည်းစီရင်ပုံ များစွာတို့ကို။ သဒ္ဒါကစ္စည်း ကျမ်း၏ အတွင့်မှိရာ။ ဋီကာကျမ်းရင်းများ ဖြစ်ကြပေသော။ (၁) သီဟိုဠ်ရှင်ဝဇီရဗုဒ္ဓိစီရင်သည့် မုခမတ္တဒီပနီ မည်သော နျာသခေါ် ဥဒဿ်ကျမ်း။ (၂) ၎င်းအတွင့်။ ပုဂံ သံပျှင်အမတ်စီရင်တဲ့သံပျှင်ဋီကာ။ (၃) ၎င်း၏ အတွင့်။ ပုဂံ ရှင်ဂုဏသာဂရ စီရင်တဲ့ မုခမတ္တသာရ ကျမ်း။ (၄) ၎င်း၏ အတွင့်။ ပုသိမ် ရှင်ဆပဒစီရင်တဲ့ သုတ္တနိဒ္ဒေသ။ (၅) ၎င်းအတွင့်။ သီဟိုဠ်ရှင်ဗုဒ္ဓပိယ ပြုစုစီရင်တဲ့။ အကြြင်သို့သော ရူပသိဒ္ဓိစသော။ ထိုထိုသို့သော သဒ္ဒါကြီးအတွင့်ကျမ်းဂန်တို့နှင့်။ ဘန်းဆန်အောင်ပို့ချ သင်ကြားတော်မူလေ၏။

ထိုသို့သော သုတ်အထွက်တို့ဖြင့်။ ရှမ်းတွက်ခြင်းကိစ္စတော်ကြီး ပြီးစီးသောကာလ။ သဒ္ဒါနယ သာဂရ၌။ အာဂမယုတ္တိ။ အဟုတ်ရှိပေသော။ ကျုပ်တပည့်မ, ကေသာဝတီက။ ဤသို့မေးလား မြန်းလားလုပ်လေ၏။ အဘယ်သို့ မေးလားမြန်းလား လုပ်ပါသနည်းဆိုသော် "ကိုယ်တော်မှိုင်းကြီး သင်ကြားပို့ချတော်မူတဲ့။ ကစ္စည်းသဒ္ဒါ အလိုမှာ။ ထိုထိုသို့သော နတ်, အသုရာ, ဂဠုန်, လူ, နဂါး, ဂန္ဓဗ္ဗ,နတ်ကယ်လို့။ ၆ မျိုးမျှသာ ပါရှိပါတယ်။ တကယ်ဆိုတော့။ ဗြဟ္မာမင်းကိုကော။ ထည့်သွင်းဘို့ မကောင်းဘူးလားဘုရား" ဟု လျှောက်ထားမေးမြန်းပြန်ချေတယ်။

ယင်းသို့မေးမြန်းသောအလုပ်-စုဒ်ကို။ ကျုပ်တို့က ဖြေရပြောရပြန်သည်မှာ။ ။အို ကေသာဝတီ။ ဤမည်သော နတ်နှင့်ဗြဟ္မာကို မခွဲခြားဘဲ။ တပါးတည်း မိန့်တော်မူဟန်ရှိတယ်ဟု ပြောလိုက်ရာ။ အပါးတော်မှာရှိနေသော တပည့်မကြီး အရိုးစိမ်းက "ဟုတ်လိမ့်မယ် မောင်ရင်မှိုင်းရဲ့။ တပဲ့တော်မတို့ကြည့်တားတဲ့ ရုပ်သေးထဲမှာလဲ။ ဗြဟ္မာနှင့် နတ်တို့၏ခေါင်းမှာဆောင်းတော်မူပုံက၊ သရဖူနှင့် မကိုဋ်သာ ခြားနားတယ်" ဟု လျှောက်ပြန်လေ၏

ထိုအခါ ကျုပ်တို့က- အို ဥပါသိကာမကြီး။ ၎င်းအထက်မှာ ဆရာချရှုံတဲ့။ သဒ္ဒါကပြယ်ဆိုက်ကို။ သရုပ်သကာန်။ ဟုတ်မှန်သလောက်

သိရှိနေလည်း စိမ့်သောငှာ။ ဝိနည်းပဋကာသနီ၊ ဓွယ်စုံကျော်ထင်။ မဟာဝင်စသော များစွာသော ကျမ်းဂန်တို့ကို ပြုစုစီရင်တော်မူခဲ့ပေသော။ ကျုပ်တို့ ကျေးဇူးတော်သခင်။ အရှင်ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီးသည်။ "အစိန္တေယျ။ အပ္ပမေယျ။ သေဌ္ဌဝေဋ္ဌ။ အရဟံ-အနုတ္တရ။ မည်တော်ရလျက်။" သာဓုချီးထားတဲ့။ ဘုရား ၅ ဆူကပ်လက်ာ ဝတ်မ်းကြီးမှာလဲ။ အောက်ပါအတိုင်း စီကုံးတော်မူလေသတည်းဟု ရှုတ်ပြုပုံမှာလည်း။ အောက်မှာရှိလေ။

## သူရာ, သုရ, ဂရုဠ, မနုဇ, ဘုဇဂ, ဂန္ဓဗ္ဗပြယုဂ် ဆောင်ပုဒ်ကြီး။

၁ ပြဟ္မာမင်း။ ။တပြိုင် တည်လျက်။ တပြိုင် ပျက်သော။ တိုက်စကြာဝဠာ။ အာဏာခေတ်နေ။ ကုဋေတသိန်း။ ရောက်ိန်းတည်ဘွဲ့။သုံးဆယ့်တခရိုင်။ပြည်မဏ္ဍိုင်၌။ဦးကိုင်ချုပ်ချာ။ ကိုယ်လျှံဝါဖြင့်။ ဘာဝနာချောန်။ လျင်ထန်ဂုဏ်ပတ်။ ထန်းရိုပ်ထိုထက်။ မြားမထွက်မှီ။ စကြာဝဠာနရန်း။ ပျံသန်း ကူးကြ။ ကွန့်မြူးကြသော။ သုဒ္ဓါဝါသပြဟ္မာမင်း။

၂။ သကြားမင်း။ ။သတ္တရဋ္ဌနိ်သိဂါ။ ညီလာခွေပတ်။ရေရပတ်ရှစ်ရံ။ ငါးဆင့်ခုံထက်။ လေးဟုန် ရောင်ညီ။ လောင်လီလီသော။ ကိရိဗဟိုဠ်။ မြင်းမိုရ်ိသာခေါင်။ ရွှေတောင်မဏ္ဍုလ်။ သောင်းမြင့်ထက်။ တေဇထူးမြတ်။ နတ်နတ်သပေါင်း။ ဒိုအောင်းစရာ။ အမရာဝတီ။ ဋ္ဌာနီသုဒဿန။ အယုဇ္ဈသူမိန်။ ပြည်ဝတိန်၌။ သူရိန်တောင်သောင်း။ ရောင်ပေါင်းမြူးသင်။ကူးကောပယ်သော။ နဝရတ်ဗိမာန်။ နန်းဝေယန်ဖြင့်။စိုးစံသပျော်ပါ။နတ်တလွှားကိုပိုင်ကားရှုပ်ချုပ်။ မင်းပြုလုပ်သော။ဝိဇယုတ္တရ။ဝဇီရ,ဟတ္ထ။မဃဝဒေဝရာဇ်မင်း။

၃။ အသူရာနတ်မင်း။ ။မြင်းမိုရ်တောင်အောက်။ခနောက်မြိုင်။ ညပ်ကိုင်သုံးခုတို့၏အကြား။ ငွေပြားကျူလွှာ။ မန္တာသိမြူ။ယူဇနာပေါင်း။ ထသောင်းကျယ်မြော။ မြေတကြော၌။ ဝသောနာသာရ။ နာမတူမည်။ ရွှေပြည်ကြီးသခင်။ မြသွင်ပိုးရွက်။ ရွှေခက်

ပွင့်ဝတ်။ သရွတ်ကြွင့်နီး။ ပင်နန်းဦးကိုင်။ စိုးပိုင်ချုပ်ချာ။ ကျော်ဇွန်ဝေါ သော။ အသူရာနတ်မင်း။

၄။ ဂဠုန်မင်း။ ။မေရုသမန္တ။ ဒုတိယအာလိန္ဒာ။ ယုဇနာ ဆယ်ပြန်။ လက်ပံရွှေဘုံ။ ပင်ရိပ်မြုံ၌။ ဂဠုန်အရပ်ရုပ်။ ဇာတ်ပင့်သိန်း။ လေးတန်ကွဲပြား။ ငှက်အများကို။ ကြီးမားဘုန်းဟုန်။ စိုးအုပ်ချုံသော။ ဂဠုန်ငှက်မင်း။

၅။ လူမင်း။ ။ရှစ်ဝင်းအတ္တဝါ။ ဒီပါနှစ်ထောင်။ ဝန်းခြောင် ရံပတ်။ လောကခေတ်ကို။ နှိပ်ကွပ်နှံ့လှစ်။ စိုးမည်ဖြစ်ကို။ ဆုနစ်တရာ။ ရှည်စွာကာလ။ ရွေးမဆုတ။ လောကဖြူဟာ။ နတ်သူရာတို့။ သြ ဘာနိမိတ်။ တိတ်တခေါင်ပေး၍။ ဟစ်ကြေးကြော်ငြာရံသဖြင့်။ လောကပရမေ။ ပဒေသရာဇ်။ ကေရာဇ်။ ဘွင့်လှစ်ကာဓတ်။ နန်းစံ ထီးဆောင်း။ မင်းအပေါင်းနှင့်တကွ။ ဆယ့်သ ယုဇနာ။ မိုလ်ပေါ် ပရိသတ်။ ဝန်းရံပတ်လျက်။ ရဟတ်စက်လျှံ။ ယာဥ်ပျံစီးလစ်။ လေး ကျွန်းရစ်၍။ နတ်စစ်နှစ်ပြည်။ ဆက်ရှည်စိုးတင့်။ တန်ခိုးပွင့်သော။ လူမင်းအတွတ်။ စကြာဝတ်မန္ဓာတ်မင်း။

၆။ နဂါးမင်း။ ။ကျယ်ဝန်းယုဇနာ။ ငါးရာပြောဝ။ ဘော ဂဝတီ။ ရွှေညီရုံ။ ကမ်းငွေလှုထက်။ ဝိရူပက္ခ။ ဧရာပထ။ ဆဗျာပုတ္တ။ ကဏှာဂေါတမ။ နဂါလေးမျိုး။ ရေနတ်မျိုးကို။ ပိုင်စိုးရသဖြင့်။ သော ရပ်သံ။ အလျှံခြောင်းခြောင်း။ မျက်စောင်းလက်နက်။ ဇွန်တက်ညီး ညီး။ လောင်မီးမကာ။ ပြင်းထန်လှသော။ ဘုဇဂရာဇာ။ မဟာရေနတ် မင်း။

၇။ ဂန္ဓဗ္ဗ နတ်မင်း။ ။နာဂဂုတ္တမ။ စတုဿ အာလိန်။ ရိပ်ငြိမ် ခရိုင်။ နိုင်ငံနတ်ရပ်ဝယ်။ ဂန္ဓဗ္ဗမျိုး။ တန်ခိုးဇွန်ဆူ။ ဟူ ဟူ ဟာ ဟာ။ သညာအမည်။ အတည်တည်အဝဝ။ ပဉ္စသိခ။ သုံးယာမနတ်။ ဂန္ဓဗ္ဗ ဇာတိ။ ရှိသရွေ့နတ်ဘုံ။ အလုံးစုံကို။ အုပ်ချုပ်ပိုင်သ။ အာဏာရှိသော။ ဂန္ဓဗ္ဗနတ်မင်း။

ဤမင်းခုနစ်ဦးတို့သည်။ အထူးသဖြင့်။ အတင့်အတယ်။ ချယ် လှယ်ဆန်းပြား။ တမွတ်ထား၍။ ပတ္တမြားစိန်ခဲ။ ပုလဲသန္တာ။ နီလာ ဂေါမုတ်။ ဥဿဘတရား။ မြတ်ကိုးပါး ရတနာကို။ သင့်ရာ သင့်ရာ ချယ်စီ၍။ ဇမ္ဗူဒီကြက်သရေ။ သပြေပယ်ခြစ်။ ဇမ္ဗူရင်သီကိ။ ရွှေစေ

တို့ဖြင့်။ မြွေစိသွန်းခတ်။ လုပ်ဆောင်အစ်သော။ သင်းကျပ်ဦးစိုက်နှင့်ထားတွ။ အနဂ္ဃ၊ အနဂ္ဃ။ အဝိညာဏက-ရတနာတွင်။ မင်္ဂလာအခေါင်ပုံဆောင်နိုင်းခိုင်းခြင်းငှာမအယ်။ မင်းမြတ်ခုနှစ်ပါးတို့ ဦးဖျားထိပ်မြင်ဝယ်။ ဆင်ယင်စိုက်ထူသော။ သရဖူဂိုက်ညွှတ်။ မကိဋ်ထွတ်ဦး။ သွင်းသွတ်စေ စပ်။ မြဲစွာညှပ်ရှဲ။ တပ်အပ်သောရတနာ။ စိန္တာမဏိ။ ဇောတိရသ်ပဒ္မမြား။စိန်မှုးဖျားဦးသာဝါးနှစ်မြွာ။ ရွှေစကြာဖြင့်။ ခိုက်ခါထိပါး။ နင်းသွားစမွယ်ခြင်းငှာ ထိုက်တော်မူသောကြောင့်။နတ်အသုရာ ဖြဟ္မာ သိကြား။ နဂါး ဂဠုန်။ ကုမ္ဘဏ် ဂန္ဓဝ်။ စက္ကဝတ်သနင်း။ အမင်းမင်းတို့၏သခင်။ ဓမ္မစကြာရှင်။ သမ္မာတကာတို့၏ မီပတိ။ အပရိမာဏ်။ ရွှေညာဏ်တော်အရှင်။ အနန္တဂုဏ်အခင်။ မဂ္ဂင်ပါရဂူ။ ဖြစ်တော်မူသော။ သုံးဘုံသူကောင်း။ ရှင်ချစ်ကိုယ်တော်မြတ်ဘုရား....တဲ့။ ကြားကြရဲ့လား။

ကဲသွားကြပေအုံးတော့ သွားကြပေအုံးတော့။ဝက်ဘာချောင်က။ အလင်္ကာတောင်- ထက်ရအောင် လာကုန်ကြပြီ။ ပုညဝတီ ဘယ်ဆီရောက်ပလဲ။ ကဲကဲ ဆိုစမ်း ဆိုစမ်း။

ပုညဝတီ။ ။"မှန်လှပါ။ ယထာဝါ။
ဝိနယကောဝိ နာဂေါသိ။ ဂေါတမောသိ မဟာမတိ။
ပဏီတောပိ-ရသာပေတော။ စိတ္တ မေ-သာမိ တောဂတီ"။
တဲ့ဘုရား။

## အလင်္ကာကိုချတော်မူပုံ။

ဩော်-ဝိရုဠှကဿနှရခေါသကို။ လျောကျအောင်လှည့်ဖယ်တဲ့။ ပရိဟာရ်ဂါထာကိုး။ ကဲ- ကဲ- အသံတိုး။ ရေ့နားရောက်အောင်တိုး။ အမျိုးမျိုးသော စာတွေပေတွေချရတာကလဲ။ အားတယ်လို့ ဘဲ မရှိရဘူး။ တပည့်မ ပေါများတော့။ တောကြား တောင်ကြားမှာတောင်။ ရှောင်ရှားလွှဲဖယ်လို့ မရနိုင်ဘူး။ ထူးလဲထူးတဲ့ ဒုက္ခဘဲ။ ကဲ ကျုပ်ဒကာမတို့။ သိကြပေအုံးတော့ ဆိုကြပေအုံးတော့ဟု ပြောပြီး။ ထလော စာချတော်မူဟန်ကား။

“ယထာဝ ါ၊ဝိရုဠှတ္တနုရဓေါ်သရဲ့။ လျောကျစေရာ။အခြေါ်ဂါ ထားအကိုး။ တမျိုးတသွယ်။ အဘယ်နည်းဟုဘိမူ။ “ဝိနာယကော ပီ။လေ။တေဂတိ, ဟူသည်တည်း။ ။သာမိ၊ အရှင်သခင်။ ကျွန် ထိုပ်တင်။ ဝိနာယကောပိ၊ ပြောင်တဂုဏ်ထက်။ တောင်ဟုန်သွက် တဲ့။ ဂဠုန်ငှက်စစ်။ ဖြစ်ကြီးဖြစ်လျက်လည်း။” နာဂေါ၊ မားမားတင်း တင်း။ ပါးပပြင်းနဲ့၊ နဂါးမင်းသည်။ အသိ၊ ဖြစ်ဘိ၏။ ဂေါ်တမောပိ၊ ကုလားတသိုက်။ အသားကြိုက်တဲ့။ နွားမိုက်အစစ်။ ဖြစ်ရရှာတုံ လျက်လည်း။ မဟာပတိ၊ အသီးသီးဟောဟောပြီး။ အနည်းနည်း ပြောတို့။ ကြီးသောပညာရှိ၏။ ပဏ္ဍိတောပိ၊ အလွန်ထယ်လောက်တဲ့။ မှုန်မြတ်သောအောဇ ဖြစ်တုံလျက်လည်း။ ရသာပေတော၊ ဥစ္စာ ထမင်းဟင်းကဲ့သို့။ အရသာမှုကာင်း၏။ တော၊ အကျွန်ုထိပ်တင်။ မြတ် သခင်၏။ ဂတိ၊ စနစ်မလှ။ ခေတ်မကျတဲ့။ ဖြစ်ရပုံသည်။ မေ၊ အလို့ တော်ကျလျှင်ဖြင့်။ ပွဲတော်ရတဲ့။ တပဲ့တော်မအား။ စိတ္တာ၊ တမူးမူး တဝေဝေနဲ့။ တရွှးရွှးနေလောက်လောင်။ ထူးပေဆန်းပေ၏။

တဲ ဒီအနက်ကတော့။ ဖွက်သည်ကိုမသိလေတော့။ ထင်မိထင် ရာ။ ပေးချင်ရာပေးတဲ့။ မလေးမခန့်။ နန့်တန့်တန့်-အနက်ဖြစ်ရကား စကားရေ့နောက်။ ညှောက်ညရက်။ နောက်ပျက်ပျက်-ဂလန့်တ ကျင်ကဲ့သို့။ ဆန့်ကျင်ဘက်ချည်းဟု။ တနည်းမှတ်ကြရမည်။ အနိမ့် တချက်။ ဖွက်သည်ကိုသိ၍။ ထိထိရောက်ရောက်။ ပင်္ဂြေလျှောက် အနက်ကို၊ တချက်တည်းပေးပုံမှာ။

“သာမိ၊ ခဏတပည့်-နတ်ဖြူဟူတို့ရဲ့။ သဏ္ဍာ, ဘာဂဝတည်း ဟူသော။ မြတ်စွာဘုရား။ တွံ၊ ရှင်ပင်ဘုရားသည်။ ဝိနာယကောပိ၊ မမှားမစောင်း။ တရားကြောင်းနှင့်။ အသွားကောင်းအောင်။ ခေါင်း ဆောင်တော်ကြီးအစစ်။ ဖြစ်တော်မူ၍သာလျှင်။ နာဂေါ၊ မကောင်း မှုကို။ မပြုတမ်းသာ။ အလှမ်းကျွာတဲ့။ ရဟန္တာသည်။ အသိ၊ ဖြစ်ဘိ ၏။ ဂေါ်တမောပိ၊ အဝေဝေဝ၊ အဝေဝေဝတနဲ့။ ပြောပလောက်တဲ့။ ဂေါ်တမအနွယ်လဲ။ တကယ်ဘဲဖြစ်တော်မူ၏။ ပဏ္ဍိတောပိ၊ ဖြစ် ပေါ်ပေါ်။ ဇာတ်အဆောနဲ့။ မြတ်သောမင်းမျိုး,ချင်းမျိုး၌ဖြစ်လျက် လဲ။ ရသာပေတော၊ အပလိမ်းဘဝတွင်ဖြင့်။ တယိမ်းယိမ်းက,မြဲ, လို့ခို့။ မိန်းမတို့နှစ်ခြိုက်ပြီး။ ချစ်ကြိုက်မှုအကြိမ်ကြိမ်တွေနဲ့၊ မိန့်ရော

ဘာလ။ စိန်မဟာ၊ စိန်မဟာလို့ တရတဲ့။ သိင်္ဂါရ ရသ အစရှိတဲ့။ ကြည့်စရာပွဲလမ်းသဘင်။ ပျော်ရွှင်မှုအဝဝ— အမျိုးမျိုး အစားစားတို့ရဲ့ပြင်။ နဋ္ဌရသကိုးပါးတို့နှင့်။ များများကြီး ကင်းရှင်းတော်မူပါပေ၏။ သော၊ အကျွန်ုပ်တင်။ မြတ်ရှင်ပင်၏။ ဂတိ၊ စနစ်ကျကျ။ အစစ်လုတဲ့။ ဖြစ်ရပုံသည်။ မေ၊ တကဲ့ အဘော်အလှော်ရတဲ့။ တပည့်တော်မအား။စိတ္တာ၊အတန့်သဘောပေတဲ့လို့။ ခန့်ခန့်ကြီးပြောပြေပြီး။ ထုံပြဘွယ်အစစ်။ ဖြစ်ရချေတယ့်တဲ့" ....။

ယင်းသို့သော အမိန့်အဆိုဖြင့်။ သိတိုင်းအရှင်။ သယ်ရက်ဖွဲ့တမထေရ်စီရင်တော်မူတဲ့။ သုဗောဓ ါလင်္ကာရ ကျမ်းကို။ ကြီးပမ်းသမို့ပို့ချတော်မူရာ။ အဆိုပါအလင်္ကာ၏ အနက်ချုပ်မှာ။ ပရက္ကမဆရာတော်။ ရွှေတောင်ဆရာတော်။ ဗားကရာဆရာတော်၊ အုတ်ကျောင်းဆရာတော်နှင့်။ ယောအတွင်းဝန်ကြီးတို့၏ အမွန်ချီးအပ်တဲ့။ နိဿရည်း အနက်ဟောင်းတို့ဖြင့်။ ၎င်းအလင်္ကာကျမ်း၏ မှီရာ။ ဋီကာဟောင်း၊ ဋီကာသစ်။ အစောင်စောင် အကျမ်းကျမ်းတို့ရဲ့ပြင်။ ညောင်ရမ်း ဆယ်ဆက်။ ပြည်မင်း လက်ထက်တွင်။ ပြည်ဆရာတော်စီရင်တဲ့။ အလင်္ကာဒေါသတို့၏ သဘော ပြရာ။ မြန်မာအလင်္ကာကျမ်းရင်းနှင့်။ စနေမင်းလက်ထက်က။ အောင်တပ်ကျောင်းဆရာတော်စီရင်တဲ့။ အလင်္ကာ ရာသီစုတို့နှင့်။ ဈေရ ချိတ် တွယ်။ အစိပ္ပါယ်များကိုပြောပြပြီး။ လောက၏မိန့်စရာ။ သိင်္ဂါရ ရသတည်းဟူသော။ ကချေသည်တို့ဥစ္စာအရသာ။ ထကျာတီးကွက်နှင့်။ စည်းချက်ကျအောင် က နည်းများသည်လည်း။ တပါးမကာ ၆၄မျိုးတောင်မှ ရှိကြောင်း။ ရှေးဟောင်းသာဓကတို့ဖြင့်။ ဆရာကမိန့်တော်မူလိုက်သည်မှာလည်း။ အောက်ပါအတိုင်ပင်ဟူလို။

## သမပိုက်ပျို့လာ။ တိုဇမာ–က နည်း ၆၄မျိုးရှိကြောင်း။

"ရွှေတုံးရွှေခက်။ ရွှေဘယက်နှင့်။ ရွှေဧက်စည်ဘောင်း။ နားတောင်းလက်ကြုပ်။ လက်စုပ်ပုတီး။ ညီးညီးလျှံဝါ။ သိင်္ဂါခါးပန်း။ ပတ်ဝန်းစည်တိုင်း။ ဆင်ဗိုင်းတမူ။ မတူတချို့။ စိမ်းညို့နိဝါ။ အပြာ

တွတ်တွတ်။ သွယ်သွတ်လောက်ခြေ။ ဆံခွေယိမ်းနွဲ့။ "ခြောက်ဆဲ့လေးပါး" က ခြင်းများ၌။ မှတ်သားကြပ်လည်။ ကချေသည်လည်း။ ဝန်းလည်ကြည့်တိုင်း။ အလှိုင်းလှိုင်းတည့်။ ကြိုးအိုင်း ကြိုးပေါ်။ လွှန်လျော့ လွှန်တင်း။ ဝါးဆင်း ကရုဏီ။ စုံစီပဲ့ပြင်။ က, မြူး ရွှင်သည်။ မြင်သည် မျက်စိမူးမှုတည်း"။

ထိုတယ်ပဲ့မ အပေါင်း။ သူတော်ကောင်းတို့။ အထက်ပါလင်္ကာအရ။ ကနည်း ခုန်နည်း။ ဗုံတီးနည်း အလုပ်တို့ကိုကား။ ကျုပ်တို့နားမလည်ချေ။ ၎င်း ကနည်းခုန်နည်းတို့ကို။ စုံစုံကြီးနားလည်လိုသူတို့မှာ။ မြန်မာအသင်းက။ ကျုပ်တို့ဆရာရင်း။ သာကျွင်းနှင့် ဘိလူးကြိမ်းကြိမ်းနိုင်သော။ ဦးစိမ်းကြီးကိုလည်းကောင်း။ အမြီးတလှုပ်လှုပ်နဲ့။ ဒီးဒုတ်ကောင် အတောင် ကြွသကဲ့သို့သော။ မောင်ဘချိုကိုလည်းကောင်း။ ကြောင်းလမ်းဆွေးနွေး။ မေးလည်းမေးပြီး။ အရေးတယူ အ လေး မူ အပ် သ တည်း တဲ့။ ကိုင်း.... သွားလိုက်ကြ ပေအုံးတော့။ တရားအားထုတ်ရဦးမည်။

ကျုပ်တို့သည်။ကြံမည်ကြံမည်သော။ပဋ္ဌမကျော်အောင်ထီးကို။ ချောင်ချောင်ကြီး ဆောင်းလိုကြကုန်သော ရသေ့မတို့အား။ တနေ့မှမအားရ။ နားရတယ်လို့ဘဲ မရှိဘဲ။ ထိုမည် ထိုမည်သောဆန်း, အလင်္ကာ, သဒ္ဒါ, အဘိဓါန်မှစ၍။ နေ့ဝါမျှကိုလည်းကောင်း။ မာတိကာ။ ဓါတုကထာ။ ယမိုက်။ ပဋ္ဌာန်း စသော ညဝါများကို လည်းကောင်း။ ပို့ချသင်ကြားခြင်း။ တရားဟောခြင်း စသော အလုပ်တို့ကို ပြုလုပ်နေတော်မူရ။ မှေရာသီပျို တွင် ပါရှိတဲ့။ မလိမော။ ကြောင့်ကြမှုဆယ်ပါးတို့တွင်။ "ဂဏဝန်းပတ်။ ပရိတ်သာတ်ဖြင့်၊ နေ့ဝတ်ညဥ့်ယံ။ သင်အံစာပေ။ ပို့ချလေလည်း။ လွန်လေအခါ။ စိုးရိမ်ဖွာခဲ့" ဟူသောအရလည်းကောင်း။ ။ "ထင်ရှားကျော်ကိုး၊ တန်ခိုးသတင်း။ ဘုန်းကြီးခြင်းဖြင့်။ တောတွင်းထဲ ချောင်။ ကျိန်းအောင်း ရှောင်လည်း။ ရောက်အောင်လှုပ်လီ။ ထိုထိုပစ္စည်း။ သိမ်းဆည်း မအား။ တရားဟောကာ။ နေ့ရက်ကြာ၍။ ချမ်းသာမရ။ လွန်ကြောင့်ကြခဲ့" ဟူသော အရ လည်းကောင်း။ ။တကြောင်းတည်း တိုက် ဆိုင် မြီး။ တမှိုင်မှိုင် တတွေတွေ။ အတွေ့တွေ့စဉ်းစားနေရ။ အလွှာပ,သလ္လာပ။ သုဓရကွန့်နှင့် စပ်သော စကားများကို။ ပြောကြားရန် လာလေ့ရှိ

သော၊ သတိပဋ္ဌာန်ချောင်က။ မောင်မည်သော ဘိုးသူတော် တယောက် ရောက်လာပြီး။ အောက်ပါအတိုင်း လျှောက်ထားဘိသော ဟူ၏။

သူတော်မောင်။ ။"ကျုပ်တို့ဆရာ။ မဟာကဝိန်။ သုခမိန် ယောဂီသည်။ အနီ့သို့သော "ထီးရိုး မိုးကြိုးပစ်" တရားကို ဟော ရာက။ တလောတခါ စုံထောက် လိုက်တော့။ ဂရုန် ရောက်လာ မြန်ပြီလို့ သတင်းရတာနဲ့။ အင်းဝတောင်မကူးဖြစ်တဲ့ပြင်။ အထူး ချစ်တဲ့ တောင်ဆာ ရသေ နဲ့။ ချောင်တကာ မမေ့ အားတဲ့။ ရသေ့ တပါး အရှင့်ထံ။ ခတ်မြန်မြန်လာခဲ့တာပါအဲဒါဘုရား။ မိုးကြိုးဆက် ပါအုံး"။

ဪ...သူတော်မောင်က။ ချောင်ဆရာ့ ဂရုန် တရားကို။ မကြားမနာလိုဘူး။ မိုးကြိုးတရားကိုသာ ကြားနာလိုတယ် ဆိုပါ တော့။ တိုလွန်ခဲ့တဲ့ ၁၂၉၂-ခု။ ဝါခေါင်လဆန်း(၁၁)ရက်။ တနင်း လာနေ့က။ အိန္ဒိယနိုင်ငံမှာရှိတဲ့။ အထိကရဖြစ်တဲ့။ သဏ္ဍာမမြောက် ဒွက်ဘုရင်ကျောက်ရုပ်ကြီးကို။ မိုးကြိုးပစ်ချလိုက်ရာ။ ကျောက် ရုပ်ကြီးမှ ပဲ့သော အပိုင်း အစ အနများသည်။ ၁၅ ကိုက်လောက် လွင့်စင်သွားကြောင်း။ ၎င်း အရုပ်ကြီးနှင့် ကိုက် ၂၀၀ ကွာ အ ဆောက် အဦးကြီးကိုမထိ။ လူသူကိစ္စမရှိလို့။ အနီ့သည့် သူ့ရိုယ သ တင်းစာ။ ၎င်းဝါခေါင်လဆုတ် ၁ ရက်နေ့ထုတ်မှာ တွေ့ကတဲ့က။ ရသေ့လဲ။ မေ့ ဘဲမမေ့ နိုင်သည်နှင့် အညီ။ ကျွမ်မည်သောအမျိုးသား တို့အို။ ထိုမည်သောမိုးကြိုးတရားကို။ ဟောကြားချိမ့်မည်။ ကြံစည် တော်မူလျက်ပဲ။ အနီ့ ရာတွင် "ဂရုန်ပုံရိုက်ကာ" ဆိုပြီး။ တောင် ရောက် မြောက်ရောက်နဲ့ ရည်စရာ ဖြစ်ကုန်မည့်အတွက်။ တချက် သည်းခံပေဦးတော့။ နောင်သောခါ၊ အခွင့်သာလို့ အခါရတော့။ ဆရာက "မိုးကြိုးရှ ကာ" တကျမ်း။ ကြိုးပမ်းတော်မူမည်။ ယောဂီ မှာချမ်းသာပြီး။ ကျန်းမာဘို့ အကြောင်းကိုသာ။ ဆုတောင်းမေတ္တာ ပို့ပေတော့။

သူတော်မောင်။ ။"ဪ...မိုးကြိုးတရား လားလားမှမနာ ရဘူးလားကိုယ်တော်"။

အင်း-ဘိုးသူတော်က။ မိုးကြိုးတရားကို။ များများကြီးတောင့်

တယာန်ရှိတယ်။ မယော့ဘိုးသူတော် မကြောင့်ကြနဲ့။ ယခု ၂၉၃ ခု နှစ်မဟုတ်လား။ ဘုရားရှင့် သာသနာတော်ကြီးကလဲ။ ထဝက်နီးခဲ့ ပေါ့။ ထက်ခရီးတာဝတိန်က။တချက်ပြီးတခါ ချိန်မဲ့။မာယိန္ဒသိကြား မင်းနှင့်ဘဲလို့။ အားတင်းမှပေါ့။ ယင်းသို့သောအလုပ်ကြောင့်။ ကျုပ် တို့ မောင်းထောင် တကာကြီး ဦးကျော်လှက။ အထူးဘော်ပြခဲ့တဲ့ သံချိုကဗျာမှာလည်း။ အောက်ပါအတိုင်းပင်တည်းဟု။ တနည်းဟော ပြန်သည်ကား။

## ဝရဇိန်လက်နက်-သိကြားစက်သံချို။

သဣ္ဂရာဇ်။ အသစ်တခါပြုရှာကြ။ ရှစ်ခု အပျက်ဆိုးတာမို့။ သုခိုး ရန်ဒမြတွေနှင့်။ မိုယ်းကပင် ခေါင်ချင် ခေါင်တတ်သတဲ့။ မင်း စိုးတောင် အသစ်ပြောင်းလို့မို့။ လူပေါင်းတွေ ကြုံလို့တွေကြပေါ့။ အောက်မေ့လို့ စိတ်မလုံ။ ။ခြောက်နှင့် ခြောက်။ ခေါက်ရှောက် ကယ်မကြာပ။ နောက်တခါ ရောက်လာမဲ့ ရှစ်ကတော့။ ဘာဖြစ်မည် မဆိုနိုင်ဘူ။ ငြိုပ်သုံးဆိုင် စတု့ဇောတဲ့။ လူ့ဝေါဟာရကောဇာနှင့် တောက်လိုက်လျှင်။ ပါပ့ပြောင်းပြန် မှောက်လို့မို့။ ပ့စောက် ဂ ငယ်ဖြစ်တယ်။ ကိန်းရှစ်နှင့်ကြုံ။ ။ခေါ်တွက်ထဘောင်နှင့်။ နတ် စက်ရောင် ဇာဂရုတို့။ ရှစ်ခုဆို ဤလိုဟာထင်။ သိယိုဋ္ဌမှာ သာသ နာပွားစေဘို့။ သိကြားစေခါနှင့်ရှိ။ ဘုရားရှင်နိဗ္ဗာန်နန်းကို။ စံမြန်း ကာကိုယ်တော်ချုပ်စဉ်က။ ကုသိန္နာ မလ္လာမင်းတို့၏။ အင်ကြင်းပင် ဆာယာရိပ်မှာဖြင့်။ ဗျာ ဒိတ် တော် မြွက် ဘော် ဟော တော့။ ယကျွာကုဝဏ္ဏာနှင့်။ ဝိဇယ ရာဇာတို့။ သာသနာ အာသာပြုစဉ်က။ အပါးမှာ သိကြားလာ၍ ရှုရက်ကမို့။ ဘီလူးတို့ပြေးကြကုန်။ ရေး ကပ်ရှိရင်း။ ။နရာနံ့ သတ္တဝါအများမှာတော့။ နာဖျားပုံ ဥပဒ္ဒဝေါ ငှဲ့ပြင်း။ ဝေ်သောအစာနှင့်။ ကပ်ရောဂါ ဖြစ်သူ ဖြစ်လို့မို့။ မင်းသစ် ဘုရင်လဲတတ်သတဲ့။ အမြဲပင် မယူကြလေနှင့်။ လောကဝစန်မို့။ နှ သခွ့မသေချာဘူ။ မှုန်ရာ မှုန်ရာ နှစ်တဲ့ပေမို့။ ကံမဲ့သူရပ်နံပြောင်း ပါလို့။ ကံကောင်းသူ စည်းစိမ်တိုးကြလိမ့်။ ဘုရားသာသနာကို....

သိကြွားလာ၍ စိုးခိုက် ကမို့။ နှစ်အလို ရွှန်ဆိုတဲ့ အမျိုးရယ်က။ တိုင်း ပြည်တွေ ကိုင်း၊ သဝေထိုးလို့ရယ်။ ဆိုးထက်ဘိခြင်း.........တဲ့ကြွား ရဲ့လား။

ဘိုးသူတော်မောင်။ ။မှန်ပ သာဓု သာဓု သာဓုပေါ့ဘုရား။ အနို့ စကားမစပ်။ ကြွားဖြတ်ပြီး လျှောက်ရဦးတော့မယ်။ အရှင် ဘုရားတောင်ပေါ်က။ အကျော်ပြန်မဲ့- ဘန်းဒကာမတွေဟာ။ ပဋ္ဌာန်း ဆရာချတော့။ အာဂံမယုတ္တိများ။ရှိကြပါရဲ့လားဘုရား။

အင်း "ကျမ်းကြီးပဋ္ဌာန်း။ ကျမ်းငယ်ဆန္နီး။ ကျမ်းလတ်ဓါတု ကထာ" ဆိုသလို။ ထိုပဋ္ဌာန်းကျတော့။ ဒေါ်တို့ ဘန်းဒကာမတွေမှာ။ ရဟန်းတော် ပဋ္ဌတွေလို အမှတ်မပိုင်ဘဲ။ ခတ်မှိုင်မှိုင်ဖြစ်ကုန်တာ ဘဲ။ ခြေဘ် စာချရတာကတမျိုး။ ဗိုဟိုးရတာကတဘက်နှင့်။ ရွှေစက် တော်-ဇေယျာဘုံ ကျောင်းအမက။ ဆောင်းလတဓို။ ကိုယ်တော် တိုင်ကြွပါလို့ ပင့်တာတောင်။ နွင့်မသာ။ သရာ့ မအားတာနဲ့။ မကြွ ဘွားနိုင်ဘူး။ ကျေးဇူးရှင်မိဘတို့။ ရပ်ရွာကိုလဲ။ တခါတခေါက် တော့။ ရောက်ချင်သေးတယ်ဟုပြောပြပြီး။ လောလောဇယ်သတိရ ၍။ အသိကရစေးတမျိုးတည်းဟူသော။ လေးချိုးကြီးတပုဒ်။ လုပ် ပြန်တော်မူသည်ကား။ အောက်နားတွင်ပါရှိလေ၏။

## ပဋ္ဌမကျော်ဘွဲ့-တမ်းချင်းကဗျာ မဟာလေးချိုးတော်ကြီး။

ခေတ်ကြီးမသာမယာ-နန်းဘွဲ့မင်္ဂလာပချိန်မှ။ကာစွည်းသဒ္ဒါဆန်း နဲ့ အလင်္ကာချရပေမဲ့။ ဘန်းတယ်ဲ့ သင်္ကာစတွေမို့။ တတ်လည်းမ တတ်နိုင်။(ဒိုကွယ်)ပဋ္ဌာန်းတလို့။အရှင်ဆရာချပြန်တော့။ ရဟန်းအမွှဲ့ အကြင်မဟာ ပဋ္ဌမတွေသို့။ မှတ်နည်း အမှတ်မခိုင်။ (ခြေဘ်)ကတော် အပေါင်း ခ့လောက်တဲ့။ ပဋ္ဌမကျော် လောင်းမတွေနှင့်။ အတော်အ ပေါင်းမှ ရစေတော့လို့။ ဆောင်းလတခိုမှာ ကျောင်းအမ့ဆိုတာမှလဲ မတွေ့သာတဲ့ပြင်။ရအေ့ဆရာမှာ မအေ့ရွာကိုတောင်မှလဲ မကြွနိုင်ဘူး။ နေ့ဝါ့ညဝါ ကိုတွေကဆရာချချပြီး။ တမြေ့ဒကာ့ဒကာမတိုထို။ကိုယ်အ မျိုးတို့ဘို။ ဗိုဟိုးတော်မူရာက။ဇမ္ဗူမှာ တကုတ်လျှမ်းပေမည့်။တဗျူဟာ,

ဂျွန်ကမ္ဘွာနီးကိုဖြင့်၊ ဘုံခန်းလော ကလျော "ခင်ခင်ပု" တွေသို့၊ တဖုံ ဝမ်းကာ ဆရာတွင်တွင်ရှုတဲ့ပြင်...တဲ့- သူတော်ရဲ့။

သူတော်ငမောင်၊ ။ "မှန်လှပါ၊ ဦးထိပ်ရွက်ဆင်လျက်ပါ ဘုရား။ ဆုံးအောင် မိန့်တော်မူပါ"။

ဆိုကဲ့- တလူပျော်တဲ့။ သူတော်ငမောင်။

"ဘာတုန်းဆရာ။ ဆရာရဲ့ စကားအလသကို၊ ကြားနာလျက် ရှိပါတယ်"။

ခြေဘွဲ့ ဆရာအထက်က အမြွက်မျှတော်ပြတဲ့၊ အကျော်ပဋ္ဌမ ၄ ချိုးကြီးထဲမှာ။ "ကတော်အပေါင်း ၁,လောက်တဲ့။ ပဋ္ဌမကျော် လောင်းမ, တွေနှင့်၊ အတော်အပေါင်းမှ ရစေတော့လို့" ဆိုရာမှာ။ တို အခါအခိုက်အတန့်၌၊ တပြုံ့ပြုံ့ သတင်းတန်ခိုးကျော်တဲ့၊ မင်းစိုး ကတော်တွေ။ တအေးအေးနဲ့ တမွှေးမွှေးကျော်တဲ့။ သူဌေးကတော် တွေ။ အပျိုအအို၊ ဘိုကရိုတည်းပျောသော၊ အလိုလိုကျော်တဲ့ ဒိုလ်က တော်တွေ။ အနို့ပြီး။ အထုပ်များများနဲ့ အဟုတ်ကြားရတဲ့၊ တရုပ် ကုလားကတော်တွေ။ အနှီမှုတပါးလည်း၊ အကြွားမထုတ်ရသော် လဲ၊ အစားတလုပ်တဆုပ်နဲ့၊ မယားလုပ်ရရှာတဲ့ ကုလား, တရုပ် ကတော်တွေကဖြင့်၊ အလကား မဟုတ်တရုတ်တော်။ မလျော်တဲ့ စကား။ သူမို့ရေးသားရက်ပါပေတယ်။ ပဋ္ဌမကျော်မြန်ရန်၊ ဆန်ခံရင်း အသထုတ်တာကိုတော်င်း ကျုပ်တို့လို ကတော်မ တွေက။ ခမ, ယယ,လုပ်လောက်သလောက်တော့လို့။ မေးတာငေါ့ငေါ့နဲ့။ ကဲ့ရဲ့ ကောင်း ကဲ့ရဲ့ ကြပေလိမ့်မနှော်"။

သူတော်ငမောင်။ ။ အဟုတ်သားပေါ့၊ ဆရာမှိုင်းရယ်၊ မင်း ကတော်တွေ၊ စိုး က တော် တွေ က ကိုယ်တော့် ရသေ့မတွေ၊ မယ်သီလတွေကို၊ ခယ, ရှိသေလောက်တယ်ဆိုတော့၊ နားနင့်စရာ ပေါ့လေ"။

ဟေ့ သူတော်ငမောင်၊ နားထောင်ကွာ၊ ဆရာဝါဒ၊ သမ္မာဝ ဖြင့်၊ ဗုဒ္ဓဘုရားရှင်၊ လူတို့အောင်က၊ အိမ်ထောင်သားမွေးလုပ်ရတဲ့ ဒုက္ခတွေဟာ၊ အလွန်တရာမှ ကြီးကျယ်တယ်။ အဲ အနှီဒုက္ခကြီး တွေ တန်းလန်းနဲ့၊ ကမန်းကတန်း သောကြလျှင်၊ ပေတာကတိတို့၊ ငရဲတို့နဲ့၊ လွှဲနိုင်ပါ့မလား၊ "ပြတ္တာတို့အောင်၊ ဥစ္စာမဆောင်" ဆိုတဲ့၊ အဲသည်ကို

သို့။ လူ့ဘောင်က ဒုက္ခတွေနဲ့ မတွေ့ရအောင်။ ရသေ့မ လုပ်ကြတဲ့ သီလရှင်လုပ်ကြတဲ့။ တို့ဒကာမတွေမှာတော့။ လင်ဒုက္ခ။ သားဒုက္ခ။ သမီးဒုက္ခ။ မြေးဒုက္ခဆိုတဲ့။ မီးအလုပ်ကမရှိဘဲ။ ပကတိမြေပြီး။ ဘေး မခတဲ့ သုဂတိဘုံကို။ နိုးလုံ့တို့ အကြောင်းပို့။ သူတော်ကောင်း နယ် ပယ်ကကြည့်လျှင်။ အကြင်အကြင်သို့သော ကတော် အပေါင်းတွေ ထက်။ အကျော်လေခင်း ဓကာမတွေက။ အဆပေါင်းများစွာ။ ဆာ လွန် မြင့်မြတ်တော်မူတယ်လို့ မှတ်ရမယ်သူတော်ရဲ့။

သူတော်ငမောင်။ ။"အာမဘာန္တေပါဘုရား"။

အဲ အသို့မို့ကြောင့်။ ငတို့ ရသေ့မတွေကို။ တွေ့ကရ မိန်းမစား မျိုးမမှတ်နဲ့ မြတ်တယ်။ အနို့ပြီး မယ်သီလတွေကိုလဲ။ ယောဘုယျ အားဖြင့်။ တကယ်တည်ပတယ်လို့။ အတည်တကျမှတ်ရမယ်။ ခြေဘ် တပြုံးပြုံးလှတဲ့။ ကုန်းကုန်းကွကွတွေဟာ။ အသုံးကျတော့။ အနတ္တ နယ်ပယ်တွေပေါ့ကွာ။

သူတော်ငမောင်။ ။အင်း အခု ကိုယ်တော်အမိန့်ရှိတဲ့။အနတ္တ နယ်ပယ်က။ ဘယ်ဝယ်ဘယ်သို့သော။ မာတုကာမတို့နှင့် စပ်လျဉ်းပြီး သီချင်းရေးဝါသနာပါတဲ့ ဘိုးသူတော်ဦးမင်းက "ကောင်းခြောက် ဆယ် လေးရပ်။ သွေးထပ်ထပ်ရှပ်ညီ။ ရွေးနိုပါတ် ထုတ်မှိုသည်။ ဖုဿာတီထွတ်ထား" စသည်ဖြင့် တေးထပ်တထပ်ရေးစပ်ခဲ့ရာ၊ အဆိုပါ တေးထပ်ဟောင်းက၊ "ကောင်းခြောက်ဆဲ့လေးရပ်"ကို။တစ်အပ်သော ချာ။ ဟောပြပါမည့်အကြောင်း။ ထပ်လောင်း လျှောက်ထားရပါ တော့သည် ဘုရား"။

ဟေ့ သူတော်ရဲ့။ ကောင်းခြောက်ဆဲ့လေးရပ်နဲ့။ သတီ ပဋ္ဌာန်ချောင်နဲ့ဘာဆိုင်လို့ သီချင်တာလဲ။ တကယ်ဘဲ ရှာရှာဖွေဖွေ။ မေးတတ်ပေတယ်။

သူတော်ငမောင်။ ။မှန်လှပါ။ အနှာတွေ လိုက်စားဘို့ မိုက် မှားဘို့။ သိုက်သမားတို့ မေးနည်းမဟုတ်ပါဘူး။ ဗဟုသုတ အကျိုး ငှာ။ မေးမြန်းခြင်းအစစ်ဖြစ်ပါတော့တယ်ဘုရား"။

ယင်းသို့လျှင်။ အကြင်ဘိုးသူတော် ငမောင်က။ မရှမက။ တဖွဖွမေးလွန်းအားကြီးမှုကား။ဘုရားကိုယ်တော်မြတ်ကြီးသော်မှလဲ။ ပဋ္ဌမသိက္ခာပုဒ်၌။ သရုပ်ပေါ်လောအောင်။ ပဓေသန့ ပဝိဋ္ဌ ဦးတ ဥဒ္ဓ

ရှာ, စသဖြင့်။ အနှီသို့သောအာပတ်ကို။ ပညတ်တော်မူရတဲ့ပြင်။ ဘိက္ခုနီမများကိုလဲ ရှုဂ်လပဌ, တလယာတက, အစရှိတဲ့ သိက္ခာပုဒ်တို ကို။ ဘောဲထုတ်တော်မူတူးသည်လည်းတကြောင်း။ ရှေးဟောင်းခေတ် သီက။ လောကီဗျာဒိ အဘိညာဏ်ကိုရတဲ့ သိမ္မိကောသဝရသေ့။ နာရဒရသေ့။ မဟာနာရာယရသေ့။ မိနာထရသေ့ စသည်တို့သည်။ ကျိမည်ကျိမည်သော မိန်းမယောကျ်ားတို့ လက္ခဏာနှင့် ဆိုင်သော။ ထိုမည် ထိုမည်သော သာမုဒြိကကျမ်း။ မနုသျှတြ ကျမ်းများကို တောင်မှ။ ရေးသားခဲ့ကြပေသေးသည်တကားဟု။ စဉ်းစားမြော်ခေါ်။ ကြံစည်တော်မူပြီး၍ "ဟေ့ သူတော်။ အသွေးမြင် အသွင်သိ အမွေး မြင် အပင်သိ, ဆိုသလို။ထိုထိုသို့သော အသွင်အပြင်ကို။မြင်ရခြင်းအား ဖြင့်။ခွဲခြားနားသိသာဘို့အတွက်။သက္ကဋကျမ်းတခု။ဘာတ်ရှုတွေ့မြင်တော် မူတူးသည်မှာ။ အနှာလိုတဲ့ပြောပြီး။ ဟောရပြန်သည်ကား။ အောက် နားက အတိုင်းပင်ဟူ၏။

အသွေးမြင်အသွင်သိ သျှတြ။

ထို သူတော်။ ။ရှေးသရောအခါ။ သင်တဲ့ပြည်မှာ။ ဗောဓိ ရတ်မည်သောမင်းသည်။ မင်းမူတော်မူရာတွင်။ ရှင်ဘုရင်ကို သမက် ဘမ်းချင်တဲ့။ အထက်တန်းဆိုတဲ့ သူဌေးကြီးလေးယောက်တို့က။အသီး အသီး သွီးကညာတယောက်စီ ဆက်လာကြသယ်တဲ့။ ။သည်သော ကာလ။ ကာလိဒါသအသွင် ကျမ်းကျင်တဲ့။ မုဏ္ဍာဂီဆိုတဲ့ ဆရာကြီးကို ခေါ်ပြီး အဟဲခတ်နိုင်းသည်တွင်။ မုဏ္ဍာဂီ ဆရာကြီးက။ (၁) သွီး ကညာတယောက်က။ ဂန္ဓြန်ပြည်ကလာသူဖြစ်ပါတယ်။(၂)တယောက် ကား နဂါးပြည်က လာသောသူ။ (၃) တယောက်မှာ လူ့ပြည်က လာသောသူ။ (၄) တယောက်ကတော့ နတ်ပြည်က စုတိလာသော သူပါဘုရားလို့ လျှောက်ထားသတဲ့။ ။အနှီသောအခါတွင်ရှင်ဘုရင် က။ အသင် ဘာကိုမြင်၍ အနှာလိုလျှောက်တင်ရသလဲလို့ မေးတော် မူပြန်ရာ။ ဆရာကြီးမုဏ္ဍာဂီက။ အနှီလိုလျှောက်ထားပြန်သတဲ့။ မှန်လှ ပါတော့....။

(၁) ဂမ္ဘီရ်ပြည်ကလာတဲ့မိန်းမတို့သည်ကား။ ခါးသေးလို့ ရင်ချီပါတယ်။ နှုတ်ခမ်းလဲထူပါတယ်။ ပခုန်းလဲထွက်ပါတယ်။ နို့ပြီး ခြေငယ်ခြင်း။ လက်ဖျားရှည်ခြင်း။ ခြေသလုံးကား ငပါးဖုံးကဲ့သို့ လုံးခြင်း။ နှာဖျားလုံးခြင်းတို့သည်။ ယင်းသို့သော ဂမ္ဘီရ်ပြည်က လာသူ ဖြစ်ပါကြောင်း။

(၂) နဂါးပြည်က လာတဲ့မိန်းမများသည်ကား။ ခေါင်းချွန်းခြင်း။ မေးငယ်ခြင်း။ နှုတ်ခမ်းနီခြင်း။ မျက်နှာသွယ်ခြင်း။ မျက်လုံးငယ်ခြင်း။ ရင်ကောခြင်း။ အသားအရေတွန့်ခြင်း။ ကြမ်းခြင်း။ ကိုယ်နံ့ညှီပြီး မဆတ်စရာ ကောင်းပါတယ်။

(၃) လူ့ပြည်ကလာတဲ့ သတို့သမီးကား။ အသံသာခြင်း။ ကိုယ်ပေါက်ကိုယ်ရောက်လုပ်ခြင်း။ ပီယဝါစာ ပြောတတ်ခြင်း။ နေ့အခါ ကြက်သရေတိုးခြင်း။ ညအခါ ကြက်သရေယုတ်ခြင်း။ ပျော်မွေ့ရွှင်မြူးကျစ်လစ်ခြင်း။ ပန်းနံ့သာကို အလိုရှိခြင်းစသော ဂုဏ်တို့နဲ့ ပြည့်စုံပါတယ်။

(၄) နတ်ပြည်ကလာတဲ့ သို့းကညာသည်ကား။ ခြေကစ၍ ဆံဖျားတိုင်အောင်။ တကိုယ်လုံးလှပခြင်း။ အကြည့်အရှု အပြော အဆို ချိုသာသိမ်မွေ့ခြင်း။ မြင်းစွာ မရယ်ခြင်း။ စကားနည်းခြင်း။ ပွဲလမ်းသဘင် အကြည့်နည်းခြင်း။ မျက်နှာကြည်ခြင်း။ ပန်းနံ့သာ အထုံကို အာရုံရှိခြင်း။ သန့်သန့်ပြန့်ပြန့်ကို အလိုရှိခြင်း။ ကိုယ်အနံ့ထူးပုံကလဲ။ စန္ဒကူးရနံ့လို။ တပျံ့ပျံ့ မွှေးကြိုင်ပါကြောင်းနှင့် လျှောက်ထားသတဲ့။

အဲ အံနီကဲ့သို့ လျှောက်တဲ့စကားနဲ့။ တသားထဲ ကိုက်နေခြင်းကို။ မင်းကြီးသိရသဖြင့်။ ဆရာ့အား များစွာပူဇော်သက္ကာ ပြုသတဲ့။ ကိုင်း....အနှာလောက်နဲ့ဘဲ တင်းတိမ်ပေအုံးတော့။ နောက်များ အကြောင်းတဲ့မှဘဲ။ "ကောင်းမြောက်ဆဲ့လေးဋီကာ" ကို။ ဆရာရေးသားတော်မူမည်ဟု ပြောရာ။ သူတော်ကောင်းမောင်က။ ယခေါ်ကို "အကျော်လေးချိုး" ဆုံးအောင်သာ မိန့်တော်မူပါဟု လျှောက်ထားချေတယ်။

ယင်းသို့လျှင်။ အကြင် ဘိုးသူတော် မောင်နှင့်။ တောင်မြောက်လေးပါး။ တွေ့ကရာ စကားကို။ ပြောလားဆိုလားလုပ်နေတုန်း တန်းလန်းမှာပင်။ ဘန်းခုံးရင် မယ်သီလာရှိနှင့်။ တကယ်တည်

ပဒေသာ ရသေ့မတို့။ ဆရာ့ထံမှောက်။ ရောက်လာကြ လေရကား။ ကိုင်း....ကိုင်း။ ဘိုးသူတော် မောင်လဲ မှောင်နေမယ်။ သတိပဋ္ဌာန် ချောင်ပြန်ပေရော့ဟု ပြောလိုက်သော်။ ဘိုးသူတော်မောင်။ မပြန် ချင့် ပြန်ချင်နဲ့ဘဲ။ ရှိခိုးဝတ်ချပြီး။ လှည့်ကြည့်လှည့်ကြည့်နှင့်ပြန်သွား ရှာလေသတည်း။

ထိုသို့။ သီလရင်တသိုက်တို့။ ပရိဗိုဇ်မတပြေ့တို့နှင့်။ ရသေ့မ တို့ ရောက်လာကြသည်ကား။ အခြားမဟုတ်။ ကျုပ်တို့သည်။ ဤမည် သော ဂန္ဓုန်ပုံဗိပနိဠိကာကျမ်းကြီးကို ရေးသားစီရင်တော်မူရာ။ ဤ တွင် ရွှေ့သောနိဂုံးဖြင့်။ အဆုံးသတ်တော်မူရန်။ ဘီတ်မန္တက ပြုထား သော။ တောင်လုံးကျွတ်။ မြောင်လုံးကျွတ်။ အစည်း အဝေးကြီးအ တွက်။ ရောက်လာပေါက်လာကြခြင်းဖြစ်ချေတမ့်။

အရီးစိမ်း။ ။"ဟင်....လာလိုက်တဲ့ ပရိသတ်တွေကဖြင့်။ ဝက် ဝက်ကွဲရော့။ ထယ်လဲစည်ကားပါပေတယ်။ ကဲ ကဲ....။ နေ့ဝင်ဖြိုးဖြ အချိန်ရှိသွားပီ။ သူတစ္ဆန်း ငါတစ္ဆန်းနဲ့ ဆူလှချည်ရဲ့။ တိတ်ကြပါအုံး။ တိတ်ကြပါအုံး။ ကိုင်း....ကိုင်း....။ ဆရာမှိုင်းက။ ဗိုကြရှင့်။ ဗိုကြ။ ရှင့် မျက်နှာတော်ကိုမှ ဖူးမြော်ချင်ကြတယ်။ မနေသာ လူ့ဘုံက အစည်းအ ဝေးများမှာလို။ ထိုထိုသော ဘီနပ်နှင့် ပစ်ခြင်း။ ဖန်ခွက်နှင့် ပေါက် ခြင်း။ ကုလားထိုင်နဲ့ ရိုက်ပုတ်ခြင်းများကို။ အလျှဉ်းမပြုရန် တောင်း ပန်ပါတယ်၊ ဒေါသစိတ်ကိုတဆိတ်သည်းခံစေချင်ပါတယ်ရှင်။ ကိုင်း တောင်လုံးကျွတ်, မြောင်လုံးကျွတ်, အစည်းအဝေးကြီး စတင် ဖွင့်လှစ် ပါပြီ။ တိတ်စေ စေမြှောင်"။

ဥတ္တရာ။ ။"ဤအစည်းအဝေးကြီးတွင်။အရှင်ဆရာမှိုင်းအား ဥက္ကဋ္ဌလုပ်ဘို့ရန်။ ကျွန်မက အတန်တန်တောင်းပန်ပြီး အဆိုသွင်းရ ပါတော့သည်ရှင်"။

ခုဇ္ဇာ။ ။"ယခု မဥတ္တရာရဲ့။ အဆိုသွင်းချက်ကို။ ကျွန်မက လေးလေးနက်နက်ကြီး ထောက်ခံပါသည်ရှင်"။

အရီးစိမ်း။ ။"ကိုင်း-ကိုင်း။ ကန့်ကွက်သူများ ရှိကြပါသေး သလား။မရှိကြဘူးလား။ဘာရှိမလဲလေ။ စည်းသားရိုက်ပီးသားဘဲ။ ကဲ ကဲ-ဥက္ကဋ္ဌ ပလ္လင်ပေါ်။ စံရှင်တော်မူပေတော့။ ။အနီ့ပြီး။ ကျွန်မ ကလဲ၊ မဘေဒါကို။ နေရာတကျ ဧကွရီတေရီလုပ်ဘို့ အဆိုသွင်းမ

တယ်။ ခြင်းဆန်ကန့်ကွက်လိုကြသေးသလား။ ကဲ ကဲ- မဟန့်မဖျက်ဘဲ။ ကန့်ကွက်သူမရှိရင် အတည်ပြုရပါလိမ့်မယ်။

(ယင်းသောအခါ။သာဓု သာဓု သာဓုဟူသော ထောမနာသံ။ ဩဘာသံတို့သည်။ ဆူညံသွားပေ၏)။

အရီးစိမ်း။ ။"ကဲ ကဲ မသော်ဒါ ဒီကာ။ ဤအစည်းအဝေးကြီးနှင့်စပ်လျဉ်းပတ်သက်တဲ့၊ အချက်အလက် မှတ်ချက်မှတ်တမ်း။ တိုလိမိုလိ။ ထိုထိုဤဤ။ အတွေတွေ တည်းဟူသော (AGENDA) အခါကျင်ဒါကို ဘတ်ပြပါတော့"။

ကေသာ။ ။"လူ့ဘောင်မနေသတို့။ လုပ်ကြတဲ့ "ကွန်ဖရင့်" လို။ အခါကျင်ဒါတွေ ဘာတွေနဲ့ လုပ်မနေပါနဲ့။ ရှုပ်လှတယ်။ ရိုးရိုးတန်းတန်း လုပ်ကြပါရို့ရဲ့။ ။ ကျွန်မ အစီရင်ခံပရစေရှင်။ ယခုအခါ။ ကျွန်မတို့ဆရာ။ မဂ္ဂတာ ကိုယ်တော်မှိုင်းကြီး စီရင်ပြုစုတော်မူတဲ့။ "ဂန္ထုန်ပုံဒီပနီ-ဋီကာ" ကျမ်းကြီးသည်ကားလို့ဆိုလျှင်။ ဓမ္မကထိက ဥက္ကဋ္ဌ။ ဓမ္မသေနာပတိအစစ် ဖြစ်တော်မူတဲ့။ သာယာဝတီ ဦးညေယျကိုယ်တော်ရဲ့ မယ်တော်။ သီလရှင်ကြီး ဒေါ်ပါရမီ။ ကွယ်လွန် အနိစ္စမရောက်မီက။ ဤမည်သော "ဂန္ထုန်ပုံဒီပနီ - ဋီကာ" တကျမ်း။ ရေးစမ်းပါဘုရားလို့။ လျှောက်ထား တောင်းပန်ရှာဘူးတဲ့အတွက်။ သက်သက် မေတ္တာရှိ ရေးသားစီရင်တော်မူကြောင်း မှတ်တမ်းတင်စေချင်ပါသည်ရှင်"။

ပုညဝတီ။ ။"ယခု မကေသာဝတီ အဆိုသွင်းတာလဲ အလွန်မှဘဲ ကောင်းပါတယ်ရှင်။ သို့ရာတွင်။ အရှင်မဟာရဋ္ဌသာရ မထေရ်သည်။ ဤမည်သော စတုဓမ္မသာရဆိုတဲ့ ကိုးခန်းပျို့ ကျမ်းအပြီးနှင့်။ တခြမ်းတည်းတူညီအောင် နိဂုံးအုပ်စေလိုပါသည်။"။ ။ ဒီ- ကိုးခန်းပျို့ အဆုံး နိဂုံးမှာ။ နတ်ပြည်စံလွန်တော်မူပြီးဖြစ်တဲ့ ဒုတိယမင်းခေါင်နဲ့ မိဘုရားတို့အား။ ဒီပျို့ ကိုးခန်းနဲ့။ အမျှအတန်းဝေလိုက်ကြောင်း။ သဂြိုဟ်လိုက်ကြောင်း ပါရှိသကဲ့သို့။ အခုသည့် "ဂန္ထုန်ပုံဒီပနီဋီကာ" ကျမ်းကြီးအဆုံး နိဂုံးမှာလဲ။ တာဝတိံသာပြည်၊ ဤမည်သော နန္ဒဝန်ချောင်သို့ရွှေ့ပြောင်းနေထိုင်တဲ့ သီလရှင်ဒေါ်ပါရမီအား။ သဂြိုဟ်ပြီး အမျှအတန်းဝေကြောင်း။ ကောင်းမြတ်သာယာ။

မင်္ဂလာရှိတဲ့ အသွဲ့နဲ့ ကဗျာတပုဒ်။ မြူလုပ်တည့်သွင်းဘို့။ အတည့် အလင်း ဖြည့်စွက်ထောက်..............

ဒေါ်စေမာ။ ။"ကိုးခန်းပျို့အဆုံးမှာ။ ဘယ်လိုပါသလဲ။ ဘယ်လိုပါသလဲ။ သဲကွဲအောင်ပြောပါ။ ဝေ့လီးဝေ့လယ်မလုပ်ပါနဲ့။ ကျုပ်တို့မသိဘူး"။

ပုညဝတီ။ ။"မသိရင် သိအောင်ရွတ်ပြမယ်ရှင်၊ အရှင်မလိုပါနဲ့။ သည်လိုပါတဲ့။ ဟိုကိုးခန်းပျို့အဆုံး နိဂုံးမှာ" ဟု ပြောပြီး။ အောက်ပါအတိုင်း ဌာန်ကရိုင်းကျကျ ရွတ်ပြလေ၏။

## ကိုးခန်းပျို့ နိဂုံး ကောက်နုတ်ချက်

"နန်းထက်သမီး၊စောင့်သီးသီလ။ဒါနဖြည့်ဆည်း။ရှစ်နှစ်တည်းက။ ခမည်းတော်မင်း။ မယ်တော်နှင်းသား။ အရင်းအချာ။ ငါ့တကာနှင့်။ ငါသာရဟန်း။လုဝယ်ထွန်းသား။ ရှင်လန်းမည္နိ။ လွန်မြတ်နိုး၍။ မင်းစိုးဧရာ့ရုံ။ရွှေဘုံပျော်ညောင်း။ ဝိမာန်ပြောင်းလည်း။ ဇာတ်ပေါင်း ပြီးချုပ်။ ဇာတ်ကိုးအုပ်မြင့်။ ထုပ်ထုပ်ပိုက်ပိုက်။ သဂြိုဟ်လိုက်၏။ တိုက်ရိုက်နုတ်နာ။ ကြားပါလေ၍။ နှာစေ စလို့။ ထောင့်တဆိုသည်။ ကုသိုလ်ဝေငှဆင့်လောင်းတည်း....တဲ့။

(ကြဘာသာရ ၃-ကြိမ်ခေါ်ကြလေ၏)။

အရီးစိမ်း။ ။ကျုပ်က တချက်ဖြည့်စွက်ပရစေအုံး၊ ယခုဖြည့်စွက်ထောက်ခံတဲ့ မပုညဝတီမှာ။ ဆရာမိုင်းရဲ့ လက်ထောက်။ မခွက်မကြောက်။ ဘတ်စမ်း့ဆိုစမ်း့ဆိုရင်လဲ။ ဘတ်ဆိုရတဲ့။ ဝိဇ္ဇာ မိုရ် စာတော်ဘတ် တပည့်မလဲဖြစ်ပါတယ်။ သို့ကြောင့်။ အဆိုပါ နိဂုံးကဗျာကို။ ထိုမပုညဝတီကလေးဘဲ ရေးစေချင်ပါတယ်။ ကိုင်း-ကန့်ကွက်လိုသူများရှိအားသလား။ မရှိဘူး။ မရှိရင် ကဲ- အတည်ပြုလိုက်ပေတော့"

ဒေါ်ကုမ္မာရီ။ ။ကျွန်မကလဲ အဆိုတရ သွင်းပရစေ။ ကဗျာ နိဂုံးဆုံးလျှင်ဆုံးခြင်း။ တသ်ာတသု မသုဝဏ္ဏဝတီက။ ပါဠိဂါထာ စီထန်းပြီး။ သည်ကျမ်းကြီးအဆုံး။ နိဂုံးအုပ်စေချင်ပါတယ်ရှင်။

(အများသဘောတူ၍ အတည်ပြုပြန်စေ)

မယ်စန္ဒာ။ ။ကျွန်မက ဒီလိုအဆိုကို သွင်းချင်ပါတယ်။ ဘယ်လိုလဲဆိုတော့။ ဟိုအတာပထိကပုဗ္ဗာအခြေမှာ ပါရှိတဲ့။ ယသော်ဓရာ ထေရီ။ ဘိက္ခုနီ ပရိနိဗ္ဗာန်စံကာနီးတွင်။ ဂန္ထုန်ငှက်ကြီးအယောင် ဆောင်ပြီးလျှင်။ ဘုရားရှင်ကိုကန်တော့ခန်းကို။ ကျမ်းမပြီးခင် ယခု ညတွင်း လက်ငင်းဘဲ။ ကျွန်မတို့ ဆရာကြီးကိုယ်တိုင်။ ဗိုဗိုဝိုနိုင်နိုင်ကြီး ဟောစေချင်ပါသည်။ ဒီ- သတပဒီကကျမ်းမှာ လာပုံက။ အောက်ပါအတိုင်းပါဘဲရှင့်ဟု ရွတ်ပြပုံမှာ။

## ယသော်ဓရာ ဂန္ထုန်ပုဗ္ဗာ ၂ ချိုး။

သိပါချင်။ရှိကြသွင်ဆယ်စုံဖွင့်ပါလို့။အခွင့်ပန်ကြား။ ။မယ်ယသော်။ ပြည်နိဗ္ဗာန်စံမျော်တော့။ ဟန်ပန်တော် ဘယ်ပုံဖမ်းတယ်။ ကျမ်းကညွှန်ကြား။

## ယသော်ဓရာ ဂန္ထုန်ဝိသဇ္ဇနာ ၂ ချိုး။

သိရာချင်။ရှိကြသွင်ဆယ်ပိုဖွင့်ပါလို့။အခွင့်ပန်တောင်း။ ။ယသော်ခင်။ ပြည်နိဗ္ဗာန်စံဝင်တော့။ လက်ပံရှင် "ဂန္ထုန်မင်း" ကဲ့သို့။ ဟန်ပန်တော် ယူဖန်ဆင်းသည်ဟု။ ကျမ်းပေါ်နိ မိန့်ဆိုလင်းတယ်။ ရှင်းသိစေကြောင်း....တဲ့။

ဤကဲ့သို့တဖန်။မယ်စန္ဒာ၏ အဆိုသွင်းပုံကိုလည်း။အလုံးစုံသော ယောဂီမတို့က။ သဘောကြည်ဖြူ။ ဆန္ဒမနော။ လိုက်လျော မျှတ ထောက်ခံကြသဖြင့်။ ခဏခြင်းအတည်ဖြစ်သွားသည့်အမြင်။ အချို့သော ရသေ့မများကဖြင့်။ ရသေ့မများ ပဌမကျော် စာပေးပွဲအောင် လျှင်။ အနဲဆုံး ဆုငွေတထောင်တော့ဖြင့် ပေးရန်။ မန္တလေးအမတ် မင်းဆိုတဲ့ ဒါယကာကြီး ဦးဘဦးထံ မေတ္တာရပ်ခံရန် ဟူ၍လည်း ကောင်း။ တချို့သော မယ်သီလများကလည်း။ အရှည်အခြင်းနဲ့ပြည့် တင်းလောက်လုံတဲ့။ ချုပ်အောက် ဝမ်းဆောက်တို့၌ နေထိုင်သီတင်း သုံးတဲ့ သီလရှင်များကိုလည်း။ ပြည်ပိုင်အစိုးရတို့က။ မျက်နှာကြီး ငယ်။ မရွယ်မထောက်။ ချီးမြှောက်တော်မူသောအားဖြင့်။ များများ

ကြီး အကုက်ကျပြီး ဟန်ထိတဲ့ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ပေးရန်၊ မြန်မြန်ကြီး အစိုးရတို့သံ။ ဓာတမန် ဆောင်းပါးနဲ့။ အကြောင်းကြားရန်ဟူ၍လည်းကောင်း သေညီဖြင့်။ အလီလီ အလာလာ။ များစွာသော အဆိုသွင်းချက်။ထောက်ခံချက်။ ကန့်ကွက်ချက်။ အတည်ပြုချက်ပေါင်း သုံးလေးရာမျှသောကိစ္စကြီး ပြီးစီးအောင်မြင်လေသတည်း။

ထိုသို့သော တောင်လုံးကျွတ်။ မြောက်လုံးကျွတ် အစည်းအဝေးကြီး ပြီးဆုံးသည်၏ အခြားမဲ့တွင်။ ယခင်ဖော်စည်းအဝေးက ဆုံးဖြတ်ခဲ့သည်နှင့်အညီ။ ဤမည်သော ယသော်ဓရာဓာရီ ဘိက္ခုနီမကြီး ပရိနိဗ္ဗာန်စံခန်းကို။ ထိုညတွင် ဟောအံ့ပြောအံ့သောငှာ။ စေတသန့် သန့် ရွာမနိုတဲ့။ ဤမည်သော ယောဂီမတို့အလယ်။ စံပယ်တော်မူလျက်ရှိသော ကျုပ်တို့က။ စွမ်စည်ကြီး ရိုက်တီးဆော်ရွမ်းတော်မူလိုသော အားဖြင့်။ စကားနိဒါန်း။ တရားနိဒါန်း ဖျိုးတော်မူပုံမှာလည်း။ အောက်ပါအတိုင်းပင်ဟူလို။

ထိုတာပဲ မအာပေါင်း သူတော်ကောင်းတို့။ ။ငှင်းယသော်ဓရာ ပရိနိဗ္ဗာန်စံခန်းကို။ ထို ဘိုသော ဓာတ်ရှိအပဒါန်။ ထေရီဂါထာ။ဗုဒ္ဓဝင်စသော ပါဠိတော် အဋ္ဌကထာတို့မှာ လာရှိတဲ့အတိုင်း။ သိုင်းဖိုင်းချဲ့ထွင်ပြီး ဟောရမည်ဆိုလျှင်။ အကြင် ဇီနဗ္ဗုပကာသနီ။ သံဝေဂဝဏ္ဏစသော ကျမ်းစာအုပ်ကြီးများလောက် များပြား ကျယ်ဝန်းချိမ့်မည်။ သို့အတွက် တရားနာပရိတ်သတ်တို့လဲ မငြောင်းရလေအောင်။ ဆရာလဲ ညောင်းရလေအောင်။ ခပ်ချုံ့ချုံ့ ခပ်ကျဉ်းကျဉ်းနဲ့။ မိုးမလင်းခင်ပြီးစီးရန်။ မြန်မြန်ဘဲ ဟောတော်မူပေလတ္တံ့။ မပျံ့မလွင့်သော စိတ်ဓါတ်အားဖြင့်။ သိတ်၊ သိတ်၊ မှတ်သားကြလေကုန်။

## ယသော်ဓရာ-ဂန္ထုန်ယပ်လှဲ။

ဟဟာမ်း၊ အဟာမ်း ဇိုတာပည့်မတို့။ အစိနေ့ယျ၊ အစိနေ့ယျ။ အပ္ပမေယျ။ သေဒ္ဒ ဓေဠ။ အတုလပုရမ်၊ အရဟံဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓါ

အနုဋ္ဌာရ, မာရဇိ၊ ဘြိလောကနတ္ထုဂုဏ်၊ သယမ္ဘူ ဘဝိသာရ၊ လောက သင်းကျစ်။ ဓမ္မရာဇ် ထွတ်ထား။ ရွှေကိုယ်တော် မြတ်ဘုရားရဲ့။ မြောက်သားတော် ဒေဝီ။ မဟေသီ တောင်ညာ။ ရာဟုလာရဲ့ မယ်တော်။ မယ်ယသော်သည်ကားလို့ ဆိုလျင်။ တို့အခင် ဘုရားရှင့်ထံ တော်တွင်။ အကြွင်သိုသော ဘိက္ခုနီမပြုလေရာ။ ကိလေသာ အာ သဝေ ကုန်ခန်းပြီး။ ရဟန္တာမ ဖြစ်သွားရှောတဲ့။ ။ ဒါ သို့ကလို ရဟန္တာမ ဖြစ်လျက်။ အသက်အရွယ် ၇၈ နှစ်ကျတော့။ အမတ သိဝ်၊ နိဗ္ဗာန်ဝင်ချိန်။ အခါကြိမ်ဘိသနဲ့။ ထပဲ့မ ဘိက္ခုနီ တသိန်းခြံရံ ကာ။ မြတ်စွာဘုရားထံတော်ရင်း။ ချဉ်းကပ်ရှိခိုးပြီး။ အမျိုးမျိုးသော ကျေးဇူးတော်အစုံ။ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော။ ရှင် စော မြတ်စွာဘုရား။ ။ထပဲ့တော်မသည်။ အသက် ၇၈ နှစ်တောင် ရှိလို့မို့။ ပစ္ဆိမအရွယ်။ ကာယ်အသုံးမကျတဲ့။ မုန်းစရာအချိန်ရောက် ပေါ်ဘုရားလို့။ လျှောက်ထားအံ့သောငှာ။ ဂါထာကျူးသိသည်မှာ အနီသို့တည်းတဲ့။

(၁) အဋ္ဌ, သတ္တတိ,ဝဿာဟံ၊ ပစ္ဆိမေမာ ဝတ္တတိ, ဝယော။
ပဗ္ဘာရမှိ အနုပ္ပတ္တာ၊ အာရောစေမိ မဟာမုနိ။ ။

မဟာမုနိ၊ မုနိငါးမျိုး။ အုပ်ခါစိုးတဲ့။ တန်ခိုးတော်ရှင်။ ကျွန်ုပ် ထိပ်တင်။ အာရောစေမိ၊ နှုတ်စောင်းညွှင်းသို့။ ပျှသင်းချိုချို။ ကျွန်ုပ် လျှောက်ဆိုအံ့။ သုနေ့သဟိ၊ သိဂီရွှေရွက်။ နှုံးရွှေစက်ဖြင့်။ နှစ်သက် ကြည်ဖြူ။ နာတော်မူဘုရား။ အဟံ၊ သခင်ထွတ်ထား။ စောဘုရား၏။ ညာထားရွှေလှော်။ မယသော်သည်။ အဋ္ဌသတ္တတိဝဿာ၊ အသက် တမ်းစစ်။ ဂဏန်းဆစ်က။ အနှစ်၇နှစ်ဆယ်။ ရှစ်နှစ်ကာယ်၍။ ပစ္ဆိ မော၊ လောကီအာရုံ၊ ကာမဂုဏ်ကို။ မြူးရှုနဲ့ပျော်ပါး။ စံစားရှုမိပြီး။ မကြွင်မုန်းဘို့။ နောက်ဆုံးဖြစ်တဲ့။ ဝယော၊ မြင်သွေ့ဝယ်။ ပတင့် တယ်သနှင့်။ ရင့်တယ်သောအရွယ်သို့။ ဝတ္တတိ၊ ယက်တန်းချည်လို့၊ ရက်တိုင်းတို့သို့။ ပိုလို့ရွယ်ကျွန်။ လွန်ခဲ့လေပြီ။ ပဗ္ဘာရမှိ။ သားရေနှံ့ တွ။ မလှပထဲ ။ ပဗ္ဘာရရွယ်။ သေမင်းနယ်သို့။ အနုပ္ပတ္တာ။ မတင်သ လောက်။ အမြင်နောက်စေတို့။ အစင်ရောက်ပါပြီဘုရား တဲ့....။

(ရှင်း ဂါထာ အဆုံးတွင်။ အားလုံးအားလုံးသောစျောတစုတို့ က။ သာခုခေါ်ကြသောဟူ၏)။

ဟော့....မုဉ္စတိ ဘဲ့နယ်လဲ။ ကောင်းရဲ့လား။

မုဉ္စတိ။ ။"အင်မတန်မှကောင်းပါတယ် ဘုရား"။

အင်း-မကောင်းဘဲနေရော့မလား။ "မန္တလာ ဦးကောလာ"ရဲ့။ ဓေသနာတရားအရ။ ကြားရသဲ့ ထိုအတိုင်း။ ကိုမှိုင်းက ဟောတာ ကိုး။ ကောင်းပေမပေါ့။ ။နေ့ပြီးတပေါ့။ ယသော်ရောက။ မုန်လှ ပေါ့။ ရွှေဘုန်းတော်သခင်။ အရှင်ကိုယ်တော မြတ်ကြီးဘုရား။ တပဲ့ တော်မမှာ။ အသက် ၇၀ နှစ်အရွယ်။ တကာယ်အသုံးမကျတဲ့။ မုန်း ရေအချိန်ရောက်၍။ ယနေ့ညပင်။ အရှင်ဘုရားတို့နဲ့ မမြဲသာ မတွဲသာ သဖြင့်။ မလွဲသာ လွှဲသာနှင့်ဘဲ။ ခွဲခွာရပါတော့မယ်။ တခါရောက် လို့။ တခေါက်မပြန်တဲ့။ နိဗ္ဗာန် ဘုံနန်းသို့။ လုံမြန်းရပါတော့မယ်လို့ လျှောက်ထားရာသည်မှာလဲ အနန္တလိုတဲ့။ အယ်လိုလဲဆိုတော့။

(၂) ပရိပက္ကော, ဝယော့မယှံ။ ပရိတ္တံ မမဇီဝိတံ။
ပဟာယဝေါ ဂမိဿာမိ။ ကတံ်သရဏ, မတ္တနော။ ။

မဟာမုနိ၊ အာဂ ါရ။ အနာဂ ါရ။ သောက္ခအသောက္ခ။ ပစ္စေ ကာဟုရှိသည်။ မုနိငါးမျိုး။ စိုးမိုးလွှမ်းခြုံ။ အိုးဘုံသခင်။ ကျွန်မျက်ရှင်။ အာဝေရာစေမိ၊ နဖူးပြင်မှာ။ တင်ကာလက်မိုး။ ရှိခိုးဦးချ၍။ ရိုကျိုးသံချို၊ အလွန်ကြောက်ရက် ကနှင့်။ ကျွန်လျှောက်ဆိုအံ့။ သုဓနဘဟိ၊ ကရုဏာ ဝင်။ သနားခင်၍။ နားဆင်ပဘုရား။ ။မယှံ၊ ယခုသော်ရော။ ပိမ္ဗာ မည်ခေါ်။ အသုံးတသက်။ မမုန်းရက်ဘူးဆိုတဲ့။ ဘုန်းမျက်မျှော်ရဲ့။ ဝယော၊ မနမနယ်။ ရှုမမွယ်တဲ့။ ခုအရွယ်သည်။ ပရိပက္ကော ကြွေ လှုနီးပေါ်။ သစ်သီးလားသို့။ ရိရွှားပင့်ထက်။ သင့်မမက်ဘို့။ ရင့်ကျက် ခဲ့လေပြီ။ မမ ရာဟုမယ်တော်။ ရွှေလျှော်ဦးသစ်။ ဘုန်းဝယ်ချစ်၏။ ဇီဝိတံ၊ ခန္ဓာကိုယ်ရှပ်။ ထိန်းအုပ်စိုးပေ ဇီဝိတ်ခြေသည်။ ပရိတ္တံ၊ ပဲ့နှင့်မီးတွေ။ ပုံစလော့သို့။ တ‌ရွေ့ရွေ့နှင့်။ တ‌ရွေ့ရွေ့ကြီး။ ဝေရာစီး၍ နီးလှုလေပြီ။ အဟ၊ ဘုန်းဘုန်းဘုရား။ မဟာဘွားရဲ့။ ညားထားကြင် သော်။ ခင်ယာသော်အညီ။ အတ္တနော၊ မိမိ၏။ သရဏံ၊ အားကိုးတာရ။ လက်ကိုင်ပြုဘို့။ မြနက်လော။ မျက်ကြေရှင်းရှင်း။ ပယ်ခွါခြင်းကို။ ကတံ၊ နေ့ညည့်မယုတ်။ ကြိုးအားထုတ်၍။ ပြုလုပ်အပ်ပါပြီ။ ဝေါ၊ သုံးဘုံပေါ်တွင်။ ကျော်ထင်ရှားတဲ့။ ဘုရားမြတ်ရှင်။ ကျွန်သခင်ကို။

ပယာသ အချစ်ဟာရွဲ့။ မေတ္တာမြဲသို့။ ဂမ္ဘီသာမိ၊ နှီးမွှာန်သောင်ကမ်း။ သောင်စခန်းသို့။ ရှောင်မြန်းရပါတော့မယ်ဘုရား....တဲ့။

(သာခုခေါ်ကြစေ)။

အဲ- သို့မို့ကြောင့်။ မဟုတ်လော။ ကျုပ်တို့ အညာပုခန်းက။ ရဟန်းတော် အရှင် စန္ဒမဠ္ဌ။ ပြုမှုစီကုံးတော်မူတဲ့ ယသော်ဓရာကန်တော့ခန်းပျို့တွင်။

## ယသော်ဓရာ- ကန်တော့ခန်း။

"မုနိသကျ။တုမရသား။အနန္တဇကြာဝဠာ။ တိုက်များစွာဝယ်။ သော်တာ့သုရိယ။ ရောင်ခြည်ပ,လဲ။ မမျှနိုင်စွမ်း။ ဘုန်းတော်လွှမ်း၍။ လျှမ်း လျှမ်းပြည့်မောက်။ အဝဂ်ပေါက်သည်။ ကျော်ချောက်ဖုန်ဝါ။ သုံးလူ့ရှာမှ။ ခြင်းရာ တုံ့ခေါက်။ နားတော်လျှောက်အံ့။ ကြိုင်ပေါက်ပျံ့ရှား။ ကျွန်ုပ်ကားကို။ ရွှေနားစိမ့်။ နာတော်သေးလော့။ ။ ဈေးဈေးဘဝ။ ဖြစ်သမျှလဲ။ နှမနှင့်သာ။ တုမကျွာချင်။ နာနာထွေးပြား။ အလားလားတည့်။ မမှားမမှား။ မြတ်ဘုရားနှင့်။ နှစ်ပါးတူကျွ။ ပူးတွေ့ရ၏။ ခုပအရွယ်။ ကျွန်ုပ်ဝယ်ကား။ မှန်းဘွယ်သီသီ။ ရင့်လေပြီတည့်။ ထိုကြှ ယုတ်တက်။ ကိုယ်အသက်လဲ။ ခန့်တွက်နည်းပါ။ ဖြစ်ပေငြားရှင့်။ ဘုရားချစ်ရှင်၊ မယ်သခင်နှင့်။ သို့ပင်မကျွာ။ နေချင်ပါလဲ။ ကြမ္မာယှင်းရှိ။ ခန္ဓာတိုခဲ့။ ကိုယ်ကိုကျွန်မ။ စိုးမရတည့်။ ခုပမကြာ။ ညဥ့်အခါပင်။ ဝိမ္မာမြောက်သား။ မြစ်စွန့်ထား၍။ သွားရမည်မှန်း။ သည်အခန်း၌။ ရှိပန်းလက်မိုး။ တင်ရှိခိုးလျှက်။ ရိုကျိုးစပ်တွား။ လျှောက်ပန်ကြားသည်။ ။ဘုရားကျွန်မ ထိပ်တင်တည်း....တဲ့။

(သာခုခု ကြိမ် ခေါ်ကြစေ)

အနှိမှုတလော။ ဩကာသ, ဩကာသနှင့်။ လောကကြွင့်နှင်း။ မယ့်ထိပ်ပန်းရယ်။ ကျွန်မဝယ်ကား။ အရွယ်ကုံးကူ။ အသုံးမကျတဲ့။ ပန္တမိမို့။ မရကမင်း။ ခုတင်းလင်းကြောင့်။ ညဥ့်တွင်းရောက်သော်။ နှီးမွှာန်ဖျော်ရတော့မယ်။ နှောင်သော်တဖန်။ မပြန်ရတော့ဘူး ဘုရား

လို့။ အောက်နားက ဂါထာဖြင့်။ တခါထပ်။ လျှောက်တုံပြန်သည် မှာ အသဟာလို တဲ့။

(၃) ဝယမ္ပိ ပဉ္စမေကာလေ။ မရဏံ ဥပဋ္ဌိတံ။
အဇ္ဇရတ္တိံ မဟာဝီရ။ ပါပုဏိဿာမိ နိဗ္ဗုတိံ။ ။

မဟာဝီရ၊ ဝီရိယတံခွန်ကို။ လွှားကွန်ဝိုက်ယူ၊ စိုက်ထူတော်မူပြီးသော ရှင်စောဘုရား။ ။ပဉ္စမေကာလေ ကိုယ်အား ညာဏ်အား။ ပျက်ပြားကုန်တုန်း။ နောက်ဆုံးဘိတ်ကျ။ ခါသမယတည်း ဟူသောကာလဖြစ်သော။ ဝယမ္ပိ၊ မနုမနယ်။ ရှမဖွယ်တဲ့။ ခုအရွယ်၌။ မရဏံ၊ မည်သူအားမှ။ မရှရှောင်ကွင်း။ သေခြင်းဆိုသော။ ထိုသဘောသည်။ ဥပဋ္ဌိတံ၊ ဖိစီးကြိတ်ဖျက်။ စိတ်အမျက်နှင့်။ နှိပ်စက်ဘို့ငှာ။ တပ်တောင်တာ ဗိုလ်ထုနဲ့။ ဆို-ယခုတက်၍လာပြီ။ အဇ္ဇ၊ မနက်ဖြန်မရွေ့။ အခါစေ့၍။ ယနေ့ပင်လျှင်။ ရတ္တိံ၊ ဖန်ရွှေအိမ်ရှင်။ သိမ်တသွင်နှင့်။ ထိန်ပင်နန်းသို့။ လှမ်းလို့အကြူ။ ညဥ့်ကာလ၌။ နိဗ္ဗုတိံ၊ ရုပ်နံ့ခန္ဓာ။ ချုပ်ပြန်ရှာသနဲ့။ မြန်စွာဇာတ်သိမ်း။ တဖန်မလာ ငြိမ်းခြင်းသို့။ ပါပုဏိဿာမိ၊ ရောက်ရမလင့်။ မဂ်အခြေဖြင့်။ ဖျက်ချေပင့်မြှောက်လို့။ ပျက်ကြေ လွင့်ပျောက် ရောက်ရ ပါတော့ ဘုရား....တဲ့။

(သာရ ၃ ကိမ်ခေါ်ကြစေ)။

အနို့ပြီးတဖန်။ သံသရာ ဘဝ ဘဝမှာ။ ဘုရားကျွန်မ-ဖြစ်မှားမိတဲ့ မကောင်းမှုကံများရှိလျှင်လည်း။ သည်းခံတော်မူပါ ဘုရားလို့။ လျှောက်ထားပူဇော်။ ဖူးမြော်မာန်လျော့။ ကန်တော့ပြန်ရှာသည်မှာလဲ အနှာလိုတဲ့။

(၄) သံသရိတ္ဝာစ သံသာရေ။ ခလိတဥ္စ မမတယိ။
အာရောစေမိ မဟာဝီရ။ အပရာဓံ ခမဿုမေ။ ။

မဟာဝီရ၊ ကြန္တိနိုင်ပွဲထွား။ အလွန်အလွန်အားဖြင့်။ ကြီးမားသောသတိဝမ္မနဲ့၊ ဝီရိယရှိတော်မူသော။ ရှင်စောမြတ်စွာဘုရား။ ။ အာရောစေမိ၊ နတ်စောင်းညွှင်းသို့။ သင်းပျံ့ချိုချို။ ကျွန်လျှောက်ဆိုအံ့။ သံသာရေ၊ လွန်စွာပြောကျယ်။ ခုဘူပေါ်တဲ့။ မဟာဒုက္ခတည်း ဟူသော ဩဃလယ်၌။ သံသရိတ္ဝာစ၊ ထက်အောက်စုန်ဆန်။ အ မြန်မြန်လျှင်။ ဖန်ဖန်များစွာ။ တမောမောနှင့်။ ပျော့ရပါ၍။ တယိ၊

ယသောဘ်မျက်၍။ အသက်ပြရှတဲ့။ ရာဟုတခင်။ နှန်းမပြစ်တဲ့။ သုံးလူ့ ရှင်၌။ မေ၊ ရာဟုမယ်တော်။ ရွှေလှော်မေသိ။ နန်းဝေဝီ၏။ ခလိတံ မှားယှင်းချွတ်ချော်။ မချော်မပြူ။ မထော်လို့ များပြုခဲ့တဲ့။ ဖြစ်မှုစောင်း မာန်။ မကောင်းကံသည်။ စေအတွဲ၊ အကာယ်တာန္တီ။ ရှိသည်ဖြစ်ဘဲ့။ တံ အပရာခေ၊ ထိုသို့ယှင်းချော်။ ခင်းမလျော်အောင်။ မချော်မရှု။ ယခဲ့သော်ပြုတဲ့။ ဖြစ်မှုကံကို။ မေ၊ လုတ်ိဥက္ကာ၌။ ဘုရားမြတ်၏။ ညာနုတ်ဝေဝီ။ နန်းကောသီအား။ ခမသာ၊ ကရုဏာပွား။ ချစ်သနားရှိ။ မြစ်တာဘ ကြည်ရှု။ သည်းခံတော်မူဘုရား...တဲ့။ ။(သာခုခေါ်ကြွေစေ)။

အဲ သည်ကဲ့သို့ ကန်တော့သော အကြောင်းအရာကို ရည်မြော် ပြီး။ ယသော်ရော ကန်တော့ခန်း ပျို့တွင်။ ။ "ကျင်လည်ရွှေးခေါ်။ သံသရာ၏။ များစွာ ဘဝ။ သုံးလူ့ဘနွင့်။ တကွတူပ။ ဖြစ်သမျှလေး။ ကြွသစ်ည။ ကံသုံးစုတွင်။ ကြည့်ရှုမထင်။ တအင်အင်ဖြင့်။ မမြင် တစ်။ ဖြစ်မှားမိလေး။ ဆံရှိအကြွင်း။ ရွှေကော်ရင်းဝယ်။ မကောင်းသရွေ ကန်တော့ပါ၍။ ခြင်းရာစုံစေ။ ဖြစ်သရွေ့ကို။ ယနေ့စင်ကြယ်။ ရှင်း ရှင်းပယ်၍။ ဘုန်းကြွယ် မြတ်စွာ။ သည်းခံပါဟု။ သံသာဖြည်းညွှင်း။ နားတော်သွင်းသည်။ ။ကြောင်းရင်းရွေးဖြစ် စုံစီတည်း...တဲ့"။

(သာခု-သာခု-အနုမောဒနာ)

အဲ-သို့ကလို ကန်တော့ပြီးကာလ။ တပဲ့တော်မှ ယသော်ရော သည်။ ဤမည်သောရွှေနန်းတော်ဝယ်။ မွေ့လျော်ပျော်စံစဉ်။ အရှင် ဘုရားအား လုပ်ကျွေးသမှု။ ပြုခဲ့ရခဲ့ရပါပေတယ်။ မိဘုရားရတနာ။ မိန်းမမြတ် အင်္ဂါ၌ တည်ရပါပေတယ်။ နို့ပြီး တသိန်း ကိုးသောင်း ခြောက်ထောင်မျှသော မောင်းမကိုယ်လုပ်တို့ရဲ့ အချုပ်အကြီး။ ဦးစီးဦးကိုင် ဖြစ်ရပါပေတယ် ဘုရားလို့ လျှောက်ထားခြင်း၄။ အောက်နားက ဂါထာဖြင့်။ တခါလျှောက်ပြန်ရှာသည်မှာ အနှာ လိုတဲ့။

(၅) ယသော်ရော အပါဒိရ။ အဂ္ဂါရေတောပစာဘပတီ။

သာကီယမ္ဟိ ကုလေဇာတာ။ ဣတ္ထီ အဖော်ပတိဋ္ဌိတာ။ ။

ဝီရ၊ ဘုံသုံးမျိုးကို။ ဝိရိယတန်ခိုးဖြင့်။ လွှမ်းမိုးပိုင်သ။ အဆီးရ တဲ့။ ဘဝသခင်။ မြတ်ရှင်ပင်ဘုရား။ ။ယသော်ရော၊ ခြေရုံသင်းပင်း။ မပါ များခြင်းကို။ သတင်းချိုတောင်။ ဆောင်နိုင်မပသော။ အဟံ

ကမ္ဘာ့လဟု။ ဗိမ္ပကြွန်း။ မြို့တော်နန်း၏။ ဝိန်ပန်းခိုင်နွယ်။ ရာဟုမယ် သည်။ သာကီယာမို့ကုဓလေ၊ ဇမ္ဗူတရီး။ လွှန်ကျော်တိုးတဲ့။ နေမျိုးနွယ် စင်။ ကောသီဝင်၌။ ဇာတာ၊ ရှေးကံပင့်မြောက်။ ကုသိုလ်ထောက်လို့။ ခုလိုမြောက်ဘို့။ မြင့်မောက်ဂုဏ်ဝါ။ ဖြစ်ခဲ့ပါ၍။ ဂူတ္တိအခေါ်။ မယ် မရွှေ။ ဆူ့ကြုံ့နိမ့်မြင့်၊ ဖြစ်မျိုးလှုင့်လျက်။ ကောင်းမြင့်ငါးဖြာ။ က လျာငါးရပ်။ တော့သ၍မြင့်။ မိန်းမမြတ်လက္ခဏာ။ ဂုဏ်အင်္ဂါ၌။ ပတိ ဗ္ဗတာ။ တည်ဆည်ဖြစ်၍။ ဝါ၊ တည်သည်၏အဖြစ်ကြောင့်။ အဂ္ဂါရေ၊ ရွှေအိမ်ရွှေနန်း။ ရွှေကြငှန်းနှင့်။ပေျာ်မြန်းကြည်ရွှင်။ လူဖြစ်စဉ်၌။တော၊ ဂုဏ်ပေါင်းဆုံစု။ သုံးလူ့မှန်ကင်း။ မယ်သက်နှင်း၏။ ပဇာပတိ၊ ကြင် ရာမြောက်သား။ အမောက်ထားတဲ့။ မိဘုရားခေါင်ကြီးပါဒုရားတဲ့။

(သာရဓေါ်ကြစေ)

နို့ပြီးတတန်း။ တဖန်လျှောက်ရှာဘို့။ နောက်တဂါထာ သီမြန် သည်မှာ။

(၄) ထိန်သတ္တသဟာသာနံ၊ နဝုတိနံ ဆ ဒုဗ္ဗရိ၊
အဂ္ဂါရေတော အယံဝီရ၊ ပါမောက္ခာ သစ္စမိသာရာ။ ။

ဝီရ၊ဝီရိယ၏ကြောင့်။လေးဝသစ္စာ။ထင်စွာသိမြင်။ကျွန်မျက်ရှင်။ အယံ၊ ရွှေဇမ္ဗူရှင်။ လော့ဦးသစ်သို့။ နူမြစ်ရွှန်းစို။ နန်းလုံးပျို့သည်။ တော၊ ငယ်ခါရွယ်ဆစ်။ သယ်ကျော်နှစ်က။ ကြင်ချစ်ကျွမ်းဝင်။ ကျွန့်သခင်၏။ အဂ္ဂါရေ၊ ရမ္မ့သုဘ့သုရမ္မဟု။ စံပမေ့့လျော်။ ရွှေနန်း တော်၌။ ဆ့ဒုဗ္ဗရိ့နဝုတိနံ၊ ကိုးသောင်းခြောက်ထောင်။ မျှားမြောင် လေဘိ။ အလွန်ရှိတဲ့။ သတ္တဟာသာနံ၊ သချာတွက်ကိန်း။ ဂဏန်း ထိန်းက။ တသိန်းမျှကုန်သော။ ထိန်း၊ ခယ့ပြေဖျော်။ ပျော်ကြောင်း ဖျော်ရ။ မင်းမိန်းမတို့၏။ ပါမောက္ခာ၊ အမြတ်တင်ပြီး။ နန်းလုံးထီး ဟု။ အကြီးတဆူ။ ဖြစ်တော်မူ၍။ သစ္စာ၊ တနန်းတော်လုံး။ သိမ်းကြုံး ဉာဏ်။ အလုံးစုံကို။ ဤသာရာ၊ သခင့်ကိုးရတဲ့။ အရှင့်တန်ခိုး။ ဂုဏ် မညိုးဘဲ။စိုးမိုးပိုင်သ။ အုပ်ချုပ်ရပါ၏တုရား...တဲ့။

(ဩဘာသာရ။ ၃ ကြိမ်ပြုကြစေ)။

အနီမှတဖန်။ လျှောက်ကြားပြန်သည်ကား။ ဘုရားကိုယ်တော် မြတ်ကြီးဘုရား။ တပဲ့တော်မသည်။ ဤသို့သော သုံးရွှေ့တောင်၌။ အရောင်အဆင်။ ပြည့်တင်းသနှင့်။ အကျင့်ကျေးဇူး။ ဂုဏ်အထူး

နှင့် ပြည့်စုံပါတယ်။ နို့ပြီး ပျို့မြစ်နုနယ်၊ ပင့်မအရွယ်လိုဘဲရှိပါတယ်။ လုခယ်သိမ်းတို့သည်။ မိမိတို့ မိုးဘလာ ထုံးစံအတိုင်း။ ကိုင်းရှိုင်း ကိုးကွယ်ကြတဲ့။ ရွှေတော်ရှင်။ မြို့တော်ရှင် နတ်တို့ကို။ အမြတ်တနိုး။ ကိုးကွယ်သကဲ့သို့။ နန်းတော်သူမ အပေါင်းတို့သည်။ တပ်တော်မ ကိုလဲ။ ရှိသေသမှုပြုကြပါပေတယ်ဟု လျှောက်ထားလိုရကား။ အောက် နားက ဂါထာ။တခါကျူးသီမြွန်သောဟူ၏။

(၇) ရွှပါဝရ-ဂုဏုပေတာ။ ယောဗ္ဗနင္ဂုဝယ် သဗ္ဗဒါ။
သဗ္ဗာ မံ အပစာယန္တိ။ ဒေဝတာဝိယ မာနုသာ။ ။

ရွှပါဝရဂုဏုပေတာ၊ အဆင်းအကျင့်။ ဂုဏ်ပြည့်တင်၍။ ပြန့်လွင့်ကျေးဇူး။ သတင်းထူးရှိသော။ ယောဗ္ဗနင္ဂုဝယ်၊ ခါးသေး၊ တင်ကျယ်။ ရင်ဝယ်မို့မို့။ တပျိုပျိုနှင့်။ နစ်လို့ချစ်ဘွယ်။ အရွယ်လှတဲ့။ ပဇာပတိ၊ လောကမျက်ရှု။ သဗ္ဗညု၏။ အပုချစ်ဆွေ။ တောင်နန်းစေသည်။ ဟုတ္တာ၊ အဟုတ်ပါစင်စစ်။ ယသော်ဖြစ်၍။ မာနုသာ၊ ဇမ္ဗူဒီပါ။ ပျော်ကြရှာသည့်။ များစွာသောင်းသောင်း။ လူအပေါင်းတို့သည်။ ဒေဝတ္တာ၊ မိရိုးဘလာ။ လွန်စွာမြတ်နိုး။ ခိုကိုးကပ်ချဉ်း။ ရှင်နတ်မင်းတို့ကို။ အပစာယန္တိဝိယ၊ လက်စုံမိုး၍။ ရှိခိုးကော်ရော်၊ ပူဇော်ပသ။ တင်မြှောက်ကြသကဲ့သို့။ သဗ္ဗာ၊ နန်းပြင် နန်းတွင်း။ မကျန်ကြွင်းရ။ ရှိသမျှကြုံးနွံ့။ လုံးစုံခပင်း။ မင်းမိန်းမတို့သည်။ မံ၊ ရွှေဇမ္ဗူရင်။ လျော်ဦးဆစ်သို့။ ယယ်ချစ်ယသော်။ ရှင့်မျက်မျှော်ကို။ အပစာယန္တိ၊ နတ္တုပြင်ဝယ်။ ဦးတင်ညွှတ်ခ။ ထယ်ချုပျောင်းခွေ။ ရိုသေကြရှာကုန်၏....တဲ့။

(သာရုဩဘာ။ ထောမနာ ပြုကြစေ)။

အဲ- အနို့ပြီးတခါ။ သိုတနည်း ဂါထာရွတ်ပြီး။ တတွတ်တွတ် လျှောက်ထားရှာမြန်သည်မှာ။

(၈) ကညာ သဟဿ ပမုခါ။ သကျပုတ္တ နိဝေသနေ။
သမာန သုခ ဒုက္ခတာ။ ဒေဝတာ ဝိယ နန္ဒရေ။ ။

သကျပုတ္တနိဝေသနေ၊ သာကီဝင်မင်း။ ဂုဏ်ပုံသင်း၏။ သားရင်းသည်းချာ။ မယ်ကြင်ရာ၏။ ရတနာဆောင်လျှပ်။ ရွှေပြာသာဒ်၌ ကညာသဟဿပမုခါ၊ သာကီယစစ်။ တထောင်ဖြစ်တဲ့။ ဒေဝစ္ဆရာ နတ်မိန်းမသို့။ လှလို့မပြီး။ မင်းသမီးတို့၏။ အကြီးမှူးဆောင်။ အခေါင်

ခုလစ်။ သမုန်ဖြစ်၍။ ဧဒဝတာဝီယ၊ သုင်္ဂတာ့၊ သုမာလာ့၊ သုစိတ္တာ့နှင့်။ နန္ဒာမည်မှတ်။ မဟေသီ- ဒေဝီနတ်သို့။ သမာနသုခဒုက္ခတာ၊ ချေင်အထူး။ ပူလျှင်အမျှ။ တကွမကွဲ။ ယှဉ်ကာတွဲ၍။ နန္ဒရေ၊ နှစ်ယောက်လေုံး။ တပြုံးပြုံးနှင့်။ သက်ဆုံးတိုင်ပျော်။ ပျော်ရလေပြီ။ ဝါ။ ဖြစ်ဖြစ်ပျက်ပျက်။ မဖြစ်ရက်ပါဘူးလို့။ နှစ်သက်ဘာနှင်လဲ။ နှစ်ကိုတွဲတွဲပြီး။ (ဗြွော်) ခံလဲ ခံစားရပေပြီ…တဲ့။

အနိုတွင်သာခုမခေါ်ကြန္ဒဲ့တုံး။ဆုံးဧအာင်နှားဧယာင်ကြစမ်း။ ကန်တော့ခန်း လက်ာသွားက။ ။“များစွာရပြီ။ အသီးသီးတဲ့။ မင်းသွေးတဧဆာင်။ ရွှေသုံးဘောင်၏။ အခေါင်ရှလစ်။ အကြီးဖြစ်၍။ ချစ်နှစ်အင်ရှိ။ ရွှေနန်းထဲတွင်။ အမြဲသုခ။ စံပျော်ရရှင်။ ပြည်မသနင်း။ အသာပြင်းသား။ မင်းတို့ထံကျင်။ သာကီဝင်ဟု။ အရှင်စံတော်။ မူသရော်တည်း။ ယသော်မြောက်သား။ ရှစ်သောင်းများက။ ထံပါးမကွာ။ ရှိသေစွာလျက်။ ကလျာမောင်းမ။ ချီထိန်းယတို့။ ယုရှုံမက်။ မငုံ့ကွက်သည်။ ။ကဲ့ထက်မေတ္တာ လွမ်းလွမ်းတည်း…တဲ့။

(သာရ ၃ ကြိမ်ခေါ်ကြဧဦး)။

အဲ- အနိုမှာခေါ်။ ဂီတာ့ဂါထာဖြင့်။ကြည်ဖြစ္စာလျှောက်ထားသည်မှာလဲ။ အောက်နှားတွင် ပါမိ္ဌလော၏။

(၄) ကာမာခေါ်တု မတိက္ကန္တ။ သဏ္ဍိတာ ရူပ ခေါ်ဟုယာ။
ရူပေန သဗ္ဗီသာ နတ္ထ ။ ရူပေတွာ လောကနုဝယက်။ ။

ကာမခေါ်တုံ၊ ခြောက်ထပ်နတ်ဘုံ။ ရူပါ ဂါမြတ်။အဆင့်းခေါ်ကို။ အတိက္ကန္တ၊ အပ်ခေါ်ဆိုးလို့။ လွမ်းမိုးထင်ပေါ်။ကြူးကာရောက်၍။ရူပခေါ်ဟုယာ၊ ခြောက်ဘုံနတ်ထက်။ ဆဆက်စောင်ရာ။ မကာသာတဲ့။ ဗြဟ္မာနတ်မြတ်။ အမှန်လှတဲ့။ ဘုံဆွခေါ်၌။ သဏ္ဍာတာ၊ လောကခေါ်လုံး။ အဲမဆုံးမျှ။ ရုံးဝထပ်တူ။ တည်တော်မူ၍။ လောကနုဝယက်၊ လောကပေါင်ဦး။ ခေါ်သဆုံးမို့။ ကြီးမှူးစိုးကွပ်။ လူ့ဥဏ္ဍာကို။ ရူပေတွာ၊ ယှဉ်၍မနိုင်။ ပြိုင်၍မရ။ မစုံကြွ။ ဖယ်ကာထား၍။ခမနန်းရုံကောသီ။ ဧဒဝီယသော်။ ဘုန်းမျက်မြော်ရဲ့။ ရူပေန။ ရွှေဇမ္ဗူရှင်။ လော်ဦးသစ်သို့။ မြူညစ်မသုံး။ ရူပါနှန့်။သဗ္ဗီသာ၊နတ်ရွာခြောက်ဝ။ လောကဇမ္ဗူ။ ပြိုင်ယှဉ်မှုက။ တူမျှသောတူ။ တယောက်ဟူသည်။

နတ္ထိ၊ နယ်တခွင်လှည့်၍။ တကာယ်ပင်ကြည့်သော်သဲ။ (ခြေဘ်)ဘယ်တွင်မှမရှိပါဘုရား....တဲ့။

(သာဝတ္ထိဟာမနာ့ခြာဘာပေးကြစေ)။

အဲသည်မှာပါ။ တရားမဟောခင်။ အကြောင်းသို့သော အစည်းအဝေးကြီးမှာ။ မယ်စန္ဒာရွတ်တော်မူတဲ့။ ယခေသာ်မရောဘရီသည်။ ဤမည်သော ဂန္ဓုန်ငှက်ကြီးသတ္တာန် ဖန်ဆင်းပြီး။ ဘုရားကိုယ်တော်ကို ပူဇော်ကန်တော့တယ်ဆိုတဲ့ ကဗျာရဲ့။ နောက်မှာပါတဲ့ ဂါထာကို။ မယ်စန္ဒာရရဲ့လား။

မယ်စန္ဒာ။ ။"ရအောင်ကျက်ထားတာပါဘဲ။ကျက်ပင်ကျက်သော်လဲ။အနက်မထင်ဘူး။သူ့ဂါထာက သည်လိုပါတဲ့" ဟုရွတ်ပြပုံမှာ။

(၁၀) စတ္တာဝါဠ သမံ ကာယံ။ သီသံ ဥတ္တရတော ကုရုံ။
ဥဒေဘာပက္ခာ ဒုဝေဒီပါ။ ဇမ္ဗူဒီပံ သရီရတော။ ။
(၁၁) ဒက္ခိဏာဠ ပါဒ ပဥ္စရံ။ နာနာဘာဒါတု ပက္ခိကာ။
စန္ဒ္ဒ သူရိယဥ္စက္ခုံ။ မေရု ပဗ္ဗတံ သီခရံ။ ။
(၁၂) စတ္တာဝါဠ ဂီရိ တုဏ္ဍံ။ ဇမ္ဗူရုက္ခံ သ မူလကံ။
ဗီဇမာနာ ဥပဂန္တွာ။ ဝန္ဒတေ လောက နာယကံ။ ။

အို- ငါတို့တပည့်မ, မယ်စန္ဒာ။ ယခုမယ်စန္ဒာ- အလွတ်ရလို့ ရွတ်ပြတဲ့ယိုဂါထာတို့ရဲ့။ လိုရာသဘောအရကို။ ဟောပြရမှာဖြင့်။ အနှာလိုတဲ့။ ဘယ်လိုဘာလဲဆိုသော်။ ထိုယခေသာ်ရောဓတရီ ဘီကျူနီအရှင်မသည်။ ဤအထက်က ဆရာဟောခဲ့တဲ့ ဂါထာဖြင့်။ မြတ်စွာဘုရားကို လျှောက်ကြားပြီးလျှင်။ ရာန်အဘိညာဉ် ဝင်စားလျက်။ လက်အုပ်ချီမိုး။ ရှိခိုးဒူးတုပ်ပြီး နောက်ဆုတ်နောက်ဆုတ်နှင့်၊ ကောင်းကင်သို့ ထန်းတရျားလောက်မြင့်အောင် ပျံတက်ပြီးတော့။ တဖန်ပြန်ဆင်းကာ။ မြတ်စွာဘုရား ခြေတော်စုံဖမိုးကို။ ရှိခိုးပြန်သယ်တဲ့။ အနီးနည်းတူသာ။ ဤဂါထာဖြင့် လျှောက်ကြားပြီး။ ထန်း ၇-ပြန်လောက်မြင့်အောင် ၇-ကြိမ်။ ရှိခိုးပျံတက်ရာ။ နောက်ဆုံးအခါ-မဆင်းလာတော့ဘဲ။ တကာထဲ ကြောက်မက်ဘွယ်ရာ။ ကောင်းကင်မှာ စကြဝဠာ တံတိုင်းနဲ့အမျှ။ ဂရုဠ်ရာဇာ- မဟာဂန္ဓုန်ငှက်မင်းကြီးအသွင်၊ ပြပြင်ဖန်ဆင်းရောတဲ့။

အရိုးစိမ်း။ ။"အို-ဘဲ့နှာတုံးမောင်ရင်မှိုင်းရဲ့။ ယသော်ဓရာ ဘိကျွန်းနီ ထေရီက။ ဂဠုန်စိတ်ပေါက်လာရော့လား"။

အင်း-ဂဠုန်စိတ်ပေါက်လို့။ ထိပ်အမောက်ကြီးများနှင့်။ ဂဠုန်လို အန်ဆင်းတာပေါ့။ ဒါယိကာမကြီးကော ဂဠုန်စိတ် မပေါက်ဘူးလား။ ဒီမော်ကရေစီ ခေတ်ဘဲ မကြောက်ပါနဲ့။ လျှောက်သာလျှောက်ပါ။ ကျုပ်တို့စစ်ကိုင်းက- ဝရုံအောက် ချုံအောက်မှာ။ စုံထောက်လဲ မှီမထင့်ပါဘူး။

ဒေါ်ပဏ္ဍိတ။ ။"အင်း-ကိုယ်တော့တပဲ့မကြီးက။ "တွမ်းဟီးဝမ်းပါထီ"က အာဇာနီတကာအရင်းတွေနဲ့။ ရာမင်းများသိဟာပျှ။ ညီလာခံဝင်မယ်ဝင်မယ်နဲ့။ တွင်ကျယ်တဲ့ တကာမကြီးပါဘုရား။ ယသော်ဓရာဂဠုန်ကို။ အပုံကြီး တောင့်တနေကြပါတယ်။ ဆက်ပြီး တချက်ဟောပါအုံး"။

အဲ-သည်ကဲ့သို့ဂဠုန်ငှက်မင်းအဟန်။ အန်ဆင်းပြီးသော်။ ဇမ္ဗူဒီပါ လကျ်ာ တောင်ကျွန်းပေါ်မှာ ကိုယ်ကိုထားတယ်။ ဦးခေါင်းကိုတော့ မြောက်ကျွန်းမှာထားတယ်။ နို့ပြီး အတောင်နှစ်ခုကိုတော့။ အရှေ့ကျွန်း အနောက်ကျွန်းပေါ်မှာ ဖြန့်အုပ်ထားပြီး။ အမြီးကို တောင်သမုဒ္ဒရာပြင်ပေါ်တွင် တင်ထားတယ်တဲ့။ ။နေ့ညပြီးမျက်စိနှစ်လုံးကလဲ နေလနှစ်ခုလောက်တဲ့။ အမောက်က မြင်းမိုရ်တောင်လောက်တဲ့။ နှုတ်သီးဆိုတာကတော့ ကြေဝဠာ တောင်ကြီးလောက်ပဲတဲ့။ နို့ပြီး နှုတ်သီးဖြင့် ဇမ္ဗူသပြေပင်ကို။ အမြစ်မပါကိုက်နှုတ်ချီဆိတ်ပြီးလျှင်။ ကောင်းကင်မှနေ၍။ ဘုရားရှင် ကိုယ်တော်မြတ်ကို။ ယပ်ခပ်ပြီး ရှိခိုးပူဇော်ရှာတယ်တဲ့။ ။အဲသို့မို့ကြောင့်။ ထေရီပဒါန ပါဠိတော်မှာ။ မယ်စန္ဒာရှုတ်ပြတဲ့ ၃ ဂါထာကို မြတ်စွာဘုရားဟောတော်မူတာပေါ့။ အဲဒီ ၃ ဂါထာရဲ့ယောဇနာအနက်မှာ။ အနှာလိုတဲ့။

"စက္ကဝါဠသမံ၊ လျှားနံ့ယူဇနာ။ သရိုဘတ္တခန်း။ တသန့်နှစ်သိန်း။ ကိန်းမှကဆောင်။ သုံးထောင်လေးရာ။ ငါးဆယ်သာသည်။ ကြောဝဠာမျှသော။ ကာယ။ မြင့်သုတ္တုံသြ။ ခန့်သကောလို့။ မြော၍မကြီးမားလှသောကိုယ်ကို။ မာပေတွာ၊ တန်ခိုးဖြန်ဂျပ်။ ဗျာန်ဘိညာဉ် ဖြင့်။ အန်ဆင်းသတု။ ကောင်းစွာပြု၍၊ အိသ၊ ကိုယ်နှင့်ထောက်ချင့်

ရှည်တင့်အောင်။ အသင့်အလျှော်။ ဦးခေါင်းတော်ကို။ ဥဏ္ဏှရတော ကုရ၊ ရွှေရောင်ခြည်တောက်။ မြောက်ဥဏ္ဏရ၊ ကျွန်းဒေသသို့။ ဥဒော ပက္ကာ၊ လက်ဝဲလကျ်ာ။ နှစ်ဖြာဖြန့်ဟန်။ ရွှေတောင်ပံတို့ကို။ ဒုဝေဒိပါ၊ ထိန်ပင်နှန်းနှင့်။ ဝေးလန်းရှန်းစို။ ကုက္ကု(ခေါ)ညွန်း။ ကျွန်းနှစ်ကျွန်း သို့။ သရီရတောသရိရုံ၊ စကြဝဠာ၊ တစ္စာအမျှ။ ပမာဏဆို။ သုဓာကိုယ် ကို။ ဇမ္ဗုဒီပံ၊ ဇမ္ဗုဒီပါ။ ကျွန်းလကျ်ာသို့။ ပဠိရုံ၊ တျာတျာနီတွေး။ ဆုန်းဒေသွးအလား။ ဟာသယပ ါးသို့။ ခြေမျှားမြီးမျှား။ ထိုနှစ်ပါး ကို။ အက္ခ^ဏ^၊ ရေတွင်မနစ်။ သောင်းရှစ်နှစ်ထောင်။ အမြင့်ဆောင် တဲ့။ ကျောက်တောင်မာမာ။ တောင်စကြဝဠာသို့။ နာနာသာခါတုံ၊ အထူးထူးအစားစား။ များပြားဝေဆာ။ စိမ်းပြာညိုလဲ့က်။ သစ်ရွက် သစ်ခက် တို့ကိုကား။ ပက္ခ^ကာ၊ ကြီးကြီးငယ်ငယ်။ သွယ်သွယ် များမြောင်။ တောင်သေးတောင်မွှေး။ အတောင်ကလေးတို့ကို။ စန္ဒာ၊ ရောင်စိုရှန်း။ ညှို့ညို့ထွန်းတဲ့။ ရွှေလ ့ဝန်းကိုရင်း။ သုရိယာ၊ ထောင်ရောင်ခြည်ရှင်။ နေတွင် တောက်ထွန်း။ ဖန်နေဝန်းကိုရင်း။ အက္ခ^၊ လက်ဝဲ လကျ်ာ။ လွန်စွာဝန်းစက်။ ရွှေမျက်လုံးနှစ်ဘက်ကို။ မေရုပဗ္ဗတံ၊ ရှစ်သောင်း လေးထောင်။ အမြင့်ဆောင်တဲ့။ မြင်းမိုရ် တောင်ကို။ သိခရံ၊ လှပတင့်တယ်။ ရှုတွယ်တောက်ထွန်း။ မောက် ဦးစွန်းကို။ စက္ကဝါဠကိရိ^၊ မြင့်ဖြူးရိမှောင်။ ကြောဝဠာတောင်ကို။ တုဏ္ဍ^၊ ရှည်မည်း။ အလှနိုကြီးတဲ့။ နှုတ်သီးမြတ်ကို။ကဏ္ဍာ၊ အဆန်း တကြွယ်။ တင့်တယ်စိမ့်။ တညီဖန်၍။ သမုလက်၊ လုံးစုံမကြွင်း။ မချန် ခြွင်းရ။ အပြစ်နဲ့ တကွဆော။ ဇမ္ဗုရုက္ခ^၊ ဇမ္ဗုဒီပါ။ လကျ်ာကျွန်းဦး။ သစ်ပင်ထူးကို။ ဗိဇမာနာ၊ ဘယ်ယိမ်း ညာခွါ။ တတွဲ့ တွဲ့ နှင့်။ တ သွဲ့သွဲ့ ပြေပြေသင်းသင်းကလေးနဲ့။ လေညှင်းခပ်ရန်။ ယပ်လေခံ လျက်။ လောကနာယကံ။ ညွန့်ဖူးမကိုင်။ သုံးတိုက်မှန်ကူ။ သယမ္ဘူ ကို။ ဥပဂန္တွာ၊ အလှန့်အလှန့်။ မဒန်တံခွန်ကို။ ပယ်သွန်နှိမ့်ချ။ ညွတ် ကာချ၍။ ဝန္ဒတေ၊ သဒ္ဓါရိုကျိုး။ ရှိခိုးပြီး၍။ မြတ်နိုးတနာ။ ဖန်ဖန် လျှော့၍။ ကန်တော့ခဲ့ပါရဲ့ ဘုရား....တဲ့။

(သာဓုထောမနာ။ ဩဘာပေကြစေ)။

ဒိုတပဲ့မျှားစွာ။ တရားနှာတို့။ ။ယသော်ရေထေရီ။ဘိက္ခုနီ သည်။ ဤမည်သော ဂဠုန်ငှက်မင်းသဏ္ဍာန်။ ဘန်ဆင်းသည်နှင့် စပ်

လျှင်း၍။ ယင်းအဆိုပါ ပါဠိတော် အဋ္ဌကထာတို့၌ တိုက်ရိုက် နိတ္ထဌမလာမရှိချေ။ နေယတ္ထဓေအနာမို့။ ဆောင်၍သိရန်။ ဦးစွန်းအမောက်ကိုဟောတဲ့ "သိခရံ" ဟူ၍သာ ပါရှိသည်။ ။ အနီးကဲ့သို့ ဂဠုန်ရောင်အနန်ဆင်းသည်ကိုပင်။ အချို့ဆရာတို့ကလည်း။ "ကရဝိက်" ငှက်အဟန်။ အနန်ဆင်းသည်ဟူ၍လည်း၊ ရေးသားမြဲဟောကြသေးတယ်။

ကေသာ။ ။"ခြေဉ်-ယခဲသော်ရောရဲ့ပုံဟန်ကို။ ဂဠုန်ပုံရယ်။ ကရဝိက်ကာယ်နှင့်။ အဓိပ္ပါယ်နှစ်မျိုးကောက်ကြသလားဘုရား"။

ဧ-ဟုတ်သယ်။တို့ကြောင့်မဟုတ်လား။ယသော်ရော ကန်တော့ခန်းပျို့မှာ။အနှောလိုပါရှိတယ်ဟု ပြောပြီး။တလောရှုတ်ပြပြန်သည်မှာ။

ယသော်ရော ကန်တော့ခန်းပျို့။

တိုက်ခန်းကြေဝဠာ။ မြေမျက်နှာထက်။ တည်ရာဗဟို၌။ လေးရောင်စိုသား။ မြင်းမိုရ်တောင်ညာ။ကျွန်းဒီပါဟု။ ယုဇနာသောင်းခွင်။ ဤမြေပြင်ဝယ်။ ရေလျှင်ဇယ။ လှုမျှတိုင်း။ တွက်ကိန်းခုနှစ်။ အမှန်ဖြစ်၍။ စင်စစ်ပယ်ပြန်။ ထိုမှလွန်သား။ ယောဇနာသာမော။ သုံးထောင်တောတွင်။ သော်နှောမကွာ။ ငှက်တကာ၏။ အချာမှန်ကင်း။ ကွပ်နှိမ်နင်းလျက်။ ငှက်မင်းထိတ်ထိတ်။ "ကရဝိက်" သို့။ မဖိတ်မယွင်း။ ကြီးပြင်းကြေဝဠာ။ တောင်နယ်သာလျှင်။ ပမာအတ္တန်။ ကိုယ်ကိုဘန်၍။ အမှန်သီဘ။ ဦးခေါင်းမှကား။ ဥတ္တရကုရု။ ကျွန်းသို့ပြုလျက်။ နှစ်ခုအတောင်။ ရှေ့နောက်ဆောင်သား။ နှစ်တောင်ကျွန်းမ။ သမန္တမြင့်။ အမျှအမျှ။ အစုံချ၍။ မြူဗွေ့ဝေါ်ယာ။ ထားပြီးခါမှ။ အောင်ချာဇမ္ဗူဒီပ်။ ကျွန်းလုံးထိပ်၌။ နင်းနှိပ်ခြေစုံ။ ရပ်ကြီးတုံလျက်။ လုံးစုံထူးခြား။ အပါးပါးတိ။ များသည့်ရတနာ။ ပြည့်စုံစွာလျက်။ မဟာကာယ။ ကိုယ်ကိုပြုပြီး။ စန္ဒသူရိယာ။ နေလမှာသို့။ ရောင်ဖြာတွေ့။ မျက်လုံးပြုလျက်။ မေရုပဗ္ဗတာ၊ မြင်းမိုရ်တောင်၌။ အနေမခြား။ ဦးစွန်းထားမှ။ ကြီးမားကြေဝဠာ။ တောင်နှံ့သာလျှင်။ မကွာအမြီး။ တင်နွတ်သီးဖြင့်။ သစ်သီးသွန်ရှင်း။ ဇမ္ဗူစင်ကို။ ချိုင်ကိုက်ပေ။ စက်တော်ရွှေဝယ်။ ရှိအကြွပ်ကြွပ်။ ယပ်လေခပ်၍။ တုံ့ပျပ် ယသော်။ ရှိပူဇော်သည်။ ။ တောဇော် တန်ခိုးအကုန်တည်း"....တဲ့။ ။

(ထိုပျို့အဆုံးတွင်။ အားလုံးသော တပည့်မတွေတွင်။ တ ယောက်တလေမျှ သာခုမခေါ်ကြသည်ကား အခြားမဟုတ်။ ကျုပ် တို့တပည့်မတွေမှာ။ ယသော်ဓရာ ပုံဟန်လို။ ဂဠုန်ပုံစိတ် တဆိတ် ပေါက်နေကြဟန်ရှိသည်။ ။အနီမှတပါး။ တချို့များကဖြင့်။ အ အလကားတော်။ ဂဠုန်ကိုထိတ်ရော။ ကရုဏ်ဟာကောင်းတယ်လို့ လုပ်ကြတာနဲ့ ဘဲ့တူတယ်လို့ တောင်မှ ပြောကြဆိုကြသေး၏တည်း)။

ဒီတပဲ့ မအေပေါင်း သူတော်ကောင်းတို့။ ။(၁) ယသော်ဓရာ ထေရီသည်။ ဤသို့သော အစပဌမ ရှုကြတဲ့။ ဂဠုန်ရာဇာ၏ပုံ။ ဂဠုန် ဘန်ဆင်းပြီးကာလ။ (၂) ဒုတိယတသွင်။ ဆင်ကြီးအယောင်။ (၃) ထို့နောက်မြင်းယောင်။ (၄) ထို့နောင်တောင်ကြီးယောင်။ (၅) ပင်လယ် သမုဒ္ဒရာယောင်။ (၆) မြင်းမိုရ်တောင်ယောင်။ (၇) နေ ယောင်။ (၈) လ့ယောင်။ (၉) ကြေဝဠာပေါင်း တထောင်ကိုပုံးအုပ် မိတဲ့ ကြာပွင့်ကြီးအယောင်။ (၁၀) သိကြားမင်းအယောင်။ (၁၁) ဗြဟ္မာကြီးယောင်ပုံပြပြီး။ သူညာတ တရားကို။ ဟောကြားပြသခြင်း ဆိုတဲ့။ ထိုဆဲ့တပါးသော တန်ခိုးကို။ အမျိုးမျိုးပြပြီးလျှင်။ ကောင်း ကင်မှဆင်းခါ။ မြတ်စွာဘုရား ခြေတော်ဖမိုးကို ရှိခိုးပြီး။ ဘုန်းတော် ကြီးလှသောမြတ်စွာဘုရား။ တပဲ့တော်မသည်။ အဘိညာဉ် ၆ ပါး နဲ့ ပြည့်စုံပါတယ်ဘုရား။ တန်ခိုးချွန်အဘိညာဏ်အရာ၌။ လေ့လာ နိုင်နင်းပါတယ်ဘုရား။ ပဋိသမ္ဘိဒါ ၄ ပါးနှင့်လဲ ပြည့်စုံပါတယ် ဘုရား။ အဲဒီကဲ့သို့သောတရားထူးတို့ကို။ လူ့မူးမြတ်စွာ။ ထံတော် သာမှ။ ရပါတယ်ဘုရားလို့။ အနို့လိုလျှောက်ကြားပြီးလျှင်။ အရှင် ဘုရားရဲ့အလုပ်အကျွေး။ အသော်ဒကာ မဖြစ်ရလေအောင်။ ဘဝ ဘဝ သံသရာ နောက်နောင်းက။ ဆုတောင်း ဆုယူ ပြုခဲ့ပါသည်။ ဤယခုနေ့မှ။ နောင်တဖန် မတွေ့ရတော့ဘဲ။ တပြေ့မ ခွဲခွာပြီး။ မြစရာ နိဗ္ဗာန်နန်း။ မြန်းရပါတော့မယ် ဘုရားလို့ လျှောက်ထားရှာသတဲ့။

အနို့ပြီးတခါ။ ယသော်ဓရာ ထေရီ။ ဤသို့ ထိုသို့ လျှောက်ပြီး သကာလ။ တသိန်းမျှသော ဘိက္ခုနီမ ပရိသတ် အတွင်း၌။ သာကီဝင် မင်းသိုးဖြစ်ကြတဲ့။ ဘုရားရှင်ရဲ့ အလုပ် အကျွေး အတော်မ။ ယသော် ဓရ-ညီမတွေဖြစ်ကြတဲ့။ တသောင်း ရှစ်ထောင်မှာ တပါသာရော့ တဲ့ ဘိက္ခုနီမတွေကလဲ။ မယ်ယသော်နဲ့ အတူတကွ။ ယခုညမှာ

ပင်လျှင်။ နိဗ္ဗာန်ဝင်ချိန်။ အခါကြိမ်ကြသနဲ့။ မယ်ယာသော်နည်းတူ ပင်လျှင် ဘုရားရှင်အား လျှောက်ကြားကန်တော့ကြပြီး သကာလ။ တန်ခိုးပြဒ္ဒိဟာမျှား ပြုပြီးသော်။ မယ်ယာသော်အမှူးရှိတဲ့။ ထိုတသောင်း ရှစ်ထောင်မျှရှိသော ဘိက္ခုနီမတို့သည်။ အနီးညမှာတဲ့။ တခါထဲး တပြိုင်ထဲး။ တကာတဲးပရိနိဗ္ဗာန်စံကြရောတဲ့။ သံသရာဝဋ်ဘဝကလဲး။ ကျွတ်ကြလွတ်ကြရောတဲ့။ ဒုက္ခ ခပ်သိမ်းမှလဲး ငြိမ်းကြရောတဲ့။ ။ထို ကောသာဝတီ။ ဤယသော်ရောတို့ရဲ့ ထုံးကို။ စံနှုန်းတန္တု။ ပမာပြု၍။ ယခုကာလ မိန်းမများလည်း။ တရားကိုအားထုတ်၍။ အဟုတ်ဖြည့်ကြလျှင်။ ဥဇ္ဇုရိမနုဿဘဝမှာကို။ လောကမှာ အမောက်စားဆိုတဲ့။ ယောကျ်ားများနည်းတူ။ ယူနိုင်ရနိုင်ကြောင်း။ ကောင်းကောင်းကြီး မှတ်သားကြစေ ခလို။ ။ထိုမှတာပါး။ အလွန်တရာမှ ကြားရနာရခဲလှစွာသော "ဒေါ်ပါရမီ"၏တေရီပဒါန်မှာ။အနှာလိုတဲ့။

သက္ကရာဇ် ၁၂၉၃ ခုနှစ်။ တန်ဆောင်မုန်းလပြည့်ကျော်
၅ ရက်နေ့၊ သာယာဝတီဦးညေယျ စာချင်မြွတ်
မယ်တော်ကြီး
"ဒေါ်ပါရမီ"
သာရက်ကိုဋ္ဌနှု ဗျာပနသဘင်နှင့် စပ်လျဉ်းသော
သံဝေဂ ကဗျာလင်္ကာရတုပိုဒ်စုံ။

(၁) မှတ်တော်မူရန်။ သံပိုင်း ကန်ပိမ့်။ တိုင်းမြန်ရှင့်။ သံသယဟု။ မြန်မာ့တည်ဟောင်း။ ပြည်တကောင်းမှ။ နန်းကြောင်းဇေဝ့ရှုံ။ သရေခေတ်ဟု။ နေမြစ်ဆင့်ပွား။ နှစ်ကျိပ်ငါးတို့။ တရားစည်ကြီး။ မြှိုမြှိုမြကီးလျက်။ ဂွဲချီးမင်္ဂလာ။ အစင်သာသား။ ကဋ္ဌနာဂီရိ။ ပြည်ကြီးတန်းဆောင်။ သိုက်တိုင်းပြောင်သည်။ ရွှေတောင်မြို့ဟိတ်။ ဂုဏ်ဝိသိဋ္ဌ။ နိမိတ်ဝင်ပါ။ "ဝါးလည်ရွာ"မှ။ သမ္မာအယူ။ စင်ဖြူသီလ။ ဒါနမျိုးသန်။ ဦးကျော်ရန်နှင့်။ တင့်ဟန်ချေမိုး။ ဇနီးဒေါ်ခါ။ ဘော်နှစ်ဖြာမှ။ လျှော်စွာ ပွားစီး။သားကြီးသက်နှင်း။ "မောင်တိုးခြင်း"နှင့်။ ရွှာချင်းမဝေး။ ရပ်ကျေးရည်တူ။ "မှတ်တော်မူ"မှ။ အလှူသီလ။ စသည်ညွှန်

မျှော်။ သူတော်ဥစ္စာ။ ခုနစ်ဖြာနှင့်။ လှန်စွာပြည့်ဖြိုး။ ကောင်းညွန့်ပျိုး ရှိ။ ဦးတိုးနှင့်သာ။ ကံဟောင်းပါသား။ ကြွင်ရာသက်ရှု။ ဒေါကျေးဥ တို့။ ကမ္ဘူဂိဝါ။ ရတနာသို့။ ကလျာင်ါးရပ်။ စတုသင်္ဂနှင့်။ ကောင်းမြတ် ကျစ်လစ်။ "မယ်ရွှေသစ်"တို့။ ရွေးခေတ်သံသာ။ ပဏ္ဍုနာကြောင့်။ နှစ်ပြာမိတာ။ ညာတိစသား။ သင်္ဂဟမိတ်။ ဖြန့်ဟိတ်လုံးစုံ။ ကျူနယ်ရုံ လျက်။ ဝိုင်းအုံမထပ်။ ဂဟေစပ်သို့။ လက်ထပ်မင်္ဂလာ။ သဘင်သာ လျက်။ ရတနာမျက်ရှင်။ မှန်ကင်းသွင်သို့။ အသျှင် "ဥာယျမေ္ဘာ-လက်ာရာဘီဇ"။ ပါကရှာတည့်။ သာသနတ်ခွန်။ ထောင့်မွန်မြတ် များ။ မြင်လာကြွားက။ မယ်ဘွားမိခင်။ သံဝေထင်လျက်။ ယခင်ရွေး က။ ရွေးပြုလေဘိ။ လက်ာရှိသား။ ဝိပ္ပလိမြတ်။ ဘဒ္ဒါတို့နှယ်။ မရယ် မပြုံး။ ပန်းကုံးခြွေးဝိုင်း။ ထားတိုင်းမပျက်။ ကိုယ်လျှိုဝှက်၍။ တော ထွက်တို့ရာ။ ဝါသနာကြောင့်။ ကြွင်ရာခင်ပွန်း။ မငြိစွန်းဘဲ။ လှည့် ယွန်းတော့မည်။ စိတ္တာန်ရည်လျက်။ လူ့ပြည်မပျော်။ မြိုင်ရိပ်မျှော် သည်။ ။ဂူပျော်မှီခ-ချင်လေသောင်။

(သာဓု-သာဓု-သာဓု)။

(၂) နတ်မျှော်တူဟန်၊ မှသဏ္ဌာန်ဖြင့်။ ဆင်းကြွန်နီကာယ်။ သင့်တယ်ကျစ်လစ်။ "မယ်ရွှေသစ်"လျှင်။ သတ်ခေတ်မပျား။ နှစ် ဆယ့်ငါးတွင်။ တရားသံဝေ။ ဖြေကြီးဖြေလျက်။ သက်ဝေမြောက် သား။ ကြွင်သူအားကို။ သနားလျက်ပင်။ မှာနှံချင်သော်။ ညွှန်သွင် ပမာ။ ကိလေသာနှင့်။ တဏှာဩဃ။ ပင်လယ်မှ၍။ မျောရချိမ့်ပင်။ ကြုံဆင်ခြင်လျက်။ သက်သွင်ရတနာ။ သားမျာကို။ အပါလက်ဆွဲ။ သူတော်ပုံသို့။ ဝင်နှဲ့တော့မည်။ မြဲစောက်တည်လျက်။ မြည်မှ ရန်ကုန်။ဆန့်ရုန်သွားရာ။ယကြာဟု။ သာယာဝတီ။ရွာနီအောင်မျို့။ ကျိုသည်မြို့၌။ ကိုယ်အိုကိုယ်တာ။ ကိုယ်ဝယ်ပါအောင်။ ကိုယ်သာပြု ကောင်း။ ကိုယ့်အကြောင်းဟု။ ဥကျောင်းတန်ဆာ။ ဆံကေသာကို။ ယယ်ခွါရိတ်လို။ စိပ်ပုတီးနှင့်။ ရမကီး့လျော်ချင်။ ကိုယ်၌ဆင်လျက်။ တပင်ရိပ်မြွမ်း။ ကျောင်းသင်္ခမ်းဝယ်။ ငြိမ်းချမ်းတည်မှ။ သီလ တံခွန်။ မိုးစွန်ဖြိုးမောက်။ ကဝန်ခေါက်မှ။ ထပ်လျောက်ကဲမြင့်။ ဘုံ ရွှစ်ဆင့်ကို။ အခွင့်အောင်မြင်။ ရန်ပေါင်းစင်၍။ မခင်ကိလေ။ မမေ့ ရမ္မက်။ ရွံ့သံလျက်သို့။ လက်နက်အရင်း။ ဆဲ့ခြောက်စင်းနှင့်။ အတွင်း

ဘ၍။ နိဝရဏကို။ ကြေမှုကုန်စင်။ နှုတ်ချွေသင်၍။ လေးအင်မယိမ်း။ ။ နောက်တိမ်းလျက်။ ချမ်းငြိမ်းသုခ။ ဘဲ့တာဟု။ နဝကိုးမည်။ နိဗ္ဗာန်ပြည်သို့။ ကူးမည်ရည်ဆောင်။ မရှင်ပေါင်ဖြင့်။ ဆောင် ဆောင်ရည်မျှော်။ အတူလော်သည်။ ။သူတော်သိလရှင်ပေဆောင်။

(၃) ရပ်ကျော်ဘုန်းမြန်။ဇမ္ဗူဒွန်ဝယ်။နေရန်သဘ်မ်း။ကျောင်းခိုပ်ဝှမ်း၌။ ကျင့်တမ်းပဋ္ဌာ။ ရစ်လီဆယ်ရပ်။ ကိုယ်ဝယ်ကြွမ်းမှ။ သုံးထပ် သရဏဂုံ။ ကိုယ်လုံးထုံ၍။ သုံးစုံလက္ခဏာ။ ယာဉ်စကြာဖြင့်။ သံသာသမုဒ်။ ဝဲအစုတ်ကို။ ကူးခုတ်ပါမည်။ စိတ်ကြံရည်လဲ။ ဤသည်ကာလ။ ခါသမယဟု။ မြန်မာ့ဝေါဟာ။ ကောဇာတမှောင့်။ တထောင့်နှစ်ရာ။ ရှစ်ဆယ်သုံ့သား။ ရှွန်းလာခြောက်ခု။ နှစ်ရတုက။ ပြည်သူ့စီးပွား၊ များစေသားဟု။ သားမြတ်ရဟန်း။ တိုင်းခန်းလျှည့်ယည်။ မိန့်ဟောသည်တွင်။ ရွှေပြည်ပိုင်သ။ အစိုးရလျှင်၊ ဓမ္မမင်းဘေး။ အပြစ်ပေး၍။ ညစ်ကြေးမသမာ။ လူမိစ္ဆာတို့။ ကျရာဆောင်တန်း။ သားရဟန်းကြောင့်။ မီးပန်းမီးရှူး။ မီးတစူးတို့။ ရင်ဦးရင်ဝ။ ရိုက်လာကျသို့။ သောကမီးခဲ။ ရင်မှာစွဲလျက်။ အသဲကြေမှု။ တစစဖြင့်။ ဒုက္ခဝေဒနာ၊ ခံစားရာမှ။ မြန်မာသတ္တရာဇ်။ သရစ်တမှောင့်။ တထောင့်နှစ်ရာ။ ကိုးဆယ်မှာလျှင်၊ သချာနှစ်ခု။ အစွန်းပြုသည့်။ရတုသာခေါင်။ လတန်ဆောင်ဟု။ ထွန်းပြောင်ယှန်စက်။ ကျောင်းရက်ဟွင်။ ညဥ့်ဘက်နာရီ။ ဆဲ့နှစ်ချီဝယ်။ ဤသည်လူ့ဘော်။ "မရွှေသစ်"ဟု။ တွင်လစ်သည့်။ "ဒေါ်ပါရမီ"လျှင်။ သုံးလီဘုံသာ။ မဆိုထားဘိ။ ဘုရားရဟန္တာ။ အရိယာမှ။ ရောင်ခွာခြင်းငှာ။ မတတ်သာသည့်။ မရဏာစေ။ ဘုဘဝသို့။ ကြွရောက်ရာတွင်။ အသျှင်ညွှေယျ။ ဓမ္မသေနာပတိ။ ပြည်ကြီးတံခွန်။ ထေရ်ဘုန်းဝန်ကို။ လက်မှန်ရွေ့ဖျား။ အစထား၍။ တိုင်းသားပြည်သူ။ ရှင်လူအပေါင်း။ သူတော်ကောင်းတို့။ နန်းဟောင်းတည်ဘိ။ ဂုဏ်သိရိနှင့်။ သိရိခေတ္တရာ။ ရွှေပြည်သာ၏။ မဟာထူပဝင်၊ ဆံတော်ရှင်မှ။ မြောက်ခွင်မုခ်ဆောင်း။ ခြေတော်ရင်း၌။ ရိုင်းပြင်းညီညာ။ ဤအခါဝယ်။ ဘာဝနာမှန်း။ ရွတ်စီးဖြန်းလျက်။ ကမ္မဋ္ဌာန်းသဘင်။ ပွဲကြီးရင်၏။ ကျင့်စဉ်ရည်ရော်။ အရှည်မြော်ဆည်။ တူသော်ဤမျှ ရှင်စေသောဝ်။

(သာဓု-သာဓု-သာဓုပါဘုရား)။

ကိုတယ် မများစွာ တရားနာတို့။ ။ဆရာသခင် စီရင်ပြုစု တော်မူသည်။ ဤ"ဂန္ဓာနိပျံဒီပနီဋီကာ" ကျမ်းကြီး ပြီးစီးတို့ရာ။စာပေ တို့ကို။ ရှာဖွေ ထုတ်ယူပေးခြင်း။ ဆွမ်းကျွေးခြင်း။ ကျမ်းပေးခြင်း စသည်တို့ဖြင့်။ မယ်မင်းတို့သည် ဂန္ဓာနိပျံပါရမီကို။ ကူညီဖြည့်ကြတဲ့ တပည့်မအပေါင်း။ သူတော်ကောင်းများဖြစ်သည်နှင့်အညီ။ဆရာသည် အပုံကြီး ကျေးဇူးတင်တော်မူကြောင်း။

ရှင်းနေခဲ့လည်း။ တတောင်လုံးညွှတ်အောင်။ချောင်လုံးကျွတ် သစည်းအဝေးကြီးက။ နည်းပေးညွှန်ပြ။ သုံးဖြတ်ခဲ့ကြသည်နှင့်ညီစွာ။ ဤအခါကာလ။ ဂန္ဓာနိပျံဒီပနီဋီကာ ကျမ်းကြီးအဆုံး၌။ နိဂုံးချုပ် ကြဲ့ အရေးနှင့်။ နည်းပေးလမ်းပြသဘော။ အနည်းငယ် ပြောလို သည်မှာ။ ကဗျာနိဂုံး။ ဂါထာနိဂုံးတည်းဟူသော ၂ နိဂုံးတို့ဖြင့်။ အဆုံးသတ်မည့် ကိစ္စတော်ကြီးတွင်။ အကြင်သို့သော ကဗျာ, ဂါထာ များကိုရေးသားစီကုံးတဲ့ အနီးသည့်ကိစ္စမှာ။ သိရိဝိစိတ္တာလင်္ကာရကျမ်း မှာရှိတဲ့။ အောက်ပါကဗ်တို့ ဥပဒေကိုလဲ။ မှီရိုသေသေ လိုက်နာကြရ မည်ဟု ပြောပြီး။ တစေလာရွှတ်ပြသည်မှာလည်း။ ။အောက်ပါအတိုင်း ပင် ဟူ၏။

**ကဗီ ဥပဒေသဆောင်ပုဒ်။**

နိစ္စာဝဂါဠှံ ကဝိပုင်္ဂဝေဟိ။ ဝိစိတြဗ္ဗုတ ကာဝကာရံ။
ကပ္ပန္တဌာယိံ ခိလဇန္တုသာဒံ။ ကဗျင်္ဂသာရံ ဝိပုလံ အဘာသိ။
(ဗျန္နဝဇိရ ဂါထာ)

ကဝိပုင်္ဂဝေဟိ၊ ကဝိမြတ်တို့သည်။ နိစ္စာဝဂါဠှံ၊ အမြဲသက် အပ်ထသော။ ဝိတြံ၊ ဆန်းကြယ်သော။ ဝိစိတြဗ္ဗုတကာဝကာရံ၊ ထူးပြားဆန်းကြယ်။ အံ့ဩဘွယ်သော စကား၏ တည်ရာဖြစ်ထသော။ ကပ္ပန္တဌာယိံ၊ တကမ္ဘာလုံး။ အဆုံးအရှည်။ တည်အံ့ထသော။ ခိလ ဇန္တုသာဒံ၊ အလုံးစုံသော သာသနိက, အသာသနိကပုဂ္ဂိုလ်တို့သည်။ နှစ်လိုအပ်ယာအပ်ထသော။ ဝိပုလံ၊ ပြန့်ပြောထသော။ ကဗျင်္ဂသာရံ၊ ကဗျာလင်္ကာ တည်းဟူသော အနှစ်ကို။ ဖဘာသိ။ သီကုံးစပ်ဆို လေပြီ...တဲ့။

အဲ အနှိုင်းရှိသော ဥပဒေကို။ တသသေမတိမ်း လိုက်နာတို့ ကောင်းကြောင်း။ ။ရှင်းပြင်။ ရှင်အဂ္ဂသမာဓိသည်။ နေမိဘုံခန်း ပျို နိဂုံးတွင်။ "ကုသိုလ်တရား၊ ငါ့လျှင်ပြုသား။ သာခုပွက်ဟ။ ကျမ်း တေဇကြောင့်။ အဝရှေ့နန်း။ မင်းကောင်းထွန်းစေ"ဟု။ တောင်းဆု ချသကဲ့သို့လည်းကောင်း။ ။ရှင်းနိဂုံးမှာပင်။ "တကာချတ်လူ။ မှတ်သသူကား။ ထိုးပြုပြည်ရွာ။ ဥစ္စာနှင်းပုံ၊ မြိတ္တာဘုံကို။ မစုံ မမက်။ နှလုံးပျက်၍။ တောထွက်လိုငြား။ ဤစကြားက။ ကြံ့အား နှစ်ထောင်း။ ချောက်ထဲအောင်းလျက်။ ဆုတောင်းတခြား။ ဘဝ ါး လွမ်းတော်။ ယကာသော်လည်း။ သုတော်မကျွ။ ဆရာမကင်း။ သိတင်းမချတ်။ ပေးလှူစတ်နှင့်။ လျောက်ပတ်ပေနိုး။ ဘုံးအေးအိုး က။ မိရိုးဘလာ။ သုတကာကား။ ကြမ္မာနေ့ခင်းရိုးမက်နှင့်ဖိုလ်ကြောင့်။ ကုသိုလ်ဆည်းပူး။ မိတည်းဖူးသော်။ "ဘိကျူးပေါ်"။ ခေါ်သံ အိ လျက်။ပီတိပြင်းဝှန်။ ရမ္မက်အန်၍။ ။နိဗ္ဗာန်ပျော်စေကုန်သတည်း"။ ဟုသည်နှင့်အညီ။ ဆရာသည်လည်း။ ဤကျမ်းကြီးကို။ ဘန်တီးသမျှ။ ပြုရရတဲ့ ကုသိုလ်ကောင်းမှုကြောင့်၊ အရိမေတ္တေယျ ဘုရားရှင် ပွင့် တော်မူသောကာလ။ လက်ဦးစွာဖူးတွေ့ရ၍။ တပည့်မတို့နှင့် အတူ။ ပေါ်ဘိကျူးဖြစ်ရ၍။ နိဗ္ဗာန်သာခေါင်။ ပြည်ရွှေတောင်သို့ မရောက်မီ အတွင်း။ ယင်းသို့သောဖြစ်လေရာရာ။ သံသရာတဝမ်းဆက်ဆက်မှာလဲ။ သာသနာ့ဝန်ထမ်း။ ရဟန်းဖြစ်လိုတဲ့အကြောင်း။ ဆုတောင်းဆုမှူ။ [illegible]တော်မူလိုသည်။

ဤမှတပါး။ မယ်မင်းတို့ရေးသားမည့် နိဂုံးတွင်။ ယခုကာ လ။ အင်းဝမင်းက။ သိန်းဆိုင့်မင်းထံသို့။ တမန်စေရာတွင်။ရှင်မဟာ ရဋ္ဌသာရတည်းဟူသော ဆရာ့ဆရာ။ ဆရာတော်သည်။ စီကုံးတော်မူ ပြီးပေးလိုက်တဲ့ဂါထာမှာ။ ဧရာဝတီ၊ မတ္တရာ။ မြူ့ရာ။ စမုန်။ ပန်း လောင်။ မူး....ဆိုတဲ့။ မြစ် ၇ စင်းကို။ သိတာ ၇ တန်ပြုလျက်။ ရွှေ ကြက်ယက်တောင်။ တရွှင်းခြေတောင်။ မင်းဂုံတောင်။ စကြာတောင်။ တောင်တလုံးတောင်။ ခရဲတောင်။ ပုညရစ်တောင်ဆိုတဲ့။ တောင် ၇ တောင်ကို။ သတ္တရဘန်တောင်စဉ် ၇ ထပ်နှင့်။ စပ်ဟပ်ခိုင်းနှိုင်း၍။ မင်းဝံတောင်ကို။ မြင်းမိုရ်တောင်မင်းနှင့်။ ပုံခင်းနှိုင်းစာတယ်တဲ့။နို့ပြီး အမှူးအမတ်တွေကိုတော့။ စတုမဟာရာဇ်။လနတ်သား၊ နေနတ်သား၊

မာတာလိ,ဝိသုကြံနတ်တို့နဲ့နှိုင်းခြင်း။ မင်းညီမင်းသားမင်းဆွေ မင်းမျိုး တို့ကိုတော့။ သုံးကျိပ်နှစ်ယောက်သောသကြားငယ်တို့နဲ့နှိုင်းနှိုင်းခြင်း။ မင်းမိဘုရား ကိုယ်လုပ် မောင်းမတော်တို့။ သုဇာတာ,သုစိတ္တာ,သုနန္ဒာ, သုဓမ္မာတို့နဲ့။ ဥပမာတင်ပြီး ယဉ်ယဉ်ကျေးကျေး။ ရေးသားစီကုံး တော်မူအပ်သည်များကိုလဲ။ သတိချပ်ပြီး။ ကဗျိမြွတ် သီတင်းသုံးတော် မူဘူးတဲ့ တောတောင် ချောက်မြောင်များကိုလဲ။ နဲနဲလောက်ဖြစ် မကြီး။ ရှုံးကြူးထည့်သွင်းကြရမည်။ ။အနှီမှတခါ။ ဆရာသုမြတ်။ အင်္ဂလိပ်တို့အသည်မှာ။ အမျိုးဘာသာ, သာသနာတော်ကြီး အတွက် ဖြစ်ကြောင်း။ ၎င်းနောက်တဘန်။ သံသရာကျိုးငှာ။ ဘာဝနာ ကမ္မဋ္ဌာန်း။ စီးဖြန်းအားထုတ်တော်မူကြောင်း။ စာပေ ပရိယတ်ကိုလဲ။ မပြတ်ပို့ချတော်မူကြောင်း။ ကျမ်းဂန်အများကိုလဲ။ ရေးသားစီရင် တော်မူကြောင်း။ ၎င်း“ဂဠုန်ပျံ့ဒီပနီဋီကာ”ကြီးမှာ။ မမွေသေနာပတိ တွင်လောက်တဲ့ သာယာဝတီဦးညေယျ၏ ကွယ်လွန်လေရှာပြီးသော မယ်တော်ကြီး“ဒေါ်ပါရမီ”လျှောက်ထား တောင်းပန်ဘူးသည်ကို။ အထူးအာရုံပြုကာ။ ဆရာရေးသားစီရင်သည်နှင့်အညီ။ ဤ“ဂဠုန်ပျံ့ ဒီပနီ ဋီကာ” ကျမ်းကြီးဖြင့်။ စုတိမနေ။ ကွယ်လွန်လေရှာပြီးသော “ဒေါ်ပါရမီ”ကို အကြိုဟ်တော် မူလိုက်ကြောင်း။ အပေါင်းသော တပည့်မ တို့ကိုလဲ ထောက်မသမှု။ ကြည့်ရှုရန် တိုက်တွန်း လိုက်ရပေ ကြောင်း။ ၎င်းကျမ်းကြီး ပြီးစီးတဲ့ ကာလမှာ။ သာသနဒါယကာ မရှိတဲ့နောက်။ ၄၆ နှစ်မြောက်ဖြစ်ကြောင်း။ အမျိုးသားနေ့ ၁၁ ကြိမ်မြောက် ဖြစ်ပုံနဲ့။ ဂဠုန်တည်းဟူသော သူပုန်သကာန်တို့။ မှန်ဆန် တော်လှန်ဆဲ။ တော်လှန်တုန်းခေတ်ဖြစ်ကြောင်း။ ၎င်းနောက်တဖန် လည်း။ ဂဠုန်ပျံ့ကျမ်းကြီး ပြီးစီးအောင်မြင်တဲ့ ယခုနှစ်ယခုအချိန်။ ယခုအခါမှာ။ ကောဇာသက္ကရာဇ် ၁၂၉၃ ခု၊ တန်ဆောင်မုန်းလပြည့် ကျော် ၁၀ ရက်။ နံနက်အရုဏ်မတက်မီ။ ၂ နာရီအချောက်။ သောကြာ နေ့ အဝင်တွင်။ အောင်မြင်ထမြောက်ကြောင်းသည်ဖြင့်။ ဤမည် ဤမည်သောပုညဝတီ။ သုဝဏ္ဏဝတီ စသောတပည့်မတို့အား။ မြွေ လားဆိုလားလယ်ပြီး။ ကျုပ်တို့သည်။ အနှံ့သို့သောဂုဏ်သို့။ လူမစံခင် ပင်။ စစ်တော်မူလေသတည်း။

ယင်းသို့လျှင်။ ယခင်အခါ။ ရတနာသိမ်။ ပြည်များဘုံတန်

ဆောင်။ ကုန်းဘောင်ဆက် သာဝေမထိုးမီက။ နေမျိုးမင်းလျ
ကျော်သူအွဲ့ခံ ၊ စာဆိုတော်မင်း ဦးယာသည်။ စဉ့်ကူးမင်း
တောင်းပန်သောအားဖြင့်။ ရေးသားစီမံအပ်သော။ မင်းနန်
ပျိုတွင်။ ။ "ကြက်သွေးလုံ့မြွာ။ ကတ္တီပါတွင်။ ရွှေစာဝင်း
မှည့်။ သုံးရစ်လှည့်၍။ သည့်အလယ်မှာ။ နီလာမျက်လုံး။ ရစ်
ဖုံးမင်းစံ။ တောင်ပံပတ္တမြား။ နှုတ်ချားစိန်ကျောက်။ အ
မောက် နဝရတ်။ နန်းပတ်စိုက်လည်။ ရွှေခြည်ထိုးလုပ်။
"ဂဠုန်"ရုပ်လျှင်။ ဆုပ်ဆုပ်နယ်နယ်။ ညာဘယ်ကိုင်လွှား။
မြနဂါးကို။ ကစားသောဟန်"။ ။ဆိုသည်နှင့် အညီ။
အနှီသို့သော ဂဠုန်ပျံဗီပနီ ဋီကာ စာကိုယ်ကြီး။ ပြီးစီးအောင်
မြင်သော ဟူ၏။

## မုညဝတီစီကုံးအပ်သော ကဗျာနိဂုံး
## လေးချိုးတော်ကြီး။

(ဩဘော်) ဝရုံသံ့ ချုံသံ့တမှုံမှုံ သဘင်တွေနှင့်နော။... ရဂုံ ကမ္ဘယံမှာ ကမ္ဘဋ္ဌာန်းသတိသုံးသူတို့က။ "ဂဠုန်ပျံ" ကျမ်းနိဂုံးတွင် မှ။ ညုံ့ တခိုခံမန်းမိလျှင် မမုန်းစေဘို့။ ဘန်းအမိ့ ကတုံးတို့မှာဖြင့်။ တပြုံးပြုံး ဘတ်ပစေ။ (အိုကွယ်) နန်းရိုတုန်းဆီက။ မန်းကာဝီတွေ သုံး သလိုပ။ ဘန်းစိစိပုံးပါလို့ အဆုံးသတ်မလေ။ ။(ဩဘော်)မြန်မာဘု အတွင်းတွင်ဖြင့်။ ရာဇဂုဏ်ယှဉ်းပေါ်တဲ့လို့။ တအာရုံ မသွင်းသာသ နှင့်။ ချင်းတွင်းမြစ်ညာဆရာဆန်ခဲ့ပြီး။ အနာဂါမ်ခေတ်ဟာ့မပြောင်း မီပ။သကဒါဂါမ်ဖြစ်ပါလျှင် ကောင်းမှာ ပေါ့လို့။ အလောင်းတော် ကသာပတောတွင်မှ။ အပေါင်းအဘော်တွေကို အမှတ်တရရ မစောပြီ လို့။ အနတ္တသဘော ဆင်ခြင်ပါသမို့လဲ။ ခင်သဟာ့ မင်သဟာ့ တချို့တချို့ကိုစောမိတဲ့ဖြင့်။ မထင်သာ မမြင်သာ အနို့လိုသဘော တွေကြောင့်။ တတောတွက်ရှောင်။ တတောင်ရှန်းခဲ့တော့။ ရိုးအစွန်း တမှောင်မှောင် မြောင်တွေကာတဲ့။ မိုးဝန်းတောင် ချောင်မဟာမ ဖြင့်။ အောင်ဇေယျာကုန်းဆောင်ကမ္ဘဋ္ဌာန်းတွေနှင့်။ သျှောင်ကောမ လာ ထုံးယောင်မှလဲ မစမ်းနိုင်ဘူ။... ရွှေဘို နေညိုတော့ လွမ်းမိတဲ့ ဖြင့်။... အင်္ဂလိပ်တက်အလာမှာ မင်းစိတ်သက်သက် မပါလို့ နွမ်းသူ မဖြင့်။ မြန်းလျှက်နော်ဓေသစာနှင့်။ မန်းစကာ်တော် တနေ့ကြာတဲ့ ဖြင့်။ ကမ္ဘဋ္ဌာန်းကျက်ဘော် သာဓါကျေသာတို့နှင့်ပေါ့။ အကြေအညာ မြို့ရွာအပေါင်းတွင်ဖြင့်။ အနေသာယာ တွေ့ အညာထက် ကောင်း တယ်လို့။ ကြည်းကြောင်း တောအညာ ရဂုံ အတွင်းဆီက။ ချိုး သောင်း ဩဘာ တောမနောဂုဏ်သတင်းတွေကြောင့်။...(ဩဘော်) တဖုံ အတင်း။ ဂဠုန်သီချင်းတွေနှင့်။ သတုံဆင်းခဲ့ပြီး။.... ဇင်းကျိုက်မှာ တဝါဆိုမိတော့။ ချောသိုတိုက်ပြုဂ်ဝါမအပေါင်းတို့နှင့်။ ဘာလိုညာ လို ဓုက္ခအကြောင်းတွေကြောင့်။ ဝနာတခို မှတ္တမ ပြောင်းပါလို့။ တဆောင်းလုံးပင် နေသရော်တည်။ တောဇော်တလှိုင်လှိုင် မြောင်သ မိုင်းတွေနှင့်။ ရွှေမော်လမြိုင်၊ အချောင် စိုင်းခဲ့ပြီး။ တောင်ဗိုင်း၊ တောင်ညိုညိုမဖြင့်။ ချောင်မိုကာ ရှောင်ကိုဘမ်းရာက။ တဘောင်အဆို

လွမ်းသ လို မဟာန်တဲ့ပြန်သနှင့်။ တဘာန်လဲ့ ကာ အလိုက်အလိုက်ရှုးမယဲ့
လို့။ သိုက်တူးကာဆရာပျော်သမို့လဲ။ ဇာတာတော်စနေပြိုပ်အတွက်
ပေထင့်။ အညာမနော် မဓေအဆိုကလဲ တဘက်ကဲ့ပြင်။ အသက်သွင်
ဆရာ့တွေးရတဲ့။ "မလေး" ညာနေသူကာ။ ဗျပါပေ့ဆု ကလေးမအော,
သွားကာမှ။ အသပြာငွေပူကြေးတွေကလဲ မျှားတာနဲ့။ လဲ့နွားပေါ်
အကုန်ပြောင်တဲ့ပြင်။ စရုံတောင် ယာတခင်းကိုပြင်။.... (ခြော်)
မရသာ, ရသာ။ ခဏခဏလာလာပြီး။ ညည်မှာညှင်းပြန်သနဲ့။ ကျမ
မှာ တလသာသာကာ။ ဘုရားဒကာနှင်းရတဲ့ပြင်။....(ခြော်)အရှိန်သေး
တော့။ အချိန်မရွေးမှုဍ်။ အိမ်ကလေး တမှောင့်လာကာ ကျောင်း
ဒကာကလဲ အတင်းပေမို့။ မပြင်းနိုင်ဘကုန်အပ်ရပေါ်လို့။ အနုံဇာတ်
တတန်ကြွားပြန်သနဲ့။ ပြန်သွားကာအလိုကျပြန်တော့။ ကဆုန်လမှာ
အိမ်သူမမာသနှင့်။ တကြိမ်ပူစရာ ဝါခေါင်လမှာပေါ်။ ဘာဝနာ
ကောင်မ မျော တငွေ့ငွေ့ မီးတွေနှင့်။ မသာတောင်ချကာ။ ရသေ့
ညည်းရတဲ့ပြင်။ အမေ့မြီးတွေ အမေသာကြည့်ရစ်ပေတော့။ မြေရွာ
လှည့်ကာ ဘာသာလဝါ, နေမပေါ်ရယ်လို့။ ကန်တော့ကာ ခွင့်ပန်
လို့ ကြွားလိုက်တော့။ အနေ့ကူ မသင့်ပြန် တကားရယ်လို့။....
သေမလို မဓေအဆိုကတားလျက်ကနှင့်။ မသွားလျင်မနေသာတဲ့။ အ
ကြေအညာ ရွှေမြန်မာ (၂)တိုင်းတွင်ပြင့်။ မဟာမဝါသေလာ သမိုင်း
တွေနှင့်။....ဒဂုန်, မန္တလာ ရန်ကာဆန်ကာ စိုင်းရပေါ်တော့။ ကိုင်းအနီ
သံဝေဉာဏ်တွေပေနော်ကွယ်။ ကသိုဏ်းအဘို့။ စကိုင်းမို့လိုက်ပါတဲ့။
"မှိုင်း" တိုက်ပေ။ ။အလှည့်ကျ, အလှည့်ကျ,အတွေတွေ ကာလေန,
ပေပေါ်။ တပည့်မတွေ လာလေလာလေသမျှကိုပြင်။ အစီအငုပေ
စာတွေပေတော့ ချတဲ့ပြင်။ တခါတလေ ညမှာတော့ တရားဟောရ
ချေ။ ခြော် မယားသောက, သားသောကတွေသို့ ခဏတမိုတ်,မအိပ်
ခင် ကမ္မဋ္ဌာန်း။ (အိုကွယ်) အများသော ဒကာမတွေကြောင့် ဆရာ
စိတ် ပင်ပန်း။ ။နွမ်းလျက်ပေကွာ။ ပန်းလျက်မြေမသာနှင့်။ မြေ
ရွာ မကြည်လွမ်းချိန်မှာ။ ရွှေသာယာ,ဝတီစခန်းဆီကာ။ တဆန်းတကြွယ်
လွတ်မြောက်ရေးကိုပြင်။ နွားမဝေးစရာ အားပေးကာ ပြပေတဲ့။
မျှကထိက, အကျော်အမော်, သားတော် ရဟန်းမှာလ။ ဆောင်တမ်း
ရာဇာဒက်ကြောင့်။ ခန္တာသဏ္ဍာန်အသည်းအိမ်မြောက်အောင်ပ။ မျှာ

ပါအလျှ* မီးရှိန်တောက်ရှာသနဲ့။ မဟာဆန်ဆန် တနည်းဝတိန့်စည်း စိမ်နှင့်မောက်ကရောမယ်လို့။ ကံမှောက်ခါ အသေသောရှာတဲ့။ ကဝေနန့်မြောစရာ "ဒေါ်ပါရှိ"ကဖြင့်။ ခဒေါ်သာပြီ ယင်းထိုအ နိုက်တွင်မှ။ တော်အရာပိပိ သဂြိုဟ်လိုက်မယ်လို့။ အထိုက် အထိုက် အစုံကြံလို့မို့။ ကတိုက်ကရိုက် ထပ့်ဖန်ရတဲ့။ "ဂန္ထုန်ပုံ" ဆိုတဲ့ ကျမ်းဟာကး သုပုန်သကန် ထိုတာလို့ကြမ်းချိန်နှင့်။ ပဟိုရ်ရဲ့ နန်း အရာကျပါလို့။ မြန်မာမျှဒအခါ တညှစ်ညှစ်နဲ့ဆွေးအောင်ပ။ သာ သနာ ဒါယကာ မှုရာဇ်ဝေးရတဲ့။ "နှစ် လေးဆယ် မြောက်ခု" ရွှန်း တဲ့ပြင်။ အနောက်တုထွန်းသူ ကျောင်းတော်သားတွေရို့။ ၎င်းမတော် မတာရားတွေကို အကုန်ရှင်းမပေါ်လို့။ သတင်းဟိတ် ကောင်းတဲ့။ အင်္ဂလိပ်ကျောင်းတွေကို။ အတင်းသပိတ်မှောက်လို့ "ကျောင်း" ကြ တဲ့။....အလှဲအချိန်မှာ ဆဲ့တကြိမ် အပြောင်းမပေပေါ်။ ကောင်းဘို့ ပြုပွာစောင့်ပေမည့်။ တထောင့်, နှစ်ရာ, ကိုးဆယ်, သုံးမှာလ။ မြောင့် သဒ္ဒါအမျိုးအနွယ်တို့ထုံးရယ်နဲ့။ မီးပုံးပုဇော်ကြတဲ့ပြင်။ မြေတောင် ဟော်တယ်တက်ချပ်တဲ့။ လ, တန်ဆောင် ကျော်ဆယ်ရက်တွင်မှ။ ပူးစက်, ပြောင်ကြည်စွာဖြင့်။ ရောင်နီမလာခင် နေ့စက် ၂ ပဟိုရ် အချွန်းတွင်မှ။ တောင်ဒီပါတခွင် ရသော, တက္ကသိုလ် အစွန်းရယ်နှင့်။ အရှေ့အက်ထိုတာဝန်းမှာ တကုဏ်လျှံဘို့။ ဥုံအရတံ သိဒ္ဓိလမ်းတွေနှင့်။ "ဂန္ထုန်ပုံ" နိဋ္ဌိတမ်းပြီမို့။ ဥဒါန်းကမ္ဘာတွင်ဘို့။ ဆုပန်း, ပဏ္ဏာ ဆင်ရောမကဲ့။ မကြာမကြာပင် သဘာမဝေးပါဘူး။ တပည့်အေးစရာ အခြေင်နှုံပုံက။ မိတေးယျှာ နေရပန့်ပေပေါ်။ ရွှေကန့်ဂေါ် ပဋ္ဌင် ဦးတွင်မှ။....ပြောဒ် စက်ရတနာ အစုံကို။ အခက်, အရွက်, အညွှာ အင့်တွေနဲ့။ လက်ကြာမှုံးလို့ရယ်ကွယ်။ (အမယ်မင်း) မိတ်အထွေး ရှေးသိကြတဲ့။ ရှိမှီသမျှသော ဓကာမ, သိလဝန်ဘန်းတို့နဲ့။ စိတ်ကူးတွေး မိသမျှဖြင့်။ ကဝိသဓောတည်းဟူသော ပရမ,တေ့ချမ်း ရဟန်းသာ၀။ (ထို အမျပေးထိုက်တဲ့မလေးရဲ့)ဘီကျူးဟော် ဘဝဖြင့်အမတ,သိမ်းမှန်း။ (ယင်းသို့လျှင်။ အကြောင်အလုံ ဓကာမတည်းဟူသော ပုညဝတ်၏။ ဤမည်သော "ဂန္ထုန်ပုံ့ဒီပနီဋီကာ" ကျမ်းကြီးအဆုံး။ စိုက်ပုံးအပ်သော ကာလှ၊။ မဟာလေးချီးတော်ကြီး အဆုံးတွင်။အားလုံးသောတပည့်မ တို့က။ ပဏိတ, တေမနာဖြင့်။ ဩဘာသာခု။ ပြုကြသောဟူလို)။

ထိုသို့သောကချာနိဂုံး။ဆုံးလျှင်ဆုံးခြင်း။ဝင်းဝင်းလှလှနှင့်ဖြူသော။ ဟသံ္တာသူမ။ မူလကယ် တကယ်ချွန်တဲ့။ မယ်သုဝဏ္ဏဝတီက။ အနှိုသို့သော ဂါထာနိဂုံးဖြင့်။ အဆုံးကမှတ်။ အပြီးသတ်ပုံမှာလည်း။ အောက်ပါအတိုင်းပင်တည်း။

**သုဝဏ္ဏဝတီ-စီရင်အပ်သော ဂါထာနိဂုံး။**

**ဣမာပန-နိဂမန ဂါထာယော။**

(၁) သာသနပဋ္ဌာ ဂူယာသု။
ပရမ္မု ပရိ ယောဋ္ဌိမေ။
ဒိဋ္ဌမ္မေ ကာ-အဋ္ဌာယ။
အင်္ဂီယတိ့ ကမ္မကာရကော။

(၂) သမ္မရာယိက အဋ္ဌာယ။
ဘာဝနာဒ္ဓယ ယုဋ္ဌနေ။
နာနာ့ ပကြဏ ဝါစာယ။
"ဒေါင်းဋီကာ" အာဒိကာရကော။ ။

(၃) ဣစ္စာဒိ ဝါသနာ ဝါသော။
ဗဟုပ္ပကာရ ကာရကော။
ယောဂါဝစရ သာစေဆော့။
"မစ္စတာမောင်နှိုင်း" တိ-ဝိဿုတော။ ။

(၄) နိပုဏာဓမ္မ တြ ဂန္ထိရ။
မ္ဟုန် ဓမ္မ ဘာသိနော။
မေ့ကျူတိက ထေရာနံ။
ဥဏ္ဏဝ္ဓသာ မတိ မတော။ ။

(၅) "သာယာဝတီ့ ဦးညေယျာသာ"။
မာတာ မစ္စု ဝသံ ဂတာ။
"ဒေါ်ပါရီ" ပဘုတီနံ။
တဿ တဿ နိဝါသိနံ။ ။

(၆) သင်္ဂါယနာသုံး ပွဲရေတွက်။
သာသနာကာလန် မနေရထင်။
ဝေဝံ ဝိရစိတော ပုဏ္ဏ။
"ဂန္ဓုန်ပျံ့ ဒီပနီ" လျမ်း။ ။

(၇) မရမ္မ ဝိသယေ ရဋ္ဌေ။
ဒီပနီ-သာသနဂ္ဂဟ။
ကြီးမဟာ စမ္မရာဇာ ပ-
ဂတ ကာလာတိ ဒုက္ခိတော။ ။

(၈) ဆဋ္ဌသင်္ဂါယနာမ ဝဓော။
အင်္ဂလိသ ဂိရုဂ္ဂဟ။
ဝဋ္ဋ ဥယျာဉ် ဝံသာဂဟော။
ကော ဒသမ သင်္ဂမေ။ ။

(၉) ဂရုဌာန် သမ္ပတ္တ။
ကာလေ နေတွ နဝ ဒွီက။
သက္ကရာဇ ကင်္ဂါကာယ။
ကတျပစ္စေ ဒသာတာကော။ ။

(၁၀) သာသနာ ဝါဒရ ဒွိ နာဌီယံ။
နိဋ္ဌိတော အနာဂတံ။
ပသာဒ သုဂ္ဂ မဝိရုဒ္ဓ။
သုတေသိ ဂုဒ္ဓိ ကာမိနော။ ။

(၁၁) သာသနမ္ဘာဝရ ဝဟော ဘိက္ခု။
ဓတေနယံ ဘဝေ ဘဝေ။
"မေဓာဝမယျ" ဘိက္ခု ဘာဝေန။ ။
ပဗ္ဗဂါမိ ပဝရံ သီဝန္တိ။ ။

(ဤနိဂုံး ၁၁ ဂါထာတို့တွင်။ ပဌမဖြစ်သော "သာသနာဝတီ ဦးညွှန့်" တဂါထာသာလျှင်။ "ပဌမ ကောရာဇပုလ" ဂါထာဖြစ်၍။ ကြွင်းသော ၁၀ ဂါထာတို့မှာ။ "ပဏ္ဍာ ဝဏ္ဏဂါထာ" ချည်းဟူ၍ မှတ်ပါ။ ။ဤကား အမှာ။ ဝါ။ စကားချုပ်)။

ဣမာပနု၊ အလိုခံ့ခံ့။ ချိချိပျံ့ပျံ့နှင့်။ ဤဆိုလတ္တံ့တို့သည်
ကား။ နိဂမနဂါထာပေသာ၊ ကျမ်းပြီးကျမ်းဆုံး။
ဘန်းကြီးဖုံးသကဲ့သို့သော နိဂုံးဂါထာ
တို့ပေတည်း။

(၁) မရမ္မပြဒိပေဟတ္ထိမေ၊ မြန်မာပြည်အထက်အောက်၌။ ဝါ။ သုနာပရန်။ တမ္ဗဒီပ။ ရာမညဟု။ ကမ္ဘောဇရဋ္ဌ။ တနင်းထူခဲ့တဲ့။ မြို့တို့ဌာနေ။ မြန်မာပြေ၏။ အညာအကြော၌။ ဝါ။ ထီးနဲ့ နန်းနဲ့။ စည်းနဲ့ ကမ်းနဲ့။ စခန်းမနှံ့မျှ။ မန်းအလှ့အခါကျအောင်။ တင့်ခဲ့ တမျှ သာခဲ့တဲ့။ တို့ဗမာ, အထက်အောက်၌။ သာနုပစ္စ တကူဟာသ၊ မြားနှင့် ဂနိုင်းမြို့နှင့် ရဂု။ စုံနှင့် ဟေဝန်။ဟေမန်,ဟေမာ။ငိုပ်သာဆိုင်းဆိုင်း။ အင်တိုင်းဓေးပျစ်။ တောခေတ် ချောင်ခိုး။ မြောင်အဝင်တွင်။ တောင်လျှိုတောင်ဝှမ်း။။ တောင်ခါးပန်းနှင့်။ တောင်တန်းတခွင်။ဥမင်, လိုဏ်,ဂူ။ အဆူဆူတို့၌။ ဝိဋ္ဌမှော်က အရွာယ။ ဒီဋ္ဌမေ။ ပစ္စကျွအကျိုး ၄ ါ။ ဝ ါ။ ပစ္စုပ္ပန်မျက်မှောက်။ ဇမ္ဗူတမြိန်။ လူအနှံ့။ ကုပ္ပံတောက်၍။ ဆောက်တုံ မြောက်ဖုံသောအကျိုး၄ ါ။ အင်္ဂိယတ် ကမ္မကာရဏော... အင်္ဂိယတ်ကမ္မကာရဏေန၊ ဝိဋ္ဌာတပသီ။ သောဇော်ဂျီတို့။ ဝသီအ လို။ ဗိုသံရွှေး ရွှေး။ တမွှေးဖြူနှင့်။ အရှုးတို့ခေတ်။ ထူးလို့-သစ်ချင်သနဲ့ မဖြစ်လျှင်ကြေ။ ဖြစ်လျှင်သေတဲ့။ လူလေအထက်။ ကျူမြင့်ညပ်ဖြင့်။ အင်္ဂိယတ်အလိုတမျိုးတည်းဟူသော။ ဗိုထိုးရင်းနိတ်ဟ, နိတ်ဟ,ဆိုတဲ့ ကိစ္စတော်ကြီးဖြင့်လည်းကောင်း။

(၂) သမ္ပရာယိက အရွာယ၊ တမလွန်သသံရာ။ ဝဏ်ဘာ၌။ မင်္ဂလာစီးပွား။ အသီးထွားလျက်။ ကြီးမားခြင်းအကျိုး၄ ါ။ ဘာဝ နာဇ္ဈာယယူ၍နေ၊ ဘာဝနာဇ္ဈာယယူ၍နေနေ၊ သမထ, ဝိပဿနာ, ဘာဝ နာနှစ်ပါး။ ခါခါ မွှားလျက်။ များများကြီး အားထုတ်ခြင်းဖြင့်လည်း ကောင်း။ နာနာ ပကြွား ဝါစာယ၊ အထူးထူးသော ကျမ်းဂန်။ ကမ္မဋ္ဌာန်းသံ, ဘန်းသံတွေနဲ့။ ဂန္ထုန္ထရ-စာပေတို့ကို။ တဝ ါတလေ မကာ။ ကာလေနဖြင့်။ လာလေ လာလေသမျှသော- တို့ခေတမတို့အား။ ပို့ချတော်မူခြင်းဖြင့်လည်းကောင်း။ "ဒေါင်းဋီကာ" အာဒီကာရဏော

"ဒေါင်းဋီကာ" အဘိဓာန်ရေဒေး၊ အပေါင်းပြည့်ရွာ။ ကောင်းကြည်သဘွိုင်ရာဖြစ်သော..........။

(၁) ဒေါင်းဋီကာသစ်။
(၂) ဒေါင်းဂဏ္ဍိ။
(၃) မျောက်ဋီကာ။
(၄) မျောက်ဂဏ္ဍိ။
(၅) ရွှေဋီကာ။
(၆) ဗိုလ်ဋီကာ။
(၇) ဆောင်းပါးပေါင်းချုပ်ကြီး။
(၈) မဟာစေတီဝတ္ထု။
(၉) အီနောင်-နန်းတွင်းဇာတ်တော်ကြီးသစ်။
(၁၀) ပါကူးရာဇဝင်-နန်းတွင်းဇာတ်တော်ကြီးသစ်။
(၁၁) ပြင်ဆင် ဖြည့်စွက်ချက်နှင့် တကွသော။ ကေသာသီရိ... နန်းတွင်းဇာတ်တော်ကြီး။
(၁၂) ဦးတွန်းရှိန်-ရှပ်ခွဲဋီကာ။
(၁၃) စုံနံ့သာမှိုင်ဋီကာ။
(၁၄) ဆယ်ကုဋေကျော်ဋီကာ။
(၁၅) ကြာဋီကာ။
(၁၆) အာဒါသ မုခ ဒီပနီကျမ်းဟောင်း။
(၁၇) မြန်မာစာ ညွှန်ပေါင်း ကျမ်း၏ "အရှမ်း ကာရဝိသောဓနီ"။
(၁၈) မန္တာလေးမှိုင်း မှာတော်ပုံ-ပဋ္ဌမတွဲ။
(၁၉) ဝင်း....ဒုတိယတွဲ။
(၂၀) ဝင်း....တတိယတွဲ။
(၂၁) စုန်တော်မူ မှာတမ်း။
(၂၂) စကိုင်းမြန် မှာတော်ပုံ။
(၂၃) ဘုန်းကောက်ဋီကာ။
(၂၄) လက်မှုပညာဋီကာ။
(၂၅) အဝ-နန်းတော်။
(၂၆) မော်လမြိုင်ရာဇဝင်ဝတ္ထု။

(၂၇) ကဗျာသာရမဉ္ဇူ။
(၂၈) ဦးပုညမေတ္တာစာအဖြေ။
(၂၉) စကိုင်း၊ ပေါ်လီတစ်။
(၃၀) အနုသာသနဆုံးမစာ အဖြေ တည်းဟူသော-ဂမ္ဘီ သာရဋီကာ။

အစရှိသော ကျမ်းတို့ကို။ ကြိုးပမ်းသမှု။ ပြုစုတည်ထွင်။ စီရင်တော်မူခြင်းဖြစ်လည်းကောင်း။

(၃) ဣန္ဒာဝံသနာ ဣန္ဒာဝံသနာမ၊ ကျော်သို့အစရှိသော ယောဂီအာရုံ။ ဝံသနာအထုံဖြင့်။ ဝါသော၊ အခြေခိုင်ခိုင်။ သေသမရိုင်တဲ့။ နေထိုင်ပျော်မွေ့လေ့ရှိသော။ ဗဟုပ္ပကာရကာရကော၊ ဇမ္ဗူ့ နွားနီ မြန်မာတကြောင်း။ ခုအခါသမယ- တခါလောတဲ့ပြီး။ ငါတကော- ကောစရာ။ ဟောကာ ပြောကာနှင့်၊ များစွာမှ သွေးနှုန်းပြီး။ ကျေးဇူးပြုတတ်သော။ မစ္ဆတာမောင်မှိုင်းတိ- ဝိသုတော၊ မစ္ဆတာမောင်မှိုင်း၊ မစ္ဆတာမောင်မှိုင်းနှင့်။ တောင်တိုင်း၊ တောင်တိုင်း။ ချောင်းသမိုင်းတွေနဲ့ထုကူ။ တိုင်းပေါ်ပြည်ပေါ်။ အမည်ခေါ်လျက်။ ထင်ပေါ်ကျော်စောတော်မူသော။ ယောဂါဝစရအာခစရော။ လောကီကိုခွါ၍။ တောဆီလာခဲ့သော။ ယောဂီဆရာသည်။

(၄) နီပုဏ္ဏစ္စဂြဂမ္ဘီရ-မဂ္ဂနဓမ္မအာသိနေ၊ သိမ်မွေ့ဆန်းကြယ်။ တကယ်နက်နဲ။ ဝက်ဝက်ကွဲအောင်။ ခက်ခဲလှသော ဝင့်ပေါက်မှု။ လွတ်မြောက်ရေးသဘောများကို။ ဟောကြားပြသ။ လုဝိုလ်အလုံးကို။ ဆိုဆုံးမတော်မူလေ့ရှိသော။ ဓမ္မကထိက၊ ထေရာနံ၊ ဓမ္မကထိက။ ကဝိ-သမဏတွေဟု ဆိုအပ်သော။ မိုးနိုးသမ္မအသွဲ့ဝင်။ မထေရ်ရှင် တို့၏။ ဥက္ကဋ္ဌသာ၊ ဦးကိုင်ဦးစီး။ အကြီးလုပ်ရ-ချုပ်ရတဲ့ ဒုက္ခတွေနဲ့။ ဥက္ကဋ္ဌ ဖြစ်တော်မူပေသော။ မတီမတော၊ လူတို့အလိုက်။ ရေိုက်စဉ်လာ။ နဝင်သာအောင်။ ပညာသတိ၊ ရှိကြီးရှိတော်မူပေသော။

(၅) သာယာဝတီ၊ ဦးဥေယျာ၊ သာမထိ- ဉာဏ်မထိ။ တသာကိတည်းဟူသော "သာယာဝတီ၊ ဦးဥေးယျ"၏။ မာတုမဏ္ဍုဝသံဂတ- ဓေါ်ပါရမီ့ပဘုတိန်၊ မယ်တော်ဖြစ်လျက်။ ခေတ်ပျက်နယ်ကျ။ အရွယ်မွန်နှင့်၊ ကွယ်လွန်လေပြီး။ နတ်ထီးဘုံပျံ။

ပြောင်းရွှေ့စံသား။ ကျင့်မှန်လျှော်ပြီ။ တော်အရာပီပေတဲ့။ "ဓါပြပါ ရမီ"အစရှိကြကုန်သော။ တယ္ယတယ္ယနိဝါဒိမ်။ ထိုထိုတောတောင်, ချောင်မြောင်ဂူတွင်။ လူရှင်းရှင်း၌။ မှုရင်းအတိုင်း သီတင်းသုံး နေ ထိုင်ကြကုန်သော။

(၆) သာဝိကာဒ်၊ မို့ရှိသမျှ။ သိသိသမျှသော။ တပည့်မတို့ ၏။ မနေ့ရထ၊ မမုန်းသလို။ ပြုံးချိုချိုနဲ့။ နှလုံးအလိုကို။ ပူရေကျွာ၊ မကြောင့်မကြ။ မတောင့်တဘဲ။ မြည့်ဝအောက်။ စုံလင်စေ၍။ သင်္ဂဟစ္ဆာယ။ သင်္ဂြိုဟ်ထောက်ပင့်။ မြောက်မြင့်ကုပ္ပဲ့ခြင်းငှါ။ ပုဏ္ဏ၊ သဘောအဟုတ်။ မနေ့ဟုတ်တဲ့။ လောကုတ်လောကီ။ နှစ်လီဥဿု။ လွှန်ပြည့်စုံသော။ ဤမံ- ဂမ္ဘီရနိပ္ပံဒီပနီ၊ "ဂမ္ဘီရနိပ္ပံဒီပနီ"၊ သညီသာ လျှမ်း။ ဤဋီကာကျမ်းကို။ ဝေ၊ အနီကဲ့သို့လို။ ဆိုအပ်ခဲ့ပြီးသောတရား သဘင်။ စကားအစဉ်ဖြင့်။ ဝိရုစိတော၊ အရှည်မင်။ တမည်ထွင် လျက်။ စီရင်ရေးသားတော်မူလေပြီ။

(၇) သာဒီပနီ၊ထို"ဂမ္ဘီရနိပ္ပံဒီပနီ"။ဘု မြန်ပြည်၏။အနီသာ ခမ်း။ ဋီကာကျမ်းသည်။ မရမ္မဝိသယေရရွေ့။ မြန်မာ့တိုင်းသူ။ ရှင်လူ ရဟန်းတို့။ ငြိမ်းချမ်းသာယာ။ မင်္ဂလာမူ။ ဇေယျတုဖြင့်။ အောင်ဆု သာကြည်။ ဗမာတည်ခဲ့သော။ မြန်မာပြည်၌။ သာသနနုဂ္ဂဟဂြိမဟာ မမ္မရာဇာပဂတကာလာတီရက္ခိတေ၊ သာသနဒါယကာ။ သာသနာ ပြု။ သမုဋ္ဌိထု။ မင်းအဆုံးဆိုတဲ့။ ဘုန်းကြက်သရေတော်ရှိသော၊ လောကီရာဇာ။ မဟာမမ္မရာဇ်။ မင်းစစ်မင်းဖျား။ မင်းတရားတို့မှ။ ကင်းငြားကွာလှမ်း။ တိုင်းခမ်းပြည်သူ။ ဆာပူဝမ်းနဲ့။ လွှန်ဆင်းရဲ ခြင်းသို့ ရောက်သောကာလ။ ဝါသမယဟုဆိုအပ်သော။

ဤအနက်ကာ။ ပြည်ပျက်ခါ၌။ ဆီးဘာန်နီဆရာတော်ဘုရား။ ရေးသားတော်မူသည်။

"တဖန်မှတ်စေ။ ထပ်၍ပြေပိမ့်။ သံဝေရှုး။ ရေးကပြုသည်။ ရတုဘိုးထိုက်။ ကောပိုဝ်ကို။ လိုက်၍ပြေမေ။ ညာဏ်ကဝေ တို့။ ဖြစ်လေရေးက။ ကောသလ၏။ သုပ်နှုဇာတ်။ အတ္ထုပ္ပတ် နှင့်။သတ္တဝါကြမ္မာ။သဝ်ါရတရား။နွှားလားရွှေ့ဆောင်။ ဗမာ မြောင်၍။ မင်းခေါင်ကိုသာ။ ဖြစ်ရှာဖန်ဖန်။ ဆိုပြန်ဘိသည်။ ထိယိပါးပါး။ စကားဖောက်လှဲ။ ကိုယ်ကိုလွှဲလည်း။ မလွှဲ

သော။ ဤအရာမှာ။ ပမာထင်ထင်။ ကဗျာတင်မူ။ ပေါက်ပင်ကိုင်းညီတိ။ မျိုးနိမိတ်ကို။ ဖိုလ်ဟိတ်စပ်ခါ။ ဟပ်၍ရှာမူ။ သတ္တဝါဘောဇဂ။ ချင့်မှုလကို။ သိရသောနယ်။ မလွတ်ဘွယ်တည့်။ နွယ်မာလေလာညွန့်။ ဆင်ရှေကွန့်လည်း။ မလွန့်စသော။ အကြောင်းမှာကား။ငယ်စွာနမျစ်။ ကျလိုမြစ်သို့။ မြေးမြစ်အလား။ မင်းနှစ်ပါးတို့။ တိုင်းကားနှင်းထပ်။ ကိုယ့်ကိုအပ်၍။ ပည်ပ်ဆကြောင်း။ မှူးမတ်ပေါင်းအား။ ဆိုးကောင်းအရေး။ လွှဲအပ်ပေးလျက်။ တရွေးတရတီ။ တစီစနှာ။ တမြို့လွှာမျှ။ ရသာအထူး။ ဂုဏ်ကျေးဇူးသည်။ မှူးမတ်ထံမှ။ မခံရှင့်။.... သိယ်တန်ဆောင်။ ဘုန်းတော်မှောင်၍။ ကုန်းဘောင်နေမီး။ မထိနိုဉီးက။ တိုင်းကြီးပြည်ကြီး။ အချီးနီးတည့်။ ထီးသုဉ်း, နန်းသုဉ်း။ မြို့သုဉ်းသုညာ။ သုံးသုံးဝဖြင့်။ သုညရလစ်။ သုညခေတ်ဝယ်။ ဖြစ်လာရလေ။ တို့တတွေသည်။ ။ဘောဘော်မှတည့်-ဩဘ်ကောင်း၏။

ဟူသော ကောပိုဇ်တမ်းချင်းကဗျာ။ အလင်္ကာနှင့်အညီ။ ရေးအပ် ပေးအပ်သဖြင့်။ လေးမြတ်အပ်သော။ အဠုယောဇနာပေတည်း။

(၈) ဆစစ္ဆာလီဒေမေဝသော။ အရေးနွဲ့နွဲ့။ ဝေးသာတဲ့ ဟုဆိုအပ်သော။ ၄၆-နှစ်မြောက်၌။ အင်္ဂလိသဂိရွဂ္ဂဟဝစ္စနွယ်စ်သာဟေ။ သနင်းတော်ဆိပ်။ သတင်းဟိတ်နှင့်။ အင်္ဂလိပ်အခါတွင်ကောင်းရေသ့တဲ့ ဆိုတဲ့။ အင်္ဂလိပ်ဘာသာ စာသင်ကျောင်းတို့ကို။ ကောင်းကောင်းကြီး စိတ်ပေါက်ပြီး။ မထိတ် မကြောက်။ အတိတ်ကမှောက်ခဲ့တဲ့။ သပိတ်မှောက်ရာဇဝင်။ အောင်မြင်ခြင်း အထိမ်း အမှတ်နှင့်။ ကိန်းတရပ် အခြေတွင်ခဲ့သော။ "National Day" နေ့ရှင်နယ်ဒေး။ ကောင်းရေးကောင်းရိပ်။ ကောင်းနိမိတ်နှင့်။ ကောင်းဟိတ်မင်္ဂလာ။ စဉ်လာတိုးပွား။ အကျိုးများသည်။ အမျိုးသားပွဲနေ့ကြီးသည်။ ကောဒဘာမသက်မေ။ အလို့ အချိန်။ တဲ့ မှိန့်ဘဲ။ ၁-ကြိမ်မြောက်။ ၎င်းအခါ။ ဓါင်းမြန်မာ။ ကောင်းစွာရောက်လတ်သော်။

(၉) ဂရုဠာန်၊ဂဠုန်တည်းဟူသော သုပုန်သကာန်။မြွေခင်တပိနှင့်။ တောင်ညီစံတို့၏။ သမုပ္ပန္နကာလေ။ ဖြစ်ပေTမှုဆန်။ တေဂုဏ်ခံ၍။

ပုန်ကန်တော်လှန်ဆဲ၊ တော်လှန်တုန်းခေတ်ဟု ဆိုအပ်သော။ နေ့တွ, နဝ, ဒွိက, သက္ကရာဇ်။ မြန်မာ့ဝေါဟာ။ ကောဇာသက္ကရာဇ်။ တခေတ်တနှောင့်။ အဖြစ်မှောင့်တဲ့။ ၁၂၉၃ ခုနှစ်၌။ ကတ္တိကာယ ကာကျပကျွေသောဟာကော။ ကျီးညိုတာရာ။ ကျွတ္တိကာနှင့်။ ပြိုင်လာ ထွန်းတုန်း။ လွှမ်းပုန်းဖြင့်။ တန်ဆောင်မုန်းလ။ သော်တာ့ အထွက်။ ကျော် ၁၀ ရက်၌။

(၁၀) သုတ္တ ဝါရေ။ နေ့အက်လာတာပြေ့တို့။ ကြောက်စရာ မတွေ့နိုင်တဲ့။ သောကြာနေ့၌။ ဒွိနာဍီယံ။ နေ့စက်အခါ။ ၂-နာရီ အချိန်၌။ ဝါ။ အရက်ငွေ့နှင့်။ နေ့စက်အလို။ နှစ်ပယိုရိုဆော်ရှမ်း၍။ အပျိုတော် ဝေါ စန်းတိုနှင့်။ ကြော် လွှမ်းဘို့ကောင်းသောအချိန်၌။အ နာကုလ်။တာဆောင့်အကျက်ကမ္။ ယနေ့ခင့်အယှက်မရှိမှု၍။ နိဋ္ဌိတာ။ ပြည့်ကြီးပခုံး။ တနည်းရှန်း၍။ ပြီးဆုံးခြင်းသို့ရောက်ကပြီ။ တ်၊ ထို ဂန္ဓုန်ပျံ့ဗီပနီဋီကာကို။ သုတေသီ၊ သုတပညာအဖြာဖြာကို။ ဖွေရှာ ဆည်းပူးလေ့ ရှိကုန်သော စုဋ္ဌိကာမိနေ့တာ၊ သီးတခြား။ နည်းအများ ဖြင့်။ ကြီးပွားခြင်းကို အလိုရှိကုန်သော။ ထိုထို တပည့်တို့သည်။ ပဿန္တု။ ကဝိအတု။ သတိပြု၍။ ကြည့်ရှုကြပါစေကုန်သတည်း။ ဓာရေန္တု။ အနှောင်ကိုဖျက်။ အခေါ်တက်မည်ဟု၊ ဆောင်ရွက် မှတ် သားကြပါစေတမုံ့။

(၁၁) အပ်။ "မစ္ဆတာမောင်မှိုင်း"ဟု။ တိုင်းကျော် ပြည် ကျော် အမည်ခေါ်တဲ့။တပည့်တော်သည်။စေတနာ၊ "ဂန္ဓုန်ပျံ့ဗီပနီ"။ သည်းသာလျှမ်း။ ဤဋီကာကျမ်းကို။ ကြီးပမ်းသမှု။ ပြုစုသကို။ ဤ ကုသိုလ်ကြောင့်။ ဘဝေဘဝေ။ သံသရာခေတ်။ ဖြစ်လေသမျှ။ ဘဝ တိုင်း ဘဝတိုင်း၌။ သာသနဗ္ဗာရဝယော။ သာသနာတော်ဝန်ကို။ အားသွန်ကြိုးပမ်း။ ထမ်းရွက်ရသော။ ဘိက္ခု။ လင်္ကာပေဆာလ။ သိက္ခာ ကာမ။ အာစာရဖြင့်။ မဟာသမဏလမ်းမြော်တဲ့။ ရဟန်းတော်သည်။ ဟုတ္တာ၊ တကယ်စင်စစ်။ ဖြစ်ကြီးဖြစ်၍။ မေတ္တေယျ။ မေတ္တေယျ သသန္တိကေ၊ ရှန်ရှုဖြစ်လျက်။ မေတ္တာသက်ဘို့။ ဗိုလ်မင်ထီးဖြူ။ ဆောင်းတော်မှသည်။ ခြောက်ဆူရောင်ရှင်။ မိတောသျှင်၏။ ပလ္လင် တော်အောက်။ ထံတော်မှာက်၌။ ဘိက္ခုဘာဝေန ဧဟိဘိက္ခုဘာဝေ န၊ ဧဟိဘိက္ခု။ မြော်လင့်မှုတဲ့။ ဆုထူးဆင်မြန်း။ ရှစ်ရဟန်း အ

ဖြစ်ဖြင့်။ ပဝရ၊ ထူးထူးချွန်ချွန်။ အလွန်မွန်မြတ်သော။ သိဝံ၊ နိဗ္ဗာန် သာခေါင်။ ပြည်ရွှေတောင်သို့။ ပမွှါမိ၊ တိလောကဿ။ ယဉ်စကြာဖြင့်။ လျှင်စွာထုတ်ဆောင်ချောက်။ ရောက်ကြီးရောက်ရပါစေလို့။ ။ဣတိ ဤ တွင် တခန်း။ ကြည်ရွှင်လန်းဘွယ်။ ကျမ်းပြီးကျမ်းဆုံး။ ဘန်းကြီးဖုံ့ သကဲ့သို့သော။ နိဂုံးစကားရပ်။ အပြီးသတ်သည်။

ဤတွင်ရွှေ ဂန္ဓုန်ပုံ ဒီပနီ-
ဋီကာကျမ်းကြီးပြီးပြီ။

ထိုဂန္ဓုန်ပုံ ဒီပနီဋီကာ၏ ခံရာခံထစ်။ ကျစ်လစ်သော အချက်တို့ကို။ ကျွတ်ကျွတ်ကျွင်းကျွင်း။ ရှင်းရှင်းလင်းလင်း။ ဘွင်းဘွင်းကြီး တပုံတန်မည့်။ ''ဂန္ဓုန်ပုံဂဏ္ဌိ''ဖြင့်။ ကမ္ဘာ့ဥာဏ်ကြည့်ရန်။ ဝီမံ ရေးသားတော်မူအံ့ ဖြစ်ကြောင်း။

မန္တလာမောင်မှိုင်း။
ယောဂီဆရာကြီး။